
www.burmeseclassic.com
BURMESE CLASSIC .com



www.burmeseclassic.com

စာပေလောကစာအုပ် အမှတ် ၃၃၂

# မိုးမိုး(အင်းလျား) ဝတ္ထုတိုများ ၄

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ဖုန်း - ၂၇၅၁၆၆]
e-mail : splkygn@mptmail.net.mm

www.burmeseclassic.com

**စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်**
[ ၅၆၈/ ၂၀၀၂ (၆) ]
**စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်**
[ ၁၅၅/ ၂၀၀၃ (၂) ]

**မျက်နှာဖုံး**
ပန်းချီ ဝင်းဖေမြင့် ၏ ကြာဝန်းအမည်ရှိ
၂၄" × ၂၉" အရွယ် ဆီဆေးပန်းချီကား
(၁၉၉၈ တွင် ရေးဆွဲသည်။)

---

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
(၁၀၀၀)

---

**ထုတ်ဝေခြင်း**
ဖေဖော်ဝါရီ ၂၀၀၃

---

**စာအုပ်ချုပ်**
ဖူးပွင့်ဈေး

ဦးတင့်လွင် (၃၂၅၂၉) သော်က စာပေ
အမှတ် ၆၀၅ သုဓမ္မာလမ်း မြောက်ဥက္ကလာ
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက်
အမှတ် ၂၇၇၊ ၃၃ လမ်း ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| -။ | အမှာ | - |
| ၁။ | အမွေ | ၁ |
| ၂။ | ဘယ်သူလာ ကူပုံ့မလဲ | ၁၄ |
| ၃။ | အမြူရောင်နှလုံးသား | ၅၇ |
| ၄။ | ဝေး | ၈၄ |
| ၅။ | ကဲနီးအွန် ရင်ရင် | ၁၀၁ |
| ၆။ | ရန်ကုန်တစ်ခေါက် ရောက်၏ မရောက်၏ | ၁၁၃ |
| ၇။ | ကျေးဇူးတင်ပါစေ | ၁၄၅ |
| ၈။ | သူ့အတွက်လား ကိုယ့်အတွက်လား | ၁၇၆ |
| ၉။ | စိတ်ထားတက်လျှင် | ၁၈၅ |
| ၁၀။ | ဘိရှော့ဟုမ်း နှင့် ခေဇီ | ၁၉၄ |
| ၁၁။ | မုဆိုးမတစ်ယောက်၏ တမ်းချင်း | ၂၀၄ |
| ၁၂။ | သော့တွဲအပ်ချင်တယ် | ၂၃၄ |
| ၁၃။ | မမ အယ်ဒီတာတွေ | ၂၆၄ |
| ၁၄။ | မျှော်လင့်ခြင်းနှင့်အတူ | ၂၇၄ |
| ၁၅။ | ဆန်ပိုး | ၂၈၆ |
| -။ | စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း | - |
| -။ | စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ | - |
| -။ | စာရေးသူ၏ ဝတ္ထုတိုများ စာရင်း | - |

www.burmeseclassic.com

## အမှာ

လစဉ်ထုတ် မဂ္ဂဇင်း၊ အခါအားလျော်စွာ ထုတ်ဝေသည့်မဂ္ဂဇင်း၊ အထိမ်းအမှတ် မဂ္ဂဇင်း စသည့် မဂ္ဂဇင်း စာစောင်များတွင် ပုံနှိပ် ဖော်ပြခဲ့ပြီးသည့် ဆရာမ မိုးမိုး(အင်းလျား) ၏ ဝတ္ထုတို ဝတ္ထုရှည်များကို **မိုးမိုး(အင်းလျား) ဝတ္ထုတိုများ ၁၊ ၂၊ ၃၊ မိုးမိုး(အင်းလျား) မဂ္ဂဇင်း ဝတ္ထုရှည်များ ၁၊ ၂၊ ၃၊ ခင်မိုး၊ မိုးတော့်၊ မညိုပြာ၊ မတာ၊ မိုးမိုးမာ မြန်မာပြည်မှာ နေကြသည်** နှင့် **မြူမှောင်ဝေတင်း** ဟူ၍ သီးသန့်စာအုပ် များအဖြစ် စုစည်းပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

၎င်း သီးသန့်စာအုပ်များတွင် စုစည်းခြင်း မပြုရသေးသည့် ဝတ္ထုများကို ယခု **မိုးမိုး(အင်းလျား) ဝတ္ထုတိုများ ၄** အဖြစ် ဆက်လက် စုစည်း ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဆရာမ ရေးခဲ့သမျှ ဝတ္ထုတိုများ (မြန်မာ့သီးရေသား မြစ်ဝယ်စက်ရုံမှ ထုတ်ဝေသည့် **မြစ်ဝယ်မဂ္ဂဇင်း** တွင် ဖော်ပြခဲ့သည့် **စာပေဈေးနွေးပွဲကြီး** ဝတ္ထုတစ်ပုဒ်မှအပ) စုစည်း ပြီးမှု ပြည့်စုံပြီဟု ဆိုနိုင်ပါသည်။

ဆရာမ၏ ဝတ္ထုတိုများကို ဦးစွာ ပုံနှိပ်ဖော်ပြပေးခဲ့သည့် မဂ္ဂဇင်းများမှ စာတည်းများ၊ သရုပ်ဖော်ပုံများ ရေးဆွဲပေးခဲ့ကြသည့် မဂ္ဂဇင်း သရုပ်ဖော် ပန်းချီဆရာများနှင့် **မသွယ်သွယ်နွဲ့** မဟာဝိဇ္ဇာ (မြန်မာစာ)တို့၏ ကျေးဇူးတရားကို သတိရ အောက်မေ့လျက်ရှိပါသည်။

**စာပေလောက**

www.burmeseclassic.com

# အစမှ

မွန်ဆီယာလန်တင်သည် တစ်ခုသောညနေ၌ သူ့ရုံးရှိ အထက်အရာရှိတစ်ဦးက ပေးသော ပါတီတစ်ခုတွင်အမျိုးသမီးတစ်ယောက်ကို တွေ့ဆုံမိကာ မေတ္တာသက်ဝင် ချစ်ခင် စွဲလမ်းမိခဲ့လေသည်။

သူမသည် နှစ်အနည်းငယ်က ကွယ်လွန်ခဲ့သော မြို့နယ် အကောက်ခွန် အမှုထမ်းတစ်ဦး၏ သမီးငယ်ပင် ဖြစ်သည်။ ဖခင်ကွယ်လွန်ပြီးနောက် သူမသည် မိခင်နှင့်အတူပဲရစ်မြို့တော်သို့ ပြောင်းရွှေ့လာခဲ့သည်။ သူတို့သားအမိမှာ ဆင်းရဲသော်လည်း ရုပ်ရည်တင့်တယ်လှပပြီး နူးညံ့သိမ်မွေ့သူများ ဖြစ်ကြလေသည်။ အမျိုးသမီးကလေး၏ ရုပ်ရည်မှာ ယောကျ်ားများတို့အား သူတို့၏ ဘဝကိုပင် ယုံယုံကြည်ကြည် အပ်နှင်းချင်လောက်အောင် ဆွဲဆောင်နိုင်သော ပါရမီနှင့် ပြည့်စုံလေသည်။ သူမ၏ အလှသည် တဘက်ကင်း၍ သူမ၏ နှုတ်ခမ်းများမှ အစဉ်ပွင့်လန်းနေသော လျှို့ဝှက်နက်နဲသည့် အပြုံးသည်ပင် သူမ၏ နှလုံးသားမှ ရောင်ပြန်ဟပ်လာသည့်အလား ထင်မှတ်ရပေတော့သည်။

www.burmeseclassic.com



လူတိုင်း လူတိုင်းကပင် သူမ၏ အလှတဲ့ကို ချီးကျူးကြပြီး သူမကို မြင်ဘူးသူတိုင်းက "ဒီအမျိုးသမီးကိုရတဲ့ ယောကျ်ားကတော့ သိပ်ပျော်မှာပဲရှို၊ သူ့ထက်သာတဲ့ မိန်းမတော့ မတွေ့နိုင်တော့ပါဘူး" ဟု ပြောဆိုမှတ်ချက်ပြုကြရလေသည်။

မွန်ဆီယာလန်တင်သည် အထက်တန်းစာရေးတစ်ဦးဖြစ်ပြီး တစ်နှစ်လျှင် ဝင်ငွေ ဖရန့် ၃၅၀၀ မျှ ရရှိသူဖြစ်သည်။ သူက သူမအား ချစ်ရေးဆိုကာ လက်ထပ်ခဲ့လေသည်။

သူသည် မယုံနိုင်လောက်အောင်ပင် ဝမ်းမြောက်ပျော်ရွှင်ခဲ့ရပါ၏။ သူမသည် အိမ်မှုကိစ္စများကို ကျွမ်းကျင်နိုင်နင်း၍ သာယာချမ်းမြေ့သော အိမ်ထောင်ရေးကို ဖန်တီးပေးခဲ့သည်။ သူမသည် ခင်ပွန်းသည်အပေါ် များစွာ ဂရုစိုက်၍ အလိုလိုက်အကြိုက်ပေးကာ နေခဲ့သဖြင့် ခြောက်နှစ်တာ ကာလပတ်လုံး သူမအပေါ် ဆထက်ထမ်းပိုး တိုး၍သာ ချစ်ခင်လာခဲ့ရလေသည်။

သူမတွင် အပြစ်ဆိုစရာဟူ၍ သူမ၏ဝါသနာ နှစ်ခုသာရှိလေသည်။ ပွဲလမ်းသဘင်များကို နှစ်မြင်ခြင်းနှင့် ရွှေရွေ ကျောက်သံပတ္တမြား လက်ဝတ်လက်စား အတုများကို တပ်မက်ခြင်းပင်ဖြစ်လေသည်။

သူမသည် အရာရှိပေါက်စလေးများ၏ ဇနီးများနှင့် သိကျွမ်းခင်မင်နေရာ သူတို့ထံမှ နာမည်ကြီး ပြဇာတ်လက်မှတ်များကို မကြာမကြာ ရရှိလေသည်။ ထိုအခါမျိုးတွင်လည်း ပထမဆုံးညအတွက် ဦးဦးဖျားဖျားရရှိတတ်သည်သာဖြစ်၏။ သူမသည် ဤပျော်ပွဲရွှင်ပွဲများသို့ သူမ၏ ခင်ပွန်းသည်ကို စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အတင်းဆွဲခေါ် သွားလေ့ရှိသည်။ ထိုအခါ ရုံးတွင် တစ်နေ့တာလုံး အလုပ်လုပ်ခဲ့ရသူ သူ့အဖို့ များစွာ ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်ရလေသည်။ သို့ကြောင့်ပင် သူက သူမအား အခြားရင်းနှီးသူ မိန်းမမောင်များနှင့်သွားပြီး ပြန်ပို့ခိုင်းပါဟု တောင်းပန်ရလေသည်။ သို့သော် ဤအပြုအမူမျိုးသည် ခင်ပွန်းသည်ကို မလေးစားရာရောက်သည်ဟု

www.burmeseclassic.com



ယူဆမိသူ သူမက လက်မခံခဲ့ပေ။ သို့သော် နောက်ဆုံးတွင် ခင်မွန်းသည် အလိုကျ သဘောတူခဲ့ရတော့သည်။

ဤသို့ ပွဲလမ်းသဘင်များကို စုံမင်သူ သူမအတွက် သူမကိုယ်ကို မွမ်းမံချယ်လှယ်လိုသည့် စိတ်ကလေးကလည်း ပိုမို ကြီးမားလာရတော့သည်။ မှန်ပါ၏။ သူမ၏ အဝတ်အစားများမှာ အလွန်ရိုးပြီး ပွဲမဝင်တော့ပါပေ။ ဤရိုးလွန်းသော အဝတ်အစားများကပင် သူမ၏ သိမ်မွေ့သောအလှ၊ ဆွဲဆောင်နိုင်သော အပြုံးတို့ကို ပို၍ ပေါ်လွင်နေစေပါ၏။ သို့သော် သူမသည် စိန်ကဲ့သို့ တောက်ပြောင်နေသော ကျောက်တုများဖြင့်စီခြယ်ထားသည့် နားကပ်ကိုလည်းကောင်း၊ ပုလဲတုဖြင့်ပြုလုပ်ထားသော ဆွဲကြိုးကိုလည်းကောင်း၊ ရွှေလက်ကောက်တုများ၊ ကျောက်အစစ်နှင့်တူအောင် သွေးထားသော ရောင်စုံဆံထိုးများကိုလည်းကောင်း ဝတ်စားဆင်ယင်၍သွားတတ်လေသည်။

ဤအပြုအမူများကို မြင်ရသူ ခင်မွန်းသည်က မကြာခဏ ပြောတတ်သည်။

"မိန်းမတစ်ယောက်ဟာ ရတနာ့အစစ်တွေကို မဝတ်နိုင်ဘူးဆိုရင် သူ့ပင်ကိုအလှကို ပိုပြီးတော့တောင် ပေါ်လွင်စေသေးတယ်၊ ဒါမှ တကယ့် အဖိုးအတန်ဆုံး ရတနာပေါ့"

သို့သော် သူမက ပြုံးပြုံးလေး ပြန်ပြောတတ်သည်။

"ဒါတော့ မဟုတ်နိုင်ဘူး ရှင်ရေ၊ ကျွန်မကိုယ်က ရတနာအတုတွေကို နှစ်သက်နေတာပါ။ ရှင်ပြောတာလဲ မှန်ပါတယ်၊ ဒါပေမဲ့ လူဆိုတာ ဇီဇကို ပြင်နိုင်မဲ့သားကလား၊ ကျွန်မလည်း ရတနာအစစ်ကိုသာ ပိုင်ချင်တာပေါ့ရှင်"

ထို့နောက် သူမသည် ပုလဲပုတီးလေးကို လက်ချောင်းများကြားတွင် ဆော့ရမ်းကာ အရောင်တဖျတ်ဖျတ်လက်နေသော ကျောက်မျက်များကိုပြပြီး "ကြည့်စမ်းပါဦး လုပ်ထားတာ ဘယ်လောက်လှသလဲ၊ လူတိုင်းက အစစ်လို့ ထင်မှာပဲ"ဟု ဆိုတတ်လေသည်။

www.burmeseclassic.com



တစ်ခါတစ်ရံ သူတို့နှစ်ဦးသည် မီးဖိုဆောင်တွင်အတူထိုင်နေကြစဉ် သူမသည် သူမ၏ အဖိုးမတန်သည့် ရတနာတုများ ထည့်ထားသော သားရေသေတ္တာလေးကို စားပွဲပေါ် တင်ထားတတ်လေသည်။ ထို့နောက် သူမ၏ ရတနာတုများကို စိတ်ပါလက်ပါ ကြည့်ရှု စစ်ဆေးနေတတ်ပြန်သည်။ ထိုအခါမျိုးတွင် သူမကိုကြည့်ရသည်မှာ လျှို့ဝှက်သိုသိပ်သော ကြည်နူးနှစ်သိမ့်မှုမျိုးဖြင့် ရွှင်မြူးနေသည့်အလား ထင်ရလေတော့သည်။ ထို့နောက် သူမသည် ဆွဲကြိုးတစ်ကုံးကိုယူကာ သူမ၏ ခင်ပွန်းလည်တွင် မရမက ဆွဲပေးပြီး သိမ့်သိမ့်ခါအောင် ရယ်မောနေတတ်ပြန်သည်။

'မောင့်ကိုကြည့်ရတာ သိပ်ရယ်စရာကောင်းတာပဲ'

ထို့နောက် သူ့လက်မောင်းကြားသို့ တိုးဝင်ပြီး အားပါးတရ နမ်းတတ်လေသည်။

ဆောင်းညတစ်ညတွင်မူ သူမသည် ကပွဲတစ်ခုသို့သွားရာမှ အပြန် အအေးမိ၍ ခိုက်ခိုက်တုန်လာခဲ့သည်။ နောက်နေ့မနက်တွင် ချောင်းဆိုးလာကာ တစ်ပတ်ခန့်အကြာတွင်မူ အဆုတ်ရောင်ရောဂါဖြင့် သေဆုံးသွားရာလေတော့၏။

လန်တင်ခမျာမှာ သူမနှင့်အတူလိုက်၍ပင် သေတော့မတတ် ပူဆွေးသောက ရောက်ခဲ့ရှာသည်။ သူ၏ ပရိဒေဝ သောကမီးမှာ အလွန်ကြီးမားရကား တစ်လအတွင်းမှာပင် ဆံပင်များဖြူကုန်သည်အထိ ဖြစ်ရှာသည်။ သူသည် နေ့ရောညပါ ငိုကြွေးလျက် သူ့နှလုံးသားသည် မခံမရပ်နိုင်လောက်အောင် ကွဲအက်နာကျင်ခဲ့ရသည်။ သူ့ချစ်ဇနီးလေး၏ အပြုံးလေးများ၊ အသံလေးများ၊ ချစ်စရာအပြုအမူကလေးများကိုအချိန်တိုင်းပင် သတိရနေတော့သည်။

အချိန်သည် သူ၏ ပူဆွေးသောကကို လျော့ပါးခြင်းငှာ မကုစားနိုင်ခဲ့ပါပေ။ မကြာခဏဆိုသလို ရုံးချိန်အတွင်း၌ပင် သူ၏ လုပ်ဖော်ကိုင်ဘက်

www.burmeseclassic.com



များက တွေ့ရှာရလေးပါး စကားမပြည့်ပြောရန် လာကြသည့်တိုင် သူ့မျက်လုံးတွင် မျက်ရည်များ ပြည့်လျှမ်းလာပြီး ရှိုက်ကြီးတငင် ငိုရှုတတ်ပေသေးသည်။

သူသည် ဇနီးဖြစ်သူ၏ အခန်းကို ယခင်အတိုင်းပင်ထားလျက် နေ့စဉ် ထိုအခန်းတွင်းသို့ဝင်ကာ တံခါးပိတ်၍နေပြီး သူမ အကြောင်းကိုသာ တွေးတောနေတတ်လေသည်၊ သူမ၏ အဝတ်အစားများနှင့် အသုံးအဆောင်များကိုလည်း သူမ သေဆုံးခဲ့သည့်နေ့ကအတိုင်း နေရာမပျက် ရှိနေစေသည်။

သို့သော် မကြာမီပင် သူ့တွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရလေသည်။ ယခင်က ဇနီးသည်လက်တွင်သာ အပ်နှံသုံးစွဲနေခဲ့သော သူ၏ ဝင်ငွေသည် ယခုအခါ သူ့အတွက် လောက်ငြင်း မရှိတော့ပေ။ သူ့ဇနီးသည် ဈေးကြီးသော အစားအစာများ၊ အကောင်းစား ဝိုင်အရက်များကို သူ့အတွက် ဘယ်ပုံစံ စီမံရွေးချယ်ခဲ့ပါလိမ့်ဟု စဉ်းစားကာ အံ့သြမိရတော့သည်။ အကြောင်းမှု ထိုအရာများကို သူ၏ သာမန်ဝင်ငွေဖြင့် ဝယ်ယူသုံးစွဲရန် မတတ်နိုင်တော့သည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

သူ့တွင် အကြွေးများပင် တင်လာပြီး နောက်ဆုံးတွင် လကုန်ရက်၌ သူ့တွင် ပိုက်ဆံတစ်ပြားမှ မကျန်တော့သည့်အဖြစ်ကိုပင် ကြုံရလေတော့သည်။ သူသည် တစ်စုံတစ်ရာ ရောင်းချသုံးစွဲရန် ဆုံးဖြတ်လိုက်သည်။ ထိုအခါ သူ့ဇနီးသည်၏ အဖိုးမတန်သော ရတနာအတုများကို ရောင်းပစ်ရန် အကြံရလေတော့၏။ သူသည် ယခင်ကတည်းက မနှစ်သက်ခဲ့သော ဤရတနာအတုများကို နေ့စဉ်မြင်နေရခြင်းသည် သူ့ချစ်ဇနီးကို သတိရသော စိတ်ကိုပင် အနှောင့်အယှက် ဖြစ်စေသေးသည်။

သူ့ဇနီးထားခဲ့သော အဖိုးမတန်သည့် လက်ဝတ်လက်စား အစုအပုံကြီးထဲမှ ရောင်းလိုသည့်ပစ္စည်းကို အချိန်အတော်ကြာအောင်ပင် ရွေးနှောက်ရှာဖွေခဲ့ရသည်။ သူမသည် ဤများလှစွာသော ပစ္စည်းများကို နောက်ဆုံးနေ့များအထိ ခေါင်းမာစွာ ဝယ်ယူနေခဲ့သည်။ ညနေတိုင်းလိုလိုပင် ပစ္စည်းသစ်တစ်ခုခုကို ဝယ်ပြီးမှ အိမ်သို့ ပြန်လာတတ်ခဲ့လေသည်။

www.burmeseclassic.com



နောက်ဆုံးတွင် သူမ အကြိုက်ဆုံးဟု ထင်ရသော ဘယက်ကြီး တစ်ကုံးကို ရောင်းရန်ဆုံးဖြတ်လိုက်သည်။ ကျောက်အတုများဖြင့် လှပစွာ ပြုလုပ်ထားသော ဤဘယက်သည် ဖရန့်ဒင်ါး ခြောက်ပြား သို့မဟုတ် ခုနစ်ပြားခန့်တော့ တန်လိမ့်မည်ဟု ခန့်မှန်းရလေသည်။

သူသည် ဘယက်ကြီးကို အိတ်တွင်းသို့ထည့်ကာ ရုံးသို့ထွက်လာရင်း လမ်းသွားတစ်ဖက်တစ်ချက်ဆီမှ ယုံကြည်စိတ်ချရမည်ဟု ထင်ရသော ရတနာဆိုင်များကို ကြည့်ရှုလာခဲ့သည်။ နောက်ဆုံး ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ခဲ့၏။ ဤမျှတန်ဖိုးသေးနုပ်သော ပစ္စည်းလေးကို ရောင်းချရန်နှင့် သူ၏ဘိုင်ကျပုံကို ဤနည်းဖြင့် လူသိခံရမည်ကို အနည်းငယ် ရှက်နေမိလေသည်။

'ဒီပစ္စည်းလေး ဘယ်လောက်တန်တယ်ဆိုတာ သိချင်လို့ပါ ခင်ဗျာ'

သူက ရတနာဆိုင်ရှင်ကို ပြောလိုက်သည်။

ဆိုင်ရှင်လူကြီးက ဘယက်ကိုယူပြီး စစ်ဆေးကြည့်ရှု၏။ ဟိုဘက် သည်ဘက် လှည့်ကြည့်သည်။ ချိန်ကြည့်သည်။ မှန်ဘီလူးဖြင့် စစ်ဆေးသည်။ သူ့တပည့်ကိုခေါ်ကာ အသံနှိမ့်၍ တစ်စုံတစ်ရာ ပြော၏။ ထို့နောက် ဘယက်ကို ကောင်တာပေါ်တင်လိုက်ကာ ခပ်လှမ်းလှမ်းမှ ကြည့်ရှုခန့်မှန်း ပြန်သည်။

မွန်ဆီယာလန်တင်မှာ ဤအပြုအမူများကို စိတ်မရှည်အောင်ဖြစ် လာပြီး ပါးစပ်မှ ဖွင့်ပြောမိတော့သည်။

'အို ဒါ ဘယ်လောက်မှ မတန်ဘူးဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်ဗျာ'

သို့သော် ရတနာဆိုင်ရှင်က ဆို၏။

'ဒီဘယက်ဟာ သောင်းနှစ်ထောင်နဲ့ သောင်းငါးထောင်ကြား လောက်တန်တယ်၊ ဒါပေမဲ့ ဒါကို ဘယ်ကရခဲ့တယ်ဆိုတာ မပြောဘဲနဲ့တော့ ကျွန်တော် မဝယ်နိုင်ပါဘူး'

www.burmeseclassic.com



မုဆိုးဖိုကြီးသည် ဆိုင်ရှင်ပြောသည်ကို ဘယ်လိုမှ နားမလည်နိုင်ဘဲ မျက်လုံးပြူးကာ ပါးစပ်အဟောင်းသားဖြင့် မင်သက်မိနေတော့သည်။ နောက်ဆုံး သူက ထစ်ထစ်ငေါ့ငေါ့ဖြင့်

'ခင်ဗျား ဘာပြောတာလဲ၊ သေချာရဲ့လားဗျာ' ဟု မေးမိလေသည်။ ထိုအခါ ဆိုင်ရှင်ကလည်း သူ အံ့သြနေသည်ကိုပင် နားမလည်ဟန်ဖြင့် တိုတိုတောင်းတောင်း ပြန်ပြောလေသည်။

'ခင်ဗျား အခြားဆိုင်တစ်ဆိုင်ဆိုင်သွားပြီး ဒီထက် ပိုပေးမလားလို့ မေးကြည့်ဦး၊ ကျုပ် စိတ်ထင်တော့ ဒါ သောင်းငါးထောင် အများဆုံး တန်တယ်၊ ဒီထက်ပိုပေးမယ့်သူ မရှိဘူးဆိုရင်တော့ ပြန်လာခဲ့ပေါ့'

မှန်ဆီးယားလန်တင်သည် အလွန် အံ့အားသင့်ဟန်ဖြင့် စကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ ဘယက်ကိုယူကာ ပြန်ထွက်ခဲ့လေသည်။ တစ်ယောက်တည်း စဉ်းစားဦးမည်ဟုလည်း မရည်ရွယ်သောစိတ်ဖြင့် ဆုံးဖြတ်မိသည်။ သို့သော် သူသည် စဉ်းစားပြီး ရယ်ချင်၍သာလာသည်။

'အရုပ်ပဲ အရုပ်ပဲ၊ မိန်းမအစစ်နဲ့ အတုကိုတောင် မခွဲနိုင်တဲ့ ပန်းထိမ်ဆရာ ကလည်း ရှိသေးတယ်'

ထို့နောက် သူသည် ဒီ လာပေး လမ်းရှိ အခြားရတနာဆိုင်တစ်ဆိုင်သို့ သွားခဲ့ပြန်သည်။ ရတနာဆိုင်ရှင်သည် ဘယက်ကို မြင်လျှင် မြင်ချင်း အံ့အားသင့်ဟန်ဖြင့်

'ဘယ့်နှယ်၊ ဒီဘယက်ကို ကျွန်တော် ကောင်းကောင်းသိတာပေါ့၊ ဒီဆိုင်က ဝယ်သွားခဲ့တာပဲ' ဟု ဆိုလေသည်။

မှန်ဆီးယားလန်တင်မှာလည်း အံ့အားသင့်ဟန်ဖြင့်

'ဒါ ဘယ်လောက်တန်သလဲဗျာ' ဟု မေးမိလေသည်။

'ဒါကို ကျွန်တော် နှစ်သောင်းငါးထောင်နဲ့ ရောင်းခဲ့တာပဲ၊ ခင်ဗျားပိုင်ပစ္စည်း ဖြစ်တယ်ဆိုတဲ့အကြောင်း တရားဝင်သဘောတူညီချက်နဲ့ ပြန်ဝယ်ရမယ်ဆိုရင်တော့ သောင်းရှစ်ထောင်ပေးမယ်ဗျာ'

www.burmeseclassic.com

သည်တစ်ကြိမ်တွင်တော့ မွန်ဆီယာလန်တာင်မှာ ဘာမျှ မပြောနိုင်တော့ပေ။ သူသည် ဆိုင်ရှင်လိုက်ကာ ပြောလိုက်၏။

'ဒါပေမဲ့ ဒါပေမဲ့ သေချာချာ စစ်ဆေးစမ်းပါဦးဗျာ၊ ကျွန်တော်တော့ ခုထိ ဒါကို အတုလို့ ထင်နေတုန်းပဲ'

'တဆိတ် ခင်ဗျားနာမည် ပြောပါလားဗျာ'

ဆိုင်ရှင်က ဆိုသည်။

'ကျွန်တော့်နာမည် လန်တာင်ပါ၊ ကျွန်တော် ဝန်ထမ်းတစ်ယောက်ပါ၊ မားတားလမ်း အမှတ် ၁၆ မှာ နေပါတယ်ဗျာ'

ဆိုင်ရှင်သည် သူ့စာအုပ်များကိုဖွင့်၍ ပြေစာများကို ပြန်ရှာပြီး

'ဟုတ်ကဲ့ ဒီဘယက်ကို ၁၈၇၆ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့က မားတားလမ်း အိမ်နံပါတ် ၁၆၊ မဒမ်လန်တာင်ကို ရောင်းခဲ့တာပါ'

ယောက်ျားနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လျက် လန်တာင်မှာမူ အံ့သြလွန်းသဖြင့် စကားပင်မပြောနိုင်တော့ပေ။ ဆိုင်ရှင်ကမူ သူ့ကို သူခိုးတစ်ယောက်သဖွယ် စူးစမ်းကြည့်ရှုနေလေသည်။ နောက်ဆုံးတွင်

'ခင်ဗျား ဘယက်ကို ကျွန်တော့်ဆီမှာ ၂၄ နာရီလောက် ထားခဲ့ပါလား၊ ကျွန်တော် လက်ခံပြေစာတစ်ခု ပေးလိုက်ပါ့မယ်'

'အို ထားခဲ့ပါ့မယ်'

မွန်ဆီယာလန်တာင်သည် အထစ်ထစ်အငေါ့ငေါ့ပြောကာ စာရွက်ငယ်ကို ခေါက်ပြီး အိတ်ထဲသို့ထည့်လျက် ပြန်ထွက်လာခဲ့လေသည်။ ထို့နောက် သူသည် စိတ်ဂယောက်ဂယက်ဖြင့် လမ်းတွေကို အမှားမှား အယွင်းယွင်း လျှောက်နေမိလေသည်။ သူသည် ဤအဖြစ်ကို နားလည်အောင် ကြိုးစား၍ အဖြေရှာနေမိသည်။ သူ့ဇနီးသည် အဖိုးထိုက်သောပစ္စည်း တစ်စုံတစ်ရာကို ဝယ်ရန် တတ်နိုင်ခဲ့သည်မဟုတ်။ သို့သော် အဖြစ်မှာ အမှန်တွေသာ ဖြစ်၏။ သို့သော် ဤပစ္စည်းသည် လက်ဆောင်ရသည့် ပစ္စည်း

www.burmeseclassic.com



တစ်ခု ဖြစ်နေရင်တော့။ လက်ဆောင် လက်ဆောင်၊ ဘယ်သူ့ဆီက လက်ဆောင်ပါလိမ့်၊ ဘာဘာအတွက်များ ပေးခဲ့ပါလိမ့်၊ ဘာဘာအတွက်များ၊ ဘာဘာအတွက်များ'

သူသည် ခြေလှမ်းကိုရပ်ကာ လမ်းလယ်ခေါင်တွင် ရပ်နေမိပြန်သည်။ သူ့စိတ်တွင် ကြီးမားသော သံသယကြီးတစ်ခု ဝင်ရောက်ခဲ့ပေပြီ။ အခြား ရတနာတွေကော လက်ဆောင်ရတနာတွေပဲလား၊ ကမ္ဘာမြေကြီးသည် လည်ပတ်လာသည်ဟု ထင်မိကာ သူ့ခြေထောက်နှင့် ရှေ့မှ သစ်ပင်ကြီးသည် လဲပြိုသွားသည်ဟု ထင်မိ၏။ သူ့လက်များကို မြေကြီးပေါ်သို့ ပစ်ချ လိုက်ကာ သတိလစ်သွားလေတော့သည်။

သူ့ကို လမ်းသွားလမ်းလာများက ပွဲပေးသဖြင့် ဆေးတိုက်တစ်ခုသို့ ရောက်သွားကာ သတိပြန်လည်လာလေသည်။ မြင်းလှည်းတစ်စီးဖြင့် အိမ်သို့ပြန်ခဲ့ပြီး အိမ်ထဲတွင်တံခါးပိတ်ကာ နေလိုက်သည်။

သူသည် ညသန်းခေါင်တိုင်အောင် သည်းထန်စွာ ငိုကြွေးပြီး အသံမထွက်အောင် လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုပိတ်ဆို့ထားလေသည်။ ထို့နောက် အိပ်ရာပေါ်သို့ ပစ်လှဲကာ သစ်တုံးတစ်တုံးအလား အိပ်ပျော် သွားရှာတော့သည်။

နေရောင်ခြည်တန်းလေးသည် သူ့ကို နှိုးသဖြင့် အလုပ်ခွင်သို့သွားရန် ဖြေးညင်းစွာ ထခဲ့ရလေသည်။ စိတ်တုန်လှုပ်ချောက်ချားခဲ့ရသော အဖြစ် များကြောင့် အလုပ်ဆင်းရန် နှေးကန့်နေမိလေသည်။ ထို့ကြောင့်ပင် သူ့အထက်အရာရှိထံသို့ စာတစ်စောင်ရေးပြီး ခွင့်တောင်းလိုက်ရသည်။ ထို့နောက် သူသည် ရတနာဆိုင်သို့ သွားရန်ရှိသည်ကို သတိရကာ ရှက်နေမိပြန်သည်။ သူသည် အချိန်အတော်ကြာအောင် စဉ်းစားနေခဲ့သေး သည်။ သို့သော် ဘယက်ကို ထိုလူ့ထံတွင် ပစ်မထားနိုင်ပါပေ။ ထို့ကြောင့် သူသည် အဝတ်အစားလဲကာ ထွက်လာခဲ့သည်။

www.burmeseclassic.com



ထိုနေ့သည် သာယာသောနေ့တစ်နေ့ဖြစ်ပြီး ကောင်းကင်ပြာအောက်တွင် မြို့တော်သည် လှပတင့်တယ်၍နေသည်။ လူတို့သည် ဆောင်းဦးအိတ်များတွင်လက်လျှိုလျက် လမ်းပေါ်တွင် ဥဒဟိုလျှောက်သွားနေကြလေသည်။ သူတို့ကိုကြည့်ပြီး လန်တင်သည် သူ့ကိုယ်သူ ရှက်ရွံ့နေမိသည်။

'ချမ်းသာတဲ့လူတွေဟာ ဘယ်လောက်ကံကောင်းသလဲ၊ ငွေသာရှိရင် ဘယ်လောက်ကြီးမားတဲ့ ဝမ်းနည်းပူဆွေးစရာကိုမဆို မေ့ပျောက်နိုင်တယ်၊ သွားချင်တဲ့နေရာ သွားနိုင်တယ်၊ ပျော်နိုင်တယ်၊ အို ငါ ချမ်းသာရင် ကောင်း'

သူသည် ဆက်လျှောက်လာလေသည်။ နှစ်ရက်လုံးလုံး သူ ဘာမျှမစားခဲ့ပေ။ သို့သော် သူ့ အိတ်ထဲတွင်ကား ပလာနေ၍သာဖြစ်၏။ ထို့နောက် သူ့ဘာသာကို သတိရပြန်သည်။ ဖရန့်သောင်းရှစ်ထောင် သောင်းရှစ်ထောင်၊ ဒါဟာ နည်းတဲ့ငွေ မဟုတ်ဘူး။

ဒီ လာပေး လမ်းသို့ရောက်သောအခါ သူသည် ရတနာဆိုင်ရှေ့ မျက်နှာချင်းဆိုင်ရှိ ပလက်ဖောင်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိလေသည်။ ဖရန့်သောင်းရှစ်ထောင်။ အချိန်အတန်ကြာသောအခါ သူသည် ဆိုင်ထဲဝင်တော့မည် ပြုသည်။ သို့သော် ရှက်စိတ်က သူ့ကို နောက်ပြန် ဆွဲလျက် ရှိလေသည်။

သူသည် ဆက်လျှောက်လာပြန်သည်။ အလွန်ဆာလာသည်။ သို့သော် သူ့တွင် ငွေတစ်ပြားမျှ မရှိ။ သူသည် သူ့စိတ်ကို လျင်မြန်စွာ ဆုံးဖြတ်လိုက်ကာ လမ်းကို ပြေး၍ ဖြတ်ကူးလိုက်ပြီး ဘာမျှ စဉ်းစားမနေတော့ဘဲ ဆိုင်ထဲသို့ ပြေးဝင်ခဲ့လေသည်။

ဆိုင်ရှင်သည် သူ့ကို မြင်မြင်ချင်း ရှေ့သို့တိုးကာ ယဉ်ကျေးစွာ ပြုံးလျက် ကုလားထိုင်ကို ထိုးပေးလေသည်။ သူ့တပည့်များလည်း ဆိုင်ထဲသို့ဝင်လာကြပြီး လန်တင်ကို စိုက်ကြည့်ကာ ရယ်ချင်စိတ်ကို မြိုသိပ်နေကြ

www.burmeseclassic.com



ရလေသည်။ သူတို့နှုတ်ခမ်းနှင့် မျက်လုံးများက ပြုံးယောင်သန်းနေကြတော့သည်။

'ကျွန်တော် စုံစမ်းပြီးပါပြီ'

ဆိုင်ရှင်က ဆိုသည်။

'ဒီတော့ ခင်ဗျားဘယက်ကို ရောင်းချင်သေးတယ်ဆိုရင် ကျွန်တော်ပေးထားတဲ့ ဈေးအတိုင်းပေးဖို့ အသင့်ပါပဲ'

'ရောင်းမှာပေါ့ဗျာ'

လန်တင်က ထစ်ငေါ့စွာ ပြန်ပြောလိုက်သည်။

ဆိုင်ရှင်သည် အံဆွဲထဲမှ ငွေသောင်းရှစ်ထောင်ကိုယူပြီး ရေတွက်ကာ လန်တင်သို့ ကမ်းပေးလိုက်သည်။ လန်တင်သည် တုန်ယင်သောလက်များဖြင့် ပြေစာတွင် လက်မှတ်ထိုးပြီး ငွေများကို အိတ်တွင်းသို့ ထည့်လိုက်လေသည်။

ထိုနောက် ဆိုင်ပြင်သို့ထွက်လာခဲ့ပြီး သူ့ကို ပြုံးချိုကြည့်နေသော ဆိုင်ရှင်ကို ပြန်လှည့်ကြည့်ကာ ပြောလိုက်၏။

'ကျွန်တော့်မှာ အခြား အဲ အခြားတရားဝင် အမွေရထားတဲ့ရတနာတွေ ရှိပါသေးတယ်၊ ခင်ဗျား ဝယ်ဦးမလား'

ဆိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ဝယ်ပါမယ်'

ဆိုင်ရှင်၏ တပည့်တစ်ယောက်သည် ရယ်ချင်စိတ်ကို မမြိုသိပ်နိုင်တော့ဘဲ အပြင်သို့ထွက်သွားလေသည်။ အခြားတစ်ယောက်ကလည်း သူ့ပါးစပ်ကို အတင်းစေ့ထားရသည်။

လန်တင်သည် မျက်နှာကြီး နီမြန်းလာကာ မလှုပ်မယှက်ရပ်နေမိသည်။

'ကျွန်တော် ယူလာခဲ့ပါမယ်' သူက ပြောလိုက်သည်။

www.burmeseclassic.com



ထို့နောက် မြင်းလှည်းတစ်စီးဖြင့် အိမ်သို့ပြန်၍ ရတနာများကို ယူလာသည်။

တစ်နာရီခန့်အကြာ ဆိုင်သို့ပြန်လာသည်အထိ သူဘာမျှ မစားရသေးပေ။ ရတနာဆိုင်ရှင်နှင့် သူ့တပည့်များသည် ရတနာများကို တစ်ခုပြီးတစ်ခု စစ်ဆေးပြီး တစ်ခုစီ၏ တန်ဖိုးများကို ခန့်မှန်းတွက်ချက်ကြသည်။ ရတနာအားလုံးလိုလိုသည် ထိုဆိုင်မှ ဝယ်ခဲ့သော ပစ္စည်းများ ဖြစ်၏။

လန်တင်သည် တန်ဖိုးဖြတ်မှုနှင့်ပတ်သက်၍ ငြင်းခုံစ ပြုလာလေသည်။ အရောင်းဘောက်ချာစာရင်းကိုကြည့်၍ အနိုင်အမာ ငြင်းခုံသည်။ ငွေများလာသည့်အလျောက် သူ့အသံသည် ကျယ်၍ ကျယ်၍ လာလေသည်။

စိန်နားကပ်ကြီးတစ်စုံသည် နှစ်သောင်းတန်၍ လက်ကောက်က သုံးသောင်းငါးထောင်တန်သည်။ ရင်ထိုး၊ လက်စွပ်၊ ဆွဲပြား စသည်တို့က သောင်းခြောက်ထောင်၊ မြနှင့် နီလာတစ်စုံက သောင်းလေးထောင်၊ ကျောက်တစ်လုံးတည်းမြှုပ်၍ လုပ်ထားသော ရွှေဆွဲကြိုးက လေးသောင်းစသည်ဖြင့် အားလုံး ပေါင်းလိုက်သောအခါ တစ်သိန်းကိုးသောင်း ခြောက်ထောင်ကျလေသည်။

ရတနာဆိုင်ရှင်က ရယ်သလို မောသလိုနှင့် မှတ်ချက်ချ၏။

'ဒီဟာတွေဟာ ရသမျှငွေကို ရတနာတွေချည်းဖြစ်အောင် လုပ်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်က ပိုင်ခဲ့တာပဲနော်'

လန်တင်က ခပ်တည်တည် ပြန်ပြောလိုက်သည်။

'ဒါဟာ ငွေကိုစုဆောင်းတဲ့ နည်းကောင်းပဲဟာ'

ထို့နောက် သူသည် နောက်တစ်နေ့တွင် တန်ဖိုးများကို ဒုတိယအကြိမ် တိတိကျကျ သတ်မှတ်ရန် ဆိုင်ရှင်နှင့် စီစဉ်ပြီး ပြန်ခဲ့လေသည်။

သူသည် စိတ်လက်ပေါ့ပါး ရွှင်လန်းနေလေသည်။ စားသောက်ဆိုင်သို့သွားပြီး တစ်ပုလင်းလျှင် ဖရန့်နှစ်ဆယ်ပေးရသော ဝိုင်အရက်ကို အစားအစာများနှင့်အတူ မှာ၍ စားသောက်သည်။ ထို့နောက် မြင်းလှည်း

www.burmeseclassic.com



တစ်စီးကိုငှားကာ လည်ပတ်လေသည်။ လမ်းပေါ်မှ အခြားသူများကို အထင်သေးစွာကြည့်လျက်

"ငါလဲပဲ လူချမ်းသာတစ်ယောက်ပဲ၊ ငါ့မှာ ငွေနှစ်သိန်းလောက် ချမ်းသာနေပြီ"ဟု တွေးနေလိုက်သည်။

ရုတ်တရက် သူ့အလုပ်ဌာနကို သတိရလာသည်။ ချက်ချင်းပင် သူ့ဌာနသို့မောင်းနှင်ပြီး သူ့အထက်အရာရှိ ရုံးခန်းသို့ ခပ်သွက်သွက်ဝင်သွားကာ

"ကျွန်တော် အလုပ်ထွက်ဖို့ လာပါတယ်၊ ကျွန်တော် ငွေသုံးသိန်းလောက် အမွေရလိုက်ပါတယ်"ဟု ပြောလေသည်။

သူသည် လုပ်ဖော်ကိုင်ဘက်ဟောင်းများနှင့် လက်ဆွဲနှုတ်ဆက်ကာ သူ့ရှေ့ရေး အစီအစဉ်အချို့ကို ပြောပြလေသည်။ ထို့နောက် ညစာစားရန် ထွက်ခွာလာခဲ့သည်။

သူသည် နာမည်ကြီး ဟိုတယ်အတွင်းဝယ် ရည်ရည်မွန်မွန်ရှိမည်ဟု ထင်ရသော လူကြီးလူကောင်းတစ်ယောက်ဘေးတွင် ထိုင်မိသောအခါ သူ့ကိုယ်သူ မအောင့်အည်းနိုင်တော့ဘဲ သူသည် မကြာသေးမီက ငွေလေးသိန်းကို အမွေရလိုက်သည်ဟု ရုတ်ရက်နှင့် ကြွားလိုက်မိပြန်လေသည်။

လူ့ဘဝတွင် ပထမဆုံးအကြိမ် ကပွဲရုံသို့ မငြီးမငွေ့သွားကာ ထိုညကို မိန်းမအချို့နှင့် အချိန်ဖြုန်းပစ်လိုက်လေသည်။

နောက် ခြောက်လခန့်အကြာတွင် သူသည် နောက်ထပ် အိမ်ထောင် ပြုလေတော့သည်။ သူ့ဒုတိယဇနီးမှာ အလွန်ပင် ဣန္ဒြေသိက္ခာရှိသော မိန်းမတစ်ဦးကားဖြစ်သည်။ သို့သော် စိတ်နေစိတ်ထားမှာမူ ယုတ်ညံ့ဆိုးသွမ်းလှသူဖြစ်လေသည်။ သူမသည် သူ့ဘဝကို ပျော်ရွှင်ချမ်းမြေ့အောင် မစွမ်းဆောင်နိုင်သည့်ပြင် အလွန်ပင် စိတ်ဆင်းရဲအောင် ပြုမူသူသာ ဖြစ်လေတော့သည်။

[ဘာသာပြန်စာပေပဒေသာ ။ ။ မြဝတီ၊ ၁၉၇၄]

www.burmeseclassic.com

# ဘယ်သူလာ ကူပါ့မလဲ

'မောင် မလိုက်နဲ့တော့လေ'

လေဆိပ် အဆောက်အဦးအပြင်ဘက်မှ သံဆန်ခါဝင်း၏ အဝင်ဝတွင် မောင့် ခြေလှမ်းများ ရပ်တန့်သွားရသည်။ လက်တွင်ကိုင်လာသော သားရေသေတ္တာငယ်ကိုလည်း နွယ့်လက်ထဲသို့ မယောင်ရမ်း၍ အလျင်စလို ထည့်လိုက်မိသည်။ ပြီးမှ မျက်ရည်အစပြုနေသော နွယ့် မျက်ဝန်းအစုံကို ကြည့်ကာ တိုးတိုးရေရွတ်လိုက်လေသည်။

'မောင် လိုက်ခွဲပါရစေဦး'

'လိုက်ပို့တဲ့လူတွေ မဝင်ရဘူးလို့ ပြောနေတယ်လေ'

နွယ်က အနီးတွင်ရပ်နေသော တာဝန်ရှိပုဂ္ဂိုလ်ကိုကြည့်ကာ ပြောလိုက်သည်။

'တစ်ယောက်တော့ လိုက်လို့ရပါတယ်'

ကိုယ်ချင်းစာတတ်သော နှလုံးသားနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်က နားလည်စွာ လိုက်လျောလိုက်သည်။ နွယ့်အနေဖြင့်တော့ မောင့်ကို သည်နေရာမှာပင် နေခဲ့စေချင်သည်။ မောင် ဆက်လိုက်လာ၍လည်း ဘာမျ

www.burmeseclassic.com



ထူးမည်မထင်တော့။ သည်တစ်သက်တွင် မောင်နှင့် နွယ်တို့ သည်နေရာမှ နောက်ဆုံးခွဲခွာကြရတော့မည်ဟု နွယ့်စိတ်က အလိုလိုထင်နေသည်။

'မောင် ပြန်တော့လေ'

မောင့်မျက်နှာသည်လည်း နွယ့်နည်းတူညှိုး၍နေ၏။ ပျော်ပျော်ရွှင်ရွှင်နေတတ်သော မောင့် လှုပ်ရှားမှုသဏ္ဍာန်သည် လေးလံထိုင်းမှိုင်းနေ၏။ မောင့် မျက်လုံးများက မျက်ရည်မကျဘဲ ငိုနေဟန်ထင်ရသည်။ တကယ်တော့ မောင် နွယ့်ကိုချစ်တာ နွယ်လည်း အသိသား။ နွယ်ကပင် မောင့်ကို ပြန်၍ သနားနေသေးသည်။

'နွယ့်ကို မောင် စိတ်မချဘူး'

မောင်က လှိုက်လှိုက်လှဲလှဲရေရွတ်လိုက်လျှင် နွယ်က မျက်ရည်ကြားမှ ဟန်လုပ်၍ ရယ်ပြလိုက်သည်။

'နွယ်ဟာ မရှမ်းခြံ သော်ဒါမောင်က ကျောင်းသူလေး မဟုတ်တော့ဘူး မောင်၊ အစ်မကြီး အမိရာဆိုသလို ဆယ်ကျော်သက် ညီမငယ်လေးတွေကို ထိန်းသိမ်းမယ့် အိမ်ရှင်မကြီး ဖြစ်တော့မှာ'

'ဘာပဲဖြစ်ဖြစ်လေ'

မောင့်အသံက တိုး၍ ဝင်သွား၏။ မောင့်ရင်ထဲမှာမူ 'နွယ် မသွားရဘူး' ဟူသော စကားလေးကို ပိုင်စိုးပိုင်နင်း ပြောနေမိသည်။

'လေယာဉ်လာဖို့ အချိန်နီးပြီ မောင်၊ နွယ် သွားတော့မယ်၊ နွယ့်ကို စိတ်ချပါ၊ မောင်သာ ဒီနှစ် စာမေးပွဲအောင်ရင် အလုပ်တစ်ခုခုရအောင် ကြိုးစားပါ၊ မောင့်ကို နွယ် စောင့်ပါမယ်၊ နွယ့်ကိုလဲစောင့်ပါ မောင်၊ နော် နွယ် သွားမယ်နော်'

သည်တစ်ခါတော့ နွယ့်ကို တားဆီးရန် မောင် မကြိုးစားမိ။ နွယ့်နောက်ကိုလည်း ဆက်လိုက်ရန် စိတ်မကူးမိတော့။ လေယာဉ်စီးမည့်ခရီးသည်များအခန်းသို့ လေးလေးတွဲ့တွဲ့ လျှောက်လှမ်းသွားသော နွယ့်ကျောပြင်လေးကိုသာ ငေးကြည့်နေမိသည်။ နွယ် ငိုနေမည် ထင်ရဲ့။

\+ \+ \+

www.burmeseclassic.com



သည်လိုမှန်းသာသိလျှင်ဖြင့် အစက မောင့်အချစ်ကို နွယ် လက်ခံခဲ့မည် မဟုတ်။ မောင့်အချစ်ကိုသာ လက်မခံမိခဲ့လျှင် ယခုလို သံယောဇဉ် အမျှင်တန်းရသည့် အဖြစ်မျိုး၊ စိတ်နှလုံးညှစ်နွမ်း ပင်ပန်းရသည့် အဖြစ်မျိုးကို ကြုံရမည် မဟုတ်။ မိခင်မေတ္တာငတ်မွတ်သော ညီမငယ်များကို ကြင်နာ ယုယမည့် ရင့်ကျက်သော မိန်းမကြီးတစ်ယောက် အနေဖြင့် ဤမြေ ရရ ပြန်လာနိုင်ခဲ့မည်ပင်။ ယခုတော့ တိမ်တိုက်ဖြူဖြူကြားတွင်ပင် မောင့် မျက်နှာကို မြင်ယောင်ရင်း မျက်ဝန်းတစ်ဝိုက်ကို လက်ကိုင်ပဝါဖြင့် တို့သုတ် နေရသည်အထိ နွယ့်စိတ်က မတည်မငြိမ်ဖြစ်ခဲ့ရသည်။

မေမေသာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် လူ့ဘဝကို စွန့်ခွာမသွားဘူး ဆိုလျှင်၊ ဇနီးတစ်ယောက်ကို အသွေးစင်မှန်းတစ်ယောက်လို တစ်မိသားချင်း လို မြတ်နိုးကြင်နာတတ်သော ဖေဖေ့ကို ဥမမယ် စာမမြောက်သေးသော သမီးငယ်များနှင့် ပစ်မထားခဲ့ဘူးဆိုလျှင် နွယ့်ဘဝသည်လည်း တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့မည်သာ။ တကယ်တော့ နွယ်သည်လည်း အသက် နှစ်ဆယ်ရွယ် မိန်းမငယ်တစ်ယောက်မျှသာပင်။ အစိုးရအလုပ်လုပ်သော ဖေဖေ ပြောင်းရွှေ့ ရာသို့ တကောက်ကောက်လိုက်ရင်း ကျောင်းနေခဲ့ရသည်။ အသက် ၁၉ နှစ်လောက်မှ ဆယ်တန်းဖြေရန် တာစူရသည်။ ဆယ်တန်းဆိုတော့လည်း အရေးကြီးပြီဟု ယူဆကာ ဖေဖေနှင့် မေမေက ရန်ကုန်သို့ ပို့ပေးသည်။ ငယ်ရွယ်ပျိုမျစ်သော ရွယ်တူမိန်းမငယ်များနှင့် လွတ်လပ်ပျော်ရွှင်စွာ နေရသော ဘဝကို နွယ် နှစ်သက်ခုံမင်မိ၏။

မိန်းကလေးတွေချည်း စုဝေးနေထိုင်ရသည်မို့ လွတ်လွတ်လပ်လပ် နေကြသည်။ မွှင့်မွှင့်လင်းလင်း ပြောကြ၏။ စပ်စပ်စုစုလည်းရှိကြ၏။ မိန်းကလေးအချင်းချင်း အကြောင်းကို အတင်းပြောချင်သည်။ ယောကျ်ား ကလေးတွေ အကြောင်းကိုလည်း တီးတိုးဝေဖန်ချင်သည်။ တစ်ယောက်ကို တစ်ယောက် သမုတ်ရသည်ကိုလည်း နှစ်သက်သည်။ ထေ့ကြ ငေါ်ကြ၊ ပေးစားကြ၊ စိတ်ဆိုးဟန် ဆောင်ကြရသည်ကိုလည်း ပျော်ရွှင်ကြ၏။

နွယ်တို့ အသိုင်းအဝိုင်းထဲကို မောင် ရောက်လာရသည်မှာ ဖြူမကြောင့်ဟု ဆိုရမည်။ ဖြူမသည် အတော်ကို စပ်စပ်စုစုနိုင်သော မိန်းကလေးဖြစ်၏။ တက္ကသိုလ်က ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော်မှန်သမျှ ဖြူမ မိတ်ဆက်ပြီးပြီ၊ ဓာတ်ပုံရိုက်ပြီးပြီ၊ ပြန်စာရပြီးပြီ၊ အနည်းဆုံး ဖုန်းနှင့် စကားပြောပြီးပြီ။ နွယ် မောင့်ကို စတင်စိတ်ဝင်စားသည့်အချိန်တွင် ဖြူမက မောင့်ကို သိနှင့်နေပြီ။ သည်အတွက်တော့ နွယ် အနည်းငယ် အောင့်သက်သက် ဖြစ်မိသေး၏။ သို့သော် ဖြူမကြောင့် နွယ်နှင့်မောင် ရင်းနှီးခွင့် ရခဲ့ကြရသည်။ ဖြူမကိုပင် ကျေးဇူးတင်ရပြန်သည်။

နွယ်သည် တစ်ပတ်တစ်ခါ အဆောင်မှ အိမ်သို့ ပြန်လည်တတ်၏။ အိမ်ဆိုသော်လည်း နွယ့်အိမ် မဟုတ်။ နွယ့်မေမေ၏ အစ်မ ကြီးကြီးမြတို့အိမ် ဖြစ်သည်။ ရန်ကုန်တွင်တော့ ကြီးကြီးမြတို့အိမ်သည် နွယ့်အိမ်ပင် ဖြစ်တော့သည်။ ကျောင်းပိတ်ရက် အပြင်ထွက်အိပ်နိုင်သည့် အိမ်အဖြစ် ကြီးကြီးမြတို့အိမ် လိပ်စာကို ပေးထားရသည်။

ကြီးကြီးမြတို့အိမ်ရောက်လျှင် နေ့စဉ် စာကျက်ရသည့်အလုပ်ကို ပစ်ကာ စိတ်လွတ်ကိုယ်လွတ်နေလိုက်၏။ ခေါင်းလျှော်သည်။ ကြီးကြီးမြ အမြတ်တနိုးဝှက်ထားသော ရွှေဘိုသနပ်ခါးကိုစိုးကာ ခြေဆုံးခေါင်းဆုံး လိမ်းသည်။ ပြီးလျှင် သီးသန့်ဧည့်ခန်းမှ ကြိမ်ကုလားထိုင်ရှည်တွင် လှဲကာ ကက်ဆက်ဖွင့်၍ သီချင်းနားထောင်သည်။ ကြီးကြီးမြ အားသည့်ရက်နှင့် ကြုံလျှင် တနင်္ဂနွေ စပါယ်ရှယ် အုန်းနို့ခေါက်ဆွဲဖြစ်စေ၊ လက်သုပ်စုံဖြစ်စေ စားရတတ်သေးသည်။

ကြီးကြီးမြ၏ သားကြီး ကိုကိုကြည်သည် သီချင်း အလွန် ဝါသနာပါ၏။ ခေတ်ပေါ် စတီရီယိုတေး၊ ခေတ်ဟောင်းတေး၊ ကာလပေါ်တေးမှန်သမျှ မလွတ်တမ်းစုဆောင်းထား၏။ နွယ်ကတော့ တစ်ပတ်တစ်ခါ ကိုကိုကြည် သွင်းထားသည့် စတီရီယိုသီချင်းသစ်များကိုသာ ကောက်၍ဖွင့်ကာ နားထောင်

www.burmeseclassic.com



တတ်သည်။ ထို့ကြောင့်လည်း မောင့်အသံကို နွယ် ဦးဦးဖျားဖျား နားဆင်ခဲ့ရသည်။

'စနေနေ့ကမှ ဆိုင်ပေါ်ရောက်တဲ့ သီချင်းအသစ်ကွ မိနွယ်ရ၊ အဆိုတော်ကလဲ အသစ်၊ ကျော်ဝဏ္ဏတဲ့၊ မဆိုးဘူး'

နွယ်က ဒီ ၄၀ တိတ်ခွေအသစ်ကလေးကို ကိုင်ကြည့်နေစဉ် ကိုကိုကြည်က ပြောပြ၏။ နွယ့်လက်ကလေးက တိတ်ခွေကို ကက်ဆက်ထဲ ထည့်ပြီး ခလုတ်နှိပ်ထားခဲ့ကာ ကြီးကြီးမြ ပြင်ဆင်နေသည့် တော်ဖီဝိုင်းသို့ ထလာခဲ့မိသည်။ ကျော်ဝဏ္ဏ၏ တေးသံက နွယ့်နောက်မှ လိုက်လာခဲ့သည်။ ပြီးတော့ အစားမက်သော နွယ့်ကို စားလက်စ မုန့်တစ်ဝက်ကိုကိုင်ကာ ကက်ဆက်နားကို ပြန်လှည့်လာစေခဲ့သည်။

'ကောင်းတယ်နော် ကိုကိုကြည်၊ လွမ်းသံလေးပဲ၊ နွယ်တော့ အဲဒီလို အသံအေးအေးလေးတွေကို ကြိုက်တယ်၊ စိုးပိုင်လို အလွမ်းသမားလေးလား မသိဘူး'

နွယ်သည် ကက်ဆက်နားမှမခွာတော့။ သီချင်း ၁၃ ပုဒ်ကို အဆုံးမှ အစသို့ ပြန် ပြန် ရစ်ကာ ထပ်တလဲလဲနားထောင်၏။ ကြီးကြီးမြသာ ခွင့်ပြုမည်ဆိုလျှင် ကက်ဆက်ကို အခန်းဆောင်သို့ ပွေ့ မ သွားချင်သည်။ သူ့သူငယ်ချင်းများကိုလည်း နားထောင်စေချင်သည်။ အဆိုတော်ကောင်း တစ်ယောက်ကို ပထမဆုံး နားထောင်ခဲ့ရသူအဖြစ် ကြွားချင်သေးသည်။ အသစ်မှန်သမျှ သူချည်း အရင်သိနှင့်နေတတ်သော ဖြူမကိုလည်း ဒီတစ်ခါ အနိုင်ရတော့မည်။

သို့သော် ဖြူမကို နွယ် မနိုင်နိုင်ပါချေ။

'အဲဒီ ကျော်ဝဏ္ဏက ဒုတိယမှူးကြီး ထွန်းအောင်ကျော်ရဲ့သားပေါ့၊ ဖြူမတို့ အစ်ကိုရဲ့ သူငယ်ချင်းလေ၊ အရင်တစ်ခါ ဖြူမတို့ မြို့နယ်အသင်း ပျော်ပွဲစားထွက်တော့ အစ်ကို တိုက်တွန်းလို့ သီချင်းတစ်ပုဒ်ဆိုပြတယ်၊

www.burmeseclassic.com



သိပ်ကောင်းတာပဲ။ အစ်ကိုကတောင် အဆိုတော်လုပ်ဖို့ တိုက်တွန်းနေသေးတယ်'

သည်တစ်ခါလည်း ဖြူမက အပြတ်ကြော်သွားပြန်သည်။ ပြီးတော့ ပြောလိုက်သေးသည်။

'ရုပ်ကလဲ သားနားတယ်ဆရာ၊ နွယ်မြင့်ရင် ကြိုက်မှာသေချာတယ်၊ ဖြူ တောင်မှ ကြိုက်ချင်ချင်၊ ဒါပေမဲ့ သူက ဖြူမကို ကလေးလို ဆက်ဆံတယ်၊ သိပ်မုန်းတာပဲ၊ ဖြူမဆိုတာ ကြောင်လေးနာမည်လားတဲ့'

ဖြူမ စကားကြောင့် နွယ် ရင်သည် မကြိုစဖူး ခုန်၍သွားသည်။ ဖြူမကလည်း ကြိုက်ချင်ချင်ဆို၍ မလိုလားသလိုလည်း ဖြစ်မိရသေးသည်။ ဖြူမကို ဟိုက စိတ်ဝင်စားဟန် မတူ၍လည်း ဝမ်းသာရသေးသည်။ နွယ့်ရင်သည် ခံစားမှုမျိုးစုံဖြင့် တလှပ်လှပ်ဖြစ်၍ လာလေသည်။

'နွယ် သိချင်ရင် ဒီတစ်ခါ အစ်ကိုလာတဲ့အခါ ကိုကျော်ဝဏ္ဏကို ခေါ်ခဲ့ပါလို့ အစ်ကို့ကို ပြောလိုက်မယ်လေ'

'အို မပြောပါနဲ့ဟာယ်၊ သိချင်ပါဘူး'

သည်တစ်ခါ ဘာကြောင့်များ ဟန်ဆောင်နေမိပါလိမ့်ဟု နွယ့်ကိုယ် နွယ်ပင် နားမလည်တော့။ ခါတိုင်းလည်း သည်သို့ပင် နောက်နေ ပြောင်နေ၊ ပြောနေ ဆိုနေကျ။ ယောကျ်ားလေးတစ်ယောက်ကို သူ့လူကိုယ်လူ လိုရာဆွဲကာ အရှက်အကြောက်မရှိ ကျီစယ်နေကျ။ ယခုမှ နွယ့်စိတ်က မရိုးမသား ဖြစ်နေမိသည်။

ဖြူမ ဘယ်အချိန်က ဆက်ဆော့လိုက်သည် မသိ။ နောက်တစ်ခါ ဖြူမတို့အစ်ကို အဆောင်ကိုလာလည်တော့ မောင် ပါ၍လာလေသည်။ ဖြူမတို့ စကားပြောနေစဉ် တိုက်တိုက်ဆိုင်ဆိုင် နွယ်ကလည်း ဧည့်ခန်းဘက်သို့ ထွက်ခဲ့မိသည်။

'နွယ်ရေ ခဏ'

www.burmeseclassic.com



နှယ့်စိတ်က အထင့်တော့ အထင့်လိုက်မိသား။ အနားရောက်မှ ဖြူမ အစ်ကိုအပြင် အခြား လူစိမ်းတစ်ယောက်ကို မြင်လိုက်၍ ပြန်လှည့်မည် ကြံသေးသည်။ သို့သော် သုံးယောက်လုံးက နှယ့်ဘက်ကို ကြည့်နေကြ၍ နောက်ကြောင်းပြန်လှည့်၍ မကောင်းတတ်တော့။ ဖြူမ အနားတွင် နှယ်က ရှက်စွံ့စွာ ရပ်လိုက်မိသည်။

'ဒါ ဖြူမသူငယ်ချင်း နှယ်လေ၊ နှယ်နှယ်ဗို၊ အစ်ကိုကျော့ကို နှယ်က သိချင်နေတာ၊ အစ်ကို့ သီချင်းတွေ ကောင်းလွန်းလို့တဲ့'

ဖြူမက နှယ့်မျက်နှာကို မကြည့်ဘဲ ဒိုးဒိုးပေါက်ပေါက် ပြောချလိုက်၍ နှယ့်မှာ မျက်နှာမထားတတ်အောင် ဖြစ်မိရပြန်သည်။ မိန်းကလေးက စတင်သိချင်သည်။ မိတ်ဆွဲသည်ကိုလည်း အထင်သေးသွားမည်ကို စိုးရိမ်ပြန်၏။ သို့သော် မောင့်အပြုံးက ဖော်ရွေ၍ ပွင့်လင်းလှသည်။ နှယ့် ကိုလည်း လေးလေးစားစား အသိအမှတ်ပြုလေသည်။

'မနှယ်တို့က ဘယ်မြို့ကလဲ'

'အခုတော့ ဖေဖေက တာဝန်အရ မြိတ်မှာနေရပါတယ်၊ နှယ်တို့ ကတော့ မန္တလေးကပါ'

'ဟုတ်လား၊ အညာသူလေးပေါ့'

လေးယောက်စကားဝိုင်းသည် စိုစိုပြည်ပြည်ဖြစ်၍ လာလေသည်။ ထိုနေ့မှစ၍ နှယ်နှင့် မောင်တို့၏ ရင်းနှီးမှုသည်လည်း အစပျိုးခဲ့ရသည်။ ပြီးတော့လည်း လူငယ်တို့ သဘာဝအတိုင်း နှယ်နှင့် မောင် ချစ်ခဲ့မိကြလေ သည်။

နှယ့်ဘဝတွင် ဖေဖေ၊ မေမေ၊ ညီမငယ်တို့အပြင် ချစ်ရမည့် 'မောင်' တစ်ယောက် တိုး၍လာခဲ့သည်။ သည်နှစ် စာမေးပွဲအောင်လျှင် တက္ကသိုလ် နယ်မြေတွင် မောင်နှင့် လွတ်လွတ်လပ်လပ် တွဲနိုင် လျှောက်နိုင်မည်။ မောင်သည် တတိယနှစ် ဝိဇ္ဇာတန်းသားတစ်ဦးဖြစ်သည်။ မောင် ဘွဲ့ရလျှင် အလုပ်ရှာရင်း နှယ့်ကို စောင့်မည်။ မောင်က ဝါသနာအရ သီချင်းဆိုရပေမယ့် အသက်မွေး

www.burmeseclassic.com



ဝမ်းကျောင်းပြန်ရန်တော့ မရည်ရွယ်။ မောင်နှင့် နွယ်သည် အနာဂတ်ကို တွေး၍ ပျော်နေကြလေသည်။

\+ \+ \+

ကျောင်းပိတ်ရက်ကို သိပ်မုန်းတယ်ဆိုတဲ့ မောင်ရယ်၊ နွယ့်အတွက် ကျောင်းဟာ ဘယ်တော့မှ ပြန်မဖွင့်တော့ဘူးဆိုတာကိုများ သိခဲ့ရင် ဘယ်လောက် ဝမ်းနည်းခဲ့ကြရမလဲနော်။

ပင်လယ်ပြင်သည် စိမ်း၍ နေလေသည်။ အဝေးအရပ်ကြည့်လျှင် လှိုင်းတွန့်လေးများသည် ငါးအကြေးခွံသဖွယ် အထပ်ထပ်ဖြစ်၍နေသည်ကို တွေ့ရသည်။ ကောင်းကင်ပြင်နှင့် ရေပြင်တို့ ထိစပ်ရာသည် ဆေးလွန်းသဖြင့် ပြတ်ပြတ်သားသား မမြင်ရ။ မိုးနှင့် ရေပြင်သည် ရောထွေးယှက်တင်နေသည်။ တိမ်တိုက်များအပေါ် ဖြတ်သန်းရသည့်အခါ လေယာဉ်သည် သိမ့်ခါ၍ သွားလေသည်။

ယခင်တစ်ခါ ခွဲလာစဉ်ကတော့ ဆွေရှာခွဲခွာရခြင်းဟူသော ခံစားမှု စိတ်ဖြင့် မျက်ရည်စကို သိမ်းနိုင်ခဲ့သည်။ ဖေဖေ၊ မေမေနှင့် ညီမငယ်များကို တွေ့ရမည့်အရေးသည် မောင့်ကိုလွမ်းသည့်စိတ်ကို ချေဖျက်နိုင်စွမ်း ရှိခဲ့လေသည်။ ယခုတော့ ရှေ့ကိုလည်း မဆက်ချင်၊ နောက်ကိုလည်း မဆုတ်ချင်၊ ဖြစ်နိုင်လျှင် ကောင်းကင်တွင် မနားတမ်း ဝဲနေလိုက်ချင်သည်။ ကြမ္မာဆိုးသည်ကား ငယ်ရွယ်သူရယ်လို့ ချမ်းသာခွင့် မပေးခဲ့။ နွယ့်အတွက်တော့ အဖျားတကာထက် မိုးသည်သာ ကံအဆိုးဆုံးဟု တရားမသိ ရှာ လိုရာဆွဲ၍ တွေးခဲ့မိသည်။

စဉ်းစားလေလေ ခြေရာမရှိလေလေ။ မေမေသည် လှပနုပျိုဆဲ၊ အရွယ်တင်ဆဲ၊ သမီးတွေနှင့် ရောထိုင်နေလျှင် ညီအစ်မတစ်တွေရှည်းလားဟု ထင်ရလောက်အောင် နုနယ်ဆဲ။ မေမေ့တွင် ရောဂါ ထူးထူးထွေထွေ မရှိ။

www.burmeseclassic.com



တစ်ခါတစ်ရံ မောတတ်တာလေးပဲ ဆိုစရာရှိသည်။ ထိုနေ့ကတော့ မေမေက 'ရင်ဘတ်ထဲက အောင့်လိုက်တာ' ဟု ပြောကာ အခန်းထဲဝင်သွားသည်။ ခဏအကြာ နွယ် ဝင်ကြည့်တော့လည်း မေမေအိပ်နေသည်ကိုပင် တွေ့ရသေးသည်။ နောက်တစ်ခေါက် ညီမထွေးလေး သုဇာဝိ ဝင်သွားသည်တွင်မှ မေမေ့ဖြစ်အင်ကို ရင်နင့်စွာနွယ် တွေ့ကြရသည်။ မေမေသည် ဝေဒနာကို ပြင်းပြစွာ ခံစားနေရဟန်ဖြင့် မိန်းမောစွဲနေလေသည်။ မေမေ့ကို ဆေးရုံ ခေါ်သွားချိန်တွင် သတိပင်ကောင်းကောင်း မရတော့။ လူနာတင်ယာဉ်ပေါ် အရောက်တွင် မေမေ့မျက်နှာသည် ဝေဒနာခံစားရမှုဒဏ်မှ ကင်းလွတ်သွားဟန်ဖြင့် ငြိမ်သက်၍ နေလေသည်။ မေမေသည် အမှာစကား တစ်ခွန်းမျှပင် မပြောခဲ့၊ ဝေဒနာတစ်ခုကိုမျှ ပြောပြမသွားနိုင်ရှာဘဲ နွယ်တို့ အားလုံးကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ စွန့်ခွာ၍ သွားလေသည်။

နွယ်တို့ ညီအစ်မတစ်တွေ၏ အဖြစ်ကို တစ်မြို့လုံးကပင် စုတ်တသတ်သတ်ဖြင့် ရင်ထုမနာဖြစ်ကြရသည်။ မေမေ့ဈာပနသည် စည်ကား သိုက်မြိုက်လှပေ၏။ မေမေ့အပေါ် ချစ်ကြ၊ ကရုဏာသက်ကြသူတွေကို မေမေ မြင်စေချင်လှသည်။ သမီးတွေ၏ ဖြစ်အင်ကိုတော့ မေမေ မြင်ရက်မည် မထင်။ ညီမငယ် သုဇာဝိသည် မေမေ့ အလောင်းကို မလွှတ်တမ်း ဖက်တွယ်ထားသည်။ သူ့လက်အစုံကို မေမေ့ရုပ်ကလာပ်မှ ဆွဲခွာလိုက်သည်နှင့် တစ်ပြိုင်နက် ပုံလျက်သား မေ့၍ ကျသွားလေသည်။

ချစ်စနိုးတစ်ယောက်ကို ဆုံးရှုံးရသည့်ဝေဒနာ၊ သမီးငယ်တို့၏ တွယ်ရာမဲ့အဖြစ်ကို မမြင်ရက် မရှုရက်သည့် သောကတို့ဖြင့် ဖေဖေ့ ရုပ်သွင်သည် တစ်လအတွင်းမှာပင် အလွန်အမင်း အိုစာ၍ သွားခဲ့လေသည်။ အိမ်ရှင်မတစ်ယောက် ပျောက်သွားသော နွယ်တို့၏ အိမ်ကလေးသည် နေ့ချင်းညချင်း ကန္တာရလွင်ပြင်ကြီးပမာ ခန်းခြောက်၍ အဓိပ္ပာယ်ကင်းမဲ့ သွားခဲ့လေသည်။

www.burmeseclassic.com



နွယ့်အဖြစ်ကို မောင် မြင်နိုင်စွမ်း မရှိခဲ့။ မောင်သာ နွယ့်အနားတွင် ရှိနေခဲ့လျှင် နွယ့် ဒုက္ခသည် မောင့် ဒုက္ခသဖွယ် ဖြစ်ချိမ့်မည်။ နွယ့် သောကသည် မောင့်သောကပင် ဖြစ်ချိမ့်မည်။ ယခုတော့ မောင်သည် ဖြေသိမ့်စာလေးတွေ စေလွှတ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်။ နွယ် ပြန်လာနိုင်မည့် အချိန်ကိုသာ မောင် စောင့်နေသည်။ နွယ့် နဖူးဆံစလေးများကို အသာအယာ သပ်တင်၍ တသိမ့်သိမ့် ငိုရှိုက်နေမည့် နွယ့် ကျောပြင်လေးကို တယုတယ ပွတ်သပ်ချော့မြှူနိုင်ရန် ရင်ကိုဖွင့်၍ ကြိုလင့်နေခဲ့လေသည်။

နွယ် ပြန်တော့ ပြန်လာခဲ့ပါသည်။ သို့သော် မောင့်ကို နှုတ်ဆက်ရန် ပြန်လာခဲ့ခြင်းသာ။

'နွယ် ဆုံးဖြတ်လိုက်ပြီ မောင်၊ မေမေ့နားမှာပဲ နွယ် နေတော့မယ်၊ မေမေ့ကို ပြုစုမယ့်သူ၊ ညီမလေးတွေကို ထိန်းသိမ်းမယ့်သူ မရှိလို့မဖြစ်ဘူး၊ ဒီတာဝန်ကို နွယ်ပဲ ယူရတော့မှာပဲ'

'နွယ် ကျောင်းဆက်မနေတော့ဘူးလား'

'ညီမလေးတွေဟာ ငယ်သေးတယ် မောင်၊ သူတို့ ပညာရေးအတွက် နွယ့် ပညာရေးကို စွန့်လွှတ်ရမှာပဲ၊ နွယ်က အကြီးဆုံး'

မောင် ထင်ထားသည်ထက် နွယ့် အသွင်က တည်ငြိမ်နေသည်။ နွယ်သည် မျှော်လင့်သလိုဖြစ်မလာသော ဘဝကို ဖြစ်သလိုရင်ဆိုင်ရန် အသင့်အနေအထားတွင် ရှိနေလေသည်။

'နွယ့်ကို မောင် ဘယ်တော့ လက်ထပ်ရမှာလဲ'

'ဒီလိုမေးတဲ့အတွက် ဝမ်းလဲသာ၊ ကျေးဇူးလဲတင်ပါတယ် မောင်ရယ်၊ နွယ့်ကို မောင် လက်ထပ်ချင်တဲ့ဆန္ဒရှိတာကို ဝမ်းသာပါတယ်၊ ဒါပေမဲ့ မောင် နွယ့်ကို စောင့်နိုင်ပါ့မလား'

'ဘယ်လောက်ကြာအောင် စောင့်ရမှာလဲနွယ်'

'နွယ့်အောက်က ညီမလေး ဆွေဆွေရီ ဘွဲ့ရတဲ့အထိပေါ့'

'မောင် စောင့်ပါမယ် အချစ်ရယ်'

www.burmeseclassic.com



ဘဝကိုရင်ဆိုင်ရန် အားတင်းထားသော နွယ်သည် မောင့်ထံမှ နှစ်သိမ့်စကားကို ကြားရမှ ဝမ်းပန်းတနည်း ငိုရှိုက်မိလေသည်။ သည်တော့မှလည်း နွယ့် ရင်ထဲမှ ပြင်းထန်သော ဝေဒနာသည် ပေါ့ပါး၍ သွားလေသည်။

\+ \+ \+

စိမ်းမြသော ပင်လယ်ပြင်ကြီးအတွင်း ကျွန်းစု၊ ကျွန်းငယ်များကို စတင်မြင်တွေ့ရလျှင်ပင် မြိတ်မြို့ကို ရောက်တော့မည်ဟု သတိပြန်ဝင်လာရသည်။ ရေပတ်လည်ဝိုင်းနေသော သည်မြို့လေးသို့ မေမေ့ အလုပ်တာဝန်အရ ပြောင်းလာရသည်မှာ သုံးနှစ်ခန့်ရှိပြီ။ သည်ကျွန်းမြေပေါ်တွင် မေမေ့ အလောင်းကို မြှုပ်နှံထားခဲ့ရတော့မှာလားဟူသော အသိကြောင့် နွယ့် ရင်မှာ နာရပြန်သည်။

လေယာဉ်ပေါ်မှ ဆင်းလျှင်ပင် ညီမငယ်သူဇာခိုင်ကို လေဆိပ်ဆောင်တွင် ရပ်လျက်သား တွေ့ရသည်။ မောင်နှင့် ခွဲရ၍ သောကရောက်ခဲ့ရသော နွယ်သည် ညီမငယ်၏ ရုပ်သွင်ကို မြင်ရတော့ မေတ္တာ ကရုဏာစိတ်ဖြင့် အေးချမ်း၍ သွားရပြန်သည်။ ညီမငယ်သည် အငယ်ဆုံးဖြစ်၍ အသက် ကိုးနှစ်သာ ရှိသေးသည်။ လောက၏ ဒုက္ခ သုခကို ဘာမျှ ခွဲခွဲခြားခြား မသိသေး။ မေမေဆုံးစဉ်က သူများတွေ ငိုကြ ရယ်ကြသော်လည်း သူ မငို။ အဆော့မပျက်၊ အစားမပျက်၊ မျက်နှာမညိုး။ သို့သော် သူ့ကို ယုယ ပိုက်ထွေးပြုစုမည့်သူ မရှိတော့မှန်း သိလာသည့်အခါမှ မိခင်မေတ္တာကို တမ်းတသည့် စိတ်ဝေဒနာဖြင့် တစ်နေ့တခြား ညှိုးနွမ်းအားငယ်၍ လာလေသည်။ ယခုတော့ မေမေ့ကိုယ်စား နွယ်ကပင် ယုယ ပိုက်ထွေးရပေတော့မည်။

နွယ့်အပြန်ကို ကြိုဆိုရသည်ဖြစ်သည့်တိုင် ဖေဖေ့ မျက်နှာက ရွှင်ရွှင်ပျပျ မရှိ။ သူ့ သမီးကြီးသည် သူ့အခွင့်အရေးဖြစ်သော ပညာရေးနှင့် ဘဝရေရှည်ရေးကိုပါ စွန့်လွှတ်ကာ မိခင်၏တာဝန်ကို ထမ်းဆောင်ရန် ပြန်လာခဲ့ရှာပါလားဟူသော အသိက သူ့ရင်ကို နာစေသည်။

www.burmeseclassic.com



ခေသာ့ခတ်ထားသော အိမ်တံခါးကို ဖွင့်ဝင်ရခြင်းကိုက သူတို့တွင် အိမ်ကျက်သရေကိုဆောင်၍ ပြင်ပမှ ပြန်လာသူများအဖို့ အမောပြေ ဆီးကြိုသည့် မိခင်တစ်ယောက် မရှိတော့ပါလားဟူသော အသိကို အမှတ်ထင်ထင် ဖြစ်စေသည်။ ယနေ့မှစ၍ ခြောက်ခန်း၍ သာယာမှုကင်းမဲ့နေသော အိမ်ကြီးကို အသစ်တစ်ဖန် ပြန်လည်၍ အသက်သွင်းရပေတော့မည်ဟု နွယ့် စိတ်က တီးတိုးရေရွတ်နေလိုက်မိသည်။

နွယ့်အတွက် မရမ်းဖြူ သော်ဒါဆောင်သည်လည်းကောင်း၊ မောင်သည်လည်းကောင်း အားခဲမျှော်လင့်ထားသည့် တက္ကသိုလ်နယ်မြေသည်လည်းကောင်း နွယ် လှည့်ကျင်းနေသည့် တံမြက်စည်းအောက်မှ အမှိုက်သရိုက်များနှင့်အတူ လွင့်ပါးပျောက်ကွယ်၍ သွားကြကုန်လေသည်။

\+ \+ \+

နံနက် အိပ်ရာထမှစ၍ ညအိပ်ရာဝင်ချိန်အထိ နွယ့် ဩဇာသံသည် တစ်အိမ်လုံးကို လွှမ်းခြုံ၍ ထားလေသည်။

'သူဇာ၊ ထမင်းစားရင် ဖေဖေ့ ပေါင်ပေါ် တက်မစားရဘူးလို့ ပြောထားတယ် မဟုတ်လား၊ ခု ဆင်း'

အစ်မကြီး၏ တင်းမာသော မျက်နှာထားကြောင့် သူဇာစိုးသည် ဖေဖေ့ပေါင်ပေါ်တွင် ရှုံ့ရှုံ့ရှုံ့ ထိုင်နေရာမှ ဆင်းသွားလေသည်။ နွယ့်စိတ်က ညီမငယ်ကို သနားသွား၏။ သို့သော် မျက်နှာထားကိုမူ မပြင်မိ။ ငယ်စဉ်ကပင် စည်းကမ်းရှိဖို့၊ စားသောက်ရာတွင် အဆင့်အတန်းမြင့်ဖို့၊ သန့်ရှင်းဖို့လိုသည် မဟုတ်လား။ မေမေ ရှိစဉ်ကတည်းက သန့်သန့်ရှင်းရှင်း သေသေသပ်သပ် နေတတ် စားတတ်ရန် ဆုံးမခဲ့သည်။ မေမေမရှိမှ ဖရိုဖရဲ ဖြစ်ရသည့် အဖြစ်မျိုး မရောက်စေချင်။

'စာကျက်တဲ့အချိန်မှာ စကား မပြောရဘူး'

www.burmeseclassic.com



ဆွေဆွေနှင့် သန္တာသည် တီးတိုးရယ်မောနေရာမှ အခန်းဝမှ လှမ်းအော်လိုက်သော နွယ့် အသံကြောင့် ခေါင်းလေးများ ငုံ့သွားကြလေသည်။

နွယ် ပြန်ရောက်လာကတည်းက နေရထိုင်ရသည်မှာ ကျဉ်းကျပ်လှသည်ဟု ဆွေဆွေ့စိတ်က တွေးမိသည်။ ဆွေဆွေနှင့် နွယ်သည် နှစ်နှစ်ခန့်သာ ကွာသည်။ ဆွေဆွေသည် မေမေ့အလှကို မီသူဖြစ်၏။ ညီမတစ်တွေတွင် ဆွေဆွေ အလှဆုံးဟု မြင်ဖူးသူတိုင်းက ချီးမွမ်းကြသည်။ မေမေ မရှိကတည်းက မီးဖိုချောင်ဝင်၍ မေမေ့တာဝန်ကို ဆက်ယူနေရသူ ဖြစ်သည်။ သို့သော် အစ်မကြီးနွယ်၏ အဆူအငေါက်မှ မည်သည့်အခါမှ မလွတ်။ သည်အတွက်တော့ နွယ် အနိုင်ယူလွန်းသည်ဟု ထင်မိသည်။ နွယ် ချေးဝယ်လာသော ဟင်းချက်စရာများကို ဆွေဆွေက ညီမငယ်များ၏ အကူအညီဖြင့် စီမံချက်ပြုတ်သည်။ ဟင်းချက်ရာတွင် အမှားအယွင်းရှိလျှင်သော်လည်းကောင်း၊ ထမင်းပျော့သွား မာသွားလျှင်သော်လည်းကောင်း နွယ်က စိတ်မထင်လျှင် မထင်သလို ရိုက်တတ် ပုတ်တတ်သည်။ သည် အတွက်တော့ မေမေကလည်း နွယ့်ကို ပြောပေါင်းများပြီ။ မရ။

တကယ်တော့ နွယ့် ခေါင်းထဲမှာ စိုးရိမ်ပူပန်စိတ်၊ သောကစိတ်တို့ ဖိစီးဆူဝေ၍ နေလေသည်။

သည်ခေတ်ထဲမှာ ရုံးစာရေးတစ်ဦးဖြစ်သူ ဖေဖေ့ဝင်ငွေ ၅၀၀ မျှနှင့် မလောက်မငနိုင်သည်ကို ပြောဖို့ပင် လိုမည်မထင်။ သည်တော့လည်း နွယ့်မှာ မိန်းကလေးတန်မဲ့ ကြံရ ဖန်ရသည်။ ရှာရ ဖွေရသည်။ မေမေ စုဆောင်းထားခဲ့သော ငွေလေးကို အရင်းအနှီးပြုကာ ရောင်းတတ် ဝယ် တတ်သူများကို ချေးငှားခြင်းဖြင့် တစ်ဖက်တစ်လမ်း ဝင်ငွေလေးရနေသည်။ သည်သို့ ရရန် လူအများနှင့် သင့်မြတ်အောင် ပေါင်းရ သင်းရသည်။ ပေးသင့်သူကို ပေးရသည်။ တောင်းသင့်သူကို တောင်းရသည်။ အပေးအကမ်းလည်း ရက်ရောမှ၊ အတောင်းအရမ်းလည်း ချက်ချာမှ။ နွယ့်ခေါင်းထဲတွင် တစ်လတစ်လ

www.burmeseclassic.com



အသုံးစရိတ်လောက်အောင် ရှာရသည့်အရေးသာ ပြည့်နှက် ၍ နေသည်။ သည်ကြားထဲမှ ညီမငယ်တို့၏ မသိတတ်ပုံ အရိုးမကျိုးပုံ လေးများကို မြင်ရလျှင် နွယ့်စိတ်က ကရုဏာဒေါသဖြင့် ပေါက်ကွဲ၍ သွားတတ်လေသည်။

"ဆန်ဈေးဟာ ဒီလောက်ပဲ ဖိတ်ရ စဉ်ရသလား မိသန္တာ၊ ရှာရတဲ့ အစ်မကို နွားအောက်မေ့နေရသလားဟင်"

သန္တာဇိုသည် ဆန်စေ့ကလေးများကို လက်တလေးဖြင့် လိုက်၍ ရှုရှုံး မျက်ရည်ဝဲလာလေသည်။ သူမှီလို့ပြောလိုက်ရင် မညှာမတာ၊ မေမေသာ ရှိလျှင် သည်မျှဆူမည် မဟုတ်ဟုလည်း တွေးလိုက်မိသည်။

ယခုတော့ နွယ့် အပြုအမူအားလုံးသည် ကြမ်းတမ်းခက်ထန်၍ နေလေပြီ။ နွယ့် မေတ္တာမှန်သမျှသည် ညီမငယ်တို့အတွက် ဝေဒနာဖြစ်၍ နေလေပြီ။ သို့သော် နွယ်ကား သူ့အဖြစ်ကို သူ မသိရှာ။

နွယ့်တွင် ညီမငယ်တို့ကို လူတန်းစေ့နေစေလိုသည့် စိတ်၊ မပူမပင် မကြောင့်မကြ ပညာသင်စေလိုသည့် မေတ္တာ၊ မိမိသာ အနစ်နာခံလိုသည့် မေတ္တာတို့ဖြင့် ပြည့်လျှမ်း၍နေသည်။ အထူးသဖြင့် ရွှေရွှေ့အတွက် အစိုးရိမ်ဆုံး။ ရွှေရွှေသည် လှလည်းလှ၍ သဘောလည်းကောင်းသည်။ လှ၍သဘောကောင်းသော မိန်းမငယ်တို့အတွက် အန္တရာယ်က များလှသည် မဟုတ်လား။ မိခင်မဲ့သော မိန်းမသားတို့၏ လုံခြုံမှုကို ကာကွယ်ရမည် တာဝန်မှာ လေးလှသည်မဟုတ်။

"ဘာမဆို ငါ့ကို မှင့်မှင့်လင်းလင်းတိုင်ပင်နော် မိရွှေ၊ မြို့စိစိတော့ လုပ်မနေနဲ့၊ မဟုတ်တာလုပ် လုပ်မယ်မကြံနဲ့၊ ငါသိရင်တော့ အသေပဲ"

နွယ့်ကိုတော့ ညီမငယ်များက ကြောက်လည်း ကြောက်ကြသည်။ သို့သော် နွယ့်ရင်ထဲက မေတ္တာကိုမူအပြည့်အဝ နားမလည်နိုင်ကြ။ ငယ်ရွယ်သူများပီပီ နေရာတကာ လွှမ်းမိုးချုပ်ကိုင်မှုကို မလိုလားချင်။

www.burmeseclassic.com



နွယ်ကမူ သူ့တွင် ရှိသမျှအင်အားဖြင့် မိသားစုအားလုံး မှီခိုနိုင်မည့် ဘုံစီမာန်ကြီးကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်ဆဲပင် ရှိလေသည်။

\+ \+ \+

မောင် စာမေးပွဲအောင်တာ ဝမ်းသာပါတယ် မောင်ရယ်။ နွယ့်အတွက်တော့ ဝမ်းမသာနဲ့ မောင်။ မောင်နဲ့အတူတူ တက္ကသိုလ်နယ်မြေမှာ တွေ့ကြဖို့ နွယ့်မှာ အခွင့်အရေး မရှိပါဘူး။ အိမ်မှာ နွယ်မရှိရင် မဖြစ်ဘူးမောင်။ နွယ်တစ်ယောက် တာဝန်မဲ့လိုက်ရင် ကျန်တဲ့ကလေးတွေအားလုံး ဖရိုဖရဲဖြစ်ကုန်မှာ အမှန်ပဲ။ စဉ်းစားလေလေ နွယ် ရုန်းထွက်လို့ မရလေလေပါပဲ။

မောင် နွယ့်ဆီကို လာချင်တယ်လား၊ မလာပါနဲ့ မောင်ရယ်၊ ပညာသင်ဖို့သွားတဲ့ သူတို့ရဲ့ အစ်မကြီးဟာ ကျောင်းနေရင်း ရည်းစားထားခဲ့တယ်ဆိုတာ ညီမလေးတွေသိရင် အတုယူမှာကို စိုးလို့ပါ။

နွယ်လေ မောင့်ကိုလဲချစ်တယ်၊ ညီမလေးတွေကိုလဲ ချစ်တယ်။ ညီမလေးတွေကို လျစ်လျူရှုပြီး မောင့်နောက်ကိုလဲ မလိုက်ရဲဘူး မောင်ရယ်။

စာရေးလက်စ စာရွက်နှင့် ဖောင်တိန်ကိုချကာ နွယ် ငေးမောမိပြန်သည်။ မောင့်ဆီက စာတွေ မကြာ မကြာ ရောက်လာသော်လည်း နွယ် စာမပြန်မိ။ နွယ့်မှာ လွမ်းရေးထက် ဝမ်းရေးခက်နေရသည်။ ယခုတလော မေမေ နေမကောင်း၍ ဂရုတစိုက် ပြုစုနေရသည်။ နွယ်တို့မှာ မေမေ တစ်ယောက်သာ ထပ်၍ လျော့ပါးသွားရလျှင် ရှေ့ရေးကို နွယ် မတွေးဝံ့တော့။

စာရေးလက်စ စာကိုသိမ်းကာ နောက်မှဆက်ရေးတော့မည်ဟု စားပွဲမှ ထမည်ပြုစဉ် ဆွေဆွေ့ ကျောင်းစာအုပ်တစ်အုပ်ကို မျက်စိက ရောက်သွား

www.burmeseclassic.com



သည်။ စစ်ဆေးကြည့်ရှုလိုသည့် သဘောဖြင့်လည်း စာအုပ်ကို ဟိုလှန်သည်လှန်ကြည့်မိသည်။ ဇလာစာအုပ်အလယ်တည့်တည့်မှ စာတစ်ကြောင်းကြောင့် နွယ့် မျက်လုံးများ ပြာဝေ၍ သွားလေသည်။

မိဆွေချစ်လှပါတဲ့ အစ်ကိုရေ။

စာကြောင်းလေးက သည်မျှသာဖြစ်၏။ သို့သော်လည်း နွယ့်နှလုံးသားက မွက်မွက်ကြေသွားသလား အောက်မေ့ရသည်။

'မိဆွေ မိဆွေ'

နွယ့် အသံသည် တစ်အိမ်လုံး ဆူညံ၍သွားလေသည်။ ဖေဖေမရှိ၍တော်သေးသည်။ ညီမငယ်သုံးယောက်သည် မျက်လုံးအပိုင်းသားဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြလေသည်။ အတန်ကြာမှ ဆွေဆွေတစ်ယောက် မျက်စိမျက်နှာပျက်ကာ မရဲတရဲဝင်လာသည်။ နွယ့်မျက်နှာသည် တစ်လောကလုံးကိုပင် မွှေနှောက်ဖျက်ဆီးပစ်တော့မည့်အလား ခက်ထန်မာကျော၍ နေလေသည်။

'ဒါ ဒါ ဘာလုပ်တာလဲ မိဆွေ'

ဆွေဆွေ့ မျက်နှာသည် ဖြူရော်၍သွားကာ ခွေလဲသွားမတတ် ယိုင်၍ သွားလေသည်။

'ဟို ဟို မမနွယ်၊ အဲဒါလေ အဲဒါ'

'ဘာ အဲဒါလဲ၊ ဘာ အဲဒါလဲ၊ ပြောစမ်း မိဆွေ၊ ညည်းတယ်မိုက်ပါလား၊ ကျောင်းနေတုန်းမှာ ဒါမျိုးကို စိတ်ကူးရသလား၊ ညည်းတို့တစ်တွေ ပညာပြောင့်ပြောင့်သင်နိုင်ဖို့အတွက် ငါမှာ ဘယ်လောက် ပူပင်ရသလဲ၊ အနစ်နာခံရသလဲ၊ ရှာဖွေရသလဲ၊ သိကြရဲ့လား။ ခုတော့ ညည်းက ပညာမှ ကောင်းကောင်းမသင်ချင်ဘဲ မိုက်တွင်းနက်လှတဲ့ ကောင်မ'

နွယ့် လက်ဝါးလေးများသည် ဆွေဆွေ့ နားဆီသို့ ဖဲ၍ ဖဲ၍ ကျသွားလေသည်။

www.burmeseclassic.com



"ရိုက်ပါ မနွယ် ရိုက်ပါ၊ မေ့ မိုက်မိပါတယ်၊ မေ့ ခုလိုလုပ်မိတာလဲ စိတ်ညစ်လွန်းလို့ပါ"

"ဘာမပြောတယ်၊ စိတ်ညစ်လို့ ဟုတ်လား၊ ညည်းက ဘာများ စိတ်ညစ်စရာရှိလို့တုန်း"

"မနွယ်က နေ့ရှိသရွေ့ ဆူပူနေတော့ မေ့ အိမ်မှာမနေချင်တော့ဘူး မနွယ်"

"ခြော်"

နွယ်သည် အံကို တင်းတင်းကျိတ်လိုက်မိလေသည်။ ကျန် ညီမငယ် နှစ်ယောက်သည် အနားတွင်ရပ်ကာ နွယ့်ကို ဆပ်စိမ်းစိမ်း ကြည့်နေကြ လေသည်။

"ခြော်၊ ညည်းတို့က ဒီလိုတောင် ဖြစ်နေကြမှကိုး"

ညီမငယ်များအပေါ်မှ နွယ် ခွာလာခဲ့လေသည်။ ထိုညကတော့ စိတ်ညစ်ညစ်နှင့် မောင့်ဆီကို စာဆက်၍ ရေးဖြစ်သည်။

**မောင်ရယ်**

ညီမလေးတွေကို ငွေရှာတာ အချစ်ရေးထက်၊ နွယ့် ပညာရေးထက် ညီမလေးတွေ ရေ့ရေးကို ဦးစားပေးတာ မောင် အသိပါနော်၊ ဒါပေမဲ့ မောင်ရေ၊ ညီမလေးတွေက နွယ့် စေတနာမှန်ကို နားမလည် ကြဘူး၊ နွယ် ရှိတဲ့အတွက် သူတို့ စိတ်ညစ်သတဲ့ မောင်၊ နွယ်က ဆူလို့ ပူလို့တဲ့။

နွယ်ကတော့ ကောင်းစေချင်တဲ့ ဆန္ဒပါ၊ ဒါပေမဲ့ နွယ့်ကိုယ် နွယ်လဲ မစဉ်းစားတတ်ဘူး၊ နွယ် အလိုလိုနေရင်း စိတ်တိုနေတယ် မောင်။

ဖြစ်နိုင်ရင်တော့ နွယ် အေးအေးချမ်းချမ်းနေချင်ပါတယ် မောင်ရယ်။ မေမေသာရှိရင် နွယ်လဲခုလို ဆူတတ် ပူတတ်တဲ့ မိန်းမကြီးတစ်ယောက် ဖြစ်နေမှာ မဟုတ်ပါဘူး။

www.burmeseclassic.com



စာရေးရင်း မေမေ့ကို သတိရပြန်တော့ နွယ် မျက်ရည်ဝဲမိပြန်သည်။ ပြီးတော့ စိတ်လိုက်မာန်ပါ ရိုက်လိုက်မိသည့် ညီမဖြစ်သူ၏ မျက်နှာလေးကို မြင်ယောင်ကာ စားပွဲပေါ် မျက်နှာအပ်၍ ငိုချလိုက်မိသည်။ ရှားရှားပါးပါး မောင့်ဆီကို ရေးထားသည့် တစ်ဆောင်တည်းသော စာလေးမှာ မျက်ရည်စများ အောက်တွင် စာလုံးများ ရွှေ့လျားပျောက်ကွယ်ကုန်ကြလေသည်။

\+ \+ \+

'ဒီအပတ်တော့ လျှော့မပေးပါနဲ့ ဒေါ်ကြည်ရယ်၊ ဆန်လဲဝယ်စရာရှိလို့ပါ၊ ညီမလေးတွေအတွက်လဲ စာအုပ်ဖိုးတွေ ပေးရမယ်'

'အဖမ်းအဆီးတွေကများတော့ ပစ္စည်းကို သိပ်မပါလို့ပါအေ၊ နောက်တော့ ပိုယူပေါ့'

နွယ်က ရသမျှငွေလေးကိုရေတွက်ကာ ပိုက်ဆံအိတ်ထဲ ထည့်လိုက်သည်။ ငယ်ရွယ်သူ မိန်းကလေးမို့ ကိုယ်တိုင်ကုန်မကူးဝံ့။ ယုံကြည်ရသူ လက်ထဲ ငွေအပ်ကာ ရသမျှ အတိုးငွေလေးကို ယူရသည်။ သည်သို့မှ မလုပ်လျှင်လည်း အိမ်စရိတ်ကာမိမည် မဟုတ်။ ယခုပင် မေမေ စုဆောင်းထားသော ငွေလေးများ တစ်စ တစ်စ လျော့လာသည်ကို စိတ်မချမ်းမသာ ဖြစ်နေရသည်။

နေသည် ခြစ်ခြစ်တောက် ပူနေလေသည်။ နွယ်တစ်ယောက်တည်း ကွင်းပြင်ကျယ်ကိုဖြတ်ကာ မေမေ့အတွက် ပေးထားသော အိမ်ကလေးဆီသို့ လျှောက်လာခဲ့သည်။ အိမ်ကလေးက အပြင်ဘက်မှာ မလှ။ သို့သော် နွယ့် အပြင်အဆင် အမွမ်းအမံကြောင့် အိမ်တွင်းမှာ နေချင့်စဖွယ် ဖြစ်လာသည်။ လှေကားထစ်များကို လှမ်းတက်လာစဉ် ညီအစ်မတစ်တွေ၏ တွတ်ထိုးသံလေးများကို ကြားလိုက်ရသည်။

'မမနွယ်ကလေ မဈွေကိုသာ ရည်းစားစာရေးလို့ဆိုပြီး ရိုက်တာ၊ သူ့ကျတော့ ရည်းစားစာတွေ ရေးလို့ သိလား၊ နည်းနည်းမှ မတရားဘူး'

www.burmeseclassic.com



ညီမလေးလေး၏ စကားသံက ပုံ့လွင့်လာသည်။

'ဟုတ်ပါရဲ့၊ မမနွယ်က အကြီးဆိုပြီး သိပ်မိုလ်ကျတာပဲ'

'ဘာပြောတယ်'

နွယ့် အသံကြောင့် ညီအစ်မနှစ်ယောက်က လျှာတစ်လစ်ဖြင့် ငြိမ်သွားကြသည်။ နွယ်က ပိုက်ဆံအိတ်ကို အိပ်ရာပေါ်သို့ ပစ်ချလိုက်သည်။

'အေး ကောင်းတယ်၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ငါ နင်တို့ တစ်တွေအတွက် ကြိုရုန်းရတာ၊ နင်တို့ အေးအေးချမ်းချမ်း ပညာသင်နိုင်အောင် ငါ ပညာမသင်ဘဲ အနစ်နာခံရတာ၊ ငါ အရာအားလုံးကို စွန့်လွှတ်ခဲ့တာ။ ဒါတွေတော့ နင်တို့ မသိကြပေါ့လေ၊ နင်တို့ ကောင်းစေချင်လို့ ပြောတာ ဆိုတာတွေကိုတော့ မိုလ်ကျတယ်ဆိုပြီး မကျေနပ်ကြဘူးလား၊ ငါ သိပါတယ်၊ ငါ လုပ်သမျှဟာ အလကားပဲ'

ထိုညက မောင့်ကို နွယ် အိပ်မက် မက်သည်။ အိပ်မက်ထဲတွင် မောင်က နွယ့်ကို သီချင်းတစ်ပုဒ် ဆိုပြနေသည်။ မောင့် အပြုံးသည် လန်းလန်းဆန်းဆန်းပင် ဖြစ်လေသည်။ သည်လိုဆိုတော့လည်း မောင်နှင့်နေခဲ့ရသော ဘဝကို နွယ် ပြန်လည်တမ်းတမိသည်။ မောင်နှင့် တစ်နေရာရာ သွားတိုင်း မောင်သည် နွယ့်ဘေးမှနေ၍ သီချင်းတစ်ပုဒ်ကို ညည်း၍ လိုက်လာစမြဲ။ မောင်က ဘာသီချင်းကိုပဲဆိုဆို နွယ်က သူ့ကို ရည်ညွှန်းသည်ဟုပဲ မှတ်ယူကာ စိတ်ကူးယဉ်၍ နားထောင်စမြဲ။

'မောင် အဆိုတော်ဖြစ်လို့ နာမည်ကြီးရင် မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာပဲနော်'

နွယ်က ထိုသို့ပြောလျှင် မောင်က ရယ်မောနေတတ်သည်။

'မောင်က နွယ်ဆိုတဲ့ကောင်မလေး နားထောင်ဖို့ သီးသန့် အဆိုတော် လုပ်မယ်'

မောင့် အပြောတွင် နွယ် နှစ်သိမ့်ကြည်နူးမိခဲ့သည်။ ငယ်ရွယ်သူတို့၏ နှလုံးသားသည် လန်းဆန်း၏။ တက်ကြွရှင်သန်၏။ သို့သော် ထိုဘဝမျိုးတွင် နွယ် နေခွင့်မရခဲ့။ မမျှော်လင့်သော ဘဝအရေး့က နွယ့်ကို စက်ကြိုးသတ်၍

www.burmeseclassic.com



နောက်သို့ ဆွဲခေါ်၏။ ယခုတော့ နွယ်သည် မနိုင်ဝန်ကို ထမ်းနေရသည့် မိန်းမကြမ်းလေး ဖြစ်၍နေပြီ။

နွယ် အိပ်ရာမှနိုးချိန်တွင် မိုးစင်စင်လင်း၍ နေလေပြီ။ မေမေ့အတွက် နံနက်စာကို ညီမငယ်များက ပြင်ဆင်၍ ပေးကြသည်။

"သမီးနွယ် ဘာဖြစ်သလဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် မေမေ၊ ခေါင်းနည်းနည်းကိုက်နေလို့"

"သမီး ကျန်းမာရေးကိုလဲ ဂရုစိုက်ဦး၊ စုတာလော သိပ် ပိန်တယ်၊ ဆေးရောခန့်ပြပါလား"

ညီမသုံးယောက်က နွယ့်မျက်နှာကို ရဲရဲဝံ့ဝံ့မကြည့်ဘဲ နွယ့်အတွက် စားစရာကို ပြင်ဆင်ပေးသည်။

"ပူပန်စရာတွေကို ခေါင်းထဲမှာ သိပ်မထားပါနဲ့ သမီးရယ်၊ အချိန်တန်တော့လဲ ဖြစ်လာမှာပေါ့၊ စိတ်ကိုလျှော့ထားလိုက်"

မေမေတစ်ယောက်သာ သူ့ကို နားလည်ပါသေးလားဟု နွယ့်စိတ်က သက်သာရာ ရသွားသည်။

ညီမငယ်များက လွယ်အိတ်ကိုယ်စီဖြင့် မေမေနှင့် ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြလေသည်။ နွယ်တစ်ယောက်တည်း အထီးကျန်ဆန်စွာ ကျန်ရစ်သည်။ တစ်အိမ်လုံးတိတ်ဆိတ်၍ နေသည်။ တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးသဖြင့် နွယ်တို့အိမ်ကြီးမှာ ကွင်းပြင်အလယ်တွင် ထီးထီးမားမား ဖြစ်၍နေသည်။ နွယ်က တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်၍ ကက်ဆက်နားသို့ ထလာခဲ့သည်။ အမြတ်တနိုးထားခဲ့သော မောင်၏ တစ်ခါတည်းသာ ဆိုခဲ့သော သီချင်းတိတ်ခွေလေးကို ဖွင့်လိုက်မိသည်။ မောင့် အသံက တစ်အိမ်လုံးကို ပျံ့လွင့်၍သွားလေသည်။ ရှည်လျားသော နွယ့်ဆံပင်များက ကျောပြင်တစ်ခုလုံးကို ဖုံးအုပ်ထားသည်။ မေမေပြောသလို နွယ်က စိတ်ကို လျှော့ချလိုက်၏။ မောင့် အသံဆုံးတော့ နွယ် အိပ်ပျော်နေပြီ။

\+ \+ \+

www.burmeseclassic.com



"အဆိုတော် ကျော်ဝဏ္ဏက အပြတ်သားနားတယ်နော်"

"အေး ဟုတ်တယ်၊ သူ့သီချင်းတွေ မနွယ်ဆီမှာ ရှိသားပဲ၊ မနွယ်က သူ့သေတ္တာထဲမှာ သိမ်းထားတာလေ၊ တစ်ခါတလေမှ ထုတ်ဖွင့်တယ်"

စာကြည့်စားပွဲပေါ်တွင် တီးတိုးရေရွတ်နေသော ညီမငယ်များ၏ အသံကြောင့် နွယ်က အခန်းထဲသို့ ဝင်ခဲ့မိသည်။ သန္တာက စာအုပ်တစ်အုပ်ကို လျင်မြန်စွာ ဖုံးဖိလိုက်ကာ ကျောင်းစာအုပ်တစ်အုပ်ကို ဖွင့်လိုက်၏။

"ဆောဆောကဟာ ဘာစာအုပ်လဲ ပြစမ်း"

နွယ့်ကို မလွန်ဆန်ဝံ့၍ သန္တာက စာအုပ်တစ်အုပ်ကို နွယ့်လက်ထဲသို့ မရဲတရဲ လှမ်းထည့်လိုက်သည်။

"စာကျက်ချိန်မှာ အပြင်စာအုပ် မဖတ်ရဘူး"

စာအုပ်ကိုယူ၍ လှည့်ထွက်သွားသော နွယ့်ကို ညီမထွေးလေးက ငေါ်၍ လျှာထုတ်ပြ၏။

နွယ်က စတီရီယိုတေး စာအုပ်လေးကို တုန်ယင်စွာဖြင့် ကြည့်မိသည်။

"ကျော်ဝဏ္ဏရဲ့ တေးသစ် ၁၀ ပုဒ်" တဲ့။

ဓာတ်ပုံထဲက မောင်သည် ထုံးစံအတိုင်းပြုံးလို့။

နွယ်တစ်ယောက်တည်းအတွက် သီးသန့်အဆိုတော်လုပ်မယ်ဆိုတဲ့ မောင်။ ယခုတော့လည်း ပတ်ဝန်းကျင်ရဲ့ ချီးမြှောက်အားပေးမှုဝယ် ကျေနပ်နေပြီ ထင်ရဲ့။ နွယ်ကတော့ မောင့် တေးသံအသစ်ကိုလည်း နားမထောင်ချင်။ မောင့်ကို စတင်ကျွမ်းဝင်ခဲ့ရသည့် သီချင်းဟောင်းလေးများကိုသာ အမြတ်တနိုး သိမ်းဆည်းထားလိုက်သည်။ မောင့်ဆီကို စာတစ်စောင် ရေးဖြစ်အောင်လည်း ရေးရဦးမည်။ မောင် ဘာပဲလုပ်နေနေ နွယ်ကတော့ ကျေနပ်မည်။ မောင့် အောင်မြင်မှုကိုလည်း ဝမ်းပန်းတသာ ကြိုဆိုနေမည် ဆိုသည့် အကြောင်း။

လက်တွေ့တွင်မူ မောင့်ဆီကို နွယ် စာမရေးဖြစ်။ ညီမတစ်တွေ စာမေးပွဲနီးလာ၍ မီးဖိုချောင်ကို နွယ်ကိုယ်တိုင်ဝင်ရသည်။ ဖေဖေ့ ဝေယျာဝစ္စ

www.burmeseclassic.com



ကို တစ်ယောက်တည်း လုပ်ကိုင်ပေးရသည်။ ညီမလေးတွေ စာမေးပွဲပြီးရင်တော့ ရန်ကုန်ကို သွားလည်မည်။ သည်တော့မှ နွယ် ရင်ဆိုင်ရသည့် အခက်အခဲတွေ။ နွယ်တို့မိသားစုရဲ့ အခြေအနေတွေကို မောင့်ကို ပြောပြရမည်။ သည်သို့ဆိုလျှင် မောင် ခွင့်လွှတ်တန်ကောင်းရဲ့။

နွေရာသီ ကျောင်းပိတ်ရက်တွင် နွယ်တို့ အိမ်ကလေးက စည်ကားစွာနေလေသည်။ ယခုတော့ နွယ်ကလည်း အရောအနှောကိုလျှော့၍ ညီမငယ်များကို သာယာညင်းပြောင်းစွာ ဆက်ဆံလာသည်။ အထူးသဖြင့် စိတ်ငယ်တတ်သော မွေ့မွေ့ကို အနုနည်းဖြင့် စည်းရုံးနေရသည်။ မွေ့မွေ့သည် အစ်မဖြစ်သူကို အစစအရာရာ တိုင်ပင်ဖော်ရလာလေသည်။

သို့သော် နွယ်တို့မှာ ပြဿနာတစ်ခုကို ရင်ဆိုင်ရပြန်သည်။ နွယ့်အတွက် ကိုင်ရတွယ်ရ အခက်ခဲဆုံး ပြဿနာ။ မေမေ့ပြဿနာ။

မေမေ ဆုံးသွားကတည်းက စိတ်ရောလူပါ ကျသွားသော မေမေ့ကို နွယ်တို့ ညီအစ်မတစ်တွေမှာ ခြေမကိုင်မိ လက်မကိုင်မိအောင်ပင် အရိပ်တကြည့်ကြည့် ပြုစုခဲ့ကြရသည်။ မေမေ မရှိသော်လည်း မေမေ ရှိနေသကဲ့သို့ မေမေ့အတွက် ပြုဖွယ်မှန်သမျှ မပျက်ကွက်စေရ။ မေမေ ရုံးသွားဖို့ အချိန်မီ အစားအသောက် စီမံပေးရသည်။ အဝတ်အထည် အသင့်ဖြစ်စေသည်။ မေမေ ပြန်လာလျှင်လည်း သားသမီးများက အလုအယက် ကြိုဆိုၾက။ မေမေ့ကို ကုလားထိုင်တွင်ထိုင်စေကာ မေမေ့ ဖိနပ်ကြိုးကို တယုတယ ဖြည်ပေးကြသည်။ နောက်ဆုံး မေမေ ကျန်းမာရေးအတွက် မိုဝံတတ်သော ယမကာကို မြည်းစရာအသင့်ဖြင့် ပြင်ဆင်ကာ ကိုယ်တိုင်ငှဲ့ပေးတတ်ကြသည်။

သို့သော် မေမေ့အတွက် လစ်လပ်သွားသော နှလုံးသား တစ်နေရာကိုမည်သူမျှ မဖြည့်ဆွမ်းပေးနိုင်ပါချေ။

အသက်ကြီးသော်လည်း ကျန်းမာရေးလိုက်စားခဲ့သူမို့ မေမေ့ရုပ်သွင်က နုၾ၏။ ယခုလို မေမေ လန်းလန်းဆွင်ဆွင် ရှိနေသည့်အခါတွင်

www.burmeseclassic.com



ငို၍ နေပြုံးနေတတ်၏။ မေမေ့ကို အရိပ်ကြည့်နေသော နွယ်သည် မေမေ့ မျက်နှာတွင် တစ်ခုခု ထူးခြားဟန်မြင်နေရသည်ဟု စိတ်က အလိုလို ထင်မိသည်။ မေမေနှင့် ရင်းရင်းနှီးနှီးဆက်ဆံသော လွတ်လွတ်လပ်လပ် မိန်းမ မှန်သမျှကိုလည်း နွယ်က သံသယမျက်လုံးဖြင့် စစ်ဆေးကြည့်ရှုတတ် လာသည်။

မေမေ့ကို အရေးပေးသူများထဲမှ မင်းကတော်ပေါင်း မုဆိုးမ ဒေါ်မြမြသွင်ကို နွယ် မသင်္ကာဆုံး။ သူနှင့်မို့ စကားပြောလျှင် မေမေ့ မျက်လုံး များက အရောင်တောက်ပလာကြသည်ဟု နွယ်က စွပ်စွဲချင်၏။ ထို့ကြောင့် လည်း သမီး သမီးဟု ဒေါ်မြမြသွင်က တွင်တွင်ခေါ်ကာ အိမ်ဖို့ စားကောင်း သောက်ဖွယ်များ ပို့လာတိုင်း နွယ်မှာ စိတ်ရှိမရှိသော ဖြစ်ရသည်။ ကလေးဆန် လှသည့် ညီမငယ်များကမူ စားရရင် ပြီးတာပဲဟု ညာစားကြ၏။ 'မေမေ လေး' ဟုလည်း ကွယ်ရာမှာ နောက်ကြ ပြောင်ကြ၏။

'အမေ ကျပ်ကျပ်လိုချင်နေနော်၊ တော်ကြာမှ မိထွေးနှိပ်စက်လို့ ဒူးနဲ့ မျက်ရည်သုတ်နေရမယ်'

နွယ်ကမူ မည်သို့မျှ ပေါ့ပေါ့ဆဆ မထားနိုင်။ နွယ့် ရင်ဝယ် စိုးရိမ်မှု လွှမ်းကဲနေ၏။ သည်ကြားထဲ နှုတ်လွယ်သူတို့၏ အတင်းအဖျင်း စကားအချို့ကြောင့် နွယ့် ရင်က ပူလောင်ရပြန်သည်။

'ဒေါ်မြမြသွင်က အိမ်ထောင်ပြုဖို့ ပစ္စည်းတွေ ဝယ်ခြမ်းနေတယ် ဆိုပါလား'

ပြောသူက နွယ့်ကိုမှ ရွေးပြောသည်ဆိုတော့ အဓိပ္ပာယ်က တစ်မျိုး ဖြစ်၍ နေပြန်သည်။

နွယ်က မေမေ့ကို ရှေ့ကထက်ပို၍ ဂရုစိုက်၏။ မေမေက အကြောင်း အရာတစ်ခုကို လေးလေးနက်နက် ဆွေးနွေးမည်ကြံတိုင်း နေရာမှ မသိမသာ ထသွားတတ်သည်။ မေမေ ပြောမည့်အကြောင်းသည် နောက်အိမ်ထောင် ပြုမည့်အကြောင်း ဖြစ်နေလျှင် မခက်လား။

www.burmeseclassic.com



နှယ်တွင် အစဉ်သဖြင့် သောကဖြင့် ပူလောင်နေရလေသည်။ သို့သော် နှယ့်အဖြစ်ကို မောင် မသိပါချေ။

နှယ်ဆီမှ စာတွေ အရောက်ကျဲလေလေ မောင့်စိတ်က နှယ့်ကို မကျေနပ်ချင်လေလေ၊ ပြီးတော့လည်း ယခုဆိုလျှင် နှယ် ပြောခဲ့သလိုပင် မောင့်မှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပြီလေ။

ကြာတော့လည်း မောင့် သဘောကို နှယ် နားလည်လာရသည်။ မီးဝေးလျှင် ချိတ်မှာသည်ဟူသော စကားကိုလည်း နှယ် လက်ခံလာရသည်။ မောင့်စာများ တဖြည်းဖြည်း အလာကျဲ၍ သွားခဲ့ပြီ။ ရှိစေတော့။ နှယ့် သောက ကိုမူ မောင် မသိလေဘဲ။

\+ \+ \+

'မနှယ်နှယ်ဗိုက စိတ်ညစ်စရာတွေ သိပ်စဉ်းစားတာယ် ထင်တယ်'

ဆရာဝန်က အချိုသာဆုံးပြုံး၍ နှယ့်ကို ရင်းရင်းနှီးနှီးပြောလိုက်သည်။

'ဟုတ်တယ်၊ ကျွန်မခေါင်းထဲမှာ ပူနေတာပဲ'

'ဆေးကိုလဲ မှန်မှန်သောက်၊ ကျွန်တော်ပြောတာ နားထောင်၊ စိတ်ညစ်စရာတွေ သိပ်မတွေးနဲ့'

နှယ်က ခေါင်းညိတ်ပြ၏။

ဆရာဝန်ပြန်သွားတော့ ညီအစ်မ သုံးယောက်က နှယ့်နားသို့ ဝိုင်း၍ လာကြသည်။

'မနှယ် ဘယ်လိုနေသေးလဲဟင်'

'သက်သာသွားပါပြီကွယ်'

နှယ်က ခေါင်းကို နောက်သို့ မှီချလိုက်၏။

'သူစာတို့ပြန်လာတော့ မမနှယ် ကက်ဆက်နားမှာ ခေါင်းကြီးစိုက်လို့၊ မမနှယ် အိပ်ပျော်နေတယ်အောက်မေ့လို့ ခေါ်ကြည့်တာ၊ ခေါ်မရတော့ သူစာ လန့်သွားတာပဲ၊ မေမေ့လိုဖြစ်တယ် အောက်မေ့လို့'

www.burmeseclassic.com



ညီမထွေးလေး၏စကားကြောင့် ကျန်ညီမများက မျက်နှာပျက်သွားကြသည်။ နွယ်က အသက်ကို ပြင်းပြင်းရှူလိုက်၏။

"စိတ်ချ၊ ငါ့ညီမတွေ လူလားမမြောက်မချင်း မမနွယ် ဘယ်တော့မှ မသေဘူး"

"အို မမနွယ် ဘာလို့ သေရမှာလဲ၊ ဘယ်တော့မှလဲ မသေပါဘူး"

ထွေးထွေး့ မျက်လုံးတွင် မျက်ရည်များ ဝဲနေလေသည်။

"ထွေးလေ မမနွယ် မကြိုက်တာလဲ ဘာမှ မလုပ်ပါဘူး မမနွယ်ရယ်၊ ထွေး့အတွက် စိတ်မပူပါနဲ့တော့"

နွယ်က ကျေနပ်စွာ ပြုံးလိုက်မိသည်။ သို့တိုင် နွယ့် မျက်လုံးအိမ်တွင် မျက်ရည်များ အုနေလေသည်။

ထိုနေ့က မောင့် စေ့စပ်ကြောင်းလမ်းခြင်း သတင်းကို နွယ် ဖတ်လိုက်ရသည်ကိုတော့ ညီမငယ်များ မသိပါချေ။

\+ \+ \+

"မမနွယ်ရေ၊ မမနွယ်"

ညီမငယ် ထွေးထွေး၏ ခေါ်သံကြောင့် နွယ်က ရေးလက်စ စာရင်းစာအုပ်ကိုပိတ်ကာ ငုံ့ခေါင်း၍ ကြည့်မိသည်။

"မမနွယ်၊ ထွေး့ကို လက်ပတ်နာရီ ဝယ်ပေးပေတော့"

"အို ညီမလေး စာမေးပွဲအောင်ပြီပေါ့"

"ဟုတ်တယ် မမနွယ်၊ ဂုဏ်ထူးနှစ်ဘာသာ"

"အို ဝမ်းသာလိုက်တာ ညီမလေးရယ်"

ယနေ့တော့လည်း နွယ့်မှာ ပျော်လိုက်ရသည့်ဖြစ်ခြင်း။ သည်ညီမလေးတွေ အောင်မြင်မှု ရရှိသည်ဆိုလျှင်ပင် နွယ် အနစ်နာခံရကျိုး နပ်ပြီ။ စာမေးပွဲအောင်၍ ပြုံးထူးပျော်ရွှင်နေသော ညီမလေးတွေကို မြင်ရတော့ မောင့်ကို ဆုံးရှုံးရတော့မှာပါလားဟူသော ဝေဒနာကိုပင် မေ့ချင်ပြီ။

www.burmeseclassic.com



'လက်ပတ်နာရီလဲ ဝယ်ပေးမယ်၊ ဆွေ လိုချင်တာလဲ ဝယ်ပေးမယ်'

'ဆွေ့ကို တက္ကသိုလ်ပို့မယ် မဟုတ်လားဟင်'

မေမေသာရှိလျှင် သည်မေးခွန်းကို မေမေပင် ဖြေပေလိမ့်မည်။ ယခုတော့လည်း အရောရောသည် နွယ့် ပခုံးပေါ်တွင် ကျရောက်လာကြလေသည်။

'မေးဖို့တောင် မလိုပါဘူးအေ၊ ညည်းတို့ အေးအေးဆေးဆေး ပညာ သင်နိုင်ဖို့ ငါ ကျောင်းထွက်လာတာပါ'

ဆွေဆွေသည် အစ်မဖြစ်သူ၏ မျက်နှာကိုကြည့်ကာ ဝမ်းနည်းသွားမိ လေသည်။

'မမနွယ်'

'အင်း'

'မမနွယ်က ဆွေ့အရင် စာမေးပွဲအောင်တာပဲ၊ မမနွယ် ကျောင်း ဆက်တက်ပါလားဟင်၊ မမနွယ် အောင်မှ ဆွေ ဆက်နေပါ့မယ်'

'အို ငါ့အတွက် ဒါတွေမလိုပါဘူး၊ ကျောင်းကိုသာ စိတ်အေး လက်အေးတက်ပါ၊ ဒါပေမဲ့ တစ်ခုတော့ ကတိပေးရမယ် မိဆွေ၊ ညည်း တို့ရင် အငယ်တွေကိုဆက်ပြီး တာဝန်ယူရမယ်၊ ဒီကြားထဲတော့ မောက် မသွားပါနဲ့အေ'

ဆုံးမသလို တောင်းပန်သလို နွယ့်စကားကြောင့် ဆွေဆွေ့ပါးပြင် ပေါ် မျက်ရည်များ စီးကျလာလေသည်။

'ဆွေ မမိုက်ပါဘူး မမနွယ်ရယ်'

'မငိုနဲ့တော့ ဆွေဆွေ၊ မေမေပြန်လာရင် ဝမ်းသာရအောင် ထွက်ကြို နေလိုက်ဦး'

ထိုနေ့က နွယ်တို့တစ်အိမ်လုံး ပျော်ကြသည်။ မေမေသည် ဝမ်းသာ ကြည်နူးနေရာမှ တစ်ချက်တစ်ချက် မျက်နှာညှိုးသွားလေသည်။ သူတို့ မိသားစု၏ ပျော်ရွှင်မှုဝယ် တစ်ခုခုလိုနေသလို ခံစားနေရသည်။ မေမေဆုံး သည်မှာ နှစ်နှစ်ပြည့်တော့မည်။ သို့သော် နွယ်တို့ မမေ့နိုင်သေး။ မေမေ

www.burmeseclassic.com



တစ်ယောက် လျှောပါးနေခြင်းကို သတိမမူမိသည့်အခါဟူ၍ မရှိသေး။ အထူးသဖြင့်တော့ နွယ့် ရင်ထဲတွင် မေမေ အမြဲရှိနေသည်။ မေမေပြုရမည့် ဝတ္တရားတစ်ခုခုကို နွယ် ပြုရတိုင်း မေမေ့ကို တမ်းတမိလေသည်။

ဆွေဆွေ့ကို တက္ကသိုလ်နယ်မြေကို ပို့ရတော့လည်း မေမေ မပါ၍ နွယ် အားငယ်၏။ တက္ကသိုလ်နယ်မြေကို ခြေချမိမှ မောင့်ကို ပို၍ သတိရလာသည်။ မောင်နှင့် အတူတူ ဆုံမည်ဆိုသည့်နေရာ သည်နေရာ။ ယခုတော့ နွယ်က မိန်းမကြီးလုပ်၍ ညီမကို ကျောင်းလာပို့ရသည်။ မောင့်အကြောင်း တွေးနေဆဲမှာ မောင့်ကို မြင်ရတော့ နွယ် ပိုလို့ပင် အံ့သြမိသည်။ လောက၏ တိုက်ဆိုင်မှုပေပဲ။ မောင်က သူ့ဝတ်နေကျ မီးခိုးရောင် ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီဖြူဖြူကို ဝတ်ထားသည်။ နွယ်နှင့် ဆွေဆွေ နန်းကြီးခေါက်ဆွဲကို မှာစားနေဆဲ မောင်က မိန်းကလေးဖြူဖြူလေးတစ်ယောက်နှင့် သဲပရာရည် လာသောက်သည်။

"နွယ်"

နွယ် မော်မကြည့်။ နွယ့် ဘေးတွင် မောင် လာရပ်တော့ စားပွဲပေါ် ထောက်ထားသော မောင့်လက်သန်းတွင် နွယ် အမှတ်တရပေးခဲ့သော အသည်းပုံနှင့် ငွေလက်စွပ်လေးကို တွေ့ရသေးသည်။ နွယ်က ယခုမှ ကြားဟန်ဖြင့် ရုတ်တရက် ခေါင်းကို မော်ကြည့်သည်။

"ဪ"

ယခုမှ မြင်ဟန်ဖြင့်လည်း လေသံအေးဖြင့် နှုတ်ဆက်လိုက်သည်။

"နွယ် ဘယ်တုန်းက ရောက်နေလဲ"

"နှစ်ရက်လောက်ပဲ ရှိပါသေးတယ်"

"မရမ်းခြံမှာပဲလား"

"ကြီးကြီးမြတို့ အိမ်မှာပါ"

မောင်က တစ်ခွန်းမေးတော့ နွယ်က တစ်ခွန်းပဲဖြေသည်။ မောင့် ဘေးမှ ဖြူဖြူ ကောင်မလေးက မောင့်ကို နှုတ်ဆက်နေသည်။ မောင်က

www.burmeseclassic.com



ခေါင်းညိတ်ပြမတော့ မိန်းကလေးက အနားမှ ခွာသွားသည်။ မောင်က နှယ့်ဘေးမှာ ဝင်ထိုင်သည်။

‘ညီမလေးကို ကျောင်းလိုက်ပို့တာ’

‘နှယ်လဲ ညီမလေးကို ကျောင်းလာပို့တာ’

‘ဟုတ်လား။ နှယ့် ညီမက အချောပဲ’

ချွေချွေကမူ မောင့်မျက်နှာကို စူးစူးရဲရဲလေးကြည့်နေသည်။ မမ သိပ်ချစ်တဲ့ ကိုကျော်ဝဏ္ဏပဲထင်ရဲ့။ ကျော်ဝဏ္ဏ သီချင်းတိုက်ရွေလေးကို အမြတ်တနိုးသိမ်းထားပြီး တစ်ယောက်တည်းရှိမှ ဖွင့်နားထောင်တာ၊ ကက်ဆက်နားမှာ မှေးလဲနေတုန်းက ကျော်ဝဏ္ဏရဲ့ စုစပ်ကြောင်းလမ်း သတင်းပါတဲ့ သတင်းစာကလေးက အနားမှာ ပြန့်ကြဲနေတာ ချွေချွေ့ မျက်စိထဲမှာ မြင်ယောင်လာသည်။

‘မမနှယ်၊ ချွေ ကလပ်စ် သွားတက်တော့မယ်၊ ချွေတစ်ယောက် တည်း သွားရဲပြီ’

ညီမကို စိတ်မချ၍ တစ်ရက်နှစ်ရက်တော့ အဖော်လိုက်ဦးမည်ဆိုကာ အတွားကြီးတစ်ယောက်သဖွယ် ပုမောင့်ပန်းပင်လိုက်ခဲ့သော နှယ့်ကို ချွေချွေက ကျော်ဝဏ္ဏနားတွင် ထားခဲ့ပြီး နေရာမှ ထသွားသည်။

‘ကျောင်းဆင်းရင် မနက်က ကားရပ်တဲ့နေရာကို လာခဲ့နော်’

ချွေချွေက နောက်လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြသွားသည်။

‘တက္ကသိုလ်ကျောင်းသူကြီးတောင် ဖြစ်နေပါပြီ နှယ်ရှာ၊ ဒါလောက် လဲ စိတ်ပူမနေပါနဲ့၊ သူ လာတတ်ပါတယ်’

‘နှယ့် ညီမတွေအတွက် နှယ် အသက်ရှင်နေတာ’

နှယ်က မောင့်ကို စေ့စေ့မကြည့်သေးဘဲ တိုးတိုးပြောသည်။

‘သိပါတယ် နှယ်၊ နှယ်ဟာ မြိတ် ပြန်သွားကတည်းက မောင့်အတွက် နှယ် မဟုတ်တော့ဘူးဆိုတာ မောင် သိပါတယ်’

www.burmeseclassic.com



'မောင်က နွယ့်ကို အပြစ်တင်ပြီး နွယ်က မောင့်ကို တောင်းပန်ရမယ့် အခြေအနေမျိုးလားဟင်'

'နွယ့်ကို မောင် စောင့်နေခဲ့ပါတယ်၊ နွယ် မောင့်ဆီ ဘာလို့ စာမရေးလဲ'

'ဘာလို့ စာမရေးလဲလို့တော့ မမေးနဲ့ မောင်၊ ရေးတယ်'

'အို မောင့်ဆီ တစ်စောင်မှ မရောက်ဘူး'

'ဘယ်ရောက်မလဲ၊ ထည့်မှ မထည့်ဖြစ်တာ'

မောင်က နွယ့်ကို ငေးကြည့်နေလေသည်။ နွယ့်ကို စကားရှည်ရှည် ဝေးဝေး ပြောလိုသေးသည်။ သို့သော် နွယ့်ကို ဘယ်လိုစကားဆက်ရမှန်း မောင် မသိ။

'နွယ် မပြန်သေးဘူး မဟုတ်လား ဟင်'

'ညီမလေးကို စောင့်ဦးမယ်'

'လမ်းလျှောက်ကြရအောင်ကွယ်'

'နွယ့်ကို လမ်းလျှောက်ခေါ်ပြီး သောကနေ့ အသည်းကွဲသီချင်းတွေ ဆိုပြမလို့လား မောင်၊ မလွှဲသာလို့ ခွဲခွာရပါတယ်ဆိုတာမျိုးတွေလေ'

'ဘာသီချင်းပဲဖြစ်ဖြစ် နားတော့ထောင်ကြည့်ပါဦး နွယ်ရယ်'

သံယောဇဉ်ပြတ်သင့်ပြီဖြစ်သော်လည်း နွယ့် စိတ်က သံယောဇဉ် မပြတ်။ ပြီးတော့ မောင် ပြောသလို ဘာပဲဖြစ်ဖြစ် နားတော့ ထောင်ကြည့် ချင်သေးသည်။

အင်းယားလမ်း၏ ကျဲကောက်ပင်အုပ်ကို နွယ်တို့ ဖြတ်ခဲ့ကြသည်။ မောင်က စကားမဆိုသေး။ လေပုလေလှော်အသင်းဘက်သွားရာ မြေနီလမ်း ရောက်မှ မောင်က သူ့အလွမ်းတေးကို စသည်။

'မောင် နွယ့်ဆီ စာတွေအတန်တန်ရေးခဲ့တာ နွယ် အသိပါကွယ်၊ နွယ့်ဆီက စာတစ်စောင်တလေမှ မရတော့ မောင် စိတ်ပျက်မိတာ အမှန်ပဲ၊ ဒါပေမဲ့ မောင် နွယ့်အပြင် ဘယ်သူ့မှ မချစ်ခဲ့ပါဘူး'

www.burmeseclassic.com



'မောင်က ခေတ်ဟောင်းသီချင်းတွေ ပြန်ဆိုမလို့လားဟင်'

'ခုတော့ ဆိုရတော့မှာပေါ့ နွယ်ရယ်၊ မောင်နဲ့ နေစပ်ကြောင်းလမ်းတဲ့ မိန်းကလေးက မောင်နဲ့ မောင်နှမဝမ်းကွဲတော်တယ်'

'မောမောက ကောင်မလေးလား'

မောင်က ခေါင်းညိတ်ပြသည်။

'ခေတ်ဟောင်းသီချင်းမကဘူး နွယ်ရေ၊ သီချင်းကြီးပဲဆိုပြရဦးမယ်၊ လူကြီးတွေက သူတို့သဘောနဲ့ စီမံတာပါ၊ မောင်တို့ချင်း ခုထိ ရည်းစားစကား မဆိုမိကြသေးဘူး၊ ဒါပေမဲ့လေ မောင်နဲ့နွယ် အဆက်အသွယ်ပြတ်ပြီး မောင့်စိတ်က လေနေတော့ အကြောက်အကန် မငြင်းဆန်မိတာ အမှန်ပဲ၊ ဒါပေမဲ့ မောင် ငြင်းလို့ရပါသေးတယ် နွယ်ရယ်'

'မငြင်းလိုက်ပါနဲ့ မောင်၊ ရှိပါစေတော့၊ နွယ့် မိသားစုရဲ့တာဝန်ကို နွယ် နောက်ဆုံးတောင်းတောင်းနဲ့ မထမ်းပါရစေနဲ့တော့'

အင်းယားရေပြင်သည် မိခင်မေတ္တာဖြင့် ကိုယ်ကျိုးစွန့်တတ်သော မိန်းကလေးကို ငေးမောကြည့်ရှုနေသည့်အလား ငြိမ်သက်၍နေလေသည်။

'နွယ့်ကိုပဲ မောင်ချစ်တယ်၊ နွယ့်ကို မောင်စောင့်ပါမယ် အချစ်ရယ်၊ မောင် သိပ်မှားတယ်၊ မောင့် အမှားကို မောင် ပြင်ပါရစေ၊ မောင့်ကို ခွင့်ပြုပါ၊ နွယ့် မိသားစုတာဝန်ကို ကျေပွန်ပြီလို့ ယူဆတဲ့တစ်နေ့မှာ မောင့်ဆီ ပြန်လာခဲ့ပါကွယ်၊ နွယ့်တာဝန်ကို မောင်လဲ ကူနိုင်ပါတယ်၊ မောင် တစ်ကိုယ်ကောင်းဆန်မိတာ ခွင့်လွှတ်ပါကွယ်'

ယခုတော့ မောင်သည် နွယ့် လက်ကလေးများကို ဆုပ်နယ်ကာ တဖွဖွ ရေရွတ်တောင်းပန်နေလေသည်။ သည်တစ်ခါတော့ နွယ် မျက်ရည် မကျတော့။ သည်မျှပင် အနစ်နာခံနိုင်သည် ဆိုစေကာမူ မောင့်ကို လုံးဝ လက်လွှတ်ဆုံးရှုံးရခြင်း မရှိသေးသည်ကိုတော့ နွယ် ဝမ်းသာမိသည်မှာ အမှန်ပင်။

www.burmeseclassic.com



စိတ်ဓာတ်က ရင့်ကျက်သည့်တိုင် နှလုံးသားက နုနယ်သေးသည် မဟုတ်လား။

\+ + +

အိမ်သားတစ်ယောက်လျော့သွား၍ နှယ်တို့အိမ်ကလေးက ပိုမို ခြောက်ကပ်သွားလေသည်။ ဆွေမျိုးမရှိ၍ မီးဖိုချောင်ကို နှယ် ဝင်ရသည်။ ရှာရေးဖွေရေးမှာ ကျင်လည်ပေမည့် ချက်ရေး ပြုတ်ရေးမှာ နှယ် မကျင်လည်။ နှယ့်စိတ်ကလည်း ခပ်ထွေထွေမို့ အမှားအယွင်းက များသည်။ ဖေဖေ ကြိုက်တတ်သည့် ငါးပိသုပ်ကိုပင် အစပ်တည့်အောင် မလုပ်နိုင်။ ထို့ကြောင့်ပဲ ထင်သည်။ ဖေဖေက ထမင်းကို အပြင်မှာ စား၍ စား၍ ပြန်လာတတ်သည်။ ဖေဖေ ထမင်းမြိန်သည့်အိမ်မှာ မင်းကတော်ဟောင်း ဒေါ်မြမြသွင်အိမ် ဖြစ်မည်မှာ ပြောဖွယ်ရာမရှိ။ ညီမငယ်နှစ်ယောက် စာကျက်ချိန်မှာ ဖေဖေ့ကို ထမင်းပွဲပြင်ရင်း စောင့်ရသည်။ နှယ်တစ်ယောက် မကြာခဏ ထမင်းစားပွဲပေါ် ခေါင်းတင်၍ အိပ်ပျော်နေတတ်သည်။

ယခုတော့လည်း နှယ်က စိတ်ကိုလျှော့၍ ထားတတ်ပြီ။ အရာရာကို စိုးရိမ်ပူပန်နေရခြင်းဖြင့် စိတ်ရော လူပါ ပင်ပန်းရသည့်အဖြစ်ကို ခံနိုင်ရည် မရှိတော့။

မောင့်ဆီမှ စာလေးများသည် နှယ့်ထံပါးသို့ အခစားရောက်၍ လာကြပြန်လေသည်။ မောင့်ဆီကို နှယ် စာမထည့်ချင်ဘူး မောင်၊ စာတွေတော့ ရေးထားတယ်၊ မောင်ဟာ လွတ်လပ်တဲ့လူတစ်ယောက် မဟုတ်တော့ဘူးလို့ နှယ် ထင်နေတုန်းပဲ။ မောင့်ကို လွတ်လပ်အောင် လုပ်လိုက်ပါ လို့လည်း နှယ် မတိုက်တွန်းချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နှယ့်ကိုယ်နှယ် မပိုင်လို့ပါ မောင်ရယ်။

တစ်စောင်တည်းသော စာလေးကိုသာ မောင့်ထံ ရေးပို့ဖြစ်သည်။ မောင်နှင့် တွေ့ရစဉ်ကတော့ သွေးကပူနေသည်မို့ မောင်ပြောသမျှ ယုံယုံ

www.burmeseclassic.com



ကြည်ကြည် နားထောင်ခဲ့မိသည်။ မောင့်ကို ပိုင်ဆိုင်ရဖို့ အခွင့်အရေး ကျန်ရှိနေသေးသည်ကိုလည်း စိတ်သက်သာရာရခဲ့သည်။ အသေအချာ စဉ်းစားတော့ နှယ့်ကိုနှယ် မတရားဘူးဟုထင်လာသည်။ ဖေဖေသာ ခွင့်ပြုမည်ဆိုလျှင်တော့ မိသားစုတာဝန်ကို ဖေဖေ့ပခုံးပေါ် ပစ်တင်ခဲ့ကာ မောင့်ဆီကို ပြေးသွားလိုက်ချင်သည်။

သို့သော် ဖေဖေ့ အစီအစဉ်က တစ်မျိုး။

"သမီးနှယ်၊ သမီးကို ဖေဖေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့၊ ပြောပါ ဖေဖေ"

ဖေဖေက ပြောစရာရှိသည်ဆိုတော့ နှယ့်ရင်က ခုန်၍လာသည်။ နောက်အိမ်ထောင်ပြုမည့်အကြောင်းတော့ မဖြစ်ပါစေနဲ့ဟုလည်း ဆုတောင်းလိုက်မိသည်။

"သန္တာနဲ့ သူဇာတို့ကိုပါ ရန်ကုန်မှာ ကျောင်းထားချင်တယ်"

"ငယ်သေးသလားလို့ ဖေဖေရယ်"

"နောက်ကိုလဲ ဖေဖေက ပြောင်းရ ရွှေ့ရဦးမှာဆိုတော့ သူတို့ ပညာရေး နစ်နာမယ်။ ခုကတည်းက ရန်ကုန်မှာ အရှိန်ရအောင် ထားလိုက်ချင်တယ်၊ သည်နှစ် ကျောင်းဖွင့်အမီ စီစဉ်ပေးဖို့ ဒေါ်မြတို့ဆီ ဖေဖေ စာရေးလိုက်ပြီ"

"ဟုတ်ကဲ့၊ ကောင်းပါတယ် ဖေဖေ"

မေမေရှိကတည်းက ဖေဖေ့ကို မလွန်ဆန်ခဲ့သည်မို့ နှယ်ကလည်း ဖေဖေ့ အစီအစဉ်ကို ဘာဒက မတက်သာ။ ညီမငယ်များကို မျက်စိအောက်က အပျောက်ခံရမည်ဆိုတော့ စိတ်လျှော့ထားသည့်ကြားမှ စိုးရိမ်ဖြစ်အောင် စိုးရိမ်လိုက်သေးသည်။

ညီမအားလုံးသည် နှယ့် ရင်ခွင်မှ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာ၍ သွားကြလေသည်။ တစ်နေ့နေ့မှာတော့ သည်လိုပဲ ထွက်ခွာသွားကြမှာပါလား ဟူသော အသိကို နှယ် ပထမဆုံး ခံစားလိုက်ရသည်။

www.burmeseclassic.com



အထီးကျန် ဝေဒနာကို ခံစားရတော့ မောင့်ကို သတိရလာပြန်သည်။ သို့သော် မေမေက ရှိသေးသည် မဟုတ်လား။ မေမေ့နားမှာ နွယ် ရှိရဦးမည်။ ပြီးတော့ ညီမငယ်တွေ အေးအေးဆေးဆေး ပညာသင်နိုင်ဖို့ လိုသမျှငွေကို ရှာရဦးမည်။

နွယ်ကတော့ ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးဖြိုမည် ကြံဆဲ။

\+ \+ \+

'သိပ်လဲ စိတ်ထိခိုက်မနေပါနဲ့ မနွယ်ရယ်၊ မနွယ်တို့အတွက် ပိုတောင်ကောင်း သေးတယ်၊ ကိုယ့်အမေအတွက် ဆေးပေးမီးယူ မပူရတော့ဘူး၊ ညီမလေးတွေ ကျောင်းနေဖို့ နွယ် မရှာဖွေ မပူရတော့ဘူး၊ နွယ် ကျောင်းလဲပြန်တက်ချင် တက်လိုက်ဦး၊ ရသေးတယ်'

'အို တော်ပါ၊ နွယ် မကြားချင်ဘူး၊ မကြားချင်ဘူး၊ နွယ် ဘယ်လောက် ရှာရ ရှာရ၊ မေမေ့အတွက် ဘယ်လောက်ပဲ လုပ်ပေးရ လုပ်ပေးရ နွယ်ပဲ လုပ်ပေးချင်တယ်၊ မေမေ့ကိုတော့ မပေးနိုင်ဘူး၊ နွယ်တို့မှာ အမေလဲ မရှိ တော့ဘူး၊ မေမေကပါ ပစ်သွားဦးမယ်ဆိုရင်တော့'

'ဘယ်သူက ပစ်သွားမယ်ပြောလို့လဲ မနွယ်ရယ်၊ ခုလိုပဲ မနွယ်တို့နဲ့ အတူတူနေမှာပါ'

နွယ်က မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုချလိုက်သည်။ နွယ့်ကို ချောင်းဖျ ပြောဆိုရန် စေလွှတ်ခြင်းခံရသော အဒေါ်ကြီးမှာ နွယ် အနိုင်တိုက် အောင် စောင့်နေရသည်။ သို့သော် ထိုနေ့က နွယ် မျက်ရည်မစဲ။ မေမေသည် နွယ့်ထံသို့ ပြန်မလာခဲ့ချေ။

အမှောင်ထုက ဖုံးမိုးလာသည်။ ပတ်ဝန်းကျင်တွင် မှောင်မည်း၍ လာလေလေ တိတ်ဆိတ်၍လာလေလေ အမှောင်ထဲမှာ နွယ်တစ်ယောက် တည်း ငိုနေမိသည်။

www.burmeseclassic.com



ယခုတော့လည်း နွယ် ကြိုးစားလုပ်ကိုင်ခဲ့သမျှသည် ဘာမျှ အရာ မထင်တော့ပါချေ။ အိမ်ရှင်မတစ်ယောက် ယိုယွင်းသွားသောနေရာကို အိမ်ရှင်မတာဝန်အတိုင်း ဖြည့်စွက်ပေးလိုက်ရုံမျှဖြင့် ပြည့်စုံမည်ဟု ထင်ခဲ့သည်။ မိခင်မေတ္တာ လျော့ပါးသွားသောနေရာကို မိခင်မေတ္တာ အစားထိုးလိုက်ရုံမျှဖြင့် ပြီးမြောက်သွားမည်ဟု မျှော်လင့်ခဲ့သည်။ နွယ့်တွင် ရှိသမျှ အင်အားဖြင့် ကြိုးစားတည်ဆောက်ခဲ့သော မိသားစုဗိမာန်ကြီးမှာ ပြိုပျက်သွားခဲ့ချေပြီ။ နွယ် အနစ်နာခံသမျှ ဆုံးရှုံးခဲ့ရသမျှသည် အားလုံး အချည်းနှီး။

မီးခလုတ်ကို စမ်း၍ ဖွင့်လိုက်သည့်အခါ ဝါကျင်ကျင် မီးလုံးရောင်သည် အမှောင်ထဲတွင် အားနည်းစွာ ပေါ်ထွက်လာ၏။ မောင့် တေးသံပါသည့် တိတ်ခွေကို ကက်ဆက်ထဲထည့်ပြီး ခလုတ်ကို နှိပ်ချလိုက်သည်။ အသံကို အကျယ်ဆုံးအနေအထားသို့ မြှင့်လိုက်သည်။ တစ်အိမ်လုံး၊ တစ်ခြံလုံး၊ တလောကလုံး ဆူညံ၍သွားစေသည်။

သွားပြီ၊ အားလုံး သွားပြီ၊ တစ်ယောက်မှ မရှိတော့ဘူး။

နွယ့် ဆံပင်များသည် ဖားဖားဝေလျက်၊ မျက်ရည်စက်များသည် နွယ် လျှောက်ဖွင့်ထားသော ပြတင်းပေါက်ကျယ်ကြီးများမှ တိုးဝင်လာသည့် လေစိမ်းစိမ်းတွင် လွင့်ပါးသွေ့ခြောက်၍ သွားကြလေသည်။

\+ \+ \+

'နွယ်၊ သမီးရယ်'

မေမေ့အသံကို ဝိုးတဝါး ကြားရသည်။

'နွယ်၊ နွယ်'

အခြားအသံတစ်သံကို ကြားရပြန်သည်။

နွယ်က မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်မိသည်။ စိုးရိမ်ကြောင့်ကြစွာ ကြည့်နေသော မျက်နှာများကို မှုန်ဝါးဝါးမြင်ရစ ပြုလာသည်။

www.burmeseclassic.com



"သတိ ရလာပြီ"

အသံတစ်သံကို ကြားရပြန်၏။

"သွား သွား၊ တစ်ယောက်မှ မလာကြနဲ့"

နွယ်က ထူးရူးစွာ အော်လိုက်သည်။

"သတိထားပါ သမီးနွယ်"

လက်တစ်ဖက်က နွယ့်ကို ကြင်နာစွာ လာရောက်ဆုပ်ကိုင်လိုက်သည်။ နွယ်က မျက်စိအစုံကို ပြန်၍ မှိတ်ထားလိုက်၏။ နွယ့် တစ်ကိုယ်လုံး ချွေးစေးများဖြင့် စေးကပ်၍နေလေသည်။ ဒူးဆစ်အထိ ခြေဖျားများက အေးစက်၍ နေ၏။

"အိပ်ပျော်အောင် အိပ်လိုက်ပါ ခေး၊ သူ့ကို အနှောင့်အယှက် မပေးပါနဲ့"

ဆရာဝန်အသံနှင့်တူသော အသံတစ်သံကို ကြားနေသည်။ နွယ့် မျက်လုံးများ မှေးစင်း၍ အိပ်ပျော်သွားလေသည်။ စိတ်မှန်တိုင်းသည် ခေတ္တငြိမ်သက်သွားပြန်၏။

\+ + +

နွယ် နေမကောင်းဘူးမောင်၊ နွယ့် အသားတွေဟာ ဖြူပြီးရော်နေကြတယ်။ သွေးမရှိသလိုပဲ။ နွယ့်ကိုယ်နွယ် မှန်ထဲမှာ မကြည့်ရဲဘူး။

မောင် ဘာလို့ သီချင်းအသစ်တွေ ထပ်ထပ်ဆိုနေတာလဲ ဟင်၊ မောင့် သီချင်းတွေက နားထောင်လို့လဲ မကောင်းတော့ပါဘူး။ မျက်စိကို စုံမှိတ်ပြီး အော်နေတဲ့အသံမျိုးတွေ နွယ် နားမထောင်ချင်ဘူး မောင်၊ နွယ်တော့ မောင် ပထမဆုံးဆိုတဲ့ သီချင်းတွေကိုပဲ ကြိုက်တယ်။ အလွမ်းသံလေး။

ဟိုတစ်နေ့ကပေါ့၊ မောင့်သီချင်းတွေ နားထောင်ရင်း နွယ် အိပ်ပျော်သွားတယ်။ အဲဒီနေ့အကြောင်းတော့ မပြောချင်တော့ပါဘူး

www.burmeseclassic.com



မောင်ရယ်။ ဖေဖေရယ်ပေါ့၊ မိန်းမယူတော့မလို့တဲ့။ နှယ်သိပ်စိတ်ညစ်တာပဲ မောင်ရယ်။

ညီမလေးတွေလဲ နှယ့် အနားမှာ တစ်ယောက်မှ မရှိကြတော့ဘူး မောင်၊ သူတို့ဘဝရေးရေးအတွက် သူတို့လမ်းကို သူတို့ဘာသာ လျှောက်သွားကြပြီ။ နှယ့် အကူအညီကို မလိုတော့ဘူးတဲ့၊ နှယ့် အတင်းကို သူတို့ ပြောပြောနေကြတာ နှယ် ကြားတယ်။ ခုတော့ နှယ့် အဆူအပူကလွတ်လို့ သူတို့ စိတ်ချမ်းသာနေကြပြီ။

နှယ်လေ ညီမလေးတွေကို သိပ်ချစ်ပါတယ် မောင်ရယ်။ ဒါပေမဲ့ နှယ် ဘာလို့ သူတို့ကို ဆူမိ ပူမိသလဲ မသိဘူး။ အလကား နေရင်း စိတ်တိုနေတတ်တာ နှယ့် အကျင့်ပဲ၊ အစက ဒီလိုမဟုတ်ပါဘူး၊ မောင်နဲ့တုန်းက ဒီလို မဟုတ်ပါဘူးနော်၊ နှယ် ဘာဖြစ်နေလဲ မသိဘူး။

ဟုတ်တယ်မောင်၊ နှယ် ဘာဖြစ်နေလဲမသိဘူး။ ဆရာဝန်က နှယ့်ကို စိတ်ငြိမ်ဆေးတွေချည်း တိုက်နေတာပဲ၊ နှယ် ရူးနေပြီလား ဟင်။

နှယ် မောင့်ဆီကိုလာချင်တယ် မောင်ရယ်။ ခုတော့ နှယ့်မှာ အနှောင်အဖွဲ့လဲ မရှိတော့ပါဘူး၊ နှယ့်ကို ဘယ်သူကမှလဲ တားဆီး မထားတော့ပါဘူး၊ ဘယ်သူကမှလဲ မလိုလားတော့ပါဘူး၊ မောင် ကရော နှယ့်ကို လက်ခံမှာလား ဟင်။

မောင်နဲ့ စေ့စပ်ကြောင်းလမ်းထားတဲ့ မိန်းကလေးကရော၊ သူက ကျေနပ်ပါ့မလား။ မောင်တို့ချင်း မချစ်ကြဘူးဆိုတာ တကယ် ဟုတ်ရဲ့လား မောင်ရယ်။

သည်စာကိုတော့ မောင့်ဆီကို ရောက်အောင်ထည့်တော့မည်။ နှယ့်စာကို ဖတ်ရလျှင်တော့ မောင် ဝမ်းသာမည်ပဲထင်ရဲ့။ နှယ်ရေ မြန်မြန် လာပါတော့။ မောင် ကြိုနေပါ့မယ်ဆိုတဲ့ စာတွေကိုပဲ တစ်စောင်ပြီး တစ်စောင်

www.burmeseclassic.com



ပြန်ရေးလိမ့်မည်။ နွယ့်ကိုပဲ မောင် ချစ်တာပါ၊ နွယ့်ကိုပဲမောင် လက်ထပ်မှာပါ ဟုလည်း တဖွဖွ ဆိုလိမ့်မည်။

နောက်ဆုံးတော့လဲ လူတွေဟာ ကိုယ့်ဖို့သာ ကိုယ်လုပ်ကြတာပါပဲ။ ကိုယ့်လမ်း ကိုယ်သွားကြရတာပဲ။ ကိုယ့်အလှည့်ကျတော့ ဘယ်သူက ကူမှာလဲ။

ယခုတော့ နွယ့် ခရီးအတွက် နွယ် ပြင်ရပေပြီ။ မိသားစုဘုံဗိမာန်မှ နွယ်တစ်ယောက် နောက်ဆုံးမှ ခွာတော့မည်။ နွယ့်နောက်တွင် လှည့်ကြည့်စရာ ဘယ်သူမှ မရှိပြီ။

အနာဂတ်ခရီးအတွက်တော့ မောင်နှင့် ဆွေးနွေးရဦးမည်။ ယခုလို အခြေအနေမှာတော့ မောင်က လက်ထပ်ကြစို့ဆိုလျှင်လည်း လက်ထပ်ရုံသာ။ မောင်က ကျောင်းနေစေချင်သေးလျှင် ကျောင်းသူလေး ပြန်လုပ်ပြီး ယခင်ကလို ညနေတိုင်းအညွန့်ခန်းမှနေ၍ မောင့်အလာကို စောင့်ကာ စကားတွေ ပြောနေမည်။ ကံကောင်တန်းမှာ လမ်းလျှောက်ချင် လျှောက်လိုက်ဦး။ နွယ့်ဘေးမှာ မောင်က သီချင်းလေးတစ်ပုဒ်ညည်းပြီး လိုက်လာမှာ မြင်ယောင်သေးသည်။

မျှော်လင့်ချက်အပြည့်ဖြင့် စိတ်ဆောင်၍သာ ထွက်လာခဲ့ရသည်။ နွယ့် ခန္ဓာကိုယ်က ယိုင်နဲ့နဲ့။

မောင်နှင့် တွေ့ရဖို့သာ စိတ်စောနေသည်မို့ နွယ့် ခြေလှမ်းများက မောင်နှင့် အမြန်ဆုံး ဆက်သွယ်နိုင်မည့် နေရာသို့သာ ဦးတည်နေသည်။ သူငယ်ချင်း မြမတို့အိမ်။ သည်အချိန်ဆိုလျှင် မြမ သူ့အစ်ကိုအိမ်မှာ ရှိမည်။ တက္ကသိုလ်အဆောင်ရောက်နေသည့်တိုင် ကျောင်းပိတ်ရက်တိုင်း မြမက သူ့အစ်ကိုအိမ် ပြန်နေတတ်သည်ကို နွယ် သိသည်။ မြမတို့အိမ်က ဖုန်းဆက်လိုက်လျှင် မောင်တစ်ယောက် အပြေးရောက်လာမည်သာ။

နွယ့်ကိုမြင်တော့ မြမက အလွန်အမင်း အံ့သြသွားဟန်ဖြင့် မျက်လုံးများ ပြူးကာ ကြည့်နေလေသည်။

www.burmeseclassic.com



"နွယ်ရယ် ဝိန်လိုက်တာ၊ စာကလေးတစ်စောင်မှ ရေးဖော်မရဘူး အံ့ရော၊ အခု လာလည်တာလားဟင်"

"ဟုတ်တယ်၊ မောင်နဲ့ တွေ့ချင်လို့"

"ဘာရယ်"

"ဟုတ်တယ်၊ မောင်နဲ့ တွေ့ချင်လို့ ကြီးကြီးမြတို့အိမ် မသွားသေးဘဲ ဒီကို အရင်လာတာ၊ မောင်နဲ့ စကားပြောပြီးမှ ကြီးကြီးမြတို့အိမ် သွားမယ်၊ နွယ် ကျောင်းပြန်တက်မယ် သိလား၊ ဒါပေမဲ့ မောင်က မတက်နဲ့ဆိုရင် တော့ မတက်တော့ဘူး၊ မောင့် သဘောပဲ"

ဖြူမက ယခုအချိန်အထိ နွယ့်ကို အထူးအဆန်းသဖွယ် ကြည့်နေဆဲ။ တိုက်ဆိုင်လိုက်တာ တိုက်ဆိုင်လိုက်တာဟုလည်း စိတ်ထဲမှ ရေရွတ်နေသည်။ တိုက်ဆိုင်သည်ကတော့ မပြောနဲ့တော့။ ယခုပဲ ဖြူမက ကျော်ဝဏ္ဏ၏ နောက်ဆုံးပေါ် တေးသံ တိတ်ခွေကို ဖွင့်ထားသည်။

နွယ်က တယ်လီဗုန်းနားလျှောက်သွားသည်။ တယ်လီဗုန်းကိုမကိုင်မီ မောင့်သီချင်းသံကို နားစွင့်မိသွားသည်။

"ဖြူမရော အဲဒီသီချင်းတွေ မဖွင့်ပါနဲ့၊ တို့ပထမဆုံးကြိုက်ခဲ့တဲ့ သူ့ သီချင်းတိတ်ခွေ နွယ့်ဆီမှာပါတယ်၊ အဲဒါဖွင့်"

နွယ်က တိတ်ခွေကို ဖြူမဆီ လှမ်းပေးသည်။ ဖြူမကလည်း ကလေးကလားဆန်စွာဖြင့် သီချင်းလဲ၍ ဖွင့်ပေးလိုက်သည်။ နွယ်က ကျေကျေ နပ်နပ် ပြုံးလိုက်၏။

"မိတယ်ဟေ့၊ မောင့်သီချင်းလေးနားထောင်ရင်း မောင်နဲ့ စကားပြော ရမယ်၊ မောင် အိမ်မှာရှိပါစေ"

နွယ်က ဘုရားသခင်ထံ ဆုတောင်းဟန်ပြုလိုက်၏။ ပြီးတော့မှ တယ်လီဗုန်းနံပါတ်များကို ဖြည်းဖြည်းလှည့်သည်။ မောင့်သီချင်းသံက ပျံ့လွင့်လာသည်။

"ကိုကျော်ဝဏ္ဏ ရှိပါသလားရှင်"

www.burmeseclassic.com



'ရှင်၊ သူ မရှိဘူးလား'

'ရှင် ဘယ်သွားတယ်'

'ရှင် သူ ဒီနေ့'

'သူ ဒီနေ့ မင်္ဂလာဆောင်တယ် ဟုတ်လား'

'ဪ အင်းယားလိပ်မှာ'

'ဪ'

ဖြူမက နှယ့်လက်ထဲမှ တင်းတင်းဆုပ်ထားသော တယ်လီဖုန်းခွက်ကို ဖြည်းယူပြီး ပုခက်ပေါ် ပြန်တင်လိုက်သည်။ နှယ်က ဖြူမ ဖွင့်ထားသော ကက်ဆက်နားကို ပြေးသွားလေသည်။

နှယ့် ဆံပင်များက ဖားဖားဝေလျက်။

မောင့် တေးသံများက ပျံ့လွှင့်လျက်။

[ငွေတာရီ ။ ။ ဒီဇင်ဘာ၊ ၁၉၇၅]

# အဖြူရောင်နှလုံးသား

သည်နေ့တစ်ရက်ပဲ နားမည်ကြံကာရှိသေးသည် လူနာအသစ်က ရောက်လာပြန်သည်။ ပြောမည့်သာ ပြောရသည်။ အပြင်သွားသည်ကိုပင် စိတ်က မဖြောင့်။ ဆေးရုံကလာခေါ်လျှင် သေသေချာချာမေးထားလိုက်ဖို့ လူနာနာမည်၊ အဆောင်အမှတ် စသည် သေသေချာချာ မှတ်ထားလိုက်ဖို့ ဒေါ်ဒေါ်ကို မှာရသည်။ စာရွက်လွှတ်နှင့် ခဲတံကိုလည်း စားပွဲပေါ်မှာ အသင့်တင်ထားခဲ့ရသည်။ ဒေါ်ဒေါ်က နားလေးသည်မို့ လာသည့်လူကို ရေးမှိုင်းရန် ပြောရသည်။ သို့တိုင်အောင် စိတ်က မဖြောင့်။

ပြီးခဲ့သည့် လူနာကို ဆယ်ရက်တိတိ စောင့်ပေးလိုက်ရသည်။ လူနာက အသွားကြီး၊ အသက် ၅၀ ကျော်ပြီ။ လူကတော့ ဝဖြိုးဖြိုး၊ ပစ္စည်းဥစ္စာကလည်း ပြည့်စုံသည်။ ဖြစ်သည့်ရောဂါက ထုံးစံအတိုင်း သွေးတိုးရောဂါ ။ ဂျီးများလိုက်သည်မှာလည်း မပြောနှင့်။ ခိုင်းတတ်လိုက်သည်မှာလည်း မပြောနှင့်။ သူတို့ မိသားစုကလည်း အဖြစ်သည်းလိုက်သည်မှာ ဆိုစရာမရှိ။ ဆရာဝန်ညွှန်ကြားသည်ကတစ်မျိုး။ သူတို့လုပ်ချင်တာက တစ်မျိုး။ သဘောပေါက်အောင် ပြောပြလို့လည်း မရ။ ကျက်ရည်

www.burmeseclassic.com



ပေါက်ပေါက်ကျချင်အောင် စိတ်ညစ်ညူးရသည်။ သည်လိုလူနာမျိုး ၁၀ ရက် စောင့်ရပေလို့သာ။ တစ်လလောက်များစောင့်ရလျှင် ကိုယ်ပါ လဲသွားမည်လား မသိ။

မနေ့ကပင် လူနာကို အိမ်အထိ လိုက်ပို့လိုက်ရသည်။ လူနာရှင်တွေကလည်း အိမ်အထိ ပြန်လိုက်ပို့ပေးသွားသည်။ လက်ဆောင်စားစရာတွေလည်း ပေးသေးသည်။ ဖြူကလည်း အတန်တန်ငြင်း၏။ ပေးသူကလည်း အတင်းပေးသည်။ ကျေးဇူးတင်လွန်းလို့ပါဟု ဆိုသည်။ ကျေးဇူးတင်ဖော်ရသည့်အတွက် ပြန်၍ ကျေးဇူးတင်မိရ၏။ သူတို့ ပြန်သွားတော့ စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားကာ ခြေပစ်လက်ပစ် အိပ်လိုက်မိသည်။ သူ ပင်ပန်းနေသည်မို့ လူနာလာလျှင် သူ့နာမည်ကိုမပေးဘဲ တစ်ရက်နှစ်ရက် ချန်ထားရန် ဆေးရုံမှာ မှာခဲ့သည်။ စိတ်ရော လူပါ အနားယူပစ်လိုက်သည်။

သည်နေ့မနက် အိပ်ရာမှ လန်းဆန်းစွာ နိုးလာ၏။ နေမြင့်အောင် အိပ်လိုက်ရသဖြင့် စိတ်ကျေနပ်မှုတစ်မျိုးရရှိကာ အားပြန်ပြည့်လာသလို ခံစားလိုက်ရသည်။ ပြီးတော့ တွင်းရေကို တဝကြီး ချိုးပစ်သည်။ ဖြူတို့ ဘက်မှာ တွင်းရေကိုသာ အားထားရသည်။ ဆေးရုံက ပိုးသတ်ဆေးနံ့သင်းသော ရေကို ထိတွေ့ရဖန်များသဖြင့် တွင်းရေအေးအေးလေးကို ဖြူ ပို၍နှစ်သက်သည်။ မိုးတွင်းဆိုလျှင် မိုးရေချိုးရသဖြင့် တစ်မျိုးလန်းဆန်း ပြန်၏။ ဖြူတို့အိမ်လေးကလည်း နှစ်သက်စရာ။ ခြံဝင်းကျယ်ကျယ်မှာ သစ်ပင်တွေစုံအောင် စိုက်ထားသည်။ အိမ်ကတော့ တဲသာသာလေး။ အပါး ရှိတုန်းက စိုက်ထားသည့် အပင်တွေဆိုပါတော့။ အပါးဆုံးတာ ငါးနှစ်ပြည့် တော့မည်။ အပါးမရှိကတည်းက အမိုး သည်အိမ်မှာ သိပ်မနေ။ နယ်လှည့် အမှုထမ်းနေသော အစ်ကိုနောက်ကိုသာ တကောက်ကောက် လိုက်နေ၏။ ဖြူ့ကိုတော့ အပါး၏ညီမ ဒေါ်ဒေါ်နှင့် စိတ်ချစွာ ထားရစ်ခဲ့သည်။ အမိုးက ကရင်အမျိုးသမီး ဖြစ်သော်လည်း အပါးက မြန်မာလူမျိုး ဖြစ်သည်။

www.burmeseclassic.com



သို့သော်လည်း အမိုးနှင့်လိုက်အောင် အပါးကို အပါးဟုပဲ ခေါ်ဖြစ်ခဲ့သည်။ ယခု အပါးမရှိတော့သော်လည်း အဖိုးကြီးဖြစ်သူ ဒေါ်ဒေါ်သည် အမိုးနှင့် အတူ ဆိုးတူကောင်းဖက် နေလာခဲ့သည်။ အမိုးသည် စိတ်ထက်သော်လည်း စေတနာကောင်း၏။ ဒေါ်ဒေါ်သည် အေးအေးပြီး ရိုး အ လှ၏။ သည် သမီးယောက်မကြားမှာ မည်သည့်ပြဿနာမျှ မရှိခဲ့။ သူတို့ မိသားစုမှာ ဆိုးချင်တောချင်သည်က အစ်ကိုသာပဲဖြစ်၏။ ဘာမဆို စိတ်မြန်လက်မြန် လုပ်တတ်သည်။ ပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေအောင် မနေချင်။ သူ မှန်သည်ထင်ရာကို သူ စွပ်လုပ်တတ်၏။ ထို့ကြောင့် အမိုးက သူ့သား ကို နည်းနည်းလေးမျှ စိတ်မချ။ နောက်က တကောက်ကောက် လိုက်ထိန်း နေတတ်သည်။ လိုက်ထိန်းသည်ဆိုသည့်တိုင် သားဘက်က မှန်သည်ထင် လျှင် အမိုးကပါ သားဘက်က ရပ်တည်လေ၏။ လိုက်လည်း လိုက်သည့် သားအမိ။

ဖြူသည် အစ်ကိုနှင့် အမိုးအကြောင်း စဉ်းစားမိရာမှ မောင့်ကိုလည်း သတိရမိပြန်သည်။ မောင့်ကို အမိုးကရော အစ်ကိုကပါ သဘောကျသည် မဟုတ်ချေ။ မောင်နှင့် ဖြူတို့မိသားစုက အခြေခံချင်း မတူ။ ပေါင်းစည်း၍ မဖြစ်ဟု အမိုးတို့က ယူဆ၏။ ဘာသာချင်းမတူတာကို ထားဦး။ မောင်၏ နူးညံ့ပျော့ပျောင်းဟန်နှင့် ပြည့်ဝချမ်းသာခြင်းကပင် ဖြူတို့ဘဝနှင့် ကွာခြား နေ၏။ ဖြူတို့မိသားစုက ဘဝကို ကျရာမှနေ၍ မတုန်မလှုပ် ရင်ဆိုင် တတ်သည့် နေရာတွင် အသွင်တူကြလေသည်။

လွန်ခဲ့သည့် တနင်္ဂနွေနေ့ နှစ်နေ့လုံး လူနာစောင့်ခဲ့ရသဖြင့် မောင်နှင့် မတွေ့ခဲ့ရချေ။ သည်တနင်္ဂနွေမှာ နားခွင့်ရပါမှ်မည်ဟု မျှော်လင့် ခဲ့သော်လည်း မနားရပြန်။ မနက်က မောင်နှင့်တွေ့စဉ်ကတော့ မတင်မကျ ပြောဖြစ်ခဲ့သည်။ မိန်းကလေးသိက္ခာကို ရှည်ရှည်ဝေးဝေး မတွေးနိုင်ဘဲ မောင့်ရုံးကို သွားတွေ့ခဲ့ရသည်။ အားပြည့်လန်းဆန်းသော အပြုံးမျက်နှာဖြင့် မောင့်ဆီ ရောက်ခဲ့၏။ စေးရုံနံ့ကင်း၍ စက္ကူနံ့လှိုင်နေသော မောင့်ရှေ့က

www.burmeseclassic.com



စားပွဲမှာ ထိုင်ရသည်မှာ ကြောင်စီစီတော့ နိုင်သေး။ စာရေးမလေးတွေက သိပြီးသား ဖြစ်နေသော်လည်း မသိမသာ ချောင်းကြည့်ကြသေးသည်။ မောင်က ခဏကလေးစောင့်နေနော် ဖြူဟု ဆိုကာ သူ့စားပွဲပေါ်မှ စာရွက်တစ်ထပ်ကြီးကို ဖတ်မကြည့်ဘဲ လက်မှတ်ထိုးနေ၏။ ကောင်လေးတစ်ယောက်က လက်ဖက်ရည်တစ်ခွက်လာချပေးသည်။ ဖြူ သောက်နော်ဟု မောင်က ပြော၏။ ဖြူ မသောက်ချင်တော့ဘူး၊ ပြီးတော့ မောင်နဲ့အောက်ဆင်းပြီး တစ်ခုခုစားရအောင်၊ ဖြူ ကျွေးပါ့မယ်ဟု ပြောလိုက်၏။ ဖြူက ဝင်ငွေ ကောင်းနေတာကိုးဟု မောင်က ပြောပြီး သူ့အလုပ်တွေကို ဆက်လုပ်နေလေသည်။

ရုံးနှင့်နီးသော နန်းယုစားသောက်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ လုံချည်ပြာပြာ အင်္ကျီဖြူဖြူနှင့် မဟုတ်ဘဲ ပန်းရောင်အင်္ကျီချော့ချော့၊ အနက်ရောင်ဖြင့်စပ်ထားသော ကချင်လုံချည်စင်းလေးနှင့် ဖြူ့ကို မောင်က ရွှန်းရွှန်းစားစားကြည့်၏။ ခေါင်းပေါ်မှာ ကက်ပ်အဖြူကလေး ဆောင်းမထားသဖြင့် ဖြူ့မျက်နှာက ရှင်းနေသည်။ ကက်ပ်လေး ဆောင်းထားမှ ဖြူက ပိုလှတာဟု မောင်က ပြောမှုလေသည်။

‘စားလေ ဖြူ၊ မောင်က ခေတ္တခဏကလေးတင်ပဲ ထမင်းစားထားလို့၊ ဖြူ လာမယ်မှန်းမှ မသိတာ’

‘အချောကြီးရှိသေးတယ်၊ ထမင်းစားပြီးနေပြီလား’

‘မဆာသေးပါဘူး၊ သူများတွေ စားနေတာတွေ့တာနဲ့ ဝင်စားလိုက်တာ’

‘စာရေးမလေးတွေက အတင်းခေါ်ကျွေးလို့ ဆိုပါတော့’

မောင်က ရယ်မော၏။

‘ဖြူက သဝန်တိုတတ်သားပဲ၊ သဝန်တိုတတ်ရင် စားလဲ စားနာတတ်ရမယ်’

ဖြူ ခေါင်းကို ငုံ့လိုက်မိလေသည်။

www.burmeseclassic.com



'သဝန်တိုလို့ပြောတာ မဟုတ်ပါဘူး မောင်ရယ်၊ ဖြူက မောင့်ကို အချိန်မပေးနိုင်ဘူးမဟုတ်လား၊ အဲဒါ စိတ်မကောင်းလို့ပါ'

'ဟောကြည့်၊ ဖြူ စကားလွှဲပစ်လိုက်ပြီ'

'မဟုတ်ရပါဘူး မောင်ရယ်၊ ဖြူ့ ဘဝကို မောင် နားလည်အောင်လို့ပါ'

'ထဲပါ ဖြူရယ်၊ နှစ်ယောက်အတူတူ စားကြမယ်'

ဖြူနှင့် မောင်တို့ကြားမှာ ပြဿနာကြီးကြီးကျယ်ကျယ် မရှိဘူးဆိုသည့်တိုင် ရင်တွင်းခံစားချက်လေးတွေကတော့ အသီးသီးရှိခဲ့ကြသည်သာ။ မောင်က ဖြူ့အလုပ်နှင့်ပတ်သက်၍ သဘောမကျနိုင်သည်ကို ဖြူ နားမလည်၊ ဖြူတို့အလုပ်ကို စေတနာဟု မောင်က မမြင်ဘဲ စိတ်မချစရာ အဖြစ်သာ မြင်သည်။ လူနာကို သဒ္ဓါကြည်ဖြူစွာ ဆက်ဆံရခြင်းသည် မိန်းကလေးတို့၏ ဂုဏ်ရည်သိက္ခာကို ထိခိုက်စေပါသလား။ မောင်နှင့် ဖြူတို့ စတင်တွေ့ဆုံခဲ့သည့် အဖြစ်ကပင် ဖြူ့အပေါ် အထင်သေးစရာ ဖြစ်ခဲ့ရသေးလား မသိ။

'စားလေ၊ ဖြူ ဘာတွေ စဉ်းစားနေတာလဲ'

မောင်နှင့်တွေ့မှ အားရပါးရ စားမည်ဟု တွေးကာ ဘာမျှမစားဘဲ နေခဲ့သောဝမ်းသည် အလိုလို ပြည့်သွားလေသည်။

'ဒီတနင်္ဂနွေတော့ မောင်တို့ ရုပ်ရှင်ကြည့်နိုင်မှာပေါ့နော်'

ဖြူသည် မောင့်ကိုသာ မပံ့မရဲမော်ကြည့်မိလေသည်။

'ဖြူ မနေ့ကမှ အော့ဖ်ရတယ် မောင်၊ တစ်ရက် နှစ်ရက်တော့ နားဦးမယ်လို့ မှာခဲ့တာပဲ၊ ဒီနေ့မှ ကြာသပတေးနေ့ဆိုတော့ ပြောတော့ မပြောနိုင်ဘူး မောင်'

မောင်က သက်ပြင်းကို မသိမသာချ၏။ ဖြူကလည်း ခိုး၍ ရှိုက်လိုက်မိသည်။ ဖြူတို့နှစ်ယောက် ဆိုင်ထဲမှ ပြန်ထွက်လာတော့ မှာထားသော အစားအစာတွေ သည်အတိုင်း ကျန်ရစ်လေသည်။

www.burmeseclassic.com



"ဖြူ့ကို မောင် ဘယ်အထိ လိုက်ပို့ရမလဲ ဟင်"

"နေပါစေ၊ မောင် လိုက်မပို့နဲ့တော့၊ ဖြူ ဈေးဝင်ဦးမှာ"

"စနေနေ့အထိ ဖြူ အားနေဦးမယ်ဆိုရင်တော့ ရုံးဆင်းရင် မောင် ဖြူတို့အိမ်ကို လာခဲ့မယ်"

ဖြူက ခေါင်းကို ညိတ်လိုက်သည်။

ပြီးတော့ တစ်ဘက်သို့ ခြေလှမ်းပြင်ပြီးကာမှ မောင့်ဘက်ကို ပြန်လှည့်မိလေသည်။

"နေဦး မောင်"

မောင်က ရပ်စောင့်နေ၏။

"တကယ်လို့များ ဖြူ ဂျူတီပြန်ဝင်နေရရင် မောင့်ကို ဖုန်းဆက်လိုက်မယ်နော်"

မောင်သည် ခေါင်းငိုက်စိုက်ချ၍ ပြန်လှည့်သွားလေသည်။

ဈေးထဲမှာလှည့်၍ မိန်းမအသုံးအဆောင်လေးတွေ လိုက်ဝယ်နေမိသော်လည်း စိတ်မဖြောင့်၊ မောင့်ဆီကိုလည်း အတွေးကရောက်သည်၊ အိမ်ကိုလည်း စိတ်မချ။ လူနာရှင်တစ်ဦးဦးများ ရောက်နေလေမလား၊ ဒေါ်ဒေါ်နဲ့မှ စကားပြောလို့ အဆင်ပြေပါ့မလား။ ဖြူ ဘယ်လောက်ပင် နားချင်သည်ဆိုဆို အရေးကြီးသည့် လူနာတစ်ဦးရောက်လာလို့ ဆရာမ ငှားချင်သည်ဆိုလျှင် ဝါဒ်ထဲက ဆရာမတွေက ဖြူ အား မအား အရင် ကြည့်ကြသည်။ ဖြူအားနေလျှင် ဖြူ့ဆီသို့ပင် လွှတ်လိုက်ကြသည်သာ ဖြစ်၏။ ဖြူနှင့်ဆိုလျှင် လုပ်ရကိုင်ရတာ အဆင်ပြေသည်တဲ့။ ဖြူက လူလွတ်ဆိုတော့ အချိန်ကိုလည်း ပေးစားသည်။ လူနာကိုလည်း ဂရုစိုက်နိုင်သည်။ သက်ဆိုင်ရာ ဆရာဝန်တွေ ညွှန်ကြားသည့်အတိုင်းလည်း စေ့စေ့စပ်စပ်လုပ်သည်။ ဖြူ့ စေတနာကို အားလုံး နားလည်ကြ၏။ သို့သော် မောင်ကတော့ ဖြူသည် ငွေကြေးအတွက် မနားမနေ ရှာဖွေလုပ်ကိုင်

www.burmeseclassic.com



နေသည်ဟုသာ ထင်နေဆဲတည်း။ အင်းလေ မြှုဘာတကိုမှ မောင် နားမလည်ဘဲ။

အိမ်ပြန်ရောက်တော့ မြှု ထင်သည့်အတိုင်းပင်။ စားပွဲပေါ်မှ စာရွက်ကို ဒေါ်ဒေါ်က လက်ညှိုးထိုးပြ၏။ မြှု ရင်မောသွားသည်။ သည်အတိုင်းဆိုလျှင် သည်တနင်္ဂနွေလည်း မောင်နှင့် လွဲရပေဦးမည်။

'ဘယ်နေ့လာရမယ်လို့ ပြောသွားလဲ ဒေါ်ဒေါ်'

'အဲဒီစာရွက်ထဲမှာ ရေးခိုင်းထားတယ်လေ၊ နားလည်အောင် အစေနိုင်ရော'

'ဘယ်နေ့လဲလို့မေးတာ ဒေါ်ဒေါ်ရဲ့၊ ဒီနေ့လား နက်ဖြန်လား'

မြှုက အသံကိုမြှင့်၍ ပြောလိုက်ရသည်။ တစ်ခါတစ်ရံ ခွဲစိတ်ခန်းဝင်မည့် လူနာတွေက နေ့ချင်းလာစေခါတတ်သည်။

'ပြော် အေးအေး၊ အောအောပြန်ရောက်ရင်လဲ ဒီနေ့ လာခဲ့ပါတဲ့၊ နောက်ကျရင်တော့ နက်ဖြန်မှပဲလာပါတဲ့၊ မနက်ဖြန်ပဲသွားတော့လေ'

မြှုသည် မောမောနှင့် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

'ဘာဟင်းချက်ထားသလဲ ဒေါ်ဒေါ်'

'ဟော၊ ဆီးချိုရောဂါ ဆိုလားပဲကွယ်'

မြှုသည် စိတ်မောလွန်းသဖြင့် ဘာမျှ ထပ်မမေးဖြစ်တော့ပေ။ စားပွဲပေါ်မှ စာရွက်ကလေးကိုသာ ငေး၍ ကြည့်နေမိ၏။ ထိုစာရွက်ကလေးတစ်ခုသည် တစ်ချိန်က မြှုနှင့် မောင့်ကို တွေ့ဆုံစေခဲ့သည် မဟုတ်ပါလား။

\+ \+ \+

'ဆရာမလေးက အငယ်လေးရှိသေးတာကိုး'

သည်တုန်းက မောင့်ကို မမြင်ဘူးသေး။ မောင့်မိခင်ကို မြင်မြင်ချင်းတော်တော် ရုပ်ရည်သန့်ပြန့်တဲ့ မိန်းမကြီးပဲဟု စိတ်တွင်းမှ ချီးကျူးလိုက်မိ၏။

www.burmeseclassic.com



အဝတ်အစားကလည်း သပ်ရပ်သန့်ရှင်းသည်။ မျက်နှာကလည်း ချိုၿ။ စိတ်ကတော့ အနိုးတို့လိုပင် ထက်မြက်ပုံရသည်။ ဖြူသည် ပထမဆုံး လူနာအမျိုးသမီးကြီး၏ လက်ကို ဆုပ်ကိုင်လိုက်မိသည်။

"ဒေါ်ဒေါ်နာမည် ဒေါ်မအောင်နော်"

ဖြူ က မိတ်ဆက်သည့် အနေဖြင့် မေးလိုက်ခြင်း ဖြစ်၏။ လူနာ အမည် ရောဂါအမျိုးအစား စသည်တို့ကို လူနာမှတ်တမ်းထဲမှာ တွေ့ပြီး ပေပြီ။ ဖြူက သင်တန်းပြီးစ အလုပ်ခန့်စာမရမီ ဝင်လုပ်ရသည်မို့ စိတ် က အနည်းငယ်ရှက်ရွံ့နေသေးသည်။ သို့သော် ချက်ချင်းပင် မိမိကိုယ်ကို အားပေးလိုက်ရသည်။ သူ့ကိုယ်သူ အားပေးသည့်အနေဖြင့်ရော လူနာကို အားပေးသည့်အနေဖြင့်ပါ ပြုံးပြလိုက်ရသည်။

"ဘုရားသိကြား မ တာပဲကွယ်၊ အန်တီကလေ သဘောကောင်းတဲ့ ဆရာမလေး ရပါစေလို့ ဘုရားမှာ ဆုတောင်းနေတာ။ ဆရာမလေးက စိတ်ထားဖြူစင်ပုံရပါရဲ့၊ အင်း စိတ်ချမ်းသာလိုက်တာ။ ဆရာမလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဒါထက်နေပါဦး သမီးနာမည်ကတော ဘယ်သူကွယ့်"

"နော်လေးဖြူပါ အန်တီ"

"ဪ ဆရာမလေးက ကရင်လား၊ ရုပ်ကတော့ မြန်မာရုပ် ကလေးနော်၊ မြန်မာလိုဆိုရင် မလေးဖြူပေါ့၊ နာမည်လေးက လှလိုက်တာ"

"ဖြူ့ အမေက မြန်မာပါပဲ၊ ဖြူတို့ တစ်အိမ်သားလုံး မြန်မာဆန်ကြ ပါတယ်၊ အိမ်မှာ မြန်မာဘုရားလဲရှိတယ်၊ ဖြူ့ ဒေါ်ဒေါ်က ဘုရားတရား သိပ်ကြည်ညိုတာ"

"ဪ ဪ ကောင်းတာပေါ့ကွယ်၊ အင်း ကျွတ် ကျွတ် ခိုက်ထဲ က အောင့်လိုက်တာကွယ်၊ အန်တီလေ ဒီအသက်အရွယ်ထိ ဘာရောဂါမှ မရှိခဲ့ပါဘူး၊ ခုမှ ဟိုနားကအောင့်၊ ဒီနားကအောင့်နဲ့ မြန်မာလိုတော့ လေပေါ့ ကွယ်၊ မဟုတ်ဘူးလား"

www.burmeseclassic.com



"ဩော် အင်း ဟုတ်ကဲ့ အန်တီ၊ ဓာတ်ခနေဦးနော်၊ ဖြူ ရုံးခန်းထဲမှာ လက်မှတ်သွားထိုးလိုက်ဦးမယ်"

ဖြူသည် လူနာကို အလိုက်အထိုက် စကားပြောတတ်ရန် အတော်ကြိုးစားရဦးမည်ဟု တွေးလိုက်မိလေသည်။

သင်တန်းကာလတစ်လျှောက်လုံးမှာ လူအမျိုးမျိုးနှင့် ဆက်ဆံခဲ့ဖူးပြီးဖြစ်သော်လည်း ယခုလို နဖူးတွေ့ ဒူးတွေ့ အလုပ်ဝင်ရသောအခါ စိတ်က ပူပန်ကြောင့်ကြမိသည်ကတော့ အမှန်ပင်။ တကယ်တော့ ဖြူသည် ယခုလို စပယ်ရှယ်နာ့စ် ဝင်မလုပ်ဘဲ တာဝန်ကျမည့်အလုပ်ကို ဆောင်ရွက်ပြီး အနားယူနေမည်ဆိုရင်တော့ ရပါ၏။ သို့သော် ဖြူ အလကားမနေချင်။ သင်တန်းကာလတစ်လျှောက်လုံး ချို့ချို့ငဲ့ငဲ့ဖြင့် ခြိုးခြံချွေတာနေခဲ့ရသော အမိုးတို့ ဒေါ်ဒေါ်တို့ကို အေးအေးဆေးဆေးသက်သာ အနားယူစေချင်ပြီ။ အမိုးသည် ခြံထဲတွင် မြေကြီးနှင့်လက် မပြတ်အောင် အလုပ်လုပ်ခဲ့ရပြီးပြီ။ ယခု ခြံကိုပစ်ကာ သူ့သားကြီးနောက်ကို လိုက်နေနိုင်ပြီ ဖြစ်၍ ဖြူ စိတ်ချမ်းသာ၏။ ဖြူ့ အလှည့်ပေပဲ။

"ဆရာမရယ်၊ ဆီးတွေ ဝမ်းတွေ စစ်ရဦးမယ်ဆိုတော့ အင်း၊ အန်တီကလည်း ရှုံ့တတ်တာနဲ့တော့ ခုက္ခပါပဲကွယ်၊ လူရှေ့သူရှေ့မှာလဲ ဆီး ဝမ်း မသွားတတ်ဘူးကွဲ့"

"ဒီလိုဆိုလဲ အိမ်သာထိ ကျွန်မ တွဲခေါ်သွားပါ့မယ်"

"အို အို ဆေးရုံက အိမ်သာတွေတော့ ရွံလှသကွယ်"

အင်း သဘောကောင်းသလိုလိုနှင့် အတော်ဂျီးများသည့် မိန်းမကြီး ပါလားဟု အောက်မေ့လိုက်မိလေ၏။ ထုထုထောင်ထောင်ရှိပါသေးလျက် ချေးကိစ္စ သေးကိစ္စပါ ကန့်ကွက်ဦးမည်ဆိုတော့ မလွယ်။ သို့သော် တတ်နိုင်ပါဘူးလေ။

"ခုတင်ဘေးမှာ လိုက်ကာကာထားမှာပဲ အန်တီ၊ ရှက်စရာတော့ မရှိပါဘူး၊ ဟင်း၊ ဟင်း"

'အင်းလေ၊ ဆေးရုံရောက်မှတော့ ဖြစ်သလိုပေါ့၊ အန်တီက ဆေးရုံ မတက်ချင်ပါဘူးကွယ်၊ သားက အတင်းတက်ခိုင်းလို့၊ မြန်မာဆေးနဲ့ ကုလဲ ရတာကို'

'ဆေးရုံမှာဆိုတော့ လူလဲ အနားရတာပေါ့ အန်တီ'

'အင်း အင်း၊ အဲဒါတော့ ဟုတ်တယ်၊ အိမ်မှာဆိုတော့ စိတ်က နားတောင် လူက မနားရဘူးကွယ်၊ အိမ်က ကောင်မလေးတွေကလည်း အန်တီက စိတ်တိုင်းကျတာမဟုတ်၊ ပြီး သားအတွက်ကလည်း တာဝန်က အကြီးသားကွယ့်၊ သားကလေ လူကသာ ရုံးမှာအရာရှိကြီး ဖြစ်နေပေမဲ့ မအေကိုကျတော့ ဆိုးချင်နွဲ့ချင်တုန်းကွဲ့ ဟဲ ဟဲ၊ တစ်ယောက်တည်း မဟုတ်လားကွယ်၊ ဖအေကလဲ မရှိ'

'ဟုတ်တာပေါ့ အန်တီ'

သည်တုန်းကတော့ ယခုပြောနေသည့် သူ့အကြောင်းသည် ဖြူ့ချစ်သူဖြစ်လာမည့် မောင့်အကြောင်းဟူ၍ မထင်မှတ်ခဲ့သေး။ လူနာကို အလိုက်အထိုက်ပြန်ပြောရင်း၊ အဖျားတိုင်းရင်း၊ ဆေးပေးတိုက်ရင်း၊ နားထောင်ရသော လူနာအလိုကိုလိုက်၍ စိတ်ဝင်စားဟန်ဆောင်ရသော အကြောင်းအရာတွေသာ ဖြစ်ခဲ့ရလေသည်။

'လာရင်တွေ့ပါလိမ့်မယ်၊ မအေကို အင်မတန်ဂရုစိုက်တဲ့ကောင်၊ အင်းလေ၊ သူကလေး သုံးနှစ်သားအရွယ်ကတည်းက ဖအေဆုံးသွားတာကိုး'

'အို၊ ဟုတ်လား'

ဖြူသည် ဖခင်မဲ့သူချင်းမို့ စာနာလိုက်မိ၏။ ဖြူကတော့ အရွယ်ရောက်မှ ဖခင်ကို ဆုံးရှုံးခဲ့ရသဖြင့် သူ့ထက်စာလျှင် ကံကောင်းသေးသည်ဟုလည်း အောက်မေ့လိုက်မိသည်။

'အန်တီကတော့လေ သားလေး မျက်နှာမငယ်ရအောင် ထားခဲ့ပါတယ်၊ အန်တီတို့ မိဘတွေက နည်းနည်းပါးပါးရှိတော့ တော်သေးတာပေါ့ကွယ်၊ အဲဒါလေးနဲ့တင် ရင်းနှီးပြီး အတိုးအရင်းချစားလာခဲ့ရတာ၊

www.burmeseclassic.com



အနိတို့ မိဘတွေက မန္တလေးကလေး ဟိုမှာလဲ ပွဲရုံတွေကျန်ခဲ့တော့ တစ်ခါ တစ်ခါသွားပြီး ကြပ်မတ်ရသေးတယ်၊ ခရီး ခဏ ခဏ ထွက်ရတော့လည်း အစားမမှန် အအိပ်မမှန်ပေါ့ကွယ်၊ အင်း လောဘ လောဘ'

အဒေါ်ကြီးက ညည်းညူလိုက်သော်လည်း ဖြူသည် မြေကြီးထဲတွင် ကြက်လိုယက်၍ အစာရှာခဲ့ရသော အဖိုးဘဝကို တွေးမိကာ စာနာလိုက်မိ၏။ အပါးဆုံးတော့ အဖိုးတွင် အင်းစိန်မှ အိမ်လေးတစ်လုံးသာ ကျန်ခဲ့သည်။ ပညာဆုံးခန်းမတိုင်သေးသော သားတစ်ယောက် သမီးတစ်ယောက်၊ ရိုး အလှသော ယောက်မတစ်ယောက်နှင့် အဖိုးသည် ကိုယ်တိုင်ဦးဆောင်ကာ အပင်ပန်းခံခဲ့ရသည်။

'ဒါထက် ဆရာမလေးရယ်၊ အိမ်က ထမင်းလာပို့ရင် ငါးသလောက်လေး ပေါင်းလာခဲ့ဖို့ အနိတီမှာထားတယ်၊ အဲဒါ စားလို့ ဖြစ်ပါ့မလား၊ သားမသိအောင် မှာခဲ့ရတာလေ၊ အနိတီကလဲ ငါးသလောက်ပေါင်းက ကြိုက်ပါဘိသနဲ့'

'ဩော် အင်း၊ စားပေါ့အနိတီ၊ နည်းနည်းပါးပါးစားပေါ့'

ဖြူသည် သူတစ်ပါးအကြောင်းကို နားထောင်ရမှာ ငြီးငွေ့လှသော်လည်း စိတ်ဝင်စားဟန်ဆောင်ကာ နားထောင်ရင်း ဆရာဝန်ကြီး လှည့်လာမည့်အချိန်ကိုသာ မျှော်နေမိလေသည်။

လူနာအဒေါ်ကြီး၏ 'သားကလေး' ဟူသော အသံကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်၍လာလေသည်။

\+ + +

'မမက ဆရာမချောချောလေး ရထားလို့ ပျော်နေတယ်ပေါ့လေ'

'ဟာ ကြည့်၊ ဆရာမရေ၊ သားကို မုန့်သာဝယ်ကျွေးလိုက်ပေတော့'

ဖြူသည် အလိုက်သင့်လေးပြုံးကာ သူ့မျက်နှာကို မသိမသာ လှမ်းကြည့်မိ၏။ သူ့အမေ အပြောအရ မအေကို ကပ်ချွဲတတ်သည့် ပျော့ပျော့နွဲ့နွဲ့

www.burmeseclassic.com



ယောကျ်ားတစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ထင်ထားသော်လည်း ဖော်ရွေလေးနက်သော မျက်နှာရိုးကို မြင်ရသဖြင့် မဆိုးပါဘူးဟု မှတ်ချက်ချလိုက်မိသည်။

'ဆရာမလေးက သဘောကောင်းတယ် သားရဲ့၊ အင်း ဟုတ်တော့ ဟုတ်တယ်၊ ဆေးရုံရောက်တော့ အနားယူရတာနဲ့တင် အားရှိလာသလိုပါပဲ ကွယ်၊ မနက်ကလဲ ထမင်းစားကောင်းလိုက်တာ၊ ငါးသလောက်ပေါင်းနဲ့ အဲ...'

'ဟော ကြည့်၊ မေမေတို့ကတော့ လုပ်ပြီ၊ ဆရာမ မေမေ့ကို အလိုမလိုက်ပါနဲ့၊ မေမေက အစားအသောက် မဆင်ခြင်ဘူး၊ သူ ကြိုက်တာ ဆို အတိုင်းအဆမရှိ အရမ်းစားပစ်တာ'

ဖြူသည် အလိုက်သင့်ပင် ပြုံး၍ နေလိုက်ရ၏။ ဪ ငွေကြေး ပြည့်စုံသူများကျတော့လည်း ရောဂါကို ရှာဖွေ မွေးမြူကြသည်ပဲ။ အမိုးတို့လို အလုပ်ကြမ်းလုပ်ပြီး ငါးပိရည်နှင့် တင်းတိမ်သူများမှာတော့ ကျန်းမာလိုက်သည့်ဖြစ်ခြင်း။ ဖြူသည် လူနာနှင့် ဧည့်သည်တွေကို ထားခဲ့ကာ နေရာမှ ခေတ္တ ရှောင်ထွက်လာခဲ့၏။ ဧည့်သည်ချိန်ကုန်မှ ပြန်လာသည်။ လူနာ၏ သားဖြစ်သူသည် နေရာမှထရန် ဟန်ပြင်ဆဲရှိသေး၏။

'ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် ဆရာမ မလေးဖြူ'

'ဪ၊ ဟုတ်ကဲ့ရှင် ဟုတ်ကဲ့'

'ဆရာမ မနက်ဘက် လာရတာ အဝေးကြီးပဲနော်၊ အဆင်ပြေရဲ့လား'

'အဆင်ပြေပါတယ်ရှင်'

'ဘတ်စ်ကားစီးရတာ ခရီးထောက်နေမယ်ဆိုရင်တော့ ကျွန်တော် လာကြိုပေးပါ့မယ်'

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မအိမ်ကို သိလို့လား'

'ဟိုနေ့က ကျွန်တော် လာခေါ်တာလေ၊ ဆရာမ မရှိဘူး'

www.burmeseclassic.com



'ဩော် ဩော်၊ အိမ်ဝေးပေမဲ့ ကျွန်မ အချိန်မီရောက်အောင် လာနိုင်ပါတယ်'

မြူ့ အသံတွင် မာနသံပါသွားလေသလား မသိ။

'ကျွန်တော်က ဆရာမ ပင်ပန်းနေမှာစိုးလို့ပါ ခင်ဗျာ'

သားဖြစ်သူ၏ စေတနာပိုမှုအတွက် မိခင်ဖြစ်သူကပင် မျက်နှာထား အနည်းငယ်ပြောင်းသွားသည်။

'ကိစ္စမရှိပါဘူးရှင်၊ ဒါ ကျွန်မရဲ့အလုပ်ပဲ မဟုတ်လား'

'သားကတော့ ဒီလိုပဲကွဲ့၊ ဘယ်သူ့မဆို စေတနာက အင်မတန်ကောင်းတာ၊ ကူညီချင်တယ်လေ၊ ဟင်း ဟင်း ဘယ်သူ့မဆိုပါပဲ'

'ကျေးဇူးတင်ပါတယ်ရှင်'

ဩော် လူတွေရဲ့ စိတ်သဘောထားကိုပါ သိနိုင်အောင် မြူ အများကြီး ကြိုးစားရဦးမှာပါလားဟု အောက်မေ့ခဲ့မိလေ၏။

နောက်တော့လည်း မောင်သည် သူ့မိခင်ဆီကို ညနေတိုင်း မှန်မှန်ပင် ရောက်ရှိခဲ့သည်။ မောင့်အမေ ရောဂါကလည်း အစာအိမ်ရောဂါ ဖြစ်ကာစမို့ မစွဲမထိတ်ရဘဲ ဆေးရုံမှဆင်းရသည်။ မြူသည် ပထမဆုံး စောင့်ရသည့် လူနာ ကျန်းမာစွာ ဆေးရုံမှဆင်းရသည်မို့ ပျော်သွားလေသည်။

'အိမ်ရောက်ရင်တော့ အစားအသောက်အနေအထိုင် ဆင်ခြင်နော် အန်တီ'

'အေးပါ ဆရာမလေးရယ်၊ ခုလို ဂရုတစိုက်ပြုစုပေးတာ ကျေးဇူးတင်ပါတယ်ကွယ်'

မြူသည် လူနာအတွက် ပစ္စည်းပစ္စယများကို သေသေချာချာ သိမ်းဆည်း ထုပ်ပိုးပေး၏။

အိမ်မှ အကြိုရောက်လာသောအခါ အားလုံး အဆင်သင့် ဖြစ်နေလေပြီ။

www.burmeseclassic.com



"ကဲ ဒီတစ်ခါတော့ ဆရာမပါ တစ်ခါတည်းလိုက်ခဲ့။ ကျွန်တော် အိမ်အထိ လိုက်ပို့ပေးမယ်၊ လာပါဗျာ"

"လာပါ ဆရာမရယ်၊ အန်တီတို့အိမ်လဲ ဝင်လည်ပါဦး၊ လိုက်ခဲ့ပါ ဆရာမရဲ့"

သည်တစ်ခါတော့ အားနာသဖြင့် လိုက်ခဲ့မိသည်။ နောက်တော့လည်း သည်လူတွေနှင့် တွေ့ရတော့မည်မှ မဟုတ်ပါပဲ။ အိမ်မြန်မြန် ပြန်ရောက်လျှင် နားလည်းနားချင်သေးသည်။ သို့သော် မောင်တို့အိမ် ရောက်တော့ အတင်းဖိတ်ခေါ်၍ ဆင်းရပြန်သည်။ ပြည်လမ်းမှ ကြီးကျယ် ခမ်းနားသောအိမ်ကြီးက ဖြူ့ကို အံ့သြစေသည်။ သြော် ဘဝကို ရုန်းကန် ကြသည့် မုဆိုးမချင်းတူသော်လည်း အခြေခံချင်းကမှ မတူပါဘဲ။ ဒါနဲ့များ တောင် အအိပ်ပျက် အစားပျက်ခံပြီး စီးပွားရှာခဲ့ရသေးသည်တဲ့။

ခါးသက်ချိုဆိမ့်သော ကော်ဖီတစ်ခွက်ကိုသောက်ရင်း စိတ်က အမိုးဆီရောက်နေသည်။ ပထမဆုံး လုပ်အားခကို အမိုးဆီ အပ်ချင်လှပြီ။ သင်တန်းကာလ တစ်လျှောက်လုံး စတိုင်ပင်ရသည့်ငွေနှင့် မလောက်ငတိုင်း အမိုးလက်ထဲမှသာ တောင်းသုံးခဲ့ရသည် မဟုတ်ပါလား။

"နောက်လဲလာလည်ပါဦး ဆရာမလေးရယ်၊ ကဲ မောင်သောင်းရေ ဆရာမလေးကို လိုက်ပို့လိုက်ပါကွယ်"

"အို မမကလဲ၊ သွား လိုက်ပို့မှာပေါ့"

ဖြူ့ ရင်ထဲမှာ ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။ ကော်ဖီ တစ်ခွက်နှင့် သူ့များကားကို ကပ်စီးရခြင်းသည် ကျေးဇူးတင်ခြင်းဖော် အကျိုး ခံစားရမှုပေလား။ ရှိစေတော့ ဖြူက လိုက်ခဲ့မိပြီ။

"လိုက်မပို့ပါနဲ့တော့၊ ဖြူဘာသာ ပြန်ပါတော့မယ်"

လေသံကို ပျော့ပျောင်းစွာထိန်း၍ပြောသော်လည်း စကားလုံးတွေက မချောမွေ့။

www.burmeseclassic.com



"အို မဟုတ်တာ ဆရာမလေးရယ်၊ အိမ်တိုင်ရာရောက် ပို့ပေးမှာပေါ့၊ ကဲ သားရယ် သားကိုယ်တိုင်ပဲ ပို့လိုက်ပါနော်"

သည်ကတည်းက ဖြူတို့ဘဝပုံစံနှင့် မောင်တို့ဘဝ အသွင်မတူပုံကို သိခဲ့ပြီကောင်းသား။ မောင်လိုက်ပို့တာကို ဖြူကိုယ်တိုင်ကလည်း လိုလားခဲ့လေသလား။ မောင့်အကြည့်နှင့် မောင့်အပြောအဆိုတွေကို ဂရုမစိုက်ဟန် ဆောင်နေခဲ့သည့်ကြားကပင် သာယာခဲ့မိလေသလား။ ဖြူကိုယ်ကလည်း လူ့ဘဝနှင့်ယှဉ်လျှင် အတွေ့အကြုံများစွာ နုနယ်ခဲ့လေသည်။ ထို့ကြောင့်လည်း မကြာမြင့်မီသောကာလမှာ မောင်၏ အချစ်ရေးဆိုမှုကို လွယ်လင့်တကူ လက်ခံခဲ့မိခြင်း ဖြစ်ပေ၏။

"သုံးနှစ်သုံးမိုးစဉ်းစားရမယ်လို့ မဆိုလိုပါဘူးအေ၊ ညည်းဟာက အလုပ်မှ လုပ်မယ်မကြံသေးဘူး ပတ်ဝန်းကျင်ဒဏ်ကို မခံနိုင်သလို ဖြစ်နေပြီ"

ရိုးသားလှသော အမျိုးကြီးဖြစ်သူ ဒေါ်ဒေါ်က အုံ့ညစွာ ရေရွတ်ခဲ့သည်။

"မိဖြူဟာ စဉ်းစားဉာဏ်ရှိလှပြီ အောက်မေ့တာ၊ ဘဝအခြေခံချင်း မတူတဲ့သူကို ရွေးတာ သိပ်မှားတယ်"

အမိုးက အမြော်အမြင်ကြီးစွာ ပြောသည်။ ဖြူသည် မောင့်ကို ချစ်မိတာ မှားတယ်ဟု ဆင်ခြင်မိသောအချိန်တွင် မိန်းကလေး တစ်ယောက်၏ ကတိစကားကို ပြန်လည်နုတ်ပယ်ရန် များစွာ နောက်ကျခဲ့လေပြီ။

\+ \+ \+

နှင်းစက်တို့ သိပ်သည်းစွာကျရောက်နေ၏။ ဆောင်းဝင်စဖြစ်သော်လည်း လူနေအိမ်ခြေကျဲပါးရာ ရပ်ကွက်ဖြစ်သဖြင့် သဘာဝကပိုင်နိုင်စွာ လွှမ်းခြုံထား၏။ နံပါတ် ၈ ကားရှိရာသို့ လျှောက်လာခဲ့ရသော ဖြူသည် အနွေးထည်

www.burmeseclassic.com



မသတ်ဘဲ အလျှင်စလိုထွက်လာခဲ့မိသော အဖြစ်ကို နောင်တရနေမိ၏။ ညက မောင့်အကြောင်း စဉ်းစားပြီး အိပ်မပျော်ခဲ့သဖြင့် ယခုမနက် အိပ်ရာမှ မနည်းကြိုးစား၍ ထခဲ့ရသည်။ ဖြူ အလုပ်တာဝန်ကို အချိန်နောက်ကျမှ ရောက်မည်ကို ဖြူ မလိုလားချေ။ ကိုယ်ရေးကိုယ်တာအတွက် အလုပ်ကို မထိခိုက်စေချင်ပေ။ သည်တစ်ပတ် အမိုး အစ်ကိုနောက် လိုက်သွားသည်မှာ ကြာသဖြင့် စိတ်ထဲက လွမ်းသလို ဖြစ်နေမိသည်။ အမိုး၏ စကားများကို လည်း ကြားယောင်၍နေမိ၏။

"အမိုးတို့တုန်းကလဲ မိဘသဘောမတူဘဲ ယူခဲ့ကြတာပဲ၊ ကိုယ့်ကိုယ်ကိုတော့ မှန်တယ်ထင်ခဲ့ကြတာပဲ၊ ဒါပေမဲ့ အမိုးတို့ အပေါ်းတို့က လူမျိုးချင်း ဘာသာချင်း မတူပေမဲ့ ဘဝချင်းတူတယ်၊ ဒါကြောင့် မြဲတာပေါ့"

အမိုးက သူနားလည်သလို ရှင်းပြခဲ့၏။ ဖြူကတော့ အမိုး၏ စကားအနက်ကို ကျယ်ဝန်းစွာ တွေးတောခဲ့မိသည်။ သို့သော် ယခုအချိန်မှာ ဖြူ့ဘက်က ဘာကို အကြောင်းပြမည်နည်း။

"မေမေက သဘောတူမှာ မဟုတ်ဘူးလို့ ဖြူက ထင်တယ် မဟုတ်လား။ ဒါတော့ ဖြူမှားသွားပြီ၊ မေမေက သားသဘောသိတဲ့။ မယုံရင်မေးကြည့်"

မယုံနိုင်စရာပေပဲ။ သို့သော်လည်း မောင်ပြောသလိုတော့ မေးကြည့်ဖြစ်။ မောင်တို့အိမ်ဘက်ကို ခြေဦးလှည့်ရန်ပင် စိတ်မကူးမိ။ အမိုးက ဘဝချင်းမတူဘူးလို့ ပြောတာ ဒါပဲ ထင်ပါရဲ့။

ဂိတ်ဆုံးမှ စီးရသော်လည်း ဘတ်စ်ကားပေါ်မှာ လူတွေ ပြည့်ကျပ်လျက်ရှိသည်။ ဖြူသည် မတ်တတ်ရပ်စီးမြဲအကျင့်အတိုင်း ထိုင်ခုံလက်ရန်းတစ်ခုကို မှီ၍ ရပ်လိုက်၏။

"မဖြူ ဒီမှာလာထိုင်ပါလား"

ဩော် ဖြူသည် စိတ်တွင်းမှ ရေရွတ်လိုက်၏။ သူ့ကို သည်ကားပေါ်မှာ တွေ့နေကျ။ သူလည်း ရုံးတစ်ရုံးမှ ဝန်ထမ်းတစ်ဦးဖြစ်ဟန်တူသည်။ အလုပ်ခွင်ဝင်ရန် အိပ်ရာမှ စောစီးစွာ ထရသူများထဲတွင် တစ်ယောက်

www.burmeseclassic.com



အပါအဝင် ဖြစ်၏။ ဖြူက ဘာဘာညာညာ ပြောမနေတော့ဘဲ သူထပေးသော နေရာတွင် ဝင်ထိုင်လိုက်၏။ သူက ဖြူ့ကို ရိုးသားစွာပင်ကြည့်နေသည်။ 'ဆေးရုံကြီးကို'ဟု ပြောကာ ဖြူ့အတွက် လက်မှတ်တစ်စောင်ကိုလည်း တစ်ပါတည်း ဝယ်လိုက်သည်။ ဖြူက ကားခပေးရန်အသင့်ထုတ်ထားသော အကြွေများကို လှမ်းပေးလိုက်သောအခါတွင်လည်း မငြင်းဆန်ဘဲ ယူလိုက်လေသည်။ သူက ဖြူဆင်းသည့် လမ်းဆော်တွင် မဆင်းဘဲ ဆက်စီးသွားတတ်သည်ကို ဖြူ သတိထားမိ၏။ သည့်ထက်ပိုချဲ့တော့ သူ့ကို စိတ်မဝင်စား။ ဖြူတို့လို မိန်းကလေးတွေမှာ သွားရင်းလာရင်း တွေ့တတ်သော ယောကျ်ားတွေက အများသား မဟုတ်လား။

ဆေးရုံရောက်တော့ ရုံးခန်းထဲမသွားမီ လူနာကို အရင်ဦးစွာ သွားကြည့်မိသည်။ မည်သည့်လူနာမဆို ဆရာမအလာကို စိတ်စောစွာ မျှော်တတ်သည်ကို သိသောကြောင့်ပင်ဖြစ်၏။

လူနာသည် အသက်ငယ်ငယ်ပဲ ရှိသေးသည်။ အသားဖြူ၍ ရုပ်ရည်ချောမောပုံရ၏။ ကပိုကရိုအိပ်နေသဖြင့် အသေအချာ မမြင်ရပေ။ ဖြူ့ လှုပ်ရှားသံကြောင့် နိုးသွားကာ မျက်လုံးကိုဖွင့်ကြည့်လေသည်။

'ခင်မြမြရီတဲ့လား'

အမျိုးသမီးက ခေါင်းညိတ်ပြ၏။ 'ဆရာမ ရောက်လာပြီနော်'ဟု ပြောလေသည်။ သူ့ကြည့်ရသည်မှာ အတော်ပင် အားငယ်နေပုံရသည်။ အသားအရေသည် ဖြူ မျှော်လင့်သည်ထက်ပင် ဖြူဖျော့၍နေ၏။ နှလုံးရောဂါသည်ပေပဲ။

'ဒီမနက် ဘာမှ မစားရသေးဘူးပေါ့နော်'

အမျိုးသမီးက ခေါင်းခါပြ၏။

'ဒါပေမဲ့ သူ ဘာမှလာဖို့မှာ မဟုတ်ပါဘူး'

ရုတ်တရက်တော့ ဖြူ နားမလည်ပေ။ ပြီးတော့မှ အိမ်သားတစ်ယောက်ကို ဆိုလိုမှန်း ရိပ်မိလိုက်၏။ သူ့ခင်ပွန်းကို ဆိုလိုဟန်ရှိသည်။

www.burmeseclassic.com



'ကိစ္စမရှိပါဘူး၊ ဒီမှာ ဟောလစ်တွေ မုန့်တွေ ရှိသားပဲ၊ ကျွန်မ ဖျော်တိုက်ပါ့မယ်၊ ခဏလေးစောင့်နော်'

ဖြူ့စိတ်သည် ရှုပ်ထွေးနောက်ကျိနေ၏။ သို့သော် လူနာအမျိုးသမီးကို ကြည့်ရသည်မှာ လောကကြီးကို စိတ်ပျက်နေပုံရသဖြင့် သူကပင် သူတစ်ပါးကို အားပေးရဦးမှာပါလားဟု တွေးကာ စိတ်ကို တင်းလိုက်သည်။

ဖြူ ပြန်လှည့်လာတော့ အမျိုးသမီးသည် အိပ်ရာမှ ထထိုင်နေလေသည်။ ကိုယ်ဟန်က သွယ်လျသော်လည်း လှပဟန်ရှိသည်။ ငွေကြေးလည်း ပြည့်စုံပုံရပါ၏။ သို့သော် သူ့ကိုကြည့်ရသည်မှာ တစ်ခုခုလိုနေသလို ခံစားရသည်။

'ဆရာမရယ်၊ ကျွန်မ ဒီရောဂါဖြစ်နေတာ ကြာပြီသိလား၊ ဒီတစ်ခါ အခံရဆုံးပဲ၊ ဒီတစ်ချီတော့ ကျွန်မ သေမှာပဲ ထင်ပါရဲ့'

'အို မဟုတ်တာရှင်'

ဖြူသည် လူနာက အားလျှော့စကားဆိုလေသဖြင့် များစွာတုန်လှုပ်သွားမိလေသည်။ ဖြူ့ လက်ထဲတွင် တစ်စုံတစ်ယောက်မျှ ဖိတ်စင်ခြင်း မရှိသေးပေ။ သေခြင်းတရားကို မကြားဖူးတာတွေ့ရသော်လည်း မျက်စိအောက်တွင် တစ်ခါမျှ မကြုံဘူးသေးပေ။ ကြုံလည်း မကြုံရပါစေနှင့်ဟူ၍ ဆုတောင်းမိလေ၏။

'ကျွန်မ သိပါတယ် ဆရာမရယ်၊ ဒီတစ်ခါတော့ ကျွန်မ အရှုံးပေးရမှာပါ၊ အင်းလေ ကျွန်မ အစစအရာရာ ရှုံးခဲ့ပါတယ်'

ဖြူသည် ဝမ်းနည်းအားငယ်ဖွယ် စကားတွေကိုချည်း ကြားနေရသဖြင့် သူပါရော၍ အားငယ်သွားမိလေသည်။ သို့သော် ပြန်၍ အားတင်းလိုက်ရသည်။

'ဘာမှ အားငယ်စရာမရှိပါဘူးရှင်၊ ကျွန်မတို့ အစွမ်းကုန်ကြိုးစားကြရမှာပေါ့၊ လူ့ဘဝဆိုတာ ဒီလိုပါပဲ၊ ဘုရားသခင် အလိုတော်အတိုင်းပေါ့'

www.burmeseclassic.com



ဖြူသည် သူကိုယ်တိုင် မရေးရသော အားပေးစကားကို ကြိုးစား၍ ပြောလိုက်ရလေသည်။ ပောင်မုန့်နှင့် မုန့်ကို အသင့်ပြင်ကာ လူနာကို တိုက်ကျွေးဖို့ အနားမှာထိုင်လိုက်သည်။ အမျိုးသမီး၏ မျက်နှာကို သေသေ ချာချာကြည့်သောအခါ အတော်ပင်လှပကြောင်း သတိထားမိသည်။ မြင်ဖူး သလိုလိုလည်း အောက်မေ့မိသည်။

"ကျွန်မ ဘာမှတောင် မစားချင်တော့ဘူး ဆရာမရယ်"

"အို ဘယ်ဟုတ်မလဲ၊ အားရှိအောင် စားမှပေါ့ရှင်"

"အားရှိအောင်လား ဆရာမရယ်"

ဖြူသည် လူနာအမျိုးသမီးကိုကြည့်ကာ သနားလည်း သနားသွား မိသည်။ ငါနှယ် ဘယ်လိုဝေဒနာရှင်နှင့်များ လာတွေ့ရပါလိမ့်ဟုလည်း အောက်မေ့မိ၏။ နှလုံးရောဂါရှင်လား၊ စိတ္တဇတော့ ဒီကို ရောက်လာစရာ အကြောင်းမရှိပေ။ သူ့နှလုံးရောဂါကတော့ အတော်ပင် ဖိစီးနှိပ်စက်နေပြီ။ ဖြူသည် သည်လူနာကို အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထားကာ ပြုစုယုယ မည်ဟု စိတ်ပိုင်းဖြတ်မိသည်။ အင်းလေ ဖြူတို့အလုပ်ကတော့ အမြဲတမ်း ဝေဒနာနှင့် ယှဉ်တွဲထားရသည်ပဲ။

လူနာအမျိုးသမီးသည် ဖြူ တိုက်ကျွေးသော ပေါင်မုန့်တစ်ချက် ကို ကြိုးစား၍ သောက်၏။ မုန့်ကိုတော့ မစားပေ။

"ကျွန်မအတွက် ဆရာမငှားပေးမယ်ဆိုတော့ ကျွန်မ သိပ်ဝမ်းသာ တယ် ဆရာမ၊ ဆရာမကိုတွေ့တော့လဲ ပိုပြီး ဝမ်းသာတယ်၊ ကျွန်မ စကားပြောဖို့ အဖော်ရပြီ ဆိုပြီးတော့ပေါ့လေ၊ ဆရာမက ကျွန်မပြောတဲ့ စကားတွေကိုလည်း နားလည်မှာပဲပေါ့"

ဪ၊ လောကမှာ ကိုယ့်ဝေဒနာကို မျှဝေခံစားစေချင်တဲ့ သူတွေ လည်း ရှိပါသေးလား။ အင်းလေ၊ ဒါမှလဲ ရင်ထဲမှာ ခံစားနေရတာတွေ ပေါ့သွားမှာပေါ့။ ဖြူကတော့ သူ့ရင်ထဲက ဝေဒနာကို မည်သူ့ကို မျှဝေရပါ မည်နည်း။ လူနာကိုတော့ ပြန်ဝေမျှ၍ မဖြစ်ချေ။

www.burmeseclassic.com



"ကျွန်မကို ဘာမဆို ပြောနိုင်ပါတယ်ရှင်"

လှနှာသည် အိပ်ရာပေါ် ပြန်လှဲလိုက်၏။

"သူတို့က ကျွန်မကို ဆရာမတစ်ယောက်ခေါ် ပေးထားတာ ကျွန်မကို နိုးရိမ်လွန်းလို့တော့ မဟုတ်ပါဘူး၊ သူတို့ကိုယ်တိုင်က သိပ်ဂရုမစိုက်အားဘူးလေ၊ ပြီးတော့ ငွေကြေးကလည်း တတ်နိုင်တယ်ဆိုတော့"

ဖြူသည် ပန်းကန်ခွက်ယောက်များကို ဆေးကြောပြီး လှနှာထားမှာ ပြန်ထိုင်လိုက်၏။

"ကျွန်မ ယောက်ျားရော၊ သူ့မိဘတွေရော အားလုံးပေါ့ ဆရာမရယ်၊ ကျွန်မကို သဘောမကျကြဘူးလေ၊ ဒီလိုပါ၊ သူက ကျွန်မကိုတော့ ချစ်တယ်၊ ကျွန်မ အလုပ်ကို အဲ၊ ကျွန်မ အနုပညာအလုပ်ကို သဘောမကျတာ"

ဖြူသည် အမျိုးသမီးကို ဝေဝေဝါးဝါးကြည့်မိပြန်၏။

"ရှင်က ရုပ်ရှင်မင်းသမီးလားဟင်"

"အို မဟုတ်ပါဘူးရှင်၊ ရုပ်ရှင်မင်းသမီးသာဆို ပိုဆိုးမှာ၊ ကျွန်မက အဆိုတော်ပါ"

"သြော် အဆိုတော်ကိုး၊ ဒါကြောင့် မြင်ဖူးသလိုလိုတော့ထင်သား"

"ကျွန်မ သီချင်းဆိုတာကို သူတို့အားလုံးက အထင်မကြီးကြဘူးလေ၊ အင်းလေ၊ အထင်သေးတယ်ဆိုရင် ပိုမှန်ပါတယ်"

"တစ်ယောက်နဲ့ တစ်ယောက်က ဝါသနာချင်း စိတ်သဘောချင်း မတူတာတွေကြဘူး မဟုတ်လားရှင်"

"တကယ်တော့ ဘဝချင်းကိုက မတူတာ ဆရာမရဲ့"

ဖြူသည် တွေဝေသွားမိပြန်လေသည်။ လာပြန်ပြီ ဘဝချင်းမတူသည့် အကြောင်း၊ ဒါတွေပဲကြားနေရပါလား။

"ဒီလိုလေ ဆရာမရယ်"

အမျိုးသမီးက ဆက်ပြော၏။

www.burmeseclassic.com



'ကျွန်မတို့ အိမ်ကတော့ မိသားစုအားလုံးပဲ အနုပညာဘက်မှာ စိတ်ထက်သန်ကြတယ်၊ ဝါသနာပါကြတယ်၊ ဖြစ်လဲဖြစ်ထွန်းကြတယ် ပေါ့လေ၊ ကျွန်မမောင်လေး တစ်ယောက်က ရုပ်ရှင်ဆလင်းလေ၊ ညီမလေး ကတော့ ကျွန်မလိုပဲ သီချင်းဆိုတယ်၊ ကျွန်မတို့မေမေဟာ တစ်ချိန်က စောင်းဦးမြမေဆိုပြီး နာမည်ကြီးခဲ့တာ'

'ဪ ဪ'

ဖြူသည် သူမပြောသော နာမည်တွေနှင့် ကျွမ်းဝင်လှသည် မဟုတ်သော်လည်း အကြောင်းအရာကိုတော့ စိတ်ဝင်စား၍ နေလေပြီ။ ဖြူ ခဏ ခဏ တွေးနေရသည့် ဘဝချင်းမတူသည့် အကြောင်းပဲ ထင်သည်။

'သူတို့ဘက်ကတော့ ဒါတွေကို စိတ်မဝင်စားပါဘူး၊ ငါတို့ဆိုတာလဲ အပျင်းပြေ နားထောင်ဖို့လောက်၊ အလှူမင်္ဂလာဆောင်မှာ ဖွင့်ရမယ်ဆိုတာ လောက်သာ ထင်ထားကြတာ၊ အနုပညာစိတ်လေး နည်းနည်းရှိတယ်လို့ ဆိုရမှာက သူတစ်ယောက်တည်း'

လှနှာသည် ခေတ္တနား၏။ သူမ နှုတ်ခမ်းများ ဖြူဖျော့နေသည်။

'ဒီမနက်အတွက် ဆေးလေး သောက်လိုက်ရအောင်နော်'

ဖြူသည် လှနှာ၏အိမ်မှ ယူလာဟန်တူသော လှပသန့်စင်သော ရေပုလင်းထဲမှ ရေကို သွန်ငှဲ့၍ ဆေးတိုက်လိုက်လေသည်။ ပြီးတော့ တစ်ဆက်တည်း အိပ်ရာများ၊ ဆောင်များကို စနစ်တကျ ပြုပြင်လိုက်သည်။ ဆရာဝန်ကြီး လှည့်လည် ကြည့်ရှုကာနီးလေပြီ။ ဖြူ ပြန်ထိုင်သည်နှင့် အမျိုးသမီးက စကားပြောဖို့ အသင့်ဖြစ်နေ၏။ သူ့မှာ မည်မျှကြာကြာ ကတည်းက စကားတွေ ပြောချင်နေခဲ့သည် မသိ။

'သူက ဆရာမရယ်၊ အနုပညာကို ဝါသနာပါတယ်ဆိုပေမဲ့လဲ မြတ်နိုးတာ မဟုတ်ပါဘူး၊ အင်းလေ ဘဝအခြေခံချင်းကမှ မတူဘဲ၊ သူတို့က အစဉ်အဆက် စီးပွားရေးကို အားစိုက်ရုန်းကန် လုပ်လာကြတဲ့သူတွေ၊ ငွေကို

www.burmeseclassic.com



အရေးတကြီးရှာဖွေတတ်တဲ့သူမျိုးတွေ၊ သူတို့က အထင်ကြီးတာက ငွေရှိရင်ရှိ၊ မရှိရင် ရာထူးကြီးကြီးရှိမှ လောကမှာ ဒါမှ လူရာဝင်မှာတဲ့။ ကျွန်မတို့မောင်နှမထဲမှာက ဘွဲ့ရအောင် စာသင်တာဆိုလို့ မောင်လေး တစ်ယောက်တည်းရှိတာ၊ သူ့အလုပ်ကလဲ စာရေးအဆင့်လောက်ပါပဲ'

'ရှင်တို့ယူတော့ အိမ်က သဘောမတူဘူးလား'

'တကယ်တော့ သဘောမတူဘူးပေါ့၊ ဒါပေမဲ့ ခေတ်လူကြီးတွေဆိုတော့ အတင်းမချွဲဘူးပေါ့လေ'

ဖြူသည် ဖျတ်ခနဲ မောင့်ကို သတိရလိုက်မိပြန်လေသည်။ မောင့်မေမေကလည်း ဖြူနှင့် မောင့်ကို သဘောတူပါတယ်ဆိုပဲ။

'ဒါပေမဲ့ ဆရာမရယ် ကျွန်မ သူ့ကို လက်ထပ်ပြီးကတည်းက ကျွန်မ မှားပြီဆိုတာ သိတာပါပဲ၊ ကျွန်မတို့ဟာ ချွန်းကြီးချွန်းငယ် စကားမဆိုရဘဲနဲ့ ရင်ထဲမှာ အမြဲ ရန်ဖြစ်နေကြတယ်၊ သူ့ အသိုင်းအဝိုင်းက ယဉ်ယဉ်ကျေးကျေးနဲ့ ကျွန်မကို နှိပ်စက်နေကြတယ်၊ အရင်တုန်းကလို ဖက်ခွက်စားတို့၊ ဘာတို့တော့ မပြောဘူးပေါ့ ဆရာမရယ်၊ ဒါပေမဲ့ သီချင်းဆိုတဲ့အလုပ်ဟာ အပျော်တမ်းအလုပ်လို့ သူတို့က ထင်ကြတယ်၊ အင်းလေ ဂီတာဆိုတာ သူတို့မှ နားမလည်ဘဲ၊ အနုပညာဆိုတာ သူတို့မှ မခံစားတတ်ဘဲ'

'ဘာပဲဖြစ်ဖြစ် ရှင့်ယောကျ်ားက ရှင့်ကို ချစ်တယ် မဟုတ်လား'

'အင်း၊ သူ ကျွန်မကိုတော့ ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ နှစ်ယောက်ဟာ လင်နဲ့မယား သံယောဇဉ်ကလွဲလို့ မြတ်နိုးတွယ်တာမှုဆိုတာ မရှိတော့ဘူးလို့ ကျွန်မ ထင်တယ်၊ အင်းလေ နေတော့လဲ မလိုတော့ပါဘူး၊ ကျွန်မလဲ နေရတော့မှာမှ မဟုတ်ဘဲ'

'အို'

ဆရာဝန်ကြီးနှင့် သူနာပြုဆရာမကြီးများ လှည့်လည်လာ၍ သူတို့အသင့်စောင့်ဆိုင်းနေကြရသည်။ ဖြူ၏ လူနာကို ဂရုတစိုက် ကြည့်ရှုစစ်ဆေး

www.burmeseclassic.com



ကြ၏။ မှာကြားစရာရှိသည်ကို မှာကြား၏။ သူ့လှနှာသည် သုံးကြိမ်မြောက် ဆေးရုံတက်ခြင်း။

ဆယ့်တစ်နာရီခန့်တွင် လှနှာ၏အိမ်မှ ကောင်လေးတစ်ယောက် ထမင်းလာပို့လေသည်။

"မင်းအစ်ကိုကို ပြောလိုက် သိလား။ ညနေလဲ မအားရင် မလာခဲ့နဲ့လို့"

လှနှာ၏ အပြောကို တစ်ဘက်ကလည်း အလိုက်သင့်ပင်ပြန်ပြော၏။

"ဟုတ်ကဲ့ မမ"

ဖြူသည် စိတ်မောစွာ သက်ပြင်းချမိလေသည်။

ထမင်းအနည်းငယ်ကို လှနှာအား ကျွေးမွေးပြီးနောက် ဖြူသည် တယ်လီဖုန်းရှိရာသို့ လာခဲ့၏။ မောင့်ရုံးကို အဆက်အသွယ်ရပြီး စာရေးမလေးတစ်ယောက်၏ ထူးသံကို ကြားရသည်။ မောင်သည် သူ့စားပွဲပေါ်မှာ တယ်လီဖုန်းရှိသော်လည်း မည်သည့်အခါမျှ ကိုယ်တိုင်ကောက်ကိုင်လေ့မရှိပေ။

"ဖြူပါ မောင်"

"ပြော် ဖြူ ပြောလေ"

မောင့် အသံသည် လိုက်လှဲခြင်းကင်းသည်ဟု ဖြူ ထင်သည်၊ စိတ်ပျက်သံပင် ရောနေသေးသလား မသိ။ အင်းလေ ဖြူ ဖုန်းဆက်ပြီဆိုမှတော့ ဆေးရုံကဆက်မှန်း သိပြီလေပေါ့။

"ဆောရီးပဲ မောင်၊ ဖြူလဲ ဒီတစ်ပတ် မောင်နဲ့လည်ရမယ်လို့ မျှော်လင့်ထားတာ"

"ဖြူ လှနှာဆီက တစ်ရက်လောက်ခွင့်တောင်းရင် မရဘူးလား ဖြူတခြားဆရာမတစ်ယောက် ဧကာ အစားဝင်နိုင်ပြီးတော့ပေါ့"

ဖြူသည် တစ်ဘက်မှ မကြားနိုင်အောင် သက်ပြင်းကို ခိုးရှိုက်လိုက်မိ၏။

www.burmeseclassic.com



'ဖြူ့ လူနာက သနားစရာကောင်းတယ် မောင်ရယ်၊ သိပ်အားငယ်နေရှာတာ၊ ဖြူ့ကိုလေ ...'

'တော်ပါတော့ဖြူရာ၊ လူနာတိုင်းဟာ ဖြူ့ကို အနားမှာမရှိရင် မနေနိုင်လောက်အောင် တမ်းတနေတယ်လို့ ဖြူက အမြဲပဲ ထင်နေတာ မဟုတ်လား'

'မဟုတ်ပါဘူး မောင်ရယ်၊ တကယ်ပြောတာပါ၊ ပြီးတော့ ဒီတစ်ခါလူနာက'

လူနာက အခြေအနေမကောင်းဘူးဟု ပြောလိုက်မိမည်ဖြစ်ပြီးမှ မပြောအပ်သည်ကို သတိရ၍ မပြောဘဲနေလိုက်ရသည်။

'အင်းလေ ဖြူ့ သဘောပါပဲ၊ ဒီအပတ်လဲ မောင်တစ်ယောက်တည်း ရုပ်ရှင်ရုံထဲမှာ အချိန်ဖြုန်းရဦးမှာပေါ့၊ ဒါပဲနော်၊ မောင်တို့ လက်ထပ်ပြီးရင်တော့ ဖြူ့ အလုပ်ကထွက်ရမယ်၊ မေမေကလဲ ပြောတယ်၊ အိမ်မှာပဲနေပြီး မောင်နဲ့ မေမေ့ကိုပဲ ပြုစုစေချင်တယ်တဲ့၊ ဖြူက အပြုအစုကောင်းတယ် မဟုတ်လား၊ ဟဲ ဟဲ ဖြူ့ ယောက္ခမကြီးကလဲ ရောဂါထူတာနဲ့လေ'

'အို မောင်ရယ်'

မောင့်စကားက ဖြူ့ နှလုံးသားကို မည်မျှ နာကျင်စေသည်ကို မောင် သိမည်မဟုတ်ချေ။ ဖြူ့ သင်ထားတဲ့ သူနာပြုအတတ်ပညာတွေက မောင်တို့ သားအမိနှစ်ယောက်တည်းကို ပြုစုဖို့အတွက်လား။

'ဘာလဲဖြူ၊ ဖြူ့အတွက် မောင်က ဘယ်လောက် လျှော့ရ လျှော့ရ လျှော့နိုင်ပါတယ် ဖြူရဲ့'

'အို မဟုတ်ဘူး၊ မဟုတ်ဘူး'

'အင်းလေ ဖြူ့ စဉ်းစားဦးပေါ့၊ မောင်ကတော့ ဖြူ့ ဒီလောက်ပင်ပင်ပန်းပန်း သူတကာကိုပြုစုယုယနေတာ မကြည့်ရက်နိုင်ဘူး၊ ဒါပဲလေ ဖြူ့ ရက်အားရရင် မောင့်ဆီ ဖုန်းဆက်ပါဦး'

www.burmeseclassic.com



ဖြူသည် ဘာမျှ ပြန်မပြောတော့ဘဲ တယ်လီဖုန်းကိုသာ လေးလေးနက်နက်သာ ပြန်ချလိုက်မိလေသည်။

ချက်ချင်းပင် ဖြူသည် အားလုံးကို မေ့ပျောက်ဖို့ကြိုးစားကာ ရေနေရာမှ ထွက်ခွာလာခဲ့၏။ လူနာကို နေ့လယ် ဆေးတိုက်ရဦးမည်၊ ဖြူ့အတွက်တော့ တစ်လောကလုံးတွင် လူနာသည်သာ အရေးကြီးဆုံးပေတည်း။

\+ \+ \+

'မလေးဖြူ ကျွန်တော့်ကို မမှတ်မိဘူးထင်တယ်'

'ရှင်'

ဖြူသည် ရှောမယောင်၍ ပြုံးပြလိုက်ရ၏။ ဘတ်စ်ကားပေါ်မှာ တွေ့နေကျလူ၊ ဒီနေ့ ဖြူဆင်းသည့် ဆေးရုံမှတ်တိုင်မှာလိုက်ဆင်း၍ ဖြူ့စိတ်က သံသယမကင်းဖြစ်သွားသည်။ သူ ဖြူ့နောက်ကို တမင်လိုက်လာတာလား။

'ကျွန်တော် စောအောင်ထွေး သူငယ်ချင်းလေ'

'အို ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်မ လုံးဝ မမှတ်မိဘူး၊ ခွင့်လွှတ်ပါနော်'

အစ်ကို့ သူငယ်ချင်းပေပဲ၊ ဒါကြောင့် ဖြူ့နာမည်ကို သိနေတာကိုးဟု နားလည်လိုက်ရသည်။

'မလေးဖြူ ဆေးရုံဆင်းနေရပြီနော်'

'အားလို့ ဧတာဝင်လုပ်နေတာပါ၊ ကျွန်မလေ ဘတ်စ်ကားပေါ်မှာ တွေ့တွေ့နေတာ လုံးဝ မမှတ်မိဘူး၊ အခု ဘယ်မှာလုပ်လဲဟင်၊ အိမ်ကို လာခဲ့ပါဦးရှင်၊ ဖေါ်ဖေါ်ကတော့ ဝမ်းသာမှာ၊ အမိုးတော့ မရှိဘူးလေ၊ ထုံးစံအတိုင်း အစ်ကို့နောက် လိုက်သွားလေရဲ့'

'မမှတ်မိဘူးဆိုတာ ကျွန်တော် စိုပ်မိပါတယ်၊ ကျွန်တော် နယ်က ပြန်ပြောင်းလာတာမှ မကြာသေးပဲ၊ ခု ဒီဆေးရုံဝင်းထဲမှာ ကျတယ်လေ'

www.burmeseclassic.com



ဖြူသည် သူ့နောက်လိုက်လာသည်ဟု ထင်မိသည်ကို ရှက်သွားလေသည်။ သူသည် အစ်ကိုလိုပင် ဂျီတီအိုင်မှဆင်းပြီး ပလေကမှာ လုပ်နေသူဖြစ်သည်။ အစ်ကိုကတော့ သူ့သူငယ်ချင်းနှင့် ဖြူ့ကို သဘောတူဖူးသည်ကိုလည်း သတိရ၏။ ဖြူ အဆောင်မှာသွားနေစဉ် သူသည် အိမ်ကို အဝင်အထွက်ရှိခဲ့ရာ အစိုးတို့ ဒေါ်ဒေါ်တို့က သူ့ကို သဘောကျခဲ့ကြသည်ကိုလည်း ဖြူ သိခဲ့သည်။ သို့သော် ဖြူသည် မည်သည့်ယောကျ်ားကိုမှ စိတ်ဝင်စားခြင်း မရှိခဲ့ချေ။

"ကျွန်တော်သွားမယ် မဖြူ၊ နောက်နေ့တွေဆိုရင် ကျွန်တော်တို့ တွေ့ကြဦးမှာပဲ၊ အိမ်ကိုလဲ လာခဲ့ပါဦးမယ်"

"ဟုတ်ကဲ့ရှင်"

ဆောက်လက်စ ဆေးရုံအဆောက်အဦများဆီမှ လှည့်ပတ်ကာ ဆေးရုံအပေါ်ထပ်သို့တက်ခဲ့၏။ ဖြူသည် လူနာအမျိုးသမီးဆီသို့ ချက်ချင်း စိတ်ရောက်သွားပြီး ခြေလှမ်းများကို သွက်သွက်လေး လှမ်းတက်ခဲ့မိလေသည်။

\+ \+ \+

ညစောင့်ဆရာမသည် စိုးရိမ်စိတ်လွှမ်းသော မျက်နှာဖြင့် ဖြူ့ကို စောင့်နေ၏။ ဖြူ့ကို မြင်တော့ ခေါင်းကို ခပ်လေးလေးခါပြ၏။

"ဘုရားသခင် အလိုတော်အတိုင်းပဲ နော်လေးဖြူ၊ သူ့ကို ကျွန်မတို့ မမျှော်လင့်နိုင်တော့ပါဘူး၊ ညက ကျွန်မတို့ တော်တော်ပဲ ပင်ပန်းသွားတယ်၊ အဲ တကယ်လို့ တစ်ခုခုဖြစ်တယ်ဆိုရင် ကျွန်မဆီ ဖုန်းဆက်ပေးပါနော်၊ ကျွန်မ နားချင်တယ်"

ဖြူသည် မောလျှစွာ ခေါင်းညိတ်လိုက်မိ၏။ ညတာဝန်စောင့်သော ဆရာမသည် အတွေ့အကြုံများပြီဖြစ်၍ အထူးတာဝန်လုပ်နေဟန် မတူတော့

www.burmeseclassic.com



ချေ။ အကယ်၍ သည်နေ့လယ်မှာ လှနှာတိမ်းပါးသွားလျှင် သူ့ညဘက်မှာ မလာရအောင် ကြိုတင်မှာထားခဲ့ခြင်း ဖြစ်ပေသည်။

လှနှာနားတွင် အမျိုးသားတစ်ယောက်ထိုင်နေ၏။ သူသည် ဖြူ လာသည်ကို တစ်ချက်မျှငဲ့ကြည့်ပြီး ခေါင်းကို ငုံ့ချထား၏။ လှနှာ အမျိုးသမီးသည် မနေ့ကလို စကားမပြောနိုင်တော့ပေ။ မျက်စိကိုပင် ဖွင့်မကြည့်တော့။ ရောဂါ၏ နောက်ဆုံးအကြိမ် တိုက်ခိုက်မှုဒဏ်ကို အလူးအလဲခံထားရပုံ ပေါ်သည်။

ဖြူသည် တစ်ချိန်လုံး စိတ်ပင်ပန်းဆင်းရဲစွာ စောင့်ဆိုင်းနေရ၏။ ဖြူ စိုးရိမ်နေသည့်ကြားကပင် လှနှာသည် ရောဂါ၏ ထိုးစစ်ဆင်မှုကို ရင်ဆိုင်ရပြန်လေသည်။ ဆရာဝန် ဆရာမများ အပြေးအလွှား ရောက်လာကြ ပြန်သည်။

အို လူတစ်ယောက်ရဲ့ နောက်ဆုံးရုန်းကန်လှုပ်ရှားမှုဟာ ကြောက်မက်ဖွယ်ရာပါတကား။ လုံးဝ အရှုံးပေးလိုက်ရသည့်အဖြစ်သည် ကြေကွဲဖွယ်ပင်။ ဘဝတစ်ခုလုံးကို မနားတမ်း ပြေးလွှားတိုက်ခိုက် ရင်ဆိုင်ရင်း ခြေကုန်လက်ပန်းကျသွားရသူလို လှနှာသည် ပျော့ခွေ၍ ကျသွားလေသည်။ အို ဘုရားသခင်။

ဖြူသည် မျက်လုံးအစုံကို မှိတ်လိုက်၏။

ထို့နောက်တွင်တော့ ဖြူသည် နှလုံးသားကို နိုင်နိုင်ထားကာ သူ့လက်ထဲတွင် အသက်ပျောက်သွားသော လှနှာကို သူ့ ဝတ္တရားအတိုင်း သုတ်သင်ရှင်းလင်းပေးရလေသည်။ ဂွမ်းများဖြင့် ပိတ်ဆို့သင့်သည့် နေရာကို ပိတ်ဆို့ပြီး အဝတ်ဖြူဖြူဖြင့် ထုပ်ပိုးပေးရလေသည်။ ပိတ်ဖြူ ကန့်လန့်ကာ အတွင်းမှာ ဖြူ ကျင်လည်စွာလှုပ်ရှားနေပုံကို လှနှာရှင်အမျိုးသားသည် အပြင်မှရပ်ကာ မလှုပ်မယှက် ကြည့်နေလေသည်။ အားလုံးကိစ္စပြီးသော် ဖြူသည် ထိုယောကျ်ားကိုရင်ဆိုင်ကာ အသံကို ထိန်း၍ ပြောလိုက်သည်။

'သူ့ကို ရေခဲတိုက်ထဲပို့ဖို့ အကြောင်းကြားလိုက်တော့မယ်'

www.burmeseclassic.com



ဖြူ့အကြည့်သည် တင်းမာနေရောသလား မသိ။ အမျိုးသားသည် ခေါင်းကိုငုံ့ကာ ခပ်လေးလေး ညိတ်ပြလိုက်လေသည်။

\+ \+ \+

တနင်္ဂနွေနေ့မှာ မမျှော်လင့်ဘဲ ရက်အားရခဲ့သော်လည်း မောင့်ဆီ အကြောင်းမကြားဖြစ်။ ရုံးပိတ်ရက်ဖြစ်နေ၍ မောင့်အိမ်ကိုလည်း ဖုန်းမဆက်ချင်။ နောက်သုံးရက် ဆက်တိုက်နားရသော်လည်း မောင့်ဆီ မသွားဖြစ်ပြန်။ ဖြူ့ စိတ်များသည် ထွေပြား၍နေ၏။ ရှုပ်ထွေးနောက်ကျိနေ၏။

ထိုအချိန်တွင် အမိုးနှင့်အစ်ကိုတို့ အလည်ပြန်ရောက်လာသည့်အတွက် ဖြူ အားတက်ရွှင်လန်း၍ သွားလေသည်။ ထိုနေ့မှာပင် ဖြူ့အတွက် အလုပ်ခန့်စာရသည်။ အံ့ဩစရာတော့ကောင်းသား။ ထိုနေ့မှာပင် မောင်ကလည်း ဖြူတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေ၏။

မောင် ရောက်လာသည့်အချိန်မှာ ဖြူတို့မိသားစုသည် ဖြူ ပြောင်းရွှေ့ရမည့်အကြောင်းကို ပြောနေကြလေသည်။ အစ်ကို့သူငယ်ချင်း ကိုစိုးမြင့်လည်း ရောက်နေသည်။ မောင့်ကို အားလုံးကပင် ခင်မင်ပျူငှာစွာ ကြိုဆိုကြ၏။ မောင့်မျက်နှာကတော့ ဟန်ဆောင်ထားသည့်ကြားမှ အမူအရာပျက်နေသည်။ ကိုစိုးမြင့်နှင့် မောင့်ကို မိတ်ဆက်ပေးတော့ နှစ်ယောက်စလုံး သွားကြီးဖော် ဖြီးကာ လက်ဆွဲနှုတ်ဆက်ကြသည်။

"ဖြူ ဆေးရုံမဆင်းရဘူးလဲ သုံးရက်ရှိပြီဆိုလို့ နေမကောင်းလို့များလားလို့ လိုက်လာတာ"

မောင်က ပြော၏။ ဖြူသည် သူ့မိသားစုရှေ့မှာ မောင်နှင့် စကားပြောရမှာ ခက်နေလေသည်။

"ကိစ္စအထူးအထွေ မရှိပါဘူး၊ ကျွန်တော်ပြန်ဦးမယ်၊ ရုံးက ဆင်းဆင်းချင်း ထွက်လာခဲ့တာ"

www.burmeseclassic.com



အားလုံးကလည်း မောင့်ကို တားဆီးရန်ခက်နေကြသည်။ အစ်ကိုကတော့ သူ့ဘာသာ တစ်ဘက်လှည့်နေသည်။ အမိုးသည် အခြေအနေကို နားလည်စွာ ဝင်ပြော၏။

'ကားလဲ မပါဘူးထင်ပါရဲ့၊ မိဖြူ လိုက်ပို့လိုက်ဦးလေ'

ဖြူသည် မောင့်နောက်က တိတ်ဆိတ်စွာလိုက်လာခဲ့မိ၏။ လမ်းထိပ်ရောက်တော့ မောင်က မအောင့်နိုင်သော စကားကို ဆိုသည်။

'မောင်ကတော့ စိုးရိမ်လွန်းလို့ လိုက်လာရတာ၊ ဖြူက ဆွေတော်မျိုးတော်တွေ စုံနေတာကိုး၊ မောင့်ဆီ ဘာလို့ဖုန်းမဆက်တာလဲ၊ ဘာလဲ မောင် လာလည်မှာစိုးလို့လား၊ အင်းပေါ့လေ...'

'ဖြူ့ကို အပြစ်တွေတင်လှချည်လား မောင်ရယ်၊ ဖြူ ပြောတာလဲ နားထောင်ပါဦး၊ ဖြူ ဘယ်လောက်စိတ်ဓာတ်ကျနေတယ်ဆိုတာ မောင် မသိဘူး၊ ဖြူ စောင့်ရတဲ့ လူနာတစ်ယောက် ဆုံးသွားတယ်'

'ဟုတ်လား၊ အင်းလေ၊ ဒါ တစ်နေ့မဟုတ် တစ်နေ့ ကြုံရမှာပေါ့၊ ဒါကြောင့် မောင်ပြောတာ၊ ဖြူ့ကို ဒီအလုပ် မလုပ်စေချင်ပါဘူးလို့'

'မလုပ်လို့ မဖြစ်ဘူး မောင်၊ လုပ်ကို လုပ်ရတော့မယ်၊ ဖြူ အလုပ်ခန့်စာရပြီ'

'ဟင် ဘယ်မှာလဲ'

'ဘားအံမှာ'

ဖြူတို့ နှစ်ယောက်လုံး တိတ်ဆိတ်သွားကြလေသည်။ အင်းစိန်ဈေးနားကို ရောက်လာကြ၏။

'ဘယ်တော့သွားရမှာလဲ'

'တစ်ပတ်အတွင်းသွားရမယ် မောင်'

'ဖြူ တစ်ယောက်တည်းလား'

'လောလောဆယ်တော့ ဖြူ တစ်ယောက်တည်း၊ စောစောက မောင်နဲ့မိတ်ဆက်ပေးတဲ့ အစ်ကို့သူငယ်ချင်းက သူ့ဦးလေးတစ်ယောက်

www.burmeseclassic.com



ဘားအံမှာ ရှိတယ်တဲ့၊ နောက်တော့ အဆင်ပြေသွားမှာပါလေ၊ ခေါ်ခေါ်ကို ခေါ်ရမှာပေါ့'

မောင့်မျက်နှာက ညှိုးငယ်နေ၏။

'အင်းလေ ဖြူက ဖြူ့အလုပ်ကို အင်မတန်မြတ်နိုးတာကို မောင် သိပါတယ်၊ ပြီးတော့ ဖြူ့မှာ ကူညီစောင့်ရှောက်မယ့်သူတွေလဲရှိနေတာပဲ၊ ဖြူ့အစ်ကိုက နဂိုကမှ မောင့်ကို သဘောမကျတဲ့သူဆိုတော့'

'ဘာတွေ ပြောနေတာလဲ မောင်ရယ်၊ မောင် ပြောတာတွေ ဘာမှ မဆိုင်ပါဘူး၊ ဖြူက ဘယ်နေရာပဲရောက်ရောက် ဖြူ့ဘဝကို ဖြူ့ဘာသာ ရင်ဆိုင်မှာပါ'

'အင်းလေ၊ ဖြူ သတ္တိရှိတာ မောင် သိပါတယ်'

မီးရထားနှင့် ကားလမ်းဆုံရာသို့ ရောက်လာကြ၏။ ရထားလာခါနီး၍ ကားလမ်းဘက်မှ တံခါးကို ပိတ်ထားသည်။ ကားတွေစီတန်းပြီး ရပ်စောင့်နေကြ၏။ ဖြူတို့ စောင့်ရပ်မိကြသည်။

'ဖြူ မနက်ဖြန်ခါ ၁၀ နာရီလောက် မောင့် ရုံးအောက်က စောင့်နေမယ်၊ မောင့်ကို အေးအေးဆေးဆေး စကားပြောချင်သေးတယ်'

'ကောင်းပြီလေ၊ မောင် စောင့်နေပါမယ်၊ ဒါပေမဲ့ ဖြူ့ဆုံးဖြတ်ချက် အတိုင်း လုပ်မဲ့အကြောင်းပဲဖြစ်မှာမဟုတ်လား၊ ဖြူက မောင့်အလိုကို လိုက်မှာမှ မဟုတ်တာ'

'ဒီလိုဆို ဖြူ့ကို မောင် မတွေ့ချင်တော့ဘူးလား ဟင်'

'မောင် တွေ့ချင်လွန်းလို့ လိုက်လာခဲ့တာပါ ဖြူရယ်'

'ဟုတ်ပါတယ်လေ၊ ဖြူ လာခဲ့ပါမယ်'

'သွားမယ် ဖြူ'

မောင်သည် မီးရထားသံလမ်းကို ကူးသွား၏။ မောင်သည် လမ်းခုလတ်မှာပင် ဖြူ့ကို နှုတ်ဆက်သွားလေပြီ။ ဖြူကလည်း လိုက်မသွားမိ။

မီးရထားတစ်စင်း ဖြတ်မောင်းသွားသည်။ ရထားတွဲများဆုံးသော် မောင့်ကျောပြင်ကိုပင် မမြင်ရတော့ပြီ။

မနက်ဖြန်မှာတော့ မောင့်ကို သွားတွေ့ဖြစ်အောင် တွေ့ရဦးမည်။ ဖြူ ပြောချင်သည့်စကားတွေ ပြောပြရဦးမည်။ ဖြူသည် မောင် သိသလဝင်သလို မောင့်အပေါ်ထားရှိသည့် ချစ်မေတ္တာကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းလိမ့်မည် မဟုတ်သည့်အကြောင်း။ ပြီးတော့ ဖြူသည် သူ့ဘဝလမ်းကြောင်းကိုလည်း မည်သည့်အခါမျှ ပြောင်းပစ်လိမ့်မည် မဟုတ်သည့်အကြောင်း။ နောက်ဆုံး ဘဝချင်းမတူ၍ လမ်းခွဲကြစို့ ဆိုလျှင်လည်း ဖြူ့နှလုံးသားက မည်သို့မျှ တုန်လှုပ်တော့မည် မဟုတ်သည့်အကြောင်း။

သို့သော် နောက်ဆုံးအချက်ကိုတော့ ပြောရန်လိုအပ်သည့်အခြေအနေသို့ ရောက်မလာပါစေနှင့်ဟု ဖြူ အကြိမ်ကြိမ် ဆုတောင်းမိလေသည်။

**[ရွှေဘိုမြို့၊ အမှတ် ၁၊ အစိုးရအထက်တန်းကျောင်း၊**
**ကျောက်စိမ်းရတုမဂ္ဂဇင်း ။ ။ ဇန်နဝါရီ၊ ၁၉၈၀]**

www.burmeseclassic.com

www.burmeseclassic.com



ချို့အပေါ် ထားရှိတဲ့ သံသယအတွေးတွေကို ရေခြား မြေခြားအထိ ယူမသွားပါနဲ့လား ဆရာရယ်။

\+ \+ \+

ချို့ အမှားတွေပါပဲ။

ချို့ မိုက်မဲမှုတွေပါ။

ချို့ တွေဝေမှုတွေပါ။

ဆရာရဲ့ မေတ္တာစေတနာ ကြိုးမျှင်လေးတွေကို အချုပ်အနှောင် ကွန်ယက်ကြီးလို့ ယူဆခဲ့တယ်။ ဆရာရဲ့ စိုးရိမ်မှု အဟန့်အတားတွေကိုလဲ သံမဏိတောင်ကြီးလို့ ရှုပ်ခဲ့ခဲ့မိတယ်။ ဒါကြောင့် အချုပ်အနှောင် ကွန်ယက်ထဲက အလွတ်ရုန်းထွက်ခဲ့တယ်။ သံမဏိတောင်အတွင်းကလဲပြေးထွက်ခဲ့မိတယ်။

ဒီအချိန်မှာ မေတ္တာ စေတနာ အထုအထည်ကြီးကို ရင်မှာပိုက်ပြီး တအုံတခဲ ငေးမောကျန်ရစ်ခဲ့လေတဲ့ ဆရာကိုလဲ လျစ်လျူရှုခဲ့မိပြီလေ။

www.burmeseclassic.com



ဆရာ့ကို ချို မသိခဲ့သလို၊ ချို့ကိုလည်း ဆရာ နားမလည်ခဲ့ပါလား။ တဈာသိုလ်က မြေနီလမ်း လှလှကလေးတွေကို ညနေ သာသာယာယာ အချိန်မျိုးမှာ ခြေလက်ဆန့်ရင်း အပျင်းပြေ လမ်းလျှောက်ချင်တယ်ဆရာ။ ဆရာပြောသလို အသံမထွက် မလှုပ်မယှက် ထိုင်နေရတဲ့ စာကြည့်ခန်းမ ထဲမှာ စိတ်ကို ထိန်းချုပ်ရင်း ဖြုပ်စင်တွေ ဖြုပ်ပေါင်းတွေအကြောင်းကိုချည်း လေ့လာ ဆည်းပူး မနေချင်ဘူးဆရာ။

အင်းယားရေပြင်ရဲ့ အလှကို ငေးပြီးတော့ ရေစပ်မှာခြေချလို့ ဆော့ ကစားချင်တယ်။ မမြင်နိုင်စွမ်းတဲ့ လေထုထဲက အရာတွေကို တပင်တပန်း စမ်းသပ် ရှာဖွေမနေချင်ပါဘူး ဆရာရယ်။

ဆရာက ပြောတယ်။

စိတ်ကူးယဉ်ကမ္ဘာထဲမှာချည်း ချို ရှိမနေစေချင်ဘူး၊ တကယ့် လက်တွေ့ကမ္ဘာထဲမှာ ချို့ကို ရှိနေစေချင်တယ်တဲ့။

ချိုကတော့လေ . . .။

လာစမ်းပါ ဆရာရယ်၊ ဆရာ့ လက်တွေ့စမ်းသပ်ခန်းထဲက ဖန်ပြွန် တွေ၊ ဖန်အိုးတွေ၊ အရောင်တွေ၊ အနံ့တွေ၊ အရေသာတွေ ခဏထားခဲ့စမ်းပါ၊ ဟောဒီမှာ ပန်းပွင့်လေးတွေ၊ ဟောဒီမှာ လိပ်ပြာလေးတွေ၊ သဘာဝရဲ့ အလှအပတွေကို ခံစားလှည့်စမ်းပါလို့ ဆွဲခေါ်ပြချင်စမ်းတယ်။

ဖြစ်ချင်တာတွေက ဆန့်ကျင်နေပါကလား ဆရာ။

ဒါပေမဲ့ ဆရာရယ်။ ဒါဟာ ဆရာနဲ့ ချို ဆုံခဲ့ကြရတဲ့ အစက အကြောင်းအချက် မဟုတ်ခဲ့သေးပါဘူး ဆရာ။

\+ \+ \+

ပျော်စရာကောင်းတဲ့ နေ့တစ်နေ့ပါပဲ ဆရာ။ ဘာသာရပ်အလိုက်ခွဲ့စည်း ထားတဲ့ အသင်းအသီးသီးတွေ၊ အသင်းသားအချင်းချင်း ရင်းနှီးမှုရှိစေဖို့ စာသင်ခန်းရဲ့ ပြင်ပ ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်ရေးပေါ့ ဆရာရယ်။

www.burmeseclassic.com



သံလျင်မြို့ဟာ လေ့လာရေး ဦးတည်ရာပါ။

ပါဒကြီးဘုရားဟာ လေ့လာရေးခရီး တစ်ထောက်နားရာပါ။ ကျောက်တန်း ရေလယ်ဘုရားကတော့ စုစုဝေးဝေး အေးအေးဆေးဆေး တမျှော်တပါး ဘုရားဖူးကြရာ နေရာပေါ့။

သံလျင်ခရီးကအပြန်မှာ ဆရာဟာန်၊ ဆရာ့အပြိုးတွေနဲ့ ဆရာ အကြည့်လေးတွေက ရို့ နေရာ ရတနာ့သောင်အထိ လိုက်လို့နှုတ်ဆက်ကြလေရဲ့။

ချိုရယ် ဆရာရယ်လို့ အသိအမှတ်ပြုခဲ့မိကြပြီလေ။

\+ \+ \+

အဲဒီနှစ်က ရို့ စာမေးပွဲအောင်တယ်။

\+ \+ \+

ကြည်နူးစရာကောင်းတဲ့ နေ့တစ်နေ့ပါပဲ ဆရာ။

အစဆောင်မှာ စားသောက်ရတာ ငြီးငွေ့လာတော့လဲ အပြင်ထွက်စားကြရတာ အရသာရှိတယ်လေ။ နှမ်းဆီ ဟိုတယ်က ဟင်းရွက်တွေရဲ့ အရသာဟာ ဆရာ့ မေတ္တာနှာကြောင့်လား။ ရို့ အပြုံးကြောင့်လား ချိုမြနေတာတော့ အမှန်ပါပဲလေ။

ရင်းနှီးမှုရဲ့ တိုးတက်လာခြင်း အထိမ်းအမှတ် ဆိုပါတော့။ ဌာနဆိုင်ရာ လုပ်ဆောင်ချက်တွေမှာ ဆရာ ထက်ထက်မြက်မြက်ရှိပုံကို ရို့ သဘောကျတယ်။ ကျောင်းသူတစ်ယောက်အနေနဲ့ ရို့ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားတာကို ဆရာက ချီးကျူးတယ်။

\+ \+ \+

ရို့

ဆရာ့ဆီလာခဲ့ဦး။

ဆရာ

\+ \+ \+

www.burmeseclassic.com



"ချို ဘယ်လိုဖြစ်တာလဲ"

"ချို ဘာဖြစ်လို့လဲဆရာ"

"ချို ပြီးခဲ့တဲ့ တက်စ်မှာ အမှတ်တွေ သိပ်နည်းပါလား"

"ဆရာရယ်၊ အရေးတကြီး စာရေးခေါ်တော့ ဘာများလဲလို့၊ အမှတ်စာရင်း ချို သိပြီးပါပြီ ဆရာရဲ့"

အေးဆေးတဲ့ ချို့ အမူအရာဟာ အရေးတကြီးဖြစ်နေတဲ့ ဆရာ့ဟန်ကို ပိုပြီး လေးနက်သွားစေတယ်။

"ပေါ့ပေါ့ဆဆနိုင်လှချည်လား ချို၊ ဒီပုံအတိုင်းဆိုရင် စာမေးပွဲကျနိုင်တယ်"

"စာမေးပွဲအောင်ဖို့ ချိုတို့ ကျောင်းနေကြတာလား ဆရာ"

"ကြည့် ချိုရယ်၊ စာမေးပွဲအောင်မှ ချို သိချင်တဲ့ အရာတွေကို နောက်တစ်ဆင့် တိုးတက် သိမြင်အောင် ရှေ့တိုးနိုင်မယ် မဟုတ်လားကွယ်"

သည့်နောက်တော့ ဆရာဟာ ချို့ကို ဆုံးမစကားတွေ၊ ဖျောင်းဖျမှုတွေ၊ တိုက်တွန်းမှုတွေနဲ့ပဲ အမြဲလို သတိပေးခဲ့တော့တယ်။ ဆရာ့ အပြောအရဆိုရင် ချို ကြိုးစားရမယ်၊ အတန်းတွေ အောင်ရမယ်၊ ဘွဲ့တွေ ရရမယ်၊ ချိုက ဆရာ့ကို "မိုးကျော်သူ" လို့ပဲ ဆိုမိတယ်။ ဆရာဖြစ်စေချင်တာတွေ ချို လိုက်လုပ်နေရမှာလား၊ ချို့ လွတ်လပ်မှုကို ထိပါးလာမှာစိုးတယ်၊ ချိုက ငှက်ကလေးလို လွတ်လွတ်လပ်လပ် ပျံသန်းနေချင်တယ်။

တားဆီးလေလေ ရုန်းထွက်ချင်လေလေ။

မနှာခံမှန်း သိလေလေ ချုပ်ချယ်ချင်လေလေ။

ချိုနဲ့ ဆရာရဲ့ ရင်တွင်း ပဋိပက္ခလေးတွေပါပဲ။

ဒီပဋိပက္ခလေးကလဲ ဆရာ့ကို ချို ရှောင်ပြေးမိခဲ့တဲ့ အဓိကအကြောင်းတော့ မဟုတ်ခဲ့သေးပါဘူး ဆရာ။

\+ \+ \+

'စနေနေ့ညနေက လှည်းတန်းဈေးမှာ ချို့ကို တွေ့လိုက်တယ်'

'ဟုတ်ပါတယ်ဆရာ၊ ချိုတို့ မုန့်ထွက်စားတာ'

'ချိုတို့'လို့ တမင်ထည့်ပြောလိုက်တာက ဝန်ခံလိုက်တာပါ။ ချိုနဲ့ ကိုကျော်လွင်နဲ့ပါ။ ဆရာ ချက်ချင်း ဣန္ဒြေဆည်လိုက်ပေမဲ့ ဆရာ့မျက်နှာ ပျက်သွားတာ ချို သိလိုက်ပါတယ်။

'စာမေးပွဲနီးပြီ မဟုတ်လား ချို၊ ဒီလိုပဲ ခဏ ခဏ ထွက်သလား'

'ချို စာကျက်ပါတယ် ဆရာရယ်'

'စာမေးပွဲအောင်ရမယ်ဆိုတဲ့ ယုံကြည်ချက် ရှိရဲ့လား'

'ဒါတော့ ချို ဘယ်သိနိုင်မှာလဲ ဆရာရယ်'

ချိုက ပေါ့ပေါ့ဆဆ ပြောလေလေ ဆရာက ပြင်းပြင်းထန်ထန် သတိပေးလေလေပါပဲ၊ ဆရာ့ ဆုံးမစကားတွေက ချို့နားမှာ လျှံကျန်ပြီ ဆရာရဲ့၊ ချို ယောက်ျားမိတ်ဆွေတွေနဲ့ သွားလာတာကို သဝန်တိုစိတ် တစ်ခုနဲ့ ချို့ကို ဖိနှိပ်နေတာလားလို့ပဲ မိုက်မိုက်မဲမဲ တွေးမိတယ်။ ပြီး သဝန်တိုရင်လဲ ကိုယ်တိုင်က ဂရုစိုက်ပါလား၊ ကြားလူ အဝင်မခံနဲ့ပေါ့လို့ စိတ်ထဲက ပြောမိတယ်။

နောက်တော့လဲ ဘယ်နေရာမှာ ချို့ကို ဘယ်သူနဲ့ တွေ့လိုက်တယ် ဆိုတာကို ဆရာ မပြောတော့ပါဘူး၊ ဆရာ့ရှေ့မှာတောင် မျက်နှာချင်းဆိုင် တွေ့ပေါင်းက များလာပြီကိုး။

ဒီလိုနဲ့ပဲ နှစ်ဝက်ကျိုးလို့ ကျောင်းရက်ရှည် ပိတ်ခဲ့ပါပြီ။ ချိုနဲ့ ဆရာ တို့ရဲ့ ဆက်ဆံရေးက စမ်းတဝါးဝါးရယ်။

ဒါပေမဲ့ ဆရာရေ

ခွဲခွာခြင်းက စကားပြောပါလေရောလား။

ဆရာ့ရဲ့ သိမ်မွေ့တဲ့ စာလေးတွေက ချို့အပေါ် သံယောဇဉ်ကြီး ကြောင်းကို ပြတယ်။ ချို့ရဲ့ နွဲ့ပြောင်းတဲ့ စာလေးတွေက ဆရာ့အပေါ် တွယ်တာမိကြောင်းကို ဆိုကြတယ်။

www.burmeseclassic.com



ဒုတိယသနစ်ဝက်ရဲ့ ကျောင်းပြန်အဖွင့်မှာတော့ ချိုဟာ ဆရာဖြစ်ချေချင်သလို အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးပြီးသားဖြစ်ခဲ့ရတယ်။

ချို ကြိုးစားတော့ ကြိုးစားခဲ့သားပဲ ဆရာရယ်။

ဆရာ့စည်းမျဉ်းက တင်းကျပ်လွန်းအားကြီးတာတော့ ချို သည်းမခံနိုင်ပါဘူး။ ဆရာ နေရာတကာ ပုံစံကြီးနဲ့ချထားချင်တယ်။ ဒီလိုနေ၊ ဒီလိုလုပ်၊ ဒီဟာမလုပ်နဲ့ စာတုစေ့သည်းရှုခြင်းတွေထက် ဆရာ့ဩဇာ အဆုံးအမတွေကို မှတ်ရတာ ပိုပင်ပန်းတယ်။

ချိုက နူးညံ့တယ် ဆရာ။

ဆရာ့စည်းကမ်းက တင်းမာလွန်းတယ်။

ဒါပေမဲ့ ဆရာရယ် ဆရာ့ဩဇာအောက်က ချို လုံးဝ လွတ်အောင် ရုန်းမထွက်ခဲ့သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ချို နူးညံ့တဲ့နှလုံးသားကပဲ ဆရာ့ကို တွယ်တာအိ၊ ချစ်နေမိပြီကိုး။

ဒါနဲ့များ မိန်းကလေးရယ်၊ မင်း ကိုယ့်ဆီက ဘာကြောင့် ရှောင်ပြေးသွားရသလဲ၊ တည်ငြိမ်တဲ့ ဆရာ့ရင်ကို လှုပ်ရှားအောင် ဘာကြောင့် လုပ်သွားရသလဲ။ သန့်စင်တဲ့ ဆရာ့စေတနာကို အညစ်အကြေးဖြစ်အောင် ဘာကြောင့် နှောင့်နှောက်သွားရသလဲလို့ ဆရာက ဆိုတော့မယ်။

\+ \+ \+

'ညီမလေးရယ်၊ စိုးရိမ်မိတယ်၊ ညီမလေးရယ် စိုးရိမ်မိတယ်'

'အနားမှာနေပါကွယ်၊ ဆရာ့အနားမှာ နေပါကွယ်'

စာတုစေ့ဌာန၊ ဆရာ့အခန်းထဲက ထွက်လာတိုင်း မကြားတကြား နောက်ပြောင်သီဆိုကြတဲ့ ကျောင်းသားကြီးတွေရဲ့ လှောင်သံတွေလေ။

www.burmeseclassic.com



ချို ရှက်တယ် ဆရာရယ်၊ ဒါကြောင့် ဆရာ့ဆီ ချို လာရမှာ ဝန်လေး မိတယ်၊ ဆရာ့အခန်းထဲမှာ ဆရာမရှိတဲ့အချိန် သူငယ်ချင်းတွေနဲ့ အတူတူ စာလာကျက်ဖို့ကိုတောင် ချို မရဲတော့ဘူး။

စာကျက်ဖို့ဆိုရင် နေရာရွေးလွန်းတဲ့ ချို၊ ရွက်ဝါလို စိတ်လွင့်ပါး လွယ်တဲ့ ချို၊ ဒီလိုဆိုပြန်တော့ ဆင်ခြေကန်စရာ အကြောင်းတွေနဲ့ စာအုပ်ကို မျက်နှာချင်း မဆိုင်ချင်ပြန်ဘူး။

ချို့ အခန်းထဲမှာဆိုရင်လဲ အိပ်ရာထဲမှာ အတွေးနယ်ကျယ်ပြီး စိတ်လေ့ယာဉ်စီးဖို့လောက်သာ ချို ဝါသနာပါခဲ့တာ။

အင်းယားကန်စောင်းမှာအဖော်တစ်စုနဲ့ဆိုရင် သင်ခန်းစာအကြောင်း၊ စာအကြောင်းဆွေးနွေးဖို့ထက် ကဗျာအကြောင်း၊ လင်္ကာအကြောင်း ဗိုင်းခွဲဖို့ လောက်သာ ချို စိတ်ထက်သန်ခဲ့တာ။

ဒီတော့လဲ အပတ်စဉ် ကျူတိုရီရယ်တွေ ဖြေရမယ့်အခန်းကလဲ ချို ပြေးတတ်လာခဲ့ပြန်ပြီ။ ဓာတုဗေဒလက်တွေ့ခန်းထဲက ချို လစ်တတ်ခဲ့ပြီ။ ချိုတို့ လက်တွေ့စမ်းသပ်ခန်းထဲမှာ ဆရာ လာသင်နေတယ်ဆိုတာကိုတောင် ချို မသိခဲ့လေတော့ ချို့ အဖြစ်ကို ဆရာမသိဘဲ ဘယ်နေပါ့မလဲ။

\+ \+ \+

'ချို ဆရာ့စကားကို နားမထောင်ပါလားကွယ်'

ရှောင်နေတဲ့သူကိုမှ မတွေ့တွေ့အောင်ရှာပြီး ဆရာက ဆိုပြန်တယ်။ စာအုပ်တွေကိုလဲ ဆရာက စစ်ဆေးလေရဲ့။ ကွက်လပ်တွေများနေတဲ့ ချို့ စာအုပ်တွေကို ကြည့်ပြီး ဆရာက စိတ်ပျက်လက်ပျက် ခေါင်းခါတယ်။ ပြီးတော့ ချို့ကို ကြည့်တယ်။ သိပ်အထင်သေးတဲ့အကြည့်လို့ ချို ခံစားရတယ်။ ဆရာ့အကြည့်ကို ချို ခံပြင်းမိတယ်။ ထပ်မံမိုက်မဲခြင်းလို့ ဆိုရမလား။ ချို့အပေါ် အထင်သေးတာကို ချို မခံချင်ဆုံးပဲ။

www.burmeseclassic.com



မာနခဲနဲ့ တလွဲဆံပင်ကောင်းခဲ့တဲ့ ချို၊

နားလည်မှုအမှားနဲ့ မခွဲခြားတတ်ခဲ့တဲ့ ချို။

ကလေးငယ်အတွေးနဲ့ မရင့်ကျက်သေးတဲ့ ချို၊

ဆရာကို အထင်လွဲခဲ့တယ်။

ဆရာ့မေတ္တာကိုလဲ စော်ကားမိခဲ့တယ်။

သည်စာတွေမကျက်တော့ ဘာဖြစ်မှာလဲ။

သည်စာမေးပွဲတွေ မအောင်တော့ ဘာဖြစ်မှာလဲ။

သည်ဘွဲ့မရတော့ကော ဘာဖြစ်သွားမလဲ။

ဆရာကရော ဒါတွေ ဒါတွေရမှ ချို့ကို ခင်တွယ်မှာလား၊ ဒီလိုဆိုရင်တော့ ဆရာ့စေတနာကို ချို မယုံ၊ ဆရာ့မေတ္တာကို ချို မလေးစား၊ ဆရာ့သံယောဇဉ်ကို ချို လက်မခံချင်တော့ဘူးလေ။

ဒါပေမဲ့လဲ

ဆရာ့ကို ရှောင်ပြေးမိခဲ့တာ ဒီမကျေနပ်မှုလေးတွေကြောင့်ချည်းပဲ မဟုတ်နိုင်ပါဘူးလေ။

+ + +

ချို့ အရည်အချင်းကို ချို အထင်ကြီးတယ်။

ချို့ ဉာဏ်ရည်ကို ချို အားကိုးတယ်။

ဒါကြောင့် ချို့ မာနကို ပွိုးခဲ့မိတယ်။

သည်စာမေးပွဲကို အောင်အောင်ဖြေမယ်။

ချို စာကျက်ပြီ။ လက်တွေ့ခန်းထဲ ပြန်ဝင်ပြီ။ ပျက်ကွက်ခဲ့တာတွေ ပြန်ကျူးပြီ။ သူငယ်ချင်းတွေကို အားကိုးရတယ်။ နားမလည်တာတွေများလှတယ်။ စာတုဝေဒဆိုတာ အမေ့ခံတဲ့ဘာသာမျိုး မဟုတ်။ ပျက်ကွက်တာကို ခွင့်လွှတ်တာမျိုး မဟုတ်။ ပစ်ပယ်တာကို သည်းခံတတ်တာမျိုး မဟုတ်။

www.burmeseclassic.com



အမြဲထိတွေ့ကိုင်တွယ်နေမှ ကျွမ်းကျင်တတ်တာမျိုး။ အစဉ်စူးစမ်းရှာဖွေနေနိုင်မှ ပိုင်နိုင်တတ်တာမျိုး။ တာဝရေလှလာနေမှ လိုက်မီနိုင်တာမျိုး။

ချို ပင်ပန်းလှပြီ။ ခေါင်းတွေလဲမူးလာပြီ။ ဦးနှောက်တွေလဲ ဆူဝေလာပြီ။ စာမေးပွဲကလည်း နီးလာပြီလေ။ ချို ဘယ်မှ မသွားဖြစ်ဘူး။ ဘယ်ဧည့်သည်မှလဲ အတွေ့မခံတော့ဘူး။ အစာကောင်းကောင်းကောင်း မစားနိုင်တော့ပါဘူး ဆရာရယ်။

**ချို**

မတွေ့တာကြာပြီ။
စာမေးပွဲအတွက် သိပ်ပင်ပန်းနေပြီလား။
နားမလည်တာတွေ ဆရာနဲ့ လာတိုင်ပင်ပါ။
ချို့အတွက် ဆရာ စိတ်ပူတယ်။
သိပ်လဲ အပင်ပန်းမခံနဲ့။
ကျန်းမာရေးလဲ ဂရုစိုက်။

**ဆရာ**

ဟုတ်တယ်။

ဆရာဆီလာဖို့ ချို သတိရပေမဲ့ တမင် မလာဘဲ နေခဲ့တယ်။ 'မေ' နေခဲ့တယ်ဆိုရင် ပိုမှန်မှာပေါ့ ဆရာ။

ပြီးတော့ ဆရာ့ကို ချို စိတ်ကောက်နေတယ်လေ။

\+ + +

စာမေးပွဲ ပထမရောက်။
ကျောင်းသားတိုင်း အားပါးတရ ဖြေကြတယ်။
ချိုတော့ အသင့်အတင့်ပါပဲ။
ဒါပေမဲ့ မကျနိုင်ပါဘူးလေ။
ချို အားမလျှော့သေးပါဘူး။

\+ + +

www.burmeseclassic.com



ဒုတိယနေ့။

မဆိုးပါဘူး။ တော်တော်လေး ဖြေနိုင်တယ်။

ရို့ အားတက်လာပြီ။

+ + +

တတိယနေ့

သိပ်မရဘူး။

သူများတွေက လွယ်တယ် လွယ်တယ်နဲ့ အော်နေကြတယ်။

သိပ်စိတ်ညစ်တယ်။

+ + +

စတုတ္ထနေ့

ဘာတွေမှန်း မသိပါလား။

ဘာတွေ မေးထားတာလဲ။ ဘာတွေလဲ။

ဘာ ရေးချရမလဲ။ ဘာလုပ်ရမှာလဲ။

စာမေးပွဲခန်းထဲက ထွက်လာရမှာလား။ ဆက်ထိုင်နေရဦးမှာလား။ ဘယ်အချိန်အထိ ထိုင်ရဦးမှာလဲ။ 'ဖြေခွင့်ချိန်တာ သုံးနာရီ' တဲ့။ ကုန်ခဲလိုက်တာ။

+ + +

စာမေးပွဲခန်းထဲက ထွက်လာပြီး အင်းယားကန်စပ်မှာ သွားထိုင်တယ်။ ငေးမိငေးရာ တွေးမိတွေးရာ ငေးနေမိတယ်။ လေကလဲ အေးလိုက်တာ။ ချမ်းလာသလိုလိုပဲ။ အိပ်ရေးပျက်ခဲ့တဲ့ ညတွေကြောင့် ခေါင်းထဲမှာ ကိုက်ခဲနေတယ်။ စိတ်ပူပန်မှုကြောင့် ရင်တွေ တလှပ်လှပ် ခုန်လာတယ်။

အဲဒီညမှာ ရို့ ဖျားတယ်။

www.burmeseclassic.com



နောက်နေ့ မနက်မှာ စာမေးပွဲခန်းကို မဝင်နိုင်တော့ဘဲ ဆေးခန်းကိုပဲ ရောက်ခဲ့ရတယ်။ ဆေးခန်းကနေ ဆက်ဖြေရပါတယ်။ လာစောင့်တဲ့ ဆရာမက အကြင်နာနဲ့ ဖေးမပါရဲ့။ ဒါပေမဲ့ ချို့ ခေါင်းထဲမှာ ဘာမှမသိ။ ဘာမှမရှိ။ ဓာတုဗေဒဆိုတာ အရောင်စုံလား၊ အနံ့ထုံသလား၊ ဆုပ်ကိုင်လို့ရသလား၊ အရွေ့လား၊ အစိုင်အခဲလား၊ အို ရှုပ်ထွေးလိုက်တာ။ ပရိယာယ်များလိုက်တာ၊ မာယာကြွယ်လိုက်တာ။

၁၀၄ ဒေါက် မလျှော့တဲ့ အပူချိန်နဲ့ မူးနောက်ဆုဝေနေတဲ့ ဦးနှောက်နဲ့ ဒီအရှုပ်အထွေးတွေကို ဘယ်လို ဖြေရှင်းရမလဲ။

သွား သွား။ ဘာမှ မတွေးချင်ဘူး။ မရေးချင်ဘူး၊ သွားစမ်းပါ။ အဝေးကြီးကို သွားကြစမ်းပါ။

တစ်ယောက်တည်း နေပါရစေ။ အိပ်နေပါရစေ။

\+ + +

ဆေးခန်းရဲ့ ဧည့်သည်ချိန်မှာ ပထမဆုံး ရောက်လာတာက ဆရာ။ ဆရာပါလား။

ဆရာ ဘာများပြောချင်သေးလဲ။ ဘာများ ပြောနိုင်ဦးမှာလဲ။ ပြောလို့ကော ဘာတွေ အကြောင်းထူးလာမလဲ။ ဆရာပြောမှာတွေလဲ ချို့ နားမထောင်ဝံ့ဘူး။ မကြားဝံ့ဘူး ဆရာရယ်။ ဒီတစ်ခါတော့ ဆရာက အကြင်နာ အပြုံးနဲ့ ဆိုခဲ့တယ်။

"နေကောင်းအောင်သာ နေပါကွယ်၊ ဘာမှ မတွေးနဲ့" တဲ့။

ဘာမှ မတွေးနဲ့တဲ့။

ဘာမှလဲ မတွေးချင်တော့ပါဘူး ဆရာရယ်။

နောက်နေ့တွေမှာလဲ ချို့ နဖူးပေါ်မှာ ရေခဲအိတ်နဲ့ အပူချိန်လျှော့အောင် သူနာပြုဆရာမတွေက ကြိုးစားပေးတယ်။ အဖျားဒီဂရီက ဆရာမတွေကို တော်လှန်နေတယ်။ စာမေးပွဲက ဝတ္တရားမပျက် ဆက်စစ်တယ်။ မေးခွန်းလွှာတွေက တာဝန်မပျက် ရောက်လာတယ်။

www.burmeseclassic.com



သတိရတာ ရ၊ မရတာ မရ။

ပြောချင်တာ ပြော၊ ရေးချင်တာ ရေး။

မှန်ချင် မှန်၊ မှားချင် မှား။

အောင်ချင် အောင်၊ မအောင်ချင် နေ။

ဘာမှ မတတ်နိုင်တော့ပါဘူး။

လူနာကြည့်ဖို့ ဧည့်လာချိန်က သုံးနာရီခွဲ။ အပြင်မှာ ဆရာရောက်နေတာက သုံးနာရီ မထိုးသေး။ ဧည့်သည်ပြန်ချိန်က ခြောက်နာရီ။ နှင်ထုတ်မှ ဆရာပြန်တော့ ခြောက်နာရီခွဲ။

ဘေးလူတွေက အကဲခတ်တယ်။ သူငယ်ချင်းတွေက အဝေးကပဲ ကြည့်နေကြတယ်။ ပြီးတော့ သူတို့မျက်နှာမှာ နောက်ပြုံးလေးတွေနဲ့။ ဆရာပြန်ရင် သူတို့လာပြီ။ စကြပြီ။ နောက်ကြပြီ။

နေမကောင်းလျက်နဲ့ ရယ်ရတယ်။ ဝမ်းနည်းလျက်နဲ့ ကြည်နူးရတယ်။ စိတ်ပျက်ရင်းက ပီတိဖြစ်ရပါတယ် ဆရာရယ်။

\+ \+ \+

ကျောင်းပိတ်လို့ သူများတွေ အိမ်ပြန်ကြတော့ ချိုက အားနည်းနေသေးလို့ ဆေးခန်းမှာ ကျန်ခဲ့တယ်။ အိမ်ပြန်ချင်လှပြီ။ လာပြုစုနေတဲ့ အမေ့ကိုလဲ သနားလှပြီ။ ချို့ အမေက ဆရာ့ကို ခင်ပါတယ်။ ချို့ အစ်ကိုကလဲဆရာ့ကို လေးစားပါတယ်။ သူတို့အားလုံး ချို့နဲ့ ဆရာ့ကို နားလည်နေကြပါပြီ။

ချို့တို့မိသားစု အိမ်ပြန်တော့ ဆရာ စာမေးပွဲဖြေရင်း ကျန်ရစ်တယ်လေ။ မဟာသိပ္ပံအတွက်ပေါ့။ ချို့လဲ စိတ်ပူတတ်လာပါပြီ။ ဆရာ ဖြေမှ ဖြေနိုင်ပါဦးမလား။ ဆရာ စာမကျက်နိုင်အောင် ချို နှောင့်ယှက်ခဲ့မိပြီ ထင်ပါရဲ့။ ခွင့်လွှတ်ပါတော့ ဆရာရယ်။ ချို့ကို ခွင့်လွှတ်ပါတော့။

ပြန်သာလာရတယ် ဆရာ့ကို လွမ်းလိုက်တာ။

\+ \+ \+

www.burmeseclassic.com



ခွဲရတာက တစ်လခွဲ။ ဇာတ်လိုသမား အိမ်ကိုဝင်ရတာက ရက် ၃၀ လောက်။

အောင်စာရင်းထွက်ခါနီးလေ ဆရာ့ဆီက စာတွေ လာလေလေ။ ချို သိပါပြီ။ ဆရာ ချို့ကို သည်လောက်တောင်နှစ်သိမ့်နေတယ်။ ဖျောင်းဖျ နေတယ် ဆိုကတည်းက ချို စာမေးပွဲရဲ့ အဖြေကို ချို သိပါပြီ။

ဆရာ စိတ်ပူတာက ချို ပြန်မလာမှာကိုပဲ မဟုတ်လား။

\+ \+ \+

ထင်တဲ့အတိုင်းပဲလေ၊ အဲဒီနှစ်က ချို စာမေးပွဲကျတယ်။

\+ \+ \+

ကျောင်းဖွင့်ရက်မှာ ချို ပြန်လာခဲ့တယ်လေ ဆရာရယ်။

ဆရာမှာတဲ့အတိုင်း ကြိုကြိုတင်တင် ပြန်လာခဲ့ပါတယ်။ ချို ချစ်တဲ့ ရတနာဆောင်ကိုတော့ ချို မဝင်ရတော့ဘူးလေ။ ချို့ကို လက်မခံတော့ဘူးတဲ့။

ချို နေရတဲ့ ဘော်ဒါလေးက အင်းယားကန်နားမှာလေ။ ချို ပျော်ပါတယ်။

\+ \+ \+

ချိုတစ်ယောက် ဘယ်လောက်များ ပျော်လိုက်သလဲ။

အဆောင်မှာနေတုန်းက အင်းယားက ခြောက်နာရီမထိုးခင် ခွာရတယ်။ အခုတော့ အင်းယားရဲ့ ညအလှကို တဝကြီးကြည့်ပြီးမှ ပြန်လို့ရတယ်။ မနက် ကျောင်းတက်ရင်လဲ အင်းယားကန်ဘေးက လျှောက်ခဲ့ရလို့ ချို ကျေနပ်တာပါပဲ။ ဒါပေမဲ့ ဆရာက ချို့ကို မကျေနပ်ဘူးလေ။ ချို့ကို ဆရာ စိုးရိမ်ကြည့်နဲ့ အမြဲကြည့်တယ်။ ချို စာမေးပွဲကျမှာကို စိုးရိမ်တာလား။ ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ ကျောင်းအတူသွားတာကို စိုးရိမ်တာလား၊ ဆရာက ချို့ကို ငှက်ကလေးတစ်ကောင်လို လှောင်ချိုင့်ထဲထည့်ပြီး အလှ သက်သက်ထားဖို့ ရည်ရွယ်လေရော့သလား။ ဆရာကိုယ်တိုင်က ချို့ကို ဘာကြောင့် ပွင့်ပွင့်လင်းလင်း မဆက်ဆံတာလဲ။ ချို့ကို ပျော်အောင် ရွှင်အောင် ကြည်နူးအောင် ကိုယ်တိုင် ယုယနှစ်သိမ့်မှု မပြုနိုင်တာ ဘာကြောင့်

www.burmeseclassic.com



လဲ။ အင်းယားကန်မှာ လျှောက်ရတာကို ချို ပျော်တယ်ဆရာ။ ဆရာက ဘေးမှာ ဘာလို့လိုက်မလာနိုင်တာလဲ။ ချိုတော့ ဆရာ့လို ဣန္ဒြေကြီး တစ်ခွဲသားနဲ့ မနေနိုင်ပါဘူး။

တစ်ခါတလေ အနံ့အသက်တွေ စုရုံးလှောင်ပိတ်နေတဲ့ ဓာတ်ခွဲခန်းထဲ ကနေ ထွက်ခဲ့ပါဦးလား ဆရာရယ်။

\+ \+ \+

'အစ်ကို ကြားတာ သိတာကို ဝတ္ထုရေးအရ ပြောတာနော်၊ ငါ့ညီမ စဉ်းစား ဆုံးဖြတ်ပေါ့' တဲ့။

အစ်ကိုလေး၊ ချိုရဲ့ အစ်ကိုက ပြောလာတယ်။

ဆရာနဲ့ ချိုတို့ရဲ့ ခင်မင်မှုအတိုင်းအတာကို ရိပ်စားသိထားတဲ့ အစ်ကို က ပြောတာ ဆရာရယ်။

သူက ပြောတယ်ဆိုတာ ဆရာကို ချို ဘယ်လိုလုပ် ပြောရမလဲ။ မပြောချင်ဘူး ဆရာ။ ပြောမထွက်ဘူး။

ခက်တယ်၊ ခုမှ ခက်တယ်။

မပြောဘဲနဲ့ သိခဲ့ကြတဲ့အချစ်၊ မပြောဘဲနဲ့ နားလည်ခဲ့တဲ့ မေတ္တာ၊ ချိုနဲ့ ဆရာ့ကြားမှာ ထားရှိခဲ့တဲ့ သံယောဇဉ်၊ ဒါတွေရဲ့နောက်ကွယ်မှာ ဆုံစည်း ချင်တဲ့ ချိုနဲ့ ဆရာဆန္ဒ၊ ဆရာကို ချို လွမ်းဆွတ်နေမိခဲ့ပေမဲ့ ဆရာကို ချို ချစ်တယ်။

ဒါပေမဲ့ မဖြစ်နိုင်ဘူးတဲ့။

'ဆရာဟာ မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူနိုင်အောင် ကျန်းမာရေးနဲ့ ပြည့်စုံသူ မဟုတ်ဘူး' တဲ့။

ဘယ်လောက်များ ရင့်သီးလိုက်သလဲ။

ချို ရှက်တယ်၊ ဝမ်းလဲနည်းတယ်။

www.burmeseclassic.com



ဆရာဟာ ချို့အပေါ် ကြင်နာပါတယ်၊ မြတ်နိုးပါတယ် (ဆရာ့စာတွေအရ) ဆိုထားလျက်နဲ့ ချို့အပေါ် ဘာကြောင့် ပွင့်ပွင့်လင်းလင်း၊ ယုယုယယ ကြင်နာမှုနဲ့ မပိုက်ထွေးသလဲ။

ဘာကြောင့် ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ကလေးငယ်တစ်ယောက်လို သဘောထားခဲ့သလဲ။

မတွေးချင်ဘူး။

ဆွေးလဲ မဆွေးချင်တော့ဘူး။

တွေ့လဲ မတွေ့ချင်ဘူး။

ဆရာ့ကိုလဲ မတွေ့ချင်ဘူး။

\+ \+ \+

သစ်ရွက်လိုပဲ လွင့်နေခဲ့တယ်။

သွားချင်ရာ သွားတယ်။ စားချင်ရာ စားတယ်။

တွဲချင်တဲ့သူနဲ့ တွဲတယ်။

ချို့နဲ့ ဆရာ မတွေ့တာလဲကြာပြီ။

တွေ့ရင်လဲ နှုတ်မဆက်ကြတာ များပြီ။

နှုတ်ဆက်ဖြစ်ရင်လဲ မလွဲမရှောင်သာရုံ။ တွေ့ပြန်ရင်လဲ မကြည့်မဖြစ်ရုံ။ ချို သိတယ်လေ။ ဆရာလဲ ချို့ကို အထင်လွဲနေတယ် မဟုတ်လား။ ချိုဟာ မျက်နှာများတဲ့ မိန်းကလေး။ ဆရာ့ကို စိတ်လှုပ်ရှားရုံသက်သက် အရူးလုပ်တဲ့ မိန်းကလေး။ လှိုင်းပွက်လေးတွေလို ကမ်းပါးကို ထိတွေ့ကစားရုံသက်သက် ဆရာ့စိတ်ကို နှောင့်ယှက်ခဲ့လေတယ်ပေါ့။

ဒါကြောင့် ဆရာလဲ ချို့ကို ရှောင်တတ်လာတာပေါ့။

\+ \+ \+

ဘယ်လောက်များ ဆိုးလိုက်တဲ့ အဖြစ်လဲ။

www.burmeseclassic.com



ချို ခုံနံပါတ်မပါတဲ့ အောင်စာရင်းရဲ့ နောက်ကျောမှာ ဆရာ့ နေ့စဉ်ကြောင်းလမ်း သတင်းကို ဖတ်ရတယ်။

ချို မယုံဘူး၊ မယုံချင်ဘူး။

ချို အံ့သြတယ်၊ အံ့သြချင်တယ်။

ဝမ်းနည်းတယ်၊ ငိုချင်တယ်၊ ငိုပစ်တယ်။

ဒီလိုဆိုတော့ ချိုသိတာ မှားတယ်ပေါ့။ ချိုထင်တာ လွဲတယ်ပေါ့။ ကြားခဲ့တာ မဟုတ်ဘူးပေါ့။ ဆရာ့ကို မလိုတဲ့သူတွေက မမှန်သတင်း လွှင့်တယ်လို့ သိရပါတယ်။ ချို ဘာလုပ်ရမှာလဲ။ ဘာတော့ လုပ်နိုင်ဦးမှာလဲ။

\+ \+ \+

ဆရာ နိုင်ငံခြားကို သွားရမယ်တဲ့။

ပြန်လာရင် လက်ထပ်မယ်တဲ့။

တက္ကသိုလ်ရဲ့ ပြင်ပ တာဝန်နေရာကနေပြီး ဆရာ့သတင်းတွေ ကြားနေရပါတယ်။ ဆရာတော့ ချို့အပေါ် အထင်လွဲမှားစိတ်တွေကို ဧရာဝတီ မြစ်ခြားအထိ သယ်သွားတော့မယ် ထင်ပါရဲ့။ ပြန်လာမှ ဆရာ့လက်ထပ်ပွဲကြီးမှာ ဒီသံသယတွေကို မြေမြှုပ်သင်္ဂြိုဟ်ပစ်မှာပေါ့နော်။

ချို့အတွက် စိတ်ကူးယဉ်ကမ္ဘာကလဲ ပျက်ပါပြီ။

လက်တွေ့ကမ္ဘာကလဲ ချို ထွက်ပြေးခဲ့ရပြီ။

ဒါပေမဲ့ဆရာရယ် မြေရှင်းတယ်ရယ်မဟုတ်သော်လည်း၊ တောင်းပန်တယ်ရယ် မမည်သော်လည်း သိစေချင်တာလေးတွေကိုတော့ ချို ရေးလိုက်ပါရစေ။

ချို့အပေါ် ထားရှိတဲ့ သံသယအတွေးတွေကို ဧရာဝတီ မြစ်ခြားအထိ ယူမသွားစေချင်လို့ပါပဲ ဆရာရယ်။

\+ \+ \+

www.burmeseclassic.com



လေဆိပ်ခန်းမက အေးမြပေမဲ့ ချို့ ရင်က ပူလောင်လှပါတယ်။ ချို့ ရှေ့လဲ မတိုးဝံ့၊ နောက်လဲမဆုတ်နိုင်ပါဘူး။ ကျောက်ရုပ်တစ်ခုလို ငြိမ်ငြိမ်သက်သက် ရပ်ကြည့်နေမိတယ်။ ချို့ လက်ထဲမှာ ဆရာ့အတွက် လက်ဆောင်ပန်းစည်းတွေနဲ့ စာတစ်စောင် ပါခဲ့ပါတယ်။

သည်ထဲမှာ ချို့ ရေးချင်တာတွေ ရေးထားတယ်။ ဆရာ့ကို သိစေချင်တာတွေ ရေးထားတယ်။

ဆရာ့နေရာ အဆောင်ကိုလဲ မလာဝံ့လို့ သိမ်းထားခဲ့တာ ကြာပါပြီ။ ဒီနေ့ ဒီရက် ဒီအချိန်မှာတော့ ဆရာ မြန်မာပြည်က ခွာမယ်ဆိုတာ သူငယ်ချင်းတွေက သတင်းပို့လာကြတယ်။ ချို့ လေဆိပ်ကို ပြေးလာခဲ့ပါတယ်။

မိုက်မဲလိုက်တဲ့ ချို့ အတွေး၊ ခေါင်းပါးလိုက်တဲ့အသိဉာဏ်။ ဆရာ့နားမှာ ဆရာ့ ဆွေတော်မျိုးတော်တွေ ပြီးတော့ ဆရာ့မိဘတွေ သဘောတူတဲ့ ဆရာ့ဇနီးလောင်း။ သူတို့တွေက ဝိုင်းဝိုင်းလည်လို့ပေါ့။ ထုံးစံအတိုင်း ဆရာကတော့ ဣန္ဒြေရရ ပြုံးလို့ပါပဲ။ ချို့ ဆရာ့နားကို မလာဝံ့ဘူး ဆရာရယ်။ သည်တစ်သက်မှာတော့ ချို့ ဖြေရှင်းချက်ကို ဆရာ ဘယ်တော့မှ သိရတော့မှာ မဟုတ်ပါဘူး။

\+ + +

လေဆိပ်ခန်းမထဲမှာ တစ်ယောက်တည်းထိုင်နေမိတာ ဘယ်လောက်ကြာပြီလဲ မသိ။

လေယာဉ်ပျံတစ်စင်း ကောင်းကင်ကို ထိုးတက်ပျံဝဲသွားသံကို ကြားလိုက်ရတယ်။

[အချစ်ရွှေဘုံနိဗ္ဗာန်၊ မတ်၊ ၁၉၈၀]

www.burmeseclassic.com

# ကဲ့ရီးဆွေနှင့်ရင်ရင်

မောင်နှမအားလုံးက သူ့ကို ဖြိုဖျက်ကောင်ဟု သတ်မှတ်၏။ သူမှီလို့ ရောက်လာပြီဆိုလျှင် ပြဿနာက အစဉ်ပါလာတတ်သည်။ မေမေကတော့ သူသည် သိုးမဲတစ်ကောင်သာ ဖြစ်နေ၏ဟု မကြာခဏဆိုလေသည်။

+ + +

'ရင်ရင် ငါ့ကို ငွေငါးဆယ် ခဏချေးဦးဟာ'

'ဟင် ငါ့ကို အရင်လက တစ်ဆယ်ကျန်တာလဲပြန်မပေးသေးဘူး'

'ပေးမှာပေါ့ဟာ အားလုံး လကုန်ရင်ပြန်ပေးမယ်။ ငါ အရေးကြီးလို့'

'နင့်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ တို့လဲလောက်တာမဟုတ်ဘူး'

'နင် လောက်ပါတယ်ဟာ၊ နင့်မှာ ဘာကုန်စရာရှိလို့လဲ'

'အမယ်၊ ပြောမှ ပြောရက်တယ်ဟယ်၊ နင်တောင် ငါ့ထက် လစာများပြီး မလောက်တဲ့သူကများ'

'ကဲပါဟာ ပေးစမ်းပါ၊ ငါ ဆက်ဆက် ပြန်ပေးပါ့မယ်'

www.burmeseclassic.com



နောက်ဆုံးတော့ ထုံးစံအတိုင်း ပေးလိုက်ရသည်သာ ဖြစ်၏။ ရင်ရင်က အစိတ်တန် အသစ်ကလေးနှစ်ရွက်ကို မပေးရက်ရက်နှင့် ပေးလိုက်ရသည်။ ယခင်က သီတင်းကျွတ်ရက်နှင့်ကြုံသဖြင့် ဖေဖေ မေမေတို့ကို ငွေတစ်ရာကန်တော့သည်။ မေမေတို့နှင့် အတူနေသော ဦးကြီးကိုလည်း မုန့်လေးပဲလေး ဝယ်ကန်တော့ရ၏။ ပြီးတော့ ရင်ရင့်တို့ ငယ်စဉ်က ထိန်းကျောင်းခဲ့သော အထိန်းတော်ကြီး ဒေါ်ငွေကိုလည်း အင်္ကျီတစ်ထည် ဝယ်ကန်တော့လိုက်ရ၏။ အလျဉ်းသင့်သလို လစဉ် ထောက်ပံ့မြဲလည်း ဖြစ်၏။ ငယ်စဉ်ကအားလုံးကို အနှံ့အတာခံကာ ပြုစုယုယခဲ့သော ဒေါ်ငွေမှာ ရင်ရင့်ကို အချစ်ဆုံးဖြစ်၏။ ယခုတော့ ဒေါ်ငွေသည်လည်း ဇရာထောင်းကာ ဆင်းရဲနွမ်းပါး၍နေပြီ။ ဖေဖေ မေမေတို့ကလည်း မထောက်ပံ့နိုင်တော့။ ဖိုးသူတော်လဲတော့ တောင်ရေး မထူနိုင်ပြီ။

"နင့်ပိုက်ဆံ ပြန်ရမှာပါဟာ။ ဒီလောက်လဲငိုင်မနေပါနဲ့၊ ဘာဟင်း ချက်လဲ၊ ဗိုက်ဆာလိုက်တာ"

"ဪ၊ ငါ့ကို သူများတွေက လခလေးရော တစ်ယောက်တည်း သုံးတာဆိုပြီး အထင်ကြီးကြတာကို တွေးမိလို့ပါ" ရင်ရင်က ပြောပြော ဆိုဆို ထမင်းအိုးဆီသို့ လျှောက်သွားပြီး ဖြစ်နေသည်။ သူတို့ သူငယ်ချင်း အားလုံး ကိုယ့်ထိုးကိုယ့်ရွက်လေးဖြင့် ချက်စားကြသည်။ ဘဝကို တစ်ယောက်တည်း ရုန်းကန်နေသူများပီပီ အရာရာကို လက်တွေ့ ရင်ဆိုင်ဖြေရှင်းကြရသည်။ အလုပ်မှပြန်လာလျှင် အနားမယူနိုင်သေး။ ဆောဆောပန်းပန်းဖြင့်ပင် ဈေးသို့ဝင်ကာ ဟင်းချက်စရာ ဝယ်ရသည်။ တကြွတ်ကြွတ်မြည်အောင် ဆာသည့်ကြားက ညစာကို အမြန်အလျင်ချက်ကာ စားကြရသည်။ နံနက် မိုးသောက်လျှင် စက်ရုံမှ တစ်ပုံစံတည်း ထုတ်လုပ်လိုက်သော အရုပ်များလို အသီးသီး လှုပ်ရှားကြလေတော့၏။ သည်ကြားထဲက ပြည့်စုံမှုကို ရှာမတွေ့။

www.burmeseclassic.com



‘ပုစွန်လေးကြော်ထားတာရှိတယ်၊ အစပ်တော့ မပါဘူး၊ နင် စားနိုင်ပါ့မလား’

‘ငါးပိကြော်လေးဘာလေး မရှိတော့ဘူးလားဟာ’

ရင်ရင်က ငါးနှင့်ငါးပိထောင်းကြော် ပုလင်းကပ်လေးနှင့် သရက်သီးသနပ်ထုပ်အသစ်ကို ချပေးသည်။ ထမင်းနှင့် ဟင်းကိုတော့ ပန်းကန်ပြားထဲမှာ ပုံပေးလိုက်၏။ မနက်စာ ညစာ တစ်ခါတည်းချက်ထားသော ထမင်းဖြစ်သဖြင့် အနည်းငယ် မာနေသည်။ မတ်ခွက်တစ်ခွက်တွင် လက်ဖက်ခြောက်နည်းနည်းခြွေကာ ဓာတ်ဘူးထဲမှ ရေနွေးကို လောင်းထည့်ပေးလိုက်၏။ ကျော်ကျော်သည် လက်မဆေးဘဲ ဇွန်းဖြင့်ကော်ကာ စားနေသည်။

‘နေဦး၊ ငါ ခင်မြင့်ဝင်းဆီမှာ ဆီနည်းနည်း သွားတောင်းလိုက်ဦးမယ်၊ ရုံးက ဆီပေးတော့မှာမို့ ဝယ်မထားဘူး’

ပလတ်စတစ်အိတ်ကို ထိပ်မှဖောက်ကာ သရက်သီးသနပ်ကို ဖြစ်သလို ကော်စားနေသော မောင်ဖြစ်သူကို မကြည့်ရက်သဖြင့် ခင်မြင့်ဝင်းဆီမှ ဆီနည်းနည်း သွားချေးယူရသည်။ ပုလင်းလွတ်တစ်လုံးထဲသို့ သရက်သီးသနပ်များ ဖောက်ထည့်ကာ အပေါ်မှဆီလောင်းပြီး ဇွန်းတစ်ချောင်း တပ်ပေးလိုက်၏။ သူတို့အတွက်တော့ သည်မျှဆိုလျှင်ပင် အလွန်ပြည့်စုံသော ထမင်းပွဲဖြစ်တော့၏။

‘နင့်ဆီကို အောင်အောင် လာသေးလား’

‘ခုတလော မရောက်ပြန်ဘူး၊ ဒီကောင်လေး ဘယ်လျှောက်လိမ့်နေတယ် မသိ၊ နင်နဲ့ကော တွေ့သေးလား’

‘တစ်ခါတွေ့တယ်လေ၊ စုတ်ပြတ်နေတာပဲ၊ သူနဲ့ပေါင်းတဲ့ ကောင်လေးတွေလည်း ငါ ကြည့်မရဘူး၊ မေမေတို့နဲ့ သွားနေပါဆိုတာလည်း ပြောလို့မရဘူး’

www.burmeseclassic.com



"မေမေတို့နဲ့နေရင်လဲ မေမေတို့ စိတ်ဆင်းရဲမှာပဲ၊ သူက အသုံးမကျပေမဲ့ မာနတော့ရှိတယ်ဟဲ့၊ သူများအိမ် ကပ်နေချင်တာ မဟုတ်ဘူး၊ နင့်ဆီခေါ်ထားလိုက်ပါလား"

"မဖြစ်ပါဘူး၊ ဒီကောင်လာနေရင် ဖွတ်တက်သလိုနေမှာ၊ ငါ့ဟာငါတောင် မလောက်ငရတဲ့အထဲ"

ရင်ရင်က သက်ပြင်းကို အသာချမိ၏။

မောင်နှမတွေအပေါ် ရင်ရင့်လောက် မည်သူမျှ သည်းညည်းမခံကြပေ။ တစ်နည်းအားဖြင့် မည်သူကမျှ အကျင့်လုပ်ပြီး ပူတောင့်ပန်းပင် မပြုကြပေ။

"စားကောင်းတယ်ဟာ တော်ပြီ၊ နင့်ဖို့ မကျန်မှာစိုးလို့"

"အမယ် စားပြီးမှတော့ မထူးပါဘူး၊ ငါ့မှာ ပေါင်မုန့်ရှိပါသေးတယ်"

"တော်ပြီ ပြန်ဦးမယ်၊ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့"

ရင်ရင်က ထမင်းပန်းကန်များကို သိမ်းလိုက်သည်။ ကျော်ကျော်သည် လက်သုတ်ပဝါဖြင့် ပါးစပ်ကိုသုတ်ကာ ပြန်ဖို့ပြင်လေသည်။

"နင် လာကုန်ရင် ခြောက်ဆယ်လုံး ပြန်ပေးနော်၊ ရှေ့လထဲမှာ မီးမီးမွေးနေ့ရှိတယ်၊ ဘာမှမပေးရင် ကျေနပ်မှာမဟုတ်ဘူး"

မီးမီးဆိုသည်မှာ အစ်မကြီး၏ သမီးအကြီးဆုံး ဖြစ်၏။

"သူဌေးတွေကို ကြေးပုံမနေပါနဲ့ဟာ၊ သူတို့ကို ပေးမယ့်သူတွေပုံလို့"

"ဒါပေမဲ့ ကောင်မက စကားသိပ်တတ်တာဟဲ့၊ မပေးရင် ပြောလို့ဆုံးမှာ မဟုတ်ဘူး၊ မကြီးကလဲ သူ့ကလေးတွေကို ပေးမှ ကြိုက်တယ်"

"အေးပါ၊ ငါ သွားတော့မယ်"

"ကြွ ကြွ"

ကျော်ကျော် ပြန်သွား၏။

www.burmeseclassic.com



ရင်ရင်သည် ထမင်းစားပွဲလေးဘေးတွင်ထိုင်ကာ တကွဲတပြားစီ ဖြစ်နေကြသော သူတို့ မောင်နှမတွေအကြောင်းကို တွေးနေမိ၏။

\+ + +

“သမီး၊ ရှေ့အပေါက်ထဲမှာ လူကြုံရှိတယ်၊ သမီးအစ်ကိုကြီးဆီ စားစရာလေး ဘာလေး ပေးလိုက်ဦး”

“ဟုတ်ကဲ့ မေမေ”

သည်တစ်ခါ အစ်ကိုကြီးတို့သွားသည်မှာ နှစ်အတန်ကြာကြာ နေကြမည်ဖြစ်သည်။ မိန်းမနှင့် ကလေးအငယ်တစ်ယောက်ပါ ပါသွား၏။ နိုင်ငံခြားသို့ လူကြုံရှိတိုင်း အစ်ကိုကြီးကြိုက်တတ်သော မြန်မာအစားအစာ များနှင့် ယောက်မအတွက် ကောင်းနိုးရာရာများကို ပို့ပေးရသည်။ တစ်ခါ တစ်ရံတော့လည်း အမွှေးအတည်လေးအစ ပိုက်ဆံအိတ်လေးအစ အပြန်အလှန် ရတတ်ပါ၏။ သို့သော် လကုန်ရက်နှင့်ကြုံတိုင်း လူကြုံကလည်း ဆုံတတ် သည်။ မေမေကလည်း သူကိုယ်တိုင် မတတ်နိုင်တော့ သားသမီးများကိုပင် တိုက်တွန်းရ၏။ ရင်ရင့်မှာတော့ ဉာတကာနဉ္စသင်္ဂဟော ကိစ္စတွေက များလှသည်။ မေမေကလည်း ကျန်သားသမီးများကို အပူကပ်၍မဖြစ်တိုင်း ရင်ရင့်ကိုသာ အားကိုးတတ်၏။

“မကြီးကတော့ ဘာပေးလိုက်ဦးမတဲ့လဲ”

ရင်ရင်က သိလို၍ မေးဖြစ်အောင် မေးကြည့်လိုက်သေးသည်။

“မုန့်ရည်ကြီးလေး သုံးထုပ်ဆိုလား၊ သမီးအစ်ကိုကြီးက သရက်သီး သနပ် သိပ်ကြိုက်တာ၊ သရက်သီးဆီစိမ် တစ်ပုလင်းလောက် ပေးလိုက်ပါ ဦးလေ”

သရက်သီးသနပ် ပေါလစ်ပုလင်းကြီးနှင့် တစ်လုံးဆိုလျှင် တန်ဖိုးက မနည်း။ ကောင်းကောင်းဝယ်လျှင် တစ်ဆယ်သားကို ငါးကျပ်၊ ငါးဆယ်

www.burmeseclassic.com



သား ဝယ်ထည့်လိုက ပုလင်းပြည့်ပါ့မလား မသိ။ သည်လ ရုံးမှ အစရေပေါ် ချေးငွေတစ်ရာကို ယူမှဖြစ်တော့မည်။

'အစ်ကိုကြီး ပို့လိုက်တယ်ဆိုတဲ့ ပစ္စည်းတွေကော ရပြီလား မေမေ'

'အေး သမီးအစ်မကြီး သွားရွေးတယ်၊ ဂျူတီ တစ်ရာဖိုးလောက် ဆောင်လိုက်ရတယ်တဲ့'

အစ်ကိုကြီးပို့ပေးသော ပစ္စည်းများကို အစ်မကြီးက ခိုင်ခံရွေးပေး၏။ ပြီးလျှင် သူက ငွေစိုက်ရွေးပေးရသည်ဆိုကာ ကောင်းရာ ဆိုသည်များကို ရွေးယူသည်။ ချွေးချွေကလည်း အငယ်မို့ဆိုကာ သူကြိုက်တာကို ခိုလ်ကျပြီး ယူသွားတတ်သည်။ ရင်ရင်တို့အလှည့်ကျတော့ ခိုင်ယာစီလေး၊ ဘောလ်ပင်လေးပင် အနိုင်နိုင်။

'ထမင်းစားသွားဦးမလား မေမေ၊ ဟင်းသားပြုတ်ကျော်လုပ်ထားတာ ရှိတယ်'

'နေပါစေတော့ သမီး၊ ဒါထက် သမီးမှာငွေရှိရင် နောက်လအတွက် မေမေ့ကို ကြိုပေးထားစမ်းပါ၊ သမီးမေမေအတွက် ဆေးဝယ်စရာရှိလို့'

ရင်ရင်သည် ချွေးချွေ ဆေးကျောင်းတက်နေစဉ်က တစ်လ ခုနစ်ဆယ်ငါးကျပ် ထောက်ပံ့၏။ ယခု ချွေးချွေ ကျောင်းဆင်းသွားပြီမို့ မေမေ မေမေတို့ကို တစ်လ ငါးဆယ်ကန်တော့၏။

'လကုန်ကာနီးမှ ရုံးက ချေးငွေရမယ် မေမေ၊ အဲဒီကျမှ ယူပေါ့'

'ကောင်းပြီ သမီး၊ မေမေ သွားတော့မယ်၊ သမီးမေမေကော ကောင်းကောင်း နေကောင်းတာမဟုတ်ဘူး'

မေမေ ပြန်သွား၏။ ရင်ရင်သည် အသက်ကြီးမှ သားသမီးတွေအပေါ် မမှီခိုနိုင်ဘဲ အမျိုးတွေဆီ ပြန်နေရသည့် မိဘတွေအကြောင်းကို တွေးကာ စိတ်မကောင်း ဖြစ်မိပြန်လေသည်။

\+ \+ \+

www.burmeseclassic.com



'အောင်အောင်'

သူ့ကို မြင်လိုက်ကတည်းက ပြဿနာတစ်ခုခု ပါလာလေပြီဟု အတတ်သိလိုက်၏။ လူက စုတ်တိစုတ်ဖွား။ အဝတ်အစားက မသေသပ်။ စိတ်ဓာတ်က အလွန်အမင်း ကျဆင်းနေသည့်ပုံ။ ရောက်ကတည်းက အိမ်ရှေ့စားပွဲမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

'ဘာတွေဖြစ်လာပြီလဲ၊ ပြောစမ်းပါဦး အောင်အောင်ရယ်'

ပြဿနာတစ်ခုတစ်ခု ဖြစ်လာပြီဆိုလျှင် အောင်အောင်သည် ရင်ရင့်ဆီသို့သာ ဦးစွာ ပြေးလာစမြဲ။ ဖေဖေ မေမေတို့ဆီကို စိတ်ဆင်းရဲမှာစိုးပြီး မသွား။ ကျန်မောင်နှမများကလော့ သူ့ကို ဝိုင်းဝန်းဆူပူကြမှာ သေချာသည်မို့ သူ မသွားရဲပေ။ ရင်ရင်က ဆူသင့်သလောက် ဆူသော်လည်း တတ်နိုင်သမျှ ကူညီပေးမြဲ ဖြစ်သည်။

'ငါ့ အလုပ်က ဆပ်စပင်းရှင်း ခြောက်လထိတယ်'

အောင်အောင်က ဆံပင်များကို လက်ဖြင့်ထိုးဖွရင်း ပြော၏။

'အင်း၊ ငါ ထင်တော့ ထင်သားပဲ၊ နင်က အလုပ်သာ ကောင်းကောင်း မလုပ်ချင်တာ၊ လူကြီးတွေနဲ့ကျတော့လဲ အဆင်ပြေအောင် မဆက်ဆံဘူး၊ ထိတာတောင် နည်းသေး'

ပြောနေရင်းမှ ခြောက်လလုံးလုံး ဝင်ငွေမဲ့ကာ ကလေးကလေးဖြစ်တော့မည့် အရေးကိုတွေးပြီး ရင်လေးသွားသည်။ သည်အတွက်သည် သူ့ဆီသို့သာ ရောက်လာမည်မှာ မလွဲ။

'လောလောဆယ် ငါတော့ ထမင်းဝတ်တော့မှာပဲ၊ မေမေတို့ကို သွားမပြောပါနဲ့ဟာ၊ နောက် ပြီးသွားမှ ပြောချင်ပြော'

အောင်အောင်သည် ရင်ရင့်လိုပင် ယောက်ျားလေး ဆော်ဒါဆောင်တစ်ခုတွင် နေ၏။ ဖေဖေ ပင်စင်ယူပြီး ရန်ကုန်ပြောင်းလာကတည်းက မိသားစုစီးပွားရေးက ယိမ်းယိုင်ခဲ့သည်။ မေမေ မျှော်လင့်သလို သားသမီးတွေ တစ်ပြုံကြီးနှင့် သိုက်သိုက်ဝန်းဝန်းနေဖို့ အစီအစဉ်သည်လည်း စိတ်ကူးယဉ်

www.burmeseclassic.com



အိပ်မက်မျှသာ ဖြစ်ခဲ့၏။ မေမေ မေမေတို့၏ စည်းစိမ်ဥစ္စာသည်လည်း သားသမီးတွေ၏ ပညာရေးတွင်သာ မြုပ်နှံစတေးရခြင်းဖြင့် ကုန်ဆုံးသွားလေသည်။ အမှုထမ်းလောကမှ ကုန်သည်လောကသို့ကူးပြောင်းရန် ကြိုးစားခဲ့သော်လည်း ကျွမ်းကျင်မှုမရှိတော့ မလွယ်။

'နှင် မေမေတို့ကို မပြောပေမဲ့ မကြီးတို့ မေ့မေ့တို့ကိုတော့ ပြောပြလိုက်ဦး၊ ခြောက်လလုံးလုံး နှင် ဘာနဲ့သွားသုံးမလဲ၊ ထမင်းတော့ ငါ့ဆီလာစား'

ရင်ရင်သည် သူ့နှုတ်မှ အလွယ်တကူပင် ထမင်းကျွေးဖို့ ကတိပေးလိုက်မိသည်ကို အံ့ဩနေမိ၏။ တကယ်တော့ သူသည် မောင်နှမအားလုံးထဲမှာ အနိမ့်ဆုံး၊ လခဝင်ငွေအနည်းဆုံးဖြင့် ဖြစ်သလို ရုန်းကန်နေရသူ။ သို့သော် သူကလွဲလျှင် မည်သူကမျှ အောင်အောင့်ကို အလွယ်တကူ လက်ခံမည် မဟုတ်သည်ကို သိသောကြောင့် ပြောလိုက်မိခြင်းလည်း ဖြစ်၏။

'နှင် မနက် ရုံးကို အဝေးကြီးသွားရမှာ၊ ဖြစ်ပါ့မလား'

အောင်အောင်က အစ်မဖြစ်သူကို အားနာဟန်ဖြင့် ပြောသော်၏။ သို့သော် လုံးလုံးလျားလျား ငြင်းဆန်သည် မဟုတ်။ သူ့လာကကတည်းကိုက သည်ရည်ရွယ်ချက်နှင့်ပင် မဟုတ်လား။

'ဖြစ်ပါတယ်ဟာ၊ မနက် ငါရုံးထည့်ဖို့ချက်ရင်း ပိုချက်လိုက်မယ်၊ ထမင်းဗူးနဲ့ထည့်ထားမယ်၊ နှင်လာယူ၊ ညနေကျတော့ ငါနဲ့အတူလာစား'

သို့ဖြင့် ရင်ရင်သည် ထိုနေ့မှစကာ ထမင်းကို နှစ်ယောက်စာ အပြေးအလွှား ချက်ရ၏။ တစ်ခါတစ်ရံ ပင်ပန်းလွန်း၍ ဈေးမဝင်ဘဲ နေချင်သော်လည်း မနေရ။ သူငယ်ချင်းများနှင့် လွတ်လွတ်လပ်လပ် လည်ချင်ပတ်ချင်သော်လည်း မလည်နိုင်။ အဓဆောင်သို့ အချိန်မီပြန်ကာ မောင်လေး အလိမ္မာတုံးအတွက် ထမင်းကို ချက်ဖြစ်အောင် ပြန်ချက်ရ၏။ တစ်ခါတစ်ရံ အလည်လွန်သောမောင်ကို စောင့်ကာ ကျွေးရ၏။ ရင်ရင်တို့

www.burmeseclassic.com



နေသည့် အဆောင်တွင် ရင်ရင်သည် လုပ်သက်နှင့်ပေါင်းကာ လခ လေးရာခန့်ရသဖြင့် ဝင်ငွေအကောင်းဆုံး အဆောသဆုံးဖြစ်၏။ သို့သော် ငြိသူမှ ရင်ရင့်လောက် ပီစီကိစ္စမများကြ။ ရင်ရင့်ကိုကြည့်လိုက်ရလျှင် အမြဲတမ်း အပြေးအလွှား အမောတကော။ သူ့ထံတွင် တာဝန်ဝတ္တရားဟူသမျှသည် လာရောက်စုစည်းနေကြသည်သို့သော ရှိတော့သည်။

\+ \+ \+

'ဆွေဆွေက လက်ထပ်တော့မယ်တဲ့လေ၊ နင် သိပြီးပြီလား၊ သူ့မှာ ဆေးခန်းက ရတာတဲ့ ငွေကလဲ နည်းနေလို့ အိမ်ထောင်ပစ္စည်းဝယ်ဖို့တောင် မလောက်ဘူးတဲ့၊ သူ့ကောင်လေးက လခက နည်းပါတယ်၊ ငါကတော့ တစ်ရာပဲတတ်နိုင်တယ်လို့ ပြောလိုက်တယ်၊ နင့်ဆီကော ရောက်ပြီလား'

'မရောက်သေးဘူး'

အစ်မကြီးသည် ရုံးအားရက်မို့ မိသားစုစားရန် အုန်းနို့ခေါက်ဆွဲ ချက်ရင်း ရင်ရင်ဘက်လှည့်ကာ စကားပြောနေ၏။ တကယ့်တော့ ခေါ်ထား၍သာ လာရသော်လည်း ကြာကြာမနေချင်။ ကလေးတွေကိုချစ်သော်လည်း ပရမ်းပတာဖြစ်နေသော သူ့အိမ်ကြီးကိုကြည့်ကာ စိတ်မောရ၏။ အိမ်ထောင်ပစ္စည်းတွေက များလှပြီး အိမ်ဖော်ကလည်း မမြဲသဖြင့် အကွက်မချနိုင်ပေ။ ပစ္စည်းကောင်းတွေသည် ဖုန်တသောသော ဖြစ်နေကြသည်။ သူများကိုလည်း မပေးရက်။ သူ့အိမ်မှာလည်း ထားစရာမရှိ။

'နင်လဲတတ်နိုင်သလောက် ပေးလိုက်ဦးပေါ့ဟာ၊ သူ့ကောင်လေးက အလုပ်ဝင်စမို့ လခနည်းပေမဲ့ မိဘတွေက ခပ်ကြီးကြီးထဲကပဲ'

'အင်း အင်း'

ရင်ရင်သည် အောင်အောင့်ကိစ္စကို မေးချင်သော်လည်း မမေးတော့ပေ။ အစ်မကြီးက အငယ်များထဲတွင် ဆွေဆွေ့ကိုသာ အလေးထားသည်မှာ ထင်ရှား၏။

www.burmeseclassic.com



"ငါ့မှာလဲ တစ်လ တစ်လ မလောက်ပါဘူးအေ၊ ကလေးတွေ စရိတ်ကတင် နည်းတာမဟုတ်ဘူး၊ ကိုကို ကားအသစ်လဲတာကလည်း အဟောင်းမထွက်ခင် အသစ်ဝယ်လိုက်တော့ အဟောင်းက ဈေးမရဘူး ဖြစ်နေတယ်၊ ငွေအိပ်တာပေါ့"

"အရင်ကားက ကောင်းသားပဲ၊ ဘာဖြစ်လို့လဲ"

ရင်ရင်က အလိုက်သင့်ပြန်ပြောနေရ၏။

"ဘာမှတော့ မဖြစ်ဘူးလေ၊ ကလေးတွေများလာတော့ ကျပ်တာပေါ့၊ ခုတ်ဆန်းက အားလုံးဆန့်တယ်၊ နောက်အားရင်လဲ တက္ကစီဆွဲနိုင်းလို့ရတယ်"

"ငွေတွေ ထားစရာရှိပါဦးမလား မကြီးရယ်"

"မထင်နဲ့ဟဲ့၊ ငွေရလာက်မှတ်မဝယ်နိုင်တာတောင် နှစ်လလောက်ရှိပြီ၊ အရင်လကလဲ ကိုကို့အမေကြီး ဆေးရုံတက်ရလို့ စတော်စာဝယ်ပို့ရ၊ ဆေးဝယ်ပေးရနဲ့ တော်တော်ထိသွားတယ်"

"အော်၊ အင်း အင်း"

"ဒီကြားထဲ အောင်အောင်ကလဲ တမျိုး၊ သူများတကာမှာ အလုပ်လေး တစ်ခုကို မနည်းရအောင်ရှာပြီး ကြိုးကြိုးစားစား ကုန်းလုပ်နေကြရတာ၊ သူကတော့ ရတဲ့အလုပ်ကလေးကို လေးလေးစားစား မလုပ်ဘူး၊ သူ့ အလုပ်ပြုတ်တာက အရေးမကြီးဘူး၊ အားလုံးကို ခုက္ခပေးတာက ခက်တယ်"

"မကြီးဆီ လာသွားသေးလား"

"လာတာပေါ့၊ ငွေတစ်ရာလောက် လိုချင်လို့တဲ့၊ မပေးနိုင်ပါဘူး၊ အစိတ်ပေးလိုက်တယ်၊ တစ်ခါတည်းနဲ့လဲပြီးမှာမှ မဟုတ်တာ"

ရင်ရင် ဆိတ်ဆိတ်သာနေလိုက်တော့၏။

"ဟုတ်တယ်လေ၊ သူဒီလိုလုပ်နေတိုင်းဖြစ်မလား၊ အဖေတို့ မမေတို့ကလဲ ရှိသေးတာ"

www.burmeseclassic.com



အစ်မကြီးသည် ဖေဖေတို့ မေမေတို့ကို တစ်လ မည်ရွေ့မည်မျှ သတ်မှတ်ကာ ပေးသည်မဟုတ်။ အလျဉ်းသင့်သလို ကန်တော့၏။ ရင်ရင့်လို လူလွတ် မဟုတ်သောကြောင့်ဟု ဆိုသည်။

'ဆွေဆွေ့ဆီလဲ လာသွားသေးတယ်၊ ဆွေဆွေကလဲ ဘယ်ပေးနိုင်မလဲ၊ သူ့ဆောင် ငွေလိုနေတာကို'

ကလေးများနှင့်အတူ စားသောက်နေရသော်လည်း ရင်ရင့်စိတ်က မဖြောင့်။ နာရီတကြည့်ကြည့်ဖြစ်နေသည်။

'ရင်ရင် ပြန်တော့မယ် မမကြီး'

'ဟဲ့၊ ကလေးတွေနဲ့ တစ်ညတော့ အိပ်သွားပါဦး'

'ဟုတ်သားပဲ အန်တီ ရင်ရင်ကလဲ၊ သမီးတို့က မုန့်ဝယ်မကျွေးနိုင်ပါဘူး'

'နင်တို့အန်တီက ရသမျှလခ တစ်ယောက်တည်းသုံးနေတာ၊ သူ့ပဲ ကောင်းတယ်၊ ဘာအပူအပင်မှ မရှိဘူး'

ရင်ရင် ဘာမှပြန်မပြော။ နာရီကိုကြည့်ကာ ပြန်ဖို့ ကမန်းကတန်း ပြင်ဆင်သည်။

'ဘာဖြစ်လို့ ဒီလောက်လောနေတာလဲ၊ အဆောင်နဲ့ ချိန်းထားလို့လား'

'ဈေးဝင်ရဦးမှာမို့'

'တစ်ယောက်တည်းများပါတယ်၊ ဒီမှာပဲစားသွား'

'တစ်ယောက်တည်းမဟုတ်ဘူး မမကြီး၊ အောင်အောင့်အတွက်ပါ ချက်ကျွေးနေတာ'

'ဟော အောင်အောင်က နင့်ဆီလာစားနေတယ်၊ ဘယ်လောက် ကြာပြီလဲ'

'လခမရတဲ့လက စလို့ပဲ'

'အမ လေး လေး'

www.burmeseclassic.com



"သိပ်မလိုတော့ပါဘူး၊ တစ်လ နှစ်လပဲကျန်ပါတော့တယ်၊ မကျွေးလို့ကော သူ ဘယ်မှာစားမလဲ၊ သိရက်နဲ့ လက်ပိုက်ကြည့်နေလို့ဖြစ်မလား"

ရင်ရင့်စကားက နည်းနည်းတော့ အဖျားခေါ်သွားသည်။ ကြာလျှင် အစ်မကြီးနှင့် အတိုက်အခံ ဖြစ်နေရမည်စိုး၍ မြန်မြန်ပြန်ခဲ့ရ၏။

ကြီးမားကျယ်ဝန်းသော အစ်မကြီးတို့ ခြံဝန်းထဲမှ ထွက်လာတော့ ယာယီနံပါတ်ပြားတပ်ကာ အမိုးမထည့်ရသေးသည့် ဒတ်ဆန်းကားသစ် နီနီလေးကို တွေ့လိုက်ရလေသည်။

အောင်အောင်တစ်ယောက် ထမင်းဆာနေရှာမည်။

[ဂီတပဒေသာ ။ ။ နိုဝင်ဘာ၊ ၁၉၈၀]

www.burmeseclassic.com

# ရန်ကုန်တစ်ခေါက် ရောက်၏ မရောက်၏

ဘဝတစ်ခု၏ သက်တမ်းအတွင်း ဆယ်စုနှစ်ဟူသော အချိန်ကာလသည် နည်းလှသည်ဟု ဆိုနိုင်ပါ၏။ ကျွန်တော် မြန်မာပြည်၏မြို့တော် ရန်ကုန်မှ ထွက်ခွာလာသည်မှာ ဆယ်နှစ်မကတော့ပြီ။ ကျွန်တော့်ဘဝသည်လည်း ကောင်း၊ ရန်ကုန်မြို့ကြီးသည်လည်းကောင်း ပြောင်းလဲခဲ့ပြီ ဖြစ်၏။ ကျွန်တော့်ဘဝအခြေသည် တိုးတက်လာသည်လား၊ ဆုတ်ယုတ်သွားသည်လား ကျွန်တော် မပိုင်းခြားတတ်။ ယခင်က ကျွန်တော်သည် မိဘပို့ပေးသောငွေကို အေးအေးလူလူသုံးစွဲကာ ပညာသင်နေခဲ့သော ကျောင်းသားတစ်ယောက်။ စာသင်ခန်းနှင့်တကွ စာအုပ်ဆိုင်၊ ရုပ်ရှင်ရုံ၊ ညဈေး၊ ဘူတာရုံ စသည်တို့မှာ ကျင်လည်ကျက်စားခဲ့သည်။ ယခု ကျွန်တော်သည် ဝင်ငွေ အသင့်အတင့်ရှိသော အိမ်ထောင်သည်တစ်ယောက် ဖြစ်၍နေလေပြီ။ သို့သော် ကျွန်တော့်မှာ မိမိရှာသောငွေကို မိမိဘာသာ ချင့်ချိန်၍ သုံးစွဲနေရပြီ။ သားငယ်သမီးငယ်များအတွက် ဦးစားပေးနေရပြီ။ ရန်ကုန်ဆိုသည်ကို အလုပ်ကိစ္စအတွက် သွားရသည့်တိုင် မလည်မပတ်နိုင်တော့။ ရထားပေါ်ကဆင်းပြီး သက်ဆိုင်ရာရုံးကို အသော့နှင်ရသည်။ ရသည့်ခရီးစရိတ်နှင့်

www.burmeseclassic.com



ကာမိစိမ့်သောဟာ ကိစ္စပြီးလျှင်ပြီးချင်း ပြန်လာရသည်။ ရန်ကုန်သည် ကျွန်တော့်အတွက် ပျော်စရာမဟုတ်တော့။

သည်တစ်ခါတော့ ရန်ကုန်မြို့မှာ ကျွန်တော်တို့ အေးအေးဆေးဆေး နေမည်ဟု စိတ်ကူးသည်။

ကျွန်တော်၏ ဇာတိသည် တောင်ငူမြို့နှင့် မိုင်ငါးဆယ်ခန့်ဝေးသော မြို့ငယ်လေးတစ်မြို့ဖြစ်သည်။ ကျွန်တော်သည် ဇာတိမြို့မှာပင် အလုပ်ရကာ ထိုနေရာမှာပင် အိမ်ထောင်ကျပါသည်။ ထို့နောက် ကျွန်တော်သည် အလုပ်တာဝန်၊ အိမ်ထောင်တာဝန်ကြားမှာ ကျရောက်ကာ ရောက်သည့် နေရာမှာပင် အခြေစိုက်နေခဲ့မိတော့၏။ ကျွန်တော့်ဇနီးသည် အလယ်ပိုင်းမှာ အိမ်ပေါ် မိန်းကလေးတစ်ယောက်ဖြစ်ပြီး မယားတော်သူ အမျိုးအစားထဲမှာ ပါဝင်ရှာ၏။ ကလေးနှစ်ယောက်ရသည့်တိုင် ခရီးဝေးဝေး မသွားဖူး။ တောင်ငူမြို့ကိုပင် အရောက်အပေါက်နည်းရှာသည်။

"ကလေးတွေ ကျောင်းပိတ်ရင် ရန်ကုန်ကို အလည်သက်သက် သွားမယ်ဆို၊ ကျွန်မတို့ကိုပါ ခေါ်နော်"

ကျွန်တော့်ဇနီး မခင်မြက ရန်ကုန်ကို ငယ်စဉ်အခါက ဦးကြီး ဒေါ်ကြီးများနှင့် တစ်ခေါက်ရောက်ဖူးသည်ဟု ဆိုသည်။ တောမှာနေ တောမှာကြီးပြင်းသဖို့ ရန်ကုန်မြို့ တက္ကသိုလ်ကျောင်းတော်ကြီးမှထွက်သော ကျွန်တော့်ကို သိပ်ပြီး အထင်ကြီးသည်။ အားလည်းကိုးသည်။ ကျွန်တော့်ကို မဏ္ဍိုင်ပြုပြီး မြို့ကြီးပြကြီးကို အလည်သွားရမှာတွေးပြီး ကြည်နူးနေလေသည်။ မခင်မြသည် ရိုးသားဖြူစင်သော မိန်းကလေးတစ်ယောက်ဖြစ်၏။ သည်အတွက် ကျွန်တော့်အိမ်ထောင်သည် သာသာယာယာ ဖြစ်ခဲ့၏။ ကျွန်တော်သည် မိသားစု၏ ပျော်ရွှင်ချမ်းမြေ့ရေးအတွက် ဆောင်ရွက်ပေးဖို့ တာဝန်ရှိလေသည်။

"ခေါ်ရမှာပေါ့၊ မြတို့ကို လိုက်ပို့ချင်လို့ အစ်ကိုသွားမှာ၊ ကလေးတွေ စာမေးပွဲပြီးတာနဲ့ အဆင်သင့်လုပ်ထားကြ"

www.burmeseclassic.com



မခင်မြသည် ဝမ်းသာအူမြူးနေရှာသည်။ အစစအရာရာ ပြင်ဆင်ဖို့ကိုလည်း ကျွန်တော့်ကို မဝံ့မရဲတိုင်ပင်၏။

"အငယ်ကောင်က အင်္ကျီကောင်းကောင်းမရှိဘူး၊ အစဝယ်ပြီး အပ်ပေးရကောင်းမလား၊ ချုပ်ပြီးသားပဲ ဝယ်ပေးရကောင်းမလားဟင်"

ကျွန်တော်က ခရီးသွားဖို့ကိုသာ စိတ်ကူးလျက် ပြင်ဖို့ ဆင်ဖို့ကို သတိမရ။ မခင်မြပြောမှ တွေးမိရသည်။ သူ့အနေဖြင့် တစ်ရပ်တခြားကို သွားရမည်ဆိုတော့ တင့်တင့်တယ်တယ် ဖြစ်ဖို့လိုပေမည်။ ကျွန်တော်တို့ မြို့မှာတော့ အဝတ်အစားကိုလည်း သိပ်ပြီး တောက်တောက်ပြောင်ပြောင် ဝတ်ဖို့မလို။ ကလေးဆိုလျှင် အသင့်အတင့်ဝတ်ရုံဖြင့် လုံလောက်သည်။ သို့သော် မြို့ကြီးပြကြီးကို တစ်ခါတစ်ရံမှ အလည်အပတ်သွားရသူများ အတွက် မည်သည့်အရာမျှ အဆင်သင့်မရှိသေး။ ဟောင်းနွမ်းညှိုးငယ်သော အဝတ်အစားများဖြင့်လည်း သွား၍မဖြစ်ချေ။ သင့်တင့်ကောင်းမွန်သော အဝတ်အစားများ ဝယ်ရမည်။

"ချုပ်ပြီးသားဝယ်တော့ ပုံကျပါ့မလား မြရယ်၊ ပိတ်စလေးတွေ ဝယ်ပြီး ချုပ်လိုက်ပါ၊ မြအတွက်လဲ ချုပ်ဦးလေ"

မခင်မြမှာ အသားညိုညို တုတ်တုတ်ခိုင်ခိုင်နှင့် ချောမောသူ တစ်ယောက်ပင်။ သို့သော် ခေတ်မီဆန်းပြားခြင်းကား မရှိ။ ယခုခေတ် ရန်ကုန်သူများနှင့်လည်း မယှဉ်သာပေ။ ကျွန်တော်နှင့် ကျောင်းနေဘက် သူငယ်ချင်းအချို့မှာ ရန်ကုန်မှာပင် အလုပ်ရလျက် ရန်ကုန်သူတွေနှင့် အိမ်ထောင်ကျသည်။ ရန်ကုန်သူ မဟုတ်သည့်တိုင် ရန်ကုန်မြို့မှာ အခြေစိုက် နေကြသူများနှင့်လည်း အကြောင်းဆက်မိကြသည်။ သူတို့မှာ ငွေရေး ကြေးရေးအားဖြင့် မပိုမလျှံသည့်တိုင် နေထိုင်သွားလာမှုကတော့ တောမှာ နေသူများထက် အဆင့်မြင့်သည်မှာ အမှန်ပင်။ ဝတ်ပုံစားပုံကလည်း တောသူနှင့် ရန်ကုန်သူမှာ ကြည့်ရုံနှင့် ကွဲပြားနေတတ်၏။ ကျွန်တော်က

www.burmeseclassic.com



ကျွန်တော့်ဇနီးသည်၏ ပင်ကိုအလှကို အားကိုးသော်လည်း သူငယ်ချင်းများ အလယ်မှာ ခေတ်နောက်ကျလွန်းသော ပုံသဏ္ဌာန်ကြီးဖြင့် မမြင်စေလိုပါ။

'ကျွန်မမှာ ဝတ်စရာရှိပါတယ် အစ်ကိုရဲ့၊ ကလေးတွေအတွက်ပဲ လိုတာပါ'

'အို ဘယ်ဟုတ်မလဲ၊ မြအတွက်လဲ ထပ်ချုပ်ပါ၊ ခေတ်မီပုံဆန်းလေး ဘာလေးလဲ ချုပ်ဦးလေ'

ကျွန်တော် ပြောလိုက်သည့်အတွက် မခင်မြတစ်ယောက် ပို၍ အလုပ်များရပြန်ပါသည်။ သူ့ဈေးဗိုက်ထဲမှ စုဆောင်းထားသော ငွေလေးများကို ထုတ်ကာ အင်္ကျီစများ ဝယ်ရသည်။ အများနည်းတူ ခေတ်မီပုံစံများ ချုပ်ရသည်။ ဖိနပ်၊ လက်ကိုင်အိတ်ကအစ သင့်တင့်အောင်ဝယ်ရသေး၏။ ရန်ကုန်သွားဖို့ပြင်ဆင်ရသည်နှင့်ပင် စုထားသည့်ငွေလေး အတော်ကုန်သွားလေသည်။

ကလေးတွေကတော့ ရန်ကုန်လိုက်ရမည်ဆို၍ အပျော်ကြီး ပျော်နေပါသည်။

'တိရစ္ဆာန်ရုံ လိုက်ပို့ရမယ်နော် ဖေဖေ'

အငယ်ကောင်က ပူဆာသည်။

'သမ္ဘတရုံမှာလဲ ရုပ်ရှင်ကြည့်မယ်နော်'

'ဟို ဗိုလ်ချုပ်ဈေးဆိုတာမှာလဲ ဂါဝန်အသစ်လေးတွေ ဝယ်မယ် နော် ဖေဖေ၊ နွယ်နွယ်ဝင်းတို့ ရန်ကုန်သွားတုန်းက ဝယ်လာတဲ့ အင်္ကျီလေးတွေ သိပ်လှတာပဲ'

သမီးဖြစ်သူကလည်း မိန်းကလေးပီပီ သူလိုချင်ရာကို ပြောသည်။

'ကျွန်မကတော့ ဘုရားဖူးရရင်တော်ပါပြီ၊ ဘယ်မှာတည်းကြမှာလဲ ဟင် အစ်ကို၊ ကျွန်မတို့ ကလေးတွေနဲ့ ဖြစ်ပါ့မလား'

မခင်မြက ပူပန်ရှာသည်။ အားလုံး စိတ်လှုပ်ရှားနေကြသည်ကတော့ အမှန်ဖြစ်၏။

www.burmeseclassic.com



ကျွန်တော်လည်း မိသားစုနှင့်တကွ တည်းခိုနိုင်မည့်နေရာကို စဉ်းစားရလေသည်။ သူငယ်ချင်း ကိုမြင့်နိုင်မှာ ကျွန်တော်နှင့် အတော်လေး ပင် ရင်းနှီးသည်။ ကျောင်းတုန်းကတော့ သူ့ပိုက်ဆံ ကိုယ့်ပိုက်ဆံ မခွဲခြားဘဲ အတူတူသုံးကာ နှစ်ကိုယ့်တစ်စိတ် နေလာခဲ့ကြသူတွေပါပဲ။ ယခု သူက ကုန်သွယ်ရေးတစ်ခုမှာ ကျွန်တော့်ထက် ရာထူးအဆင့်မြင့်သည်။ သူ့မိန်းမ ကလည်း အရာရှိတစ်ယောက်ပင် ဖြစ်၏။

ကျွန်တော့်အနေဖြင့် သူငယ်ချင်းကို အားနာစရာမရှိသော်လည်း မခင်မြဲပြောသလို ကလေးတွေနှင့်ဆိုတော့ သူ့မိန်းမကိုလည်း ထည့်စဉ်းစား ရမည်။ ရန်ကင်းတိုက်ခန်းဆိုတော့ သိပ်ကျယ်ကျယ်ဝန်းဝန်းရှိမည် မဟုတ်။ လင်မယားနှစ်ယောက်စလုံး အလုပ်သွားကြတော့ ကျွန်တော်တို့ နေရေး ထိုင်ရေးလည်း ခက်မည်။ သည်နေရာကို ကျွန်တော့်စိတ်ကူးဖြင့်ပင် ပယ်ချ လိုက်ရသည်။

နောက်တစ်နေရာ ရှိသေးသည်။ ကျွန်တော် ကျောင်းနေစဉ်က စားအိမ် သောက်အိမ်ဖြစ်ခဲ့သော အစ်မဝမ်းကွဲတစ်ယောက်၏ အိမ်။ သူတို့က ကမာရွတ်လှည်းတန်းမှာနေသည်။ ယောက်ျားဖြစ်သူကလည်း သဘော ကောင်းသည်။ ကျွန်တော့်ကိုလည်း မိသားစုနှင့်တကွ အလည်လာဖို့ မကြာ မကြာ ဖိတ်ခေါ်သား။

'ကမာရွတ်မှာ မကြည်တို့အိမ်တော့ ရှိတယ်ကွာ'

ကျွန်တော်က တိုင်တိုင်ပင်ပင်ဆုံးဖြတ်လို၍ ပြောပြသည်။

'ကမာရွတ်က ဘယ်နားမှာလဲ အစ်ကိုရဲ့'

ဟုတ်သေးသားပဲ၊ သူမ ရန်ကုန်မရောက်ဖူးပဲ။

'ရန်ကုန်မြို့ထဲမှာတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ သွားရေးလာရေး လွယ်ပါတယ်၊ အိမ်ကလဲတိုက်ခန်းတွေထက်စာရင် ကျယ်သေးတာပေါ့'

'အစ်ကို့ သဘောပဲလေ၊ ကျွန်မက သိတာမှမဟုတ်တာ၊ သူတို့က ဘာလုပ်တာလဲ၊ ရှုံးမှာပဲလား'

www.burmeseclassic.com



ကျွန်တော် ဆက်စဉ်းစားပြန်သည်။ မမကြည်တို့သည် ချောင်ချောင်လည်လည် မဟုတ်ရှာပေ။ ယခင်က ကလေးနှစ်ယောက်။ ယခုဆိုလျှင် လေးငါးယောက်ရှိရော့မည်။ မမကြည်က ဘာမျှ လုပ်တတ်ကိုင်တတ်သည် မဟုတ်။ သူ့ယောက်ျားကတော့ လှည်းတန်းဈေးထဲမှာ ဖုံစီနဖာလေးတွေကို ဖန်းနှင့်ချရောင်းသည်။ စားလောက် သောက်လောက်ရုံတော့ ရသည်။

ကျွန်တော့်မှာ မိသားစုနှင့်သွားရမည်ဆိုတော့ သွားစရိတ် လာစရိတ် အပြင် အပိုများများ သုံးနိုင်မည် မဟုတ်ပေ။ တစ်ပတ်လောက်နေမည်ဟု စိတ်ကူးထားရာ နေ့စဉ်အပြင်မှာ ထမင်းဝယ်စားရမည်ဆိုလျှင်တော့ သိပ်ဟန်မကျပေ။ သို့သော် အိမ်ရှင်ကိုလည်း ဝန်တက်မှာ စိုးပါသည်။

'သူတို့အိမ်လဲ ကလေးတွေရှိတော့ အားနာစရာကောင်းပါတယ်လေ၊ မြောက်ဥက္ကလာမှာ သူငယ်ချင်းတစ်ယောက်ရှိသေးတယ်၊ ဝေးပေမဲ့ သူတို့အိမ်က ကျယ်တယ်၊ လူလဲနည်းတယ်'

မခင်မြက ဘာမျှ ဝင်မပြောတော့ပေ။

နောက်ဆုံး ကျွန်တော့်ဘာသာ အဆင်ပြေသလို ဆုံးဖြတ်တော့မည်ဟု စိတ်ကူးကာ မခင်မြကို အစစအရာရာ ပြင်ဆင်ဖို့ တာဝန်ပေးလိုက်ပါတော့သည်။

သို့ဖြင့် ကျွန်တော်ကိုယ်တိုင် နှံ့နှံ့စပ်စပ်မရောက်သည်မှာ ကြာပြီဖြစ်သော ရန်ကုန်မြို့တော်ကြီးဆီသို့ ကျွန်တော်တို့ တောသားမိသားစု ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရပေတော့သည်။

\+ \+ \+

မခင်မြက ကျွန်တော့်လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထား၏။ ကလေးတွေက သူ့နောက်က လုံချည်စကို တင်းတင်းဆွဲထားကြ၏။ သံဆန်ကာ ခြားထားသော ဘူတာကြီး၏ ပလက်ဖောင်းအပြင်သို့ တန်းစီပြီး ထွက်ရ

www.burmeseclassic.com



သည့်အခါ တစ်ယောက်လက်ကို တစ်ယောက်ဆွဲ၍ မဖြစ်တော့ဘဲ လက်တွဲ ပြုတ်သွားကြတော့၏။ သားရေအိတ်တွေ ခြင်းတွေ တကားကားဖြင့် ကျွန်တော်တို့ မိသားစု ဘူတာကြီးထဲမှ ထွက်ခဲ့ကြလေသည်။

"သုံးဘီးယူမလား၊ သုံးဘီးရမယ်၊ ကားငှားမလား၊ လာလေ အစ်မ၊ ဘယ်သွားမလဲ သားရေအိတ်ပေး၊ ကျွန်တော်တို့ သယ်ပေးမယ်"

သုံးဘီးကားတွေရပ်ထားရာသို့ ကျွန်တော်တို့ မသွားနိုင်မီ ရှေ့မှ ကာဆီး ပိတ်ဆို့ကာ ခေါ်ငင်နေကြသော အငှားကားပွဲစား ရှေ့ကြိုများကို မနည်းရှောင်ကွင်းနေရလေသည်။ မေခင်မြကတော့ ယောင်ယောင်မှားမှားနှင့် သူ့လက်ထဲမှ သားရေအိတ်ကို ကြိုသူလက်ထဲထည့်လိုက်တော့၏။

"ဟာ နေဦးလေ မြ၊ ဒီမှာ ကျွန်တော်တို့က မြောက်ဥက္ကလာထိ သွားမှာဗျ"

"ရတယ် အစ်ကိုကြီး ရတယ်၊ အဆင်သင့်ပဲ ကားပေါ်တင်ပေးလိုက်မယ်၊ လာပါ"

မေခင်မြက ကျွန်တော့် မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ သူ့ သားရေအိတ်ကို အတင်းပြန်ဆွဲရှာပါသည်။

"နေပါဦး၊ ကားက ဘယ်မှာလဲ၊ ဘယ်လောက်ပေးရမှာလဲ"

"ဟိုမှာရပ်ထားတဲ့ လေးဘီးပါ အစ်ကိုရဲ့၊ မြောက်ဥက္ကလာကို ပို့ပေးပါမယ်။ လာပါ"

"နေပါဦး၊ ဈေးပြောပါဦး"

"လာ လာ၊ ဟိုမှာ ပြောပါ"

နောက်ဆုံးတော့ ယောင်တောင်ပေါင်တောင်နှင့် သူခေါ်သွားရာ အငှားကားဆီသို့ပင် ရောက်သွားလေသည်။ ကျွန်တော်တို့၏ ပစ္စည်းပစ္စယ များသည် ကားပေါ်သို့ အလျှင်အမြန်ရောက်သွားတော့သည်။ သားနှင့် သမီး ကလည်း ကားပေါ် ရွှေ့ခနဲတက်လိုက်ကြလေသည်။

"ဟဲ့ နေကြဦးလေ"

www.burmeseclassic.com



သူ့အမေကတားသော်လည်း မရတော့ပြီ။ ကလေးများလည်း ပင်ပန်းလာကြသည်ဖြစ်၍ မြန်မြန်ရောက်ရင်ပြီးတာပဲဟု အောက်မေ့လိုက်ရ၏။

'ဘယ်လောက်ဝေးရှာလဲချ'

'မြောက်ဥက္ကလာ ဘယ်နားလဲ'

'ရှု ရပ်ကွက်'

'အစိတ်တော့ပေးဗျာ'

မခင်မြသည် သူ့ပစ္စည်းတွေကို ကားပေါ်မှ ဆွဲချတော့မည်သို့ ဖြစ်သွားလေ၏။

'နေ နေ မြ၊ အစိတ်မများဘူးလားဗျာ၊ နှစ်ဆယ်ပဲထား'

'ကဲ တက်ဗျာ'

မခင်မြနှင့် ကလေးများကို စိတ်မချသဖြင့် ကျွန်တော် နောက်ခန်းမှာပင် ထိုင်သည်။ ကားက မထွက်သေး။ ဆောဆောက ကျွန်တော်တို့ကို ဆွဲခေါ်လာသောလူသည် နောက်ထပ်လူကြီးတစ်ယောက်ကို အထုပ်အပိုးတွေနှင့်အတူခေါ်လာပြန်သည်။

'ဟာ ခင်ဗျားက လူထပ်တင်ဦးမှာလား၊ နှစ်ဆယ်လဲ ယူထားသေးတယ်'

'ကမ္ဘာအေးကို လမ်းကြုံနေတာပဲ၊ ခရီးသည်ချင်းပဲဗျာ'

ဆက်ပြောလျှင် မိမိကပင် ခရီးသည်ချင်း ကိုယ်ချင်းမစာသလို ဖြစ်ရပေဦးမည်၊ ကျွန်တော် ဘာမျှမပြောတော့။ နောက်ထပ်ရောက်ရှိလာသော အထုပ်အပိုးများကြောင့် ကျွန်တော်တို့မှာ အတော်ပင် ကျပ်ကျပ်သပ်သပ် ဖြစ်သွားရလေသည်။ ရန်ကုန်အထာမကျွမ်းသော မခင်မြကတော့ ပါးစပ်လေးအဟောင်းသား ဖြစ်နေသည်။ သားနှင့်သမီးလည်း ကားထဲမှာ ပုဝင်နေကြသည်။ လူစည်ကားသော ဘူတာရုံကြီးထဲမှ ထွက်ခဲ့ကြ၏။

www.burmeseclassic.com



ရုပ်ရှင်ရုံတွေ၊ ဈေးတန်းတွေကို ကျော်လွန်ခဲ့ကြသည်။ သူတို့တစ်တွေကို ဘယ်နေရာမှ လက်ညှိုးထိုးမပြအားတော့။

မြောက်ဥက္ကလာရောက်တော့ မှောင်နေပြီ။ သူငယ်ချင်းအိမ်မှာလည်း ညစာထပ်ချက်ရ၊ ဟိုဟာပြေးဝယ်ရ၊ သည်ဟာပြေးဝယ်ရနှင့် အလုပ်များသွားလေသည်။ ခင်မြသည် အိမ်ရှင်ကို အားနာလွန်းသဖြင့် မနေတတ် မထိုင်တတ် ဖြစ်နေလေသည်။ ဧည့်ကလည်းပန်းသဖြင့် ထမင်း သိပ်မစားနိုင်။

"စားနော်၊ ကျွန်မတို့အိမ်မှာ ဘာမှ အားမနာနဲ့"

အိမ်ရှင်သူငယ်ချင်း၏မိန်းမ မလှရွှေကလည်း သဘောကောင်းရှာပါသည်။ သို့သော် အရိုးတွေ ထိုးထိုးထောင်ထောင် ထွက်နေသော ငါးသလောက် နှစ်တုံးခန့်ကို ကျွန်တော့်ကလေးများ မနိုင်ကိုင်ဖြစ်နေသည်။ သူ့အမေက ဘဲဥကြော်များကို ကလေးတွေပန်းကန်ထဲ ခပ်ထည့်ပေးထားရာ အသားကြိုက်သော အငယ်ကောင်က မျက်နှာမဲ့နေသည်။

ခင်မြက ငါးပိရည်ကောင်းကောင်းနှင့် တို့စရာကို မက်သူဖြစ်၏။ ရေတတ်သီးမှုန့်လေးများများနှင့် နယ်စားရလျှင် ဘာဟင်းကိုမှ မလိုပြီ။ ရန်ကုန် ငါးပိရည်ကျဲကျဲမှာ ရေတက်သီးမှုန့်လေး ပါလေဟန် ဖြူးထားသဖြင့် သူ့မှာလည်း တညင်းသီးကို ဖိတို့နေလေသည်။

"ကြည့်စမ်း အစ်ကိုရေ၊ ငါးပိယူခဲ့ဖို့တောင် မေ့သွားတယ်၊ အစ်မတို့ ရန်ကုန်မှာ ငါးပိဘယ်ဈေးလဲဟင်"

ခင်မြက အိမ်ရှင်မချင်း စူးစမ်းမေးမြန်းသည်။

"ကောင်းကောင်းဆိုရင် နှစ်ဆယ်ဈေးပဲ၊ အသင့်အတင့် ဆိုရင်တော့ ဆယ့်ငါးကျပ် ဆယ့်နှစ်ကျပ် ရပါတယ်"

"အို၊ ရန်ကုန်က ဈေးကြီးလိုက်တာနော်၊ ဒီတစ်ခါ ကျွန်မ ငါးပိကောင်းကောင်းပေးလိုက်ပါမယ်"

"နေပါစေရှင်။ ကိုင်း စားစမ်းပါဦး၊ ငါးသလောက်ခေါင်းလေး"

www.burmeseclassic.com



'အို နေပါစေ၊ ကျွန်မကော တို့စရာပဲကြိုက်တာ၊ တညင်းသီးလေးတွေ ကောင်းလိုက်တာ'

'ဟုတ်တယ်၊ တစ်ကျပ်ရှစ်လုံးရလို့ မနက်က နှစ်ကျပ်ဖိုးတောင် ဝယ်ထားတယ်'

စကားမရှိ စကားရှာမိသော မခင်မြ စားလက်စ တုံ့သွားလေသည်။ ရန်ကုန်မှာ တို့စရာ တစ်ခွက်ကိုတောင် နှစ်ကျပ်လောက် ကုန်ပါလား၊ မိမိ စားကောင်းကောင်းဖြင့် စားလိုက်တာ ငါးပြားဖေသာသာခန့်ရှိသော တညင်းသီးလေးတွေ ဆယ်လုံးခန့် ရှိနေပါပေါ့လား။

ထမင်းစားပြီးတော့ ရေနွေးကြမ်းဝိုင်းမှာ လက်ဖက်သုပ်ကို ချပေးသည်။ စောစောကပင် မလုမ္ဘသည် သူ့သားအကြီးလေးကို လက်ဖက်သုပ် သုံးကျပ်ဖိုး ဝယ်ခိုင်းနေသံ ကြားရသည်။ ပန်းကန်ထဲထည့်လိုက်တော့ လက်ဖက်ရည် ပန်းကန်ပြား ဖောက်ရုံလေးသာရှိသည်။ မခင်မြသည် သူ့ကလေးများကို လက်ဖက်သုပ်ပန်းကန်မနှိုက်ရန် ဟန့်ထားလေသည်။

လက်ဖက်ကြိုက်သော သူကိုယ်တိုင်လည်း ဇွန်းသေးသေးလေး နှစ်ဇွန်းထက် ပိုမနှိုက်တော့။

'ကိုင်း ဒီညတော့ စောစောအိပ်ကြ၊ မနက်မှ တိရစ္ဆာန်ရုံလိုက်ပို့မယ်'

ညဉ့်ခန်းမှာ အိပ်ရာပြင်လိုက်ပြီးနောက် ကျွန်တော်တို့မိသားစု တန်းစီအိပ်ကြသည်။

'အမေ ရန်ကုန်ဆိုတာကလဲ ကျွန်တော်တို့တောနဲ့ ဘာမှ မထူးဘူး နော်'

သားအငယ်ကောင်က သူ့စိတ်ကူးဖြင့် သူ ပြောလိုက်သည်။

'အို သားကလဲ ဒါက မြို့ထဲမှ မဟုတ်တာ၊ မြောက်ဥက္ကလာ ပေါတယ်၊ မနက်ဖြန် မြို့ထဲလိုက်ပြမယ်၊ ဘူတာရုံကဆင်းလာတော့ သား မမြင်ဘူးလား၊ တိုက်ကြီးတွေ ကားတွေ'

www.burmeseclassic.com



'လမ်းပေါ်မှာ လူတွေအများကြီး လမ်းလျှောက်နေတာပဲမြင်ရတယ်၊ ဘုရားပွဲလှည့်လာတဲ့ အတိုင်းပဲနော်၊ သူတို့ ဘာလုပ်ကြတာလဲ'

'သွားစရာရှိတာ သွားကြတာပေါ့ကွာ၊ ကဲ ကဲ အိပ်ကြတော့'

မြို့တော်ရန်ကုန်၏ ဆင်ခြေဖုံးဒေသလေးသည် ကျွန်တော့်သား ပြောသလိုပင် ကျွန်တော်တို့အရပ်ဒေသ တောရွာလေးနှင့်မခြား တိတ်ဆိတ်စွာ အိပ်ပျော်စပြုလေသည်။

\+ \+ \+

'ပဲပြုတ်နှစ်ဆယ်သားပေးပါ'

'ဒီကနေ့ဝယ်တာ များလှချည်လား'

'ဧည့်သည်တွေ ရောက်နေလို့ပါ'

'ဘယ်ကလဲ'

'တောကပါ၊ ရော့ နှစ်ကျပ်လေးဆယ်'

အိမ်ရှင်မ၏ ပဲပြုတ်ဝယ်သံသဲ့သဲ့ကြောင့် ကျွန်တော်တို့ ဧည့်သည်မိသားစု လူးလဲထလိုက်ကြရ၏။ အိပ်ရာ ခြင်ထောင်တွေကို ကမန်းကတန်း ဖြုတ်သိမ်းရသည်။

'ရန်ကုန်မှာ ပဲပြုတ်တစ်ဆယ်သား တစ်ကျပ်နှစ်ဆယ်တောင် ပေးရတယ်နော်'

မခင်မြက တိုးတိုးလှမ်းပြော၏။

'ဟုတ်တယ် မြရို့၊ အစစအရာရာ ဈေးကြီးတာပဲ'

'ရန်ကုန်မှာ ဧည့်သည်လုပ်ရတာ အားနာစရာပါ၊ အစ်ကိုရယ်၊ ထမင်းစားရမှာတောင် အားနာတယ်၊ အစ်ကိုတို့ သားသမီးတွေကလဲ အစား သိပ်ကြီးတာပဲ၊ အပြင်မှာ ဝယ်စားကြရအောင်'

'အေးကွာ၊ ကြံသလိုပေါ့'

www.burmeseclassic.com



ကျွန်တော်တို့ ရေမိုးချိုး ပြင်ဆင်ကြပြီး မလှမ်းမကမ်းရှိ ထမင်းဆိုင်လေး တစ်ဆိုင်ဆီမှ ပဲပြုတ်နှင့် လက်ဖက်ရည်များကို စားသောက်ကြသည်။ ကျွန်တော့် သားသမီးများမှာ သူ့အမေမပြောသလိုပင် ပဲပြုတ်နံပြားကို တဝတပြီးစားကြ လေသည်။ မစားဘဲနေပါမလား၊ သူတို့ကား အိမ်မှာ မနက်မိုးလင်းသည်နှင့် ထမင်းကြမ်းနှင့် ဟင်းကျန်ကို အားပါးတရ စားကြမြဲ။ ပဲပြုတ်နှစ်ဆယ် သားသည် ငြိုက်စနဲ ကုန်သွား၏။

'သားရယ် အဆာပြေပဲ၊ တော်ရောပေါ့'

သူ့အမေက မနေသာသဖြင့် ထုတ်ပြောရပြန်သည်။ မပြောမဖြစ် တော့ပြီ။ နံပြား အချပ်ကြီးလေးချပ်လည်း ကုန်လုနီးပြီ။ အိမ်ရှင်ကလေး နှစ်ယောက်ကလည်း သူတို့အတွက် မကျန်မည်စိုး၍ မျက်စောင်းခဲနေပြီ။

'မင်းတို့ မြို့ထဲဘာနဲ့သွားကြမလဲ'

သူငယ်ချင်း ကိုဘအေးက မြို့ထဲက ရုံးတစ်ရုံးမှာ လုပ်သည်။ သူ့ မိန်းမက မြောက်ဥက္ကလာ ရှု ဈေးမှာ ဘော်လီအကျႌ ရောင်းသည်။ သူတို့သည် စိစစ်သုံးစွဲတတ်သဖြင့် ယခုလို ကိုယ်ပိုင်အိမ်ကလေးနှင့် အခြေတကျ နေထိုင်နိုင်ကြခြင်းဖြစ်၏။ ကိုဘအေးက ဘွဲ့ရဖြစ်သော်လည်း ယခုထိ စာရေးကြီးဘဝက မတက်သေးပေ။ လူကလည်း အလွန်အေး လေသည်။

'ဘတ်စ်ကားနဲ့ပဲ သွားရမှာပါကွာ'

'ဘတ်ဆန်းတွေရှိတယ်၊ ငါနဲ့ တစ်ခါတည်းလိုက်ခဲ့'

'အေး ကောင်းသားပဲ'

ကျွန်တော့်ကလေးတွေကို တီရွှေဘန်ရှဲ လိုက်ပို့မည်ပြောထားသဖြင့် အိမ်ရှင် ကလေးနှစ်ယောက်ကပါ လိုက်ချင်နေကြလေသည်။ ကျွန်တော်က လောကွတ်ပြုကာ အားလုံးကို ခေါ်လာခဲ့ရတော့၏။

ကားပေါ်တက်ရာတွင် ကိုဘအေး၏ ကလေးများက ရန်ကုန် သားများပီပီ အပြေးအလွှား တက်နိုင်ဆင်းနိုင်သော်လည်း ကျွန်တော့်ကလေး

www.burmeseclassic.com



များမှာ ပြေးလွှားတက်ရသဖြင့် မျက်နှာပျက်နေရှာသည်။ ကားပေါ်ရောက်တော့လည်း ကျပ်ကျပ်သပ်သပ်ထိုင်ရသည်။ ကားစီးလျှင်မူးတတ်သော မခင်မြသည် အဟုန်ပြင်းစွာမောင်းနေသော ကားထဲမှာ လှုပ်ခတ်ဖိညှပ်ခြင်းခံရပြီး ချွေးတွေရွှဲလာလေသည်။

ကားပေါ်ကဆင်းပြီး တိရစ္ဆာန်ရုံဘက်ကို လမ်းလျှောက်ကြတော့ ကျွန်တော့်သား အငယ်ကောင်က မှဆာစပြုသည်။

'အဲဒီကားကြီးစီးရတာ ဗိုက်တောင်ရောင်သွားပြီ အမေရေ၊ ရန်ကုန်က သုံးဘီးကားလည်းကျပ်၊ ဒတ်ဆန်းကားလည်း ကျပ်တာပဲနော်၊ ဘယ်ဟာမှ မချောင်ဘူး'

'အေး၊ ဟိုဘတ်စ်ကားကြီးတွေဆို သာတောင်ကျပ်သေး၊ မင်း ဗိုက်ဆာရင်နေဦးကွာ၊ တိရစ္ဆာန်ရုံကထွက်မှ ထမင်းစားကြမယ်'

'ဆာတယ် အမေရဲ့၊ ဟို ကျွန်တော်တို့ကို ရန်ကုန်ရောက်ရင် ဖာလူဒါတိုက်မယ်ဆို'

'အဲဒါ နေ့လယ်ထမင်းစားပြီးမှ ကောင်းမှာပေါ့ကွာ၊ ခု လောလော ဆယ် မရသေးဘူးကွာ'

ကျွန်တော်သည် တိရစ္ဆာန်ရုံ အဝင်ဝတွင်ပင် သူတို့ကို ရေခဲရေ တိုက်ရလေ၏။ မခင်မြလည်း စိတ်ရှုပ်လာ၍ပင် ရေခဲရေကို နှစ်ခွက်သုံးခွက် အဝသောက်ပစ်လိုက်သည်။

'အားလုံး ရှစ်ခွက်၊ တစ်ကျပ်နှစ်ဆယ်ကျတယ်'

ပိုက်ဆံထုတ်ပေးသောအခါ မခင်မြ မျက်လုံးပြူးသွားသည်။ တစ်ခွက် ၁၅ ပြားဆိုသော ဈေးနှုန်းကိုလည်း ယုံမှ မယုံနိုင်ခြင်းသည်။

'ဘုရား ဘုရား၊ ရေရည်သောက်တာတောင် တစ်ကျပ်ကျော်တယ်၊ ထမင်းစားရင် ဘယ်လောက်ကုန်ဦးမှာလဲအစ်ကို'

မခင်မြသည် တောသူပီပီ ငွေကို အလွန်နှမြောလေသည်။ အစား အသောက် အဝတ်အထည်အတွက် ငွေကို မသုံးသည့်အခါမျိုး ရက်ရက်

www.burmeseclassic.com



ရောရော မသုံးတတ်ပေ။ ကျွန်တော်တို့မှာ ရန်ကုန်မလာခင်ကတည်း ပြင်ဆင် စရိတ်အတွက် အတော်ကုန်ခဲ့ရပြီ မဟုတ်ပါလား။

"မြကလဲကွာ ခရီးသွားတော့ ဒီလိုပဲပေါ့၊ တစ်ခါတလေရောက်တော့ ကုန်တယ်ခန်းတယ် တွက်မနေနဲ့၊ ကဲ လာကြ"

ကျွန်တော်က ဦးဆောင်ကာ တိရစ္ဆာန်ရုံထဲခေါ်သွား၏။ ကလေး တွေက ဆင်စီးချင်သည်၊ ရထားစီးချင်သည်ဆို၍ သူတို့ပျော်ပါစေဟု လက်မှတ်ဝယ်ရပြန်သည်။ ကျွန်တော် ဆယ်တန်တွေ တစ်ရွက်ပြီးတစ်ရွက် ထုတ်နေရသည်ကို မခင်မြ လိုက်ကြည့်ပြီး စိတ်တွက်တွက်နေသလား မသိ၊ မျက်နှာမကောင်းလှပေ။

"မြ ဒီဘက်မှာ ခြင်္သေ့ကြီး၊ ကြည့်လေ ဘာတွေ လျှောက်ငေးနေတာလဲ"

မခင်မြသည် တိရစ္ဆာန်တွေကို စိတ်ဝင်တစားမကြည့်နိုင်။ ဟိုနား သည်နားမှာ ပူးကပ်ထိုင်နေကြသော အတွဲတွေကို စောင်းငန်းစောင်းငန်းနှင့် ကြည့်နေတော့သည်။

"အစ်ကိုရယ် ဟိုမှာကြည့်ပါဦး၊ လူမြင်ကွင်းကြီးမှာ ဖက်ထားကြတယ်၊ အဲဒါ လင်မယားတွေလား"

"အို မြကလဲ ဒီလောက်ငယ်ငယ်လေးတွေ လင်မယားဘယ်ဟုတ်ပါ့မလဲ၊ သမီးရည်းစားပေါ့၊ သမီးရည်းစားမို့ ဒီကိုလာတာပေါ့"

"ဟုတ်ပါရဲ့၊ ကျောင်းလွယ်အိတ်လေးတွေ ဘေးချလို့၊ သမီးလေးကို အဲဒါတွေ မမြင်စေချင်ဘူး၊ ပြန်ရအောင်"

"မြကလဲ ကလေးတွေ တိရစ္ဆာန်တွေ ကြည့်ပါစေဦး"

မခင်မြသည် ဆယ်နှစ်သားသာသာ ရှိသေးသော သူ့သမီးလေးကို အတွဲတွေနှင့် ကင်းရာသို့ လှည့်ပတ်ခေါ်ရသည်။ သို့သော် ဘယ်နေရာမှ မလွတ်၍ သူ လက်လျှော့လိုက်သည်။

www.burmeseclassic.com



တိရစ္ဆာန်ရုံမှထွက်တော့ ကျွန်တော်ကိုယ်တိုင်လည်း ဗိုက်ထဲမှာ တကြွတ်ကြွတ်မြည်အောင် ဆာလာသည်။ ကျွန်တော့်မိသားစုကို ရန်ကုန်ရောက်တုန်းရောက်ခိုက် အစားကောင်းကောင်းကျွေးချင်သည်။ မခင်မြနှင့် ကလေးများသည် စားသောက်ဆိုင်များတွင် မစားဖူးပေ။

"အမေ့ ထမင်းဆာတယ်"

သမီးကြီးကပါ ပူဆာသည်။

"အေး အေး စားရမှာပေါ့ လာ လာ၊ မင်းတို့ကို တရုတ်ဟိုတယ်မှာ ကျွေးမယ်"

"ဟီး ဟီး ပျော်စရာကြီး၊ အဝေးကြီးသွားရဦးမှာလား ဖေဖေ"

"ကားစီးသွားရင် ခဏလေးရောက်မှာပါ၊ လာကြ"

ကျွန်တော်သည် မိန်းမနှင့်ကလေးတွေ တစ်သိုက်ကြီးကို ဦးဆောင်ခေါ်ငင်ကာ ကားတွေ မတိုက်မိအောင် အော်ရ ဆွဲရင်ရ၏။ ယခုနေများ ကျွန်တော့် ကျောင်းနေဘက်သူငယ်ချင်းတွေမြင်လျှင် ကျွန်တော့်ကို ဟားမည်လား၊ သနားမည်လား မသိ။

ရန်ကုန်ရောက်ကတည်းက ဘာမျှမသုံးရသေး ကားခက အတော်ထိနေပြီဖြစ်ရာ သည်တစ်ခါ ဘတ်စ်ကားစီးတော့မည်ဟု စိတ်ကူးသည်။ ထမင်းကို နီးရာမြို့လယ်ခေါင် ကြံရာမှာပဲ စားမည်။ ဒါမှ ကလေးတွေ မြို့ထဲရောက်ဖူး မြင်ဖူးမည်။ ကျောင်းသားဘဝကတော့ ကြိုက်ဂျာလိုဆိုင်မျိုးကို မြို့လယ်ကျလွန်း၍ ပေါ်ဘသားတွေမှ စားသည်ဆိုကာ မစားကြပေ။

ဘတ်စ်ကားတစ်စီးဆိုက်လာ၍ ကျွန်တော်က ဦးဆောင်ကာ အားလုံးကို ကားပေါ်တင်ပေးရ၏။ နောက်ဆုံး ကျွန်တော်တက်နေစဉ် ကားက ဘီးလှိမ့်စပြုသည်။ အတွေ့အကြုံမရှိသော မခင်မြသည် လူတွေ ရောက်သွားပြီး ကျွန်တော်ပါလာသည်ကို မတွေ့သဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်ရပြန်၏။

"ဟယ် ပုစူးမ၊ ဂျစ်တူး၊ နင့်အဖေကော"

www.burmeseclassic.com



ကလေးတွေ ယော်နှာမည်ကိုခေါ်ကာ အရေးတကြီးမေးလိုက်သော မခင်မြ၏ အသံသည် ကျယ်လောင်လှသည်။ ကလေးတွေမှာလည်း လူတွေကြားထဲ ညပ်နေ၏။ ကျွန်တော့်မှာ ဘတ်စ်ကားကို နိုတက်နေရသဖြင့် သူတို့ကို မမြင်နိုင်။

'မသိဘူးအမေရေ၊ အမေ ကျန်ခဲ့ပြီထင်တယ်'

'အမေယ်လေး ဒုက္ခပါပဲ'

မခင်မြ ငိုတော့မလိုဖြစ်နေစဉ် ကျွန်တော် ကားပေါ်ရောက်လာသည်။

'မင်းတို့အမေ ပါပါတယ်ကွ၊ ဟိုမှာ'

ကိုတာအေး၏ ကလေးတစ်ယောက်က လှမ်းပြောလိုက်သဖြင့် သူတို့ စိတ်သက်သာရာ ရသွား၏။ ဆူးလေမှတ်တိုင်ကိုရောက်တော့ လူတွေအတော်များများ ကားပေါ်မှဆင်းကြလေသည်။ ကျွန်တော့်ကလေးများသည် နေရာလွတ်တွေမှာ အပြေးအလွှားဝင်ထိုင်ကြ၏။

'ဟော့ ဟော့၊ ထိုင်မနေကြနဲ့၊ ဒီမှာ ဆင်းရမှာ လာ လာကြ'

မခင်မြနှင့် ကလေးတွေ တစ်ရောသောပါး ဆင်းကြရပြန်လေသည်။ ဆူးလေဘုရားလမ်းကို ဖြတ်ကူးတော့လည်း ကျွန်တော်တို့မှာ တသီတတန်း။ မခင်မြသည် မျက်နှာပျက်နေရှာ၏။

ဆိုင်တွင် ကျွန်တော်မှာကျွေးသော တရုတ်ဟင်းလျာများကို ကလေးတွေ နှစ်သက်စွာ စားကြသည်။ သူတို့စားပုံမျိုးနှင့် ပန်းကန်ပြားထဲ ခပ်ရွရွထည့်ထားသော ဟင်းတွေမှာ ကုန်လွယ်လှသည်။ မခင်မြက ငါးမြီးရည် မပါ၍ မစားနိုင်။

ထမင်းစားပြီး ငွေရှင်းသောအခါ မခင်မြ မျက်နှာပျက်ပြန်သည်။

မျက်နှာချင်းဆိုင်ဝိုင်းက ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် စကားတွေတတ်ထိုးကာ မှာထားသောဟင်းတွေကို အကုန်မစားဘဲ ငွေကို ဣန္ဒြေရရ ထုတ်ရှင်းသည်ကိုကြည့်ကာ မခင်မြ အံ့သြနေပြန်သည်။

'အမေ၊ ဘိုင်စကုတ်ကြည့်ရအောင်'

www.burmeseclassic.com



'အမေ၊ အမျိုးသားပြတိုက် လိုက်ပြမယ်ဆို'

သားနှင့် သမီးက ပြိုင်တူပြောကြသည်။

'ရုပ်ရှင်ကြည့်တာက ဖြည်းဖြည်းပေါ့ကွာ၊ အမျိုးသားပြတိုက် အရင်သွားမယ်'

'ဘတ်စ်ကား စီးရဦးမှာလား'

မခင်မြက စိုးရိမ်ကြောင့်ကြစွာ မေးသည်။

'မစီးရပါဘူး၊ လမ်းလျှောက်သွားကြမယ်၊ သိပ်မဝေးကြနဲ့ကွာ၊ ကားလမ်းကူးရင်လဲ မြန်မြန်ကူး'

'မြန်မြန်တော့ကူးတာပဲ၊ ဒါပေမဲ့ ကားတွေကလဲ သိပ်မြန်တာပဲ၊ လူတွေကို လှည့်ကိုမကြည့်ဘူးနော်'

မခင်မြက တိုးတိုးညည်း၏။ ကျွန်တော်တို့ တစ်သိုက်သည် အနော်ရထာလမ်းတစ်လျှောက် လျှောက်လာကြလေသည်။ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များကို ဖြတ်လာကြသည်။ ပလက်ဖောင်းပေါ်မှာလည်း လမ်းသွားလမ်းလာတွေ စည်ကားလှသည်။ ရန်ကုန်မြို့ကြီးကား ကျွန်တော် နှံ့နှံ့စပ်စပ် မရောက်နိုင်ခဲ့သည့် ဆယ်နှစ်ကျော်ကာလအတွင်း များစွာ ပြောင်းလဲခဲ့ပြီ။ ကျွန်တော်တို့ ကျောင်းနေစဉ်ကာလက ရန်ကုန်မြို့ပေါ်မှာ ကားတွေ သည်မျှရှုပ်ထွေးခြင်း မရှိသေး။ ယခုတော့ နိုင်ငံခြားမှ တင်သွင်းသော ခေတ်မီကားတွေက များပြားလှကာ လမ်းတွေကတော့ ယခင်အတိုင်းသာမို့ ကားတွေသည် လမ်းပေါ်မှ လျှံကျတော့မည်သို့ ရှိသည်။ လူတွေကလည်း ယခင်ကထက် အဆများစွာ များပြားလာသည်မို့ လူသွားလမ်း ပလက်ဖောင်းပေါ်မှ လျှံကျနေသည်။

လူတွေနှင့် ကားတွေ ပွတ်ကာသီကာလေး ရှောင်တိမ်းသွားလာနေပုံကို မခင်မြက တအံ့တသြငေးကြည့်ရင်းလျှောက်လာရာ တစ်နေရာအရောက် ဒုန်းခနဲ ခြေချော်ကျသွားလေသည်။

'ဟင် မြ ဘယ်နှာသွားလဲ၊ မြက ငေးတာကို'

www.burmeseclassic.com



"မြကာ တညီတည်းမှတ်လို့ အောက်ငုံ့မကြည့်ဘဲ လျှောက်လာမိတာ"

မခင်မြ၏ ခြေထောက်တစ်ဘက်သည် စုံးထနေသော ပလက်ဖောင်း ကျောက်ပြားနှင့် တိုက်မိကာ အခြားတစ်ဘက်က ကျွံနေသော ပလက်ဖောင်း ကျောက်ပြားကြားထဲ ဝင်သွားသည်။

"လမ်းက ညီတာမဟုတ်ဘူး မြရဲ့၊ လျှောက်ရင် အောက်ကို ကြည့်လျှောက်ရတယ်"

မခင်မြသည် သူ့ခြေတစ်ဘက်ကို နှိပ်နယ်ရင်း ဆက်လိုက်လာရလေသည်။ သည်တစ်ခါ သူ မမေ့တော့။ လှိုင်းထသလို ဖောင်းကြွကျွံဝင်ကျိုးပဲ့နေသော ပလက်ဖောင်း ကျောက်ပြားများကို သတိကြီးစွာဖြင့် ကြည့်ရင်း ရှောင်တိမ်းလျှောက်လာရတော့သည်။

စားသောက်ဆိုင်တွေထဲမှ ဆူဆူညံညံ ဖွင့်နေသော သီချင်းသံတွေကိုလည်းကောင်း၊ တစီစီပြေးနေသော ကားများကိုလည်းကောင်း မခင်မြ စိတ်မဝင်စားနိုင်တော့။ ကျွန်တော်လည်း ကလေးတွေကို လက်ဆွဲကာ ပလက်ဖောင်းပေါ်မှာ ခပ်တည်တည်နေရာယူထားကြသော လက်ဖက်ရည်ဆိုင်များစွာကို ဖြတ်ကျော်ခဲ့ရသည်။

အမျိုးသားပြတိုက်မှာ ကလေးတွေကို လိုက်လံပြသပြီး အငယ်ကောင်က ထုံးစံအတိုင်း တစခန်းထပြန်သည်။

"အမေ့ ဟာလူဒါတိုက်မယ်ဆို၊ ပြီးရင် ဘိုင်စကုတ်ကြည့်မယ်နော်"

သမီးဖြစ်သူကတော့ လမ်းလျှောက်ရ၍ သူ့အမေလို ချွေးစို့နေသည်။ ဖိနပ်အသစ်ကလည်း နာသဖြင့် မျက်နှာက ခပ်မဲ့မဲ့။

"အမေ ရေးဝယ်မယ်လေ"

ဂါဝန်အင်္ကျီလိုချင်၍ ခပ်တိုးတိုးပြောသည်။

"ဖောက်ရက်တွေ ရှိသေးတာပဲကွယ်၊ အစ်ကို ရွှေတိဂုံဘုရား မရောက်သေးဘူးနော်"

သူ့အမေက သတိပေး၏။

www.burmeseclassic.com



'သွားတာပေါ့ကွာ၊ အားလုံးစုံအောင် ပို့ပေးပါမယ်၊ လာ စုတော့ လမ်းနည်းနည်းလျှောက်လိုက်ဦး'

'အဝေးကြီးလား'

သမီးနှင့်အမေ ပြိုင်တူမေးသည်။

'မဝေးလှပါဘူး၊ ကဲ လာကြ၊ အမောပြေအောင် အအေးသောက်မယ်၊ ဈေးခဏဝင်မယ်၊ နောက် ရွှေတိဂုံဘုရားသွားပြီး ပြန်ကြမယ်၊ ရုပ်ရှင်ကတော့ နောက်နေ့မှ ကြည့်တာပေါ့ကွာ'

သားငယ်က သိပ်မကျေနပ်။ ကျွန်တော်တို့လှည့်လိုက်သည့် ကုန်သည်လမ်းအတိုင်း ပြန်လျှောက်ကာ ဆူးလေရောက်မှ အပေါ်ကို ပြန်တက်သည်။

'ဟင်၊ ဟိုဟာ ဘာဘုရားလဲ အစ်ကို'

'ဆူးလေဘုရားလေ မြရဲ့၊ မြို့လယ်ခေါင်မှာရှိပြီး ဘယ်သူမှ မဝင်ဖြစ်ဘဲ ကယ် ကယ် ကျော်သွားလို့ ကယ်ကျော်ဘုရားလို့လဲခေါ်တယ်'

'ဝင်ဖူးရအောင်နော်'

မခင်မြကား မေးသွားလျှင် ရောက်သည့်နေရာမှာ ဘုရားဖူးရမည်ဟု စွဲမြဲယုံကြည်ရှာသည်။ ထို့ကြောင့် ကျွန်တော်သည် ကလေးတွေ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆက်စေကာ ကားရှုပ်တွေးပြီး ကူးရန်ခက်ခဲသော ဆူးလေဘုရားဆီရောက်အောင် ဖြေးကူးရပြန်သည်။

'ငါက ကူး ဆိုတာနဲ့ တစ်ပြိုင်တည်း လိုက်ကူးကြနော်၊ ရှေ့ကိုလဲ အငေးမကြီးနဲ့၊ နောက်မှာလဲ မကျန်ခဲ့စေနဲ့'

ကားဆက်ပြတ်အောင် အတော်လေးစောင့်ပြီးမှ ကူးခဲ့ကြရသည်။ ဘုရားဖူးပြီး တစ်ဘက်မှစ်မှဆင်းကာ ရှသာမုန့်တိုက်ဘက်သို့ ကူးကြပြန်သည်။ ကားတွေက ပိတ်ကျပ် ရှုပ်ထွေးနေသဖြင့် ကျွန်တော်တို့ တစ်ဘက်ကမ်းသို့ တော်တော်နှင့် မရောက်။ သည်ကြားထဲ မခင်မြက ကျွှာလှည့်စီးသည့် အမျိုးသမီးများကို ငေးနေသဖြင့် သူ့လက်ကို ဆောင့်ဆွဲခဲ့ရပြန်လေသည်။

www.burmeseclassic.com



"အစ်ကို၊ ဟိုမိန်းမတွေက ဘာတွေလဲ"

မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေသော ခင်မြကိုကြည့်ကာ ကျွန်တော် ရယ်ချင်လာသည်။ ကျွန်တော့်ကလေးများကပါ ဘောင်းဘီတိုတို အင်္ကျီပါးပါးနှင့် အမျိုးသမီးများကို အထူးအဆန်းဖြစ်ကာ လိုက်ကြည့်နေကြသည်။

"ကမ္ဘာလှည့် ခရီးသည်တွေလေ"

"အစ်ကို ဟိုမိန်းမက အင်္ကျီဝတ်ထားတာ အတွင်းခံလဲ မပါဘူးနော်၊ ဘောင်းဘီလေးတွေကလည်း တိုလိုက်တာ"

ခင်မြက တိုးတိုးကပ်ပြော၏။ သူ့မျက်နှာမှာလည်း အလိုလိုနေရင်း ရှက်သွေးရောင် သန်းနေသည်။

ရထားမှန်တိုက်မှာ သူတို့ကို အအေးတိုက်ရသည်။ ပြီးတော့ ဈေးဘက်ကို လမ်းလျှောက်ခေါ်သည်။ အနော်ရထာလမ်းတစ်လျှောက်မှ ခေါ်လာစဉ် ဒံပေါက်ဆိုင်တွေရှေ့အရောက် ဈေးခေါ်တွေက "လာလေ အစ်မ၊ ဒံပေါက်စားမလား" ဆိုကာ အတင်းပိတ်ဆို့ထားသဖြင့် ခင်မြကို မနည်းဆွဲထုတ်ခဲ့ရပြန်သည်။ ကျွန်တော်ကိုယ်တိုင်လည်း သည်လမ်းတွေကို မလျှောက်တာကြာလေပြီ။ သည်လို အတင်းအဓမ္မခေါ်ငင်ပုံမျိုးကိုလည်း ကျွန်တော် မကြုံဖူး။ မြို့ပြ၏ ယဉ်ကျေးမှုသည် ရှုပ်ထွေးဆူညံနေကာ ကျွန်တော်ကိုယ်တိုင်လည်း ခေါင်းနောက်စပြု၏။ အနော်ရထာလမ်း တစ်လျှောက်သည် လမ်းသွားလမ်းလာတွေဖြင့် စည်ကားပြည့်ကျပ်နေလေသည်။ ပလက်ဖောင်းပေါ်မှာဈေးသည်တွေပြည့်နေသဖြင့် လူတွေ လမ်းပေါ် ဆင်းလျှောက်ကြသည်။ ကားတွေက မှုတ်ကာသီကာ ဖြတ်သန်းသွားလာနေ၏။

ခင်မြကတော့ စိတ်ဝင်စားစရာတစ်ခုကို ချက်ချင်းတွေ့သွားလေသည်။

**၁၃၄** "လေးဆယ့်ငါးကျပ်တဲ့"

"အို ဈေးကြီးတယ် မဝယ်ပါနဲ့၊ လာ သွားမယ်"

ကျွန်တော်ကတော့ ကျွန်တော့်သားငယ်ကို ပျော်စေချင်၍ ဖွတ်ပင် ဝယ်လိုက်ပါသည်။ နောက်ဆုံးတော့ မရ ရတာယူမှ ဖြစ်တော့မည်မို့ သားငယ်က လေးဆယ့်ငါးကျပ်တန် ကားသေးသေးလေးကို ပိုက်ကာ

www.burmeseclassic.com



အကြိုကောင်းပွဲကြီးရှေ့မှာ မခင်မြတစ်ယောက် အကျအန ဝင်ထိုင်လေတော့၏။

မယားအလိုမှာ မခင်မြ ကျေနပ်အောင်ဝယ်ပြီးမှ မြို့တော်ရန်ကုန်၏ တကယ့်ဈေးကြီးများဆီ ခြေဦးလှည့်ရတော့သည်။ လသာပြင်ဈေးသစ်၊ ဗိုလ်ချုပ်ဈေးသစ်။ မခင်မြသည် ပါးစပ်အဟောင်းသားဖြင့် ဟိုငေးသည်ငေး ဖြစ်နေသည်။ ပိုက်ဆံအိတ်လေးများ၊ မိန်းမအသုံးအဆောင်များကို ဈေးမေး ကြည့်လိုက်၊ ပြန်ချထားလိုက် လုပ်နေရသည်။ ကစားစရာဆိုင်ရှေ့တွင် ကလေးများကရပ်ကြပြီး အိမ်ရှင်ကလေးတွေ၏ တိုက်တွန်းမှုဖြင့် ကျွန်တော့်သားက နိုင်ငံခြား ကစားစရာ မော်တော်ကားလေးကို လက်ညှိုးထိုးလေသည်။

"အဲဒါ ဘယ်လောက်လဲ"

ကျွန်တော်က ရွှန်းရွှန်းစားစားဝယ်ပေးမည်ဟု စိတ်ကူးကာ ဈေးမေးလိုက်တော့ ဆိုင်ရှင်က "တစ်ရာငါးဆယ်"ဟု ခပ်တင်းတင်းဖြေသည်။ မခင်မြသည် သူ့သားကို ဈေးရာသို့ ဆွဲခေါ်သွားသည်။ သားက အတင်း နောက်ပြန်ဆုတ်သည်။ သူ့အမေက ဆွဲသည်။ သားက ငိုမဲ့မဲ့ဖြစ်လာသည်။ သူ့အမေ မျက်နှာထားက တင်းလာသည်။

ကျွန်တော်သည် သုံးလေးဆယ်ခန့်နှင့်ရမည့် ကစားစရာတစ်ခုကို ရှာရလေသည်။

"မင်း နောက်ကို အဲဒီလိုလုပ်နေရင် ခေါ်မလာတော့ဘူး။ ပြန်မယ်"

မခင်မြက သားကို ကြိမ်းမောင်းသည်။

"အမေပဲ ရန်ကုန်ရောက်ရင် ကစားစရာ ဝယ်ပေးမယ်ဆို"

"စကားမရှည်နဲ့၊ လာ သွားမယ်"

"ဒီမှာ ဒီကားကလေးယူပါလား သားရယ်"

ကျွန်တော်ပြသော ကားလေးကို သားက သိပ်မလိုချင်။ ကိုတာအေး၏ ကလေးများကလည်း ထောက်ခံခြင်းမပြု။

"အစ်ကိုကလဲ အလိုမလိုက်ပါနဲ့၊ အဲဒါကကော ဘယ်လောက်တဲ့လဲ"

www.burmeseclassic.com



'လေးဆယ့်ငါးကျပ်တဲ့'

'အို ဈေးကြီးတယ် မဝယ်ပါနဲ့၊ လာ သွားမယ်'

ကျွန်တော်ကတော့ ကျွန်တော့်သားငယ်ကို ပျော်စေချင်၍ ဖွတ်ပင် ဝယ်လိုက်ပါသည်။ နောက်ဆုံးတော့ မရ ရတာယူမှ ဖြစ်တော့မည်မို့ သားငယ်က လေးဆယ့်ငါးကျပ်တန် ကားသေးသေးလေးကို ပိုက်ကာ ဆက်လိုက်လာသည်။ သမီးကို ပေးထားသည့်ကတိအတိုင်း ဂါဝန်တစ်ထည် ဝယ်ပေးဖို့ ရှာရသည်။

မခင်မြ ရှောက်မူး မြင်ဖူးဆေးရန် သဘောတန်းဝေါ် ဖောင်စိုပန္နည်းတွေ ရောင်းသည့်ဘက်ကို ခေါ်ပြသည်။ အင်ဒိုနီးရှားပါတိတ်တွေ၊ ကီမိုနိုတွေ၊ အိရှန်တွေ၊ ယုန်မွေးဆွယ်တာတွေဖြင့် မိန်းမသားတို့တပ်မက်စရာတွေ ပြည့်နှက်နေသော ဗိုလ်ချုပ်ဈေး၏ အချက်အချာနေရာမှာ ကျွန်တော့်ဇနီး မခင်မြတစ်ယောက် အံ့ဩငေးမောကြည့်ရှုနေလေသည်။

'အမေမေရေ ဒီမှာတွေ့ပြီ၊ သမီးဖို့ ဂါဝန်တွေ့ပြီ'

သမီး၏ အားရဝမ်းသာ အော်လိုက်သံကြောင့် ကျွန်တော်တို့အားလုံး ခြေလှမ်းတန့်ကာ တစ်ခုသောဆိုင်ရှေ့မှာ မရွံ့မရဲရပ်ကြရလေပြီ။ တစ်ဆိုင်လုံး ကလေးအင်္ကျီတွေဖြင့် ပြည့်နေအောင် ခင်းကျင်းထားသော သည်ဆိုင်ထဲမှာ သမီးနှင့် သင့်တော်လိုက်ဖက်မည့် အင်္ကျီတစ်ထည်ကိုတော့ မလွဲမသွေ ရနိုင်ပေပြီ။

အဆင်အသွေးတွေက တောက်လျှန်း လှလွန်းသဖြင့် ကျွန်တော်ကတော့ ဈေးကို ခန့်မှန်းမိပြီ။ မခင်မြလည်း ရိပ်မိ နားလည်ပုံရသည်။

'နောက် တွေ့ဦးမှာပေါ့ သမီးရယ်၊ လျှောက်ကြည့်ဦးမယ်လေ'

သမီးက အငယ်ကောင်လိုမဟုတ်၊ ဖွတ်တစ္ဆတ် မပူဆာတတ်၊ သို့သော် သည်တစ်ခါတော့ နည်းနည်း ဆန္ဒပြချင်သည်။ နေရာမှ မရွေ့။ သည်တော့လည်း ကျွန်တော့်မှာ သားသမီးများ၏ လိုအင်ဆန္ဒကို ဖြည့်စွမ်း ပေးလိုစိတ် ပြင်းပြလာရသည်။

www.burmeseclassic.com



'သမီးက ဘယ်ဟာကို လိုချင်လို့လဲ'

သမီးသည် ခပ်သွက်သွက်ပင် အင်္ကျီတစ်ထည်ကို လက်ညှိုးထိုး ပြသည်။ မိန်းကလေးပီပီ သူနှင့် သင့်တော်လိုက်ဖက်မည့်အင်္ကျီကို တန်းခနဲ ရွေးပြနိုင်သည်မှာ ချီးကျူးစရာပင်။

'အဲဒါ တစ်ရာငါးဆယ်'

ဈေးသည်က အင်္ကျီကို တန်းပေါ်မှဆွဲမချခင် ဈေးကို အလျင်ပြော သည်။ မခင်မြက သမီးကို လက်ဆွဲကာ ဆိုင်ထဲမှ ထွက်မည်ပြု၏။ ကျွန်တော်က ဝယ်ပေးရန် ဆုံးဖြတ်ပြီးသားမို့ အင်္ကျီလေးကို လှမ်းယူသည်။ မခင်မြက အံ့သြဟန်ဖြင့် ကြည့်ဆဲ။ သမီးက ကျွန်တော့်လက်ကိုဆွဲကာ ခွဲမြဲစွာ ရပ်နေသည်။

'တစ်ရာထားပါလားဈေး'

ငဲ့ကိုဗိုလ်ဆစ်လိုက်တော့ ဈေးသည်ကလည်း လိုက်လျောဟန် ပြလာ၏။

'တစ်ရာတော့ မရဘူးရှင်၊ ဒီဘက်ကဟာလေးဆို ရမယ်'

သို့သော် သမီးမျက်လုံးက သည်အင်္ကျီမှမခွာ။ သူ့အမေက စိတ် ရှုပ်ထွေးစွာကြည့်နေဆဲ ကျွန်တော်က တစ်ရာနှစ်ဆယ်ဖြင့်ဆစ်ကာ ရွှန်းရွှန်း စားစား ဝယ်လိုက်လေသည်။

'ဟင်၊ အမေက သူ့ကျတော့ တစ်ရာကျော်တန်အင်္ကျီ ဝယ်ပေးတယ်၊ ကျွန်တော့်ဖို့လဲ ဝယ်ပေး'

သားက တစ်ခေန်းထတော့ မခင်မြသည် သူ စိတ်ကူးယဉ် ငေးမော ကြည့်ရှုနေသော မိန်းမအသုံးအဆောင်များကို လှည့်မကြည့်အားတော့ဘဲ ဇိုလ်ချုပ်ဈေးထဲမှ အမြန်ဆုံးထွက်ခွာဖို့ ပြင်လေသည်။

'ကိုင်း သားတို့က မပူဆာနဲ့တော့၊ နောက်နေ့တွေ လျှောက်လည်ဖို့ ရှိသေးတယ်၊ ဘုရားလဲသွားရဦးမယ် လာကြ'

www.burmeseclassic.com



ကျွန်တော်က ကလေးအားလုံးကိုခေါ်ကာ ရန်ကုန်မြို့၏ အထက်တန်းစား ပစ္စည်းအသုံးအဆောင်များ ခင်းကျင်းရောင်းချရာဈေးမှ ထွက်ခွာကြရသည်။ ရုံထဲမှထွက်သည့် ခြေလှမ်းကိုလှမ်းဆဲ အစွန်ဆုံး ကီမိုနိုတွေရောင်းသောဆိုင်ရှေ့မှာ အမျိုးသမီးတစ်ယောက်ကို မြင်သည်။ ပထမတော့ မတွေ့ချင်ယောင်ဆောင်ပြီး ထွက်သွားရမည်လား စိတ်ကူးသေး၏။ သို့သော် နောက်ကျသွားပြီ။ အမျိုးသမီးသည် သူ့လက်ထဲမှ လုံချည်ကို သုံးရာအတိရအောင်ဆစ်ရင်း ကျွန်တော်တို့ ကလေးတစ်သိုက် ရုတ်ရုတ်ရက်ရက် ထွက်လာသည်ကို လှည့်ကြည့်ရာမှ ကျွန်တော်သကောင့်သားကို မြင်သွားလေသည်။

"ဟင် ကိုသန်းအောင်ပါလား၊ ဘယ်တုန်းကရောက်နေလဲ"

ရုတ်တရက် ဖွင့်မမေးသော်လည်း သူ့မျက်လုံးက ကျွန်တော့်ဘေးပတ်လည်မှ ကလေးများနှင့် ကျွန်တော့်မိန်းမ မခင်မြကို ဝေ့ဝဲကြည့်လိုက်လေသည်။ ကျွန်တော့်မှာ လွှဲရှောင်၍ မရတော့ဘဲ သူနှင့် မျက်နှာချင်း ဆိုင်ရ၏။ တကယ်တော့သူနှင့် ကျွန်တော်မှာ အလွန်ရင်းနှီးသော အသိမိတ်ဆွေများပါ။ အတန်းတူဘာသာတူနေခဲ့ကြပြီး ယခု သူ့ခင်ပွန်းကိုမြတ်ကျော်မှာလည်း ကျွန်တော့် အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ပင် ဖြစ်ခဲ့သည်။

"မ မနေ့ကပဲရောက်တယ်၊ ကလေးတွေကော မရောက်ဘူးလို့ အလည်ခေါ်လာတာ၊ ဒါ ကျွန်တော့်မိန်းမ မခင်မြလေ၊ ကိုမြတ်ကျော်ကော ပါမလာဘူးလား"

ကျွန်တော်သည် ပစ္စည်းတွေ၊ အထုပ်တွေ မနိုင်မနင်းပွေ့ပိုက်ထားသော မသက်မွန်ကို မခင်မြနှင့် မိတ်ဆက်ပေးလိုက်ရသည်။ မခင်မြက မသက်မွန်ကို ငေးစိုက် ကြည့်ရှုနေရှာ၏။

"မြ၊ ဒါလေ ကိုယ် ပြော ပြော နေတဲ့ ကိုမြတ်ကျော်ရဲ့ ဇနီး မသက်မွန် ဆိုတာ"

www.burmeseclassic.com



မခင်မြကား မဆုံမရဲ ပြုံးပြသည်။ မခင်မြ၏ အသွင်အပြင်နှင့် မသက်မွန်၏ အဆင်အပြင်ကတော့ အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက် ပမာ ဝေးကွာလှချေသည်။ မသက်မွန်က ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့် ရှိသော မိန်းမတို့၏ ဟန်ပန်ဖြင့် ရည်မွန်စွာနှုတ်ဆက်လေသည်။ မသက်မွန် နှင့်ယှဉ်လိုက်တော့ လုံးကြီးပေါက်လှ မခင်မြ၏အလှသည် ရိုးစင်း ဖေးမှိန် သွားသည်။ မသက်မွန်ကတော့ ထည်ထည်ဝါဝါရှိလှသည်။

'မိသားစုတစ်စုလုံး အလည်ခေါ်လာတာများ ကိုသန်းအောင်ရယ် အိမ်ကို ဘာလို့ ခေါ်မလာတာလဲ၊ ခု ဘယ်မှာတည်းကြသလဲ ပြောစမ်း ပါဦး'

'ကိုဘအေးတို့အိမ်မှာ'

'ကိုဘအေး၊ ဘယ် ကိုဘအေးလဲ'

ကိုဘအေးသည် ကျောင်းနေစဉ်က အဆောင်မှာနေသဖြင့် ကျွန်တော် နှင့်သာ ရင်းနှီးသည်။ ကိုမြတ်ကျော်တို့၊ မသက်မွန်တို့က မြို့ထဲမှ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်ကြသူတွေပဲ။ ကျွန်တော်နှင့်က အားကစား ဘက်မှာ ပါသနာတူ၍ ခင်မင်ကြရခြင်းဖြစ်၏။

'ဟိုလေ အရှည်ကြီး အရှည်ကြီးနဲ့ ခေါ်ကြပါရော၊ အသားညိုညို မျက်မှန်နဲ့'

'သြော် သြော်၊ သူက ဘယ်မှာနေတာလဲ'

'မြောက်ဥက္ကလာမှာ'

'အို ဝေးဝေးလံလံ ကိုသန်းအောင်ရယ်၊ အိမ်မှာလာတည်းရောပေါ့၊ ကိုင်း ခုတစ်ခါတည်း လိုက်လည်ကြပါလား'

မသက်မွန်၏ ဖော်ရွေမှုကြောင့် ကျွန်တော့်ဇနီး မခင်မြလည်း ရွှင်ပျလာပါသည်။ သို့သော် မသက်မွန်တို့အိမ်ကို လိုက်မတည်းစေရန် ကျွန်တော့်လက်မောင်းကို အသာနိုး၍ လက်ဖြင့်ကုတ်နေသည်ကို ကျွန်တော် သိသည်။

www.burmeseclassic.com



'ခုတော့ ခေနပါဦး မသက်မွှန်ရယ်၊ အိမ်ရှင်ကလေးတွေလဲပါလာတယ်၊ မြတ်ကျော်ကြီးကိုလဲ ပြောလိုက်ပါ၊ သတိရတယ်လို့'

'သတိရရုံနဲ့ ဘယ်ဖြစ်ပါ့မလဲ ကိုသန်းအောင်၊ ခုမလိုက်ချင်နေ မနက်ဖြန်လာခဲ့ပါမယ်၊ အိမ်မှာထမင်းစား၊ လိပ်စာပေးခဲ့'

မသက်မွှန်က စကားပြောရင်း လက်ထဲမှ အထုပ်တစ်ထုပ်လျှောကျသဖြင့် ကျွန်တော်က ကောက်ပေးရသေးသည်။

'ဒုက္ခများနေပါ့မယ်ဗျာ'

ကျွန်တော် မသက်မွှန်အိမ်သို့ မလိုက်ချင်သည်မှာ အခြားအကြောင်းများလည်း ရှိနေပေသည်။

'ဟင့်အင်း မရဘူး မရဘူး၊ သူငယ်ချင်းတွေ တစ်ခါတလေတွေ့ရတာ၊ ရှင့်သူငယ်ချင်းကလဲ သူ့အလုပ်နဲ့သူ အားရတယ်မရှိဘူး၊ ခုတောင် တစ်ယောက်တည်းဈေးလာရတာကြည့်၊ မနက်ဖြန်တော့ သူလဲအားတယ်၊ ငယ်ငယ်က အကြောင်းလေးတွေ စားမြုံ့ပြန်ပြီး ပျော်ရအောင် သေက်လာခဲ့ပါမယ်'

ကျွန်တော် မငြင်းသာတော့။ ကိုဘဆေး၏ လိပ်စာကို စာရွက်တစ်ရွက်မှာ ရေးပေးလိုက်ရသည်။ ပြီးတော့ အထုပ်အပိုးတွေ မနိုင်မနင်းဖြစ်နေသော သူ့ကို ဝိုင်းခန်းကူညီကာ ကားဆီအရောက် လိုက်ပို့ပေးလိုက်ရလေသည်။ ကားကို တကျော့ကျော့မော့မော့မောင်းထွက်ရင်း လက်ပြနှုတ်ဆက်သွားသော မသက်မွှန်၏ ဟန်ပန်မှာ ထေးမောဖွယ်ရာပင်။

'အဲဒီ အန်တီက လှလိုက်တာနော်၊ ဖေဖေ့ သူငယ်ချင်းလားဟင်'

သမီးက မေးသည်။

'ဆိုပါတော့ကွယ်၊ ကဲ လာ လာ မေမေတို့ ရွှေတိဂုံဘုရားသွားရအောင်'

'ဘတ်စ်ကားမစီးချင်ဘူး အဖေရယ်၊ ဟို သုံးဘီးကားခေါ်ပါ၊ စောစောက အန်တီကားနဲ့ လိုက်သွားရရင် သိပ်ကောင်းမှာပဲ'

www.burmeseclassic.com



သာကေ ပြော၏။

'ဟဲ့ နင်နဲ့ဘာဆိုင်လို့ သူများကား စီးချင်ရတာလဲ'

သဝန်တိုခြင်းလား၊ အမှန်ကိုပဲ ပြောခြင်းလား မသိ။ ခပ်မာမာ ပြောလိုက်သောစကားသည် တကယ်တော့လည်း မှန်ပါပေသည်။ မသက်မွန်၏ ဘဝနှင့် ကျွန်တော်တို့ဘဝကား ဘာမျှမဆိုင်ပါပေ။

\+ \+ \+

မသက်မွန်နှင့် ကျွန်တော်သည် သာမန် အတန်းသူအတန်းသား အချင်းချင်းထက် ပို၍ ခင်တွယ်မှု ရှိခဲ့ကြပါသည်။ ကျွန်တော် ဘတ်စ်ကားကိုသော ကားတိုင်း ရှေ့ဆုံးမှထိုင်၍ အားတက်သရော စောင့်ဟစ်အားပေးခဲ့သူမှာ မသက်မွန်ပင် မဟုတ်ပါလား။

တက္ကသိုလ်၏ အညွှန့်အဖူး အလှအပဆုံး မိန်းကလေးတစ်ယောက်၏ ဂရုစိုက် အသိအမှတ်ပြုခြင်းကို ခံရသည့်အတွက် ကျွန်တော်သည် သူငယ်ချင်း အပေါင်းအသင်းများအလယ်မှာ ဖိုးစွံ ဖြစ်ခဲ့သည်။ သည့်အတွက် ကျွန်တော်ကိုယ်တိုင်လည်း ဂုဏ်ယူသာယာမိခဲ့သည်မှာ အမှန်။ သို့သော် ထိုသို့ သာယာနေမိခြင်းအတွက် ကိုယ့်လိပ်ပြာကို ကိုယ်ရှက်ရခြင်းသည်သာ အဖော်တင်ခဲ့သည်။ အားကစားရုံမှ ထွက်တိုင်း လိမ္မော်သီးလေးတွေ၊ သကြားလုံးလေးတွေ၊ မျက်နှာသုတ်ပဝါလေးတွေ လာပေးတတ်သော မသက်မွန်ကို ပုဂ္ဂိုလ်ရေးအရ ခင်တွယ်၍လား၊ အတန်းသားအချင်းချင်းမို့ ကိုယ့်အသင်းဘက်က နိုင်အောင် ကစားပေးသူကို ဂုဏ်ပြုသည်လား ကျွန်တော် မခွဲခြားတတ်ခဲ့။ စိတ်ကူးယဉ် အိပ်မက်တွေဖြင့် ကျွန်တော် မိန်းမောစပြုသည်။ မသက်မွန်ကလည်း ပွင့်လင်းပျူငှာသည့် မိန်းကလေးတစ်ယောက်ပဲ။ ကျွန်တော့်ကို တခြားယောကျ်ားလေးများထက် အခွင့်အရေး ပိုပေးခဲ့သည်မှာ အမှန်။ ဥပမာ ရင်းနှီးသော အပေါင်းအသင်းများကိုသာ ရွေးဖိတ်သည့် သူ၏ မွေးနေ့ပွဲကို ကျွန်တော့်ကို တကူးတက ဖိတ်ခေါ်သည်။

www.burmeseclassic.com



ခန့်ညားထည်ဝါသော တိုက်အိမ်ကြီးနှင့် ခြံဝင်းအတွင်းမှာ သိုသို သိပ်သိပ်နှင့် အထက်တန်းကျကျ တည်ခင်းသော မင်းပွဲစိုးပွဲတမျှ လုပ ထည်ဝါသည့် ဈေးနေ့ပွဲကိုရောက်မှ ကျွန်တော်သည် မသက်မွန်၏ ဘဝမှန် ကို သိနားလည်ရလေသည်။ ကျွန်တော်က ပေါ့ပေါ့ပါးပါး ဝံ့ဝံ့စားစား သွားခဲ့မိခြင်းအတွက် နောင်တရစပြု၏။ တောသားတစ်ပိုင်း၊ ယာထွက် လယ်ထွက် သီးနှံတွေ ရောင်းဝယ်ဖောက်ကားသော မိဘ၏ ဝင်ငွေဖြင့် တက္ကသိုလ်ကျောင်းသားကြီးလုပ်နေရသည်ကို ပြည့်စုံပြီဟု ထင်သော ကျွန်တော်၏ ကိုယ်ပေါ်မှ ပိုးလုံချည် တစ်ပတ်နွမ်းသည် တော်တော်လေးပဲ မျက်စိထဲ ကသိကအောက်ဖြစ်စရာ ရောက်နေမှန်း ကျွန်တော်သိသည့် အချိန်မှာ နောက်ကျခဲ့ပြီ။

"ကိုမြတ်ကျော်ကိုတော့ သိမှာပေါ့နော်၊ အားကစားသမား အချင်း ချင်းပဲ၊ သူက တင်းနစ်မှာ လက်ရွေးစင်လေ"

အရပ်မြင့်မားပြီး ယောက်ျားပီသသောဟန်ပန်နှင့် ဌာနတစ်ခု၏ အကြီးအမှူးတစ်ယောက်၏ သားမှန်း ဝိဇ္ဇာ ထိုပွဲ၏ မိန်းမလှများအကြားမှာ ထင်ပေါ်သော ကိုမြတ်ကျော်ကို ကျွန်တော်တို့လည်း သိသည်။

သည့်နောက်တော့ ကျွန်တော်တို့ သုံးယောက်သည် အားကစားကို အကြောင်းပြု၍ ရင်းနှီးခင်မင်ကြပါ၏။ ကားတစ်စီးစီနှင့် ကျောင်းတက်သော သူတို့နှစ်ယောက်၏ ကားများပေါ်မှာလည်း အခါအားလျော်စွာ ကျွန်တော် ပါသွားတတ်သည်။ ထည်ဝါမှုကို ဖော်ရွေမှုဖုံးလွှမ်းသော သူတို့၏ အိမ်ဂေဟာများသို့လည်း ဝင်ရောက်စားသောက်ရဖူးသည်။ သို့သော် ကိုယ့်ကိုယ်ကို မလုံသောစိတ်၊ လိုရာဆွဲတွေးကာ စိတ်ကူးယဉ်ခဲ့သော ဝေဒနာတို့ကြောင့် ကိုယ့်ဘာသာ မသိမသာ နောက်ဆုတ်ခဲ့ရ၏။ မသက်မွန် ကတော့ ကျွန်တော် ပါဝင်ကစားသော ပြိုင်ပွဲများမှာ ရှေ့ဆုံးတန်းက အားပေးမြဲ။ လိမ္မော်သီးလေးတွေ သကြားလုံးလေးတွေ ပေးမြဲ။

www.burmeseclassic.com



စာမေးပွဲအောင်ပြီး ကျွန်တော် ကိုယ့်မြို့ကိုယ့်ရွာကို အမိကထားကာ အလုပ်လျှောက်စဉ် ကိုမြတ်ကျော်သည် ဌာနတစ်ခုမှာ လက်ထောက်အရာရှိ ရသည်။ သူတို့နှစ်ယောက် လက်ထပ်ကာ ကိုမြတ်ကျော် ရာထူးတိုးတာ၊ နိုင်ငံခြားသွားရတာတွေကိုလည်း ကျွန်တော် ကြားရ သိရသည်။ မသက်မွန် အတွက် ဝမ်းသာရသည်။ ရွှေပေါ် ရွှေရည်ထပ်လောင်းခြင်းပါပဲ။

ယခု မသက်မွန်က သူ့အိမ်သို့ ကျွန်တော့်မိသားစုကို ဖိတ်ခေါ်ဦး မည်တဲ့။

ကျွန်တော်သည် စုဆောင်းထားသော ငွေလေးဖြင့် ရန်ကုန်မြို့ကြီးကို လာရောက်လည်ပတ် ဝယ်ခြမ်းလိုက်သည်မှာ ထင်ထားတာထက်ပို၍ ကုန်ကျနေပြီမို့ နောက်ထပ်ရက်ကြာကြာ မနေနိုင်တော့ပေ။

ရွှေတိဂုံဘုရားပေါ်မှာအဆင်းတွင် အမှောင်ပင်ဖျောင်နေပေပြီ။ ကလေး တွေကို ချော့မော့ကာ ဘတ်စ်ကားအဆင့်ဆင့်စီးပြီး အိမ်ပြန်လာရ၏။ ကိုဘအေးတို့အိမ် ရောက်သောအခါ ကိုဘအေးမိန်းမ ဈေးသိမ်းအပြန် ကမန်းကတန်း ဝယ်ခြမ်းချက်ပြုတ်ထားသော ဝက်သားမနှပ်တနှပ်နှင့် ချဉ်ရည်ဟင်းကို အငမ်းမရ စားကြ၏။

မခင်မြကား အိမ်ရှင်ကို အားနာ၍လား၊ ပင်ပန်း၍လား မသိ၊ သိပ်မစားနိုင်။

"အမေ၊ မနက်ဖြန် ဟိုအန်တီ သမီးတို့ကိုလာခေါ်ရင် ဒီနေ့ဝယ်တဲ့ ဂါဝန်အသစ်လေး ဝတ်သွားမယ်နော်"

စကားနည်းသော သမီးက ဆိုလေသည်။

\+ \+ \+

"ကိုသန်းအောင် မလာစားတော့ဘူးထင်တယ်၊ နည်းနည်း မိုက်ရွဲနေပြီ"

ကိုမြတ်ကျော်က ငါးကြီးဆုံရင်း ပြောသည်။ ဌာနဆိုင်ရာအလုပ်တွေမှာ နစ်မွန်းကာ အိမ်ပြန်ရောက်လျှင်လည်း ကိုယ်ခွဲမရှိရှာသော မိန်းမကို ကူညီ

www.burmeseclassic.com



ရတာ၊ အားကစားကွင်းဆိုလို့ မိုးတွင်းမှာ မြက်တောထပြီး နွေမှာ ဖုန်တသောသောထနေသော ကလေးဘောလုံးကွင်းလေးသာရှိသော ကိုယ့်ရွာအကြောင်း မပြောဖြစ်တော့။ အေးဗျာဟုပဲ ဝန်ခံလိုက်သည်။ ကိုယ်ပိုင်တင်းနစ်ကွင်း၏ နံဘေးက စားပွဲဝိုင်းလေးမှာ တည်ခင်းသော ထမင်းမစားမီ အကြိုဝိုင်းကလေးသည် မသက်မွှန်၏ လက်ရာဖြင့် လှပနေသည်။ မြဝင်းကျယ်ကြီးထဲမှာ လှည့်ပတ်ပြေးနေသော သားဖြစ်သူကို အင်းလျားကန်စပ်နား သွားမည်စိုး၍ မခင်မြက လိုက်ကြည့်နေရသည်။ အချိုရည်နှင့် ဒိန်ခဲအတုံးကလေးများကို သမီးက ရုတ်တရက် မစားမသောက်ရဲ။ မသက်မွှန်က ငါးမုန့်ကြော်များကို တစ်ဆုပ်ကြီးနှိုက်ယူပေးမှ ဂါဝန်အသစ်မပေအောင် ဣန္ဒြေရရ စားသည်။

ထမင်းဝိုင်းကလည်း ကိုဘအေး၏မိန်းမ မလှရွှေလက်ရာနှင့်တော့ ခြားနားပေါ၏။ ကြေးပန်းကန်များ၊ ဇွန်းခက်ရင်းများကို သတိထား ကိုင်တွယ်ရင်း ကလေးတွေကိုလည်း စောင့်ကြည့်နေရသော မခင်မြမှာ အနေကျဉ်းကျပ်နေသည်။ မသက်မွှန်၏ ရွှန်းရွှန်းစေသော အပြုံးများ၊ စကားများကိုလည်း ဟုတ်တဲ့နှင့် အင်းကလွဲ၍ ပိုပြီး မတုံ့ပြန်တတ်။ မခင်မြ အကောင်းဆုံး ရွေးချယ်ဝတ်ဆင်လာသော အဝတ်အစားများမှာလည်း မသက်မွှန် အိမ်နေရင်း အခန်းထဲမှာစီးသော ကတ္တီပါပွ နိုင်ငံခြားဖိနပ်ကြားမှာပင် သိမ်ငယ် မှိန်ဝါးသွားလေသည်။ ကျွန်တော်တို့ မိသားစုသည် ဈိုင်းကစိတ်ပြီး အစကျဉ်းသော ကျည်တောက်ထဲမှာ အသားတုံးထည့်ကျွေးသည်ကို စားရသော ခွေးလို အစားရအနေရ ခက်နေသည်။

ထမင်းဝိုင်းအပြီးမှာတည်ခင်းသော အချိုပွဲကို ဖြောင့်အောင် မစားနိုင်ဘဲ မခင်မြ ဖင်တကြွကြွဖြစ်နေသည်။ သားကတော့ မသက်မွှန်၏ ကလေးများထုတ်ပေးသော နိုင်ငံခြားဖြစ် ကစားစရာတွေကို ခပ်ကြမ်းကြမ်း ကွန်းထိုးနေ၏။ အိမ်ရှင်ကလေးများ မျက်နှာပျက်နေသည်ကို မခင်မြက အကောင်းပါးစွာသိမြင်ပြီး ထတားရအခက် မျက်စိပိတ်ပြုရအခက် ဖြစ်နေသည်။

www.burmeseclassic.com



ကျွန်တော့်ကို မသိသေးသော နှစ်ခါသုံးခါ တွေ့ကြုံသဖြင့် နှုတ်ဆက်စကားကိုဆိုပြီး နေရာမှ ထရ၏။

'နောက်ဆို ရန်ကုန်ရောက်တိုင်းဝင်ပါနော်၊ မသက်တို့က ကိုသန်းအောင်နဲ့ မောင်နှမတွေလိုပဲ ခင်မင်ခဲ့ကြတာ'

'ဟုတ်ကဲ့ရှင်၊ ကျွန်မတို့ဆီလဲ လာလည်ပါ'

ကျွန်တော်တို့ကို အိမ်အရောက် ဒရိုင်ဘာကို လိုက်ပို့ခိုင်း၏။ လမ်းဆုံးသောနေရာမှ အိမ်မှာအလိုထားသော မာဇဒါ ဂျစ်ဖြင့် လိုက်ပို့သည်ကိုပင် ကိုဘအေးတို့အိမ်မှ ကလေးများက မောလောပါးလာဖြင့် ပျော်ရွှင်စွာ ဆီးကြိုဂုဏ်ယူကြလေ၏။

\+ \+ \+

ရထားသည် တရွေ့ရွေ့ ဘီးလိမ့်စပြီ၏။

ကျွန်တော်တို့သည် မြို့တော် ရန်ကုန်ကြီးကို ကျောခိုင်း၍ ပြန်လည်ထွက်ခွာခဲ့ပါပြီ။

'ကျွန်မတော့ ဒီနေ့မှပဲ စိတ်ထဲမှာ ပေါ့ပါးသွားတယ် အစ်ကိုရယ်၊ ရန်ကုန်မှာ သွားရ လာရ စားရ ခက်ခဲရတာ စိတ်ကျဉ်းကျပ်လှတယ်'

မခင်မြက သူ စိတ်ထားရသည့်အတိုင်း ပြော၏။ ကျွန်တော်တို့မှာ ငွေလည်းကုန်ခဲ့ပြီ။ ရန်ကုန်မြို့ကြီးကား သူ နေမြဲအတိုင်း စည်ကားရှုပ်ထွေးလျက်၊ လှုပ်ရှားသွားလာလျက် ကျန်ရစ်ခဲ့ပြီ။ ကျွန်တော်တို့လည်းနေမြဲအတိုင်း ကိုယ့်အရပ် ကိုယ့်ဒေသမှာ ရှိသမျှနှင့် ရောင့်ရဲကာ နေကြရဦးမည်။

'ဦးလေး ဦးဘအေးတို့အိမ်မှာနေရတာ သမီးတို့တောမှာ နေရသလိုပါပဲနော်၊ ဟိုအန်တီတို့အိမ်ကမှ တကယ့် ရန်ကုန်ဆန်တယ်နော်၊ ဟုတ်လား ဖေဖေ'

သမီး၏ အတွေးကို ကျွန်တော် မည်သို့ ဖြေရမည်နည်း။

www.burmeseclassic.com



အစတော်ပေါင်းပုံမှာ ရှုနေသော လူတွေ၊ ဗိုလ်ချုပ်ဈေး သင်္ဘောတန်းမှာ လမ်းသလားနေသူတွေ၊ ဆင်ခြေဖုံးမှ ဘတ်စ်ကားနှင့်ရုံးတက်သူ၊ အင်းလျားကန်စောင်းမှာ တင်းနစ်ကွင်းနှင့် နေသူ၊ သူတို့အားလုံးသည် မြို့ပြအဆိပ်မှာ နစ်လျှံနေကြ၏။

ဘယ်နေရာသည် ရန်ကုန်ဖြစ်ပါသနည်း။

[မိုးဝေမဂ္ဂဇင်း၊ အမှတ် ၁၉၄ ။ ။ မတ်၊ ၁၉၈၄]

www.burmeseclassic.com

## ကျေးဇူးတင်ပါရစေ

သဲသဲ၏ မျက်နှာအမူအရာ ပြောင်းသွားပုံက အံ့သြစရာကောင်းလှသည်။ ဘယ်လိုဘယ်ပုံ ပြောင်းသွားသည်ဆိုတာကို အညို မပြောပြတတ်။ ကြည်လင်နေရာမှ ရုတ်တရက် ညှိုးကျသွားခြင်း၊ အထိတ်တလန့်ဖြစ်သွားခြင်း၊ ဝမ်းနည်းပူဆွေးသွားခြင်း၊ အညိုကို တောင်းပန်တိုးလျှိုးခြင်း စသည်ဖြင့်ဖြစ်ပေါ်လာသည့် အရိပ်အယောင်တွေက များပြားလှသည်။ အညိုလည်း အကုန်အစင် နားလည်နိုင်စွမ်းမရှိ။ ဘာကြောင့် ထိုသို့ဖြစ်ရသည်ကိုလည်း အညို မတွေးတတ်တော့။ သို့သော် အညို့စိတ်ထဲမှာလည်း အတော်လေး အောင့်သက်သက်ဖြစ်ရသည်ကတော့ အမှန်ပင်။ မခံချိမခံသာနှင့် ဝမ်းလည်း ဝမ်းနည်းမိသည်။

သဲသဲနှင့်အတူ သဲသဲတို့ အိမ်ပေါ်ထပ်ကို လိုက်ခဲ့မည်ဆိုတာနှင့် သည်သို့ ဖြစ်ရသတဲ့လားကွယ်။ သဲသဲနှင့် အညိုသည် ငါးနှစ်ခြောက်နှစ်ကတည်းက အတူတူကစားဖော် ကစားဖက်ဖြစ်ခဲ့၏။ ယခု ဆယ်ကျော်သက် စိတ်လှုပ်ရှားစအရွယ်မှာ ပို၍ပင် ခင်မင်တွယ်တာကာ တစ်ယောက်မျက်နှာ တစ်ယောက် တစ်နေ့မမြင်ရလျှင် မနေနိုင်အောင် ဖြစ်ကြရသည်။ အညိုတို့

www.burmeseclassic.com



မိဘများသည် လက်ဖက်စို လက်ဖက်ခြောက် ကုန်သည်များအဖြစ် တောင်ငူမြို့ပေါ်မှာ ထင်ရှားသလို သဲသဲ၏ အဖေကလည်း မိရိုးဖလာ လက်သမားဆရာကြီးတစ်ယောက်အဖြစ် ရှောင်ရှောင်လည်လည်ရှိသည်။ မြို့ချင်းကပ်ကာ နေထိုင်ခဲ့ကြပြီး နှစ်အိမ်တစ်အိမ်လို ကူးလူးဆက်ဆံခဲ့ကြ၏။

အညိုတို့က စျေးမှာပွဲရုံဖွင့်ထားသဖြင့် အိမ်က လူနေရုံသက်သက်ကျယ်ကျယ်ဝန်းဝန်းရှိ၏။ ထို့ကြောင့်လည်း များသောအားဖြင့်တော့ ခြံကျယ်သော သဲသဲတို့အိမ်နောက်မှာ ကစားချင် ကစားသည်၊ သို့မဟုတ် အိမ်ထဲမှာ အေးအေးဆေးဆေး နေကြမည်ဆိုလျှင် အညိုတို့အိမ် အပေါ်ထပ်မှာ စကားပြောကြ စာဖတ်ကြသည်။ အညို၏ ခုတင်ပေါ်မှာ နှစ်ယောက်အိပ်ရင်း ဓာတ်စက်ဖွင့် နားထောင်သည့်အခါ ထောင်သည်။ များသောအားဖြင့် သဲသဲသည် အညိုတို့အိမ်မှာပင် ထမင်းစားသည်။ အညိုကလည်း သဲသဲနှင့် စားရမှ ထမင်းစားဝင်သည်။

သည်းမျှ ရင်းနှီးခင်မင်သူများ ဖြစ်ပါလျက် သည်နေ့ သဲသဲ၏ အပြုအမူကို အညို နားမလည်နိုင်ပေ။ သဲသဲသည် အညို့အပေါ် ခင်မင်သည်မှာ သံသယဖြစ်စရာ မရှိသော်လည်း သဲသဲ၏ လျှို့ဝှက်သိပ်သည်းသော စိတ်ကို ယခုမှပင် အညို သတိပြုမိတော့သည်။ သဲသဲ၏ မျက်လုံးများသည် တစ်စုံတစ်ရာကို ဖုံးကွယ်ထားမှန်း သိသာလာသည်။ အညိုကတော့ သဲသဲအပေါ်မှာ အမြဲပဲ ပွင့်လင်းခဲ့သည်။ ဘာကိုမျှ ထိန်ချန်ထားခြင်းမရှိ။ ညီအစ်မအရင်းသဖွယ် အားလုံးကို ဖွင့်ဟ တိုင်ပင်ခဲ့သည်။ ဥပမာဆိုရလျှင် အညိုနှင့် ခင်မင်ရသော ကိုကိုစိုးအကြောင်း သဲသဲ မသိချင်မှအဆုံး။ အစ်ကိုစိုး မိဘများက ဆင်းရဲသည်မို့ အညို့ ဖေဖေ မေမေတို့ မသိအောင် စာချင်းဆက်သွယ်ရသည့်အကြောင်း။ အစ်ကိုစိုးနှင့်သူ ကျောင်းသွား ကျောင်းပြန် လမ်းထိပ်မှာဆုံကြသည့်အကြောင်း ကဲ အညို့ဘက်က ဘယ်လောက် ပွင့်လင်းသလဲ။

www.burmeseclassic.com



သဲသဲက စကားနည်းလှသည်။ အထူးသဖြင့် သူ့အကြောင်းကို ဘာမျှ ဖွင့်ဟပြောခြင်း မရှိ။ သဲသဲနှင့် အညိုက ကျောင်းချင်းမတူ၊ ထို့ကြောင့် သဲသဲအကြောင်းကို အညိုမသိ။ သဲသဲကလည်း ပြောမပြပေ။ ပြောမပြသည်က ထားပါတော့။ သည်နေ့လို တမင်ကလာ ဖုံးကွယ်ထားဆီးခြင်းကတော့ အဖြစ်သည်းလွန်းလှသည်။ တကယ်တော့ အညိုက ဘာကိုပဲ သိရ သိရ ဘယ်သူ့ကို ပြန်ပြောမှာမို့လဲ။ အညို့အပေါ် သည်လောက်တောင် လျှို့ဝှက်မနေသင့်ပေ။

သည်ညနေ သဲသဲနှင့် စကားပြောရန် အညိုတစ်ဘက်ခြံသို့ မကူးတော့။ ညနေထမင်းစားပြီးချိန်တိုင်း နှစ်ယောက်အတူ ထိုင်နေကြ သဲသဲတို့ အိမ်ရှေ့က တဲခပင်ရိပ်ကိုလည်း လှမ်းမကြည့်မိအောင် သတိထားနေသည်။ နတင်ပေါ်မှာ အိပ်ပြီး ခေါင်းကို ခေါင်းအုံးထဲမြှုပ်ထားမိပြန်သည်။ သဲသဲရောက်လာပြီး သူ့ကိုများ ချော့လေမလား။

သူကသာ တစ်ယောက်တည်း ယောက်ယက်ခတ်နေသည်။ သဲသဲက သူ့ဆီ ရောက်မလာခဲ့ပါ။ နေနိုင်လိုက်တာနော်။ အညိုသည် ဝမ်းနည်းဒေါသဖြင့် မျက်ရည်ကျမိပြန်သည်။ မောင်နှမရင်းချာမရှိသော အညိုသည် သဲသဲကို အလွန်ပဲ တွယ်တာနေမိကြောင်း သတိထားမိရပြန်သည်။ မေမေ မေမေတို့က စီးပွားရေးလုပ်ငန်းကာ ဈေးမှာ အချိန်ကုန်သည်က များသည်။ အညိုသည် အိုးမကျွာ အိမ်မကျွာ အလုပ်လုပ်နေသော သဲသဲတို့အပေါ်က ကူညီကြည့်ရှုမှုဖြင့် ကြီးပြင်းခဲ့ရသည်။ သဲသဲမှာ အစ်ကိုတွေရှိသော်လည်း အိမ်ထောင်ကျကုန်ပြီ။ သဲသဲသည် အိမ်မှုကိစ္စကိုလည်း အညိုထက်ပို၍ လုပ်တတ်ကိုင်တတ်သဖြင့် အညိုတို့အိမ်မှာ လုပ်စရာရှိလည်း ဝိုင်းကူလုပ်ပေးသွားတတ်သည်။ အညိုတို့အိမ်တွင် သဲသဲရောက်ဖူးသည့်နေရာ မထိမကိုင်ဖူးသည့်အရာဟူ၍ မရှိ။

သည်နေ့မနက်မှာ အညိုသည် သဲသဲတို့ အိမ်နောက်ဘက်ခြံဝင်းထဲက သရက်ပင်ရိပ်မှာ ထိုင်နေခဲ့သည်။ ထို့နောက် သဲသဲ ရေခပ် အဝတ်လျှော်

www.burmeseclassic.com



သည်ကို ထိုင်ကြည့်နေသည်။ သဲသဲ၏ အမေသည် ချဉ်ပေါင်နှင့် မှိုစက်ကို ရေတည်ချက်ပြီး ငါးပိကို အနံ့တထောင်းထောင်းထအောင် ကင်လျက် ရှိသည်။ အညိုက သဲသဲတို့အိမ်က ဟင်းတစ်မျက်ကို တောင်းပြီး အညိုတို့ အိမ်ဘက်မှာ ထမင်းသွားစားမည်ဟု စိတ်ကူးသည်။ အညိုတို့အိမ်က အခေါ်ကြီးမှာ အသားငါးကိုသာအကိုင်များလျက် မွှယ်မွှယ်ရာရာ ချက်လေ့ မရှိ။ အညိုက သဲသဲတို့အိမ်က ဟင်းကို ကြိုက်သည်။ သဲသဲက အညိုတို့ အိမ်က အသားဟင်းဆီပြန်ကို မက်တွင်းတွေ့သည်။

သဲသဲတို့အမေ သည်နှစ် အလုပ်သိပ်မလုပ်ရပေ။ ကျန်းမာရေး ချို့တဲ့ကာ လူကလည်း ပိန်ချုံးလျက်ရှိသည်။ အညိုသည် လွယ်အိတ်အသစ် ကျောင်းလုံချည်အသစ် မဝယ်ဘဲ ကျောင်းဆက်တက်နေသော သဲသဲအဖြစ်ကို ရိပ်မိ၏။ သူ ဘယ်လိုကူညီရမလဲဟု အမြဲစဉ်းစားနေခဲ့သည်။

'ငါ တစ်ဆက်တည်း ရေချိုးလိုက်တော့မယ်ဟယ်၊ နင်ပြန်နှင့် ငါ ဟင်းယူပြီး လိုက်ခဲ့မယ်'

သဲသဲက ထဘီရင်ရှားဖြင့် ရေငင်ရင်းလှမ်းပြောသည်။

ကျောင်းပိတ်ရက်ဖြစ်သဖြင့် သဲသဲသည် အိမ်အလုပ်တွေကို တရစပ် ကူလုပ်လျက်ရှိ၏။ အညိုက သဲသဲလောက် တာဝန်မရှိပေ။ သဲသဲကိုသာ စိတ်ရှည်ရှည်ဖြင့် စောင့်နေသည်။ သဲသဲ အလုပ်တွေပြီးလျှင် ထမင်း အတူတူ စားကြမည်။ နေ့လယ်မှာ စာဖတ်ချင် ဖတ်ကြမည်။ သို့မဟုတ် သီချင်းမှုံ့ နားထောင်မည်။ တရေးတမော အိပ်မည်။ ညနေကျတော့ စာအတူတူကျက်ကြမည်။ ကျောင်းချင်းမတူသော်လည်း အချဉ်ထုပ်စားရင်း ကိုယ့်စာကိုယ် ကျက်နိုင်သည်။ ညကျတော့ အိပ်ရာမဝင်ခင် အိမ်ရှေ့က တခံပင်ရိပ်မှာ စကားထိုင်ရင်း ရောက်တတ်ရာရာစကားတွေပြောကြမည်။ များသောအားဖြင့် အညိုက အပြောသမား၊ သဲသဲက နားထောင်သမား။

'ငါ ရေချိုးပြီးပါပြီဟဲ့၊ နင်နဲ့မှ အတူတူပြန်မယ်'

www.burmeseclassic.com



အညိုသည် သဲသဲကို ထိုင်စောင့်နေ၏။ သဲသဲက ရေချိုးပြီး သနပ်ခါးလိမ်း အင်္ကျီလဲရန် အိမ်ပေါ်ထပ်သို့ တက်မည်ပြုသည်။ သဲသဲတို့ အိမ်အောက်ထပ်တွင် လက်သမားကိရိယာများ၊ သစ်တိုသစ်စများဖြင့် ပြည့်နေတတ်သည်။ အောက်ထပ်တွင် နေစရာမရှိပေ။ သဲသဲတို့ဘက်မှာ နေလျှင် ခြံထဲမှာသာ အနေများသည်။ အိမ်ပေါ်ထပ်သို့လည်း တက်ခဲ၏။ ယခုတော့ အညိုက သဲသဲ သနပ်ခါးလိမ်းတာကို စောင့်ရင်း အိမ်ပေါ်ထပ်မှာ လိုက်နေမည် စိတ်ကူး၏။

"နင် နေခဲ့လေ၊ ငါ မကြာပါဘူး၊ အမေ့ဆီမှာ ဟင်းခပ်ထားနှင့်"

သဲသဲက လှေကားရင်းနားမှာရပ်ရင်း လှမ်းပြောသည်။

"ပြီးမှ တစ်ခါတည်းယူတာပေါ့၊ ငါ နင်နဲ့လိုက်ခဲ့မယ်"

ယခုအချိန်အထိ အညို့စိတ်ထဲမှာ မမှတ်မထင်ပင် ရှိသေးသည်။ အညိုသည်လည်း သဲသဲတို့အိမ်ပေါ်ထပ်ကို ရောက်ဖူးတာပေါ့။ အညို အိပ်ခန်းလို သဲသဲအိပ်ခန်းသည် လှလှပပမရှိ။ သို့သော် တစ်ယောက်နှင့် တစ်ယောက် သည်အကြောင်းတွေက အဓိက မဟုတ်တော့။

သဲသဲသည် လှေကားမှာ မသိမသာ ပိတ်ရပ်ထားသည်။

"အောက်ကပဲစောင့်နေပါဟာ၊ ငါ အခုပဲ ဆင်းလာခဲ့ပါ့မယ်"

"ဖျင်းတယ်ဟယ်၊ နင့်အာသာနင် လုပ်ပါ၊ ငါ ဘေးမှာ ထိုင်နေပါ့မယ်"

အိမ်မှာ အညို သနပ်ခါးလိမ်းလျှင်လည်း သဲသဲသည် အနားက ထိုင်ပြီး စောင့်နေတတ်သည် မဟုတ်ပါလား။ တစ်ခါတစ်ရံ အညို ဝတ်ချင်သည့်အင်္ကျီ ကြယ်သီးပြုတ်နေလျှင် အပ်နှင့်အပ်ချည်ယူကာ ကူတပ် ပေးတတ်သည်။

"မနက်ကတည်းက အိပ်ရာတွေမသိမ်းရသေးလို့ အပေါ်မှာ ပွနေတာပဲ၊ နင် အောက်ဖေးမှာနေပါ၊ ခဏလေး ခဏလေး"

www.burmeseclassic.com



သဲသဲ အမူအရာအနည်းငယ် ဖျက်စပြုလာသည်။ အညိုလည်း အနည်းငယ် အမ်းတမ်းတမ်း ဖြစ်လာသည်။ သဲသဲက အညိုတက်မည့်လမ်းကို ဘာကြောင့် ပိတ်ရပ်နေရသလဲ၊ အညိုသိသလောက် ယခုတလော သဲသဲတို့ အဖေသည် အပေါ်ထပ်မှာ အိပ်နေသည်ကများသည်။ သို့သော် ယခု အိမ်မှာမရှိ။ အပြင်ထွက်သွားတာ မြင်လိုက်သည်။ ရှိတော့ကော ဘာဖြစ်သလဲ။

"ဘာဖြစ်နေတာလဲဟဲ့၊ ငါ နင့်နဲ့ စကားပြောရင်း စောင့်ချင်လို့ပါ"

အညိုပြောရင်း စိတ်လည်း နည်းနည်းတိုလာသည်။ သဲသဲသည် ပို၍ပင် မျက်နှာပျက်လာသည်။

"အောက်မှာပဲစောင့်နေပါ အညိုရယ်၊ အိမ်ပေါ်မှာ မြင်မကောင်း အောင် ရှုပ်ပွနေလို့ပါ၊ တကယ်ပါ"

သဲသဲ၏ ပုံက မမြင်သင့် မမြင်အပ်တာကို မြင်တွေ့သွားမှာ စိုးရိမ်နေသည့် ပုံမျိုး ဖြစ်နေသည်။

"ရှုပ်ပွတော့ကော ဘာဖြစ်လဲဟဲ့၊ ငါက တစိမ်းမှမဟုတ်တာ၊ ရှုပ်နေရင် ငါတောင်ကူရှင်းပေးရဦးမယ်"

"နေပါစေ အညိုရယ်၊ အောက်ကပဲစောင့်နေနော်"

သဲသဲသည် စိုးရိမ်တကြီးပင် တားဆီးပိတ်ပင်နေလေပြီ။

"ဘာဖြစ်နေတာလဲ သဲသဲရယ်၊ နင်တို့အိမ်ပေါ်မှာ ငါ မမြင်စေချင်၊ မသိစေချင်တာတွေ ရှိနေလို့လား"

သဲသဲ၏မျက်နှာ မည်းကာနဲ ဖြစ်သွားလေသည်။ ထိတ်လန့်တုန်လှုပ်လာပုံလည်း ရသည်။

"ငါ တောင်းပန်ပါတယ် အညိုရယ်၊ နင်ထင်သလို မဟုတ်ပါဘူး"

သဲသဲ အသံသည် ငိုသံ ပါလာသည်။ အညို့စိတ်မှာလည်း မခံချိမခံသာ ဖြစ်လာသည်။

www.burmeseclassic.com



သဲသဲနှင့် သူ့ကြားမှာ ဘာများ လျှို့ဝှက်ဖုံးကွယ်စရာ ရှိသလဲ။ ဖုံးကွယ်ထားသည် ဆိုလျှင်လည်း ထိုဖုံးကွယ်ထားသည့်အရာကို ဝို၍မြင်သိချင်လာမိသည်။

'ဒါဖြင့်လဲ ငါ လာပါရစေ၊ ငါတို့အိမ်ဆို နင် ဝင်ချင်သလိုဝင် ထွက်ချင်သလို ထွက်နေရတာပဲ မဟုတ်လား၊ နင်က ဖြစ်နေလိုက်တာ၊ နင်တို့အိမ်ပေါ်လေးမှ မတက်စေချင်ဘူးဆိုရင် နောက် ငါမလာတော့ဘူး'

သည်သို့ပြောလျှင် သဲသဲက ချော့မော့လိမ့်မည်ဟု ထင်သည်။ အညိုကလည်း သိချင်စိတ်က ပြင်းပြနေပြီ။ သဲသဲ ဘာကြောင့် သည်လို ဖြစ်နေရသလဲ။

'ငါ တောင်းပန်ပါတယ် အညိုရယ်၊ ဒီတစ်ခါတည်းပါ၊ နောက်နေ့ကျ နင်ကြိုက်သလောက်နေ'

'နင်က ငါ့အပေါ် တော်တော်လျှို့ဝှက်တာပဲနော်၊ ပွင့်လင်းမှုမရှိဘူး'

သဲသဲဘာမျှ မပြောတော့။ စိုးရိမ်သည့်မျက်နှာ၊ ဝေခွဲမရဖြစ်နေသည့် အမူအရာလေးဖြင့် နေရာကလည်း မဖယ်တဲ့ ပေ၍ ရပ်နေလေသည်။

သည်အချိန်မှာ သဲသဲတို့အမေက နောက်ဖေးက ရောက်လာသည်။ အညိုတို့ အချေအတင်ပြောနေသည်ကိုလည်း ကြားသွားပုံရသည်။

'အညို လာလေ သမီး၊ အပေါ် ဟင်းခပ်ထားတယ်'

သဲသဲ၏ အမေကလည်း သဲသဲ၏ အစက်အဆဲကို ဝင်ရောက်ဖြေရှင်းပေးပုံရ၏။

အညို့စိတ်ထဲမှာ ဒေါသလည်း ဖြစ်လာသည်။

'သဲသဲက အညို့ကို အိမ်ပေါ်မတက်ရဘူးတဲ့ ဒေါ်ဒေါ်၊ အညို ပြန်တော့မယ်'

အညိုသည် ငယ်ရွယ်သူပီပီ သူလုပ်ချင်တာကိုသာ သိလျက် တမင်စိတ်ဆိုးကြောင်းကို သိစေကာ သဲသဲတို့ အိမ်ထဲမှ ခြေဆောင့်၍ ထွက်ခဲ့လေသည်။

www.burmeseclassic.com



ယခုလို ညနေစောင်းလျှင် သဲသဲနှင့်အတူ စာအတူကျက်နေကျ၊ ယနေ့ ဖြစ်ပျက်ခဲ့ရသည့် အကြောင်းလေးကြောင့် အညို အိမ်အောက် မဆင်းတော့၊ သဲသဲကသာ သူ့ဆီရောက်လာမလားဟု မျှော်လင့်နေဆဲ၊ အညိုတစ်ယောက်တည်း အိပ်ရာထက်မှာ လူးလူးလိမ့်လိမ့်ဖြစ်နေသည်။ သဲသဲ မပေါ်လာ။

'သမီး ထမင်းမစားသေးဘူးလား၊ သဲသဲ မလာပါလား၊ သူ့အမေ နေမကောင်းဘူးထင်တယ်'

အညို ဘာမျှ ပြန်မပြောမိ။ သူချစ်သော သူငယ်ချင်းအပေါ် မေမေ တို့က ငြိုငြင်မှာတော့လည်း စိုးရိမ်သည်။ တကယ်တော့ အညိုက သဲသဲ အပေါ် အမြဲတမ်း ပေးကမ်းရက်ရောမှုဖြင့် ပေါင်းခဲ့ရသည်ပဲ။ တစ်ခါတစ်ရံ အမေကပင် တားယူရသည် မဟုတ်လား။

အညို ထမင်းစားရင်းလည်း သဲသဲ အကြောင်းတွေး၏။ သဲသဲ တို့သည် ကုန်သည်ပွဲစားအလုပ်လည်း လုပ်သည်မဟုတ်၍ ဥပဒေနှင့် မလွတ်ကင်းသော အရာမျိုးကိုလည်း အိမ်ပေါ်မှာ သိမ်းဆည်းထားမည် မဟုတ်၊ သဲသဲ ဘာဖြစ်ရလေသနည်း။

ညကလည်း အညို အိပ်မပျော်။ အလွန်ချစ်သော သူငယ်ချင်း တစ်ယောက်ကို ဆုံးရှုံးရလေပြီဟု တွေးမိကာ စိတ်မကောင်းဖြစ်ပေ။ တကယ်တော့ အညိုသည် သူတစ်ပါး၏ လူမသိစေချင်သော အရာများ ရှိတတ်သည်ကို နားမလည်နိုင်ခဲ့သေးပေ။

\+ + +

နောက်ပိုင်းမှာတော့ အညိုလည်း သဲသဲတို့အိမ်ဘက် အဝင်အထွက်နည်းသွား သည်။ သဲသဲကမူ အညို့ဆီ မလာတော့သလောက်ပင်။ အညို့ကိုတွေ့တိုင်း ဝမ်းနည်းအားငယ်သော မျက်လုံးများ၊ တောင်းပန်သော အကြည့်များဖြင့်သာ

www.burmeseclassic.com



မဝံ့မရဲရင်ဆိုင်တတ်သည်။ သူ့အမေလည်း အလုပ်လုပ်တာ ကောင်းကောင်း မတွေ့၊ သဲသဲ အမေသည် အညိုတို့ပွဲရုံမှ လက်ဖက်ခြောက်လေးများနှင့် အခြား ကုန်ပစ္စည်းလေးများဝယ်ကာ ဈေးဆိုင်လေးဖွင့်ရောင်းသည်ကို တွေ့ရသည်။ အညို ဆယ်တန်းအောင်သည့်နှစ် သဲသဲ စာမေးပွဲကျသည်။ သဲသဲသည် ကျောင်းဆက်မတက်ဘဲ သူ့အမေကို ဈေးကူရောင်း၏။ သူ့ အမေကတော့ အိမ်ပြင်မထွက်သလောက် ဖြစ်လာသည်။

အညိုသည် သဲသဲကို သနားစိတ်ရင်းရှိသည်မို့ ကျောင်းစာအုပ်လေးများ ကူညီသည်။ သို့သော် သဲသဲသည် ယခင်ကလို အညို့ထံမှ လက်ဆောင်ကလေးများကို ပေးတိုင်းမယူတော့ပေ။ သဲသဲမှာ မာနအစလေး ရှိသည်ဟု အညိုယူဆပြီး နောက်လည်း မပေးဖြစ်တော့။

တစ်နေ့မှာ အညို့အမေနှင့် စကားပြောနေသော သဲသဲတို့အမေ အသံကိုကြားရ၍ နားစွင့်မိသည်။

'သူ့လဲ အားကိုးလို့မရတော့ ကျွန်မဘာသာပဲ ကြံဖန်ရတာပဲ မမရယ်၊ သမီးလေးကလည်း အပျိုလေးဆိုတော့ ရှက်ရှာတယ်၊ ဒီငွေကိုတော့ လကုန်ရင် ဆပ်နိုင်အောင် ဆပ်ပါ့မယ်'

သဲသဲတို့အမေက အညို့ အမေထံမှ ငွေချေးနေခြင်းဟု နားလည်လိုက်သည်။

'ကိုသိန်းအောင်က အလုပ်မလုပ်တော့ ညည်းတစ်ယောက်တည်း လုံးချာလိုက်နေမှာပေါ့အေ၊ ပြန်မဆပ်နိုင်မယ့် အတူတူ ယူသာထားလိုက်တော့၊ ညည်းယောကျ်ားကို နားချပါဦးလား'

'သူ့တော့ ပြောမရတော့ပါဘူး အစ်မရယ်၊ ဘဝက ဆုံးနေပါပြီ'

'အင်း ခက်လိုက်တာ၊ အစကဆို တစ်ရပ်ကွက်လုံး အိမ်တိုင်း သူ့လက်ရာနဲ့ ကင်းတာမဟုတ်ဘူး၊ ခုတော့ လူညွန့်တုံးတာပဲ'

သဲသဲတို့အမေ ပြန်သွားတော့ အညိုက မေမေ့ကို ဖွင့်မေးမည် စိတ်ကူးသည်။ သို့သော် စီးပွားရေးကျဆင်းလို့ဖြစ်မှာပဲ၊ သဲသဲကလည်း

www.burmeseclassic.com



သူတို့ ငွေချေးရတာကို အညို သိစေချင်မည် မဟုတ်ဟု တွေးမိကာ မမေး ဖြစ်တော့။ အညိုတို့အမေ ရောဂါတစ်ခုကြောင့် အလုပ်မလုပ်နိုင်တာပဲဟု ထင်မိလေသည်။

\+ \+ \+

အညို ရန်ကုန်တက္ကသိုလ်တက်ရန် ပြင်ဆင်နေဆဲမှာပင် သဲသဲတို့အဖေ ဆုံးသွားကြောင်း သိရသည်။ အညိုက အောင်မြင်နေချိန် သဲသဲမှာ အဘက်ဘက်က ဆုံးရှုံးရရှာသည်ဟု အညို ယူကျုံးမရ ဖြစ်မိလေသည်။ တစ်ချိန်က ဘာမဟုတ်သည့် အကြောင်းလေးတစ်ခုကြောင့် ရင်းနှီးချစ်ခင်မှုလေး ယုတ်လျော့သွားခဲ့ခြင်းကိုလည်း တွေးကာ စိတ်မကောင်းဖြစ်မိသည်။

အညိုသည် သဲသဲရှိရာ ပြေးလာခဲ့၏။ သဲသဲသည် အညိုကို အချိန်အတန်ကြာ စိုက်ကြည့်နေပြီးနောက် အညိုကိုဖက်ကာ အားပါးတရငိုချလိုက်လေသည်။ အညိုကလည်း သဲသဲကို ကြင်နာစွာ ပြန်ဖက်ထားမိသည်။ အလွန်ချစ်ခဲ့ကြသော သူငယ်ချင်းနှစ်ယောက် ဝေးကွာနေခဲ့ရာမှ ယခု ပြန်လည်ဆုံဆည်းရသလို ဖြစ်နေတော့သည်။ သဲသဲသည် သူ့အဖေ၏ အလောင်းဆောင်သို့ အညို့ကို ခေါ်သွား၏။ သဲသဲအဖေ၏ ရုပ်သည်လည်း အလွန်ပင် ကျဆင်းပိန်ချုံးနေလေသည်။

အသုဘအိမ်သည် သိပ်ပြီးတော့ စည်စည်ကားကားမရှိလှ။ အညိုက သဲသဲဘေးမှာ တစ်ချိန်လုံး အားပေးနေမည်ဟု စိတ်ကူးသည်။ သို့သော် သဲသဲသည် သူ့ဘာသာ ရင့်ကျက်စွာနေလာသည်မှာ ကြာပြီပဲ၊ သူ့အဖေ မမာသည့် နောက်ပိုင်း သဲသဲတို့ သားအမိ ရုန်းကန်နေရသည့် ဘဝကို အညို နားလည်သည်။

“အညို ဘာလုပ်ပေးရမလဲ သဲသဲရယ်၊ အညို တတ်နိုင်တာဆိုရင် ပြောပါနော်”

www.burmeseclassic.com



'ကိစ္စမရှိပါဘူး သူငယ်ချင်းရယ်၊ မင်းတို့အိမ်က ကိုယ်တို့မိသားစုအပေါ် ကူညီခဲ့တာတွေများပါပြီ၊ လာကွယ်၊ ကိုယ်တို့အိမ်ပေါ်မှာ အေးအေးဆေးဆေး စကားပြောရအောင်'

သဲသဲက အညိုကို သူတို့အိမ်ပေါ်ထပ်သို့ ဖိတ်ခေါ်နေသည်။ အညိုသည် ရှက်အမ်းအမ်းဖြစ်နေလေသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က အဖြစ်အပျက်ကိုလည်း သတိရနေသည်။ သူငယ်ချင်းအပေါ် အစွန်းထွက်ချစ်ခင်မှုဖြင့် ခင်မင်ခဲ့ပြီး သူ့အိမ်ပေါ် တက်ခွင့်မရတာလေးနှင့် စိတ်ကောက်ခဲ့မှုသည်။ သည်းအကြောင်းကို သဲသဲက ဆယ်နေသည်လား မသိ။ အညိုအားတော့အားနာ ဖြစ်မိလေသည်။

'နေပါစေ၊ စည့်သည်တွေ စည့်ခံရအောင် ကိုယ် အောက်မှာပဲ နေပါ့မယ်'

အညိုက သဲသဲလက်ကို ဆုပ်ကိုင်ကာ ပြန်ပြောလိုက်ရသည်။

'လာပါကွာ၊ ကိုယ် အညိုကို ပြောစရာရှိလို့'

သဲသဲက အညိုလက်ကိုဆွဲကာ အိမ်ပေါ်သို့ခေါ်ခဲ့သည်။ အညိုသည် တုံ့ဆိုင်းအားနာစွာဖြင့် လိုက်တက်သွားရလေသည်။ သဲသဲတို့အိမ်ပေါ်ထပ်လေးသည် သပ်သပ်ရပ်ရပ်ပင် ရှိနေသည်။

'ဒါက အမေအိပ်သွားတဲ့နေရာလေ အညို'

သဲသဲက သူ့အမေအိပ်ရာကိုမှ အညို့ကို ဘာကြောင့်ပြရပါလိမ့်၊ လူမမာအိပ်ရာရှိထင်ရဲ့ အနံ့အသက်က စိမ်းရွှေရွှေနှင့် တစ်မျိုးကြီးဖြစ်နေသည်။

'အောက်ဆင်းရအောင် သဲသဲရယ်'

'နေပါဦးကွယ်၊ ကိုယ် မင်းကို သိပ်ပြောပြချင်လွန်းလို့ပါ၊ ကိုယ်လေ အရင်ကငယ်သေးတော့ မင်းပြောသလို သူငယ်ချင်းအပေါ် ပွင့်ပွင့်လင်းလင်း မပြောရဲခဲ့ဘူး၊ ကိုယ် သိပ်ရှက် သိပ်ကြောက်ခဲ့တယ်ကွယ်၊

www.burmeseclassic.com



တစ်ခါက မင်း အိမ်ပေါ်ကို လိုက်ချင်တယ်ပြောတော့ ကိုယ်သေမလောက် ရှက်ခဲ့ ကြောက်ခဲ့ရတယ်"

"ဘာမှမရှိပါဘူး သဲသဲရယ်၊ ကိုယ်က သိပ်ကလေးဆန်ခဲ့တယ်"

"ကိုယ်ကလဲ ကလေးဆန်ခဲ့တာပါပဲ၊ တကယ်တော့ ကိုယ့်အဖေ ဘိန်းစားကြီးဖြစ်နေတာ ကြာပြီ၊ အဖေ ဘိန်းစွဲပြီး အလုပ်လဲကောင်းကောင်း မလုပ်တော့ ကိုယ်တို့ စီးပွားရေးလဲကျခဲ့တာပေါ့၊ အမေက ဘယ်လိုပြောပြော မရဘူး၊ ကိုယ်ကတော့ ရှက်လွန်းလို့ ဘယ်သူ့မှ မပြောရဲဘူး၊ သိတဲ့သူတွေ သိကြတာပေါ့ကွာ၊ မင်းသာ မသိတာ၊ အဲဒီနေ့က အိမ်ပေါ်တက်လာရင် အဖေ ဘိန်းရှူနေတာ မြင်မှာပဲ၊ အဲဒါကို မင်း သိသွားမှာ ကိုယ်သိပ်ရှက်ခဲ့တယ်"

သည်တော့မှ အညိုသည် သဲသဲအဖေ အိပ်ရာပေါ်မှ ဘိန်းရှူသည့် ဟီရိယာတွေကို မြင်မိသည်။

"ကိုယ်က မင်းအဖေရှိမှန်းလဲ မသိခဲ့လို့"

"အင်းလေ ခုတော့ ဒါတွေလဲ ဖုံးကွယ်နေစရာ မလိုတော့ပါဘူး၊ မင်း စာမေးပွဲအောင်တာ ကိုယ် သိပ်ဝမ်းသာတယ်၊ မင်းဟာ အစစ အရာရာ ကံကောင်းပါတယ်၊ ကိုယ်တော့ အမေနဲ့အတူတူဆက်ရုန်းရဦးမယ်၊ အစ်ကိုတွေကလဲ မချောင်လည်ဘူးလေ၊ ဒီအိမ်ကိုလဲ ရောင်းရလိမ့်မယ် ထင်တယ်ကွယ်"

အညိုသည် တစ်ချိန်က သဲသဲတို့အဖေ ကျွန်းကျွန်းမာမာ သန်သန် စွမ်းစွမ်းနှင့် အလုပ်လုပ်ခဲ့သည်ကို မြင်ယောင်မိသည်။ ခုတော့ သူ့ဘဝကို သူသိမ်းသွားပြီ၊ ကျန်ရစ်သူတွေ၏ ဘဝလည်း ဖရိုဖရဲ ကျန်ရစ်ခဲ့ပြီ။

"သဲသဲရယ် မင်း ကြိုးစားပါ၊ အညိုတို့လဲတတ်နိုင်သမျှ ကူပါမယ်"

"အင်းလေ၊ ဒါပေမဲ့ ဘဝဆိုတာ ဆေားလှေတွေက ဘယ်လောက်ကူကူ ကာယကံရှင် ကိုယ်တိုင်ကအခြေခိုင်မှပါကွယ်"

www.burmeseclassic.com



အညိုသည် သူ့ဘဝအခြေမြဲခိုင်အောင် ကြိုးကြိုးစားစားအားထုတ်ပေးခဲ့သော ဖေဖေ၊ မေမေတို့ကို ကျေးဇူးတင်မိလေသည်။

\+ \+ \+

အစပထမကတော့ သည်အိမ်ကို ပြောင်းလာတာ မှားများ မှားလေပြီလားဟု အညို ထင်မိသည်။ အိမ်ထောင်ကျစ ကိုယ့်အိုးကိုယ့်အိမ်လေးနှင့် လွတ်လွတ်လပ်လပ် နေချင်လှသည်ကြောင့် လက်နိုင်ခြေနိုင် အဖျော့ အသင့်အတင့် ပေးရသော အိမ်ကလေးကို ငှားလိုက်မိသည်။ ရပ်ကွက်ထဲမှာ နေရသည် ဆိုသော်လည်း ဈေးနီး၊ ဘတ်စ်ကားဂိတ်နီးပြီး ရေလည်းကောင်းကောင်း ရသဖြင့် နေပျော်သည်။

အညိုရော အညို့ခင်ပွန်းပါ သိမ်ကြီးဈေးမှာ လက်ဖက်စုံရောင်းကြသည်။ ရန်ကုန်မြို့မှာလည်းနေရ၊ မိဘလက်ငုပ်လုပ်ငန်းကိုလည်း ဆက်ခံရင်း အခြေတကျဖြစ်ရန် ကြိုးစားနေကြရ၏။ နှစ်ယောက်လုံး ဈေးထွက်သဖြင့် နေ့လယ်ဘက်တွင် အိမ်ကိုသော့ခတ်ခဲ့ရသည်။ သို့သော် အခန်းချင်းကပ်လျက်က ကိုအောင်စိန်၊ မခင်မြတို့ လင်မယားမှာလည်း နှစ်ယောက်တည်းသမား အေးအေးဆေးဆေးမို့ စိတ်ချမ်းသာရလေသည်။

ကိုအောင်စိန်က ရုံးဝန်ထမ်းတစ်ယောက်။ ရာထူးကိုမသိသော်လည်း သူတို့လင်မယား စားလောက်ရုံရှိမည်ဟု ခန့်မှန်းရသည်။ ကိုအောင်စိန် ရုံးမှ ပြန်လာလျှင် မခင်မြက သနပ်ခါးအဖွေးသားနှင့် အသင့်စောင့်ကြိုနေတတ်သည်။

'ကိုအောင်ရေ၊ မြရေ'နှင့် သူတို့ လင်မယား၏ ချစ်ချစ်ခင်ခင် အသံလေးများကို ကြားရတိုင်း ကြည်နူးကြရ၏။

သို့သော် အညိုတို့ ကြာကြာ မကြည်နူးလိုက်ရ။ တစ်လနှစ်လ အကြာမှာပင် အထိတ်တလန့်ဖြစ်စရာတွေ ကြုံကြိုက်ရလေသည်။

www.burmeseclassic.com



အညိုနှင့် ခင်မွန်း ကိုစိုးတင့်တို့ ဈေးသိမ်းပြီးပြန်လာသည့်တစ်နေ့ တစ်ဘက်ခန်းမှ ဝုန်းခနဲပြိုလဲသံကြောင့် လန့်သွားမိ၏။ နောက်ဆက်တိုက် ဆူဆူညံညံ အသံတွေကို ကြားရတော့၏။

'အမယ်လေး၊ ကျွန်မကို သတ်နေပါပြီတော့ လာကြပါဦး'

မခင်မြ၏ ငယ်သံပါအောင် အော်လိုက်သံကြောင့် အညို ခြေဖျား လက်ဖျားတွေပင် အေးသွားတော့သည်။

'ကိုရေ လုပ်ပါဦး၊ မခင်မြ ဘာများဖြစ်နေသလဲ မသိဘူး'

'အေးကွ၊ သူတို့လင်မယား ခါတိုင်း ရန်ဖြစ်သံလဲ မကြားပါဘူး'

နောက်ထပ် ရိုက်သံနှက်သံတွေကိုပါ ကြားရပြန်တော့ ကိုစိုးတင့် လည်း မနေသာ၊ တစ်ဘက်ခန်းသို့ ကူးသွားရသည်။ သို့သော် တံခါးကို အတွင်းမှ ချက်ချထားသဖြင့် ဝင်၍မရပေ။

'နင်က ဘယ်သူ့အားကိုးလို့ အော်နေတာလဲ၊ ဟော့ ဘယ်ကောင်မှ ဂရုမစိုက်ဘူး၊ နင်အသုံးမကျလို့ရိုက်တာ ဘာဖြစ်လဲ၊ ရိုက်တယ်ဟယ်၊ ရိုက်တယ်'

ရန်ပွဲကား တော်တော်နှင့် အဆုံးမသတ်နိုင်။ မခင်မြက ငိုလိုက်၊ အော်လိုက်၊ ကိုအောင်စိန်က ဆဲလိုက် ရိုက်လိုက်။ ကြားရသည်မှာ စိတ်ဆင်းရဲစရာကောင်းလှသည်။ အံ့ဩစရာကောင်းသည်မှာ သူတို့ လင်မယား သည့်မျှအော်ကြီးဟစ်ကျယ် ထိတ်စရာ လန့်စရာ ရန်ဖြစ်နေကြ သည်ကို ရပ်ကွက်ထဲကလူတွေက ထ မကြည့်ကြ။ သူတို့အိမ်ထဲမှာ သူတို့ အေးအေးဆေးဆေး နေနိုင်ကြပါပေ၏။

အညိုမှာတော့ သူတို့ရန်ပွဲစဲသွားသည်အထိ ကြောက်ရွံ့တုန်လှုပ်ဆဲ၊ ရင်တွေ တလှပ်လှပ်ခုန်ဆဲ၊ မခင်မြတစ်ယောက် ဘယ်လိုများနေပါလိမ့်။ အညိုအမည်းစွဲနေပြီလား၊ မူးမေ့ပြီတော့များ လဲနေပြီလား၊ သွေးထွက်သံယို ဖြစ်နေရှာပြီလား၊ စဉ်းစားပြီး တစ်ညလုံး အိပ်မပျော်နိုင်ပေ။ များမကြာမီ ကိုအောင်စိန်၏ တခေါခေါဟောက်သံကို ကြားရတော့သည်။

www.burmeseclassic.com



နံနက်လင်းတော့ အညို တစ်ဘက်ခန်းကို နားစွင့်မိ၏။ ကိုအောင်စိန်သည် နောက်ဖေးကပြင်သို့ထွက်လာကာ ဟန်မပျက် မျက်နှာသစ်နေသည်ကို တွေ့ရသည်။ မခင်မြကလည်း ထုံးစံအတိုင်း ထမင်းဟင်းများချက်ကာ ရုံးအမီ ကျွေးမွေးနေတော့သည်။ သူတို့ကိုကြည့်ရတာ ဘာမှဖြစ်မထားသလို။

ညိုမှာတော့ ညကအိပ်ရေးပျက်သဖြင့် ဈေးပင်မထွက်နိုင်၊ ကိုစိုးတင့် တစ်ယောက်တည်း သွားနှင့်စေရသည်။ မခင်မြကို သတင်းမေးချင်တာလည်း ပါသည်။ ကိုအောင်စိန် လက်ဆွဲအိတ်ကလေးကိုင်ပြီး အိမ်မှထွက်သွားမှ မအောင့်နိုင် မအည်းနိုင် တစ်ဘက်ခန်းသို့ ကူးလာမိ၏။

‘ဟင် အစ်မ၊ ဈေးမထွက်ဘူးလား’

မခင်မြက ပြန်မေးနေလေသည်။

‘ဘယ်ထွက်နိုင်ပါ့မလဲအေ၊ မခင်မြတို့ ညက ဘာဖြစ်တာလဲ၊ မခင်မြ အော်သံကြားလို့ ဝင်ဖျန်မလို့ဟာ တံခါးပိတ်ထားတာနဲ့’

လင်မယားကြား မဝင်စကောင်းဟူသည်ကိုလည်း သတိမရနိုင်ဘဲ စေတနာဖြင့် မေးမိပြန်သည်။

‘အလကားပါ အစ်မရယ်၊ သူက မူးရင် ဒီလိုပဲလေ၊ လူကို ကြံဖန် အပြစ်ရှာတော့တာပဲ’

မခင်မြ ခပ်အေးအေးပြန်ပြောသည်။ မျက်နှာတော့ မကောင်း။

‘ဒီလိုပဲ ခဏ ခဏ မူးသလား မခင်မြရယ်၊ အစ်မဖြင့် ကြောက်လိုက်တာ မခင်မြကို ရိုက်နေသလားဟင်’

‘ရိုက်တယ် အစ်မရဲ့၊ ကျွန်မ ဝဋ်ကြွေးပါပဲ အစ်မရယ်၊ ခက်တာက သူက မနက်ကျတော့လဲအကောင်း၊ အစ်မ မြင်တဲ့အတိုင်းပဲလေ၊ မမူးတဲ့အခါဆို ကျွန်မအပေါ် သိပ်ကောင်းတာ’

‘ဟယ် ဒီလိုဆို ခဏ ခဏမူးနေရင် ဒုက္ခပေါ့၊ သူ စိတ်ကောင်းဝင်နေတဲ့အခါ မသောက်ဖို့ပြောပါလား ညီမရယ်’

www.burmeseclassic.com



"ပြောပါသော်ကော အစ်မရယ်၊ မရတော့ဘူးလေ၊ အပေါင်းအသင်းလေးနဲ့ရင် သောက်တာပါ၊ သောက်ရင်လဲ မမူးတဲ့အခါ မရှိဘူး၊ မူးပြန်ရင် ရန်ရှာပြန်ရော၊ နောက်နေ့ သူ့ကို ပြန်ပြောပြတော့ သူဘာမှ မမှတ်မိဘူးတဲ့"

အညိုလည်း ဘာမှ မပြောတတ်တော့။ သည်လိုနှင့် တစ်လကို သုံးလေးခါလောက် သူတို့ ရွာကြ ပွဲကြသံကို ခုက္ခခံကာ နားကြားနေရသည်။ စိတ်ညစ်လွန်း၍ အိမ်ပြောင်းရကောင်းမလားပင် စိတ်ကူး၏။ သို့သော် မခင်မြ ပြောသလိုပင် ကိုအောင်စိန်သည် မမူးလျှင် တော်တော်လေး ချစ်စရာကောင်းသည်။ ဘာမဆို တတ်နိုင်သမျှ ရိုင်းပင်းကူညီသည်။ မူးလာလျှင်တော့ အိမ်နီးပါးချင်းကိုပါ ဆောင်းမြောင်းပြောချင်ပြောနေတတ်သည်။ ကြာလာတော့လည်း ရပ်ကွက်ထဲက တခြားလူတွေကလိုပင် ရိုးသွားရသည်။ သူ မူးလာမှန်းသိလျှင် ကိုယ့်ဘာသာ တံခါးပိတ်ကာ အသံမကြားအောင် နားကိုပိတ်ပြီး အိပ်ရလေသည်။

ဆွေမျိုးမိတ်သင်္ဂဟများက ဝိုင်းဝန်းပြောကြသော်လည်း ကိုအောင်စိန် အရက်မပြတ်။ တဖြည်းဖြည်းနှင့် ရန်ဖြစ်သည့်ရက်လည်း စိပ်လာသည်။ အညို့မှာ မခင်မြဒုက္ခကို မကြည့်ရက်တော့။ သို့သော် မခင်မြသည် လင်ကို တော်တော်ချစ်သည်။ ပြီး မခင်မြမှာ ဆွေမျိုးရင်းချာ သိပ်မရှိ။ သည်လင်ကိုပဲ အားကိုးနေရရှာသည်။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ သည်လင်ကိုပဲ တစ်သက်လုံးပေါင်းသွားရဖို့ ရှိ၏။

ကိုအောင်စိန်ကလည်း မခင်မြပြောသည့်အတိုင်း မနက်ကျတော့ သူ မဟုတ်သလို၊ ညက ဘာမှမဖြစ်ခဲ့သလို "မြရေ၊ မြရေ" နှင့် တစ်မြမြတည်း မြနေလေသည်။

"မခင်မြ ဘဝကလဲ ဟယ် နေ့မှာစံ၊ ညမှာ ဒုက္ခခံရတဲ့ ငရဲပြည်ကို ရောက်နေရသလိုပါပဲလား"

အညို သည်လိုပဲ ခံစား၍ကြည့်ရသည်။

www.burmeseclassic.com



အညိုတို့ဘဝသည် နှစ်ယောက်သား ဒိုးတူပေါင်ဖက် ရုန်းကန်ရပ်တည်ဆဲ။ သို့သော် အညိုသည် သူ့ကုသိုလ် အကျိုးပေးအတွက် ဝမ်းသာကျေနပ်ရသည်။

\+ \+ \+

စာရင်းစာအုပ်ကိုရေးချပြီး အညို တွေဝေစဉ်းစားနေသည်။

အညိုတို့လုပ်ငန်းသည် တိုးတက်လာသည်ဟု ဆိုရမည်။ ယခုဆိုလျှင် ရန်ကုန်မှတစ်ဆင့် နယ်များသို့ ဖြန့်ဖြူးရောင်းချနိုင်သည့် ပစ္စည်းများကို မန္တလေးမှ မှာသည်။ အောက်မြန်မာပြည် အောက်ရွာများသို့ ဖြန့်ဝေသည်။

"ကိုရေ၊ ဦးသာကျော်က ပစ္စည်းတွေမှာတာ များနေပြီ၊ ငွေလဲတစ်ခါမှ မပို့ပါလား၊ ခြောက်လရှိသွားပြီ"

အညိုတို့၏ ဖောက်သည်ကောင်းကြီး ဦးသာကျော်မှာ အလွန်စည်းစနစ်ရှိသူ၊ အညိုတို့နှင့် ဆက်သွယ်လာသမျှကာလပတ်လုံး တစ်လတစ်ခါ စာရင်းရှင်းကာ ငွေရေးကြေးရေး ပြေလည်သူဖြစ်သည်။ တခြားကုန်ပစ္စည်းများလည်း မှာရောင်းသည်။

"ဟုတ်ရဲ့လား အညို၊ သူ ငွေကို ဘယ်တော့မှကြာကြာမထားပါဘူး"

"ဟုတ်တယ်၊ အညို သူ့စာရင်းစာအုပ်ကို သတ်သတ်ထားတာပါ၊ သူကိုယ်တိုင်လဲ ရန်ကုန်တက်မလာတာကြာပြီ၊ ပစ္စည်းတော့ မှန်မှန်မှာတယ်၊ ဘာများဖြစ်နေတယ် မသိဘူး"

"အေးလေ၊ စာလေးတစ်စောင်လောက် သတင်းမေးတဲ့အနေနဲ့ ရေးကြည့်ပါလား"

အညိုက ကိုစိုးတင့် အကြံပေးသည့်အတိုင်း ဦးသာကျော်ဆီ စာတစ်စောင်ရေးသည်။ ထုံးစံအတိုင်း မာကြောင်းသာကြောင်း ရန်ကုန်မရောက်တာကြာ၍ နေကောင်းကြပါရဲ့လား အရောင်းအဝယ် အဆင်ပြေ

www.burmeseclassic.com



ရဲ့လား စသည်ဖြင့် ရေးလိုက်လေသည်။ မကြာခင် ဦးသာကျော်ဆီက စာပြန်လာ၏။ နေကောင်းပါကြောင်း၊ ရန်ကုန်ကိုလည်း လာဦးမည့်အကြောင်း၊ ငွေများကိုလည်း မကြာမီ ရှင်းပေးမည့်အကြောင်းပင် ဖြစ်၏။

သို့သော် လမှ နှစ်ကူးသည့်တိုင် ဦးသာကျော်ဆီက ငွေလည်း ရောက် မလာ၊ လူလည်း ပေါ်မလာပေ။ ဖောက်သည်ပျက်မည်စိုး၍ ပစ္စည်းများကို ဆက်ပို့နေရသော်လည်း စိတ်ထဲက စနိုးစနောင့်။

ဦးသာကျော်နှင့်ဆက်သွယ်သော အခြားဈေးသည်များထံ စုံစမ်းရသည်။

'ကျွန်မတို့ဆီလဲစာရင်းမရှင်းတာကြာပြီ၊ ဒီလူကြီး အစက အတော်ထိကျတာပဲ၊ အကြွေးလဲ ဘယ်တော့မှ အတင်မခံဘူး၊ ခု ဘာဖြစ်နေတယ်မသိ၊ ကျွန်မတို့တော့ အရင်ကြွေး ဆုံးချင်ဆုံးပစေ နောက်ထပ်မပို့တော့ဘူး'

သည်လိုနှင့် အညိုတို့လည်း ဦးသာကျော်နှင့် အဆက်အသွယ်ပြတ်ခဲ့ရ၏။ အလွန်အားထားရသော ဖောက်သည်ကောင်းတစ်ယောက် ဆုံးရှုံးသွားလေသည်။

အညိုတို့မှာ ကြိုးကြိုးစားစား စီးပွားရှာကြသည်။ ဘဝမှာတစ်ဆင့်မြင့်လာပြီး မြို့ထဲနှင့်နီးသော နေရာတစ်ခုမှာ သားနှစ်ယောက် သမီးတစ်ယောက်နှင့် သာယာချမ်းမြေ့လို့နေသည်။ အညို့ဘဝမှာ ဘာကိုမျှ ကြောင့်ကြပူပင်ရခြင်း မရှိသေး။

တစ်နေ့မှာ အညိုတို့အိမ်သို့ ဦးသာကျော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။ အံ့သြစရာ၊ ဦးသာကျော်သည် ယခင်ရုပ်နှင့် လုံးဝမတူတော့။ ယခင်က သားသားနားနား ဥပဓိရုပ်ကောင်းသူ၊ ယခုတော့ ညှိုးချုံးကာ နွမ်းနယ်နေသည်။

'ဟာ ဦးသာကျော် ဘယ်လိုလုပ်ပြီး ရောက်လာသလဲ၊ မတွေ့တာကြာပြီနော်၊ လာ လာ ထိုင်'

www.burmeseclassic.com



ဈေးပိတ်ရက်မို့ အိမ်မှာနားနေခိုက် ဦးသာကျော် ရောက်လာ၍ အံ့သြရသည်။

'နေမြင့်ပြီး တာမင်ကလာ လိုက်လာတာပဲဗျာ'

အညိုတို့မှာ အိုးတိုးအမ်းတမ်းနှင့် ဘာပြောရမည် မသိ။

'ဆို ဦးသာကျော်၊ ခင်ဗျားလဲ မျက်ချက်သားကောင်းနေတော့ ကျွန်တော်တို့လဲ အဲ'

ကိုစိုးတင့်လည်း ဘာဆက်ပြောရမည် မသိ။

'အဲဒီကိစ္စ ရှင်းပြချင်လို့ပဲဗျာ၊ ကျွန်တော်ဟာ ကုန်သည်ပွဲစား လုပ်လာပေမဲ့ သမာသမတ်နဲ့ ဖြောင့်ဖြောင့်တန်းတန်း လုပ်လာတာပါ၊ သည်အလုပ်လုပ်လာတာ ကျွန်တော့်တစ်သက်ပဲ၊ ဘယ်တုန်းကမှ တစ်နပ်စားလဲ မလုပ်ခဲ့ပါဘူး'

သူ့မှာ စကားပြောရင်း မောနေလေသည်။

'သိပါတယ် ဦးသာကျော်ရယ်၊ ခုဟာက ကျွန်တော်တို့'

ဦးသာကျော်က အားတုံ့အားနာဖြစ်နေသော ကိုစိုးတင့်ကို လက်ကာပြသည်။ အညိုက ဧည့်သည်စားဖို့ စားစရာ ပြင်ဆင်ရင်း နားစွင့်ရ၏။

'ကျွန်တော် ခင်ဗျားတို့ကို အပြစ်တင်မလို့ မဟုတ်ပါဘူး၊ တင်ချင် တင်ရင် ကိုယ့်ကိုယ်ကိုပဲဗျာ၊ ကိုယ့်သားသမီးကို ကိုယ်မနိုင်ဘဲ၊ ကိုယ့်ကိုယ်ကို ပဲပေါ့'

'ဟင် ဘာဖြစ်လို့လဲ ဦးသာကျော်'

'ကျွန်တော့် တစ်ဦးတည်းသော သားလေးဗျာ၊ ဆေးစွဲတယ်၊ အစက တော့ ငွေရေးကြေးရေးကအစ၊ သူ့ကို လွှဲထားရတာ၊ နောက်တဖြည်းဖြည်း နဲ့ သူ့လုပ်ရပ်တွေ ပေါ်လာတာပဲ၊ ငွေတွေလဲ မရောက်၊ တိုင်စာတွေလဲလာ၊ ကျွန်တော်လဲ မနည်းကြိုးပြန်ကြိုးစားပေမဲ့ နောက်ပိုင်းက သူ့အမျိုးမျိုး နှိပ်စက် နေတော့ မရတော့ဘူး'

'ဖြစ်ရလေ ဦးသာကျော်ရယ်'

www.burmeseclassic.com



အညိုတို့က နံနက်စာပေါ် ကျွေးမွေးဖို့ ပြင်ဆင်ကြ၏။ သားသမီး ဒုက္ခကို မခံရသေးသော အညိုတို့အဖို့ အံ့ဩစရာကြီး ဖြစ်ရသည်နှင့်အမျှ အထိတ်တလန့်လည်း ဖြစ်ရလေသည်။ အညိုတို့မှာ သားနှစ်ယောက်တောင် မွေးထားပါကလား။

'ခုတော့ တစ်သက်လုံးလုပ်လာသမျှ စီးပွားလဲပျက်၊ လူလဲ သိက္ခာကျဆင်းရတော့တာပဲ၊ ဒါပေမဲ့ ကျွန်တော်ဟာ လူလိမ်လူကောက် တစ်ယောက်တော့ မဟုတ်ပါဘူးဆိုတာ အလုပ်နဲ့ပြဖို့ကြိုးစားပေမဲ့ မရတော့လို့ လူကိုယ်တိုင် လာပြောရတာ၊ သိပ်ရှက်တယ်ဗျာ'

'ကိစ္စမရှိပါဘူး ဦးသာကျော်ရယ်၊ မလွှဲမရှောင်သာ ဖြစ်ရတာပဲ အခုတော့ သားက အခြေအနေ ကောင်းသွားပြီလား'

ဦးသာကျော်သည် အညိုတို့ကျွေးသော ထမင်းကို အားနာ၍သာ စားရသော်လည်း သူ့မှာ စားမဝင်။

'ဆေးရုံတင်ရတာ နှစ်ခါ၊ ခုတော့ ဆေးထိုးတာမို့လို့ ထောင်ထဲရောက်နေပြီ၊ မိဘကိုဒီလောက်ဒုက္ခပေးတာ သေလဲအေးတာပဲဗျာ၊ သူ့အမေလဲ အဲဒီစိတ်နဲ့ လူရုပ်မပေါ်တော့ဘူး'

'ဦးသာကျော် ခု ဘာလုပ်မယ် စိတ်ကူးသလဲ၊ ဆိုင်ပြန်ဖွင့်နေလား'

'လက်လီလောက်ပါပဲ၊ ထမင်းစားရရုံပေါ့၊ အစကတော့ သားသမီးအတွက်ဆိုပြီး ကြိုးစားလာတာ၊ ခုတော့ စိတ်လဲလျှော့လိုက်ပြီလေ'

ဦးသာကျော်ပြန်သွားတော့ အညိုမှာ သက်ပြင်းကို အခါခါ ချမိ၏။ သဲသဲတို့ မခင်မြတို့ မျက်နှာကိုလည်း မြင်ယောင်လာသည်။

ဘုရား ဘုရား၊ အညို ရှေ့ဆက်ပြီး ကံကောင်းနိုင်ပါဦးမလား။

\+ \+ \+

'သားကြီးက ဒီနှစ်ရှစ်တန်းဆိုတော့ အရေးကြီးတယ်၊ ကျူရှင်ကောင်းကောင်း ထားရမယ်၊ ဆရာ့ကို အိမ်ခေါ်သင်ရရင် ကောင်းမယ်ထင်တယ် ကို'

www.burmeseclassic.com



သားတွေ သမီးတွေ ကျောင်းနေပြီး အတန်းကြီးလာသည်နှင့်အမျှ အညို ဈေးကို မှန်မှန်မလိုက်နိုင်တော့၊ အကူတစ်ယောက်ကို လခပေးကာ ငှားထားရသည်။ မြို့ပြဝန်းကျင်မှာ သင့်တင့်မျှတအောင် နေနိုင်ရန်အတွက် အချိန်ပြည့် လုံးပန်းရင်းဖြင့် အသက်တွေကြီးလာသည်။ မိမိဘဝအတွက် ကြိုးစားရပ်တည်ခဲ့ရမှုများသည် သားသမီးအတွက် ဖြစ်မှန်းမသိ ဖြစ်လာသည်။

သားတွေ သမီးတွေ ကျောင်းသွား ကျောင်းပြန်ကိစ္စ၊ စာမေးပွဲ မှန်မှန်အောင်ဖို့ကိစ္စ၊ ကျန်းမာရေး စသည်ဖြင့် ထောင့်စေ့အောင် စီမံရင်းဖြင့် မိမိအတွက် ခံစားမှုသက်သက်ဆိုသည်မှာ မရှိတော့သလောက်ပင်။

'မင်းမလဲ ဒီသားတစ်ယောက်အတွက်ပဲ ပူပင်နေတာပဲ၊ နေရာတကာ လိုက်လုပ်ပေးနေရမလားကွာ၊ သူ့ဘာသာကြိုးစားရင် အောင်မှာပေါ့'

ကျောင်းစတက်သည့်အချိန်မှစပြီး အညိုတစ်ယောက် သားသမီးတွေ စာမေးပွဲမှန်မှန်အောင်ဖို့ကိစ္စကို မပြတ်လုံးပန်းနေသည်ကို ကိုစိုးတင်က ကြည့်မရတော့။ စာမေးပွဲနီးတိုင်း အညိုသည် စာကျက်ပျင်းသော သားကြီး နှင့်အတူ အိပ်ရေးပျက်ခံကာ စာလိုက်ကျက်ရသည်။ သားစာမေးပွဲပြီးမှ သူလည်း စာကျက်၍ပြီးသည်။

'လိုက်လုပ်ပေးနိုင်လို့သာ ဒီအတန်းအထိ တစ်နှစ်တစ်တန်း မှန်မှန် အောင်လာတာပေါ့၊ မလုပ်ပေးနိုင်ရင် ကိုယ့်သားလား အောင်မှာ'

'မအောင်လဲ နေပေါ့ကွာ၊ ကိုယ်တို့တုန်းက ဘယ်သူကများ လိုက်လုပ်ပေးခဲ့လို့လဲ၊ ဒီလိုသာလုပ်ပေးမှ အောင်မယ်ဆိုရင် ဒီအခြေတောင် ရောက်မလာဘူး'

'အရင်တုန်းကနဲ့ အခုနဲ့ တူတာမဟုတ်ဘူး၊ အခု စာတွေကလည်း များတယ်၊ ကျိုသားကလဲ ပေါ့တယ်'

'သူ့ထိုက်နဲ့သူ့ကံ နေပေစေပေါ့'

www.burmeseclassic.com



ဆက်ပြောနေလျှင် အချင်းများနေဦးမည်မို့ အညို မပြောတော့။ သူ့ဘာသာ အပင်ပန်းခံရန်ပဲ ဆုံးဖြတ်ရသည်။ အိမ်ကို ဆရာ ခေါ်မသင်တော့မှ ကျူရှင်ကောင်းကောင်း ရွေးထားရမည်။ စာမေးပွဲတစ်နှစ်ကျလျှင် စိတ်လေပြီး ပျက်စီးသွားမှာ စိုးမိသည်။

သားကတော့ အမေ့လောက် ပူပန်ခြင်းမရှိ။ မနက် အိပ်ရာကထဖို့ နှိုးဆော်ရသည်။ ကျောင်းချိန်အမီ ရေမြန်မြန်ချိုးဖို့ တိုက်တွန်းရသည်။ စာအုပ်တွေစုံရဲ့လား စစ်ရသည်။ စားသောက်သွားဖို့ အသင့်လုပ်ပေးရသည်။

"သား ထီးလေးယူသွားပါလား၊ အပြန် မိုးစိုနေမယ်"

"မယူချင်ဘူးဗျာ၊ ရှုပ်တယ်"

ရှစ်တန်းရောက်ကာတည်းက ကျောင်းကားစီးခိုင်းသော်လည်း မစီးတော့။ ကားပေါ်မှာ မိန်းကလေးတွေချည်း စီးတာတဲ့၊ သူငယ်ချင်းတွေနှင့် ဘတ်စ်ကားစီးပြန်မည်တဲ့။ တစ်ခါတစ်ရံ မိုးရွာထဲမှာ လမ်းလျှောက်ပြန်လာတတ်သည်။

"ဖျားနာနေမှာစိုးလို့ ပြောတာ၊ မေမေပြောရင် ဘယ်တော့မှ မနာခံဘူး"

"မေမေကလဲ နေရာတကာ လိုက်ပြောနေတာပဲ၊ စိတ်ညစ်တယ်"

ရင်ထဲမှာ အောင့်တောင့်တောင့် ဖြစ်သွားရသည်။ ဪ မသိနားမလည်သေးပါကိုး၊ ပြုံးပြီး စိတ်ကောက်လို့ မဖြစ်သေးပါဘူးဟု တွေးကာ မျက်နှာကို ရှုံ့ထားရပြန်သည်။

"စိတ်ပူလို့ပါ သားရယ်"

ညနေ ကျောင်းကပြန်လာတော့ ပြောနေကျ စကားတွေကို ပြောရပြန်သည်။

"အင်္ကျီလဲတော့လေ၊ ရုပ်ပြတွေဖတ်မနေနဲ့၊ စာကျက်ဦး"

"မေမေကလဲ ခုမှ ကျောင်းဖွင့်စရှိသေးတယ်"

"စကတည်းက မှန်မှန်ကျက်ထားမှ စာမေးပွဲနီးတော့ မပင်ပန်းမှာ"

www.burmeseclassic.com



'အိုး၊ အဲဒီကျ ရှုကျက်ထားတာတွေ ဘယ်သတိရတော့မလဲ၊ ပြန်ကျက်ရမှာပဲ၊ ဘာထူးလဲ'

'ဘယ်တုပါမလဲ ကျက်ပါများတော့ မှတ်မိတယ်'

'မေမေကလဲဗျာ၊ ကျွန်တော် မနားရတော့ဘူးလား'

ဟုတ်သားပဲလေဟု အညို စိတ်လျှော့ပြန်သည်။ သို့သော် နားချိန် များလာသောအခါ ကျူရှင်သွားဖို့ ပြင်ဆင်ခိုင်းရပြန်သည်။ စိတ်မရှည်သလို ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားသည်ကို မသိဟန်ပြုကာ 'ကျူရှင်ပြီးပြီးချင်း ပြန်လာနော်၊ ဘယ်မှ ဝင်မနေနဲ့'ဟု လှမ်းမှာရပြန်သည်။ အိမ်ဝရောက်နေသော သားက လှည့်မကြည့်။

အရတော့ အညိုဘဝသည် ယခင်လို မအေးချမ်းတော့။ သားကြီး မျက်နှာရိပ် မျက်နှာကဲကိုကြည့်ရင်းဖြင့် ရင်မောလာသည်။ အငယ်နှစ်ယောက်က ငယ်သေး၍ ပြောကိုင်းရနေသေးသည်။ ကြီးလာလေ အမိရင်ခွင်က ရုန်းထွက်လေဖြစ်ပြီဖို့ အညိုပဲ အရိုးရိုက်လွန်နေပြီလား စဉ်းစားရသည်။

'သားတွေ သမီးတွေဟာ ကျေးစူးရှင်တွေပဲ ကိုရဲ့'

'အညိုကလဲဘာတွေ ပြောနေပြန်ပြီလဲ၊ အညို့ကြောင့် ခက်တယ်'

'ခြောက် ကို စဉ်းစားကြည့်လေ၊ ကိုယ် ဘယ်လောက်ပဲစီးပွားရှာရှာ သားသမီးတွေလိမ္မာမှ အညိုတို့ ရေ့ဆက်ပြီး ကောင်းကောင်းမွန်မွန်နေရမှာ၊ သူတို့ မလိမ္မာရင် ဘယ်လောက် စိတ်ညစ်ရမလဲ၊ ဦးသာကျော်ကို ကြည့်ပါလား၊ ဒါကြောင့် သားသမီးတွေ ကောင်းကောင်းနေရင် သူတို့ကြောင့် မိဘတွေ စိတ်မညစ်ရဘူး၊ သူတို့ဟာ ကျေးစူးရှင် အစစ်ပဲ'

'အညိုကတော့ ကြီးနန်ပြောမယ်'

'ဟုတ်တယ်၊ ယောကျ်ား မကောင်းရင်လဲ မိန်းမ စိတ်ညစ်ရတယ်၊ ယောကျ်ားက ကောင်းကောင်းမွန်မွန်နေရင် ကျေးဇူးတင်ရမယ်၊ မိဘဆိုတာကတော့ ကျေးဇူးရှိပြီးသားပေါ့၊ သားသမီးအပေါ် အနစ်နာခံပြီး ပြုစုစောင့်

www.burmeseclassic.com



ရောက်ကြတာချည်းပါပဲ၊ ဒီအထဲမှာ ပိုပြီးတော့ သားသမီး ရှေ့ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်သူကို ပိုပြီး ကျေးဇူးတင်ရမယ်'

'အညိုဟာကလဲ ကျေးဇူးတင်စရာတွေ တယ်များပါလား'

'များစမ်းပါဘေ၊ ကျေးဇူးတင်ချင်လွန်းလို့'

\+ \+ \+

ယနေ့တလော သားကို ကြည့်ရသည်မှာ ထူးခြားသည်ဟု အညို ထင်မိသည်။

ထူးခြားသည်ဆိုခြင်းမှာ ဆိုးလာ၍မဟုတ်၊ ကောင်းလာ၍ဖြစ်သည်။ မနက် စောစောထသည်၊ ကျောင်းသွားရန် မနှိုးဆော်ရ၊ သူ့ဘာသာ မှန်မှန်လုပ်သည်။ ညနေပြန်လာလျှင် ခါတိုင်းလို လမ်းထဲကို ဆင်းမသွား၊ စာအုပ်ကိုင်သည်။ အညိုက တစ်ခုခုပြောလျှင် ခါတိုင်းလို ကလန်ကဆန် မပြော။ ငြိမ်နေသည်။

ခါတိုင်းဆိုလျှင်တော့ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်လိုက်သည်နှင့် တဆူဆူ တပူပူ။ ယခု သားက မျက်နှာအောက်ချနေသည်။ ဒါကပဲ ထူးခြားချက် မဟုတ်လား။

ညနေဆိုလျှင် မအေမပြောခင် စာအုပ်ကိုင်နှင့်သည်။ အညို အံ့ဩလာသည်။ သို့သော် သူသည် စာကို ကျယ်ကျယ်လောင်လောင်မကျက်။ တိုးတိုး တိုးတိုး ရွတ်နေသည်။ တစ်ခါတစ်ရံ ငိုင်နေသည်။

အညို စိတ်ပူလာသည်။

'ခုတလော ကိုသားက ငြိမ်နေတယ်၊ ဘာဖြစ်နေလဲ မသိဘူး'

'လုပ်ပြန်ပြီ၊ မင်းကတော့ ငြိမ်တော့လဲငြိမ်လို့၊ ရည်းစားများမိနေသလားမှ မသိတာ'

www.burmeseclassic.com



"အို အရမ့ ဆယ့်သုံးနှစ်ရှိသေးတယ်၊ မနှစ်ကအထိ မအေကိုယ်တိုင် ရေချိုးပေးရတုန်း"

"ဒါကတော့ မင်းဘာသာ ဈေးမစင်မှာနိုးလို့ဆိုပြီး လိုက်ရှာတွန်းသေး နေတာကိုး"

အညို ပြုံးမိသော်လည်း မရယ်နိုင်။ ကိုစိုးတင့်က ဈေးထွက်နေရသည်က များသဖြင့် သားသမီးများနှင့် အညိုလောက် နီးနီးကပ်ကပ် မရှိ။ တစ်နည်းအားဖြင့် သူတို့အကြောင်း သူတို့အကဲကို အညိုလောက် မသိ။ မအေကတော့ သားသမီးတွေ၏ ကိုယ်ရွေ့လေးကအစ ထိမိ ကိုင်မိတာနှင့် ထူးခြားချက်ကို ချက်ချင်းသိသည်ပင်။ ငယ်ငယ်က ကလေးများတော့မည် ဆိုလျှင် အညိုသာ ဦးစွာသိမြဲ။ တခြားလူတွေက စမ်းကြည့်ပြီး မပူပါဘူး ဆိုပေမဲ့ အညိုက ကိုယ်ပူတော့မည်ကို သိနေသည်။ ထင်သည့်အတိုင်း ဖြစ်လာတတ်သည်ချည်း။

"သူတို့အရွယ်တွေပဲ လမ်းထိပ်မှာ ဟိုစုစု ဒီစုစုနဲ့ တချို့လဲဆေးခွဲနေတယ် ကြားတယ်"

"တို့သားက ဒီလောက်တော့ မမိုက်ပါဘူးကွာ၊ ဒါလောက်လဲ မလုပ်တတ်သေးပါဘူး၊ သူပြောပုံ ဆိုပုံက ကလေးပဲရှိပါသေးတယ်"

"ဟုတ်တယ်၊ ခါတိုင်း တစ်ခွန်းမကျန် ပြန်ငြင်းနေကျ၊ ခု ဘာပြောပြော ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့"

"ဟင် အညိုဟာကလဲ"

"အို အညိုတော့ မသက်သာဘူး၊ ကိုကလဲ စီးပွားရှာနေပါနဲ့၊ သားသမီးအရေးလဲ ဂရုစိုက်ပါဦး"

"တို့ဘက်တော့ လှည့်မလာပါနဲ့ကွာ၊ အညိုပဲပြောတော့ အညို စီးပွားရေးမှာ မကူတော့ဘူး၊ သားသမီးကိစ္စပဲ တာဝန်ယူမယ်ဆို"

"အင်းလေ၊ ဒါပေမဲ့ အမေလဲပါမှပေါ့"

www.burmeseclassic.com



'စောင့်ကြည့်ပါလားကွာ၊ အညို့သား တစ်ခုခု ပူဆာချင်လို့ လိမ္မာချင်ယောင် ဆောင်နေလားမှ မသိတာ'

'အင်း ဖြစ်နိုင်တယ်'

သည်လိုနှင့်ပဲ စာမေးပွဲကြီး နီးလာသည်။

'သား မင်းစာတွေ နားလည်ရဲ့လား၊ သေသေချာချာ ကျက်ရဲ့လား၊ နှစ်ချင်းပေါက် အောင်အောင်လုပ်နော်'

'အင်းပါ'

'နားမလည်တာတွေ မေမေပြောပြမယ်'

'ရပါတယ်'

ရပါတယ်ဆိုသည်က သူ့ဘာသာပဲ ကျက်လို့ရတယ် ဆိုသည့် အဓိပ္ပာယ်။ တစ်ခါတစ်ရံ အညိုက စာအုပ်ကိုဆွဲယူပြီး တချို့ပုစ္ဆာများကို မေးသည်။ သူ ကောင်းကောင်းနားလည်ပုံမရသဖြင့် မှတ်မိသလောက် ရှင်းပြသည်။

'အခုတွက်တာတွေက မေမေတို့တုန်းက နည်းတွေနဲ့ တူတာမဟုတ်ဘူး'

သူပြောတာ မှန်နေသဖြင့် ငြိမ်နေရပြန်သည်။ သည်တော့ သူတို့စာအုပ်တွေကို ပြန်လေ့လာပြီး တွက်နည်းကိုကြည့်ရသည်။ ပြီးမှ ရှင်းပြရသည်။ နှစ်ခါ ပင်ပန်းသည်။ မောရသည့်အထဲ သူကောင်းကောင်း နားမထောင်၍ သားအမိ ရန်ဖြစ်ရသည်။ သားက နှုတ်ခမ်းစူသည်။ ဖအေက ငိုသည်။

'ဘယ်လိုလဲကွာ၊ သူ့ကျူရှင်ဆရာလဲ ရှိသားပဲ'

ဖအေက ဝင်ပြောၿပီ။

'ကျူရှင်ဆရာက အများနဲ့သင်ရတာ၊ သူ့အကြောင်းကို သိတာမဟုတ်ဘူး။ နားလည်သလားလို့မေးလို့ လည်ပါတယ်ဖြေရင် ပြီးတာပဲလေ၊ သူနားမလည်မှန်းသိလို့ အညိုက ရှင်းပြနေရတာ'

'မေမေ ရှင်းပြမှ ပိုရှုပ်နေတာပဲ'

www.burmeseclassic.com



'နည်းနည်းတော့ သည်းခံပေါ့၊ သေသေချာချာ နားထောင်ရင် ရှင်းသွားမှာပေါ့။ မုတော့ စိတ်မှ မဝင်စားဘဲ'

သည်လိုနှင့် သားအမိ ရန်ဖြစ်ရပြန်သည်။ တဖြည်းဖြည်းနှင့် ပုံမှန် အခြေအနေကို ပြန်ရောက်လာသည်။ အညိုလည်း ယခင်နှစ်တွေကအတိုင်း အတင်းအကျပ် ကြပ်မတ်ရပြန်သည်။ အရွယ်ဆယ်ကျူးမတ်ကူးမို့ သူ့ချည်း လွှတ်ထား၍မဖြစ်တာ အမှန်ပင်။

တစ်နေ့မှာ အညို ဈေးသို့အသွား သား၏ သူငယ်ချင်းအမေနှင့် လမ်းမှာဆုံသည်။ ထုံးစံအတိုင်း သူ့သားအကြောင်း ကိုယ့်သားအကြောင်း ဖလှယ်ကြသည်။

'မောင်အောင်ဇော်ဖြိုးတစ်ယောက်တော့ အိမ်မှာ စာကျက်ရဲ့လား'

တစ်ဘက်ကမေးလိုက်သည်၏ နောက်ကွယ်တွင် တစ်ခုခု ရှိလေ မလားဟု ထင်လိုက်မိ၏။

'မုတာလေလာတော့ စာမေးပွဲနီးလို့လား မသိဘူး၊ ကျက်နေတာပဲ၊ အပြင်လဲ သိပ်မထွက်ဘူး'

'ဟုတ်လား၊ တော်သေးတာပေါ့၊ သူ့ အစမ်းစာမေးပွဲတုန်းက ရီပို့ကတ်တော့ တွေ့ပြီးပြီလား'

အညို့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

'ဟင့်အင်း၊ သူက မရသေးဘူး ပြောနေတယ်၊ အဲဒီကသားရော ရပြီလား'

'ရပြီလေ၊ မောင်အောင်ဇော်ဖြိုးကပြောတော့ မေမေ ခရီးသွားနေလို့ ရီပို့ကတ်ကို အန်တီပဲသိမ်းထားပေးပါတဲ့၊ အဲဒါ ခုထက်ထိအိမ်မှာ'

အညို မျက်နှာပျက်ရပြီ။

'ကျွန်မ ဘယ်မှမသွားပါဘူး၊ ဒါဆို သူကျလို့ အိမ်ကိုမပြတာပေါ့'

'အင်း ကျွန်မလဲ ထင်လို့မေးကြည့်တာ၊ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မအားကြဘူး မဟုတ်လား၊ တစ်ခါ တစ်ခါ လာချင်ပေမဲ့ မရောက်ဘူးရှင်၊

တလောကလေ သူတို့ အတန်းပိုင်ဆရာမက မောင်အောင်ဇော်ဖြိုး ဆေးလိပ်ခိုးသောက်တာ မိတယ်လို့ပြောတယ်၊ ခုနေတော့ စာမေးပွဲနီးချိန် သွားမဆူပါနဲ့ဦးလေ’

အညို့ရင်ထဲမှာ တစ်စ တစ်စ ပူလောင်လာသည်။

‘ဟုတ်ပါတယ် သားသမီးအကြောင်းဆိုတာ သူများမသိရှင်အဆုံးမှ မိဘ သိရတာ၊ ခုလို ပြောပြတာ သိပ်ကျေးဇူးတင်ပါတယ်’

မိခင်နှစ်ယောက် လမ်းခွဲလာပြီးသည့်နောက် အညို့ရင်မှာ တလှပ်လှပ်ပင် ခုန်လာသည်။ သားက ဒီလောက်တောင် မအေကို ညာတတ်လိမ့်တတ်နေပြီလား၊ ဆေးလိပ်လည်း သောက်သတဲ့။ ဘုရား ဘုရား၊ ငါဘယ်လိုလုပ်ရပါ့။ ငါတော့ ကံမကောင်းနိုင်တော့ဘူး ထင်တယ်။

သည်အကြောင်းကို အညို ဖွင့်မမေးရက်သေး။ စာမေးပွဲရက်ကို ရောက်လာတော့ စာကျက်ဖို့ပဲ ဆော်ဩပြောနေရသည်။ သားကိုတော့ မျက်စိအောက်က အပျောက်မခံတော့။ အဖေကို ပြောပြလျှင် ယောက်ျားမို့ စိတ်လိုက်မာန်ပါ ဆူပူနေမည် စိုးသဖြင့် မပြောမပြသေး။ တစ်ယောက်တည်း စိတ်ဆင်းရဲနေရသည်။

‘သားရယ် ခုအခုနေနဲ့ ဖေဖေတို့ မေမေတို့ကို မိဘလိုသာမက သူငယ်ချင်းလို ပွင့်ပွင့်လင်းလင်း ပေါင်းသို့ရပါတယ်၊ ဘာမဆို မေမေ မသိဘဲ မလုပ်ပါနဲ့၊ မေမေက နိုးရိုးလို လိုက်ပြောနေပေမဲ့ ကိုယ့်သားသမီးမှာ ပြဿနာတစ်ခုခုဖြစ်ရင် ဝိုင်းဝန်းဖြေရှင်းမှာပါ၊ သူများပြောမှ သိရတာမျိုးတော့ မဖြစ်ပါရစေနဲ့နော်’

ချော့ပြောနေသည့် နည်းလမ်းကို သုံးပြန်သည်။ သားသည် သည်တစ်ခါ ဘာမျှပြန်မပြော။ အမေ့အကဲကို ပြန်ခတ်နေသည်။

‘ကျွန်တော် ဘာမှမလုပ်ပါဘူး’

‘လောလောဆယ် စာမေးပွဲ အောင်အောင်လုပ်နော်၊ စာမေးပွဲတစ်နှစ်ကျရင် အချိန်ကုန် ငွေကုန်တာသာမက စိတ်ဓာတ်ကျပြီး ဆက်ရှုံးနိုင်တယ်’

www.burmeseclassic.com



"ဟုတ်ကဲ့"

သည်လိုနှင့်ပဲ စာမေးပွဲရက်ကို ရောက်လာရသည်။ အညို့မှာ သားနှင့် အဆင်ရအောင် စာလိုက်ကျက်ရင်း စာပြပေးရင်း အိပ်ရေးပျက်ရ၏။ သူ နားမလည်သည့် ပုစ္ဆာတွေကို ရှင်းပြနိုင်ရန် ညဥ့်နက်သန်းခေါင်တိုင် တွက်ရသည်။ ငါ သိပ်အစွန်းရောက်နေပြီလားဟု မိမိကိုယ်ကို အပြစ်တင်မိသော်လည်း သားနေသောကျောင်းလေးတို့၏ မိခင် အတော်များများ သည်လိုဒုက္ခ ခံစားနေရသည်ကို ကြားသိရသောအခါ အချိန်ကာလကပဲ သည်လိုဖန်တီး လာသလားဟု တွေးရပြန်၏။

ကိုစိုးတင့်ကတော့ မိခင်အတော်များများမှာ သားသမီးကို ဆရာဝန် ဖြစ်မှ၊ အင်ဂျင်နီယာဖြစ်မှဆိုပြီး ဇွတ်ကန်ခံကာ အပြိုင်အဆိုင် အနိုင်ကြိုးကြ သည်ကို ဘဝင်မတွေ့လှသဖြင့် အညို့ကိုလည်း အားမပေး။

အညိုကတော့ သားပညာရေးမှာ ခေါင်းမဖင့်ရုံလေးဆို တော်ပါပြီ။ အနာဂတ်မှာ သူ စိတ်အားထက်သန်ရာ လုပ်စမ်းပါစေ၊ လှေလှော်ရင်း တက်မကျိုးစေချင်တာ တစ်ခုပင်။

စာမေးပွဲရက်တွေကုန်ဆုံးမှ သားကို မျက်နှာချင်းဆိုင်ရ၏။

"ငါ့သားကို မေမေက ဘာမဆို ယုံကြည်ခဲ့တယ်၊ သားကတော့ မေမေ့ကို ညာတယ်၊ မင်း စာမေးပွဲကျတော့ ရီပို့ကတ် အိမ်ကိုမပြဘဲ မေမေ့ကို ဘာကြောင့် ညာရသလဲ၊ ဆရာမကိုလဲမေမေခရီးထွက်နေတယ် လို့ ပြောထားတယ် မဟုတ်လား"

"အခု ကျွန်တော်ဖြေနိုင်ပြီပဲ၊ အောင်မှာပါ မေမေ"

ကြော် သူ့အစွမ်းနဲ့သူ ဖြေနိုင်ခဲ့တယ်ပဲ ဆိုပါတော့။ မိဘဆိုတာ သားသမီးနှင့်ယှဉ်ပြိုင်၍ အနိုင်မယူကောင်း။

"မေမေကလဲ အောင်ပါစေလို့ ဆုတောင်းပါတယ်ကွယ်၊ အခု ကျောင်းပိတ်ပြီ၊ သား ဘာလုပ်ချင်သလဲ၊ ကြက်တောင်ရိုက်ချင် ရိုက်၊

www.burmeseclassic.com



ရေကူးချင်ကူး၊ ဂစ်တာတီးချင်လဲ တီးပါ၊ တစ်ခုပဲဆေးလိပ်တော့ မသောက်ပါနဲ့ သားရယ်'

သားသည် ငြိမ်နေ၏။ သူ့အကြောင်းတွေ အမေ သိပြီဆိုတာ သူ ရိပ်မိနေပြီ။ သို့သော် ဟန်တစ်ချက်ကလေးမပျက်။

'မသောက်ပါဘူး မေမေရဲ့၊ ကျွန်တော် ဆေးလိပ်မသောက်တတ်သေးပါဘူး'

ထပ်ပြီး အညာခံရမှာကိုတော့ အညို မလိုလားတော့။

'မင်း ကျောင်းမှာ ဆေးလိပ်ခိုးသောက်တာ ဆရာမက သိတယ်တဲ့'

သို့သော် မအေ၏ ပျော့ကွက်ကိုသိသည်မို့ သားက ရယ်မောရင်း ပြန်ပြောသည်။

'အလကားပါ မေမေ၊ တကယ်သောက်တာမဟုတ်ပါဘူး၊ ဘယ်လိုနေမလဲသိချင်လို့ နည်းနည်းလေး သောက်ကြည့်တာပါ၊ အဲဒါ ဆရာမက တကယ်သောက်တယ်ထင်ပြီး ဆူတာ'

'အမလေး၊ ဘာဖြစ်လို့များ သိချင်ရသလဲ သားရယ်၊ မင်းသိချင် အမေ့ရှေ့မှာ သောက်ကြည့်ပါ၊ ကွယ်ရာမှာသောက်တော့ မင်း သောက်ကြည့်သလား၊ တကယ်သောက်သလား ဘယ်လိုသိနိုင်မလဲ၊ ဒါသိဖို့လိုတဲ့ကိစ္စလဲမဟုတ်ပါဘူး၊ တကယ်လိုအပ်တာဆို အမေက ဖြည့်ဆည်းပေးနေတာပဲ၊ သားသမီး ဒုက္ခရောက်မဲ့ဟာမျိုးတော့ ဘယ်မိဘ ဘယ်ဆရာသမားက ခွင့်ပြုနိုင်ပါ့မလဲ၊ နောက်ကို ဒါမျိုး မလုပ်ပါနဲ့ကွယ်၊ ငါ့သားမှာ အသိဉာဏ်ရှိတယ်လို့ မေမေ ထင်တယ်'

'စိတ်ချပါ မေမေရဲ့၊ အဲဒီနောက်လဲ ကျွန်တော် မသောက်တော့ပါဘူး၊ နောက်လဲ မသောက်ပါဘူး၊ တကယ်ပြောတာပါ'

စိတ်ပါလက်ပါ ကတိပေးသည်ဟု ယုံကြည်ရင်း စိတ်အေးရပြီ။

ဪ သူ့လိမ္မာမှ ကိုယ်စိတ်ချမ်းသာရမည့်ဘဝ၊ သားသမီး အရိပ်အကဲကိုကြည့်ကာ လိုက်ရှောင်နေရသည့်အဖြစ်၊ ကြမ်းကြမ်းတမ်းတမ်း

www.burmeseclassic.com



ပြောလိုက်လျှင် လူငယ်ရို့ တော်လှန်စိတ်ဖြင့် ရှေ့တိုးမည်လားဟု တွေးကာ ပူရသည့်အမေ။

နောက်ထပ် သားတစ်ယောက်နှင့် သမီးတစ်ယောက် လူလားမြောက်လာဦးမည်ကိုပင် ရင်မှာပူလာသည်။ အညိုဘဝသည် ယခင်လို မအေးချမ်းတော့ပြီ။

\+ \+ \+

“မေမေ ကျွန်တော်မပြောလား၊ ကျွန်တော် အောင်ပါတယ် မေမေရဲ့”

သားစာမေးပွဲအောင်သည့်အတွက် ပျော်ရသည်က အမေ။ သို့သော် ဒါ ပထမအဆင့်သာပဲဟု တွေးမိနေသည်။ ရှေ့မှာ လျှောက်လှမ်းစရာတွေ အများကြီးပါလား၊ ဘာတွေ ဖြစ်ဦးမည် မသိ။

“မင်း စာမေးပွဲအောင်တာ မင်းအမေကို ကျေးဇူးတင်ရမယ်၊ ငါသာဆို အဲဒီလောက် စိတ်ရှည်လက်ရှည် လိုက်မပြောနိုင်ဘူး၊ လိုက်လဲ မသင်နိုင်ဘူး။ တို့တုန်းက ကိုယ့်ဘာသာကိုယ်ကျက်၊ ကိုယ့်ဘာသာကိုယ် အောင်တာပဲ၊ ဘယ်မိဘက ဒီလို သင်ပေးနိုင်မလဲ၊ သင်လဲမသင်တတ်ကြဘူး”

ကိုစိုးတင့်ကတော့ သူ့အတွေးနှင့်သူ ပြောသည်။

အညိုကတော့ ငြိမ်နေသည်။ အညိုကတော့ ဒီလောက်ကလေးနှင့်ပဲ သူ့သားကို ကျေးဇူးတင်လှပြီ။ အရပ်ကြီး မြင့်မားလာပြီး မိမိကို မိုးလာသော သားကိုကြည့်ကာ ကြည်နူးသည်။ ရက်ကက်ကြီးကိုင်ကာ ကြက်တောင်ရိုက်ရာမှ ပြန်လာသော သားကိုကြည့်ကာ ဟုတ်ဟုတ် မဟုတ်ဟုတ် အထင်ကြီးသည်။

ရှေ့ဆက်ပြီးတော့လည်း အထင်ကြီးချင်စမ်းပါဘိ၊ အားကိုးချင်စမ်းပါဘိ။

ကျေးဇူးတွေ အများကြီး တင်ချင်ပါသေး၏။

**[ရှုမဝမဂ္ဂဇင်း ။ ။ အောက်တိုဘာ၊ ၁၉၈၄]**

# သူ့အတွက်လား ကိုယ့်အတွက်လား

ဦးဘခင်တစ်ယောက် ဆုံးပါးသွားခြင်းသည် ဒေါ်မြနှစ်တို့ မိသားစုအတွက် ရွှေတောင်ကြီး ပြိုသည့်သဖွယ်ပင် ဖြစ်တော့၏။ ဦးဘခင်သည် အိမ်၏ စီးပွားရေးသာမက လူမှုရေး၊ မိသားစုရေး ကိစ္စအဝဝကို ဆောင်ရွက်နေသူ ဖြစ်သည်။

ဒေါ်မြနှစ်သည်လည်းကောင်း၊ သားသမီးငါးယောက်သည် လည်းကောင်း ဘာမျှ ရေရေရာရာမရှိလှပေ။ ဦးဘခင် စီမံဆောင်ရွက်သွားသည့် အတိုင်း လိုက်ပြီး လုပ်ကိုင်ပေးဖို့လောက်သာ သူတို့ တတ်နိုင်သည်။ သားသမီးငါးယောက်တွင် တစ်ယောက်သာ အိမ်ထောင်ကျရှိသေး၏။

သားအကြီးဆုံး ကိုရန်နိုင်သည် အစိုးရအမှုထမ်းဖြစ်သည်နှင့်အညီ နယ်သို့ ပြောင်းရွှေ့နေရသည်။ သူ့အောက် သမီး လှလှက အိမ်မှာအတူ နေရင်း ရုံးစာရေးမ လုပ်နေသည်။ အလတ် မောင်စိုးနှင့် မောင်မျိုးက ကျောင်းနေတုန်း ဆယ်တန်းမှာ နှစ်ယောက်စလုံး တစ်နေလေသည်။ အငယ်မ မိငယ်ကတော့ နောက်ဆုံးမှမမျှော်လင့်ဘဲထပ်မွေးသဖြင့် ယခုမှ ကျောင်းထားစအရွယ်ပင် ရှိသေးသည်။

www.burmeseclassic.com



ဦးဘခင်နှင့် ဒေါ်မြနှစ်သည် အသက်နှစ်ဆယ်ခန့်ကွာ၏။ ဦးဘခင်သည် မယားနှင့် သားသမီးများကို အလွန်ချစ်သူတည်း။ သားမယားကို ချစ်သည့် သနားသည့်အတွက်ရော သူကိုယ်တိုင်ကပါ ဝါသနာပါသည့်အတွက် အိမ်မှုကိစ္စအားလုံးကိုလည်း တစ်ယောက်တည်း ဒိုင်ခံဖြေရှင်းပေးလေသည်။

ဒေါ်မြနှစ်သည် နေ့စဉ် သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းကာ အိမ်နီးချင်းများနှင့် ပွင့်ပွင့်လင်းလင်း ပြောဆို ရယ်မောနေတတ်၏။ သားသမီးတွေနှင့် မောင်နှမတွေလို ရင်းနှီးစွာ ပြောဆိုနေထိုင်၏။ အိမ်တွင် ငွေရေးကြေးရေး အခြေအနေ ဘယ်သို့ရှိသည် သူ မသိပေ။ ဦးဘခင် ပေးသလောက်သာ သုံးစွဲသည်။ သားသမီးများကလည်း လိုအပ်သမျှ အဖေကြီးဆီကသာ တောင်းခဲ့သည်။

"မြနှစ်ကယ် နှင် ငါမရှိရင် ခက်မယ်"

ဤသည်က ဦးဘခင် မကြာခဏ ပြောနေကျစကား။

"တော်ကလဲ မပြောကောင်း မဆိုကောင်း၊ တော်လို သူတော်ကောင်းကြီး မသေနိုင်ပါဘူးတော့"

ဒေါ်မြနှစ်ကလည်း ပြန်ပြောမြဲ။

ဦးဘခင်သည် သူ၏ စီးပွားရေးဖြစ်သော လက်သမားအလုပ်ကလေးဖြင့် အေးအေးဆေးဆေးလုပ်ကိုင်ရင်း မိသားစုစီးပွားရေးကို ပြေလည်စေခဲ့သည်။ ကိုယ်ပိုင်အိမ်လေးတစ်လုံးဖြင့် မပူမပင် မကြောင့်မကြ နေနိုင်ကြ၏။ ဒေါ်မြနှစ်လည်း သနပ်ခါးလိမ်းကာ ပန်းပန်ကာဖြင့် အရုပ်တကော လှည့်ရင်း စိတ်လက်ချမ်းသာစွာ နေနိုင်ခဲ့လေသည်။

\+ \+ \+

www.burmeseclassic.com



"မူးတယ်၊ မူးတယ်ဆိုပြီး လဲကျသွားလိုက်တာ တစ်ခါတည်း အသက်ပါ ပါသွားတာပဲတော့။ နေထိုင်မကောင်းဘူးလို့လည်း ညည်းသံ မကြားရပါဘူး၊ လုပ်ကြပါဦး အရပ်ကတို့ရယ်၊ ကျုပ်လင် သေတော်ကောင်းကြီးပါတော့"

ဒေါ်မြနန်းက ခုနစ်သံချီကာ အော်ငိုလိုက်သံကြောင့် တစ်ရပ်ကွက်လုံး ဆူညံသွားလေသည်။

"ဦးဘဆင်တစ်ယောက် ဆုံးလို့တဲ့"

"ဟင် ဘာဖြစ်တာလဲ၊ မနေ့ကပဲအကောင်းကြီးရှိသေးတာ"

"အင်းလေ ကျုပ်နဲ့တောင် စကားပြောနေကြသေးတယ်၊ ဘယ်လိုဖြစ်တာလဲ"

လူတို့၏ ထုံးစံအတိုင်း တစ်ယောက်တစ်မျိုး အမျိုးမျိုးဝေဖန်နေကြသည်။

"သွေးတိုးရှိနေသလားမှ မသိတာ၊ သူ့ဘာသာသူလည်း ရောဂါရှိလို့ ရှိနေမှန်း သိမယ့်လူကြီး မဟုတ်ဘူး၊ သူ့မိန်းမကလည်း ဘာမှ တတ်တာမဟုတ်ဘူး၊ သေမှ ငိုတော့တာ"

ယခုတော့ ဒေါ်မြနန်းကို အပြစ်ပြောစရာ ဖြစ်နေလေပြီ။

"အမယ်လေး ကျုပ်သေလိုက်တာမှ ကောင်းတယ်တော့၊ ခုတော့ ကျုပ် ဘယ့်နှယ်လုပ်ရပါ့"

ကာယကံရှင် ဒေါ်မြနန်းကလည်း သူ့အဖြစ် သူသာအသိဆုံးမို့ အခြားသူတွေထက်ပို၍ ယူကြုံးမရ ဖြစ်ရလေသည်။

အသုဘကိစ္စကို မည်သို့စီစဉ်ရမည် သူ မသိ။ သမီးပျို ကျောင်းဆရာမလည်း နားမလည်လှပေ။ အစ်ကိုအကြီးဆုံးဖြစ်သူ ကိုရန်နိုင်ထံ အကြောင်းကြားရ၏ ။ သို့သော် ဝေးလံလှသည့်အရပ်မှာ ရောက်နေခိုက်မို့ သင်္ဂြိုဟ်ရက်အမီ ရောက်နိုင်ဖို့ ခဲယဉ်း၏ ။ ဒေါ်မြနန်းသည် မျက်နှာငယ်စွာဖြင့် အရပ်ကို အပ်ရသည်။

www.burmeseclassic.com



အရပ်ထဲမှာဆိုတော့ သုံးရက်ထက် ပိုမထားချင်ကြ။ သားကြီးကို မစောင့်ဘဲ သင်္ဂြိုဟ်ရန် အကြံပေးကြသည်။ အရေးကြီးဆုံးက အသုဘ စရိတ်ငွေပင် ဖြစ်၏။ ဒေါ်မြနှစ် မျက်စိသူငယ် ဖြစ်ရပြန်သည်။ ဦးဘခင် ကတော့ သူ့လုပ်ငန်း၊ သူ့လည်ပတ်ငွေနှင့် အလျှင်မီအောင် စီစဉ်တတ်ပြီ။ ယခုလို ငွေလုံးကာနဲ့ ခဲကာနဲ့ကိုတော့ ဒေါ်မြနှစ်ကိုယ်တိုင်လည်း မမြင်ခဲ့ရ ဖူး။ ကြံလည်း မကြံတတ်ချေ။ ရစရာ ယူစရာတွေလည်း ဒေါ်မြနှစ် မသိ။

'ကျွန်မတော့ ဘာမှလဲမသိ၊ ငွေဆိုလို့လဲ တစ်ထောင်ကျော်လေးပဲ ရှာတွေ့တယ်၊ ကြည့်သာ စီစဉ်ကြပါတော့၊ ကျွန်မ ဘာမှ မပြောတတ် တော့ဘူး'

အမှန်အတိုင်းပင် ပြောရရှာသည်။

သည်တော့လည်း ရပ်ကွက်က မနေသာပြန်။ အကုန်ငွေရရေး လှူလှူပေး သင်္ဂြိုဟ်နိုင်ရေးကို ဝိုင်းဝန်းစီမံကြရပြန်သည်။

ဒေါ်မြနှစ်မှာ ငိုလိုက် ရယ်လိုက် ဝိုင်းဝန်းကူညီသူတွေ၏ မျက်နှာကို ကြည့်လိုက်နှင့် နေ့ချင်း ညချင်းမှာပင် ဘဝအခြေအနေ ကပြောင်းကပြန် ဖြစ်သွားလေတော့သည်။

\+ \+ \+

'ရှေ့ဆက်ပြီး ငါ ဘယ်လို စခန်းသွားရပါ့မလဲ၊ ဝင်ငွေလဲ မရှိတော့ဘူး၊ သမီးရဲ့ စာရေးမ လစာလေးနဲ့ သားသမီးငါးယောက် ဘယ်လိုများ စား သောက်ရပါ့၊ ဟိုအကြီးကောင်က ကိုယ်ကသာ မထောက်ပံ့ရရုံရှိတာ၊ သူ့ ဆီက မျှော်လင့်ဖို့ဆိုတာ ဝေလာဝေး၊ ဟင်း အရောင်းအဝယ်ကလည်း ငါ မတတ်'

ဒေါ်မြနှစ်မှာ တွေးတွေးပြီး အိပ်မပျော်နိုင်။ ယခုတော့ အသုဘအိမ်မှ မီးတွေ ထိန်ထိန်လင်းပြီး လူတွေက တရုန်းရုန်းဖြစ်နေကြသည်။ နောက်

www.burmeseclassic.com



ရက်တွေမှာ တစ်ယောက်မျှ ရှိကြတော့မည် မဟုတ်။ သူတို့ကိစ္စ သူတို့ဘဝနှင့် သူတို့ နေသွားကြလိမ့်မည်။ မိမိမှာ ပညာရေးအဆုံးမသတ်သေးသော သားသမီးတွေနှင့် မည်သို့ စခန်းသွားရပါ့။

ဦးဘခင်အကြောင်း တွေးပြန်တော့လည်း ယူကြုံးမရနိုင်။ တစ်သက်လုံး မိမိအပေါ် ကောင်းခဲ့သူ။ မည်သို့နေနေ မည်သို့သွားသွား ဘာမျှမပြော။ သားမယားကို အပူလည်းမပေးတတ်။ သည်လိုလူတစ်ယောက်က ယခုတစ်ဖန် မည်သူ့ကိုမျှ ရေရှည်ဒုက္ခမပေးဘဲဘဝကူးသွားလေပြီ။ အသက်ငါးဆယ်ကျော်အရွယ်။ နေမည်ဆိုက အများကြီး နေနိုင်သေးသည်။

ဒေါ်မြနှစ်သည် နေ့ချင်းညချင်း ဒုက္ခသည်မကြီးဘဝသို့ ရောက်ရှိသွားခဲ့ရလေပြီ။ ယခင်က မိမိကျေးဇူးပေးကမ်းကာ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော နေခဲ့ကြသူတွေက ယခု မိမိကိုပင် အပြစ်ဖို့ကာဖြင့် အတင်းဆိုကြလေပြီ။ ဒေါ်မြနှစ်သည် ယခုပင်လောကဓံတရား၏ အလှည့်အပြောင်းကို သတိမူမိ၏။ သို့သော် နောက်ကျခဲ့ပြီ။

ရပ်ကွက်ကသော မကူညီလျှင် ဦးဘခင်အလောင်း မြေကျဖို့ပင် ခပ်ခက်ခက်။ သည်လိုနှင့်ပင် သင်္ဂြိုဟ်မည့်ရက်ကို ရောက်ခဲ့ရ၏။ ဒေါ်မြနှစ်၏ ပူဆွေးသောကလည်း အထွတ်အထိပ်သို့ ရောက်ရလေပြီ။

သားသမီးတွေ ဆွေမျိုးတွေထက်ပို၍ ပဋိသေဝေ တောက်လောင်ရသူမှာ ဒေါ်မြနှစ်သာတည်း။ ငိုရင်းတက်သွားသဖြင့် ဝိုင်းဝန်းပြုစုကြရသေးသည်။ နောက်ဆုံးတော့ အသံကုန်ဟစ်ကာ တစ်ချက်သာ အော်ငိုလိုက်လေသည်။

"အမယ်လေး၊ သူတော်ကောင်းကြီးရဲ့၊ တော်ကတော့ နိဗ္ဗာန်ရောက်ပြီ၊ ကျုပ်ကတော့ ချေးဖြစ်ပါပြီတော့"

ဒေါ်မြနှစ် မြည်တမ်းလိုက်ပုံက တစ်ခွန်းတည်းဖြင့် သူ၏ရင်တွင်းမှ ခံစားချက်ဝေဒနာ သောကအလုံးစုံကို အဓိပ္ပာယ်ပြည့်ဝစွာ ဖော်ကျူးလိုက်နိုင်တော့၏။ ကြားရသူများလည်း ချက်ချင်းပင် သဘောပေါက်ကာ ပြုံးသူ ပြုံး၊ မှဲ့သူ မှဲ့ ဖြစ်သွားကြလေသည်။

\+ \+ \+

www.burmeseclassic.com



တစ်ခါသေဖူးမှ ပျဉ်ဖိုးနားလည်ဆိုသလို ဒေါ်မြနှစ်မှာ ဆွေမျိုးရင်းချာလည်း မသေဘူး၊ မိမိကိုယ်တိုင်လည်း မစီမံဖူး၍ ဘာမျှ နားမလည်ပေ။ ဆွေမျိုးရင်းချာအနည်းငယ်၊ ရပ်ကွက်ထဲမှလူများ၊ ဘတ်စ်ကားနှစ်စီးဖြင့် ဦးဘခင်၏ ရုပ်ကလာပ်ကို လိုက်ပါပို့ဆောင်ကြရသည်။ ကြံတောသုသာန် အတွင်းပိုင်းကျသော နေရာတွင် အလောင်းကို မြေမြှုပ်ကြ၏။

နောက်ဆုံးအချိန်ရောက်ပြီမို့ ဒေါ်မြနှစ်သည် ပဌာဖြွလူး လိမ့်၍ ငိုလေတော့သည်။

‘အမယ်လေး နေကြပါဦး၊ ဝဆောင် ကြည့်ပါရစေဦး ကိုဘခင်ရဲ့၊ ကျုပ်ကိုသာ တစ်ပါတည်း ခေါ်သွားပါတော့’

ဒေါ်မြနှစ်က အလောင်းနား ပြေးပြေး ကပ်သွားသဖြင့် သားသမီးတွေက သူ့ကို ဝိုင်းဆွဲထားကြလေ၏။ ဒေါ်မြနှစ်ကလည်း အစွမ်းကုန် ရုန်းကန်ကာ အလောင်းကို ဖက်ထားသည်။ ဘယ်လိုမှ ဆွဲ၍မရ။

သည်အချိန် မထင်မှတ်သော ပြဿနာက ပေါ်လာလေသည်။

‘ဘယ်တုန်းက စာရင်းပေးထားသလဲ၊ ကျုပ်တို့ဆီကို မရောက်ဘူး၊ တွင်းလဲတူးမထားရသေးဘူး’

အသုဘကိစ္စ စီစဉ်ပေးသူနှင့် တာဝန်ရှိသူတို့ စကားအခြေအတင် ဖြစ်နေကြလေပြီ။

‘ကျုပ်ကိုယ်တိုင် ငွေပေးပြီး အချိန်ရော နေရာရော အတိအကျ ပြောခဲ့တာ၊ ခင်ဗျားတို့ထဲက လူပဲ၊ သေသေချာချာ ပြောပြီးသားဗျ’

‘ဘာ အဲဒါ ကျုပ်လက်ထဲကို မရောက်ဘူး၊ အခု ဘာမှ မလုပ်ရသေးဘူး’

အလောင်းမြေချဖို့ တွင်းအဆင်သင့်မဖြစ်၊ ဆူညံဆူညံဖြစ်ကြပြီးသည့်နောက် မနေသာသည့် လူကြီးတစ်ယောက်က ဝင်၍ ဖြေရှင်းပေးရသည်။ ငွေထပ်ပေးပြီး ကျင်းအမြန်တူးခိုင်းရလေ၏။

www.burmeseclassic.com



အသုဘကိုဆောင်သူများလည်း လှုပ်လှုပ်ရွရွ ဖြစ်ကြပြီ။ ကျင်းတူးပြီး မြေကျသည်အထိ စောင့်သင့်သလား။ သည်အတိုင်း ပြန်သွားရမည်လေလား။ အချိန်ပါးရှားသော မြို့သူမြို့သားတို့၏ ထုံးစံအတိုင်း တစ်နာရီမျှသော အချိန်လေးအတွက် ပွဲဖွယ်ကိစ္စအဝဝကို ချေထားခဲ့ပြီး၊ မလာမဖြစ်၍သာ လာကြရသည်။ နောက်ကြောင်းက အေးသည်မဟုတ်။ သာမန်အားဖြင့် ဆိုလျှင် အလောင်းမြေချပြီးသည်နှင့် ဘတ်စ်ကားပေါ် ကသုတ်ကရက် တက်ကာ ပြန်ကြစမြဲ။

ယခုတော့ အသုဘရှင်ကို သည်အတိုင်းထားခဲ့ကာ ပြန်သွားရမှာ အားတုံ့အားနာ ဖြစ်နေကြသည်။

ခေါ်မြနှစ်လည်း ငိုလက်စမျက်ရည်တွေ သွေ့ခြောက်လေပြီ။ အလောင်းကို ဖက်ထားလည်း အကြောင်းမထူးတော့။ ဘယ်သူကမှလည်း မဆွဲတော့။ အရေးကြီးသည်က သည်အလောင်း ကျင်းထဲမြန်မြန်ရောက်ဖို့ ကိစ္စပင်။

လူသုံးယောက်က ခြောက်ပေ သုံးပေကျင်းကို အလျှင်အမြန် တူးကြလေ၏။ စောင့်ကြည့်နေသူတွေကလည်း မြေကျင်းတစ်ခုတူးတာ သည်မျှကြာပါသလားဟု ရင်မောစွာ စောင့်နေကြရလေ၏။ သေခြင်းတရား၏ အဓိပ္ပာယ်ကို လူတိုင်းနားလည်ကြသော်လည်း မိမိအလှည့် မရောက်ခင် သူတစ်ပါးအလှည့် စောင့်ကြရသည်ကိုပင် သည်းမခံနိုင်။ မြန်မြန်ပြီးစီးစေဖို့သာ စိတ်စောနေကြလေသည်။

‘ဘတ်စ်ကားသမားက ပြောနေတယ်၊ သူတို့က တခြားကိစ္စရာ ရှိသေးတယ်၊ မစောင့်နိုင်တော့ဘူးတဲ့’

သည်တွင် ပြန်ချင်နေသူတွေလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

‘ဘတ်စ်ကားတွေ ပြန်မယ်ဆိုရင် လူတွေလဲ ပြန်လိုက်မှ ဖြစ်မှာပေါ့’

www.burmeseclassic.com



တစ်ယောက်သောသူက ဆုံးဖြတ်ပေးလေသည်။ ကျန်လူတွေလည်း စိတ်သက်သာရာရသွားပုံကို ဖုံးဖိထားကြရသည်။

'ကဲ ကဲ ပြန်လိုက်မယ့်သူတွေ တက်ကြ၊ တစ်စီးတော့ ချန်ထားရမယ်၊ ဗိုက်ဆံထပ်ပေးရမှာပဲ'

ပြန်ချင်သူတွေများနေသဖြင့် ဒေါ်မြနှစ်ကို အပြေးအလွှား လာရောက်နှုတ်ဆက်ကြပြီး ဘတ်စ်ကားပေါ် နေရာရအောင် ခပ်သုတ်သုတ် ထွက်သွားကြလေသည်။ အလွန် မကောင်းတတ်လွန်းသူတချို့သာ ကျန်ရစ်ခဲ့တော့သည်။

မြကျွင်းကား အဆောက်နက်လာပြီ။ ဒေါ်မြနှစ်လည်း သွေ့ခြောက်စပြုသော မျက်ရည်ကို ပြန်၍ငင်ကာ ထပ်၍ငိုရန်ပြင်၏။ သို့သော် ငိုဖို့အခြေ မရောက်လိုက်။

'ဟိုက် ပြဿနာပဲ'

မြကျွင်းထဲတွင် ပထမ ရောက်နှင့်နေသော ရုပ်ကလာပ်တစ်ခုက ဘွားခနဲ ပေါ်လာတော့သည်။ အားလုံး စိတ်မောသွားကြရပြန်သည်။ နောက်တစ်နေရာ တူးကြရပြန်သည်။ ဒေါ်မြနှစ် မငိုနိုင်သေး။ ပြန်ထိုင်နေရ၏။ ငိုလည်း သူ့ကို မည်သူကမျှ ဂရုစိုက်မည် မဟုတ်တော့။ ဟိုကိစ္စ ပြီးစီးဖို့သာ အာရုံရောက်နေကြသည်။

နောက်တစ်နေရာ ထပ်၍ အဆင်မပြေဖြစ်ပြီး နောက်ဆုံး တစ်နေရာတွင်မှ ချောချောမောမော ဖြစ်သွားလေသည်။ အားလုံး သက်ပြင်းကို ချလိုက်မိကြသည်။ အချိန်ကလည်း မနည်းတော့ပြီ မဟုတ်ပါလား။

ဒေါ်မြနှစ် ကိုယ်တိုင်မှာလည်း ဟင်းခနဲ သက်ပြင်းကို နိုး၍ ချမိလေ၏။ ဒုတိယကျွင်းတူးစဉ်ကပင် သူ့မှာ ရင်တထိတ်ထိတ် ဖြစ်နေရသည်။ ထိုနေရာမှာ မပြေနိုင်တော့ သူ ရင်တွေပူလာရသည်။ သည် အလောင်း မြေမကျမချင်း သူ သည်နေရာက ခွာ၍မဖြစ်။

www.burmeseclassic.com



ကျန်လူတွေက ဝတ္ထုရေးကုန်၍ ပြန်ကြပါလျှင် သူတို့မိသားစုချည်း သည်သုသာန်တစ်ပြင်မှာ ဘယ်လိုလုပ်ပြီး နေရစ်ခဲ့ပါမလဲ။ ဆောဆောက ခင်ပွန်းသည်နှင့်အတူ လိုက်ပါမည် တကဲကဲလုပ်ခဲ့သမျှ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ပြီတော။

ဦးဘခင်၏ ရုပ်ကလာပ်ကို ကြိုးများဆိုင်း၍ မြေကျင်းထဲ ချလိုက်ချိန်မှာ ဒေါ်မြနှစ်၏ ရင်ထဲမှ အလုံးကြီးလည်း တစ်ပါတည်း ကျဆင်းသွားရလေသည်။ အားလုံးလည်း ယခုမှ စိတ်သက်သာရာရကာ ဟင်းချနိုင်ကြပေပြီ။

နောက်ဆုံးတော့ အားလုံးသည် တစပြင်ကို ကျောခိုင်းကာ အိမ်ပြန်ဖို့ အလျင်အမြန် ထွက်ခွာလာခဲ့ကြသည်။ ဒေါ်မြနှစ်သည် မြေခဲအချို့ကို ကျင်းထဲမြန်မြန်ပစ်ချပြီး လူအုပ်၏ နောက်ဆုံးမှ ခပ်သုတ်သုတ်လိုက်ခဲ့သည်။ သူနေရစ်လည်း ခေါ်သူကျွ ဆောင့်ခေါ်မည် မဟုတ်တော့။

အပြန်လမ်းမှာတော့ ဒေါ်မြနှစ်သည် တိတ်ဆိတ်ငြိမ်သက်စွာ လိုက်လာလေသည်။

[မနက်ဖြန် နှင့် နဝရတ်ကိုးသွယ် ။ ။ မတ်၊ ၁၉၈၅]

www.burmeseclassic.com



# စိတ်ထားတတ်လျှင်

ရှုံ့မှုအနေဖြင့် သည်တစ်ပွဲမှာ ခင်လေးအပေါ် ကောင်းကောင်းကြီး အနိုင်ရတော့မည်ကို သိလိုက်ပါသည်။ ဪ ခင်လေး၊ ခင်လေး။ သူ့အပေါ် အမြဲအနိုင်ယူတတ်သည့် ခင်လေး။ သူတစ်ပါးအပေါ် နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ စီးပိုးအနိုင်ယူလိုက်ရမှ ကျေနပ်တတ်သည့် ခင်လေး။ စကားတစ်ခွန်းကို ဘယ်လိုပြောလျှင် ဘယ်လိုသဘောသက်ရောက်သည်ကို သိနားလည်ပါလျက် လက်လွတ်စပယ် ပြောတတ် ဆိုတတ်သည့် ခင်လေး။

ခင်လေးက သူ၏ အပြုအမူ အပြောအဆိုအတွက် တစ်ဖက်သား မည်သို့ခံစားရမည်ကို အမှုထားတတ်သူ မဟုတ်ပေ။ ဟိုတစ်နေ့ကသာကြည့်။ ချစ်ချစ်က သူ့အိမ်ကပို့လိုက်သော ချဉ်ပေါင်ကြော်ပုလင်းကို ဖွင့်သည်။ ထမင်းစားခန်းက သယ်ထားသော ထမင်းတစ်ပန်းကန်နှင့် ကြက်ဥပြုတ်နှင့် ချဉ်ပေါင်ကြော်နှင့် ညစာတစ်ထပ်စားကြဖို့ ဝိုင်းဖွဲ့ခြင်းဖြစ်သည်။ ချဉ်ပေါင်ကြော်က ခါးမပဲ့ ချဉ်ပေါင်ကို ခြောက်အောင်လှမ်းပြီး ပုစွန်ခြောက်များများ၊ ဆီများများနှင့်ကြော်ထားသည်မှာ စားချင်စဖွယ်ပင်။

www.burmeseclassic.com



"မေမေတို့ကလေ ချဉ်ပေါင်ရွက် ကန်စွန်းရွက်ဆို ဗိုက်နာမှာစိုးလို့ ဆိုပြီး ဘယ်တော့မှ မပို့ဘူး၊ အရင်တစ်ရစ်ပတ်က ဝက်သားကို အမှုန့်ဖွဲပြီး ကြော်ပေးလိုက်တာ ကုန်သွားတာ နာတယ်ကွာ"

ခင်လေး စကားကြောင့် ချစ်ချစ် မျက်နှာညှိုသွားသည်။ ခင်လေးက ဘာရည်ရွယ်ချက်နှင့် ပြောသနည်း။ ချစ်ချစ် နှမ်းပေါ်တော၊ ကျောင်းကို ဦးလေးစရိတ်နှင့် တက်ရတာ၊ လုံချည် ငါးထည်လောက်ကို အလျှော်မီအောင် လျှော်ဖွပ်ရတာ အားလုံးအသိ။ သို့သော် မည်သူမျှ တစ်ခွန်းတစ်စ သိဟန်မပြကြ။

"တို့တော့ စားမယ်ဟေ့၊ ချဉ်ပေါင်ကြော် ကြိုက်တယ်"

နွဲ့မူက ပြောပြီး ချဉ်ပေါင်ကြော်ပုလင်းကို ဦးစွာနှိုက်သည်။ သူတို့တစ်တွေမှာ မိဘတွေက ပို့ပေးလိုက်သော စားစရာမုန့်သမျှကို ဝိုင်းဖွဲ့၍ ဖလှယ်၍ စားကြစမြဲ။ ခင်လေးဆီရောက်လာသော စားစရာမုန့်သမျှသည် ဝိုင်းထဲရောက်မလာတတ်။ သူတစ်ယောက်တည်း ဗီရိုထဲထည့်ထုတ်စား ကြိတ်စားတတ်တာ အားလုံးအသိ။ ဒါနှင့်များ စကားစီးပိုးကာ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

အားလုံး ပျော်ပျော်ရွှင်ရွှင်နှိုက်စားကြတော့ တစ်ခဏချင်းမှာပင် ချဉ်ပေါင်ကြော်ပုလင်းက တစ်ဝက်ကျိုးလေသည်။ ချစ်ချစ်မျက်နှာလည်း လန်းရွှင်၍နေသည်။ ခင်လေးသည် ဗိုက်နာမှာစိုးတယ်ဆိုကာ ရေချိုးသွားပြီး ကော်ဖီ သွားဖျော်သောက်သည်။

"ခင်လေး ဆာရင် ဘီစကစ်မုန့်ယူစား" ဟု သဘောထားကြီးသော မလှွင်က သူ့ ဘီစကစ်မုန့်ထုပ်ကို လှမ်းပေးသည်။

"ခင်လေးက ဘီစကစ်ဆို သံဘူးနဲ့မှ ကြိုက်တယ်"

မလွှင်က ကုန်ပဒေသာဆိုင်ကဝယ်လာသော အကျိုးအကြေများသည့် ဘီစကစ်မုန့်ထုပ်ကို မျက်နှာမပျက် ပြန်သိမ်းလိုက်နိုင်သော်လည်း နွဲ့မူတို့လူသိုက်မှာ အံတကြိတ်ကြိတ် ဖြစ်ကြရလေသည်။

www.burmeseclassic.com



ကျောင်းသူလေးယောက် စုနေရသောအခန်းထဲမှာ စရိုက်အမျိုးမျိုးတော့ ရှိသည်ပင်။ တစ်ခါတစ်ရံ ကလေးများလို ရန်ဖြစ်ကြ၊ ငြင်းခုံကြသည့်အခါလည်း ရှိသည်။ စည်းစည်းလုံးလုံး ပျော်ပျော်ပါးပါး နေသည့်အခါ နေသည်။ များသောအားဖြင့်တော့ မိသားစုနှင့် ဝေးရာမှာ တစ်ယောက်နှင့်တစ်ယောက် ခင်မင်တွယ်တာစွာ နေတတ်ကြပြီ။

ခင်လေးသည် သူတစ်ဖက်သားအပေါ် စကားကြီးစကားကျယ်ဖြင့် စီးပိုး အနိုင်ယူတတ်သည်ကလွဲလျှင်တော့ ခင်မင်စရာ ကောင်းတာလေးတွေလည်း ရှိပါသေးသည်။ ခင်လေးက စာတော်သည်။ သူတော်သည့်အတိုင်း သူတစ်ပါးကိုလည်း တော်စေချင်သည်။ သူတတ်သမျှ မှတ်သမျှကို စိတ်ရှည်လက်ရှည် ပြန်သင်ပြပေးတတ်သည်။ တစ်စုံတစ်ယောက် နေထိုင်မကောင်းလျှင် ကိုယ်ဖိရင်ဖိ ပြုစုပေးတတ်သည်။

မည်သို့ပင်ဖြစ်စေ အနယ်နယ်အရပ်ရပ်မှ လာရောက်စုဝေး နေထိုင်ရသည်မို့ တစ်ယောက်နှင့်တစ်ယောက် အကောင်းအဆိုး ဟူသမျှကို သည်းခံကာ ပေါင်းသင်းနေကြရသည်ပင်။

+ + +

'ခင်လေးမှာ သူသာ ပြည့်စုံတယ်၊ သူသာ အကောင်းသုံးတယ်၊ သူ့ မိသားစုဟာ အဆင့်အတန်းမြင့်တယ်လို့ ဂုဏ်ယူကြွားဝါတတ်တာ ခက်တယ်ကွာ။ ဒီအကျင့်ကိုပြင်လိုက်ရင် ပေါင်းလို့ သင်းလို့ ကောင်းမယ်'

သူငယ်ချင်းများက ကွယ်ရာမှာ ဝေဖန်ကြသည်။ ခင်လေးကတော့ သူ့ အမှားကိုလည်း သူ မြင်ဟန်မတူ။ မှားသည်ဟုလည်း ယူဆပုံမရ။ အပြောက အမြဲတမ်းပိုစမြဲ။ တစ်ပါးသူကို နားသာခက်စေမြဲ။

တစ်ခါ တစ်ခါတော့လည်း သူ့ကို ရှင့်လွှတ်ထားရသည်။ တစ်ခါတစ်ရံတော့လည်း ဒေါသဖြစ်ကြရသည်။

www.burmeseclassic.com



တစ်ခါက အတန်းထဲက သူငယ်ချင်း ဝင်းဝင်းဆီသို့ သူ့အမေ လာလည်သည်။ အညာရပ်မှလာသူများမို့ အဆင်အပြင် အပြောအဆို အနေအထိုင်က အညာဆန်သည်။ ရုပ်ရည်က ကြမ်းတမ်းသည်။ ပွင့်လင်းရိုးသားမှု၊ မသိနားမလည်မှုကလည်း တက္ကသိုလ်ကျောင်းဆောင်သူတွေကြားမှာ ရယ်စရာဖြစ်နေသည်။ သို့သော် သူငယ်ချင်းတစ်ယောက်၏ အိမ်မှ လာလည်သည် ဆိုလျှင်ပင် ကျန်လူများကလည်း ကိုယ့်မိဘအဆွေမျိုး လာသလိုပင် ဝမ်းသာပျော်ရွှင်စွာ ဝိုင်းအုံကြမြဲ။

ခင်လေးကတော့ ဘောဖွဲ့၍ ထွက်နေသည်။

ဝင်းဝင်းက သူ့အမေကို အခန်းဖော်သူငယ်ချင်းတွေနှင့် တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။ ခင်လေးသည် သူ့အလှည့် မရောက်ခင် နေရာမှ ထသွားလေသည်။ ပြီးတော့ တစ်ဖက်ခန်းမှာ အတင်းသွားပြောသည်တဲ့။

'ဘယ်လိုပုံတွေမှန်းလဲ မသိပါဘူးကွာ၊ တောပုံတွေ၊ ကြည့်လို့ကို မရဘူး'

ဝင်းဝင်းက ပြန်ကြားတော့ မကျေမနပ်ဖြစ်ရသည်။

'အားလုံး နယ်ကလာတဲ့သူတွေချည်းပဲ၊ သူကတော့ ဘာမို့လဲ၊ ဒီလောက်တောင် ကြီးကျယ်ဖို့ မလိုပါဘူး'

ဝင်းဝင်းသည် ထိုအချိန်မှစ၍ ခင်လေးကို စကားမပြောတော့။ မိဘနှင့်ပတ်သက်၍ အစော်ကားခံရတော့ ဝင်းဝင်းက နာကျည်း၍မဆုံး။ အသက်အကြီးဆုံး မလွင်ကတော့ တစ်ယောက်နှင့်တစ်ယောက် ခွင့်လွှတ်သည်းခံဖို့ အမြဲပဲ ဆုံးမလေသည်။

'သူ့ကို တစ်နည်းနည်းနဲ့ ဆုံးမမှပဲရမယ် မလွင်၊ သူငယ်ချင်းလို့ စိတ်ထားလို့ကို မရဘူး။ မနေ့က နွဲ့မူမှာ ကော်ဖီမှုန့်ကုန်နေလို့ ကော်ဖီတစ်ဇွန်းလောက်ချေးပါ၊ မနက်ပြန်ဝယ်ပြီး ပြန်ပေးမယ်ပြောတော့ အချေးအငှား ဝါသနာမပါလို့ ယူလိုက်ပါတဲ့၊ တကယ်ဆို သူငယ်ချင်းချင်းပဲကွာ၊ ချေးမနေနဲ့ ယူသောက်ပါလို့ပြောရင် ဘယ်လောက် နားဝင်ချိုမလဲ'

'အပြောမတတ်တာပါ နွဲ့မူရယ်'

www.burmeseclassic.com



“လွန်တယ် မမလွင်၊ နွဲ့မှုရဲ့ နီလာကျောက်ကိုလဲ သေသေချာချာကြည့်ပြီး ရှိုင်းလိုက်တာတဲ့၊ သူတို့ကတော့ လက်ဝတ်တန်ဆာဆိုရင် စိန်နဲ့ ရွှေပဲဝတ်တတ်တယ်တဲ့၊ သူ့မှာဖြင့် စိန်နားကပ်သေးသေးလေးတစ်ရံတည်း ရှိတာချား”

မမလွင်က ပြုံးနေသည်။ မမလွင်သည် နွဲ့မှုတို့ထက် အလွန်ဆုံးကြီးလှမှ သုံးနှစ်လောက်သာ ရှိမည်။ သို့သော် တည်ငြိမ်ရင့်ကျက်လွန်းသည်။ ဘာမဆို သည်းခံသည်။

“ခင်လေးဟာ တစ်ချိန်ကတော့ ချမ်းသာတဲ့ မိဘက မေါက်မွှားခဲ့တယ်နဲ့ တူပါတယ် နွဲ့မှုရယ်၊ ခုချိန်မှာတော့ သူ့မိဘတွေလဲ စီးပွားပျက်နေပုံပါ၊ အထည်ကြီးပျက် ဆိုတာမျိုးပေါ့၊ သူ့လိုလူမျိုးက အမှန်အတိုင်းရင်ဆိုင်ရမှာ ဝန်လေးတတ်ဆုံးပဲ၊ အမှန်ကို ဖုံးကွယ်ဖို့ကြိုးစားရင်း အဲဒီလို ဖြစ်လာတာ”

နွဲ့မှုကတော့ မမလွင်စကားကို နားမလည်လှပေ။ မမလွင်က မက်ထရစ်ကို အခေါ်ခါ ကျပြီးမှ တက္ကသိုလ်ရောက်လာရသဖြင့် အသက်ကြီးနေရခြင်း ဖြစ်သည်။ မမလွင်သည် သိုသိုသိပ်သိပ် နေတတ်သည်။ တစ်ခန်းလုံးကို ညီညွတ်မျှတအောင် ထိန်းသိမ်းပေးသည်။

သည်လိုနှင့်ပဲ နွဲ့မှုတို့တစ်တွေ တက္ကသိုလ်နယ်မြေမှာ တစ်နှစ်တာ ခရီးကို ဖြတ်သန်းခဲ့ကြ၏။ စာမေးပွဲတွေလည်း ဖြေရတော့မည်။ ကျောင်း ပိတ်တော့မည်။ နွဲ့မှုတို့လည်း စာမေးပွဲအတွက် ပြင်ဆင်ကြသည်။

ထိုအချိန်မှာပင် စာတစ်စောင်ကို နွဲ့မှု ရရှိခဲ့သည်။ နွဲ့မှု အမေထံမှ ဖြစ်၏။ နွဲ့မှုတို့က မြို့မှာနေသည်။ ခင်လေးတို့က ရေးကျေးဝတီမှာ နေသည်။ တစ်ရပ်တည်းက လာသူများဟုလည်း ဆိုနိုင်၏။

သမီးနွဲ့မှု

သမီးသိအောင် ရေးလိုက်ရတာ။ မနေ့ကလာ သမီးသူငယ်ချင်း ခင်လေးရဲ့အမေ ဒေါ်ပျော်ဝတီက လူကြုံနဲ့ စာတစ်စောင်ပေးလိုက်တယ်။ အငှမတန်အကျပ်အတည်းဖြစ်နေလို့ ကူညီတဲ့နေနဲ့ ရွှေတစ်ရာ ချေးလိုက်ပါတဲ့။ သမီးသူငယ်ချင်း ခင်လေးရဲ့ အမေပါတဲ့။ အမေလဲ

လူချင်းမမြင်ဘူးနေနဲ့ သမီးတို့ချင်း သူငယ်ချင်းဆိုလို့ အခင်မင်မပျက်အောင် ချေးလိုက်တယ်။ ယခုလ တစ်ခါလာတယ်။ အလွန်အခက်အခဲတွေ့နေလို့ပါတဲ့။ တစ်ရာ ထပ်ချေးပါဦးတဲ့။ ယခင်တစ်ရာတော့ ဆုံးချင် ဆုံးပေစေဆိုပြီး ပေးလိုက်တာ။ ယခု တစ်ခေါက်တော့ မပေးလိုက်ဘူး။

သမီးတို့ လူငယ်အချင်းချင်း အပေါင်းအသင်းပျက်သွားမလား၊ အမေ စိုးရိမ်တယ်၊ သမီးသိအောင် ပြောထားတာပါ။

အမေ့စာက တခြားအကြောင်းတွေကို ဆက်ရေးသည်။ နွဲ့မှုကတော့ သည်စာပိုဒ်ကိုပဲ ထပ်တလဲလဲ ဖတ်နေမိသည်။ မြသော် ခင်လေး၊ သူတစ်ပါးအပေါ် စိုးပိုးအနိုင်ယူတတ်သည့် ခင်လေး၊ ခင်လေးကို သင်ခန်းစာ ကောင်းကောင်း ပေးချင်သည်။ သည်စာကို ခင်လေးကို ပြလိုက်လျှင် ဘယ်လိုနေမလဲ။ တောင်လျှားသမျှ မာနတရားတွေ ဦးကျိုးသွားလေမည်လား။

\+ \+ \+

'လာ နွဲ့မှု၊ မလွင် စောင့်နေတာ၊ မြန်မြန်လာ၊ နောက်ကျနေမယ်'

မလွင် အဆွယ်ကောင်းသဖြင့် နွဲ့မှုသည် ဘုရား တရားကို စိတ်မပျက် ကြည်ညိုတတ်လာသည်။ မလွင်က 'တို့များ အဆောင်မှာ အတူနေကြတာ ခရစ်ယာန်တွေက တနင်္ဂနွေနေ့တိုင်း ချပ်ချ် မှန်မှန်သွားတယ်၊ မွတ်ဆလင်တွေလဲ ဝါတွင်း ဥပုသ်စောင့်ကြတယ်၊ တို့ဗုဒ္ဓဘာသာ မိန်းကလေးတွေက ဘာမှမလုပ်ဘူး။ ရှက်စရာကောင်းတယ်၊ ဘုရားဝတ်တက် မပျက်စေနဲ့' ဟု သတိပေးသည်။

စနေနေ့တိုင်း အဆောင်မှာ ဓမ္မစကြာရွတ်ရသည်။

မလွင်ကတော့ ဥပုသ်နေ့တိုင်း တက္ကသိုလ်ဓမ္မာရုံသွားသည်။ နွဲ့မှုက မလွင် အဖော်ရအောင် လိုက်ပါသွားရသည်။

နံနက်စောစောမို့ နှင်းတွေက တဖွဲဖွဲကျဆဲ။ အဓိပတိလမ်းသည် တိတ်ဆိတ် ငြိမ်သက်နေသည်။ ကံ့ကော်ရိပ်သည် အေးချမ်းသာယာလှသည်။

www.burmeseclassic.com



ကျောင်းသူအချို့ ဓမ္မာရုံဆီသို့ ရောက်ရှိလာနေကြသည်။ သည်လိုတော့လည်း ကြည်နူးချမ်းမြေ့ခြင်း တစ်မျိုးကို ခံစားရသည်။

ဓမ္မာရုံရိပ်ကို ဝင်မိတော့ ရင်မှာ ပို၍ အေးချမ်းသွားသည်။ ကျောင်းရိပ်ကန်ရိပ်သည် လူ့လောကအား သောက ဓမ္မာဟာ အပူမီးကို တခဏငြိမ်းအေးစေသည်မှာ အမှန်။

ဘုရားဝတ်တက်သံ၊ ဓမ္မစကြာ ရွတ်သံသည် အရှေ့ဦးမှာ လွင့်ပျံ့နေသည်။ နေရောင်ခြည်ပျို့စမှာ နွဲ့မူတို့ လမ်းလျှောက်ပြန်ခဲ့ကြသည်။

"နွဲ့မူ"

နှင်းရည်စွတ်သော သစ်ရွက်ခြောက်တွေပေါ် မြနှင်းရင်း မလွင်က တိုးတိုးခေါ်သည်။

"ဘာလဲ မလွင်၊ ဘာပြောမလို့လဲ"

"မနေ့က နွဲ့မူ အိမ်က ရေးလိုက်တဲ့စာကို ခင်လေးကို မပြလိုက်ပါနဲ့ကွယ်"

နွဲ့မူ ငိုင်သွားသည်။

မနေ့က စာဖတ်ပြီးပြီးချင်း ထိုစာကို မလွင်ကို ပြခဲ့သည်။ သည်မနက် တခြားသူငယ်ချင်းတွေကို ပြမည်။ ပြီး အလွန်အပြောကြီးပြီး သူတစ်ပါးအပေါ် နှိမ့်ချတတ်သော ခင်လေးကို ပြလျှင် ဘယ်လိုနေမလဲ စောင့်ကြည့်ချင်သည်။

"မပြနဲ့နော် နွဲ့မူ၊ မလွင်တို့ ဗုဒ္ဓဘာသာတရားဟာ အင်မတန်သိမ်မွေ့နူးညံ့ပါတယ်။ ပျော့ညံ့တာမဟုတ်ဘူးနော်၊ နူးညံ့ခြင်းနဲ့ အခက်ခဲဆုံးသော ခိုင်မာမှုကို ရယူနိုင်စွမ်းရှိတာ၊ နွဲ့မူ စဉ်းစားကြည့်၊ ခင်လေးဟာ မရှုံ့ကျက်သေးဘူး၊ သူ့မိသားစုရဲ့ ယှိုင်နဲ့နေတဲ့ အခြေအနေကို ဖုံးကွယ်ရင်း ဟန်ဆောင်နေတာ။ သူ့ကို ပြိုင်ပြီး အနိုင်ယူဖို့ဆိုတာ မခဲယဉ်းပါဘူး"

နွဲ့မူ စဉ်းစားနေသည်။ မလွင်သည် သည်စကားကို ပြောချင်လို့ သည်အချိန်အထိ စောင့်ခဲ့လေသလား။ တရားဓမ္မ၏ အရိပ်မှာ အေးငြိမ်းခိုက် အချိန်ကို တမင်ရွေးခဲ့လေသလား။

www.burmeseclassic.com



"သူ့ကိုပြန်ပြီး လက်စားချေဖို့၊ သူ နာသာခံစက်အောင် လုပ်ဖို့ဆိုတာ နွဲ့မှုအတွက် လွယ်ပါတယ်၊ ခွင့်လွှတ်ဖို့သာ ခက်တယ်မဟုတ်လား၊ ခက်ခဲတာကို လုပ်နိုင်တာ သတ္တိပါ၊ ပြီးတော့ အကျိုးမရှိတာကို မလုပ်တာဟာလဲ မှန်မြတ်ပါတယ်၊ ခုတလော ခင်လေး ငြိမ်နေတာ သတိထားမိလား"

မလွှင်ပြောမှ နွဲ့မှု စဉ်းစားမိသည်။ ယခုတလော ခင်လေး သိပ်စကားမပြောပေ။ တသဲကြီးစားကြည့်နေသည်။ နွဲ့မှုတို့က စိတ်ရှုပ်ပေါက်၍ မပြောဘဲနေခြင်းကြောင့် သူ မပြောခြင်းဟု မှတ်ထင်ခဲ့သည်။

"ဟုတ်တယ်၊ သူ စိတ်ညစ်နေတယ်၊ အိမ်က ငွေမလာလို့ ကျောင်းလခလဲ မသွင်းရသေးဘူး၊ ဒီစာကိုမြင်ရရင် သူ ပိုစိတ်ဆင်းရဲမှာပဲ၊ စာမေးပွဲ မဖြေနိုင်ဘဲနေမယ်၊ သူတစ်ပါးအကျိုးယုတ်မဲ့ အလုပ်ကို ဘာလို့လုပ်မလဲ ညီမရယ်"

နွဲ့မှု ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"နွဲ့မှု သဘောပေါက်ပါတယ်၊ နွဲ့မှု သူ့ကိုလဲ မပြောဘူး၊ ဘယ်သူ့ကိုမှလဲ မပြောတော့ပါဘူး"

"ဝမ်းသာလိုက်တာ နွဲ့မှုရယ်၊ ခင်လေးလဲ အရင်ကလောက် မဆိုးတော့ပါဘူး၊ မလွှင်ကို အခြေအနေမှန်တွေ ပြောပြတယ်လေ၊ မလွှင်ကလဲ တဖြည်းဖြည်း တဖြည်းဖြည်း လူတွေအပေါ် သူ့ ပြုမူဆက်ဆံပုံ ပြောင်းလဲလာအောင် မသိမသာ လမ်းကြောင်းပေးနေတာပါ၊ တို့တွေ ကျောင်းမှာဆုံရတာ တဒင်္ဂပါကွယ်၊ လူ့ဘဝ သက်တမ်းနဲ့စာရင် ခဏလေးပါ"

"ဟုတ်ကဲ့၊ နွဲ့မှု နားလည်ပါပြီ"

နွဲ့မှု၏ စိတ်ထဲမှာလည်း ပေါ့ပါး ရှင်းလင်းသွားသည်။ ညကတော့ သည်စာကိုပြလိုက်လျှင် ခင်လေးမျက်နှာ ဘယ်လိုပြောင်းလဲသွားမလဲဆိုတာ သိချင်စိတ်တွေ လျှံတက်နေခဲ့သည်။ တကယ်တော့ ထိုစိတ်သည် မလိုလားအပ်သော စိတ်ပါတကား။ အလွန် ယုတ်ညံ့လှပါကလား။

\+ \+ \+

www.burmeseclassic.com



ဆယ်ငါးနှစ်မျှ ကြာခဲ့ပြီ။

နွဲ့မူသားကြီးကို ကျောင်းအပ်ဖို့ကိစ္စနှင့် ဆရာမကို ဝင်တွေ့တော့ ခင်လေး ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရသည်။ နွဲ့မူကို လိုက်လံပျူငှာစွာ ဆီးကြိုပြီး လိုအပ်တာမှန်သမျှ စိတ်ပါလက်ပါ လုပ်ပေးသည်။ အပြော ကလည်း ချိုပါဘိ။

'စမူပဲ ရင်ထဲပေါ့သွားတယ် သူငယ်ချင်းရယ်၊ ကိုယ်ဖြင့် အခဲမှ ပြေပါ့မလားလို့၊ သူငယ်ချင်းကို ကျေးဇူးတင်လိုက်တာ'

'မလိုပါဘူး သူငယ်ချင်းရယ်၊ ကိုယ်လဲ မင်းကို တွေ့ချင်နေတာ၊ ဘယ်မှာနေမှန်း မသိလို့၊ ခုလို ကူညီခွင့်ရတာ သိပ်ဝမ်းသာတာပဲ၊ ဒီထက်မက ကိုယ်လုပ်ပေးချင်ပါတယ်၊ မင်းကျေးဇူးတွေ ကိုယ့်မှာရှိပါတယ်'

ရုတ်တရက်တော့ နွဲ့မူ ငိုင်သွားသည်။ ခင်လေးမျက်နှာကို ကြည့် လိုက်တော့ မျက်လုံးများက တစ်စုံတစ်ခုကို ရည်ညွှန်းနေသယောင်ပင်။

ခင်လေးက သူ့အိမ်ထောင်အကြောင်း အကျဉ်းချုံး၍ ပြောပြသည်။ ခင်လေးမှာ အလုပ်တာဝန်တွေ ပိုင်းပိုင်းလည်နိုင်မို့ စကားကြာကြာမပြောဘဲ ပြန်ခဲ့ရသည်။

နွဲ့မူမှာလည်း အလွန် ခက်ခဲမည်ထင်သော အလုပ်တစ်ခု အောင်မြင် ခဲ့၍ စိတ်လက်ပေါ့ပါးသွားသည်။ ပြီးတော့ တည်ငြိမ်ရင့်ကျက်သော ခင်လေး ကို မြင်ယောင်သည်။ သူပြောသော စကားကိုလည်း ကြားယောင်သည်။

'မင်း ကိုယ့်အပေါ်ညာခဲ့တာတွေ ကိုယ်သိပါတယ်' တဲ့။

နွဲ့မူ၏ စိတ်ကို တခဏမျှ ထိန်းချုပ်ထားနိုင်ခဲ့ရသော စေတနာသည် လူတစ်ယောက်အပေါ် သည်မျှ အကျိုးသက်ရောက်စေခဲ့ပါလားဟု ယခု မှပင် သိရလေတော့သည်။

[တက္ကသိုလ်ဓမ္မာရုံ ရွှေရတုမဂ္ဂဇင်း ။ ။ မေ၊ ၁၉၈၅]

www.burmeseclassic.com

# ဘိရှော့ဟုမ်း နှင့် ဒေဝီ

နံနက် လေးနာရီထိုးကတည်းက မစန်းမြင့် အိပ်ရာက နိုးနေသည်။ အခါတိုင်းလည်း နံနက်ငါးနာရီဆို နိုးနေကျ။ သည်ကနေ့တော့ ပိုပြီး ဝီရိယကောင်းစွာ အိပ်ရာထသည်။

'အစောကြီးရှိသေးတယ် မဟုတ်လား စန်းရဲ့၊ ဘာထ လုပ်ဦးမလို့လည်း'

ဘေးမှာအိပ်နေသော ခင်ပွန်းဖြစ်သူ ကိုတင်အေးက စိတ်မရှည်သံ တစ်ဝက်၊ ဟန့်တားသံတစ်ဝက်ဖြင့် ပြောလိုက်သည်။ ကိုတင်အေး ညစောစော အိပ်တတ်သူမဟုတ်။ ရုံးမှာ ဘယ်လောက်ပဲ ပင်ပန်းခဲ့သည်ဖြစ်စေ ညရောက်လျှင် စာတစ်ပုဒ် နှစ်ပုဒ်မျှ မဖတ်ရဘဲ အိပ်မပျော်တတ်။ တစ်ခါတစ်ရံ လုံးချင်းဝတ္ထုကောင်းကောင်းရလျှင် ညဉ့်နက်သန်းခေါင် တိုင်အောင် ဖတ်တတ်သည်။ ပြီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်သည်။

ထို့ကြောင့် နံနက်စောစော အိပ်ရာကနိုးလေ့မရှိသူ၊ အိပ်ရာက မနိုးခင် လှုပ်လှုပ်ရွရွ ဆူဆူညံညံလုပ်လျှင်လည်း မကြိုက်။ မစန်းမြင့်က ကလေးတွေ ကျောင်းသွားဖို့အတွက် ညင်သာစွာ လှုပ်ရှားပြင်ဆင်ရသည်။

www.burmeseclassic.com



ယခုလည်း သတိထားပြီး လှုပ်ရှားသည့်ကြားက ကိုတင်အေးက နှိုးဖြစ်အောင် နိုးသွားသည်။

"ဒီနေ့ ကလေးတွေ စာမေးပွဲရှိလို့ပါ"

မစန်းမြင့်က တိုးတိုးပြောပြီး ခြင်ထောင်အပြင်ဘက် ထွက်၏။

"ညကလဲ သူတို့ စာကျက်သားပါကွာ၊ မနိုးပါနဲ့၊ အိပ်ရေးဝဝ အိပ်ပါစေ"

"မနိုးပါဘူး၊ ထမင်းချက်မလို့"

ခပ်မြန်မြန်ပြောပြီး မီးဖိုချောင်ဘက်သို့ ခြေလှမ်းလေသည်။

ကလေးတွေက အိမ်ရှေ့စည့်ခန်းကို ရှင်းလင်းပြီး ခြင်ထောင် တစ်လုံးဖြင့် အိပ်နေကြသည်။

"စာမေးပွဲက ဘယ်အချိန်လဲ"

မျက်စိကြောင်သွားဟန်တူသော ကိုတင်အေးက လှမ်းမေးနေပြန်သည်။ ဒီနေ့မှ သင်းက အအိပ်ဆတ်နေလိုက်တာဟု မစန်းမြင့်က စိတ်ထဲက ရေရွတ်မိ၏။

"ဆယ်နာရီ"

ခပ်ပြတ်ပြတ်ပင် ဖြေလိုက်ရ၏။ တကယ်တော့ ဆယ်နာရီခွဲခန့်မှ စာမေးပွဲစမည်။ သို့သော် ကိုးနာရီခွဲခန့် သွားရမည်။ ထမင်းချိုင့်ထည့်သွားရမည်။ နှစ်ဘာသာဖြေရမည်ဆိုတော့ တစ်နေကုန်ထိုင်စောင့်ရမည်။ စာမေးပွဲရက်တွေမှာ လိုက်စောင့်ပေးရတာ အစဉ်အလာ ဖြစ်နေခဲ့ပြီ။

သည်ရက်မှာမှ ကျောင်းမလိုက်လျှင် ကလေးတွေ မျက်နှာမကောင်း တတ်ကြ။ ကျောင်းကြီးသည့်ကားကလည်း စာမေးပွဲရက်ဆိုလျှင် တခြား ကျောင်းနှင့် အချိန်တိုက်ပြီး မှန်မှန်လာမကြိုတတ်။ ထို့ကြောင့် သည်ရက်မှာ ကျောင်းကို မလိုက်မဖြစ် လိုက်ရမည်။

"ဆယ်နာရီမှ ဖြေရမှာများကွာ၊ ခုမှ လေးနာရီ ရှိသေးတယ်၊ ခါတိုင်းလည်း ရှစ်နာရီ ကျောင်းသွားကြတာ၊ ခါတိုင်းအချိန်ဆို မီတာပါပဲ"

www.burmeseclassic.com



ကိုတင်အေးသည် မကျေမနပ်မြည်တွန်ရင်း သူ့ပါ ခြင်ထောင်အပြင် ထွက်ကာ စားပွဲပေါ်မှ ဆေးပေါ့လိပ်ကို ကောက်ဖွာလေသည်။ သူသည် နံနက်စောစော အိပ်ရေးဝဝ မအိပ်ရလျှင် စိတ်တိုတတ်သည်။

‘အို၊ လုပ်စရာတွေရှိလို့ပေါ့’

မစန်းမြင့်သည် ခပ်ဆတ်ဆတ်ပြန်ပြောပြီး ‘ဟင်းက မနက်ညချက်သွားရမှာ၊ ရုံးအတွက်လည်း ထားခဲ့ရမှာ၊ အိမ်မှာလည်း ရှင်းလင်းလျှော်ဖွပ်ခဲ့ဦးမယ်’ဟု ဆက်ပြောလိုက်သည်။

‘စာမေးပွဲရက် မလျှော်အားလည်း နောက်နေ့မှ လျှော်ပေါ့ကွာ’

အိမ်မှာ ကိုယ်ခွဲမရှိ၍ မစန်းမြင့် ပင်ပန်းတာတော့ ကိုတင်အေး သိပါသည်။ တစ်ခါ တစ်ခါတော့လည်း ဇနီးမကို သနားသည်။ ရသမျှ လခလေးနှင့် လောက်အောင်သုံးတာ အဝတ်လျှော်ခကိုပင် ပေးရမှာ နှမြောသဖြင့် လူမငှားဘဲ ကိုယ်တိုင် လျှော်သည်။

ကလေးသုံးယောက်ကိစ္စဖြင့် ဂျင်ချာလည်ပြီး သူ့ကိုယ်သူပင် ဖြီးလိမ်းပြင်ဆင်ဖို့ အချိန်မရတော့တာ။ တစ်ခါတစ်ရံ ကိုတင်အေးက သနားသဖြင့် သက်မှ သက်သာစေတော့ရယ်လို့ ကိုယ့်လုံချည်လေး၊ အင်္ကျီလေး ကိုယ့်ဘာသာ လျှော်ပြန်တော့လည်း ဆပ်ပြာနံ့မစင်ဘူးဆိုကာ သူကိုယ်တိုင် ပြန်လျှော်သည်။ ထို့ကြောင့် နောက်တစ်ခါ ကူညီဖို့ စိတ်မကူးတော့။ မစန်းမြင့် ဘာမှ ပြန်မပြောတော့ဘဲ မီးဖိုထဲဝင် ရေနွေးအိုးတည်သည်။ ထမင်းအိုးဆေးသည်။ ‘အစ်ကို ပြန်အိပ်ချင် အိပ်ပါလား’ဟု ချိုချိုသာသာ ပြန်ပြောကာ တစ်ယောက်တည်း လှုပ်ရှားနေသည်။

ကိုတင်အေးလည်း စောင်ခေါင်းမြီးခြုံကာ ပြန်အိပ်ပျော်ဖို့ ကြိုးစားရသည်။

သည်အချိန်အတန့်မှာပင် ရိုးသားသော ဇနီးမယားအကြောင်းကို တွေးနေမိသည်။

www.burmeseclassic.com



မစန်းမြင့်သည် အထက်တန်းလွှာမှ ဆင်းသက်လာသူ မဟုတ်။ မိခင်နှင့်အတူ နယ်မှ ရန်ကုန်ပြောင်းလာပြီး တာမွေမှာ အိမ်လေးတစ်လုံး ငှားကာ အမေကြီးက ဈေးရောင်းသည်။ မစန်းမြင့်က အပ်ချုပ်သင်တန်း တက်သည်။ ကိုတင်အေးလည်း နယ်မှ ကျောင်းလာတက်ပြီး ရန်ကုန်မှာ ခြေချဖို့ ကြိုးစားခဲ့ရသူတစ်ယောက်ပါပဲ။ သို့သော် ကိုတင်အေးကတော့ ခေတ်နောက်မကျလှသော မြို့လေးတစ်မြို့မှ အသင့်အတင့် ပြည့်စုံသော မိဘများက ဆင်းသက်သည်။ တက္ကသိုလ်တွင်ရသည်အထိ ပညာသင်ရသည်။ ပြီးတော့ အထိုက်အလျောက် ရာထူးလေးလည်း ရခဲ့သည်။

ကိုတင်အေးလို အရာရှိငယ်တစ်ယောက်က ရိုးရိုးအေးအေး မစန်းမြင့်လို မိန်းကလေးကိုယူတော့ ပတ်ဝန်းကျင်က နည်းနည်းတော့ အံ့သြကြသည်ပင်။ သို့သော် မစန်းမြင့်သည် ရိုးဂုဏ်ရှိသူ၊ တက္ကသိုလ်ပညာ မတတ်သော်လည်း လူမှုရေးရာနားလည်သူ၊ သူ့နေရာနှင့်သူ အလိုက်အထိုက် ဝင်ဆန့်အောင်နေတတ်သူ၊ ပြီးတော့ ရုပ်ရည်အားဖြင့်လည်း ယဉ်ကျေး ပြေပြစ်သူ။

ကိုတင်အေးက သူငယ်ချင်းမိသားစု၏ အိမ်မှ ရုံးတက်ရင်း တစ်လမ်းတည်းနေ မစန်းမြင့်ကို မြင်တွေ့ စုံမက်ခဲ့သည်။ များမကြာမီ မစန်းမြင့် မိခင်ကြီးဆုံးသွားတော့ သနားစိတ်ပိုကာ လက်ထပ်ယူခဲ့သည်။

တခြား မိန်းမသားဆိုလျှင်တော့ သည်လောက်ကျပ်တည်းတဲ့အခါမှာ လင်ယောက်ျားကို နားပူနားဆာ လုပ်ကြမှာပဲ။ မစန်းမြင့်က သူ့ဘဝသူ နားလည်သူ။ အိမ်ထောင်တာဝန်တွေဖြင့် မအားသည့်ကြားက ဝင်ငွေလည်း နည်းနည်းပါးပါးရအောင်ဆိုပြီး ရပ်ကွက်ထဲက ပုဆိုးလေးအစ ဟိုဟို သည်သည် ချုပ်ထည်လေးတွေကိုလည်း လက်ခံကာ စက်နင်းလိုက်သေးသည်။

မီးဖိုချောင်ထဲမှ မစန်းမြင့် အသံဗလံများကို နားစွင့်ရင်း အတွေးပြတ်ကာ ပြန်လည်အိပ်ပျော်ရပြန်၏။ ခုတင်ပေါ်မှ မီးချောင်း ဖျပ်ခနဲ

www.burmeseclassic.com



ပြန်လင်းလာသည့် အချိန်တွင်တော့ နံနက်ခုနစ်နာရီထိုးပြီး မစန်းမြင့်လည်း မှန်ရှေ့ထိုင်ကာ အလှပြင်နေလေပြီ။

'အလို၊ ငါ့မိန်းမ သည်ကနေ့ စိတ်လိုလက်ရ အလှတွေ ဘာတွေ ပြင်လို့ပါလား'

ဆံပင်မတိုမရှည်ကို နောက်တွင်စုသိမ်းပြီး ဆံညှပ်ကြီးကြီး တန်းချောင်းဖြင့် အလွယ်တကူ ညှပ်ကာ အပြင်သွားတော့မည်ဖြစ်သော မစန်းမြင့်ကို သည်မနက် ထူးထူးခြားခြား ဆံပင်နောက်မှာချကာ ဆံညှပ် လှလှဖြင့် သိမ်းညှပ်ထားသည်ကို ဦးစွာ သတိပြုမိ၏။ တလောကပင် ဘာစိတ်ကူးရ သည်မသိ၊ ဆံပင်ကောက်ချင်သည်ဟုဆိုကာ မတိုမရှည် ညှပ်ကောက်ခဲ့ သည်။ သိပ်အကြည့်ရဆိုးအောင်တော့ မလုပ်နဲ့ကွာဟု သူ ပြောခဲ့သည်။ ယခုတော့လည်း ပို၍ ကြည့်ကောင်းလာသလို သူ ထင်မိ၏။

'အစ်ကို့သမီးက ပြောတယ်၊ ကျောင်းကိုလာရင် တောသူကြီးလို လုပ်မလာပါနဲ့ လှလှပပ ပြင်ဆင်လာပါတဲ့၊ သူ့ သူငယ်ချင်းအမေတွေက သိပ်လှကြတာတဲ့'

'ဟေ'

ကိုတင်အေး အံ့သြမိသည်။ ဒါကြောင့် သူ့မိန်းမ ဝီရိယကောင်းစွာ စောစောစီးစီးထပြီး အလှပြင်နေတာကိုး။

'ဟုတ်တယ် အဖေရဲ့၊ မေမေကလေ ကျောင်းကိုလာရင် ဘယ်တော့မှ လှလှဝတ်မလာဘူး၊ ဒါကြောင့် သမီးက လှလှလေးဝတ်လာဖို့ ပြောတာ'

သမီးလေးက အိပ်ရာမှ ထလာပြီး ပြောနေသေး၏။ ကိုတင်အေးက ကလေးသုံးယောက်လုံးကို ဘီစျေးဟုမ်းဟု ခေါ်ကြသော နာမည်ကြီး မူလတန်းကျောင်းမှာ ထားခဲ့သည်။ အသင်အပြကောင်း၍ စာမှာနာမည်ကြီး သလို မျက်နှာကြီး မိဘများကြောင့် အပြိုင်အဆိုင် ဝတ်စားကြရာမှာလည်း နာမည်ကြီးသည်။ သားကြီးက လေးတန်းအောင်ပြီး ကျောင်းပြောင်းသွားပြီ။

www.burmeseclassic.com



သည်တုန်းက မစန်းမြင့်မှာ ကလေးအငယ်တွေဖြင့် မအားနိုင်၍ အရေးကြီးသော နေ့ရက်များတွင် ကျောင်းပို့ ကျောင်းကြိုကိစ္စကို သူပဲ လုပ်ပေးခဲ့သည်။ ယခု သမီးအလှည့်မှာ သူ့အမေကိုယ်တိုင် လိုက်သည်။

"ဟုတ်တယ် အစ်ကိုရဲ့၊ သူတို့ကျောင်းက ကလေးအမေတွေက လေ အပျိုကတောင် အရှုံးပေးရတယ်၊ ပြင်ဆင်ထား ဝတ်စားထားလိုက်တာများ အစ်ကိုရယ်"

ယခု တစ်နှစ် နှစ်နှစ်အတွင်းမှာ မစန်းမြင့် ဝတ်ပုံစားပုံ ပြောင်းလဲလာတာကို ကိုတင်အေး ပြန်လည်စဉ်းစားမိလာသည်။ သူလည်း ဆော်မှုကြီး ရှိလာတာပဲဟု အောက်မေ့မိခဲ့သည်။ ဪ လက်စသတ်တော့ သမီးရဲ့ ကျောင်းက သင်ပေးတာကိုး။

"မေမေရယ် တစ်ခါလောက် သမီးတို့ကို မေမေ့ရုံးကလာကြိုတဲ့ ကားနဲ့ ကျောင်းလိုက်ပို့ပါလား ဟင်"

"ဟုတ်သားပဲ အစ်ကိုရဲ့၊ သူများတွေက သူတို့ယောကျ်ား ဘယ်ရုံးမှာလုပ်တယ်၊ ဘယ်အရာရှိကြီးဆိုတာ သိပ်ပြောကြတာ၊ ကျွန်မက အဲဒီလိုတော့ မပြောချင်ပါဘူး၊ အစ်ကို တစ်ခါလောက် လိုက်ခဲ့ရင် ပြီးတာပဲ"

ကိုတင်အေး ခေါင်းခါယမ်းပြီး ရေချိုးခန်းသို့ ဝင်ခဲ့သည်။ သားအကြီးကိုတော့ ရုံးသွားရင်း လမ်းသင့်သဖြင့် ကားနှင့် ခေါ်သွားတတ်သည်။ သမီးကျောင်းကိုတော့ မလိုက်ဖြစ်။ ကျောင်းကားနှင့်ပဲ သွားစေရသည်။ ရာထူးအဆင့်တက်ခါစ အခွင့်အရေးကိုလည်း လိုတာထက် ပိုမယူတတ်ပေ။

ရေချိုးခန်းက ထွက်လာတော့ သားအမိတစ်တွေ တောက်တောက်ပပ ဝတ်စားဆင်ယင်ပြီးကြပြီ။ မစန်းမြင့် ခါးက လုံချည်သည် မကြာခင်က မပူဆာစဖူး ပူဆာ၍ ဝယ်ပေးခဲ့ရသော ပါတိတ်လုံချည်ဖြစ်သည်။ ယခုမှ ပိုသဘောပေါက်လာသည်။

www.burmeseclassic.com



'တစ်နေ့ကုန်စောင့်ရမှာဆိုတော့ သားငယ်ကိုပါ ခေါ်သွားမယ်၊ ထမင်းလည်း သုံးယောက်စာထည့်ရမယ်၊ အစ်ကိုတို့ သားအဖနှစ်ယောက် အတွက်က သည်မှာ'

မစန်းမြင့်သည် ထမင်းဘူးများ၊ ချိုင့်များကိုလည်း ပြင်ဆင်နေသည်။ ပလတ်စတစ်ခြင်းက အသစ်၊ ရေဘူး၊ စောင့်နေစဉ် ခင်းထိုင်ဖို့ ပလတ်စတစ် အခင်း၊ ပြီးတော့ ဓာတ်ဘူး။

'မင်းတို့ စာမေးပွဲသွားဖြေတာကလည်း ပျော်ပွဲစားထွက်သလို ပါပဲလား၊ စုံလို့ပါလားကွာ'

'အိုး သူများတွေက နေ့တိုင်း ဒီလိုလာနေကြတာ၊ ကျွန်မတို့က တစ်ခါတလေမှ သွားတာ'

ပြောပြောဆိုဆို မစန်းမြင့်သည် ယခင်တလောက သူ့တာဝန်ဖြင့် မြိတ်သို့ရောက်စဉ် ဝယ်လာသော စတီးထမင်းချိုင့်ကြီး ထုတ်လာသည်။

စာမေးကတော့ ဖြေနိုင်မည် မဖြေနိုင်မည် မသိရ။ သားအမိတစ်တွေ ပြင်ဆင်နေပုံကိုကြည့်ကာ ကိုတင်အေး စိတ်ပျက်လာသည်။ သို့သော် နောက်ဆုံးတော့ အများဆန္ဒအရ သူတို့တစ်တွေကို ရုံးကလာကြိုသော ကားဖြင့် တင်ကာ ကျောင်းရှေ့အရောက် ပို့ပေးခဲ့ရလေသည်။

\+ \+ \+

ဘယ်လိုပဲပြင်ဆင်လာသည်ဖြစ်စေ အများအလယ်မှာ ယှဉ်လိုက်တော့ မစန်းမြင့်မှာ ချိုင်းတို့အလယ်က ကျီးကန်းသဖွယ်ရယ်ပါ။ စာမေးပွဲရက် ဆိုတော့ မိခင်တိုင်းလိုလို လိုက်လာကြတော့ ကျောင်းဝင်းထဲမှာ ဘုရားပွဲတမျှ စည်ကားလှသည်။ ကားတွေ ကျောင်းဝင်းထဲ မဝင်ရလေတော့ ပြည်လမ်းမပေါ် ကားတန်း နှစ်ထပ်သုံးထပ်ဖြစ်နေ၍ ယာဉ်ထိန်းရဲတွေ စောင့်ပေးနေရသည်။ မစန်းမြင့်တို့ သားအမိစီးလာသော ကိုတင်အေး၏ ရုံးကြို

www.burmeseclassic.com



လေးဘီးကားလေးသည်လည်း ကားကြီး ကားငယ်တွေကြား တိုးဝင် မတိုးသာ၍ နီးရာမှာရပ်ပြီး ခပ်သုတ်သုတ်ဆင်းကြရသည်။ သမီးရဲ့ အတန်းက ကလေးအမေတစ်ယောက်တလေမျှ တွေ့မလားဟု ကြည့်သော်လည်း မည်သူမျှ မတွေ့ရ။

ကလေးတွေကော ကလေးအမေတွေပါ မုန့်ဆိုင်တွေမှာ တိုးဝှေ့နေကြသည်။ ကလေးကို ဖြီးခြောက်မှုဆာကော စာဖိသင်သူက သင်နေဆဲ။ ကလေးတွေမှာ ဂါဝန်ဖားဖား၊ ခြေစွပ်ဖိနပ် စသည်များကြောင့် ချွေးစို့သူ ကို့နေကြသည်။

အချိန်နီး၍ ကျောင်းတံခါးပိတ်မှ ကလေးတွေရှင်းသွားပြီး အမေ တွေ၏ ပွဲကို စကြရသည်။ နီးစပ်ရာအုပ်စုအလိုက်ပါလာသည့် အခင်းလေး တွေ ဖြန့်ခင်းပြီး ထမင်းချိုင့်ဖွင့်သူ ဖွင့်လေသည်။ စိန်ရွှန်းချောသက် အဖော်စပ်၍ သွားသူက သွားသည်။ ဝိုင်းဖွဲ့ကာ လက်ဖက်စားသူက စားကြလေသည်။

ခင်ပွန်းသည်အကြောင်း၊ ကားအကြောင်း၊ စိန်အကြောင်း၊ နိုင်ငံခြား သွားသည့် ဆွေမျိုးရင်းချာတွေအကြောင်း၊ အိမ်ဖော်တွေမကောင်းကြောင်း၊ ဟိုမင်းသားနှင့် ဟိုမင်းသမီးအကြောင်း၊ နောက်ဆုံးပေါ် အကျီ၊ လုံချည်စ များအကြောင်း ရောက်တတ်ရာရာပြောရင်း ကလေးတွေပညာရေးအတွက် အချိန်ကုန်မှန်းမသိ ကုန်ခဲ့ရသည်။

မစန်းမြင့်က သူ့ကိုယ်သူ ဘယ်လိုပဲ အဆင့်အတန်းမြင့်အောင် ပြင်ဆင်လာလာ ခြောက် တတ်ခံကိုက ကွဲပြားနေပါကလားဟု တွေးမိ၏။ အစ်ကိုဖတ်တဲ့ စာအုပ်တစ်အုပ်လောက် ဆွဲလာရအကောင်းသားဟု ယခုမှ နောင်တရနေသည်။ ဟိုဘက်က ကလေးအမေတွေက တစ်ကျောင်းတည်း ထွက် ငယ်ပေါင်းကြီးဖော်တွေ ဖြစ်ဟန်တူ၏။ ‘ယူဝင်းစိန်နဲ့ တွေ့သေးလား၊ ဝပြီး လှနေတယ်ဆရာ၊ သူ့ယောကျ်ားကတော့ ဟိုတလောက’ စသည်ဖြင့် သူတို့ချင်း အဓိပ္ပါယ်ရှိသော စကားတွေကို ပြောကြသည်။ မစန်းမြင့်မှာ

www.burmeseclassic.com



ကိုယ့်ထက်သာသူအပေါ် ဝန်တို မစ္ဆရိယစိတ် မရှိတာတဲ့။ သူတို့ပြောတာတွေ အစေ့အသားနားထောင်ပြီး လက်သည်း၊ ခြေသည်းကအစ သပ်သပ်ရပ်ရပ် ခြယ်သနိုင်ကြသော သူတို့၏အလှကို ငေးနေမိသည်။

"ဟော၊ ဟိုညွှာ ဒေဇီမဟုတ်လား၊ ဒေဇီက တော်တော်လှတယ်နော်၊ ဝတ်ထားတော့ ထင်းနေတာပဲ၊ လှလိုက်တာ"

သူတို့စကားကို တိတ်တဆိတ်နားထောင်ရင်း သူတို့ မေးငေါ့ပြရာသို့ မသိမသာ လိုက်ကြည့်မိသည်။ ကလေးအမေတွေထဲမှာ ရုပ်ရှင်မင်းသမီးတမျှ လှသူတွေလည်း ပါသည်ပဲ။ သူတို့ပြောသည့်ဒေဇီက ဘယ်သူပါလိမ့်။

သေသေချာချာကြည့်တော့လည်း ကျောင်းဝင်းထဲကို လမ်းလျှောက်၍ ဝင်လာသူ အမျိုးသမီးတစ်ဦးကလွဲ၍ မည်သူ့ကိုမျှ မမြင်ရ။ ကျန်သူတွေက ထိုင်နေကြသည်။ သေချာအောင်ထပ်ကြည့်တော့လည်း ထိုအမျိုးသမီးကိုပဲ ပြောနေကြောင်း သိရသည်။ ထိုအမျိုးသမီးက ပြောပလောက်အောင် မလှ။

"အေးဟယ်၊ ဒေဇီက လှတယ်နော်၊ ငါလဲ သဘောကျတယ်"

မစန်းမြင့် တော်တော်အံ့သြနေသည်။ ရှက်ကြမ်းရေချို မိန်းမ တစ်ယောက်ကို ဘာကြောင့်များ သည်လောက်တောင် ချီးမွမ်းနေကြပါလိမ့်။ အနားရောက်လာ၍ သေသေချာချာကပ်ကြည့်တော့လည်း ပို၍ပင် ဆိုးသေး သည်။ မစန်းမြင့် မနေနိုင်။ တစ်ခုံတစ်ရာ ပြောဆိုချင်သည်။ အနားက အတူထိုင်နေသူ ကလေးအမေကလည်း ခေါင်းငုံ့ပြီး သိုးမွှေး ထိုးနေသည်။ ဒေဇီ ဒေဇီဆိုသည့် အသံတွေက ဟိုဘက်ဝိုင်းက ပိုကျယ်လောင်လာသည်။

"ဒေဇီဆိုတာ ဘယ်သူလဲဟင်၊ သူတို့က လှတယ် လှတယ် ပြောနေကြလို့"

သူ့အဖော်မိန်းမက ခေါင်းမော့ကြည့်သည်။ ဟိုဘက်ဝိုင်းကို လှမ်းမြင်သည်။ ပြီးတော့ သဘောကျစွာ ပြုံးလိုက်သည်။

"အို ဒေဇီဆိုတာ လူနာမည်မဟုတ်ဘူးတော့၊ ဟိုမိန်းမဝတ်ထားတဲ့ လုံချည်ကိုခေါ်တာ၊ အဲဒါ အခုပေါ်တဲ့ ဒေဇီ ပါတိတ်လေ"

www.burmeseclassic.com



မစန်းမြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ရုတ်တိုက်သည်မှာ မပြောနိုင်။ ကျိတ်ပြီး ရယ်လိုက်မိသည်။ သူ့အဖော်က ဒေါးဒေါးဆေားဆေား နေတတ်သည့် မိန်းမမို့ တော်ပါသေးရဲ့။

ဘာပဲဖြစ်ဖြစ် အိမ်ရောက်ရင်တော့ အစ်ကိုကို ဒေဝီအကြောင်း ပြောပြပြီး နောက်တစ်ခါ ဝယ်ပေးဖို့ ပူဆာရပေတော့မည်။

**[အကောက်ခွန်နှစ်လည်မဂ္ဂဇင်း ။ ။ ဒီဇင်ဘာ၊ ၁၉၉၆]**

www.burmeseclassic.com

## မုဆိုးမတစ်ယောက်၏ တမ်းချင်း

သည်နေရာ၊ သည်ဝန်းကျင်၊ သည်လူတွေကြားမှာ နံနက် မိုးလင်းက မိုးချုပ် ထိုင်နေပါလျက် ကိုကိုမောင့်ကို ဘာကြောင့် အမြဲသတိမရတော့တာလဲဟု နုနု တွေးနေမိသည်။

သည်အတွေးဝင်လာသည်နှင့် နုနု အထိတ်တလန့်ဖြစ်မိ၏။ သို့သော် နုနုသည် ကိုကိုမောင့်အပေါ် သစ္စာဖောက်ဖျက်သည်ခြင်း၊ ကျေးဇူးတရားကို မေ့လျော့ခြင်း၊ အချစ်တွေ ပျက်ပြယ်သွားခြင်း မဟုတ်တာကိုတော့ အသေအချာ ယုံကြည်မိပြီး စိတ်သက်သာရာ ရမိပြန်၏။ နုနု လက်ငင်း ရင်ဆိုင်နေရသော အတွေ့အကြုံများ၊ ပြဿနာများ၊ တစ်သက်လုံးက မရှောင်လင့်ခဲ့သော အလုပ်များက နုနုစိတ်ကို မအားမလပ်ရအောင် ဖိစီးနှိပ်စက်နေပါကလားဟု တွေးမိပြီး မေ့လည်း မေ့သာ၏။ ဝမ်းလည်း နည်းမိလေ၏။

တကယ့်ကိုပင် ကိုကိုမောင့်ကို လွမ်းဖို့ အချိန်မရတာ အမှန်ပင်။ ယခု နုနု ထိုင်နေသည့် နေရာသည်ပင် ကိုကိုမောင် ထိုင်နေကျနေရာ။ တစ်လက်မမျှပင် လွဲချော်စရာ အကြောင်းမရှိ။ နုနု ရပ်နေလျှင်လည်း ထိုနေရာသည် ကိုကိုမောင်ရပ်ခဲ့သည့်နေရာ။ မျက်နှာချင်းဆိုင်က လူတွေ

www.burmeseclassic.com



ကလည်း ကိုကိုမောင်နှင့် မျက်နှာချင်းဆိုင်ခဲ့သည့် လူတွေ။ သို့သော် တစ်ခုကတော့ သိသိသာသာ ကွာခြားသွားသည်။ နုနုထံ လာရောက်သူတွေကတော့ ယခင် ကိုကိုမောင့်ထံ လာနေကျလူတွေ မဟုတ်တော့။ နုနု ကိုင်တွယ်နေသည့် ပစ္စည်းတွေကလည်း ယခင် ကိုကိုမောင် ကိုင်တွယ်ခဲ့သည့် ပစ္စည်းတွေ မဟုတ်တော့။ ပုံသဏ္ဌာန်သာမက အတွင်းအနှစ်သာရ တန်ဖိုးကိုက ကွာခြားသွားပြီ။

ကိုကိုမောင်သည်လည်း သူနေ့စဉ် ကိုင်တွယ်ရောင်းဝယ်ခဲ့ရသည့် ပစ္စည်းလေးတွေကို တယုတယ ရင်ထဲကပါ လိုက်လိုက်လှဲလှဲဖြင့် အမြတ်တနိုး ကိုင်တွယ်ခဲ့သည်မှာ သေချာလှပါသည်။ ယခု နုနုကလည်း သူ့အကျိုးအမြတ်အတွက် ကိုင်တွယ် ရောင်းဝယ်နေခဲ့ရသော ပစ္စည်းလေးများကို လိုက်လိုက်လှဲလှဲ ကိုင်တွယ်နေတတ်ပါသည်။ သို့သော် လိုက်လှဲပုံချင်းက ဘယ်လိုမျှ တူနိုင်မည် မထင်။ သည်အတွက် တစ်ခါတစ်ခါ ဝမ်းနည်းမိ၏။ ကိုကိုမောင့်ကိုလည်း တောင်းပန်မိ၏။ ခွင့်လွှတ်ပါ ကိုကိုမောင်ရယ်။

တစ်ချိန်မှာ နုနုဟာ သည်နေရာမှာလာထိုင်ပြီး သည်ပစ္စည်းတွေကို ကိုင်တွယ်ရောင်းဝယ်ပြီး အသက်မွေးမှု ပြုရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့မိပါဘူး။ ဈေးသည်ဘဝကိုလည်း တစ်ခါမျှ စိတ်ကူးမယဉ်ခဲ့ဖူးပါဘူး။ အိမ်ပြင်ကို ထွက်ရလိမ့်မည်ဟုပင် မထင်ခဲ့တာ အမှန်ပါပဲ။ နုနုဟာ ဆယ့်ရှစ်နှစ်လုံးလုံး မီးဖိုချောင်နှင့် ဈေးကိုသာ ကူးခဲ့သည့်မိန်းမ။ ယခုလို ဈေးလယ်မှာထိုင်ပြီး တစ်ခါတစ်ရံ ရယ်ပြီး လူတွေနှင့် အချိုအချဉ် စကားပြောနေတတ်လိမ့်မည်ဟု ဘယ်လိုမျှ မျှော်လင့်စရာ အကြောင်းမရှိ။

ဘဝ၏ ပြောင်းလဲခြင်း သဘောတရားကို နုနု သဘောပေါက်ပါသည်။ သို့သော် လျှပ်တစ်ပြက်ပြောင်းလဲခြင်းကို ယနေ့ထက်တိုင် ကောင်းစွာ လက်မခံချင်သေး။ နောက်ဆုံးတော့ ငါ တကယ်ရင်ဆိုင်နေရတာ ပါကလားဟု တွေးရင်း သေချာရင်းဖြစ်ပြီး လက်မခံချင်ဘဲ လက်ခံလိုက်ရ သည်သာ ဖြစ်လေသည်။

www.burmeseclassic.com



သည်နေ့ရာကို ပထမဆုံး လာရောက်ရသည့်နေ့ကတော့ နုနုရင်မှာ ခံနိုင်ရွမ်းရည်မရှိ၍ မတ်တတ်ကပင် ပြိုလဲချင်၏။ အလွန် တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်ရပ်ပါကလားဟုလည်း ကတုန်ကယင် ဖြစ်မိလေ၏။ သည်းခံနိုင်စွမ်း ရှိပါ့မလားဟုလည်း သံသယဝင်မိလေ၏။ သို့သော် ဒါ ငါ မလွဲမသွေ ရင်ဆိုင်ရမယ့် အဖြစ်ပဲဟု စွတ်အတင်းအားတင်းရလေသည်။ မှန်အလိမ်းလိမ်းကပ်နေသော သစ်သားချပ်များကိုခွာပြီး ဖွင့်ချလိုက်စဉ် ပိုးအိမ်မှုင်များက ကပ်ငြိနေသော ကိုကိုမောင့် အနှစ်သက်ဆုံး ပစ္စည်းများကို မြင်ရတော့ နုနု လှိုက်ခနဲဖြစ်သွားပြီး မျက်ရည်မကျဘဲ ရှိုက်မိလေသည်။ ကိုကိုမောင်သည် သူ့ဘဝ ရပ်တည်မှုအတွက်၊ မိသားစု၏ စားဝတ်နေရေး အတွက် သူနှစ်သက်မြတ်နိုးသော အရာဝတ္ထုများနှင့်သာ အရင်းအနှီး ပြုခဲ့လေသည်။ ထိုအရာဝတ္ထုများအပေါ် မှ ရရှိသော ငါးမူး၊ တစ်ကျပ် အမြတ်အစွန်းကို တခြားပစ္စည်းများမှရရှိမည့် ငါးကျပ် တစ်ဆယ်ထက် သူ ပို၍ တန်ဖိုးထားလေသည်။

စာအုပ်တွေ၊ စာအုပ်တွေ။

စာအုပ်တွေကို အားအင်ကုန်ခန်းလုလုဖြစ်သော လက်များဖြင့် ကိုင်တွယ်မှုတ်သပ်ပြီး အချိန်အကြာကြီး ငိုရှိုက်နေမိသည်။ မျက်ရည်ကျသော ငိုရှိုက်ခြင်းကား မဟုတ်။ မျက်ရည်မကျသည်မှာလည်း ဘာကြောင့်မှန်း နုနု မသိ။ ထိုအတွက် နုနုကို အပြစ်တင်ကြမည်၊ မေးငေါ့ကြမည်ဆိုလျှင် လည်း ခံနိုင်ရည်ရှိပါ၏။ အပြစ်တင် မေးငေါ့သူများသည် နုနုရင်ထဲက ခံစားချက်ကို သိသူများ မဟုတ်ကြ။ ထိုသူများသည် နုနုဘဝကို တစ်မိနစ် တစ်စက္ကန့်မျှ လာရောက်ဖေးကူမည့်သူများ မဟုတ်ကြ။ သူတို့က အပြစ်တင်မည့်သူများ သက်သက်သာ ဖြစ်သည်။

စာအုပ်တွေကို ကိုင်လိုက်တိုင်း ဖုန်တထောင်းထောင်းထလာပြီး ဖုန်နံ့၊ ပိုးဟပ်နံ့လို အနံ့များသာ ထွက်လာသည်။ သည်စာအုပ်တွေနှင့် နုနု ဘယ်လိုများ ဆက်ပြီးစခန်းသွားရပါ့မလဲ။ ဘာစာအုပ်တွေမှန်းလည်း နုနု

www.burmeseclassic.com



မသိ။ မျက်နှာဖုံးပေါ်က ဈေးနှုန်းကိုသာ ဖတ်ကြည့်၍ သိသည်။ တကယ့် စာ၏ တန်ဖိုးကို မသိ။ သိသည့်တိုင်အောင်လည်း ကြားဖူးနားဝ အနည်းငယ် ရှိ၍ ရေးတေးတေးမျှသာ ဖြစ်သည်။

သည်တန်ဖိုးမသိတဲ့ အရာတွေကို နုနု ဘယ်လိုတန်ဖိုးဖြတ်ပြီး ရောင်းချ စားသောက်ရပါ့မလဲ ကိုကိုမောင်ရယ်။ သို့သော် ကိုကိုမောင်က နုနုအတွက် ဤစာအုပ်များကိုသာ ထားခဲ့တော့သည်ပဲ။

မှတ်မှတ်ရရ သားကြီး မျက်နှာမြင်စဉ်က ကိုကိုမောင် ညည်းညည်း ညူညူ ပြောခဲ့တာ သတိရသည်။ ကိုကိုမောင်သည် အစဉ် ရွှင်လန်းတက်ကြွစွာ နေတတ်သူ။ ထိုနေ့ကတော့ ညှိုးချုံးနေသည်ဟု နုနု ထင်မိ၏။

"ငွေလိုလို့သာ ရောင်းခဲ့ရတယ်ကွာ၊ လုံးဝ မရောင်းချင်ဘူး။ သိပ် အဖိုးတန်တဲ့ စာအုပ်တွေ၊ နောက်ထပ်လဲ ရိုက်လို့ မရနိုင်သေးဘူး၊ နှမြောစရာ ကောင်းလိုက်တာ"

နုနုကတော့ လက်ထဲထိုးထည့်ပေးသောငွေကိုကြည့်ပြီး ကိုကိုမောင့်ကို နားမလည်စွာ ကြည့်နေမိသည်။ ယခုအချိန်မှာ တကယ်လိုအပ်သည့်ငွေကို ရဖို့ အရေးကြီးနေချိန်ပဲ။ သည်လို လွယ်လွယ်ရနိုင်လျက်နဲ့ ကိုကိုမောင်ဟာ ဘာကြောင့် ရက်အတန်ကြာ နုနုကို စိတ်ဆင်းရဲအောင် လုပ်ခဲ့ရသလဲ။ ငွေလိုနေပြီ ကိုကိုမောင်ရဲ့ဆိုတော့ ရမှာပေါ့ဟုပဲ ပြောခဲ့သည်။

တစ်နှုတ်တစ်ရာ ပြောချင်စိတ်က နှုတ်ခမ်းမှာ တရွရွဖြစ်လာပြီး နောက်ဆုံး ထိန်းမရဘဲ ပြောလိုက်မိတော့သည်။

"ဒီစာအုပ်တွေက ရောင်းဖို့ထားတာပဲမဟုတ်လား ကိုကိုမောင်ရဲ့"

အသားဖြူသော ကိုကိုမောင်၏ မျက်နှာကြီး ရဲခနဲဖြစ်သွားတာ သိသိသာသာပါပဲ။

"ရောင်းဖို့ထားတာတော့ ဟုတ်တာပေါ့ နုနုရဲ့၊ ဒါပေမဲ့ စာအုပ်ဆိုတာ တခြားပစ္စည်းနဲ့ မတူဘူး။ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်ရောင်းသလို ကုန်သွားရင် ပြီးရောဆိုပြီး ရောင်းရတာမျိုး မဟုတ်ဘူး၊ သူ့ ကာလနဲ့သူ

www.burmeseclassic.com



တန်ဖိုးရှိတာ၊ ရောင်းကောင်းတိုင်း အကုန်ရောင်းပစ်ရင်လဲ ရွှေဥ ဥတဲ့ ငန်းကို ရိုက်သတ်စားသလိုပဲ”

ကိုကိုမောင် ဆက်လက်ရှင်းပြနေတာကတော့ ရှည်ရှည်ဝေးဝေး ပါပဲ။ စာအုပ်တစ်မျိုး ကုန်သွားတော့မည်ဆိုလျှင် သိပ်နှမြောတာပဲတဲ့။ နောက်တစ်ခါ ထပ်မရိုက်နိုင်သေးခင် ထိုစာအုပ်ဟောင်းတွေကို ကုန်သမျှ သိမ်းဆည်းထုပ်ပိုးထားတာလည်း ရှိရဲ့။ သည်လိုနှင့်ပဲ အိမ်မှာ စာအုပ်တွေ ထားစရာနေရာမရှိအောင် များပြားလာခဲ့တော့သည်။ တစ်ခါတစ်ရံ အိမ်မှာ ဟင်းချက်စရာ ဈေးဖိုးမရှိလျှင် ထိုစာအုပ်တွေကို ချက်စားလို့ရရင် ကောင်းမှာ ပဲဟု နုနု တကယ်ပင် တွေးမိခဲ့ဖူးလေသည်။

ထိုအကြောင်းကို ကိုကိုမောင် စိတ်ကြည်သာခိုက် နုနုက ရယ်ရယ် မောမောနှင့် ပြောတော့ “ချက်စားလို့တော့ မရဘူး၊ မီးမွှေးပြီး ရေနွေးအိုး တည်ရင် တစ်အိုးတော့ရမယ်”ဟု ပြန်ပြောလေသည်။

သဘောကတော့ စာအုပ်ဆိုတာ အသုံးဝင်သူအတွက် အလွန်အသုံး ဝင်သော အရာဖြစ်ပြီး မသုံးတတ်သူအတွက် ဘာမျှမဟုတ်သည့် အရာတွေ ပါပဲ။ ကိုကိုမောင်ကတော့ မွေးကတည်းကပင် ထိုစာအုပ်တွေကြား မွေးဖွားလာခဲ့လေသလား မသိပေ။ စာအုပ်ကလွဲ၍ သူဘာကိုမျှ မကိုင်ချင်။ ထို့ကြောင့်လည်း ကြီးကြီးဖန်ဖန် ကပ်သီးကပ်သတ် အိုးခွက်ပန်းကန်တွေ နိုင်ငံခြားဖြစ် ကြွေထည် ငွေထည်တွေ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေ ရောင်းဝယ် ဖောက်ကားနေသည့် သည်ဆိုင်ခန်းနေရာကောင်းမှာ စာအုပ်ဆိုင် ဖွင့်သည်တဲ့။

နုနုတော့ ဆိုင်ကို တစ်ခါလိုက်ထိုင်ကြည့်ပြီး နေ့ဝက်ကျိုးလို့မှ ဈေးဦးမပေါက်သောနေ့နှင့် ကြုံကြိုက်ကာ အိမ်ပိုက်လို့သာနေသည်။ ဘေးက လူတွေ ရောင်းသံ ဝယ်သံ ဈေးကစားသံ၊ ဖောက်ဈေး ပေါက်ဈေးတွေ အားပါးတရ ပြောနေသံကိုသာ နားထောင်ပြီး အားကျနေခဲ့မိသည်။ တစ်ရက် တည်း ငါးရာ တစ်ထောင် မြတ်သူလည်း ရှိသည်တဲ့။ တစ်လလုံး ဈေးဦး

မပေါက်လည်း ကိစ္စမရှိ တစ်နေ့လောက် အကွက်ကောင်းမိရင် တစ်လစာ ဖူလုံတာပါပဲတဲ့။ တစ်ခါတစ်ရံ ဆိုင်ကပန္နည်းတွေ ဆိုင်က ထွက်သွားပြီး ထိုဆိုင်ကိုပင် တစ်ပတ်ပြန်လည် ရောက်ရှိလာတာတွေလည်း အံ့သြဖွယ်ရာ သိရ ရယ်ရသည်။ ဒင်နာဆက် အပြည့်အစုံ တစ်စုံကို ဘယ်နှစ်ထောင်လဲမသိ တန်သည်ဆို၍ ဘယ်လူတွေများ ဒီပန်းကန်တွေနှင့် စားနေသလဲဟု နုနုက ကလေးတွေး တွေးမိသည်။ တစ်စုံတစ်ယောက်က တစ်ဦးတစ်ယောက်ကို လက်ဆောင်ပေးဖို့ဝယ်သွားကြောင်း သိရပြီး ထိုတစ်ဦးတစ်ယောက်က သည်ဈေးထဲမှာ ပြန်လာရောင်းတော့ မိမိဆိုင်က ပန္နည်းကိုပင် ဈေးရိုရိုနှင့် ပြန်ရကာ ကြားထဲက ငါးရာတစ်ထောင်လောက် စားလိုက်ရတာ အလွန် အံ့သြဖို့ ကောင်းလေသည်။

ထိုစဉ်က ကိုကိုမောင် စာအုပ်ရောင်းတဲ့ ပန်းကန်ရောင်းရင် ကောင်းမှာပဲဟု တွေးခဲ့မိသည်မှာ အတိတ်နိမိတ်ပေပဲလား။ ကိုကိုမောင်မှာတော့ တစ်နေ့အိမ်စရိတ် အစိတ် ငါးဆယ်ရအောင် အမြတ်ချည်းမဟုတ် အရင်းပါပေါင်းပြီး ဘယ်နည်းနဲ့ရရ ကြံရဖန်ရသည်။ ထိုမျှလောက် မရလျှင်လည်း အိမ်မှာမဖြစ်။ ကိုကိုမောင် ဘယ်လိုကြံဖန်နေသလဲဟု နုနု တွေးမရ။ တွေးလည်း မတွေးချင်။ မေးလည်း မမေးချင်တော့ပေ။ ကိုကိုမောင် မျက်နှာရွှင်ပျလျှင် ပျော်သည်။ မျက်နှာကြီး သုန်မှုန်လာလျှင် စိတ်ညစ်သည်။ လက်ထဲလှမ်းပေးသော နေ့တွက်စရိတ်ကို လက်ဖြန့်ယူသည်။ သည့်ထက်ပိုပြီး စွက်ဖက်ခြင်း မပြုတော့။

ငွေအစိတ်လောက်မျှ အိမ်ပြန်ပါမလာသည့်နေ့ဆိုလျှင်တော့ ငြူစူမိတာ အမှန်ပင်။

အိမ်မှာ နုနုနှင့် တစ်သက်လုံး မခွဲမခွာနေလာခဲ့သော အမေအို ရှိသည်။ သားသမီး ငါးယောက်ရှိသည်။ အားလုံး ကျောင်းတက်နေကြပြီ။ ကဲ အစိတ်နဲ့ ဘယ်လိုလုပ် လောက်အောင်သုံးမလဲ။ နုနုက အင်မတန် စေ့စပ်သေချာပြီး စစ်စစ်စီစီ သုံးစွဲနေထိုင်တတ်တာ ကိုကိုမောင်အသိဆုံးပင်။

www.burmeseclassic.com



ကိုကိုမောင်နှင့် ညားစကာ တစ်နေ့ ငါးကျပ်လောက်နှင့် လောက်ငအောင် သုံးစွဲနေထိုင်ခဲ့ဖူးသည်။ အဲဒီတုန်းကတော့ သူ့ဈေးနှုန်းနှင့် သူပေါ့လေ။ သို့ပေမဲ့ နုနုသည် သူ့အတွက် အင်္ကျီတစ်ထည် လုံချည်တစ်ထည်ဝယ်ဖို့ပင် အလွန်ဝန်လေးသူဖြစ်လေသည်။ မဝယ်ရလည်း ကိစ္စမရှိ။ နုနုက အိမ်ပြင် ထွက်တတ်သူမှ မဟုတ်တာ။ ပေဘာ အခု ကလေးတွေကြီးလာတော့ ဘယ်လို လုပ်မလဲ။ တန်အောင် သင့်အောင် မြင်ကောင်းအောင် ဆင်ရတော့ သည်။ ဝလင်အောင် ကျွေးရတော့သည်ပဲ။ တစ်အိမ်လုံးစားလောက်အောင် ငါးခေါင်း ငါးမွှားလေးတွေ ချက်ပြန်တော့ ကိုကိုမောင်က အရိုးကြောက်တတ်၍ မစား။ သည်တော့လည်း ပေးတာနဲ့လောက်အောင် ချက်ရတာဟု မပြောရက်ဘဲ သူစားနိုင်အောင် အရိုးထွင်သည့်အလုပ်ကို ဒိုင်ခံလုပ်ပေးရ သည်လေ။

"သူ့စာအုပ်တွေပဲ သူကြည့်နေ၊ မစားလောက် မသောက်လောက်၊ တခြားအလုပ် ပြောင်းလုပ်ဖို့များ စိတ်မကူးဘူး"

ပိုက်ဆံမရှိလျှင် ငြူစူရင်သည့် မိန်းမတွေထဲမှာ နုနုလည်း ပါဝင်ခဲ့တာ ဝန်ခံရမည်။ သည်တုန်းက ကျပ်တည်းလိုက်တာလည်း မပြောနဲ့။ လူတွေ သည် စားစရာ သောက်စရာ ဝတ်စရာသာ ဝယ်ချမ်းပြီး ဖတ်စရာ မဝယ် ကြတော့ဘူးဆိုတာ သိသာလှသည်။ အိမ်မှာလည်း ကိုကိုမောင်နှင့် နုနု စကားပြော အဆင်မပြေလှ။ အို သည်တုန်းက နုနု မှားခဲ့တာ တောင်းပန်ပါ တယ် ကိုကိုမောင်ရယ်။ လင်မယားပဲနော်။ ကိုကိုမောင် ညှိုးရှုံးတာမြင်ရတော့ နုနု စိတ်မချမ်းသာ။ များမကြာမီ ကိုကိုမောင် စာအုပ်တွေ တစ်ထမ်းကြီး သယ်သွားတာ မြင်ရပြီး အိမ်ကို လောက်ငအောင် ပေးပြန်တော့ ကိုကိုမောင်ကို ပြန်ချော့ရသည်။ ကိုကိုမောင်ကတော့ သုန်မှုန်လျက်ပါပဲ။

ငွေဆိုတာ မလိုအပ်ဘူးဆိုရင် လောကကြီးဟာ သိပ်ကောင်းမှာပဲ ကိုကိုမောင်ရယ်နော်၊ ကိုကိုမောင်နှင့် နုနု တွေ့စကာ သိပ်ကြည်နူးစရာ ကောင်းတာပဲ။ သည်တုန်းက ငွေမှ သိပ်မလိုဘဲလေ။

www.burmeseclassic.com



ကိုကိုမောင် စာအုပ်ခင်တွယ်တတ်မှန်းလည်း နုနု သိခဲ့သေးတာပဲ။ သည်တုန်းကတော့ ဘာပြဿနာမှ မရှိခဲ့ပါကလား။

ကိုကိုမောင်နှင့် တွေ့စက နုနု အသက်နှစ်ဆယ်ကျော်ပြီ။ ဘဝ အကြောင်း မသိသော မိန်းကလေးငယ်ငယ်လေး မဟုတ်တော့။ မွေးရပ်ဇာတိနှင့် ဆွေမျိုးများကို စွန့်ခွာကာ အမေ့ကိုလက်ဆွဲ၍ ရန်ကုန်မြို့ကြီးမှာ ဒေါင်ကျကျ ဖြားကျကျ လုပ်ကိုင်စားမည်ဟူသော ရည်ရွယ်ချက်ဖြင့် စွန့်၍ ထွက်ခဲ့ပြီဖြစ်၏။ နုနုငယ်ငယ်ကတည်းက ကျွမ်းကျင်ခဲ့သည့်အလုပ်က စက်ချုပ်သည့်အလုပ်ပါပဲ။ ထိုအချိန်က စက်ချုပ်သည့်အလုပ်ကလည်း ထမင်းဝအောင်ကျွေးနိုင်တာ အမှန်ပင်။ သားအမိနှစ်ယောက် သင့်တင့်မျှတသော အိမ်လေးတစ်လုံးမှာ အေးချမ်းစွာ နေနိုင်ခဲ့သည်။

စားဝတ်နေမှု ပြည့်စုံခြင်းသည် ဘဝ၏ လိုအပ်ချက်တစ်ဝက် ပြည့်စုံခြင်း သို့မဟုတ် လုံးဝပြည့်စုံခြင်းဟု ထိုအချိန်က နုနု မတွေးခဲ့ပါ။ ယခု အသက်လေးဆယ်ကျော် အတွေးအခေါ်နှင့်တော့ လုံးဝ ခြားနားခဲ့သည်သာ ဖြစ်၏။ ယခုတော့လည်း တစ်နေ့ တစ်နေ့ ငွေ ငွေ၊ ပိုက်ဆံ ပိုက်ဆံ၊ အမြတ် အမြတ် ဟူသော အတွက်အချက်များဖြင့်သာ ပြည့်လျှံပြီး မျက်စိနှစ်လုံးပိတ်၍ အိပ်ပျော်ပါမှပင် ထိုအတွေးသည် လွင့်ပျောက်၏။ သို့တိုင် တစ်ခါတစ်ရံ အိပ်မက်ထဲမှာပင် ငွေတွေကို ရေတွက်နေမိသေးသည်။

တစ်ချိန်က ရန်ကုန်မြို့ကြီးပေါ်မှာ အခြေချနိုင်ခြင်းသည် ဘဝကို စတင်ခြင်းဟု နားလည်ခဲ့၏။ ယခုတော့ ထိုစဉ်က အတွေးအခေါ်သည် အလွန်ရယ်စရာကောင်းသော၊ သေးငယ်လွန်းသော အတွေးအခေါ်လေး ဖြစ်မှန်း ကောင်းကောင်းသဘောပေါက်ခဲ့ပြီ။ ကိုကိုမောင် ကိုယ်တိုင်က နုနုသည် ငယ်ငယ်ရွယ်ရွယ်နှင့် သာမန်မျှသာဖြစ်သော ပညာအရည်အချင်းနှင့် ရင့်ကျက်သော အတွေးအမြင်ရှိသူဟု သတ်မှတ် လက်ခံခဲ့ဖူးသည်။ ယခု နုနု၏ ဘဝရင်ဆိုင်ပုံကို ကိုကိုမောင် မြင်စေချင်သည်။ အကျိုးပုံဆန်း

www.burmeseclassic.com



တစ်ထည်ကို ဘယ်လို ကိုက်ညှပ်ရမည်ဟု တွေးတောနေသော မိန်းကလေး မဟုတ်တော့ပြီ။

ကိုကိုမောင်ကို လက်ထပ်ခဲ့ခြင်းသည် အရူးစိတ်၊ ယုံကြည်ခြင်း၊ အားကိုး အထင်ကြီးခြင်းဟူသော အချက်များဖြင့် ပြည့်နှက်နေခဲ့သည်။ စားဝတ်နေမှုအတွက် မဟုတ်ခဲ့တာ သေချာလှသည်။ နောင်တော့ စားဝတ်နေမှုအတွက် ကိုကိုမောင့်ကို အားကိုးခဲ့တာ မှန်ပါသည်။ မိန်းမတစ်ယောက် အိမ်ထောင်ပြုလိုက်ခြင်းသည် နှုပ်ခြင်းနှင့်အတူ မိမိကိုယ်ကို ချုပ်တည်ခြင်းတွေကိုပါ လက်လွှတ်လိုက်ရခြင်းပါတကားဟု နောင်မှ နားလည်လာသည်။ နားလည်သော်လည်း လွန်ခဲ့ပြီ။

နုနုတို့ အသိုက်အဝန်းမှာတော့ စာပေသမားတစ်ယောက်သည် အလွန်အထင်ကြီး လေးစားထိုက်သောသူ တစ်ဦးပင်ဖြစ်၏။ စာရေးဆရာလား၊ စာအုပ်ထုတ်တဲ့သူလား၊ စာအုပ်ထုတ်တဲ့သူဆိုတာကကော စာအုပ်ရောင်းသူကို ခေါ်တာလား၊ စာအုပ်တွေ သိမ်းဆည်းထုပ်ပိုးသူလား၊ စာအုပ်တွေကို ချုပ်လုပ်သူလား၊ ဘာမှန်းပင်ကွဲကွဲပြားပြားမသိသော ဝန်းကျင်မှာ ကိုကိုမောင်သည် တကယ့်ကို လေးစားအထင်ကြီးစရာ ကောင်းလှ၏။ အရည်အချင်းတစ်ရပ်ရပ်ဖြင့် ပြည့်စုံနေမည့်သူဟု နားလည် လက်ခံထားလိုက်၏။ နုနုသည် ကိုကိုမောင်၏ စိတ်ဝင်စားမှုကို ခံယူရသည့်အတွက် သူ့အပေါင်းအသင်းများအလယ်မှာ မျက်နှာပွင့်လေသည်။

ကိုကိုမောင်က နုနုထက် အသက်ဆယ်နှစ်ခန့် ပိုကြီးလေတော့ အသိပညာ အတွေ့အကြုံအရလည်း ပိုမိုရင့်ကျက် ပြည့်စုံခဲ့သူပါပဲ။ အသက်ကြီးသော ယောကျ်ားကို ယူသည့်အတွက် မိန်းမတစ်ယောက်၏ ဘဝသည် ပို၍ စိတ်ချလုံခြုံ ပြည့်စုံမှုရှိသည်ဟု အများက လက်ခံကြသည်။ အမေကလည်း သဘောကျသည်။

သည်တုန်းက အနာဂတ်ရောင်ခြည်တွေ တလက်လက်ဖြင့် နုနု သူ့ဘဝကိုသူ ပျော်ရွှင် ကျေနပ်အားရခဲ့သည်။ တောကို စွန့်ခွာလာခဲ့ရကျိုး

www.burmeseclassic.com



လည်း နုပ်သည်ဟု ဆိုရမည်။ ပြောင်းလဲခြင်းသည် တိုးတက်အောင်မြင်ခြင်းသာ ဖြစ်သင့်သည် မဟုတ်လား။ ပြီးတော့ နုနုရသည့်ယောကျ်ားက သာမန်ယောကျ်ားမဟုတ်။ စာသမား ပေသမား။

ထိုစဉ်ကတော့ ကိုကိုမောင့်မှာ ကိုယ်ပိုင်စာအုပ်ဆိုင်ရယ်လို့ မရှိခဲ့သေး။ ပုံနှိပ်တိုက်တစ်တိုက်မှာ ထိုင်သည်။ ဘာတွေလုပ်သည် နုနု မသိ။ ကိုကိုမောင်က စာရေးဆရာတော့ မဟုတ်။ စာအုပ်တွေ ထုတ်သည်။ မျက်နှာဖုံးအမျိုးမျိုးနှင့် ဘာသာရေးစာအုပ်လေးတွေ၊ ပညာပေးစာအုပ် လေးတွေ တစ်ခါတစ်ရံ ဝတ္ထု ကဗျာစာအုပ်တွေကို ယူလာပြီး အဲဒါတွေ ကိုကိုမောင်ထုတ်တဲ့ စာအုပ်တွေပေါ့ဟု သေချာရှင်းပြမှ နုနု တဖြည်းဖြည်း နားလည် သဘောပေါက်လာသည်။

'အဲဒါတွေအားလုံး ရောင်းရတာပဲလား' ဟု နုနုကမေးတော့ 'ဘာသာရေး စာအုပ်တွေ၊ ပညာပေးတွေကတော့ တဖြည်းဖြည်းနဲ့ ရောင်းကုန်တာပဲ၊ ဝတ္ထုတွေ ကဗျာတွေကတော့ ဘယ်သိပ်ရောင်းရမလဲ နုနုရယ်' ဟု ပြောပြသည်။

သည့်တုန်းကတော့ ကိုကိုမောင်က ရယ်မောနေသည်။ နောင်အိမ်ထောင်သက်ရလာတော့ ထိုအကြောင်းကို စကားပင် အစမဖော်တော့။

'နုနုကလဲ၊ ရောင်းရတဲ့စာအုပ်တွေက ကိုယ့်ဝမ်းစာအတွက် လုပ်ရတာ၊ ကိုယ်တကယ်ထုတ်ချင်တာက အဲဒီ ဝတ္ထုစာအုပ်တွေ၊ ကဗျာစာအုပ်တွေကွဲ့' ဟု ပြောသည်။

အင်း ဟုတ်ပေသားပဲ။ ကိုကိုမောင်ပြောသည့် စာအုပ်လေးတွေကမှ တကယ့်ကိုချစ်စရာကောင်းပြီး ဖတ်ကြည့်တော့လည်း ပျော်စရာကောင်းကာ နက်ရှိုင်းသော ခံစားမှုတစ်ခုခုကို ပေးတတ်တာ နားလည်လာလေသည်။

တစ်ခါတစ်ရံတော့လည်း တစ်ဘက်ကရသည့် အမြတ်အစွန်းလေးတွေမှာ အဲဒီ ချစ်စရာကောင်းသော စာအုပ်လေးတွေက ဝါးမြိုသွားတတ်

www.burmeseclassic.com



ရပြီး အိမ်မှာ အသုံးအစွဲ ကျပ်တည်းလာတာ သိရှိလာရလေသည်။ ထိုအခါ များမှာတော့ ထိုစာအုပ်တွေကို နုနု ငြူစူချင်လာသည်။

သို့သော် ကိုကိုမောင့်ကို တစ်စတစ်စ ပိုမိုမုန်းလည်းလာပြီး သူ ငါ့သနား ပါရော လုပ်ပါဆဲဟု သဘောထားခွင့်လွှတ်တတ်သည်။ နုနုတို့ မိသားစု အတွက်ကလည်း သိပ်ပြီး ပူပန်စရာ မရှိသေးဘဲလေ။ နုနုက ဆိုင်မထွက် တော့သော်လည်း အိမ်မှာပင် အပ်ထည်လေးတွေ လက်ခံကာ စက်ချုပ်သည်။ အမေရယ်၊ ကိုကိုမောင်ရယ်၊ နုနုရယ် သုံးယောက်သား နေခဲ့ရသည့် ဘဝဟာ ပျော်စရာကောင်းတာပါပဲ။ ကိုကိုမောင်၏ စာပေ အပေါင်းအသင်း တွေကြောင့်လည်း အိမ်မှာ ပျော်ရွှင်ကြည်နူးစရာ ဝေစည်နေတတ်သည်။ ကိုကိုမောင်သည် တခြား စာသမားတွေလို အရက်မသောက်တတ်။ မလည် တတ် မပတ်တတ်။ သို့သော် အပေါင်းအသင်းဆိုးမျိုးကိုတော့ ခံတတ်သည်။ လိုအပ်သူကို လိုအပ်သည့်အကူအညီပေးလိုက်ရမှ ကျေနပ်သူတည်း။

ကိုကိုမောင့် အသိုက်အဝန်းကတော့ ကိုကိုမောင့်လို ပညာတတ် အသိုက်အဝန်းပါပဲ။ နုနုတို့ရဲ့ တောသူတောင်သား ဆွေမျိုးများနှင့်တော့ အသွေးအရွေးက ကွာခြားသပေါ့လေ။ သို့သော် နုနုက အားလုံးနှင့် အဆင်ပြေအောင် ပေါင်းတတ်ပါရဲ့။ ဒါကြောင့်လည်း ကိုကိုမောင်က နုနုဟာ ပညာတတ်မကြီး မဟုတ်ပေမယ့် ထက်မြက်အရည်အချင်းရှိသူ ဟူ၍ ဂုဏ်ယူ ချီးကျူးစမြဲ။ ယူဖို့ထက် ပေးဖို့သာ ရှာကြံကြည့်တတ်သော ကိုကိုမောင်က ဘယ်ညီအစ်ကိုမောင်နှမကဖြင့် ဘာလိုအပ်နေတယ်၊ ဘယ်သူ့ကိုတော့ ပညာသင်ပေးဦးမယ် ဆိုလျှင်လည်း နုနုက ကန့်ကွက်စကား တစ်ခုတစ်ရာ မဆိုခဲ့ပါ။ ထို့ကြောင့်လည်း နုနုတို့ အိမ်ထောင်ရေးမှာ အလျှံပယ် မဟုတ် သော်လည်း သာယာပြည့်စုံသည်။

သို့သော် ဘဝက ဘာကြောင့်များ တစ်သမတ်တည်း မသွားသလဲ။

'အရောင်းအဝယ်မကောင်းဘူး၊ အလုပ်လုပ်ရတာ အဆင်မပြေဘူး၊ ထုတ်သမျှ စာအုပ်တွေလဲ လက်ကျန်တွေများနေတယ်'ဟု ကိုကိုမောင်သည်

www.burmeseclassic.com



သူ့လုပ်ငန်း အခြေအနေကို တစ်နေ့တစ်မျိုး ဖွင့်ဟနေချိန်မှာ နုနုက သားကြီးကို ရင်မှာ စတင်လွယ်ရလေသည်။

"နုနု စက်မနှင်းသင့်တော့ဘူး" ဟု ကိုကိုမောင် တားသော်လည်း နုနု တိတ်တဆိတ် ချုပ်မြဲ လုပ်မြဲ။ ယခင်လို ရှိသမျှနှင့် ရောင့်ရဲနေလို့ မဖြစ်တော့။ စုဖို့ ဆောင်းဖို့လိုပြီ။ လောကထဲရောက်လာမည့် လူသားတစ်ယောက်အတွက် ပြင်ရ ဆင်ရတော့မည်။ ကိုကိုမောင့် အလုပ်က မရှိမရှား ရရှားစားနိုင့် ဘာမျှ အဖတ်မတင်တာ အမှန်။ အဲ ဘာမျှ အဖတ်မတင်ဘူးဆိုပေမဲ့ အိမ်ခန်းကျဉ်းကလေးထဲမှာ စာအုပ်တွေကတော့ များပြား လာပြီး ပိုးဟပ်မကိုက်အောင်၊ ခြ မတက်အောင် ဂရုစိုက်ရလွန်းသဖြင့် တခြား ပစ္စည်းဟူ၍ ထားစရာ နေရာမရှိသလောက်ပင်။

အမေ တားသည့်ကြားက စက်နှင်းပြီး ငွေကို စုရလေသည်။

ရက်ချိန်းစေ့၍ ဆေးရုံသွားပြပြီး ပြန်လာသည့်တစ်နေ့မှာတော့ ကိုကိုမောင်နှင့် ရင်ဆိုင်ရသည်။

"ခြေထောက်တွေလဲ ဖောရောင်လို့ပါလား၊ မင်း ဘာတွေလုပ်နေလဲ နုနုရယ်"

ကိုကိုမောင်က စိမ်းစိမ်းကြီး ကြည့်နေသည်။

"ကလေး မျက်နှာမြင်တဲ့အချိန်မှာ ငွေလိုနေမှာ စိုးလို့ပါ"

အသားဖြူသော ကိုကိုမောင်သည် ဒေါသဖြစ်တိုင်း မျက်နှာ နီမြန်းသွားတတ်စမြဲပင်။

နီရဲနေသော ကိုကိုမောင့် မျက်နှာကို နုနု မကြည့်ရဲ။ ယခုတလော ခါးထဲက မြက်နေတတ်တာ၊ ဟိုဘက်သည်ဘက် ကောင်းကောင်းလှည့်မရတာတွေလည်း မပြောရဲတော့။ ဆရာဝန်ကလည်း အနားယူဖို့ အတန်တန် မှာကြားလိုက်သည်။

"အချိန်တန်ရင် ရမှာပေါ့ နုနုရဲ့၊ စာအုပ်သမားဆိုတာ လက်ထဲမှာ ငွေကို အလကားကိုင်ထားတတ်တာ မဟုတ်ဘူး၊ မင်းတို့က ငွေမမြင်ရရင်

www.burmeseclassic.com



ကို မပြောင့်ဘဲကိုး၊ ကလေးမျက်နှာမြင်ရင် ငွေလိုမယ်ဆိုတာ ငါ သိတာပေါ့၊ လိုမှာသိလို့ ရောင်းရင် နိမ့်တတ်လွန်းလို့ ခဏဆိုင်းထားတာ'

ထို့နောက် ကိုကိုမောင်သည် သူပြောသောစာအုပ်များကိုပင် ရသည့်ဈေးနှင့်ရောင်းပြီး ငွေကို နုနုလက်ထဲ ထိုးအပ်သည်။ ဖြည်းဖြည်းချင်း ရောင်းလျှင် တန်ဖိုးမှန်နှင့် ထိုက်ထိုက်တန်တန် စားရမည့်စာအုပ်များကို ဈေးလျှော့ကာရောင်းပစ်လိုက်ရကြောင်း နုနု တွေးတတ်လာသည်။ နောင်အခါ ထိုစာအုပ်တွေရှားပါးပြီး ဆိုင်မှာ လာလာမေးတော့ တခြားနေရာကို ညွှန်လိုက်ရတာ အသည်းနာလှသည်တဲ့။ ပြီးတော့ ရောင်းဈေးမကြည့်တော့လည်း မတန်တဆပါပဲတဲ့။ ကိုကိုမောင်က စာဖတ်ပရိသတ်ကိုလည်း လေးစားသည်။ ထိုက်သင့်တာထက်ပိုပြီး ကိုယ့်အတွက် မကြည့်တတ်။

သားတစ်ယောက်ရတော့ နုနုမှာ အမေ့ကို ပြုစုရတာ တစ်ဘက်၊ သားကိုကြည့်ရတာ တစ်ဘက်နှင့် ဆက်လည်းမနေနိုင်တော့ပေ။ စရိတ်ကလည်း နှစ်ဆတက်လာသည်။ ကိုကိုမောင့် အလုပ်ကတော့ နဲ့သေးပါးလိုပါပဲ။ နောင်တော့လည်း နုနု နေသားကျလာပြီး ငွေမရှိ၍လည်း မပူပင်တော့။ ကိုကိုမောင် စာအုပ်တွေ ရိုက်နေသည်။ အိမ်မှာ စာအုပ်ပုံတွေရှိနေလျှင် ဒါ ကိုယ်မှီခိုအားထားနေရတဲ့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ အလုပ်ပဲဟု သိမြင်လာသည်။ လက်တလော ချို့တဲ့မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိလာသည်။ လက်ထဲမှာ ငွေတစ်ဆယ်ပြည့်အောင် မရှိလည်း မကြောင့်မကြ နေလို့ရလာလေသည်။

ကိုကိုမောင်ကတော့ 'ငါ ဒီလိုပဲနေလို့ မဖြစ်သေးဘူး၊ ငါမရှိရင် မင်းတို့ ဘာမှ လုပ်စားစရာ မဟုတ်ဘူး၊ ဆိုင်ခန်းတစ်ခန်းတော့ ရှာထားဦးမယ်'ဟု တွက်တွက်ဆဆ ပြောတတ်လာလေသည်။ ငါမရှိရင်ဆိုတာ ကိုကိုမောင်က နုနုထက် အသက်ကြီးလို့ လူ့သက်တမ်းကိုတွက်ပြီး ပြောခဲ့တာလား၊ ဒါမှမဟုတ် မမြင်နိုင်စွမ်းတဲ့ အနာဂတ်ကို ကြိုတင်သိမြင်တဲ့ စိတ်ကြောင့်များလား ကိုကိုမောင်ရယ်။

www.burmeseclassic.com



သေခြင်းတရားကို ကိုမောင်မကြောက်မှန်းလဲ နုနု သိပါတယ်။ ဘာသာတရားကို အများထက် အလေးထားပြီး ခွဲခြားပြတတ်လေ့ရှိတဲ့ စကားတွေကိုလဲ နုနု သတိရပါတယ်။ "ငါ သေလို့များတော့ တခမ်းတနား တွေ လုပ်မနေနဲ့နော်၊ ငါလဲ မစားရ၊ မင်းတို့လဲ မစားရ၊ ကြားထဲကလူတွေ စားပြီး နောက်တော့ သူတို့အိမ်သူတို့ ပြန်သွားကြမှာ၊ မင်းတို့သာ ကိုယ့် ဘယ်လို ရှေ့ဆက်ရမယ်ဆိုတာ စဉ်းစားကြ"

လောကဓံတရားကို နားလည်ပြီး အဆင်သင့်ရှိသည့်တိုင် ရုတ်တရက် ကံဆိုးမိုးမှောင်ကျခြင်းကိုတော့ ဘယ်လိုမှ မမျှော်လင့်ခဲ့တာ အမှန်ပင်။

နုနုကလည်း ရိုးသားဖြောင့်စင်းသည့် မိန်းမသားပီပီ ဘာဘာညာညာ တွက်ဆမနေတဲ့ သားတွေ၊ သမီးတွေ ဆက်တိုက်မွေးလိုက်တာ ကလေး ငါးယောက် အထက်အောက်တန်းစီနေတော့မှ လူလည်း ချူးချူးကျပြီး တားရဆီးရမှန်း သိတော့တာပါပဲ။ အပ်ချုပ်စက်နား သိနိုင်ဖို့ဝေးစွ၊ အိမ်က အကျီအစုတ်အပြဲကိုပင် မချုပ်အားနိုင်တော့။ နံနက် မိုးလင်းကမိုးချုပ် ကလေးတွေ ဝေယျာဝစ္စ၊ အမေ့ဝတ် ပြုစုရတာနှင့်ပင် ထောင့်မစေ့နိုင်။ အိမ်ရှိနံက နည်းပါးလာပြီ အပျော်အပါးဆိုတာတော့ လောကမှာ ရှိနဲ့လားဟု မေးရမလောက်ပင်။

ကိုကိုမောင့်အပေါ် ဝတ္တရားတွေလည်း ပျက်ကွက်လာသည်။ အချစ် ဆိုတာရယ်၊ အယုအယဆိုတာတွေရယ်လည်း ဘယ်ဆီရောက်ကုန်မှန်း မသိ။ သို့သော် နုနုနှင့် ကိုကိုမောင်မှာ ခိုင်မြဲသော အချစ်ရှိသည်။ ကိုကို မောင်က အခက်အခဲကြားထဲမှပင် နောင်ရေးကို မျှော်ကိုးကာ ကိုယ်ပိုင် ဆိုင်ခန်းလေးတစ်ခန်းရအောင် ဖန်တီးပေးခဲ့သည်။ သည်တော့လည်း နုနုတို့မိသားစု ကျစ်ကျစ်လျစ်လျစ် ချွေချွေတာတာ နေစေတာ ဘာကြောင့်လဲ ဆိုတာ နားလည်လာသည်။ နုနုကလည်း ကိုကိုမောင့်ကို မြေဆုပ်လက်နယ် မပြုနိုင်သည့်တိုင် ကိုကိုမောင် သူ့ယုံကြည်ချက်နှင့်သူ လုပ်သမျှကို ဝေဖန် ဆန်းစစ်သမှု မပြုတော့။

www.burmeseclassic.com



ကိုကိုမောင်ကတော့ နေရာကောင်းရထားသည့် ဆိုင်ခန်းထဲမှာ သူလုပ်ချင်ရာကို လုပ်ဆဲပါပဲ။ တစ်ဈေးလုံး ကြွေထည်တွေ၊ ခေတ်မီ လျှပ်စစ်အသုံးအဆောင်တွေ၊ စတီးရောင်တွေ လက်ဖြာနေသော ဝန်းကျင်မှာ ကိုကိုမောင်က စာအုပ်ရောင်းသတဲ့လေ။

+ + +

ဖုန်အလိမ်းလိမ်းတက်နေသော စာအုပ်တွေ ပြိုကျလာတော့ နုနု ရင်ထဲမှာ မြင်းမိုရ်တောင်ကြီး ပြိုဆင်းလာသလိုပါပဲ။ တကယ်လည်းပဲ မြင်းမိုရ်တောင်ကြီးက ပြိုဆင်းသွားခဲ့ပါပြီ။

သည်စာအုပ်ပုံကြီးနဲ့ ငါ ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရပါ့မလဲ နော်။ ဟာစ်လို့သာ ငိုလိုက်ချင်သော်လည်း တကယ်တော့ မငိုဖြစ်ပါ။ စာအုပ်တွေကို ငိုင်ပြီးတော့သာ ကြည့်နေမိသည်။ စာအုပ်တွေ၊ ကိုကိုမောင် မြတ်နိုးတဲ့ စာအုပ်တွေပါကလား။ မတတ်သာ မလွှဲသာမှ အလုံးအရင်းနဲ့ ရောင်းချတတ်ပြီး နေ့စဉ် အိမ်စရိတ်ကလေးကာမိရုံ လှည့်ပတ်နေတတ်သော ကိုကိုမောင်။ ယခုတော့လည်း အရာအားလုံးကို စွန့်ခွာသွားခဲ့ပြီ။

'နုနု ကလေးတွေဝတ္ထုရေးကိုလျှော့၊ အိမ်ပြင်ထွက်ပြီး လုပ်တတ်ကိုင်တတ်အောင် လေ့ကျင့်ဦး' ဟု မကြာမကြာ ပြောတတ်လာတာ သတိထားမိသည်။ အရိပ်မည်းမည်းကြီးက တဖြည်းဖြည်း နီးကပ်လာတာတော့ နုနု မသိပါ။ ကလေးတွေကလည်း အကြီးက အလတ်ကိုထိန်း၊ အလတ်က အငယ်ကို ကြည့် စနစ်မြင့် ကြီးပြင်းရသည်ပဲ။ သားကြီးကတော့ အကြီးဆုံး သားမို့ အခွင့်အရေးယူချင်သည်။ သို့သော် ပညာမှာ ထူးချွန်သည်မို့ ခွင့်လွှတ် အလိုလိုက်ရတော့တာပါပဲ။ ကိုကိုမောင်ကိုယ်တိုင်က အဆင့်မြင့် ပညာကို သင်ကြားတတ်မြောက်ခဲ့ခြင်း မရှိလေတော့ ပညာထူးချွန်လျှင်

www.burmeseclassic.com



သဘောကျ ကျေနပ်နေတတ်သည်။ 'အိမ်ပြန်လာပြီး ကလေးတွေ စားကျက်နေသံ ကြားရရင် သိပ်စိတ်ချမ်းသာတာပဲ' ဟု ပြောလေ့ရှိသည်။

မိန်းကလေးတွေကလည်း လိမ္မာရေးခြားရှိပါရဲ့။ သို့သော်လည်း အရွယ်တွေက မတိမ်းမယိမ်းသာရှိလေတော့ ကလေးဘာသာဘာဝ ပြဿနာက ပေါင်းစုံလှုပြီး သတ်ပုတ်သံ၊ တိုင်တောသံ၊ ငိုယိုသံတွေဖြင့် ညံစီနေတတ်သည်။ သည်ကြားထဲက စေ့စေ့အောင် လုပ်ကိုင်ဖန်တီးနေရတော့ အိမ်ပြင်ထွက်ဖို့ စိုင်းပြင်းသော်လည်း မအောင်မြင်နိုင်။

'ဖြစ်လာတော့လည်း ရောက်ရားပေါ့ ကိုကိုမောင်ရယ်' ဟု အလွယ်ပြောပြီး အိမ်ကိစ္စတွေကြားမှာသာ ကျင်လည်ပြီ။ အလှအတန်း ရှိမှုလည်း ဆယ်ခါ တစ်ခါ မသွားဖြစ်။ ကြာတော့လည်း အသိအမြင်က ပို၍နည်းပါးလာပြီး နယ်ပယ်ကလည်း ကျဉ်းကျုံ့လာသည်။ ကိုကိုမောင်က ကြားဖူးနားဝရှိစေချင်၍ ပြောလည်း ဗိုက်တစ်ဝက် စင်တစ်ဝက်။

'နေနေတော့ ခက်ဦးမယ်' ဟု ကိုကိုမောင် မကြာမကြာ ညည်းသည်။

ညည်းခါမှသာ ညည်းရော၊ ဘယ်နှယ်လုပ်မလဲလေ။ အမေဆိုကလည်း နနကိုယ်တိုင် လုပ်ကိုင်ပြုစုမှ စိတ်တိုင်းကျသည်။ တစ်ခါတစ်ခါတော့လည်း အမေက 'ငါ့အတွက် ဝတ္တရားပိုလှတယ်၊ ငါ များသေရင် ဘာမှ ဓာရဲ့မနေနဲ့နော်၊ လွယ်လွယ်ကိစ္စပြီးအောင်သာ စီစဉ်လိုက်' ဟု မှာသည်။

ဪ လူတိုင်း လူတိုင်းဟာ ငါ များသေရင်ဆိုတဲ့ အတွေးမျိုး တွေးတတ်ကြမှာပဲ။ သို့သော် ကိုယ့်ဖို့တွေးသည်ထက် ကျန်ရစ်သူအတွက် တွေးတတ်ကြသည်က လူ့ရဲ့ နက်ရှိုင်းသော မေတ္တာတရားဟု ဆိုရလေမလား။

အမေ ကျန်းမာရေးချို့တဲ့လာသဖြင့် အလုပ်သွားသော ကိုကိုမောင်သည် အမေ့အတွက် စိတ်မဖြောင့်။ အိမ်ပြန်ရောက်သည်နှင့် ယောက္ခမ အခြေအနေကို ကြည့်သည်။ နံနက် အိမ်မှထွက်ကာနီးလျှင် အရေးရှိက ဘယ်သို့ဘယ်ပုံ စသည်ဖြင့် စီမံတတ်သည်။

www.burmeseclassic.com



သို့သော် ကံတရားက လှည့်စားရက်ပါရဲ့။

ရှေ့ကရောက်နှင့်သူကို ဘာဖြစ်လို့ ရှေ့က မခေါ်သလဲ။

ကိုကိုမောင် အိမ်ကထွက်သွားတော့ ရွှင်ရွှင်လန်းလန်းပါပဲနော်။ ညကလည်း ကလေးတွေစာကျက်သံကိုနားခံရင်း အိပ်ပျော်သွားသည်။ သည်နှစ်သားကြီးဆယ်တန်းဖြေရမည်ဆိုတော့ အနာဂတ်ရောင်ခြည်တွေနှင့် ကြည်နူးနှစ်သိမ့်နေသလား မဆိုနိုင်။

နုနုကတော့ ထုံးစံအတိုင်း မီးဖိုချောင်ထဲက မထွက်နိုင်။ ကိုကိုမောင့်ကျောပြင်ကိုသာ တစ်ချက်လှမ်းကြည့်ဖြစ်သည်။ ငါးပိရည်မစားတတ်သော ကိုကိုမောင့်အတွက် ငံပြာရည်ဖျော်ဖို့ စိတ်ကူးသည်။ ငါးကတော့ ထုံးစံအတိုင်း အရိုးထွင်ပေးရမှာပါပဲ။ မနက်စာကိုတော့ ပြီးလွယ် စီးလွယ်အောင်ဆိုပြီး ထမင်းကြော်ပဲ အိမ်က စားသွားသည်။

"ဟိုကောင် ဆယ်တန်းဖြေပြီးရင်တော့ ဆိုင်ထိုင်ခိုင်းရမယ်ဟေ့၊ ဒါမှ စာအုပ်အကြောင်း နားလည်အောင်" ဟု လွန်ခဲ့သည့်နှစ်ရက်က ပြောသည်။

သားကြီး ဆယ်တန်းအောင်ရင်တော့ တက္ကသိုလ် ဆက်ထားနိုင်အောင် ကိုကိုမောင် ငွေကို ပိုရှာရမှာပဲဟု နုနု တွေးနေသည်။ ပြီးတော့ ထုံးစံအတိုင်း ကလေးတွေကျောင်းသွားဖို့ ပြင်ဆင်ပေး၊ သူတို့၏ အငြင်းအခုံ အလုအယက် ပြဿနာတွေကို ဖြေရှင်းပေး၊ ကျောင်းကို အသီးသီး ထွက်သွားကြတော့ အမေ့ဝေယျာဝစ္စအလုပ်ကို လုပ်ကိုင်ပေးနေရသည်။

"ဒီသမီးနဲ့ ဒီသားမောင် ကျန်းမာပါစေ ချမ်းသာပါစေအေ၊ ငါ့အတွက်လဲ ဝတ္ထုရေးဖို့လှတယ်၊ ဒီစနွားခန်းကြီး ထမ်းနေရတာလဲ ပင်ပန်းလှပါပြီ၊ မြေးတွေ ရှင်ပြုပြီး သေမယ်ဆိုလဲ သေပျော်ပါပြီအေ"

အမေကတော့ တစ်နေ့တစ်နေ့ သေမင်းကို ရင်ဆိုင်ဖို့ စိတ်စောနေလေသည်။

www.burmeseclassic.com



တခေါက်ကပင် အမေ မသေခင် ကုသိုလ်ကောင်းမှု ပြုရှင်သည်ဆို၍ ကိုကိုမောင်က ထုံးစံအတိုင်း သူ့စာအုပ်တချို့ကို အပေါင်းဆွေနှင့် ချရောင်းပြီး အမေ့ကိုကန်တော့သည်။ အမေက ထိုငွေတွေဖြင့် မြေးတွေ ရှင်ပြုလေသည်။ သင်္ကန်းပရိက္ခရာစုံနှင့် သံဃာများအား ဆွမ်းကပ်၊ လှူဖွယ်ပစ္စည်း ဆက်ကပ်ရပါပြီ။

အမေကတော့ သာဓုခေါ်၍ မဆုံးဖြစ်ပြီး ငါ ဘဝကူးကောင်းမှာပါအေ ဟု ကျေနပ်စွာ ပြောနေတတ်လေသည်။

နေ့လယ်ရောက်တော့ အိမ်ကို ရှင်းလင်းပြီး အဝတ်ဟောင်း တစ်ပုံတစ်ပင်ကို လျှော်ဖို့ ပြင်ရတော့သည်။ သားသမီးတွေကလည်း တတ်နိုင်သလောက် ကူညီကြပါရဲ့။ အကြီးမက အဝတ်ကူလျှော်ပေးတတ်သည်။ ယခုတော့ စာမေးပွဲနီးလို့ မခိုင်းရက်။

အဝတ်လျှော်ပြီးတော့ မီးပူတိုက်ဖို့ပြင်ဆင်ရသည်။ 'ငါမှာလဲ တစ်နေ့တစ်နေ့ ဒါတွေနဲ့ အချိန်ကုန်နေတာပဲ၊ ကိုကိုမောင်ပြောသလို အပြင်လောကထွက်ပြီး ဗဟုသုတရအောင်လေ့လာဦးမှပါပဲ' ဟု ပထမဦးစွာ တွေးမိလေသည်။

မီးပူတိုက်ရန် ကိုကိုမောင့် အင်္ကျီပုဆိုးတွေကို ပွေ့ပိုက်ထွက်လာခိုက် အိမ်ရှေ့ ဝင်းတံခါးမှာ လူတစ်ယောက်လာရပ်ပြီး ဟိုဟိုသည်သည် ကြည့်နေတာ မြင်ရလေသည်။ ဘာရယ်ကြောင့်မသိဘဲ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်မှာ အမှန်။

လူကလည်း သားသားနားနားမရှိ။ တစ်နေရာရာက အလုပ်သမားတစ်ယောက်လိုလို ပုံစံပါပဲ။ စာရွက်လေးတစ်ရွက် လက်မှာကိုင်ထားသည်။ ပြီးတော့ အိမ်နံပါတ်ကို သေသေချာချာထပ်ကြည့်ပြီး အိမ်ထဲဝင်လာသည်။

အို၊ နုနုတို့အိမ်ကို ကံဆိုးမိုးမှောင်ကျတော့မဲ့ အကုသိုလ်တစ်ခု ဆိုက်ရောက်လာတော့ပြီပဲ။

www.burmeseclassic.com



အဝတ်ထုပ်ကြီးကို ပစ်ချလိုက်ပြီး 'ဘာကိစ္စရှိလို့ပါလဲ' ဟု မေးလိုက်ရကတည်းက နုနုအသံက တုန်ယင်နေသည်။

'ဦးမောင်ကြီးအိမ်လား' ဟု ထိုသူက မေးသည်။ နုနု ခေါင်းညိတ်ပြလိုက်သည်။ ထိုသူက လက်ထဲက စာရွက်တစ်ရွက် လှမ်းပေးသည်။ နုနု သေသေချာချာ မကြည့်မိ။

'ဆေးရုံက အကြောင်းကြားခိုင်းတာပါ၊ ဦးမောင်ကြီး ကားတိုက်ခံရလို့၊ အခု ဆေးရုံကြီးမှာ'

အလိုလေးလေး၊ စိတ်ထဲက လေးလံလှချည့်လို့ ထင်နေမိသား။ ကိုကိုမောင် ကားတိုက်ခံရသည်တဲ့၊ ကားတိုက်ခံရသည်တဲ့။ သည်အချိန်ဟာ ကိုကိုမောင် ဆိုင်မှာထိုင်နေကျအချိန်ပါ။

'ဘယ်မှာတိုက်တာလဲ၊ သူ သူ အခု ဘယ်မှာလဲဟင်'

အမေးဟောင်းဟောင်းအမှားမှား ရွှတ်ဆိုမိပြီး ဘာလုပ်ရမှန်းမသိအောင် ထူပူနေတာသာ သိတော့သည်။

'လဟာပြင်ဈေးမှာ အတိုက်ခံရတာ၊ အခု ဆေးရုံလိုက်ခဲ့လေ'

ဘုရား ဘုရား ကိုကိုမောင် မသေသေးဘူးပေါ့နော်၊ မသေသေးဘူးထင်ပါရဲ့၊ အို ဘာလုပ်ရမလဲ။ သည်အဖြစ်အပျက်ဟာ ငါတို့ရဲ့ဘဝပြင်ဆင်ချက်ထဲမှာ လုံးဝ ပါဝင်ခဲ့တဲ့အရာမှ မဟုတ်ဘဲ။ ငါ ဘာလုပ်ရမလဲ ဆိုတာ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ။

'ဟဲ့ ဘာတုန်း'

အိပ်ရာပေါ်မှာ အနားယူနေသော အမေက လှမ်းမေးသည်။

အခြေအနေကို ထိန်းသိမ်းဖို့ လိုအပ်သည်ဆိုတာ ပထမဆုံး တွေးမိသည်။ အမေက အသက်ကြီးသူ၊ လူမမာ။

'ဟိုလေ၊ ကိုကိုမောင် ဈေးထဲမှာ မူးလဲလို့အမေ၊ ကျွန်မ လိုက်သွားမယ်'

www.burmeseclassic.com



ရုတ်တရက် ရလာသည့် ဖြတ်ထိုးဉာဏ်ကိုပဲ ကျေးဇူးတင်မိသေး တော့။

"သွေးတိုးထင်ပါရဲ့၊ လိုက်သွား လိုက်သွား မြန်မြန်၊ အင်း ဒုက္ခ ဒုက္ခ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လူကြီးမိဘကို လုပ်ကျွေးတဲ့သား၊ ဘေးမသီ ရန်မခပါစေနဲ့"

အိမ်ပေါ်က ဆင်းမည်ပြုပြီး ပိုက်ဆံအိတ်ယူဖို့ သတိရကာ အလွယ် တကူရှိသည့် ပိုက်ဆံ တောက်ထည့်လိုက်သည်။ ပြီးတော့ တစ်ဘက်အိမ်သို့ ကူးကာ အကျိုးအကြောင်းမြန်မြန်ပြောပြပြီး သားကြီး ကျောင်းက ပြန်လာ လျှင် ဆေးရုံကိုစုံစမ်းပြီး လိုက်ခဲ့ဖို့မှာရသည်။ အမေ့ကို အဖြစ်မှန် ပြောမပြ သေးဘဲ ကြည့်ရှုစောင့်ရှောက်ထားဖို့ တောင်းပန်ရသည်။ ကလေးငယ်တွေ ပြန်ရောက်လျှင်လည်း အမှန်အတိုင်း ပြောမပြထားဖို့ မှာမိသည်။ လူအို တစ်ယောက်နှင့် ကလေးလူမမယ်လေးတွေ ပူဆွေးသောက ရောက်နေမှာကို မဖြစ်စေချင်ရက်ပေ။

ဆေးရုံ ဘယ်ပုံ ဘယ်နည်းရောက်လာသလဲဆိုတာ မမှတ်မိနိုင်တော့။

အရေးပေါ်အခန်းထဲမှာပင် ဆံပင်တွေ ပြောင်အောင်ရိတ်ပြီးဖြစ်နေ သော ကိုကိုမောင့်ကို တွေ့ရသည်မှာ ကိုကိုမောင်ဟုပင် ထင်ရက်စရာ အကြောင်းမရှိ။ မနက်ခင်းက ကိုကိုမောင့် ကျောပြင်ကိုသာ မြင်လိုက်ရသည်။ ယခုလည်း ကိုကိုမောင်သည် သူ့ကို ကျောခိုင်းလျက်ပါကလား။

"သူ မသေသေးပါဘူးနော်"

ဈေးသူဈေးသားတွေ ကိုကိုမောင့်နားမှာ ဝိုင်းနေပြီး နုနုလာတော့ မျက်နှာ အမူအရာအားဖြင့် ဝိုင်းဝန်း ချောင်းမြူကြသည်။

"မသေသေးပါဘူးကွယ်"

မိန်းမတစ်ယောက် နုနု ပခုံးကိုဖက်ကာ နှစ်သိမ့်စကားပြောလိုက် သော်လည်း အားမရှိလှ။ တဆွက်ဆွက်အန်နေတာကို ထောက်တော့ ဦးနှောက် ကို ထိတာတဲ့။ ဦးနှောက်ကို ထိတာဆိုတော့။

www.burmeseclassic.com



နုနု မျက်စိကို စုံမှိတ်ထားမိသည်။ ကိုကိုမောင်၏ သတိမရသောသော ခန္ဓာကိုယ်ကြီးကို သယ်ဆောင်သွားရာနောက်သို့ စိတ်မှ ခန္ဓာကိုယ်ဖြင့် လိုက်သွားမိသည်။ အရေးကြီးလူနာအခန်းထဲ သွင်းလိုက်ကြသည်။ လူပိုတွေကိုလည်း ဆရာဝန်တွေက မလိုလားစွာ ဖိုက်ကြည့်သဖြင့် တဖြည်းဖြည်းရှဲသွားသည်။ အို နုနု ဘာလုပ်ရပါမလဲ။ ကိုကိုမောင် အသက်ရှုနေသေးတာတော့ အမှန်ပါပဲ။ အခန်းထဲဝင်ကြည့်လိုက်၊ အပြင်ထွက်လာလိုက်ဖြစ်နေသော နုနုကို လူတွေက ဆွဲခေါ်ကာ ဆေးရုံကောင်တာဒါမှာ အဖြစ်အပျက်ကို ပြောပြကြသည်။

ကိုကိုမောင် တစ်မနက်လုံး ရယ်ရယ်မောမောနဲ့ ပါပဲတဲ့။ ဈေးမှာလည်း သားရေး နာရေး လူမှုရေးတွေ ဆောင်ရွက်တတ်လေတော့ သည်မနက်ပဲ ဆိုင်ပေါက်ဈေ စုရွေတွေ လိုက်ကောက်သည်တဲ့။ အားလုံးကို လိုက်နှုတ်ဆက်သလို ပါပဲတဲ့လေ။ တစ်ဈေးလုံးက ပြောမဆုံးကြ။

ကံကြမ္မာဆိုတာ သည်လောက်မြန်ဆန်မယ်လို့ ဘယ်သူက ထင်မလဲ။ သိထားတိုင်းလည်း ရှောင်လွှဲနေတတ်ကြသည့် အရာမှမဟုတ်တာ။ နေ့လယ်ထမင်းစားပြီးချိန် အပေါ့အပါးသွားဖို့ ထွက်သွားတာပါပဲတဲ့။ လေဟာပြင်ဈေးအိမ်သာကိုသွားလျှင် သူတို့ဆိုင်တန်းမှ တခြားဈေးရုံနှစ်ရုံကို ဖြတ်ရမည်။ ကားလမ်းမကိုကူးပြီး သွားဘက်ဆိုင်ရာဌာနဘက် ကူးလျှင် ပိုနီးသည်။ ပြီးတော့ သည်ဘက်မှာ တစ်ခါသွားလျှင် ဆယ့်ငါးပြား။ ကိုကိုမောင်က ဆီး မကြာမကြာ သွားတတ်လေတော့ ပိုက်ဆံမပေးရသည့်အိမ်သာကိုသာ သွားတတ်သည်တဲ့လေ။

အို၊ ဆယ့်ငါးပြားကိုတောင် တွက်ခြေ ချွေတာသတဲ့လား ကိုကိုမောင်ရယ်။

နုနု အင့်ခနဲရှိုက်မိသည်။

သည်အချိန်မှာ သားကြီးရောက်လာတော့ သားမျက်နှာကိုပင် မကြည့်ရက်ဘဲ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားမိသည်။ တို့ဘဝ အုတ်တံတိုင်းကြီး

www.burmeseclassic.com



ပြီလဲပြီ သားရေ့ဟု ဟစ်အော်လိုက်ချင်သည်။ အို မဟုတ်သေးပါဘူး၊ ကိုကိုမောင်မှ မသေသေးတာ။ ဆေးရုံခန်းထဲမျှော်ကြည့်တော့ ပြင်းပြသော အသက်ရှုသံကို ကြားရပြီး ခန္ဓာကိုယ်က မလှုပ်။

'မောင်လေးတစ်ထည်လောက် ခြုံပေးပါ ဆရာမရယ်၊ သူက သိပ်ချမ်းတတ်တယ်'ဟု သွားပြောမိသည်။ ဆရာမက မထူးတော့သည့် အလုပ်တစ်ခုကို လုပ်ပေးရသည့်ပုံစံဖြင့် စောင်တစ်ထည်ကို ဆွဲခြုံပေးလိုက်သည်။ သားက သတိတရ ဖုန်းသွားဆက်သဖြင့် ကိုကိုမောင့် ဆွေမျိုးတွေ အပြေးအလွှား ရောက်လာကြလေသည်။

အခြေအနေကို ဘယ်သူမှ အားမရကြ။ လဟာပြင်ဈေးသည်တွေဆိုတော့ လိုသည့်ဆေးဝါးရှိလျှင်လည်း မိနစ်ပိုင်းအတွင်း ပြေးယူပေးဖို့ အသင့်ပင်။ သို့သော် ဘာမျှ မလိုတော့ပြီလား မသိ။

ညနေစောင်းလာ၍ အမှောင်နီးလာပြီး တာဝန်ကျသူတွေလည်း ကိုယ့်အိမ်ကိုယ် ပြန်ကြရပြီ။ နုနုကတော့ ဘာလုပ်ရမည် မသိ။ အိမ်ကိုလည်း စိတ်ပူလာသည်။ အမေနဲ့ ကလေးတွေ မျှော်ကြရောမည်။ ဒါပေမဲ့ သတိမရသည့် ကိုကိုမောင့်ကိုလည်း ဘယ်လိုမှ ပစ်မထားရက်ခဲ့။ တစ်ချက်လောက် သတိပြန်လည်လာလျှင်ပဲ ထိုအခိုက်မှာ နုနုရှိနေမှ ဖြစ်မယ်လေ။

'မေမေ ပြန်ပါလား၊ သား စောင့်နေမယ်'

'ဟုတ်သားပဲ၊ နုနု ပြန်လိုက်၊ အခြေအနေက ထူးဦးမှာ မဟုတ်ဘူး၊ ဒီလိုနဲ့ပဲ တစ်ရက်နှစ်ရက်ကြာမှ သတိပြန်လည်ချင် လည်လာတတ်တာ၊ တချို့လဲ တစ်လလောက်ကြာတယ်၊ ဦးနှောက်ကို ထိတာကိုး၊ အိမ်မှာ ကလေးတွေပြန်ကြည့်၊ မနက်စောစော ပြန်လာပါလား'

ဘာကို ဆုံးဖြတ်ရပါ့မလဲ။ အိမ်က လူမမယ်ကလေးတွေကို ပြန်ကြည့်ရဦးမည်။ အဖြစ်မှန်များ သိသွားကြပြီလား။ ဘယ်လောက်များ အားငယ်နေလိမ့်မလဲ။ ကိုကိုမောင့်ကို တစ်ချက်ဝင်ကြည့်တော့ အိပ်ရာပေါ်မှာ မှောက်လျက်။ နုနုကို တကယ်ကို ကျောခိုင်းလျက်ပါကလား။

www.burmeseclassic.com



ဆေးရုံဆောင်ကြီးကို ငေးရင်းပြီး သာသာယာယာလာသော ဆောင်းပါးကလေးကို တယုတယ ဖြန့်ပေးမိသည်။ နုနုရဲ့ နောက်ဆုံးပြုစုမှုက ဒါပါပဲ ကိုကိုမောင်ရယ်။ မိသားစုရဲ့ တာဝန်ဝတ္တရားတွေကြားမှာ လှုပ်ရှားနေတဲ့ မိန်းမတစ်ယောက်ဟာ ကိုယ့်လင်သားရယ်လို့ ယုယုယယ မနေနိုင်ခဲ့တာ အမှန်ပါပဲ။

နောက်ဆုံးတင်းစွာ တစ်ချက်ငုံ့ကြည့်ပြီး အပြင်ကို ထွက်လာခဲ့သည်။ သားနှင့် ယောက်ျားဖြစ်သူကို မှာကြားဆဲ၊ အခန်းထဲက ထွက်လာသော ကိုကိုမောင့် ညီက မနု မပြန်နဲ့ဦးဟု လှမ်းပြောသည်။ ပြီးတော့ အလွန်တိုးတိတ်သော်လည်း အလွန်ကျယ်လောင်ပြင်းထန်သော အသံဖြင့် ပြောလိုက်သည်။

"သူ ဆုံးသွားပြီ" တဲ့။

\+ \+ \+

ဝါကြင်သောမီးရောင်အောက်မှာ ကလေးတွေ စာကျက်သံဖြင့် ဆူညံလှုပ်လော ရိုက်နေတတ်သော နုနုတို့၏ အိမ်ကလေးသည် ချက်ချင်းပင် မီးတွေ ထိန်လင်းလာပြီး အသုဘအိမ်ကြီးအဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲသွားလေသည်။

"အမှည့်တဝင်းဝင်း အကောင်းတွေပြွတ်ပြွတ်ပါလားဟဲ့ ငမောင်ရဲ့၊ သေဖို့စောင့်နေတာက ငါပါဟဲ့"

အမေ ဒေါ်ညည်းသံနှင့်အတူ ကလေးတွေငိုသံ ဆူညံနေသည်။ နုနုကတော့ ငါ ဘာလုပ်ရမလဲ ငါ ဘာလုပ်ရမလဲ ငါ ဘာလုပ်ရမလဲဆိုသည့် ဂါထာကို စိတ်ထဲက တဖွဖွ ရွတ်နေမိတော့သည်။ လတ်တလောအားဖြင့်တော့ ဝိုင်းကြ ဝန်းကြသူတွေနှင့် စည်ကားလို့နေသည်။ ဒါတွေက ပြီးရင် ကွယ်ပျောက်ကုန်မှာ မဟုတ်လား။

အနှစ်နှစ်ဆယ်နီးပါး အိမ်ထဲကအိမ်ပြင် မထွက်ဘဲနေခဲ့သည့် မိန်းမတစ်ယောက်၊ ယခု ကလေးငါးယောက်၊ မိခင်အို တစ်ယောက်နှင့် ကျန်ရစ်ပြီ။ ဘာမှရင်ဆိုင်ဖို့ အသင့်မဖြစ်သေးတဲ့ အချိန်ပါပဲ။ အဖြစ်အပျက်ကလည်း

www.burmeseclassic.com



မြန်ဆန်လွန်းလို့ အိပ်မက်မက်နေသလားပင် ထင်နေမိသည်။ မနက်ကပင် တွေ့လိုက်သည့် လူတစ်ယောက်၊ အခု သေဆုံးသွားပြီတဲ့လား။ လူ့လောကကြီးမှာ မရှိတော့ဘူးတဲ့လား။ အနာဂတ် မျှော်လင့်ချက်ရောင်ခြည်တွေဟာလည်း သည်လောက်မြန်မြန် ကွယ်ပျောက်လွင့်စဉ်ကုန်နိုင်သတဲ့လား။

ဘဝအခက်အခဲကို အနည်းအကျဉ်း သဘောပေါက်သော သားကြီးသမီးကြီးတွေက သည်းထန်စွာ ငိုသည်းဆဲ။ ကောင်းကောင်းမသိတတ်သေးသော ကလေးငယ်တွေက လူတွေစည်ကားနေတာကြည့်ပြီး အထူးအဆန်းစိတ်ဝင်စားမှုယ်၊ ပျော်ရွှင်မှုယ် ဖြစ်နေသည်။ ကိုကိုမောင်၏ မွေးရာဇာတာမှာ အစောင့်အရှောက်ဖြင့် မကောင်းအပ်သော ဆွေမျိုးတွေလည်း ပြေးလွှားရောက်ရှိလာကြသည်။ အို ကိုကိုမောင် မြင်စေချင်လိုက်တာ။ ကိုကိုမောင်ကိုယ်တိုင် တွေ့ချင်မည့်သူတွေပါပဲ။ ယခုတော့ ကိုကိုမောင်သည် သူတို့ကိုမြင်တွေ့ဖို့ဝေးစွ သူ့ဝိညာဉ်နှင့် ခန္ဓာကိုယ်သည် ဝန်းကျင်မှာမရှိ။ အေးစက်လှတဲ့ ရေခဲတိုက်ထဲမှာ ကိုကိုမောင် လဲလျောင်းနေရှာပါပြီနော်။ ဆောင်းပါးလေးတစ်ထည်လောက် ခြုံပေးချင်လိုက်တာ ကိုကိုမောင်ရယ်။

အိမ်ကို ရှင်းကြ လင်းကြတော့ နေရာတိုင်းကပင် စာအုပ်တွေအထပ်လိုက်၊ တချို့လည်း စက္ကူနှင့် သေသေသပ်သပ် ထုပ်ပိုးလျက် အထုပ်ပေါ်မှာစာအုပ်အမည်ကို အတိုကောက် ရေးလျက် တစ်ပုံတစ်ပင် ထွက်လာကြသည်။ ရှင်းလေလေ စာအုပ်တွေ ထွက်လာလေလေပါပဲ။ နောက်ဆုံးတော့ စာအုပ်တွေကို တစ်နေရာတည်းမှာ စုပုံပြီး ကျန်နေရာကွက်ကွက်ကလေးမှာပဲ လူတွေကို ဧည့်ခံဖို့ စီစဉ်ရသည်။ ငါသေရင် ဘာမှ အကျယ်ချဲ့မနေနဲ့ဆိုသော ကိုကိုမောင့်စကားကို သတိရသည်။ သို့သော် ရပ်ကွက်က မနေကြ။ ထုံးစံအတိုင်း စီမံဆောင်ရွက်ကြသည်။

ကားတိုက်မှုအကြောင်း၊ လျော်ကြေးကိစ္စ၊ ရပ်ရွာလူကြီးတွေနှင့် တရားခံဘက် ညှိနှိုင်းကြသည်။ နန့ ဘာကိုမျှ မကြားချင်ပါ။ ကိုကိုမောင့်

www.burmeseclassic.com



ခန္ဓာကိုယ်နှင့်ရင်းသော ငွေကိုလည်း မျှော်ကိုးခြင်း မပြုလိုပါ။ လာရောက် ကူပံ့သမျှကို သမီးနှင့် ဖွဲ့ထားရသည်။ နုနုရင်ထဲမှာ အတွေးတစ်ခုပဲရှိသည်။ ရှေ့ခရီးကို ဘယ်လိုဆက်ရမလဲ။

ဆယ့်ငါးပြားကိုတောင် ချွေတာခဲ့တဲ့ ကိုကိုမောင်၊ သူတို့မိသားစု နပ်မှန်အောင်စားဖို့ ဘယ်လိုများ ရှာကြံနေခဲ့ပါလိမ့်မလဲနော်။

အများတကာ လင်သေ မုဆိုးမတွေလို နုနုသာကြောင့် အော်ဟစ် ငိုယိုမနေမိလေသလဲ။ ပထမဦးစွာ မိမိကိုယ်ကို အံ့ဩမိလေသည်။ လူသံတွေ ညံညံစီစီဖြစ်ပြီး ညဉ့်နက်တော့လူစုကွဲသွားသည်။ လူရင်းတချို့ ကျန်ရစ်သည်။

'တစ်ရေးလောက်အနားယူလိုက်ပါလား နုနုရယ်' ဟု လာရောက်ပြောဆိုသံ ကြားမှ မနက်ဖြန်အတွက် တစ်ရေးအိပ်ထားဖို့ သတိရသည်။ အငယ်ဆုံး သမီးလေးက ထုံးစံအတိုင်း နုနုရင်ခွင်ထဲတိုးဝင်လာမှ ပထမဆုံးအကြိမ် သည်းထန်စွာ ရှိုက်လိုက်မိလေသည်။

\+ \+ \+

ကိုကိုမောင်ရဲ့ နိုင်မာသည့် စိတ်ဓာတ်က အရှုံးပါလာသည်ဟုပဲ ဆိုရမလား မသိ။ နုနုတို့ မိသားစုသည် ပုံပျက်ပန်းပျက်ဖြစ်လောက်အောင် မပူဆွေး ကြပါ။ သားကြီးက ဆယ်တန်းစာမေးပွဲနီးလို့ ကျောင်းပြေးတက်ရသလို အငယ်လေးတွေကလည်း ကျောင်းမှာ စာမေးပွဲရှိနေ၍ စာကျက်ကြရသွားခဲ့ ကြရသေးသည်။ ကိုကိုမောင့် အသုဘမှာဆွေမျိုးသူချင်းသား၊ စာသမား ပေသမား တွေနှင့် စည်ကားသိုက်မြိုက်လှသည်။ သည်အချိန်ထိ နုနု ဘာတစ်ခုမှ မင်းမင်းပန်းပန်း လုပ်အားမစိုက်ရ။ ရက်လည်ဆွမ်းသွတ်ပြီး တစ်အိမ်လုံး သိမ်းဆည်းပြီးသည့် ညကျမှပဲ ကိုကိုမောင် အိမ်မှာမရှိတော့တာ သိပ်ကို သေချာသွားပြီ။ နုနုတစ်ယောက်တည်း ညအဉ့်ရက်ဆက် ငိုမိတော့သည်။

သိပ်ကြာကြာလည်း ငိုမနေနိုင်ပါဘူးလေ။ အပူသည်ရုပ်လို ဟန်လုပ် လို့ မနေချင်တော့။ သူများသနားတာ ခံယူနေလို့ချည်းလည်း ဖြစ်တာမှ

www.burmeseclassic.com



မဟုတ်ပါဘဲ။ မြသော် ကိုကိုမောင် ရက်မလည်ခင် အသုဘချပြီး နောက်တစ်နေ့မှာပဲ 'မျက်နှာ သနပ်ခါးမလိမ်းဘဲနေရတာ ပူစပ်စပ်နဲ့၊ လိမ်းချင်လိုက်တာ အမေရယ်၊ သူများတွေက လင်သေတာတောင် သနပ်ခါး အလိမ်းမပျက်ဘူးလို့ ကဲ့ရဲ့နေမလား မသိဘူးနော်' ဟု အမေ့ကို ပြောမိသည်။

'ဘာဖြစ်လဲဟဲ့ လိမ်းချင်လိမ်းပေါ့၊ ညည်းအဖေသေတော့လဲ ငါ သနပ်ခါးလိမ်းတာပဲ၊ ဒါပေမဲ့ နောက်လင် မယူဘဲနေခဲ့တာ ကနေ့ထိ မဟုတ်လား၊ တက်မတတ်၊ ချက်မတတ် ငိုတတ်တဲ့မိန်းမတွေ မကြာပါဘူး နောက်လင်ယူတာ'

အမေကလည်း သည်လိုအမေမျိုး။

နုလည်း အိမ်မှာထိုင်ပြီး ပူဆွေးနေလို့မဖြစ်တော့တာ ရှင်းနေပြီ။ လောလောဆယ် ကျကြ ပုံကြသည့် ငွေလေးတွေ အနည်းအကျဉ်း ကျန်လေတော့ အဖတ်တင်အောင်ဆိုပြီး ပေါင်နှံထားသည့် ပစ္စည်းလေးတွေ ရွေးရသည်။ တစ်ချိန်မှာ ထုခွဲသင့်ရင် ထုခွဲရမယ်ပေါ့။ နောက် သားကြီးနှင့် ခေါင်းချင်းဆိုင်ပြီး ဆိုင်ပြန်ထွက်ဖို့ကိစ္စ တိုင်ပင်ရသည်။ သားကတော့ ဖအေနှင့် ဆိုင်မှာ မကြာမကြာ ထိုင်ဖူးလေတော့ နနထက်စာလျှင် တီးမိခေါက်မိရှိသည်။ ဘယ်စာအုပ်က ရှားပါးတာ၊ ဘယ်စာအုပ်က ဈေးကောင်းရတာ သိသင့်သလောက် သိနေသည်။ သို့သော် တာဝန်ခွဲနိုင်တော့ အချိန်ပြည့်ထိုင်လို့ မဖြစ်သေး။ နနပဲ ဦးဆောင်နှင့်ရမည်။ အိမ်မှာလည်း မထားမရှိလို့ မဖြစ်ဘူးရယ်လို့ သဘောမထားနှင့်တော့ သမီးတို့ရေ၊ အမေ အိမ်ပြင်ထွက်ရတော့မယ်၊ တို့တစ်တွေဟာ ဘဝကို တက်ညီလက်ညီ ရှေ့ဆက်ကြရတော့မယ်ဟု ပြောကြားပြီး စစ်မြေပြင်ထွက်ရမည့်သူလို ဟန်ပြင်ရတော့သည်။

ပထမဆုံးနေ့၊ ပထမဆုံးနေ့။ ကိုကိုမောင် ခြိုးခြံချွေတာရှာ သွားလာခဲ့သလို ငါလဲသွားနိုင်ရမယ်ပေါ့။ တောင်ဥက္ကလာပကနေ လသာပြင်ထိ ဘတ်စ်ကားစီးရသည့်ဒုက္ခ၊ ဒါက အစပထမ။ ဈေးရောက်တော့ ဆိုင်နီးချင်းတွေက ကရုဏာဖြင့် ဝိုင်းဝန်းလာကြပါရဲ့။ နနကတော့ ရင်ထဲမှာ လှိုက်နေကာ

www.burmeseclassic.com



ခြေလက်တွေပင် အေးစက်လာသည်။ အို ငါက ဈေးသည်လုပ်ရတော့မှာပါ ကလား။

ကိုကိုမောင် ခြေအစုံရပ်ခဲ့သည့်နေရာမှာရပ်ပြီး ဆိုင်တံခါးချပ်တွေကို ဖွင့်လိုက်တော့ အို၊ ကိုကိုမောင် မရှိမရှာ ပေးစရက်ခဲ့တဲ့ စာအုပ်တွေပါကလား နော် ကိုကိုမောင်ရယ်။

\+ \+ \+

ပထမလမှာ ကိုကိုမောင့်ဖောက်သည်ဟောင်းတွေ ရောက်လာကြ၊ မေးမြန်းကြ၊ လိုတဲ့စာအုပ်တွေ ဝယ်သွားကြတော့ ဝင်ငွေကမဆိုးလှပါဘူး။ အကြွေးဟောင်းတွေကို တခုတ်တရ လာဆပ်သူပင်ရှိရဲ့။ ဒါဟာ ကိုကိုမောင်ရဲ့ ရိုးသားတဲ့ ဂုဏ်သိက္ခာကို ငဲ့လို့ဖြစ်မှာပဲဟု နုနု ယုံကြည်သည်။ တစ်ဦးချင်း သမားတွေကိုတော့ စာအုပ်တစ်အုပ် နာမည်ပြောရုံနှင့် ဆက်ခနဲ ဆွဲယူမပြနိုင်လေတော့ တော်တော်ပဲအားနာရသည်။ တချို့ကလည်း ကိုကိုမောင်ဆုံးတာကို မသိ။ ဆိုင်နားရောက်မှသိပြီး ပြန်သွားမလို လုပ်ပြီးမှ ပြန်လှည့်လာသူလည်း ရှိသည်။ ဘာပဲပြောပြော အစပထမမှာ အခြေအနေ မဆိုးလှ၍ ကိုကိုမောင့် ဝိညာဉ်ကများ လာပြီး မ စ နေသလားဟု မတွေးကောင်း တွေးကောင်း တွေးမိလေသည်။

အများတကာယူဆသလို ရုတ်တရက် ဆုံးပါးသူ ဖြစ်ပေမဲ့ ကိုကိုမောင့်ကို အိပ်မက်တောင် မရပါဘူး။ နုနုကိုယ်တိုင်က မလုပ်ဖူးသည့် အလုပ်ကို လုပ်ပြီး ပင်ပန်းလွန်း၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတတ်တာလည်း ပါမည်ပေါ့။ အိမ်မှာလည်း ကလေးတွေအခြေမကျ၍ ကသီလင်တ ဖြစ်လှသည်။ အမေကလည်း မကျန်းမာ။ တကယ်ကို စိတ်ညစ်ညူးစရာပါပဲ။ တဖြည်းဖြည်းနှင့် ဆိုင်ကလည်း အရောင်းပါးလာသည်။ ဈေးတန်းထဲ ဝင်လာ

www.burmeseclassic.com



ပြီး တစ်ဆိုင်တည်းသော စာအုပ်ဆိုင်လေးကို ကျော်လွှားသွားကြတော့တာ ပါပဲ။ ဈေးဦးမပေါက်တော့သည့် ရက်တွေ ရှိလာတော့ နန ရင်တွေပူလာ သည်။

တလောက ဆရာတစ်ယောက်က ကိုကိုမောင် မကျွတ်ဘူးဆိုပြီး အိမ်မှာ ဆွမ်းကျွေး ပရိတ်ရွတ်ခိုင်းတော့ ကိုကိုမောင်မကြိုက်သည့် အလုပ်မျိုး ပေမဲ့ ကိုကိုမောင့်အတွက် လုပ်ပေးနိုင်တာ ဒါတစ်ခုပဲရှိ၍ လုပ်လိုက်သည်။ သည့်နောက်ပိုင်း ဈေးရောင်းမကောင်းတော့ ကိုကိုမောင် ကျွတ်သွားလို့ ဈေးရော ထွက်ခွာသွားပြီ၊ ငါတို့ကို မ မ တော့လို့ ဈေးရောင်းမကောင်းတော့တာ ပဲဟု တစ်ယောက်တည်းတွေးရင်း ပြုံးမိလေသည်။

သား စာမေးပွဲပြီးတော့ စာအုပ်တွေကိုစုတိုင်ပင်ပြီး သိမ်းသင့်တာ သိမ်း၊ ဈေးရမယ်ထင်တာတွေ ထုတ်ရောင်းဖို့ စီစဉ်ရသည်။ စာအုပ်တစ်မျိုး ရောင်းတိုင်း ကိုကိုမောင်သိရင် ကြိုက်ပါ့မလားဟု တွေးကာ အပြစ်ရှိသလို ခံစားရလေသည်။ စာအုပ်အသစ်လည်း မရိုက်တော့တော့ စာအုပ်တွေကိုသာ တကိုတ်နှင့် ချရောင်းနေရင်လည်း ကြာရင် လုံးပါးပါးချည်ရဲ့။ သည်တော့ လည်း ကိုကိုမောင့်လို သတ္တိခဲကြီး မလုပ်နိုင်၊ မလုပ်တတ်ပြီမို့ ပတ်ဝန်းကျင်ကို ငုံ့ဆောင်းကာ လမ်းကြောင်းကို ပြောင်းရပြန်သည်။

အချိုပန်းကန်လေးအစ၊ ဓာတ်ဘူးလေးအဆ ဆိုင်ပေါ်တင်ခါစက ကိုကိုမောင့် စာအုပ်တွေကို နောက်နားကိုတချို့၊ ဆိုင်အောက်ခန်းလေးထဲ တချို့ သိမ်းရပြန်တော့ ရင်ထဲမှာ နာကျင်မိပြန်သည်။ လူတစ်ယောက် သေသွားတာ သူ ယုံကြည်မြတ်နိုးတဲ့အရာတွေကိုပါ အားလုံး သယ်ဆောင် သွားတော့တာပါကလားဟု တွေးပြီး ဝမ်းနည်းမိပြန်သည်။

ပန်းကန်ခွက်ယောက်တွေ ဆိုင်ပေါ် တစ်ဝက်နေရာယူပြီးခါမှ စာအုပ် လာမေးသူက တစ်ခါတစ်ရံ ပေါ်လာပြန်တော့ သံယောဇဉ်က မပြတ်နိုင်ဘဲ စာအုပ်တွေကို ရှေ့နောက်ရှာဖွေပေးမိပြန်သည်။ စာအုပ်ရှာရင်း ပန်းကန်တွေ

www.burmeseclassic.com



ကို နိုက်မိပြန်တော့ ရင်ထဲဒိတ်ဒိတ်ခုန်ပြန်သည်။ ဘုရား ဘုရား၊ ပန်းကန်တွေ များ ကျကွဲသွားမလား။

စာအုပ်နှင့် ပန်းကန် ဘာဆိုင်သလဲလေ။

နုနုရင်မှာ မောပိုက် နာကျင်ရပေါင်းများပါပြီ ကိုကိုမောင်ရယ်။

ဆိုင်ပေါ်က စာအုပ်တွေ တစ်စ တစ်စ ကွယ်ပျောက်ပြီး ပန်းကန်ခွက်ယောက်တွေနဲ့ စခန်းသွားနေတဲ့ နုနုကို နားလည်ခွင့်လွှတ်ပါတော့ ကိုကိုမောင်ရယ်။ တချို့ မပစ်ရက်၊ မရောင်းရက်တဲ့ စာအုပ်တွေ အိမ်မှာ တစ်ပုံတစ်ပင်ပါပဲ။ ပိုးမကိုက်ရအောင် ဂရုစိုက်သိမ်းဆည်းထားပေမဲ့ ဒါတွေဟာ ဘယ်အချိန်မှာ တန်ဖိုးရှိလာဦးမှာလည်း နုနု မသိနားမလည်နိုင်တော့ပါ။ နုနု သိတာက မိသားစု စားဝတ်နေရေး၊ ကလေးတွေပညာရေးကို ရှေ့ဆက်ကျွေးကန်နိုင်အောင် မလွှဲမရှောင်သာ ထက်မြင်လာတဲ့ ဈေးသည် ဘဝနဲ့ ခရီးဆက်ဖို့ပါပဲ။ တစ်ချိန်ကလို ကိုကိုမောင် ယုံကြည်ရာ လုပ်ပေဆေး၊ အချိန်တန် လို့ အိမ်သုံးစရိတ်ရရင် ပြီးရောဆိုတဲ့ အိမ်ရှင်မဘဝကို နုနု ပြန်လိုချင်ပါတယ်။ ဒါပေမဲ့ ဒါဟာ အလွန့်အလွန် ဝေးကွာတဲ့အရပ်မှာ ကျန်ရစ်ခဲ့ပြီ။

သားကြီးလည်း ဆယ်တန်းအောင်ပေမဲ့ ဒေသာကနဲ့ စာမေးပွဲဖြေရလို့ ဂုဏ်ထူး မပါပါဘူး ကိုကိုမောင်ရယ်၊ ကိုကိုမောင် ဖြစ်စေချင်သလို ပညာတတ် စာသမား ဆေးသမားကြီး ဖြစ်ချင်မှ ဖြစ်တော့မယ်၊ ပညာရေးကို ဒုတိယထားပြီး ဈေးသည်တစ်ပိုင်းဖြစ်နေပြီ။ ဒါဟာ ကံကြမ္မာရဲ့ အလှည့် အပြောင်းတွေပဲလို့ ဖြေသိမ့်ရုံသာ ရှိပါတော့တယ်။

ယခင်က အိမ်ထဲက မီးဖိုချောင်ထဲက ငါးအရိုးထွင်ပေးတတ်တဲ့ နုနု။ ခုတော့ ဈေးလယ်ခေါင်က အမြတ်ငွေကိုတွက်ရေနေတတ်တဲ့ နုနု။ တစ်နေ့လုံး နေလို့မှ ကိုကိုမောင့်ကို သတိမရ မလွမ်းအားတာကို မညာချင်ပါဘူး။ ဝန်ခံပါတယ် ကိုကိုမောင်။ သနပ်ခါး အလိမ်းမပျက်၊ ပန်းပန်မပျက်၊ အပြုံးမပျက် နုနု ခရီးဆက်နေပါတယ်။

ဒါပေမဲ့ မရောင်းရက်လို့ အမှတ်တရ အိမ်မှာထုပ်ပိုးသိမ်းဆည်းထားလျက် ရှိဆဲဖြစ်တဲ့ ကိုကိုမောင့် စာအုပ်လေးတွေလိုပဲ ကိုကိုမောင်ရဲ့ မေတ္တာနဲ့ ယုံကြည်ချက်တရားကိုလည်း နုနုရင်မှာ ထာဝရ သိမ်းဆည်းထားပါတယ်။

ဒီနေ့ ကိုကိုမောင်ဆုံးတာ တစ်နှစ်ပြည့်တဲ့နေ့။ နုနုလေ သနပ်ခါးလိမ်း ပန်းပန်ပြီး ဈေးကို ထွက်ခဲ့လေရဲ့။

**[လုံမလေး ။ ။ ဇန်နဝါရီ၊ ၁၉၈၇]**

www.burmeseclassic.com

# သော့တွဲဆင်ချင်တယ်

နှယ်နှယ်ခင့်ဘဝတွင် တစ်ယောက်ယောက်ကိုတော့ ယုံကြည်ကိုးစား ချင်သည်။ အနည်းဆုံး ကိုယ့်ရင်ထဲမှာရှိတာလေးကို ယုံယုံကြည်ကြည် ဖွင့်ဟပြောပြလို့ရသည့် လူပုဂ္ဂိုလ်တစ်ယောက်ယောက်ပေါ့။ သူက မိမိခံစားရတာလေးတွေကို စိတ်ဝင်တစားနားထောင်မည်၊ တကယ်တမ်း စိတ်မဝင်စားတောင်မှ စိတ်ဝင်စားဟန်ဆောင်ပေးမည်၊ ပြီးတော့ စာနာ ထောက်ထားစွာ မျှဝေခံစားမည်။ ဒီလောက်ဆိုလျှင်ပဲ နှယ်နှယ်ခင် လောကကို ရင်ဆိုင်ဖို့ အထောက်အကန့် အင်အား ပြည့်ဖြိုးလာနိုင်သည်။

ယခုတော့ မိမိတစ်ယောက်တည်း အရုပ်ကြိုးပြတ် ခံစားနေရလည်း ရင်ထဲက ဝေဒနာကို တစ်စိတ်တစ်ဒေသမျှ နားလည် စာနာပေးသူမရှိ။

လောကကြီးက သည်လောက်တောင် တစ်ဖက်စောင်းနင်းနိုင်လိမ့် မည်ဟု နှယ်နှယ်ခင် မထင်ခဲ့။ မြေနိမ့်ရာ လှံစိုက်သည်ဟူသည့် စကားကို ဥပမာတစ်ရပ် အဖြစ်သာ ကြားခဲ့ဖူးသည်။ တကယ်တမ်း လူတွေဟာ သည်လောက်တော့ မရက်စက်တတ်ပါဘူးဟု ထင်ခဲ့မိသည်။ သို့သော်

www.burmeseclassic.com



လူတွေက ထင်တာထက်ပင် ပိုပြီး ရက်စက်တတ်ခဲ့သည်ကို အံ့သြစွာ တွေ့ရှိခဲ့ရလေ၏။

နှယ်နှယ်ခင် အလိုချင်ဆုံးအရာက ယုံကြည်ကိုးစားမှုပါပဲ။

ဒုတိယ အချစ်ဟု ဆိုနိုင်သည်။ သို့မဟုတ်ပါကလည်း အချစ်က ပထမ၊ ယုံကြည်ကိုးစားမှုက ဒုတိယပေါ့၊ ဘယ်အရာပဲ ရှေ့ကလာလာ မဆိုးပါဘူးဟု ဖြေသာနိုင်လောက်သည်။ သို့သော် နှယ်နှယ်ခင့် ဘဝမှာ အချစ်လည်း ရေရေရာရာ မရှိ။ ယုံကြည်ကိုးစားရမည့်သူကတော့ လုံးဝ မရှိတော့ဘူး ထင်သည်။ ဘဝ၏ အစပထမမှာတော့ ငယ်ရွယ်နုနယ်သူပီပီ စိတ်ရွှင်လန်းတက်ကြွစွာဖြင့် တလောကလုံး သာသာယာယာ ရှိခဲ့သည်။ မျှော်လင့်ချက်အပြည့်ရှိသည်။ မိမိကိုယ်ကိုလည်း ယုံကြည်သည်။ သူတစ်ပါးကိုလည်း ယုံကြည်သည်။ ယခုတော့ ထိုအရာအားလုံး ဆိတ်သုဉ်းသွားပြီ၊ အားလုံး ပျက်စီးသွားပြီဟု ဆိုပါတော့။

ဘဝ၏ မျှော်မှန်းချက်တွေက ဘာကြောင့်များ သည်လောက် စောစောစီးစီး ပျက်စီးသွားရသလဲ။ ဟုတ်တော့ မဟုတ်သေးဘူး ထင်ပါရဲ့။ အချိန်က စောလွန်းပါသေးသည်။ ဆုံးဖြတ်ရမှာ စောလွန်းသေးသည် ထင်သည်။ ပြန်လည်အားယူ မတ်ထူဖို့ အချိန်ကာလတွေ အများကြီးရှိနိုင်သေးတာပဲ။ အားတင်းဦးမှ ဖြစ်မည်ထင်ရဲ့။ ယုံကြည်ရမယ့်သူတစ်ယောက်မှ မရှိတော့ဘူးဆိုတာလည်း လုံးဝ မမှန်ဘူးထင်သည်။ နှယ်နှယ်ခင့် အမေကို ဘယ်သွားထားမလဲ။ အမေက နှယ်နှယ်ခင်အတွက် ဘာမှလုပ်မပေးနိုင်တာတော့ မှန်သည်။ သို့သော် စိတ်ဓာတ်အားဖြင့်တော့ အားပေးဖော်ရသေးသည်။ အနည်းဆုံး အမေ့ရင်ခွင်မှာ ခိုဝင်ငိုညည်းလို့ ရသေးသည်ပဲလေ။

\+ + +

စချင်းတော့ အမေက နှယ်နှယ်ခင့်ကို ရင်ခွင်ထဲဆွဲသွင်းပြီး ငိုညည်းခြင်းဖြင့် နှယ်နှယ်ခင့်ဘဝ ဝေဒနာတွေကို အစပျိုးပေးခဲ့သည်။ အမေ ဘာ့ကြောင့်

www.burmeseclassic.com



သည်လောက်သည်းထန်စွာ ငိုကြွေးခဲ့ရသလဲ။ နွယ်နွယ်ခင် နားမလည်ခဲ့။ အမေ ဆောက်တည်ရာမဲ့ ဖြစ်နေခြင်းကို ကြည့်ပြီး သနားလည်း သနားသည်။ အားလည်း အားငယ်မိသည်။ အကြောင်းရင်း ဇာစ်မြစ်ကို မသိသော်လည်း ရေးရေးတေးတေးနှင့် သိသလိုလိုလည်း ဖြစ်နေခဲ့သည်။ ထိုမှ သိရပုံနှင့်ပင် နွယ်နွယ်ခင် လူတွေကို စတင်နားကြည်း မုန်းတီးမိသည်။ လူဆိုတာ ယုံရတဲ့ အမျိုး မဟုတ်ပါတကားဟု နုနယ်သော စိတ်ဖြင့်ပင် မှတ်ချက်ချခဲ့မိမှုး သည်။

အမေသည် နွယ်နွယ်ခင့်ကို အချစ်တွေ အကြင်နာတွေတော့ ပေးအပ်ခဲ့ပါသည်။ နွယ်နွယ်ခင့်ဘဝ ဖူလုံရေးအတွက်တော့ အမေ့စွမ်းအားဖြင့် ဆောင်ရွက်နိုင်ခြင်းဟု မတတ်သာ။ အမေသည် အလွန်ရိုးစင်းလွန်းသူတည်း။ ပြီးတော့ အမေ့မှာ ဘဝကို ရင်ဆိုင်ဖို့ ခွန်အားနည်းပါးသည်။ ပညာမရှိ၊ ပစ္စည်းဥစ္စာမရှိ၊ ကာယစွမ်းအားလည်း မရှိ။

"နင်လို အနေအထိုင်ထိုင်းတဲ့ မိန်းမမျိုးလဲ တွေ့မတွေ့ဘူးပေါင်ဟယ်" ဟု အွန်ရိပ်ချိုရိပ် မကောင်းသူများက ကရုဏာဒေါသောဖြင့် ပြောသောအခါ အမေ ပြုံးသယောင်ယောင်နှင့် မျက်ရည်ဝဲနေတတ်၏။

"မိန်းမ ဒီလောက်တောင် နင့်အိမ်ပေါ် ဝင်ထွက်သွားတော့ သူ့လက် သူ့ခြေ လုပ်ချင်သလိုလုပ်နေတာ၊ တို့တောင် မျက်စိနောက်တယ်၊ နင် မရိပ်မိဘူးလား၊ နင့်လင် အပေါ်တောင်နည်းသေးတယ်" ဟု သက်တူရွယ်တူ အပေါင်းအသင်းများက ပြောသောအခါလည်း အမေ ပြုံးမဲ့မဲ့ ဖြစ်နေတတ်၏။

"ငါက မကျန်းမာဘူး မဟုတ်လားဟယ်။ သူကပဲ အစစအရာရာ ကူညီစောင့်ရှောက်ပေးနေတာ သူ့ကျေးဇူးလဲရှိတယ် မဟုတ်လား၊ ပြီးတော့ ကိုလှသော်ကလဲ သိပ်ဖြောင့်မတ်တာ နင်တို့ အသိပါ၊ သမီးလေးကိုလဲ သူ သိပ်ချစ်တာပါအေ"

"အမယ်လေး သေပါတော့ အေးရှင်ရယ်၊ လူဆိုတာ ရိုးဖြောင့်တယ် ဆိုတာ ဘယ်တော့မှ မရှိဘူးမှတ်ထား၊ ကိုယ့်အပေါ် လာကူညီတိုင်းလဲ

www.burmeseclassic.com



ဆေးတန်ခိုးရှိလို့ မထင်ပါနဲ့၊ အဲဒီ ဆေးတန်ခိုးနောက်မှာ သူတို့လိုချင်တာ တစ်ခုခုရှိလို့ပဲ'

ထိုစဉ်က ပိုင်းဝန်းပြစ်တင်သည်လား၊ အားပေးသည်လား၊ လေဖန်သည်လား ခွဲခြားနားလည်ခြင်းငှာ မတတ်သာသော ထိုစကားလုံးများသည် နွယ်နွယ်ခင့် နားထဲမှာ စွဲကျန်ရစ်ဖူးပါသည်။ သို့သော်လည်း အမှန်တရားပဲ ဟုတော့ လက်မခံခဲ့။ ယနေ့ထိပင် လက်ခံချင်စိတ် မရှိသေး။ သို့သော် နွယ်နွယ်ခင့်ဘဝ လက်တွေ့ကြုံရသမျှမှာတော့ ထိုအရာကို အမှန်တရားဟု သတ်မှတ်ရတော့မလိုပင်။

နွယ်နွယ်ခင့်ကို အလွန်ချစ်ခင်ယုယ အလိုလိုက်သောအမေနှင့် တစ်စတစ်စဝေးခဲ့ရပြီး လူလားမြောက်စအချိန်မှာ နွယ်နွယ်ခင်သည် မိမိကိုယ်ကို ယုံကြည်အားကိုးခြင်းကိုသာ လက်ကိုင်ပြုခဲ့ပါ၏။ သမီးဖြစ်သူကို အစေးမှ ကျညီထောက်ပံ့သော အမေသည် အလွန်မှုပြင်းသော နေရောင်အောက်မှာ နှင်းစက်မှုန်လေးများ တစ်စတစ်စ ကွယ်ပျောက်သွားသလို တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားလေသည်။

နွယ်နွယ်ခင်သည် သူ့ဘဝအတွက်သာမက အမေ့အတွက်ပါ ရပ်တည်ရမည်ကို အလိုလို သိမြင်လာ၏။ သူတို့သားအမိအတွက် အင်အားလေးတစ်ခုတော့ လိုချင်မိခဲ့တာ အမှန်ပင်။ စိတ်ဓာတ်အင်အားလေးပဲ ဖြစ်ဖြစ် လိုချင်ခဲ့မိပါရဲ့။ ဆွေမျိုးသားချင်းဆိုသည်မှာလည်း အမေ၏ အရှိန်အဝါအောက်မှာတုန်းကလို လိုက်လံပျူငှာခြင်း မရှိတော့။ ပါးစပ်မှ အားပေးစကားပြောရင်း လူနွှောကိုယ်တွေက တဖြည်းဖြည်း နောက်ကို ရှဲ့မှန်းမသိ ရှဲ့သွားကြတာ သိသာလှသည်။ မဆုံချင်ဘဲဆုံရသော ပွဲလမ်းတချို့မှာတော့ နွယ်နွယ်ခင့်ကို သူတို့ ဂုဏ်အတွက် နည်းနည်းပါးပါး အသုံးချတတ်သည်။

'ဒါ ကျွန်မ တူမလေးလေ၊ ရတနာမြိုင် ဦးလှသော်ရဲ့ သမီးလေး ပေါ့'

'အို ဟုတ်လား၊ ဒါကြောင့် အချောအလှလေး ဖြစ်နေတာကိုး'

www.burmeseclassic.com



ရတနာမြိုင်ဆိုတာ တစ်ချိန်တစ်ခါက ပျဉ်းမနားမြို့မှာ အလွန်ထင်ရှားသော ခြံဝင်းကြီးတစ်ခု ဖြစ်ခဲ့သလို ဦးလှဆော်သည်လည်း ရုပ်ရှည်ခန့်ညားခြင်း၊ ကြီးကျယ်သော သစ်လုပ်ငန်းတစ်ခု၏ ပိုင်ရှင်ဖြစ်ခြင်းဖြင့် ကျော်ကြားခဲ့လေသည်။ ကြီးကျယ်သော ရတနာမြိုင်အတွက် ဂုဏ်ယူဝံ့ကြွားလို၍ မိမိကို အသုံးချလိုက်မှန်း နွယ်နွယ်ခင် ခံစားနားလည်တတ်ခဲ့ပြီ။ တကယ်သာ စေတနာမှန်ခဲ့လျှင် ရတနာမြိုင်မှာ အလွန်ရိုကျိုးစွာ အမှုတော် ထမ်းခဲ့သော အမေ့ကဗျာကိုလည်း မဖော်ပြသင့်ပြီလော။ အဖေက အမေ့ကို ဆွေမျိုးများ တားသည့်ကြားမှ စွတ်လက်ထပ်ယူခဲ့သည်မှာ အမေ၏ ရိုးစင်းသော အလှကြောင့်ချည်းသာမဟုတ်၊ ဖြူစင်လှန်းသော စေတနာကြောင့်လည်း ဖြစ်၏။ အမေသည် ဆွေမျိုးအစွန်အဖျားသော ဆော်စပ်သော ကျေးလက်တောသူ တစ်ယောက်မျှသာ ဖြစ်၏။ ပညာမရှိသော်လည်း အသိအလိမ္မာရှိသည်။ ရတနာမြိုင်၏ မိခင်ကြီး ဘွားဘွားမြိုင်၏ လက်ကတုံး တောင်ဝှေးဖြစ်သည်။ ဘွားဘွားမြိုင်က ကျန်ဆွေမျိုးများကို ဆန့်ကျင်၍ အဖေနှင့် အမေ့ကို လက်ဆက်ပေးခဲ့သည်။

ယခုမှ ရေးရေးပြန်စဉ်းစားသော ဆွေမျိုးတစ်သိုက်၏ ကောက်ကျစ်မှုကို သိမြင်လာသည်။ အလွန်သွက်လက်ချက်ချာသော အန်တီစောကို ရတနာမြိုင်သို့ရောက်အောင် တွန်းပို့ခဲ့သူမှာ မည်သူတွေနည်း။ အမေ့ကို အ နု ထုံထိုင်းရန်ကောဟု ပြောခဲ့သူတွေပင်။ အမေ၏ ရိုးသားမှုကို အခွင့်ကောင်း ယူခဲ့ကြသည်။

နွယ်နွယ်ခင် လူတွေအကြောင်း သိလာလေလေ ကြောက်လေလေ။ မည်သူ့ကို ယုံကြည်ကိုးစားသင့်ပါသလဲ။ ရတနာမြိုင်သည် အန်တီစော၏ လက်အောက်သို့ ဘယ်သို့ဘယ်ပုံရောက်ခဲ့ရသည်၊ ဘယ်သူတွေ ဝင်ခြယ်လှယ်သွားသည်ကို မသိရလောက်အောင် အမေ အရိုးလွန်ခဲ့တာလော့ အမှန်ပင် ဖြစ်ပါသည်။ နောက်ဆုံး အမေကပါ အန်တီစော၏ အလှကွန်ရက်နောက် တကောက်ကောက်ပါသွားခဲ့သည်။

www.burmeseclassic.com



နောက်ဆုံး အမေနှင့် ဆုံခဲ့ရသည့်နေ့ကိုတော့ နွယ်နွယ်ခင် မမေ့။

"အမေ့မှာ ဘဝတစ်လျှောက်လုံး ပြင်လို့မရတဲ့ အမှားတစ်ခုကြောင့် ဘဝလဲပျက်၊ ကျန်းမာရေးကော စီးပွားရေးပါ ယိုယွင်းခဲ့ပြီ သမီးရယ်၊ ဒါပေမဲ့ သမီးရဲ့ ပညာရေးကို အမေ အတတ်နိုင်ဆုံးထောက်ပံ့ခဲ့တာ သမီး အသိပါ၊ အခုတော့ အမေ့မှာ ဝန်ထုပ်ဝန်ပိုးတွေ တော်တော်ဖိစီးနေပြီ"

နွယ်နွယ်ခင် နာကြည်းစွာ နားလည်လိုက်ပါသည်။ အမေသည် နွယ်နွယ်ခင့်ကို ဆယ်တန်းအောင်သည်အထိ ထောက်ပံ့ခဲ့သည်။ ယခု ရှေ့ဆက်ပြီး တာဝန်မယူနိုင်တော့သည့် သဘော။ အရွယ်နှင့် မလိုက်အောင် ဇရာဖိစီးလျက်ရှိသော အမေ့အသွင်ကို မြင်ရုံနှင့်လည်း ဘဝရဲ့ အမှားဒဏ်ကို လူးလိမ့်ခံနေရကြောင်း သိသာလောက်သည်။ ပြီးတော့ အံ့သြစရာကောင်းသည်မှာ အမေ့တွင် နွယ်နွယ်ခင့်လိုပင် သိမ်မောစဉ်တွယ်စရာ နောက်ထပ် သားသမီးသုံးယောက်တောင် ရှိနေပါပကော။ ယခုအချိန်အထိ အလှမပျက် စိုစိုနှင်းနှင်း ဖွံ့ဖွံ့ထွားထွားရှိလှသော အန်တီဝေကိုလည်း အံ့သြ ရွံမုန်းဖွယ်ရာ တွေ့ရလေသည်။ တစ်ချိန်က မမအေးရေ သမီးလေးရေနှင့် အိမ်ကို ဝင်ထွက်သွားလာခဲ့သော အန်တီဝေကို သည်လောက် ယုတ်မာ ရက်စက်မည်ဟု မထင်ခဲ့။ လူတွေကို ယုံကြည်ခြင်းကင်းမဲ့အောင် လုပ်သည့် အထဲတွင် အန်တီဝေက ရှေ့ဆုံးက ပါမည်ထင်သည်။

ရတနာနှင့်မြိုင်၏ အမွေ တစ်စိတ်တစ်ဒေသလောက်ကို မဆိုသလောက် ရခဲ့ပြီး နွယ်နွယ်ခင်တို့ သားအမိသည် သီးခြားကမ္ဘာသို့ လွင့်စဉ်ခဲ့သည်။ သည်တော့ နွယ်နွယ်ခင့်မှာ ဘာမျှ အားကိုးစရာမရှိ။ အမေ၏ ယုယကြင်နာမှုသာ မရှိခဲ့လျှင် နွယ်နွယ်ခင်ပါ သည်ကမ္ဘာလောကထဲက လွင့်စဉ်သွားနိုင်လောက်သည်။

ကိုယ့်ဘာသာကိုယ် ရုန်းကန်ရတော့မည် ဟူသော အသိဖြင့် နွယ်နွယ်ခင် ဘဝကို ခြေလှမ်းစ၏။ အားငယ်ခြင်းရှိခဲ့သော်လည်း ယခုလောက်တော့ စိတ်ပျက်လက်လျှော့ခြင်း မဖြစ်မိသေး။ မျှော်လင့်ချက်ကြောင့်

www.burmeseclassic.com



ပဲထင်သည်။ လူမှာ မျှော်လင့်ချက်က သိပ်အရေးကြီးပါ ကလေးရယ်ဟု နွယ်နွယ်ခင် ယခုအခါ ပိုနားလည်လာရသည်။ မျှော်လင့်ချက်မရှိလျှင် ဘာမျှ အင်အားမရှိ။ ပြီးတော့ အချစ်။

မူလတန်းပြ ဆရာမကလေးအဖြစ် အလုပ်စတင်ဝင်သည့်နေ့မှာပင် ကိုကိုဇော်ကို စတင်တွေ့ရလေသည်။

\+ \+ \+

အနည်းငယ်ကွာလှမ်းသော ကျေးရွာလေးမှာ နွယ်နွယ်ခင် အလုပ်ရသည့်မို့ အမေ့ကိုပါ တစ်ပါတည်းခေါ်ခဲ့ရလေသည်။ ယခုအချိန်မှာ အမေသည် နွယ်နွယ်ခင်ကြောင့်သာ ရပ်တည်နေရသကဲ့သို့ ရှိတော့သည်။ သူတို့နှစ်ယောက်မှာ ဘယ်သူက ဖိုးသူတော်၊ ဘယ်သူက တောင်ရေးလဲ ခွဲခြားပြောဆိုလို့ပင် မရ။ ဘာပဲဖြစ်ဖြစ် သားအမိနှစ်ယောက်ဆိုတော့လည်း တင့်တယ်သည် ဆိုရမည်။ ကျေးရွာဘဝမှာ နွယ်နွယ်ခင် ပျော်ရွှင်စွာ လှုပ်ရှားခဲ့၏။ လူ့ဘဝကြီးက ထင်သလောက်မဆိုးပါဘူးဟု ယုံမှတ်စပြုသည်။

ကိုကိုဇော်ကို တွေ့ရှိ ကျွမ်းဝင်ရပြန်တော့ သာယာသာနေ ပျော်ဖွယ်ပင် ဖြစ်လာလေသည်။

'ဆရာမက ဘယ်အထိ ပြန်ရမှာလဲ'

နွယ်နွယ်ခင့်ဘေးမှာ ကားတစ်စီး ထိုးဆိုက်လာစဉ် နွယ်နွယ်ခင် အံ့သြတုန်လှုပ်စွာ ကြည့်နေမိ၏။ သည်လိုနေရာမျိုးမှာ ကားဆိုတာက ရှားမှ ရှားပဲ။ ပြီးတော့မှ ဌာနဆိုင်ရာ ကားတစ်စီးဆိုတာ ချက်ချင်းသိလိုက်သည်။ တိုက်ပုံအင်္ကျီနှင့် ရခိုင်လုံချည်ကွက်နှင့် သားနားသပ်ရပ်ပြီး ဝင့်ထည်ရည်မွန်သော လူတစ်ယောက်ကို မြင်ရပြန်တော့ ပညာတတ် အရာရှိ တစ်ယောက်ပဲဟု မှတ်ချက်ချမိသည်။ အားတက်သည့်စိတ်လား အားကိုး

www.burmeseclassic.com



သည့် စိတ်လား ချက်ချင်းဖြစ်ပေါ်လာသည်ကို ချက်ချင်း ပယ်ဖျက်ပြီး ယဉ်ကျေးစွာ တုံ့ပြန်ဖို့ သတိရသည်။

'ကျွန်မ ရေ့နားက ရွာတန်းရှည်ကပါ'

'လမ်းကြုံနေတာပဲ လိုက်ခဲ့ပါ'

သူ့အသံက အမိန့်သံလိုလိုနှင့် သြဇာ အပြည့် ရှိနေပြန်သည်။ ဘာကြောင့်မှန်းမသိ၊ သူ့ကို သေသေချာချာကြည့်တော့ အမေ့ကို သတိရမိသည်။ အမေသည်လည်း ခန့်ညားသားနားသော ရုပ်ရည်ကို ပိုင်ဆိုင်ခဲ့သူ တစ်ယောက်ပင်။

ကားတံခါးကို သူကပင် ဖွင့်ပေးလျက် နွယ်နွယ်ခင်က ကျိုးနွံစွာ ထိုင်ပြီး ကြိမ်ခြင်းလေးကို နေရာချနေခိုက် သူက နွယ်နွယ်ခင့် ပခုံးကိုကျော် လျက် ကားတံခါးကို ပိတ်ပေးပြီး အေးအေးဆေးဆေး ကားကို မောင်းထွက် ခဲ့သည်။ လမ်းက ကြမ်းတမ်းလှသော နွယ်နွယ်ခင်မှာ မိမိကိုယ်ကို ထိန်းမတ် နေရလျက် စကားတစ်ခွန်းနှစ်ခွန်း စတင်ပြောဖို့ ကြိုးစားနေမိသော်လည်း အရာမရောက်။ မနက်က ရွာမှနေပြီး နာရီဝက်ခန့် လမ်းလျှောက်လာခဲ့ရ တာကို သတိရသည်။ ခမ်းနားထည်ဝါမှု ကင်းမဲ့ သော်လည်း ကလေးငယ် တို့၏ အပြစ်ကင်းစင်သော ရိုးသားအားကိုးသော မျက်နှာလေးကို မြင်ရတော့ ရင်ထဲမှာ ကြည်နူးခဲ့ရသည်။ တစ်ယောက် တည်းသာရှိသော ဆရာကြီးက လည်း ဝမ်းသာစွာကြိုဆိုခဲ့သည်။ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးစွာဖြင့် တစ်ချိန်က ခေတ်စားခဲ့သော နွဲ့ယဉ်ဝင်း၏ သီချင်းလေးတစ်ပုဒ်ကို ကလေး တွေကို ဆိုပြခဲ့မိ၏။ 'ဆရာမက အသံကောင်း'ဟု ကလေးတွေက ချီးကျူး သည်ကို ကိုယ်ဘာသာကျေနပ် လျက် အစက အစပေသော ဟဗ္ဗသိုလ်အထိ ဆက်ထားပေးလျှင် ဘွဲ့ရအောင် စာသင်ရင်း အဆိုတော်ဖြစ်အောင် ကြိုးစား မည်ဟု စိတ်ကူးယဉ်ခဲ့တာကို သတိရလေသည်။

'ဆရာမက အခုမှ အသစ်ရောက်တာထင်တယ်၊ အစက အဲဒီကျောင်း မှာ ဆရာကြီးတစ်ယောက်ပဲတွေ့တယ်'

www.burmeseclassic.com



မိမိ၏ အတွေးလွှင့်နေမှုကို သတိရ အပြစ်တင်မိပြီး ကားကြိုတင်ခေါ် လာသောသူကို ကျေးဇူးတင်စကားတောင် ဆိုဖော်မရသေးတာ အားနာမိ လေသည်။

'ဟုတ် ဟုတ်ကဲ့ရှင်၊ ကျွန်မ ဒီကနေ့မှ အလုပ်စဝင်ရတာပါ'

'ဪ ဒါကြောင့်ကိုး၊ ကျွန်တော်က ဒီဘက်ကို တစ်ပတ်တစ်ခါ လောက် လာရတာ၊ နေရတာကတော့ မြို့ပေါ်မှာပါပဲ၊ ဒါပေမဲ့ တာဝန်က ခုလိုပဲ လျှောက်သွားနေရတာပဲလေ'

'ဟုတ် ဟုတ်ကဲ့၊ ခုလို ကျွန်မကို ကားကြိုခေါ်လာတာလဲ သိပ် ကျေးဇူးတင်ပါတယ်၊ ကျွန်မအိမ်က ရှေ့နားမှာပဲ ခဏလောက်ဝင်လည် ပါဦးလား၊ ဦး...'

'ကျွန်တော့်နာမည် ဖော်ဝင်းပါဗျာ၊ မဝင်တော့ပါဘူး၊ နောက်လဲ ကြုံရင် ဆရာမကို ကူညီပါရစေ၊ ဒီလိုနေရာမျိုးမှာ အလုပ်လာလုပ်တာ ချီးကျူးပါတယ်ဗျာ၊ ကျွန်တော်တော့ တာဝန်အရသာနေရတာ မပျော်ဘူး ဗျာ'

ပွင့်လင်းသော သူ့အမူအရာနှင့် အပြောကို သဘောကျရင်း ကားပေါ် က ဆင်း၏။

'အင်းလေ။ မြို့ကြီးသားတွေအဖို့ ဒီလိုနေရာမျိုးမှာ ဘယ်ပျော်နိုင်မလဲ၊ ပြီးတော့ မိသားစုနဲ့လဲခွဲနေရမှာ' စိတ်ထဲကသာ ပြန်ပြောမိ၏။ ကြိမ်ခြင်းကို ခန္ဓာကိုယ်ရှေ့မှာ ခပ်ယို့ယို့ကိုင်ရင်း ကျေးဇူးတင်စကားကို နှစ်ခါပြန်ပြောမိ သည်။ အိမ်ရှေ့ထွက်ကြည့်နေသော အမေနှင့် မိတ်ဆက်ပေးဖို့ သတိရသော် လည်း သူ့အလုပ် ဖင့်နှေးနေမည်စိုး၍ ကားထွက်သွားသည်ကို ရပ်ကြည့် နေလိုက်မိသည်။

'အလုပ်လုပ်ရတာ ပျော်ရဲ့လား သမီးရယ်'

အမေ၏ အမေးကို သွက်လက်ပေါ့ပါးစွာ ခေါင်းညိတ်ပြမိပြီး သူ့ အကြောင်းလည်း ပြောပြမိသည်။

www.burmeseclassic.com



"အေးလေ။ ကျောင်းဆရာမဆိုတာ လူရိုသေပါတယ်ကွယ်၊ ဘယ်သူမဆို ကူညီချင်ကြတာပဲ"

အမေက အရိုးသားဆုံး ပြောလေသည်။

\+ \+ \+

တစ်ပတ်မှာ တစ်ခါ နှစ်ခါပဲ တာဝန်အရ လာရတယ်ဟုပြောခဲ့သော ကိုကိုဇော် တစ်ယောက် ရွာတန်းရှည်ကို တစ်ရက်ခြားလို ရောက်လာတတ်ခဲ့သည်။ ကိုကိုဇော်ကို ဆည်မြောင်းအရာရှိတစ်ယောက်အဖြစ် ရွာက မိန်းကလေးလေးတွေကသာမက မြို့ပေါ်က အပျိုကြီးမမတွေကပါ စိတ်ဝင်တစားရှိတာ သိလာပြီး ကိုကိုမောင်နှင့် ကျွမ်းဝင်ရင်းနှီးရတာကို ဂုဏ်ယူရမလို အားငယ်ရမလို ဖြစ်မိပြန်လေသည်။

အမေကတော့ ရိုးအသူပီပီ ကိုကိုဇော်က ကြမ်းခုနှစ်ချောင်းသာရှိသော သူတို့အိမ်လေးကိုလာပြီး အမေချက်သော ချဉ်ချဉ်စပ်စပ် ဟင်းတွေကို အားပါးတရစားတာ မြင်ရတော့ သူ့မှာ သမီးအပြင် သားတစ်ယောက် ကောက်ရသလိုပဲတဲ့။ ပြီးတော့ ကိုကိုဇော် ရုပ်သွင်က အဖေနှင့် ဆင်ဆင်တူတာကိုလည်း ကရုဏာထားမိပုံရသည်။ ကိုကိုဇော်ရို့ အိမ်လာလျှင် အမေ ပျာယာခတ်နေတတ်သည်။

ရွာက မိန်းကလေးတွေ ကာလသားတွေ မေးငေါ့စပြုသော်လည်း အမေပြောသလို ဆရာမဟူသော ဂုဏ်ကြောင့်ပဲလားမသိ၊ သိပ်ပြီးတော့ နှောင့်ယှက်သူမှ မပြုကြ။ မလွှဲကောင်းသော နှယ်နှယ်ခင် မြို့ပေါ်ရောက်လျှင်သာ စိတ်ဆင်းရဲစရာ စကားသတင်းတွေကို ကြားရလေသည်။

"မအေက အ ပေမဲ့ တို့တူမက မအပါလားအေ့၊ ကျောင်းဆရာမ လုပ်ရင်း အရာရှိကတော် ဖြစ်တော့မှာနော်"

ယခုချိန်ထိလည်း နှယ်နှယ်ခင်သည် လူတွေကို နားမလည်နိုင်သေး။ မိမိနှင့် သွေးသားတော်စပ်သူကိုပင် စိတ်ထားမှန်မြတ်စွာ မဆက်ဆံနိုင်ကြ

www.burmeseclassic.com



ဘူးလား။ လူတွေ ဘာဖြစ်နေကြတာလဲ။ ကြာတော့လည်း နွယ်နွယ်ခင်သည် မြို့ပြကိုပင် မုန်းတီးလာသည်။

သည့်တုန်းကတည်းက နွယ်နွယ်ခင် သိဖို့ကောင်းသည်။ လူတွေနှင့် တတ်နိုင်သမျှ ကင်းဝေးသော နေရာမှာ အေးချမ်းစွာ ဘဝကို ထူထောင်သင့်သည်။ သို့သော် နွယ်နွက်ခင်၏ ရင်မှာ ခိုအောင်းငုပ်လျှိုးနေခဲ့သည့် အနုပညာစိတ်ကလေးက နွယ်နွယ်ခင့်ဘဝ အနှစ်သာရတွေကို များစွာ ဆုံးရှုံးနစ်နာစေခဲ့လေသည်။ သည်စိတ်ကလေးသာ မရှိခဲ့လျှင် နွယ်နွယ်ခင်သည် မာနတရားဖြင့် လောကမှာ ရပ်တည်ပျော်မွေ့နေနိုင်မည်။

သည်အနုပညာစိတ်ကလေးကို ကိုကိုဇော် သိရှိနားလည်သွားခြင်းသည်လည်း နွယ်နွယ်ခင့်ဘဝကို ပြောင်းလဲစေဖို့ အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။

'နွယ်၊ နေ့လယ်က ကျောင်းမှာ ကလေးတွေကို သီချင်းဆိုပြနေတာ ကြားတယ်၊ နွယ်က အသံကောင်းတာပဲ၊ အဆိုတော်လုပ်ရင်တောင် ရတယ်၊ ဝါသနာမပါဘူးလား'

'ဟာ ဝါသနာပါတာတော့ မပြောနဲ့၊ နွယ်က အစက ကျောင်းဆက်တက်ပြီး အဆိုတော်ဖြစ်အောင် ကြိုးစားမယ်လို့ စိတ်ကူးတာ၊ ခုတော့ ကျောင်းဆရာမပဲ ဖြစ်ခဲ့တယ်လေ၊ ကံတရားပေါ့ ကိုကိုဇော်ရယ်'

တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်တွယ်စအချိန်မှာ ရင်ထဲမှာ ရှိတာကို ပွင့်ပွင့်လင်းလင်း ပြောရတာ အနှစ်သာရ ရှိလာသည်။ တကယ်လည်း နွယ်နွယ်ခင့်ဘဝမှာ နှိမ့်ချတင်စီးလိုသူတွေနှင့်သာ တွေ့ကြုံဆက်ဆံခဲ့ရသည်မို့ ကိုကိုဇော်လို ရင်ထဲရှိတာ ဖွင့်ပြောလို့ရသော အဖော်တစ်ယောက်ကို လိုလားခဲ့မိတာ အမှန်ပင်။ ကိုကိုဇော်၏ ကြင်နာရိပ်သန်းသော အမူအရာ အပြောအဆိုတွေကြားမှာလည်း သာယာနေတတ်ခဲ့ပြီ။

'ဖြစ်ချင်ရင် ဖြစ်အောင်ကြိုးစားဖို့ အချိန်ရှိပါသေးတယ် နွယ်ရဲ့၊ နွယ် အသက်ငယ်ငယ်ပဲ ရှိသေးတာပဲ'

www.burmeseclassic.com



ကိုကိုဇော်က အားပေးစကားဆိုတော့ နွယ်ပြုံးရုံသာ ပြုံးနေခဲ့မိသည်။ မဖြစ်နိုင်သည့် အရာတစ်ခုကို အပျင်းပြေ ပြောနေကြသည်ဟုပဲသဘောထားသည်။

"ကိုကိုဇော်ပြောတာ အားရှိစရာပဲ၊ နွယ်တော့ ကလေးတွေ ကျောင်းမှာပဲ အဆိုတော်ဖြစ်နေပြီလေ၊ ကလေးတွေက စာသင်ရတာပျင်းရင် သီချင်းပဲ ဆိုပြမိုင်းနေတာ၊ နွယ်ကလဲ ဝါသနာပါလို့သာ ဆိုပြနေမိတာ၊ စာမသင်ဘဲ သီချင်းချည်းဆိုနေတယ်လို့ အပြောခံရမှာလဲ စိုးရသေးတယ်"

နွယ်နွယ်ခင်က ရယ်ရယ်မောမောပင် ပြောနေခဲ့မိ၏။

"မဟုတ်ဘူး နွယ်၊ ကိုယ် တကယ်ပြောနေတာ၊ ရန်ကုန်မှာ ကိုယ့်မိတ်ဆွေ ဂီတဘက်ကလူတွေ ရှိပါတယ်၊ နွယ် တကယ်ဆိုချင်ရင် ကိုယ်ဖြစ်အောင်လုပ်ပေးမယ်"

နွယ်နွယ်ခင် နည်းနည်းအံ့ဩမိသည်။ ကိုကိုဇော်သည် နွယ်နွယ်ခင့်အပေါ် မည်သည့်အတိုင်းအတာအထိ စေတနာထားလေသနည်း။ ဖုထစ် ချိုင့်ဝှမ်းတွေများလှသော လမ်းပေါ်မှာ ကိုကိုဇော်မောင်းသော ကားကိုစီးရင်း နွယ်နွယ်ခင် ကိုယ့်ဘဝကိုယ် သာယာကျေနပ်နေမိတာ ဝန်ခံရမည်။ သို့သော် သည့်ထက်ပိုပြီး ကိုကိုဇော့်ကို မမျှော်လင့်ရဲတာလည်း အမှန်ပင်။ ပြီးတော့ ကိုကိုဇော်သည် နွယ်နွယ်ခင့်ကို နမရင်းချာတစ်ယောက်လို ဖြူစင်စွာ သဘောထားလေသလား နားလည်ရခက်၏။ သည့်ထက်ပိုပြီး နားလည်ကျွမ်းဝင်ဖို့လည်း နွယ်နွယ်ခင် မကြိုးစားချင်။ နွယ်နွယ်ခင့်မှာ အားကိုးယုံကြည်ရသော လူသားတစ်ယောက် အနီးအနားမှာရှိနေသည်ကိုပင် ကျေနပ်နှစ်သိမ့်နေသည့် သဘောမျှသာပင်။

"ကိုကိုဇော်က လူတစ်ယောက်သား ကျေနပ်အောင် ပြောတတ်တယ်နော်"

"ကိုယ် တကယ်ပြောတာပါ နွယ်ရယ်၊ ကိုယ် နွယ့်ကို မြင်မြင်ချင်း ညီမလေး အရင်းတစ်ယောက်လိုပဲ ချစ်တယ်၊ နွယ့် အခြေအနေဟာ ဒီလို နေရာမျိုးလေးမှာ ကိုယ့်ဘဝကို နှစ်မြှုပ်ထားရမဲ့သူတစ်ယောက် မဟုတ်ဘူး"

www.burmeseclassic.com



ကိုကိုဇော်ဟာ နွယ်နွယ်ခင့်ဘဝကို သိရှိနားလည်အောင် ကြိုးစားခဲ့ပါလားရယ်ဟု ဝမ်းမြောက်ရပြန်သည်။ ပြီးတော့ ညီမလေး အရင်းတစ်ယောက်လို ချစ်သည်တဲ့။ နွယ်နွယ်ခင်ကတော့ ကိုကိုဇော့်အပေါ် အစ်ကိုရင်းတစ်ယောက်လိုပဲ တွယ်တာမိလေသလား၊ ပတ်ဝန်းကျင်၏ လှောင်ပြောင်ကဲ့ရဲ့မှုကို နွယ်နွယ်ခင် ဘာ့ကြောင့် ခါးစည်းခံနေသလဲ။ အစ်ကိုရင်းတစ်ယောက်လို ချစ်ရုံတင်ပဲလား၊ နွယ်နွယ်ခင် မတွေးချင်။ နွယ်နွယ်ခင့် ဘဝမှာ ခရုနောက် တွေးတော ဆင်ခြင်ရတာတွေ များပြီ။

"ကိုကိုဇော် နွယ့်ကို တကယ် အဆိုတော်ဖြစ်အောင် လုပ်ပေးမှာလား ဟင်"

အပြစ်ကင်းစွာဖြင့် အားကိုးတကြီး မေးနေသော နွယ်နွယ်ခင့်ကို ကြည့်ပြီး ကိုကိုဇော် ပြုံးရယ်နေသည်မှာ ကြည်နူးအားတက်စရာ။ သည်အကြောင်းကို အမေ့ကိုပြောပြတော့ "လူတစ်ယောက်အပေါ် လိုတာထက်ပိုပြီး အခွင့်အရေး မယူပါနဲ့ သမီးရယ်" ဟု ဘဝတွင် သည်တစ်ခါသာ အလေးနက်ဆုံးစကားကို ပြောလေသည်။

\+ + +

ကျောင်းနေစဉ်က တစ်နှစ်တစ်ခါ ကျောင်းဆုပေးပွဲစင်မြင့်မှာ ဝံ့ဝံ့စားစား သီချင်းဆိုဖူးတာ၊ မြို့ပေါ်ရှိ အခါကြီး ရက်ကြီးတွေမှာ ရပ်ကွက် စင်ပေါ် တစ်ခါ နှစ်ခါ တက်ဖူးတာ နွယ်နွယ်ခင့်ဘဝမှာ အဆိုတော်ဖြစ်ဖို့ အလားအလာကောင်းဟု မထင်ကောင်း မထင်ဝံ့စရာပေ။ ကိုကိုဇော် ရန်ကုန်က ယူလာပေးသော ကက်ဆက်အသေးလေးတစ်လုံးနှင့် တစ်ချိန်က ခေတ်စားသော အင်္ဂလိပ်ခေတ်ဟောင်းသီချင်းခွေတွေကို ကြည့်ပြီး ကလေးငယ် တစ်ယောက်လို ဝမ်းသာအူမြူးနေမိပြန်သည်။ သီချင်းတွေကို လိုက်ဆိုဖန်များရင် သံစဉ်တော့ တသားသားပါ အလွတ်နီးပါးရလာသည်။ နွယ်နွယ်ခင်တို့ မိသားစု

www.burmeseclassic.com



သိုက်သိုက်ဝန်းဝန်း ထည်ထည်ဝါဝါရှိစဉ်ကတည်းက အမေက အိမ်မှာ အစေခံနောက်တိုင်း ငါတနှင့် ယဉ်ပါးခဲ့သည်ပဲ။ နွယ်နွယ်ခင် ကလေးဘဝ သီချင်းဆိုဝါသနာပါခဲ့သည်ကို အမေကလည်း သဘောကျ ကျေနပ်ခဲ့ဖူးသည်။

အမေက နွယ်နွယ်ခင် ကိုကိုဇော်ထံမှ ရယူသည့် အခွင့်အရေးတွေ များနေပြီဟု ယူဆသည်။

"သူက သမီးကို လက်ထပ်ချင်တယ်လို့ ပြောလို့လား"ဟု ပြောင် ဖွင့်မေးတော့ နွယ်နွယ်ခင် မဖြေနိုင်။ ကိုကိုဇော်ကို ရှောင်နေသင့်သလား။ ဘာတစ်ခုမှ တောင်းဆိုခြင်း အခွင့်အရေးယူခြင်းမပြုသော လူတစ်ယောက်၏ စေတနာကို စော်ကားမော်ကားပြုသလိုများ ဖြစ်နေမှာလား။ နွယ်နွယ်ခင် မဝေခွဲတတ်။ နွယ်နွယ်ခင့်အပေါ် ဝေဖန် အပြစ်တင်မည့်သူများကိုသာ အဝေးမှရှောင်ကြဉ်ရင်း ကိုကိုဇော်၏ အကြင်နာရိပ်မှာ မွေ့လျော်နေလိုက်သည်။

ကျောင်းပိတ်ရက်မှာ ကိုကိုဇော်နှင့် ရန်ကုန်လိုက်သွားမည်ဆိုတော့ အမေ ခါးခါးသီးသီး တားသေးသည်။ နောက်ဆုံး သည်လောကမှာ သမီးတစ်ယောက်၏ အလိုဆန္ဒကလွဲ၍ ဘာမျှ လိုက်လျောစရာ မရှိတော့သော အမေသည် သူ ယုံကြည်စိတ်ချသော သူ့ညီမ ဝမ်းကွဲတစ်ယောက်ကို နွယ်နွယ်ခင့်နောက်သို့ ထည့်လိုက်လေသည်။

အေးချမ်းသောဘဝမှ ရုန်းထွက်မိခြင်းဟု နောင်သောအခါ နွယ်နွယ်ခင် နားလည်လာရလေ၏။

\+ \+ \+

မိန်းကလေးတွေ အလှမ်းများပြားစွာ စုဝေးနေသော ဘော်ဒါဆောင်ကြီးတစ်ခုမှာ နွယ်နွယ်ခင်နှင့် ဒေါ်လေးကြည်တို့နှစ်ယောက်နေရင်း တစ်ရက်ခြားဆိုသလို စန္ဒရားဆရာ ကိုထင်ကျော်ဆီမှာ နွယ်နွယ်ခင် သီချင်းသွားတိုက်

www.burmeseclassic.com



ရခဲလာသည်။ အလွန်နာမည်ကြီးသော သီချင်းရေးဆရာ ကိုကြည်သာကိုလည်း ထိုအခါမှ စတင် မြင်ရဖူး၏။ အစနောက်တိုင်း သီချင်းတွေကို မြန်မာစာသားအသွင်သို့ လျင်မြန်လွယ်ကူစွာ ပြောင်းလဲပေးသော သူ့အတတ်ပညာကိုလည်း တူဝရီးနှစ်ယောက် အံ့မခန်းဖြစ်မိလေ၏။ 'ဒီဆရာ သိပ်တော်တာပဲနော်'ဟု ဒေါ်လေးကြည်က ရိုးသားစွာ လက်ဖျားခါနေတော့၏။ အမေတို့ အမျိုးထဲမှာ သည့်ထက်လည်ဝယ်သူလည်း ရှိမည်မထင်တော့။ နွယ်နွယ်ခင်ကတော့ လိုအပ်သမျှငွေကို ထိုက်ထုတ်ပေးသွားပြီး ပျောက်ချက်သား ကောင်းသွားသော ကိုကိုဖော်ကို နားမလည်နိုင်အောင် ဖြစ်မိပြန်သည်။ ကိုကိုဖော်သည် နွယ်နွယ်ခင့်ကို သူ့မိဘဆွေမျိုးများနှင့် ဘာကြောင့် တွေ့ဆုံမပေးသလဲ။ ပြီးတော့ သည်မျှ များပြားသည့်ငွေကို မည်သည့် စေတနာဖြင့် ပေးသွားသလဲ။

သံသယပေါင်းများစွာ၊ နောင်တတရားများစွာဖြင့် နွယ်နွယ်ခင် မဆုတ်သာ မတက်သာ ဖြစ်နေသည်။ နွယ်နွယ်ခင့်မှာ အမေက သူ့မှာရှိသမျှ ငွေကလေးအချို့ကို ထုတ်ပေးလိုက်တာလည်း ရှိနေသည်။ 'သမီးဖြစ်ချင်တာ ဖြစ်အောင်လုပ်ပါ'ဟုလည်း အတန်တန်မှာသည်။ နွယ်နွယ်ခင် တစ်ခုခုတော့ ဖြစ်မှ ဖြစ်မည်။ နောက်တော့လည်း သည်နေရာ အနုအစေးကြီးမှာ နွယ်နွယ်ခင့်လိုပင် ချွန်လင့်ချက်တွေ တစ်လောကြီးဖြင့် လာရောက်စုဝေးနေသော မိန်းကလေးများစွာကို တွေ့မြင်ရပြီး အများနှင့်ယောရောင်၍ အားတက်ရမလို အားငယ်ရမလို ဖြစ်လာသည်။ သို့သော် ရက်တွေကြာလေ နောက်ဆုတ်၍ မရလေဖြစ်လာပြီး သီချင်းရေးဆရာက သူ့ အစစ တာဝန်ယူမည်ဆိုပြီးငွေကို လက်ပြောင်းယူသွားသည်။

သည်ရက်အတွင်းမှာ နွယ်နွယ်ခင် ကိုကိုဖော်ကို ရှာသည် မတွေ့။ ကိုကိုဖော်ပေးသော လိပ်စာကလည်း မရေရာလှ။ ဆွေမျိုးတစ်ယောက်၏ အိမ်မှသာဖြစ်နေပြီး ကိုကိုဖော် စစ်တွေဘက်ပြောင်းသွားပြီဟု အေးစက်စက်ပြောသည်။ ဘယ်လိုနားလည်ရမလဲ ကိုကိုဖော်ရယ်။

www.burmeseclassic.com



သောကနှင့် သံသယယှဉ်သော နှယ်နှယ်ခင်၏ အနုပညာခရီးလမ်း အစသည် မည်သို့လျှင် ဖြောင့်ဖြူးနိုင်ပါမည်လဲ။ သည့်ကြားထဲသီချင်းရေးဆရာက ပျောက်ပျောက်နေပြန်တော့ သူ့နောက်လိုက်ရင်း ရက်တွေကုန်လွန်လာ၏။ စန္ဒရားဆရာက သီချင်းစာသားမရှိဘဲ တိုက်မပေးနိုင်တော့။ နှယ်နှယ်ခင် အရှုံးနှင့် ပြန်ပြေးရတော့မည်လား။ ဘဝတူ မိန်းကလေးတချို့ အတွေ့အကြုံရှိသူတချို့က နှယ်နှယ်ခင့်ကို အကြင်နာဖြင့် အားပေးစကား ဆိုကြသည်။ ဖြစ်အောင်သာလုပ်ပေတော့ မိန်းကလေးရေတဲ့။

အို သည်ရက်တွေမှာ နှယ်နှယ်ခင် လောကကြီးကို နာကြည်းမုန်းတီးလိုက်သည်မှာ မပြောပါနှင့်တော့။ အစမပေးလိုက်သည့်ရွှေကုန်လျှင် နှယ်နှယ်ခင်တို့ တူဝရီး ဘယ်ပုံရှေ့ဆက်နေကြမလဲ။ သည်ပုံဖြင့် ပြည်တော်ပြန်ရင် နှယ်နှယ်ခင်ကို ပြုံးလာကစ ပတ်ဝန်းကျင်က ဘာတွေ ပြောကြမလဲ။ မြို့ပေါ်က အသိုက်အဝန်းကလည်း ဒါတွေကို ကြားသိပြီးလောက်ရော့မည်။ ပြီးတော့ ကိုကိုဇော်။ ကိုကိုဇော် တကယ်ပဲ မြို့ပေါ်က ပျောက်သွားပြီလား။ ကိုကိုဇော်နှင့် နှယ်နှယ်ခင်တို့၏ ဆက်ဆံရေးကို မည်သူက စင်ကြယ်သည်ဟု ယုံကြည်မည်လဲ။

နောက်ဆုံးတော့ နှယ်နှယ်ခင့်လိုပင် ဘဝတူ မိန်းကလေး တစ်ယောက်၏ လမ်းညွှန်ကူညီမှုဖြင့် သီချင်းရေးဆရာ ကိုကြည်သာကို အမိအရ ရင်ဆိုင်ပြီး မရေရာသော နှယ်နှယ်ခင်၏ အနုပညာခရီးကို စတင်ရလေသည်။

\+ \+ \+

နှယ်နှယ်ခင် သီချင်း ၈ သွင်းရသည့် နေ့မှာပင် ကိုကိုဇော်ဆီက စာကို ရသည်။

www.burmeseclassic.com



## ညီမလေးနွယ်

ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင်လုပ်ပါ။ ညီမလေး နောက်မှာ ကိုယ်အမြဲရှိနေမယ်။

**ကိုကိုဇော်** တဲ့။

စာကတိုတောင်းလှပြီး နားလည်ရလည်း ခက်လှသည်။ ကိုကိုဇော် နွယ့်ကို ဘာကြောင့် တိမ်းရှောင်နေသနည်း။ နွယ်နွယ်ခင်နှင့် ကိုကိုဇော်တို့၏ သံယောဇဉ်အတိုင်းအတာသည် လိုတာထက် ပိုနေကြတာကို မပြောဘဲနှင့် သိနိုင်လောက်ပါသည်။ တောက်ရုံစတာမှာဖြင့်လည်း ကိုကိုဇော်က နွယ်နွယ်ခင် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ ပုံအောပေးအပ်လိမ့်မည် မဟုတ်။ နွယ်နွယ်ခင့်ဆီက ပြန်လည်မျှော်လင့်စရာလည်း ဘာမှမရှိ။ တစ်ခုပဲရှိသည်လေ။ နွယ်နွယ်ခင်ရဲ့ အချစ်ပေါ့။ ဒါကလည်း ကိုကိုဇော်က တောင်းခံလာလျှင် နွယ်နွယ်ခင်က အသင့်ပေးအပ်ဖို့ ရှိနေသည်ကို ကိုကိုဇော် နားလည်ပြီးသားပါပဲ။ ကိုကိုဇော် ဘာကြောင့် မတောင်းခံခဲ့သလဲ။

စတုဒီသိုမိန်းမထံကိုရောက်တော့ နွယ်နွယ်ခင် အားငယ်လိုက်ရသည့်ဖြစ်ခြင်း။ ။ မိသည့်အလုပ်မို့သာ လုပ်နေရသည်။ နွယ်နွယ်ခင်မှာ အင်အားလည်း မရှိတော့။

အဆောင်မှာ ခဏတာ လာရောက်ဆုံဆည်းမိသော မိန်းကလေးများကတော့ နွယ်နွယ်ခင့်ဘက်က အားပေးကူညီကြသည်။ ဘဝတူချင်း ယှိုင်းပင်းသည့်စိတ်ဓာတ်နှင့် သည်ကာနေ့ မိန်းမငယ်တို့၏ ခွဲသတ္တိကိုတော့ နွယ်နွယ်ခင် အံ့သြချီးကျူးရသည်။ အို နွယ်နွယ်ခင်လောက်တောင် မဖြစ်မြောက်ဘဲ အရှုံးနှင့် လက်ချည်းပြန်သွားရသူတွေ မနည်းတော့ဘူးတဲ့။ တချို့လည်း မိမိဖြစ်ချင်တာ မဖြစ်ရမချင်း ဖြစ်သလို စခန်းသွားနေကြရတော့သည်တဲ့။ နွယ်နွယ်ခင်မှာတော့ ဘာကိုမျှ တိတိကျကျ ဆုံးဖြတ်၍ မရနိုင်ပေ။

www.burmeseclassic.com



စတုဒ္ဒီယိုခန်းမထဲ ခြေချခွင့်ရသည်ကိုပင် ကျေးဇူးတင် ဝမ်းမြောက်ရသောမလိုလို။ ပထမဆုံးသီချင်းကို လေးကြိမ်ပြန်သွင်းရသော နှယ်နှယ်ခင် ယိုင်နဲ့ပြီး ငိုချင်လာသည်။ သည်ကနေ့တော့ သီချင်းရေးဆရာက နှယ်နှယ်ခင့် အနားမှာ အားပေးကူညီပေး ရပါ၏။ စန္ဒရားဆရာနှင့် အဖွဲ့သားများကလည်း တတ်အားသမျှ ကူညီကြပါ၏။ သို့သော် နှယ်နှယ်ခင်ကိုယ်တိုင်က အင်အား ပျော့နေသည်။ ခန်းနားထည်ဝါသော အသံလုံခန်းမ၏ မွေ့မှု ကော်ဇော တွေ့ပေါ် သီချင်းဆိုရင်း မျက်ရည်ပေါက်မကျမိအောင်သတိထားနေရလေသည်။

ကိုကိုဇော်ကို အနားမှာ ရှိစေချင်လိုက်တာ။ လူတစ်ယောက်အတွက် အင်အားဆိုတာ အချစ်ပဲထင်ပါရဲ့ဟု တွေးမိပြန်၏။ ကိုကိုဇော် အချစ်ကို ပေးရမှာခက်လို့ ရှောင်ပုန်းနေတာလား။ အချစ်ကို မပေးချင်လို့ အချစ်ကို မတောင်းခံတာလား ကိုကိုဇော်ရယ်။ ငွေကြေးနှင့် အောင်မြင်မှုဆိုတာ အချစ် ထက်ပိုပြီး လိုအပ်လို့လား။

ဒုတိယသီချင်း ရွှေညအလွမ်းမှာ နှယ်နှယ်ခင်၏ ခံစားချက်နှင့် တိုက်ဆိုင်လို့ပဲလား၊ မူရင်းသီချင်းကိုက နှယ်နှယ်ခင် ဝယ်ဝယ်ကတတည်းက စွဲလမ်းခဲ့သော သီဆိုခဲ့ဖူးသော သီချင်းမို့ပဲလား မသိ၊ အမှားအယွင်း နည်းစွာဖြင့် သီဆိုအောင်မြင်သွား၏။ သည်တော့ အားလုံးက တက်တက်ကြွကြွရှိလာကြ သည်။ စိတ်မလျှော့လိုက်နဲ့ တောင့်ထားဟု အမေပါင်းအသင်းများက အားပေး ကြသည်။ သွင်းပြီးသား သီချင်းကို ပြန်ဖွင့်နားထောင်တော့လည်း မိမိဘာသာ ကျေနပ်သွားသည်။ သည်လိုနှင့် နောက်တစ်ပုဒ်။ တစ်ပုဒ်ပြီး တစ်ပုဒ်။ လေးငါးကြိမ်ပြန်သွင်းရသည့် သီချင်းတွေ၊ နှစ်ကြိမ်လောက်နှင့် အောင်မြင် သွားသည့် သီချင်း၊ စိတ်ထဲ မကျေမလည်နှင့် လက်လွှတ်လိုက်ရသည့်သီချင်း။ တစ်နေ့တာကုန်တော့ နှယ်နှယ်ခင်လည်း နွမ်းလျပြီ။ အားလုံးလည်း အလုပ် ခွင်သိမ်းပြီး နောက်တစ်နေ့ ဆက်ရဦးမည်။

စမိသည့်အလုပ်ကိုတော့ ပြီးဆုံးအောင် လုပ်ရမှာပဲလေ။ နှယ်နှယ်ခင် သည်လိုပဲ သဘောထားလိုက်တော့သည်။ သီချင်းရေးဆရာက ကုန်ကျ

www.burmeseclassic.com



စရိတ် စာရင်းတွေ ထပ်တင်လာတော့ နွယ်နွယ်ခင် ရင်မောသွားသည်။ ကိုကိုဇော်ပေးထားသည့် ငွေလည်း ကုန်လုနီးပြီ။ ပြီးတော့ နွယ်နွယ်ခင် ရှေ့ဆက်ရမည့်ခရီး။ အစပထမမှာ မအောင်မြင်လျှင် ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားမှာလဲ။ တစ်ကြိမ်တည်းနှင့် တန့်ရပ်လိုက်လျှင်လည်း အရှုံးနှင့်သာ ရင်ဆိုင်ရတော့မည်။ သည်တော့ ရေဆုံးရေဖျားလိုက်ပေတော့။

ကိုကိုဇော့် စာတိုလေးကိုဖတ်ပြီး တစ်ညလုံး ငိုမိတော့သည်။ ကိုကိုဇော်၏ အဒေါ်ဆိုသော မိန်းမကြီး၏ မျက်နှာကို မြင်ယောင်သည်။ မည်မည်ရရ အမည်မတတ်သာသော်လည်း မိမိကို အထင်သေးရှုတ်ချသော အကြည့်ဟု တဖြည်းဖြည်း ကောက်ချက်ချရှဲ့လာသည်။

အင်အားမျှော်တော့ရွာပင် နောက်တစ်နေ့ခရီးကို ဆက်ရ၏။ သည်တော့လည်း ပို့ပြီး ရင်နာရသည်။ အစပထမနေ့ကလောက် တက်တက်ကြွကြွ မရှိတော့သော အသွင်သဏ္ဌာန်များကို မြင်ရသည်။ ပွဲပြီးမီးသေလုပ်ဖို့ အသင့် ရှိနေကြသည်။ နွယ်နွယ်ခင် နားလည်လိုက်ပါသည်။ ပထမဆုံးအကြိမ် တွေ့ထိရသော မြို့ပြ၏ အတွေ့အကြုံအရပင် နွယ်နွယ်ခင်ဆိုသော မလည် မဝယ် ကောင်မလေးတစ်ယောက်သည် အရှုံးမိမိနေပြီ ဆိုသည့်အကြောင်း၊ အင်းလေ၊ နွယ်နွယ်ခင် ကိုယ်တိုင်ကိုက မိမိကိုယ်ကိုပင် ဘာမှန်း မသိတော့ သည့် ဘဝပဲ။

ရန်ကုန်မြေမှာ တစ်ရက်စာမျှပင် ထပ်မနေချင်တော့။ အမေ့ရင်ခွင်ကို အမြန်ဆုံး ပြေးချင်ပြီ။ ငြိမ်းသက်အေးချမ်းသည့်ဘဝက ထလာခဲ့သည့်အဖြစ်ပဲ။

အတွေ့အကြုံ ရင့်ကျက်ပြီးသူ အပေါင်းအသင်းများကတော့ နွယ် နွယ်ခင်ကို အရှုံးနှင့် မပြန်စေချင်။ ဆက်လက်ကြိုးပမ်းစေချင်သည်။ ကြော်ငြာ ကိစ္စ၊ သီချင်းခွေဖြန့်ဖို့ကိစ္စတွေကို လက်လွှတ်စပယ်မထားခဲ့ဘဲ မိမိကိုယ်တိုင် ကြပ်မတ်ဖို့၊ သူတစ်ပါးကို မယုံဖို့၊ သူတို့ပါ ဝိုင်းဝန်းကူညီမည့် အကြောင်း တောင်း ပန်ကြသေးသည်။ သို့သော် ဖြစ်ချင်ရာဖြစ်ပါစေ၊ နွယ်နွယ်ခင် မနေချင်ပြီ။

www.burmeseclassic.com



ကိုကိုဖော့ အကြောင်းကိုလည်း သိချင်လှပြီ။ ဖြစ်နိုင်လျှင် ကိုကိုဖော့နောက်သို့၊ သူရှိရာအရပ်သို့သာ ပြေးလိုက်သွားချင်နေမိလေသည်။

\+ \+ \+

'စဉ်းစားကြည့်ပါလားတဲ့၊ ဘာမှမဖြစ်ဘဲ ဘာရှော့ခ်လင့်ချက်မှမရှိဘဲနဲ့ ဒီလောက်ရွှေကို ဘယ်ယောကျ်ားက ရက်ရက်ရောရော ထုတ်ပေးမှာလဲတဲ့၊ အို၊ ပြောလိုက်ကြတာ ရှုစရာမရှိပါဘူး သမီးရယ်၊ အမေ ဒီရွာမှာလဲ မနေချင်တော့ဘူး၊ ဒီမြို့ ဒီအသိုက်အဝန်းနဲ့ ဝေးရာကိုပဲသွားချင်ပြီ။ ငါ့သမီးအတွက်သာပြီးတော့ မနေသင့်သေးတယ်'

ကြားရသည့်သတင်းစကားများကြောင့် နွယ်နွယ်ခင် အံကိုတင်းတင်းကြိတ်ထားမိလေ၏။ အစကတည်းက ပြောပါလား ကိုကိုဖော့ရယ်၊ ကိုကိုဖော့ဟာ မပန်ထိုက်တဲ့ပန်းဆိုတာ ခုတော့ နွယ်နွယ်ခင့်ကို ဘာကြောင့် ရှော့ခ်လင့်ချက် ရောင်ခြည်တွေ ပေးခဲ့ရသလဲ။ နွယ်နွယ်ခင်ဖြစ်ချင်တဲ့ အနုပညာဘဝကို ရယူပိုင်ဆိုင်စေချင်တဲ့ ကိုကိုဖော့ရဲ့ စေတနာကိုတော့ တန်ဖိုးထားပါရဲ့။ သို့သော်မဲ့ နွယ်နွယ်ခင်ရဲ့ ဘဝကတော့ မနွမ်းခင်ဘဲ ကြွေရပြီ။

နွယ်နွယ်ခင် မြို့ပေါ်ထွက်သွားပြီး မကြာမီမှာပင် ကိုကိုဖော့ အလုပ်ပြောင်းရမည့်အကြောင်း၊ အမေ့ကို လာပြောသည်တဲ့။ နွယ်နွယ်ခင်အတွက်အစစ တာဝန်ယူမည့်အကြောင်းလည်း ပြောသည်တဲ့။ ရိုးသားလှသော အမေက မောင်မင်းကြီးသား ကျေနပ်မှာပါပေ၊ ချမ်းသာပါစေဟု အကြိမ်တစ်ရာမက ဆုတောင်းပေးလိုက်သေးသည်။

များမကြာမီမှာပင် ကိုယ့်စရိတ်နှင့်ကိုယ် သူတစ်ပါး၏ အပြစ်အနာအဆာကို ဖော်ထုတ်ချင်သူတွေက အမေ့ဆီ ရောက်လာကြပြီး ညည်းသမီးတော့ ဟိုလူ့ကိုယ်ဝန်နဲ့ထားပြီး လိုက်သွားလိုက်တာ ခုတော့ ပျက်စီးခြင်းငါးပါး

www.burmeseclassic.com



ဆိုက်ရောက်နေပါပေါ့ဟု လာရောက်သတင်းပေးကြသည်တဲ့။ အမေမှာ သမီးစိတ်နှင့် ဗုန်းဗုန်းလဲနေရသည်။

ကိုကိုဇော်က သူ့ဓာတ်ကို သူ မနိုင်၍ နှယ်နှယ်ခင်ကို ရှောင်ပုန်းသွားသော်လည်း နှယ်နှယ်ခင် အပြစ်မတင်ရက်။ နှယ်နှယ်ခင့်အပေါ် ဘာအခွင့်အရေးမှ မယူခဲ့တာ တလောကလုံးက မယုံလည်း နှယ်နှယ်ခင် မတတ်နိုင်ပြီ။ သို့သော် ပတ်ဝန်းကျင်၏ မျက်လုံးဒဏ်ကိုတော့ နှယ်နှယ်ခင် ခံနိုင်ရည်မရှိတာ အမှန်ပင်။ ပြီးတော့လည်း မိမိဂုဏ်သိက္ခာကို ထိပါးမှ မာနတရားတွေ ရှင်သန်ဖွံ့ဖြိုးရမှန်း သိလာပြီး ဘဝကို အန်တုချင်သလို ဖြစ်လာသည်။

အေးချမ်းသောရွာနှင့် ကလေးတွေကိုစွန့်ပြီး လောကသစ်ကိုရင်ဆိုင်ရန် နှယ်နှယ်ခင် ဆုံးဖြတ်လိုက်သည်။ ဘဝသည် ငြိမ်သက်ခြင်းကို မလိုလား၊ ရုန်းကန်ခြင်းကို လိုလားဟန်ရှိ၏။ အမေနှင့် ဒေါ်လေးသည် နှယ်နှယ်ခင်နောက်က ထက်ကြပ်မကွာ လိုက်ပါလာသည်။ ရယ်စရာတော့ အကောင်းသားပင်။ ဘာမျှနားမလည်သော မိန်းမသားနှစ်ယောက်ကို ဘာမျှမသိသေးသော မိန်းကလေးတစ်ယောက်က ဦးဆောင်ကာ ကမ္ဘာသစ်ကို ရွှေ့ပြောင်းလာခဲ့ကြလေသည်။

\+ \+ \+

အမေ့လက်ထဲမှာ ကျစ်ကျစ်ပါအောင် သိမ်းဆည်းခဲ့သော ရတနာမြိုင်၏ အကြွင်းအကျန် အမွေအနှစ်လေးများသည် လှုပ်စဉ်ကျွယ်ပျောက်ကုန်လေသည်။ အိမ်ကြီးတစ်ဆောင်၏ ဘေးမှ ကျဉ်းမြောင်းသော အစီအရွယ်လေး တစ်ခုမှာ မိန်းမသားသုံးယောက် မှီခိုခွင့်ရသည်။ ခမ်းနားကျယ်ဝန်းသော ရတနာမြိုင်ကို ပထမဆုံး ပြန်သတိရပြီး အမေ ငို၏။ ရက်စက်သော လူတစ်ယောက်၏ ဒဏ်ကို ကျန်လူသားတွေ အစဉ်အဆက် ခံရတော့မည်။

www.burmeseclassic.com



ရှိခဲ့တော့။ နွယ်နွယ်ခင် ဘာကိုမှ မတွေးလိုပြီ။ ပထမဆုံး အလုပ်တစ်ခု ရရေးကို လုံးပန်းရသည်။ သည်အချိန်မှာ အမေ့ကိုတွေ့ဖို့ ကြိုးစားရသည်။ ရင့်ရော်နေသော အမေ့ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့ရလေသည်။

'အမေ၊ တစ်ခုပဲ သမီးအတွက် လုပ်ပေးပါ၊ သမီး အလုပ်တစ်ခု ရချင်တယ်'

နွယ်နွယ်ခင်ရဲ့ ဘဝတစ်သက်တာအတွက် အမေ သည်မျှတော့ လုပ်ပေးသင့်သည် မဟုတ်ပါလား။

'အမေ့ရဲ့ ပျက်ကွက်မှုတွေအတွက် အမေ တောင်းပန်ပါတယ် သမီးရယ်၊ သမီးအမေကော နေကောင်းရဲ့လား'

နွယ်နွယ်ခင် အမေ စိတ်ချမ်းသာမည့်အကြောင်းကိုသာ ရွေးပြောသည်။ ဖြစ်သမျှအကြောင်းလည်း လုံးစေ့ ပတ်စေ့ ပြောလိုစိတ်မရှိတော့။ အမေ့ အခြေအနေကို ကြည့်ရသည်မှာလည်း ပြန်အားပေးရမည့်အခြေအနေသို့ ဆိုက်နေပြီ မဟုတ်ပါလား။ သို့သော် အမေ၏ တစ်ချိန်တစ်ခါက ရှိခဲ့သော အရှိန်အဝါ အဆက်အသွယ်လေးဖြင့် အလုပ်တစ်ခုတော့ ရဖို့အခွင့်အလမ်း ရှိလိမ့်မည်ဟု မျှော်လင့်မိ၍ နွယ်နွယ်ခင် လာခဲ့ခြင်းပင်။

နွယ်နွယ်ခင့် ထင်မြင်ချက် သိပ်တော့ မဆိုးလှပါ။ အမေက သူ၏ မိတ်ဆွေဟောင်းတစ်ယောက်၏ အထည်ဆိုင်မှာ အကူအရောင်းစာရေးမလေးအဖြစ် အလုပ်သွင်းပေးသည်။ နွယ်နွယ်ခင် ဖြစ်ချင်တာက အဆိုတော် အနုပညာရှင်တစ်ယောက်။ ဖြစ်လာရတာက ဘာမှ သက်ဆိုင်ခြင်းမရှိသော အရောင်းစာရေးမတဲ့။ သို့သော် ဘာတတ်နိုင်မှာလဲ။ လောလောဆယ် ဘဝရပ်တည်မှုက အရေးကြီးလှသည်။

နွယ်နွယ်ခင်၏ အနုပညာအတွက် ပထမဆုံးကြိုးပမ်းမှုကတော့ အရိပ်အယောင်လေးတောင်မှ အောင်မြင်မှု မရခဲ့ပါ။ လူသူအဖတ်နည်းသော မဂ္ဂဇင်းတစ်စောင် နှစ်စောင်မှာ မထင်မရှား ကြော်ငြာလေး တစ်ကြိမ် နှစ်ကြိမ်

www.burmeseclassic.com



သာ ပါခဲ့သည်။ ဆောင်းပါးရှင်တစ်ယောက်၏ တို့တို့တိတိလေး ရေးသား သတင်းပေးခြင်းခံရသည်။ ကြော်ငြာ ပိုစတာလေးကို တေးသံသွင်းဆိုင်လေး တစ်ခုဘေးမှာ ပြက်ခနဲ မြင်လိုက်ရသည်။ ဒါလောက်ပါပဲ။ လက်ဖက်ရည် ဆိုင်လေးမှာတောင်မှ နှယ်နှယ်ခင့် သီချင်းသံကို မကြားရ။ သည်တစ်ပွဲမှာ နှယ်နှယ်ခင် ကောင်းကောင်းကြီးခံလိုက်ရတာ ဘဝသင်ခန်းစာ တစ်ရပ် ပါပဲ။ သို့သော် နှယ်နှယ်ခင် အံကိုခဲထားသည်။ ဖြစ်အောင်တော့ ကြိုးပမ်းရ ဦးမည်။

တစ်ခုပဲလိုချင်ပါသည်။ နှယ်နှယ်ခင့်ဘဝမှာ ယုံကြည်အားကိုး ရမည့်သူ တစ်ယောက်ပါပဲ။

\+ \+ \+

'ဗိုလ်ချုပ်ဈေးရှေ့ မျဉ်းကျားမှာ နှယ့်ကိုမြင်လိုက်လို့ လိုက်လာတာပါ နှယ်၊ နှယ်နှယ်ခင် ဒီဆိုင်မှာ လုပ်နေတာလား၊ ဘယ်သူ့ဆိုင်လဲ၊ ကိုယ်က နှယ့်ကို ကျောင်းဆရာမ ဘဝနဲ့ပဲ ရှိနေဦးမယ်ထင်နေတာ'

ကိုကိုဇော်ကို ဆိုင်ရှေ့ ကောင်တာစားပွဲမှာ ရပ်လျက်သားတွေ့ရတော့ နှယ်နှယ်ခင် လက်တွေ ခြေတွေပင် တုန်ချင်လာသည်။ ကိုကိုဇော်ဟာ သူ ပေးထားတဲ့ ကူညီမှုအတွက် တစ်စုံတစ်ခုတောင်းဆိုဖို့ လာတဲ့သူမဟုတ် ပါဘူးဟု ယုံကြည်စိတ်ချသွားပြီးမှ ရဲရဲရင်ဆိုင်ခဲ့သည်။

'အခြေအနေတွေက တော်တော်ပြောင်းလဲခဲ့ပါတယ် ကိုကိုဇော်'

'အေးအေးဆေးဆေး စကားပြောချင်တယ်နှယ်၊ ကိုယ် တောင်းပန် စရာတွေလဲ ရှိနေလို့ပါ'

နှယ်နှယ်ခင်ကလဲ အေးအေးဆေးဆေး တွေ့ချင်တာပါပဲ။ ဆိုင်က လည်း သိမ်းချိန်နီးပြီမို့ ဆိုင်ရှင်ထံ ငွေနှင့် စာရင်းကိုအပ်ပြီး ခွင့်ပန်ခဲ့သည်။ ကိုကိုဇော်က သူ့ကားပေါ်တက်ခိုင်းတော့ တွန့်ဆုတ်နေမိသေးသည်။ အို

www.burmeseclassic.com



ဖြစ်ချင်ရာ ဖြစ်ပေစေတော့၊ နှယ်နှယ်ခင်က ကိုကိုဇော်နှင့် ပတ်သက်ပြီး မရိုးမသား ဘာလုပ်ခဲ့မိလို့လဲ။

ကိုကိုဇော်ကို နှယ်နှယ်ခင်တို့၏ အိမ်ကလေးသို့ ခေါ်ခဲ့သည်။ သည်နေရာသော နှယ်နှယ်ခင်အတွက် အလုံခြုံဆုံးနေရာလေး။ ပြည်လမ်းမကြီးမှ ဖုံထွက်ပြီး ကျယ်ဝန်းသော ခြံကြီးတစ်ခု၏ ကြီးမားသော အိမ်တစ်လုံးဘေးမှ သေးငယ်လှသော အိမ်အဆွယ်လေးကိုကြည့်ပြီး ကိုကိုဇော် မျက်နှာမကောင်း ဖြစ်နေသည်။ အမေသည် ကိုကိုဇော်ကိုကြည့်ပြီး အံ့သြဝမ်းသာနေသည်။ ပြီးတော့ နှယ်နှယ်ခင် အိမ်ထဲဝင်ပြီး အင်္ကျီအဝတ်အစားလဲနေသည့် အချိန်မှာပင် သူတို့သားအမိ ပတ်ဝန်းကျင်ဘဏ်ကို မခံနိုင်၍ ပြေးလာခဲ့ရကြောင်း တဲ့တိုးကြီး ပြောချလိုက်သည်။ ကိုကိုဇော် မျက်နှာပျက်နေသည်။

နှစ်ယောက်တည်း လွတ်လပ်စွာ မျက်နှာချင်းဆိုင်ခွင့်ရတော့ ကိုကိုဇော်က သူ့ရင်ထဲရှိတာကို ဖွင့်ဟပြောသည်။

"တကယ်ကျတော့ ကိုကိုဇော် အမှန်ကိုရင်ဆိုင်ဖို့ သတ္တိနည်းခဲ့တာပါ၊ နှယ့်ကို မြင်မြင်ချင်းကို ကိုဇော် လေးစားတယ်၊ သနားတယ်၊ နောက်တော့ ချစ်တယ်၊ ဒါပေမဲ့ ကိုကိုဇော်ဟာ လွတ်လပ်တဲ့သူတစ်ယောက် မဟုတ်ဘူး၊ ဒါကြောင့် ရှေ့လဲမတိုးရဲခဲ့ဘူး"

"ဒါပေမဲ့ ကိုကိုဇော်ရယ် မဖြစ်နိုင်မယ့်အတူတူ နှယ့်အပေါ်မှာ ဘာကြောင့်များ လိုအပ်တာထက်ပိုပြီး ကူညီပံ့ပိုးပေးခဲ့ရတာလဲ"

"ကိုကိုဇော် အမှန်အတိုင်းပြောမယ်၊ စိတ်မဆိုးနဲ့နော်"

"ပြောပါ ကိုကိုဇော်ရယ်"

"မိန်းကလေးတစ်ယောက်ကို လိမ်ညာလှည့်ဖြားလိုတဲ့သဘောတော့ မဟုတ်ပါဘူး နှယ်ရယ်၊ ဒါပေမဲ့ နှယ့်ကိုချစ်လို့ ရိုးမသားကြံစည်မိတာတော့ အမှန်ပါပဲ၊ အခွင့်အရေးယူချင်တဲ့ သဘောတော့ မဟုတ်ပါဘူး နှယ်ရယ်၊ နှယ် ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ပေးချင်တာကလဲ အမှန်ပါပဲ၊ အခွင့်အရေး

www.burmeseclassic.com



ယူချင်တဲ့သဘောတော့ မဟုတ်ပါဘူး။ နွယ် ရန်ကုန်ရောက်လို့ သီချင်းသွင်းပြီးရင် ကိုယ် နွယ့်ကိုဖွင့်ပြောပြီး လက်ထပ်ဖို့ ခွင့်တောင်းမယ်၊ ဒီကြားထဲမှာ ကိုယ် ကိုယ့်မိန်းမနဲ့ ကွာရှင်းမယ်လေ'

သည်စကားကိုကြားလိုက်တော့ နွယ်နွယ်ခင် ဆတ်ခနဲမော့ကြည့်မိသည်။ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့လိုက်မိသည်။ ကိုကိုဇော့်မျက်နှာကိုလည်း ပထမဆုံးအကြိမ် သံသယဖြစ်တော့၏။ ဒါကြောင့် လူတွေက ပြောကြတာပဲလေ။ လူဆိုတာ အခွင့်အရေးတစ်စုံတစ်ရာ မျှော်ကိုးစရာ မရှိပါပဲနဲ့ များပြားလှတဲ့အကူအညီကို ပေးတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးတဲ့။ သည်တုန်းက နွယ်နွယ်ခင်က သန့်စင်သော စေတနာဆိုတာ လောကမှာ တကယ်တည်ရှိသည်ဟု ယုံကြည်ဆဲရှိခဲ့၏။ အခုတော့ လူတွေပြောတာ မှန်နေပါပေါ့လား။ ဒီ လောကမှာ ဘာမျှ ယုံကြည်စရာ မရှိတော့ပါကလား။

'ဪ ကိုကိုဇော်က နွယ့်ကို အနုပညာရှင်တစ်ယောက် ဖြစ်အောင် လုပ်ပေးပြီး၊ ဘဝနွံထဲမှာ နစ်တော့မယ်ပေါ့'

ကြောက်ခြင်းနှင့်အတူ နမြောတသခြင်းလည်း ဖြစ်မိသည်။ နမြောတယ်ဆိုတာ နွယ်နွယ်ခင် ယုံထားမိတဲ့ ကိုကိုဇော်ရဲ့ အချစ်ကိုပါ၊ နွယ်နွယ်ခင် အားငယ်ရသည့် ဘဝတစ်လျှောက်လုံး မှီခိုခဲ့၊ ယခုမှ ဆုံးရှုံး ငိုမိတော့သည်။

'ကိုယ့်ကို အထင်မမှားပါနဲ့ နွယ်၊ ကိုယ် နွယ့်ကိုချစ်မိတာ အမှန်ပါ၊ ပြီးတော့ နွယ် ယုံချင်မှ ယုံ၊ ကိုကိုဇော်တို့ရဲ့ အိမ်ထောင်ရေးဟာ အနှစ်သာရ ကင်းမဲ့ခဲ့ရတာ'

'တော်တော့ ကိုကိုဇော်၊ ဒါဟာ နောက်ထပ် မိန်းမတစ်ယောက်ကို ယူချင်တဲ့ သာမန်ယောကျ်ားတိုင်းပြောတတ်တဲ့ စကားပါ၊ ဒီလိုမှန်းသာ သိရင် နွယ် ကိုကိုဇော့်ကို ဒီနေရာကို ခေါ်မလာခဲ့ပါဘူး။ အခုတော့ နွယ် အင်မတန် တန်ဖိုးထားခဲ့တဲ့ ကိုကိုဇော်ဆိုတာ နွယ့်ရင်ထဲမှာ မရှိတော့ဘူး၊ ကိုကိုဇော့်ကို မတွေ့ရဘဲ ရင်ထဲက တသပြီး ချစ်နေခဲ့ရတာမှ ခွန်အားရှိခဲ့ပါသေးတယ် ကိုကိုဇော်ရယ်၊ ခုတော့ အားလုံးသွားပါပြီ'

www.burmeseclassic.com



တကယ်ပင် နှယ်နှယ်ခင် ပျော်ကြီးမရ ဖြစ်ရပါသည်။ ကိုကိုစော်လည်း ငိုင်ကျသွားသည်။

'ကိုယ်ပြောနေတာတွေဟာ တခြားယောကျ်ားတွေနဲ့ သဘောချင်း မတူပါဘူး နှယ်ရယ်၊ ယုံပါ၊ နှယ် ယုံအောင် ကိုယ် ဘယ်လိုပြောရမလဲ၊ နှယ့်ကို အကူအညီပေးခဲ့တာလဲ ဒီမျှော်လင့်ချက်နဲ့ မဟုတ်ရပါဘူး၊ နောင်လဲ အဲဒီ မျှော်လင့်ချက်မျိုး မရှိပါဘူး၊ နှယ် ကိုယ့်အပေါ် ယုံကြည်သည်ဖြစ်စေ၊ အယုံအကြည်ကင်းမဲ့သည်ဖြစ်စေ ကိုယ်ကတော့ နှယ် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ပေးမှာပဲ'

'တော်ပါတော့ ကိုကိုစော်ရယ်၊ တော်ပါတော့၊ နှယ်တို့မှာ ခုလဲ အေးချမ်းတဲ့ ဘဝကနေ လွင့်ခဲ့ကြရပြီ၊ နောက်ထပ် မလွင့်ပါရစေနဲ့တော့'

နှယ်နှယ်ခင် ငိုရှိုက်ပြီး အိမ်ထဲကိုပြေးဝင်ခဲ့သည်။

အမေနှင့် ကိုကိုစော် အချိန်အတန်ကြာ စကားပြောနေကြသည်။

နှယ်နှယ်ခင် ဘာကိုမှ မစဉ်းစားချင်။ ဘာကိုမှ မသိချင်။

အခုတော့ သွားပြီ။ အားလုံးသွားပြီ။ ဒုက္ခမှန်သမျှ ခါးစည်းခံခဲ့ရစဉ်က တစ်ခုတည်းသော မျှော်လင့်ချက် အလင်းတန်းလေး ရှိခဲ့သည်။ ယုံကြည် ကိုးစားခြင်း အင်အားလေး ရှိခဲ့သည်။ ယခု ဘာမျှမရှိတော့။

\+ \+ \+

ပထမသီချင်းခွေက အောင်မြင်ခြင်း မရှိခဲ့သော်လည်း နှယ်နှယ်ခင်၏ ကုသိုလ်ကံလေးက တစ်ထောင့်တစ်နေရာမှ ပေါ်ထွက်လာခဲ့သေး၏။ နှယ် နှယ်ခင် ဆေးရုံမှာနေခဲ့ရာ အဆောင်က ဘဝတူအပေါင်းအဖော်တွေနှင့် ပြန်ဆုံ မိတော့ နှယ်နှယ်ခင့်လိုပင် အနုပညာနယ်မှာခြေချဖို့ ကြိုးစားနေသူ မှုမှုက ရှေ့ဆောင်အတွက် တိုင်ပင်လာသည်။ ပထမဆုံးအဆင့်က ရုပ်မြင်သံကြားမှာ သီချင်းလွှင့်နိုင်ဖို့ ကိစ္စ။

www.burmeseclassic.com



'မှု သီချင်းတစ်ပုဒ်လွှင့်လိုက်ရတာ အမြတ်ရလိုက်တယ် နွယ်၊ နောက်ထပ် သီချင်းမထွက်နိုင်ပေမဲ့ တီဗွီအဆိုတော်အဆင့်တော့ ရနိုင်လာပြီ၊ ခုဆို ကိုယ် သီချင်းလွှင့်ရတာ သုံးခါရှိပြီ'

နွယ်နွယ်ခင်ကတော့ တီဗွီနှင့် အလှမ်းဝေး၍ ဒါတွေကို မသိ။

'အစကတော့ ပိုက်ဆံနည်းနည်း ကုန်မှာပဲကွ'

ပိုက်ဆံဟူသော အသံကိုကြားတော့ နွယ်နွယ်ခင် လန့်သွားသည်။ ပိုက်ဆံတဲ့၊ ပိုက်ဆံတဲ့။

'ကိုယ့်မှာ ပိုက်ဆံမရှိဘူး'

နွယ်နွယ်ခင်က တိုးတိုး ညည်းသည်။ မှုမှုက ယဲ့ယဲ့လေး ပြုံးသည်။

'စိတ်မဆိုးနဲ့နော် နွယ်၊ နွယ့်ကို ပထမသီချင်း စီးရီးထုတ်တုန်းက ငွေထုတ်ပေးတဲ့သူ ရှိတယ်ဆို'

နွယ်နွယ်ခင် ဒုတိယအကြိမ် ထိတ်လန့်ရပြန်သည်။ လူတွေက မိမိအကြောင်းကို မိမိထက်ပိုပြီး သိနေကြပြီလား။

'ဒါပေမဲ့ အခု မရှိဘူး'

နွယ်နွယ်ခင်က တိုတိုပြတ်ပြတ်ပဲ ပြောသည်။ မှုမှုကတော့ ပေါ့ပေါ့ ဆဆ ရယ်မောနေသည်။

'မှုကတော့ ကိုယ်ရောက်ချင်တဲ့နေရာကို ရောက်ဖို့အတွက် ဘယ်လို လှေကားမျိုးကိုပဲဖြစ်ဖြစ် တက်မှာပဲ'

နွယ်နွယ်ခင် တွေဝေသွားပြန်သည်။

တီဗွီမှာ သီချင်းလွှင့်လျှင်တော့ ဆွဲဆောင်မှုရှိဖို့လိုသည်။ ဒါမှ တဖြည်းဖြည်း လူစိတ်ဝင်စားမှု ရှိလာမည်။ ပရိသတ်တိုးလာမည်။ သည်တော့ နောက်တစ်ဆင့်တက်ဖို့ ပိုပြီးလွယ်ကူမည်။ သို့သော် တီဗွီထဲမှာ လှလှပပ ဖြစ်ဖို့က အကုန်အကျခံနိုင်ဖို့ လိုသည်။ အကုန်အကျခံနိုင်ဖို့ဆိုသည်က ...

မှုမှုက တွေဝေငေးမောနေသော နွယ်နွယ်ခင်၏ ပခုံးကို ကိုင်လှုပ်ကာ ရယ်မော၍ ပြောသည်။

www.burmeseclassic.com



"ဒီလောက်လဲ လေးလေးနက်နက် စဉ်းစဉ်းစားစား လုပ်မနေစမ်းပါနဲ့ကွာ။ မင်း စွန့်စားခဲ့ရတဲ့ အတိုင်းအတာကိုလဲ ကြည့်လေ၊ မုမု နောက်ဆုတ်လိုက်ရင် အလျင်က စွန့်လွှတ်ခဲ့ရတာတွေ အလကားဖြစ်ကုန်မှာပေါ့"

နွယ်နွယ်ခင် စဉ်းစားသည်။ မုမု ပြောသလိုပါပဲ။ နွယ်နွယ်ခင့် ဘဝကတော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပြီ။ သည်ပြောင်းလဲခဲ့ရသည့် အခြေအနေသည် ယခု လမ်းခုလတ်မှာ ရပ်တန့်လျက်ရှိသည်။ ရှေ့ဆက်ဖို့တော့ လိုအပ်သည်။

သို့သော် ကိုကိုဇော်ကို ထည့်မစဉ်းစားချင်။ ကိုကိုဇော်ကို ယုံကြည်ကိုးစားမှုက အလွန်နည်းပါးနေပြီ။

"တစ်နည်းတစ်ဖုံတော့ ကိုယ်ကြိုးစားမယ် မုမုရယ်"

\+ \+ \+

မုမုကတော့ ကံကောင်းသည်ဟု ဆိုရမည်။ သူ၏ ဆွဲဆောင်မှုရှိသောအလှက တီဗွီမှန်သားပေါ်မှတစ်ဆင့် ပရိသတ်၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ သည်နောက်တော့ နောက်ထပ် သီချင်းခွေထွက်နိုင်ဖို့ ငွေထုတ်ပေးသူတစ်ဦးကို ဆက်မိသည်။ သီချင်းဘက်မှာ အကောင်းဆုံး မလုပ်နိုင်ခဲ့သော်လည်း နာမည်အရတော့ လူသိများလာသည်။ စင်မြင့်ပေါ်မှာ နေရာရလာသည်။ သည်တော့လည်း ကျော်ကြားမှုအရှိန်ဖြင့် တစ်ကိုယ်စာတော့ နေရာရလာသည်။ ကျော်ကြားမှုအစအတွက် ငွေဖြင့်နောက်ကလိုက်ရပြီး သည့်နောက်မှာတော့ ငွေက နောက်က လိုက်လာရတော့သည်။

နွယ်နွယ်ခင်ကတော့ လမ်းအစကိုပင် ဘယ်လိုလျှောက်ရမည် ဝေခွဲမရနိုင်။ ကိုကိုဇော်က အကြိမ်ကြိမ် တွေ့ဖို့ကြိုးစားသော်လည်း နွယ်နွယ်ခင် တိမ်းရှောင်မြဲ။ ထို့နောက် နွယ်နွယ်ခင် လုပ်ဆောင်မည့်အရာကို ပံ့ပိုးပေးမည့်သူက တစ်နေရာက ပေါ်လာပြန်သည်။ နွယ်နွယ်ခင်၏ အလုပ်ရှင်က

www.burmeseclassic.com



နွယ်နွယ်ခင်ကို သီချင်းဆက်ဆိုပါလားတဲ့။ အဖေ့ မိတ်ဆွေမို့ နွယ်နွယ်ခင် ဝမ်းမြောက်အားတက်မိရပြန်၏။ အဖေ့ကို တိုင်ပင်ပြန်တော့ 'သမီးဝါသနာအတွက် အားလုံးကို စွန့်လွှတ်ခဲ့ရတာပဲ၊ ဖြစ်နိုင်ရင် ဆက်လုပ်ပေါ့'ဟု ဆိုလေသည်။

များမကြာမီပင် နွယ်နွယ်ခင် ၏ ရုပ်သွင်သည် တီဗွီမှန်သားပေါ်မှာ ပေါ်လာခဲ့ပြီ။ နောက်တော့ စင်မြင့်ပေါ်မှာ၊ နောက်တော့ ငွေရှိသူတို့၏ မင်္ဂလာဧည့်ခံပွဲတွေမှာ၊ လူတွေမှာ အောင်မြင်မှုအရှိန်တန်လာတော့လည်း တားမရနိုင်အောင် ပါပဲတကလား။

\+ \+ \+

ယနေ့ နာမည်ကြီးအဆိုတော် နွယ်နွယ်ခင်၏ အသွင်သည် ယခင်ကနှင့် များစွာခြားနားခဲ့ပြီး နွယ်နွယ်ခင်၏ နှုတ်များမှ သီကြွေးလိုက်သမျှ အသံလှိုင်းတို့သည် ငွေကြေးကို ဆောင်ယူလာကြသည်။ နွယ်နွယ်ခင်ကတော့ အနုပညာဘဝကိုပဲ မြတ်နိုးခုံမင်၏။ သို့သော် ထိုအနုပညာဘဝကို ပိုင်ဆိုင်ဖို့ နွယ်နွယ်ခင် လျှောက်ခဲ့ရသည့်လမ်းကို ဘယ်သူသိနိုင်သလဲ။

ရှေ့မှာတော့ လူတွေက နွယ်နွယ်ခင် နွယ်နွယ်ခင်နှင့် တသသ ခေါ်ငင်ကြသော်လည်း ကွယ်ရာက အတင်းစကားတွေက ခါးသီးလှပေ၏။

'ပထမတော့ အရာရှိတစ်ယောက်က ငွေထုတ်ပေးတယ်လေ၊ သူ့အလိုလဲပြည့်ရော ကန်ထုတ်လိုက်တာ၊ ဟိုလူတော့ မောရောပဲ၊ မိန်းမနဲ့လဲ ကွဲသွားတယ်တဲ့၊ ယော စုတော့ သူဌေးတစ်ယောက်ကိုချူပြီး သူအောင်မြင်အောင် ကြိုးစားတော့တာပဲ'

အမနာပ အတင်းစကားတွေက နားမှာ မဆံ့အောင် ပြန့်ကြားရသည်။ နွယ်နွယ်ခင် မမှုတော့ပြီ။ ခုတော့ နွယ်နွယ်ခင်ဟာ အနုပညာကမ္ဘာမှာ ပေါ်ကြွားနေနိုင်ပြီပဲ။ ဖခင်ရဲ့ ဥပေက္ခာပြုခြင်းကို ခံရတဲ့ နွယ်နွယ်ခင်၊ ဆွေမျိုး

www.burmeseclassic.com



အသိုက်အဝန်းရဲ့ ဖယ်ထုတ်ခြင်းကို ခံရတဲ့ နွယ်နွယ်ခင်၊ ယုံကြည် ကိုးစားမိတဲ့ အချစ်ရဲ့ အညစ်အကြေးကို အရွန်းအထင်းခံရတဲ့ နွယ်နွယ်ခင်။ သို့သော်လည်း နွယ်နွယ်ခင်ကိုချစ်သော ပရိသတ်အရေအတွက်က သူတို့နှင့် နှိုင်းစာလျှင် မြောက်မြားစွာ ဝန်းရံထားသည်ပဲ။ နွယ်နွယ်ခင် ကျေနပ်နိုင်ပါ၏။

တစ်နေ့ပဲရှိသည် ကိုကိုဇော်နှင့်ပတ်သက်၍ ကြားရသည့်သတင်းစကားတွေကြောင့် နွယ်နွယ်ခင် တုန်လှုပ်ကြေကွဲခြင်း ဖြစ်မိသည်။ ကိုကိုဇော်ရဲ့ အိမ်ထောင်ပြိုကွဲသွားခြင်းသည် နွယ်နွယ်ခင့်ကြောင့်လား။ သည်အတွက် နွယ်နွယ်ခင်မှာ တာဝန်ရှိသလား။ ကိုကိုဇော်က အမှန်တကယ်ပဲ ပြည့်စုံမှုမရှိသော အိမ်ထောင်တစ်ခုကို ထူထောင်ခဲ့မိပြီး နွယ်နွယ်ခင့်အပေါ် သန့်စင်စွာ ချစ်ခဲ့လေသလား။

သည်အချိန်မှာ အောင်မြင်မှုနှင့် ငွေကြေးကို နွယ်နွယ်ခင် မလိုချင်တော့။

အမှန်တကယ် ယုံကြည်ကိုးစားရသော လူတစ်ယောက်၊ ဘဝကို ယုံကြည်စိတ်ချစွာ ပေးအပ်နိုင်မည့်သူတစ်ယောက်၊ ရင်ထဲက ခံစားမှုမှန်သမျှကို မျှဝေနိုင်မည့်သူ တစ်ယောက်ပါပဲ။

အဲဒီ လူသားတစ်ယောက်ဟာ လောကမှာ တကယ်ပဲတည်ရှိနေလေသလား၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တွေ့ဦးမှာလား၊ အဲဒီလူဟာ ကိုကိုဇော်ပဲ ဖြစ်နေမလား။

အောင်မြင်မှု အပြီးပန်းတွေကြားမှ နွယ်နွယ်ခင့် နှလုံးသားက တောင့်တနေမိတာ အမှန်ပင်။

**[ရှင်နှစ်မွှင့် ။ ။ စက်တင်ဘာ၊ ၁၉၈၇]**

www.burmeseclassic.com

## မမ အယ်ဒီတာတွေ

'မမိုးက ကော်ဖီကောင်းကောင်းကြိုက်တတ်လို့ မမဝယ်ထားတာ အနံ့ကောင်း ပြယ်နေပြီကွယ်၊ လာမယ် လာမယ်နဲ့ ဟာ ခုမှပဲရောက်ဖြစ်တယ်၊ မမလာတာ စာမူလိုချင်လို့ မဟုတ်ဘူးနော်၊ မိုးကို သတိရလို့လာတာ'

မမဦး၏ စာတွေကိုဖတ်ပြီး ကျွန်မ အလွန်လေးစားချစ်ခင်ခဲ့ရ ပါသည်။ လူချင်းခင်မင်ရသည့်အခါ ရိုးသားဖြောင့်မတ်သော၊ ယုံကြည်ရာကို ဇွဲရှိရှိလုပ်တတ်သော မမဦးကို ကျွန်မ ပို၍ လေးစားချစ်ခင်ပါသည်။ သို့သော် မမဦး စိုးရိမ်သလို ကျွန်မတို့ နှစ်ယောက်ကြားတွင် အလုပ်သဘော ဆန်သော အပေးအယူ မရှိသင့်ပါ။

'ဒါတွေ ပြောဖို့ မလိုပါဘူး မမရယ်၊ ခဏနေဦးနော်၊ ကော်ဖီ ဖျော်လိုက်ဦးမယ်'

'မမသိတယ်၊ မိုးတော့ ဒီအချိန်မှ အိပ်ရာကထမှာ၊ ပြီးတော့ ဒီအချိန်လာဖမ်းမှလဲ မိမယ်ဆိုတာ၊ မိုးဖျော်တဲ့ ကော်ဖီကိုလဲ မမသောက် ချင်တယ်'

ကျွန်မအကြောင်း သိသူတွေကတော့ နံနက် ကိုးနာရီအရောက် အိမ်ကိုလာတတ်သည်။ ထိုအထဲတွင် မမဦး အပါအဝင်ပင်။

www.burmeseclassic.com



"မမလာရင် ဘာမှ ဝယ်မလာပါနဲ့ မမရယ်"

"မမ သတိရလို့ ဝယ်လာတာပါ၊ ပြီးတော့ မမလာရင် မိုး အားနေ ပါးနေနဲ့ စာမှုရေးပေးမှာပဲ ဆိုးတယ်၊ ရေးတော့လဲ ရေးပေးစေချင်တယ်၊ တကယ်ရေးချင်လို့ ရေးတာလဲဖြစ်စေချင်တယ်၊ မမကို ကူညီတဲ့ သဘောနဲ့ပဲ ရေးပေးစေချင်တယ်"

မမဦး ဆိုလိုချင်တာတွေကို ကျွန်မ အားလုံး နားလည်မိအောင်ရသည်။ မမဦးကတော့ သည်လိုပဲ သူ့စိတ်ထဲရှိရာကို ပွင့်ပွင့်လင်းလင်း ပြောတတ်ခြင်းမှာ ချစ်စရာကောင်းသော အလေ့တစ်ခုပင်။

"မမိုးကလဲ စိတ်ပါလက်ပါ ရေးတဲ့စာကိုမှ ပေးချင်တာ၊ အခိုက ကတော့ စာရေးပျင်းတာပါပဲ မမရယ်၊ အနှစ်နှစ်ဆယ်လောက် စာရေးလာရတော့ စာရေးရတာ ဝါသနာအရ မဟုတ်ဘဲ အလုပ်သဘောတွေ ပါလာတာ စိတ်အညစ်ဆုံးပဲ၊ အဲဒီအခါ ရေးရတာလဲ ပြီးပြီးရောသဘောတွေ ဖြစ်လာတော့ ပရိသတ်ကို စော်ကားရာလဲ ရောက်တယ်၊ ဒါကြောင့် မရေးတာပါ"

"အင်း မမလဲ စာရေးဆရာပဲလေ၊ ဒါကို နားလည်ပါတယ်၊ ဒါပေမဲ့ ခုတော့ ကိုယ့်ကိုယ်ကို စာရေးဆရာဆိုတာတောင် မေ့နေပြီ၊ မဂ္ဂဇင်း လုပ်ကတည်းက စာလဲမရေးနိုင်တော့ဘူး"

"မမကို မမိုး သိပ်နှမြောတာပဲ"

"ဘာပဲဖြစ်ဖြစ် လုပ်မိပြီလေ"

"ပြီးတော့ မမ ခေါင်းမာတာ၊ စည်းစိမ်ဥစ္စာကို စွန့်လွှတ်ပြီး လုပ်တာကိုလဲ အံ့သြတယ်၊ အဲဒါကြောင့် မမကို လေးစားသွားပြီး ရေးပေးမယ် မမရယ်၊ မမ ပင်ပန်းတယ်၊ နောက်ထပ်မလာနဲ့ ပြီးတာနဲ့ တိုက်ကို လာပို့ပေးမယ်နော်"

ဘာပဲဖြစ်ဖြစ် စာရေးဆရာမ ရင့်မကြီးတစ်ယောက်၏ အသွင် ပျောက်ကွယ်ကာ မျက်နှာ ဝင်းခနဲလက်သွားပုံမှာ စာရေးဆရာတစ်ယောက် ဖြစ်ပါလျက် စာရေးဆရာတစ်ယောက်၏ ရှေ့မှာ မဖုံးကွယ်နိုင်ရှာ။

www.burmeseclassic.com



"မိုး မြန်မြန်ရေးနော်၊ ဆက်ဆက်ရေးနော်"

"စိတ်ချပါ မမရယ်"

စကားတွေ ဆောင့်ခဲ့ ပြောဖြစ်ကြပြီး အိမ်ကပြန်သွားသော မမဦးကိုကြည့်ကာ သက်ပြင်းကိုချမိသည်။ ပြော်ခါ တစ်ချိန်က အဝေးက လေးစားခဲ့တဲ့ စာရေးဆရာမကြီးပါဟု အောက်မေ့တာသရင်း ခင်မင်ရင်းနှီးမှု နားလည်မှုက ပိုလာသည်။

သို့သော် စာရေးသည့် လက်က နှေးကွေးလေတော့ အချိန်လင့်မှပဲ စာမူကို သွားပေးဖြစ်သည်။

"မမကို မိုး လက်ဆောင်ရေးပေးတာ"

မမဦး၏ အိမ်ကိုရောက်စဉ်က သမီးနှင့် သမက်၏ ပန်းချီလက်ရာတွေကို ငေးမောကြည့်ရှုနေသော ကျွန်မကို မိုးကြိုက်တဲ့ ပန်းချီကား ယူသွားဟု ကြည်ကြည်ဖြူဖြူ ပေးခဲ့ဖူးသည်။ အနုပညာကို အနုပညာနဲ့ပဲ တုံ့ပြန်မယ် မမရယ်ဟု ပြောပြီး စာမူခ မယူဘူးနော်ဟု ပြောတော့ မမ မျက်နှာမှာ ကြည်နူးသောအပြုံးကို တွေ့ရပြန်သည်။ သို့သော် မမဦး ဖိတ်ခေါ် တော့ မွေးသော ထမင်းစားပွဲက စာမူတန်ဖိုးများထက် မကာခဲ့ပါ။ စိတ်ချင်း နီးစပ်သော သူတွေ၏ ခင်မင်မှု အတိုင်းအတာတွေလည်း ပိုပို ခိုင်မာကျယ်ပြန့်ခဲ့သည်။

သို့သော် မိုးရယ် စာမူရေးပေးပါဦး ဆိုသော စကားကို ကြားရတိုင်း ခင်မင်မှု၏ ဟိုမှာဘက်မှ အားနာမှုတွေ၊ ကြင်နာမှုတွေကို အခါခါခံစားရ စမြဲပင်။ လွန်ခဲ့သည့် ဆယ်နှစ်က အမှုထမ်းဘဝမှထွက်စဉ် မဂ္ဂဇင်းတစ်စောင် လုပ်မည်ဟု စိတ်ကူးခဲ့ဖူးသည်။ လက်တွေ့မှာ ထုတ်ဝေခွင့်လျှောက်လွှာ မတင်ဖြစ်ခဲ့။ အဲဒီတုန်းက တင်များတင်ဖြစ်ခဲ့ရင်ဟု တွေးမိပြီး သက်ပြင်းကို နှိုး၍ ရှိုက်မိပါသည်။

+ + +

www.burmeseclassic.com



'မလေးက အိမ်ပေါ် တက်လာရမလားတဲ့'

အရွယ်တင်၍ နုပျိုသော ပန်းကလေးတစ်ပွင့်လို လှပဆဲဖြစ်သော မလေး၏ အသွင်ကိုသာ မြင်ယောင်ကာ တက်ခဲ့ပါဟု ဖိတ်ခေါ်မိသည်။ ထပ်မိုးအပေါ်ထပ်ကို မောမောပန်းပန်း တက်လာတာမြင်ရမှ မလေး ကျန်းမာရေးကို သတိရပြီး အားနာလိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ အစဉ် ပြုံးရွှင်သော မျက်နှာဖြင့် စကားပြောတတ်သော မလေးက စာမူကိုလည်း ရိုရိုသေသေ တောင်းတတ်သည်။

'မလေးကလေ ကိုယ်လုပ်ချင်တဲ့အလုပ်တစ်ခုကို နောက်မဆုတ် ချင်ဘူး။ ကောင်းသထက်ကောင်းအောင်သာ လုပ်ချင်တယ်၊ မလေးမှာ စိတ်သွားတိုင်း ကိုယ်မပါတော့ အားမရဘူးကွယ်'

ပြော၏။ ခွဲရှိသော မိန်းမများပါတကား။ မိမိသာ စာရေးခြင်းကို ဝါသနာနှင့်စပြီး စိတ်ပါမှ ရေးမည်ဟုသောမူဖြင့် အေးဆေးသက်သာ နေလိုဆဲ။ သို့သော် မိန်းမတို့၏ ထက်မြက်မှုနှင့် စွမ်းဆောင်မှုကိုတော့ အထင်ကြီး အားကျမိသား။

နောက်တစ်ကြိမ် သွေးသည်တွေ့ဖို့ရင်း မလေး၏ အိမ်ကိုရောက်တော့ တယ်လီဖုန်းတစ်လုံးနှင့် များစွာမ်းအလုပ်လုပ်နေသော မလေးကို တွေ့ရ သည်။ မလေးတည်ခင်းသော ဧည့်လယ်ဖက်ကို စည့်ခံဗြောင်အဖြစ် ချိုမြိန်စွာ စားသောက်ရင်း မလေးဘဝ၏ အစနှင့် ခွဲရှိရှိ ရုန်းကန်လှုပ်ရှားခဲ့ပုံကို နားထောင်ခဲ့ရသည်။

'မလေးတော့လေ ကိုယ့်မဂ္ဂဇင်းကို ဖတ်ပြီးရုံနဲ့ မပြီးဘူး သိမ်းထားရတဲ့ အဆင့်ရောက်အောင် ကြိုးစားရတယ် သိလား၊ လူကသာ အိမ်ထဲမှာနေတယ် မလေးလောက် အလုပ်များတဲ့သူ မရှိဘူးလို့တောင် အိမ်သားတွေက ပြော ကြတယ်' သည်လိုဆိုတော့လည်း အိပ်ချင်တဲ့အချိန် အိပ်၊ ထချင်တဲ့အချိန် ထ၊ စိတ်လက်ကြည်ပါမှ စာထရေးတတ်သော မိမိက ဘာမျှ မဟုတ်သလို ခံစားရသည်။

www.burmeseclassic.com



'စာရေးဆရာတစ်ယောက်အနေနဲ့ သူများရေးတဲ့စာတွေကို မဖတ်ချင်ဘဲ အလုပ်သဘောနဲ့ ထိုင်ဖတ်ရတာ မငြီးငွေ့ဘူးလားဟင်'

အယ်ဒီတာတစ်ယောက်ကို အင်တာဗျူးမေးခွန်း မေးမိတော့ မလေးက ထုံးစံအတိုင်း ပြုံးလို့နေသည်။

'ကိုယ်မကြိုက်တာဆို ဖတ်ရင်းနဲ့ ငြီးငွေ့တာပေါ့ကွယ်၊ ဒါအလုပ်ပဲလေ၊ ပြီးတော့ တတ်နိုင်သမျှလဲ စေတနာထားပြီး ဖတ်တယ်၊ သုံးလို့ရရင် သုံးတယ်။ ကိုယ်စာရေးဆရာဖြစ်စ ဘဝကို စာနာပြီး သူများကိုလဲ ဖြစ်အောင် လုပ်ပေးတယ်'

မလေး၏ စေတနာဖြူဖြူကလေးကိုလည်း အသိအမှတ်ပြုမိသည်။ မိမိကိုယ်တိုင်ကတော့ လွတ်လပ်သောအနုပညာရှင်ဘဝကိုသာ ခုံမင်ဆဲ။ 'မိုးကတော့ ကော်ဖီမကောင်းရင်၊ ရုပ်ရှင်မကောင်းရင်၊ စာတစ်အုပ်ဖတ်လို့ မကောင်းရင် ဘယ်တော့မှ သည်းမခံနိုင်ဘူး' ဟု ကလေးဆန်စွာပြောတော့ မလေးက ရင့်ကျက်စွာ ပြုံးရယ်၍ နေသည်။

'မိုးနဲ့ ခုမှ အေးအေးဆေးဆေး စကားပြောရတယ်၊ လူချင်းမတွေ့ရပဲ ကြားလူနဲ့ ဆက်သွယ်ရတာ အားမရဘူးကွယ်၊ မလေးအတွက် စာပေခရီးအစ ဆိုတဲ့ ကဏ္ဍလေးရေးပေးပါ'

'ကိုယ့်အကြောင်း ကိုယ်ရေးရမှာ မရေးတတ်ဘူး မမရယ်။ ဘယ်သူတွေ ဘယ်လိုရေးလဲ'

'ဆောင်းပါးနမူနာပါတဲ့ စာအုပ်တွေ ပို့လိုက်မယ်လေ'

'မလေးပို့တဲ့စာအုပ်တွေ လစဉ်ရပါတယ်၊ ဘယ်လိုကဏ္ဍလဲဆိုတာ သေသေချာချာ မကွဲပြားလို့ပါ'

'ဟုတ်တယ်၊ မမ ပို့လိုက်မယ်၊ ပြန်ဖတ်ရင်း ရေးဖြစ်အောင် ရေးနော်။ ငယ်ငယ်က ဓာတ်ပုံလေးတွေလည်း ထည့်ပေးနော်'

'ဟာ၊ ငယ်ငယ်ကပုံလေး ထည့်ရမယ်ဆိုပေမဲ့ ငယ်ငယ်ကပုံက လှတယ်လေ'

www.burmeseclassic.com



မလေးက သဘောကျစွာ ရယ်၍နေသည်။

ကနေ့ထိတော့ ဘယ်လိုပုံစံနှင့် ရေးရမယ်ဆိုတာ စဉ်းစားမရသေး။ အခြားသူတွေ ရေးတာ ဖတ်ကြည့်တော့လည်း မိမိလိုချင်သည့်ပုံစံ ချကြည့်၍ မရ။ မလေးက စာမူတောင်းနိုင်းလိုက်တော့ အားနာလိုက်သည့်ဖြစ်ခြင်း။ သို့သော် ဆေးတာနာနှင့် ရေးဖြစ်အောင် ရေးမည်ဟု စိတ်ထဲမှာရှိဆဲ။ နောက် ထပ် နားမလှုသော မလေး၏ စိတ်ရှည်မှုကိုလည်း ခန့်မှန်းရသည်။

စိတ်ရှည်သည်းခံသော အလုပ်များတွင် အယ်ဒီတာအလုပ်လည်း ပါသည်ပင်ဟု တွေးမိပြီး ငါ့ဘဝမှာ ဘယ်တော့မှ အယ်ဒီတာဖြစ်မှာ မဟုတ်ဘူးဟု တွေးမိပြန်သည်။

\+ \+ \+

'မင်းကို အရေးကြီးတာ ပြောစရာရှိတယ်'

ကျိုက္ကဆံကွင်း၏ ညနေခင်းတစ်ခုမှာ အနားကပ်၍ပြောလိုက်သော စမ်း၏အသံကြောင့် ရင်ထဲထိတ်ခနဲဖြစ်သွားမိသည်မှာ အမှန်။

'ဘာများလဲဟာ၊ ရင်တုန်လိုက်တာ'

'အိုး၊ ဘာရင်တုန်စရာရှိလဲ၊ စာရေးဆရာကို ပြောစရာရှိတယ်ဆိုတာနဲ့ ပတ်သက်တာပဲပေါ့'

'သိဘူးလေဟာ၊ ခုချိန်မှာ အရာရာကို လန့်နေတာတော့ အမှန်ပဲ၊ ပြောစရာရှိ ခုပြောဟာ'

'နောက်မှ ပြောမယ်ဟာ'

'မရဘူးဟာ၊ ခုပြော'

သူ စီးကရက်ထုတ်ကာ မီးညှိတာကို စောင့်ရသေးသည်။ ရော ဆိုပြီး တစ်လိပ်လှမ်းပေးသည်။ နေပါစေ မသောက်ဘူးဟု ခေါင်းခါပြတော့ 'မသိတာမှတ်လို့ သောက်စမ်းပါ' ဟု ပြောသည်။ 'လူကြီးတွေရေ့ မသောက်

www.burmeseclassic.com



ရဲဘူး၊ အရင်တစ်ခါ အန်တီ ခင်မျိုးချစ်အိမ်မှာ သူ စီးကာရက်သောက်တာ အဘက စမ်းစမ်း စီးကာရက်သောက်တာ မိုးမိုး သင်ပေးတာလားဆိုတော့ ကိုယ် စိတ်မကောင်းလိုက်တာ"

"ဖြစ်မနေပါနဲ့ကွာ၊ ဒါ ထားစမ်းပါ၊ ကိုယ်ပြောချင်တာ ကိုယ့်ကို စာမူတစ်ပုဒ် ရေးပေးစမ်းပါ"

"ဘုရားရေ၊ ဘယ်လိုဖြစ်ရတာလဲ"

"တင်ထုတ်တစ်အုပ် လုပ်မလို့"

"သွားစမ်းပါဟာ လုပ်မနေစမ်းပါနဲ့၊ စာရေးဆရာ စာပဲရေးပေါ့၊ လုံးချင်းမရေးတာ ကြာပြီ၊ ဘာလုပ်နေလဲ"

"ခု လုံးချင်းမရေးတတ်တော့ဘူး"

"ဖြစ်ရပြန်ပြီ၊ အရင်ကတော့ စမ်းက အရှည်ပဲရေးတတ်တယ်၊ ဝတ္ထုတို မရေးတတ်ဘူးဆို"

"အဲဒီတုန်းကတော့ ဟုတ်တယ်၊ ခုတော့ အရှည်ကို ဘယ်လိုရေးမယ် မသိဘူး၊ ထားစမ်းပါ၊ လုပ်နော်၊ ပွဲဦးထွက်မှာ ပါချင်တယ်"

"သွားစမ်းပါဟာ မရေးချင်ပါဘူး"

"သိမယ်၊ မင်း အဲဒီလို ဂျစ်တိုက်မယ်ဆိုတာ သိတယ်၊ ကိုယ်မင်းနဲ့ မစန္ဒာဆီက စာမူတောင်းရမှာ အလန့်ဆုံးပဲ၊ ဒါပေမဲ့ လုပ်ပါဟာ၊ ကိုယ့်အတွက် လုပ်ပေးစမ်းပါ"

"ဘယ်လိုဖြစ်ရတာလဲဟယ်၊ စာရေးနေတာ အကောင်းသားနဲ့"

"ကလေးခုနစ်ယောက်နဲ့ မလောက်ဘူးဟ၊ တစ်ခုခုလုပ်မှ ဖြစ်မှာပေါ့၊ လုပ်ပါဟယ်နော်၊ စာမူခ ခုယူထားမလား"

"အမလေးနော်၊ စိတ်ညစ်စရာကောင်းလိုက်တာ၊ ငါ တစ်ဆက်မှ ကြည့်လို့မရဘူး၊ စာရေးဆရာအဖြစ်ပဲ မြင်ချင်တယ်"

"ကြည့်လို့ရတာ မရတာ အပထား၊ ရေးပေးပါဟယ်"

"ဒုက္ခပါပဲ"

www.burmeseclassic.com



ကြိုဆိုနေရာချထားရေးမှာ တစ်မွဲ့တည်းကျတော့ သူ့ကို ဘယ်လိုမှ ရှောင်လို့မရ။ အစည်းအဝေးခန်းထဲကျတော့လည်း ခုံချင်းကပ်လျက်။ တစ်ဇက်ကလေးမှ မသက်သာ။ 'ရေးပေးမယ် မဟုတ်လားဟင်၊ ရေးပေးနော်' ဟု တဖွဖွပြောနေသော သူ့ကိုကြည့်ပြီး စိတ်ထဲက ညစ်ချင်လာသည်။

'အဲဒီ စာရင်းတွေ ကိုယ့်အတွက် တစ်ခုကူးပေး'

ဝယ်ယူရမည့် ပစ္စည်းစာရင်းကူးနေသော သူ့ကို အကျပ်ကိုင်သည်။

'ကူးပေးမယ် ကူးပေးမယ်၊ ကူးပေးရင် ရေးပေးမယ် မဟုတ်လား'

'ကျသင့်ငွေပါ တွက်ပေးဟာ'

'တွက်ပေးမယ်၊ တွက်ပေးမယ်'

ရယ်စရာကောင်း၍ ရယ်လို့သာနေမိသည်။

'သူ အဲဒီလို ရယ်နေရင် အကြောက်ဆုံးပဲ'

'ရယ်စရာကောင်းတာကိုး'

'လုပ်ပါဟာ ရေးပေးနော်'

အဆောင်ပြန်ရောက်တော့လည်း အိပ်ကောင်းခြင်း မအိပ်ရ။ ကာတိ မဆေးမချင်း တကျိကျိလုပ်နေသည်။ စီးကရက်မီးခိုးကလည်း သင်္ဘောခေါင်းတိုင်ကြီးလား အောက်မေ့ရသည်။ နေရာမှာလည်း အငြိမ်မနေ။ သူ့ခုတင်ပေါ်မှာ ပစ္စည်းတွေ ပွစာကျဲနေသည်။

အဆောင်မှာ လုပ်အားပေးသော ကောင်မလေးတွေက 'အစ်မ၊ အစ်မ အိပ်ရာမှာ အိပ်စရာနေရာကော ကျန်သေးရဲ့လားဟင်' ဟု မေးတော့ 'အေး အဲဒါကြောင့် ငါ ဒီမှာ လာထိုင်နေတာ' ဟု ပြောရ၏။

'ကိုယ့်ခုတင်ပေါ် စီးကရက်သောက်တာ အရေးမကြီးဘူး၊ ကိုယ့်အကျီ မီးပေါက်သွားရင် လျော်ရမယ်'

'မသောက်ဘူးဆို ရေးပေးမလား'

'ဟုတ္တေါ'

www.burmeseclassic.com



အစည်းအဝေးခန်းမထွက်တိုင်း ဟိုစာရေးဆရာ တွေ့မိလား၊ ဒီစာရေးဆရာ တွေ့မိလားဟု မေးလည်းမေး၊ စာမူဖမ်းတောင်းနေသော သူ့ကို ကြည့်ပြီး စိတ်မောမိတာ အမှန်။

ကျိုက္ကဆံကပြန်လာပြီး တစ်ရက်၊ အိမ်မှာ အေးအေးဆေးဆေး ဖျာလေးခင်း၊ ခေါင်းအုံးလေးချ၊ စာကြည့်မျက်မှန်လေးကိုင်ကာ ရှုမဝစာအုပ်လေး ဖွင့်လိုက်စဉ် အိမ်ရှေ့သို့ ကားတစ်စီး ထိုးရပ်လာ၏။

လား လား၊ ပတ်ဘလစ်ရှာ မကြီးပါတကား။

'အေးအေးဆေးဆေး စာလေးဖတ်မယ် ကြံပါတယ်နော်'

'ဟဲ ဟဲ မလုပ်ပါနဲ့ဟာ၊ ကလေးတွေရှေ့ ကိုယ့်အရှက် မခွဲပါနဲ့နော်၊ စာမူလာတောင်းတာ'

သူ့နောက်က စာရေးဆရာလေး နှစ်ယောက်ကို ကျွမ်းပြီးသား။

'ကိုယ့်မှာ အိုက်တင်နဲ့သာ ပေါ်ရတယ်၊ မင်း ငြင်းရင် အရှက်ကွဲတော့မယ်ဆိုတာ သိတယ်၊ ဒါကြောင့် ကားပေါ်မှာတောင် စောင့်ခိုင်းထားတာ'

'ရေးပေးမယ်လို့ ပြောပြီးသားပဲ၊ ဘာဖြစ်လို့ လာလာတာလဲ၊ မလာရင် မရေးတော့ဘူး၊ ကိုယ်တိုင်စာရေးဆရာလုပ်နေပြီး'

'ဟုတ်ပါတယ်ဟာ၊ ဒါက ဂီတပဒေသာအတွက် ပြောတာ'

'ဟင် ဖြစ်ရပြန်ပြီ'

'လုပ်ပါဟာ ဂီတပဒေသာလဲ ကိုယ်တို့လုပ်ရမှာ၊ ဟိုဟာ မရေးခင် ဒါ အရင်ရေးပေး နော် နော်'

'ကော်ဖီဖျော်ဦးမယ်ဟာ'

'မသောက်ချင်ပါဘူး၊ ကားက စောင့်နေတာ၊ ရေးပေးနော်၊ ကတိပေးနော်၊ စာမူယူထား'

'တော်တော် ပိုက်ဆံပေါ်နေ၊ ဒီပုံနဲ့ ကြည့်လို့ကို မရဘူး'

'အလုပ်ထဲက ပိုက်ဆံပါဟာ၊ ထမင်းစားဖို့လုပ်တာ၊ ရေးပေးပါနော်'

'စာဖြင့် မရေးဘဲနဲ့'

"မရေးတတ်တော့ပါဘူးဆို၊ လစဉ် ရေးချင်ရေးလေ၊ ကဗျာ တစ်ခုခု ပေါ့"

"ဟင့်အင်း အဲဒါမျိုးတွေ မရေးတတ်ဘူး၊ ဝတ္ထုပဲရေးတတ်တယ်"

"အေး ဝတ္ထုပဲရေး"

"ကဲ ကဲ သွားတော့"

"နှင်ထုတ်တယ်လား"

"ကားခ မီတာတက်မှာ စိုးလို့ပါ"

"ဒါဖြင့် ရေးထားနော်"

"ရေးစရာ ခေါင်းထဲမရှိဘူး၊ မင်းအကြောင်းပဲ ရေးမှာပဲ"

"ရေး ရေး၊ ရေးသာရေး"

"တော်ကြာ မကောင်းရေးတယ်ဆိုပြီး မပြောနဲ့"

"မပြောဘူး"

"ပြန်တော့"

"သွားပါမယ်ဟာ"

သူတို့ပြန်သွားတော့ တစ်ယောက်တည်း ရယ်နေမိ၏။ ခေါင်းအုံးလေး ပစ်ချ၊ စာကြည့်မျက်မှန်လေးကိုင်ပြီး စာတစ်အုပ်နှင့် အေးချမ်းစွာ နေနိုင်သေးသော ဘဝကို အမှန်အားရ ကျေနပ်မိကာ ငါ့တစ်သက် ဘယ်တော့မှ အယ်ဒီတာမလုပ်ဘူးဟု စိတ်ထဲမှ ဆုံးဖြတ်လိုက်မိလေ၏။

[ဒီတာပဒေသာ ။ ။ ဩဂုတ်၊ ၁၉၈၈]

www.burmeseclassic.com

## မျှော်လင့်ခြင်းနှင့်အတူ

အလွန်ဝေးစက် မွန်းကျပ်နေတဲ့ အခန်းထဲကနေ ကျွန်မကို ထုတ်ယူ ခေါ်ဆောင်လာကြတယ်။ ဒီအခန်းထဲမှာ နှစ်ညလုံးလုံး အိပ်စက်နေခဲ့ရတဲ့ ကျွန်မဟာ အခုမှပဲပြင်ပကမ္ဘာရဲ့ အလင်းရောင်ကို ထိတွေ့ခံစားရတော့တယ်။ လူတွေရဲ့ အရိပ်အယောင်ကို မြင်တွေ့ရတော့တယ်။ လူတွေရဲ့ အသံနဲ့ လှုပ်ရှားမှုကို သိမှတ်ရတော့တယ်။

သီးခြားကမ္ဘာထဲမှာ ဘဝရဲ့ နောက်ဆုံးနေ့ရက်များကို ကုန်လွန်စေခဲ့ရတဲ့ ကာလဟာ ရှည်လျားလှပါတယ်။ အဖော်တွေရှိပေမဲ့ အဲဒီ အဖော်တွေဟာ ကျွန်မဘဝတစ်လျှောက်လုံး ပေါင်းသင်းဆက်ဆံခဲ့ရတဲ့ အဖော်တွေလိုပဲ ကျွန်မနဲ့ ကင်းလွှတ်ဝေးကွာနေတဲ့သူတွေသာ ဖြစ်နေခဲ့တယ်။

ဝိညာဉ်ကမ္ဘာမှာတောင် ကျွန်မဟာ တစ်ပါးသူနဲ့ ရောယှက်မရပါလားရယ်လို့ သိမှတ်ရပြန်တော့တယ်။

ကျွန်မဟာ အလှအပကို အလွန် ကြိုက်နှစ်သက်တတ်သူဆိုတာကိုတော့ သူတို့ မမေ့ကြသေးဘူး။ အထူးသဖြင့် ကျွန်မအလိုကို အမြဲ ဆန့်ကျင်ခဲ့တဲ့ ဖေဖေက မမေ့ဘူး။ ဖေဖေက သူ့ကို လှလှပပ ပြင်ပေးလိုက်

www.burmeseclassic.com



ကြပါလို့ ပြောနေတယ် ထင်ရဲ့။ ကျွန်မကာ အလွန်ခေါင်းမာသူ၊ အစွဲအလမ်းကြီးသူ ဆိုတာကိုလည်း ကျွန်မရဲ့ မမကာ မမေ့ဘူး၊ ကျွန်မသုံးတဲ့ မိတ်ကပ်အရောင်ဟာ အလွန်ရင့်တယ်။ ကျွန်မကာ ကျွန်မမျက်နှာပေါ်မှာ မိတ်ကပ်လိမ်းမထားဘူးလို့ ထင်ရအောင် မိတ်ကပ်လိမ်းတတ်သူ ဖြစ်တယ်။

ညိုမှောင်နေတဲ့ ကျွန်မ အသားအရောင်ဟာ ခုခေတ်မှာ အလွန်အသုံးနည်းလှတဲ့ ပင်ခရီမိတ်ကပ် နံပါတ် ၂၇ နဲ့ ရောစွေးသွားတတ်တယ်။ မမကာ ကျွန်မ သုံးတတ်တဲ့ အလှပြင်ပစ္စည်းတွေကို သယ်ဆောင်လာတာတော့ မကျေနပ်ဘင်စရာပါပဲ။

သူ ခုအချိန်မှာ ဘာအရောင်ဝတ်ချင်သလဲဆိုတာ ငါ သိချင်လိုက်တာလို့ ညီမအငယ်က ပြောတယ်။ ကျွန်မကာ အဝါရောင် အဝါရောင်လို့ ပြောပေမဲ့ သူတို့ ဘယ်ကြားရပါ့မလဲ။ ကျွန်မ ငယ်ငယ်က အပြာရောင်ကို ကြိုက်တယ်။ ကြီးလာတော့ အဝါရောင်ကြိုက်တယ်။ ဒါပေမဲ့ ကျွန်မကာ အပြောင်းအလဲများတတ်တဲ့ မိန်းကလေးတော့ မဟုတ်ခဲ့ပါဘူး။

အပြောင်းအလဲ မလုပ်တတ်လွန်းလို့ပဲ ကျွန်မနဲ့ ကျွန်မရဲ့ အိမ်သားတွေ ကင်းကွာခဲ့ကြရတယ်။ ကျွန်မကာ သူတို့ကို နားမလည် လက်မခံနိုင်သလို သူတို့ကလည်း ကျွန်မကို နားမလည် လက်မခံခဲ့ကြပါဘူး။

ကျွန်မကို အသစ်လွင်ဆုံး အပြာရောင်ဝတ်စုံလေး ဝတ်ဆင်ပေးကြတယ်။ ကျွန်မ အကြိုက်ဆုံး ဝတ်စုံမဟုတ်ပေမဲ့ ဆိုးတော့ မဆိုးပါဘူးလေ။ ကျွန်မရဲ့ ရုပ်သွင်လဲ ကြည့်ပျော်ရှုပျော် ဖြစ်လာပါတယ်။

တကယ်တော့ ညီအစ်မ သုံးယောက်ထဲမှာ ကျွန်မ ရုပ်အဆိုးဆုံးပါပဲလေ။ ဒါပေမဲ့ ကျွန်မကာ ပြင်တတ် ဆင်တတ်လို့ ကြည့်ကောင်းတယ်လို့ မေမေက အမြဲပြောတာပဲ။ အရုပ်ဆိုးလို့ အားပေးတာလဲ ဖြစ်နိုင်ပါတယ်။ ကျွန်မ ငယ်ငယ်က စာလဲအတော်ဆုံးပဲတဲ့။

ဒါပေမဲ့ အခုတော့ ကျွန်မကာ ညီအစ်မသုံးယောက်ထဲမှာ အနိမ့်ဆုံးနေရာမှာပဲ ရှိခဲ့ပါတယ်။ ဒါဟာလဲ မေမေက သူ ချမှတ်ပေးတဲ့ လမ်းကို

www.burmeseclassic.com



လိုက်နာမှု မရှိခဲ့လို့လို့ အမြဲ အပြစ်တင်ပါတယ်။ အင်းလေ ကျွန်မက ကျွန်မ ဝါသနာမပါတဲ့ အလုပ်ကို လုပ်လေ့မှ မရှိတာ။

ဖေဖေ ကျွန်မကိုလာကြည့်တယ်။ ကျွန်မ နှုတ်ခမ်းကို တင်းတင်းစေ့ထားတယ်။ ဟုတ်ပါတယ်။ ဆောဆောကတည်းက စေ့ထားတာပါ။ ခုချိန်မှာ ကျွန်မရဲ့ ရုပ်ခန္ဓာကို ကျွန်မ ပိုင်တော့တာမှ မဟုတ်တာ။ ဖေဖေ ချက်ချင်း မျက်နှာလွှဲသွားတယ်။ မမက ငိုတယ်။ အိုး မမကဖြင့် ငိုတာတောင် လှနေတာပါပဲလား။ မမ ကျွန်မအတွက် တကယ်ပဲဝမ်းနည်းလေသလား။ ဒါမှမဟုတ် ဝမ်းနည်းပြရမဲ့အချိန်မို့ ဝမ်းနည်းတာလား၊ ကျွန်မ မဝေခွဲတတ်ဘူး။

သူတို့က ကာလဒေသကိုလိုက်ပြီး အရောင်ပြောင်းတတ်ကြတာ မဟုတ်လား။ ညီမလေးကတော့ တကယ့် ဝမ်းနည်းပန်းနည်း ငိုရှာပါတယ်။ ညီမလေးက အိမ်မှာလည်း ငိုခဲ့တယ်ဆိုတာ သိသာတယ်။ မျက်နှာလေး ဖောင်းအစ်နေတာပဲ။ အဝတ်အစားလဲသင့်ရာဆွဲဝတ်လာတဲ့ပုံ။ မမကတော့ စနစ်တကျ ရွေးချယ်ဝတ်လာတာပါ။

အနက်ရောင်လုံချည်ဆိုပေမဲ့ အသားက အကောင်းစားမို့ ပြောင်နေတာ။ အင်္ကျီအစိမ်းရောင်နဲ့လဲ ဟပ်နေတာပဲ။ ဆွယ်တာအနက်ကလေး ထပ်လိုက်တော့ ဘာပြောစရာရှိသလဲ။ အသားက ပိုပြီး ဖြူစင်းထွက်လာသလိုပဲ။ နှုတ်ခမ်းက အရောင်မထွက်တဲ့ နီလက်နေတဲ့ ဆိုးဆေးကို ဆိုးထားတာ။ မျက်ခုံးမွှေးကလဲ ဆွဲထားတယ်လို့ မထင်ရဘူး။ နားကပ်နဲ့ လက်စွပ်ကိုလဲ အစိမ်းရောင် လဲဝတ်လာသေးတယ်လေ။

"ပန်းတွေ ပြင်တော့လေ၊ ငါ့ရုံးကလူတွေကို ဆယ့်တစ်နာရီအရောက် လာဖို့ ပြောထားတာ"

မမက မျက်ရည် တို့သုတ်ရင်းပြောတယ်။ ဟုတ်ပါရဲ့။ မမရုံးက လူတွေက အင်မတန် အရေးကြီးတာ။ သူတို့ ရောက်လာတဲ့အချိန်မှာ အားလုံး လှလှပပ ခမ်းခမ်းနားနား ဖြစ်နေဖို့လိုအပ်တယ်။ လူကြီးတစ်ယောက်

www.burmeseclassic.com



ရဲ့ သမီး၊ ပြီးတော့ မမရဲ့ ခင်ပွန်းကလဲ အရာရှိတစ်ယောက်။ သေသူအတွက် မလိုအပ်တော့ဘူးဆိုတာတောင်မှ ကျန်ရစ်သူတွေအတွက် မျက်နှာပန်းလှဖို့၊ ဂုဏ်ရှိဖို့က သိပ်လိုအပ်တာ။

နှင်းဆီပန်းတွေက လှလိုက်တာ။

အရောင်ကလဲ စုံ၊ အနံ့က သင်းပျံ့နေတာပဲ။ ကျွန်မ ခန္ဓာကိုယ် တစ်ခုလုံး ပန်းတွေနဲ့ ဖုံးအုပ်သွားတော့တာပဲ။ ပန်းပွင့်တွေကြားမှာ အိပ်နေရသလိုပါပဲ။ သည်ပန်းတွေဟာ ဖေဖေနဲ့ မမတို့ရဲ့ အရှိန်အဝါကို ဖော်ပြဖို့ ကျွန်မ ခန္ဓာကိုယ်ကို ဖုံးလွှမ်းထားကြတာလေ။ ဂုဏ်ပြ အဆောင်အယောင် တွေဆိုရင်တောင် မမှားနိုင်ဘူး။ ဒါပေမဲ့ ကျွန်မက အလှကြိုက်တော့ ပန်းတွေကြားမှာ နေရတာကိုလဲ ကြိုက်ပါတယ်။ တစ်ခုပဲရှိတယ်။ ခုချိန်မှာ ကျွန်မ အမျှော်လင့်ဆုံးပန်းတစ်ပွင့်က ရောက်မလာသေးဘူး။ အဲဒီ ပန်းကလေးတစ်ပွင့်သာ အချိန်မီရောက်မလာခဲ့ရင် ကျွန်မရဲ့ခန္ဓာကိုယ်ဟာ ဖြောင့်တန်းစွာ လောင်ကျွမ်းနိုင်ပါ့မလား။ ကျွန်မရဲ့ ဝိညာဉ်ဟာ ကျွန်မရဲ့ သက်မဲ့ရုပ်ခန္ဓာအပေါ်မှာ ရစ်ဝဲနေတာ အဲဒီပန်းလေး တစ်ပွင့်ကို စောင့်စားဖို့ပါ။

ပထမဆုံး ဖေဖေ့ရဲ့ လုပ်ဖော်ကိုင်ဖက် လူကြီးတစ်ဦး ရောက်လာတယ်။ သူ့ရဲ့ ဝတ်စားဆင်ယင်ပုံက ဘယ်လောက်ရိုးရိုးတန်းတန်းသင့်တော်ရုံ ဝတ်လာတယ်ဆိုပေမဲ့ သူ့အသွင်အပြင်၊ အမူအရာ လှုပ်ရှားမှုတွေ၊ သူစီးလာတဲ့ ကားရဲ့ အဆင့်အတန်းတွေကြောင့် သူဘယ်လိုလူဆိုတာ သိနိုင်လောက် ပါတယ်။ အဲဒီလို လူမျိုးတွေရဲ့ အမူအရာကိုက ဘယ်နေရာ ဘယ်ဒေသမှာပဲ ဖြစ်ဖြစ် သူတို့ကိုယ်သူတို့ တွင်ကျယ်ဝင်ဆံ့တဲ့ပုံမျိုး ရယူထားတတ်သူတွေ လေ။ ဖေဖေတို့လို ပုံစံမျိုးပေါ့ပဲ။ ဘယ်လောက်များ အရှိန်အဝါ ယူထားသလဲ ဆိုရင် သာမန် ကိုယ့်ကိုယ်ကို ယုံကြည်ကိုးစားမှု မရှိတဲ့သူ တစ်ယောက်သာ ဆိုရင် ဖေဖေ့ရှေ့မှာ အလွန်သေးငယ် ကျုံ့ဝင်သွားနိုင်လောက်တယ်။

ချစ်ရဲ့ဖေဖေရှေ့မှာ ထိုင်နေရတာ မောင့်ခန္ဓာကိုယ်လေးဟာ သေးသေး လေး ဖြစ်သွားသလိုပဲတဲ့၊ မောင်က ပြောဖူးတယ်။

www.burmeseclassic.com



မောင်ဟာ ကျွန်မတို့ မိသားစုကမ္ဘာထဲကို ဝင်ရောက်ဖို့ဆိုတာ ထားဦး။ မိသားစုနေတဲ့အိမ်ကို ပထမဝင်ရောက်နိုင်ဖို့ကိုပဲ အတော် သတ္တိမွေးရတယ်တဲ့။

ချစ်ကိုယ်တိုင်ကိုက အိမ်မှာ တသီးတခြားပေါ့ မောင်ရယ်။ ချစ်နဲ့ ပတ်သက်တဲ့ သူတွေကိုလဲ သူတို့က သိပ်မျှော်လင့်ထားပုံ မရပါဘူးလို့ မောင့်ကို အားပေးရတယ်။

ဟုတ်တယ်လေ။ ရုပ်ဆင်းသဏ္ဍာန်ရော၊ ပညာအရည်အချင်းရော မိသားစုထဲမှာ ကျွန်မ အနိမ့်ဆုံးပဲ။ ကျွန်မဟာ ရည်မှန်းချက် နည်းပါးသူ၊ ကြိုးစားမှုမရှိသူရယ်လို့ သူတို့က သတ်မှတ်ထားတာကိုး။ ကျောင်းနေတော့လဲ ကျွန်မက တခြား သမီးတွေလို စာမကြိုးစားဘူး၊ စာမတော်ဘူးပေါ့။ မမလို လဲ အရာရှိကြီး ဖြစ်မလာဘူး။ ညီမလေးလိုလဲ ဆေးတက္ကသိုလ် ကျောင်းသူ မဖြစ်ခဲ့ဘူး။

ဒါပေမဲ့ ကျွန်မမှာ သူတို့ဆီမှာမရှိတဲ့ အရည်အသွေး တွေရှိနေတာ သူတို့က အသိအမှတ် မပြုကြဘူး။ အသိအမှတ်ပြုဖို့လဲ နားမလည်ကြဘူး။ ကျွန်မက သူတို့ထက်ပိုပြီးလောကအလှကို ရှာဖွေတတ်ခဲ့တာ။ လူ့လောက ထဲမှာ ဖြစ်ပျက်နေတာတွေကို ကျွန်မ တတ်စွမ်းတဲ့အနုပညာနဲ့ သရုပ်ဖော်နိုင်ဖို့ ကြိုးစားခဲ့တာ။ ဒါကြောင့်လဲ ကျွန်မရဲ့ ပန်းချီကားတွေဟာ တက်ကြွတဲ့ လူငယ်ပန်းချီဆရာလေးတွေရဲ့ ကြားမှာ ဂုဏ်ယူဖွယ်ကြွားစရာ ဖြစ်ခဲ့တာ။ ဒါတွေကိုတော့ မေမေက လုံးဝ မစိတ်ဝင်စားတတ်။ အထင်လဲ မကြီးဘူးလေ။ ငယ်စဉ်ကတည်းက ကျွန်မရဲ့ အိပ်ခန်းထဲမှာ ကျွန်မရဲ့ တွေ့ရှိခံစားချက် ကလေးတွေကို ရေးဆွဲချိတ်ထားတတ်တာ။ မေမေက ဘာတွေမှန်းလဲမသိဘူး၊ အရူးလိုပဲတဲ့။ ပန်းချီကားဆိုရင်လဲ ပန်းပွင့်လေးတွေ စမ်းချောင်းလေးတွေ လောက်သာ သူတို့ မြင်ဖူးတာ။ ကျွန်မရဲ့ 'ငြိမ်းချမ်းရေး' ဆိုတဲ့ ပန်းချီကား ကို မေမေက ဘာကြီးမှန်းလဲ မသိဘူးတဲ့။

www.burmeseclassic.com



မေမေကလဲ ကျွန်မကို ညီမလေးလို ဆရာဝန်ပညာ သင်စေချင်တာ။ ဒါမှ မဟုတ်လဲ အဆင့်အတန်းမြင့်မြင့် လူတစ်ယောက်နဲ့ လက်ထပ်စေချင်တာ။ ကျွန်မ လုပ်နေတာတွေကို နားမလည်ဘူးတဲ့။ ဘွဲ့တစ်ခုရအောင် ကြိုးစားပေးရင်း အလုပ်ထဲမှာ သိပ်မပျော်ဘဲ ကျွန်မကိုလဲ စိတ်မရှည်ဘူးတဲ့။ ဖြောက်နှစ်လောက် ပညာသင်နေရတဲ့ ကျွန်မကိုလဲ စိတ်မရှည်ဘူးတဲ့။

ကျွန်မကတော့ ကျွန်မရဲ့ အနုပညာကမ္ဘာထဲမှာ စိတ်ရောကိုယ်ပါ မြုပ်နှံထားရတာကို သိပ်ပျော်မွေ့တယ်။ သိပ်ကြည်နူးတယ်။ ကျွန်မနဲ့ မောင်ဟာ တစ်ယောက်ကို တစ်ယောက် သိပ်နားလည်ကြတယ်။ သိပ် စိတ်ရှည်ကြတယ်။ ကျွန်မတို့နှစ်ယောက်စလုံးကလဲ အနုပညာဆန်တဲ့ အိမ်ကလေးတစ်လုံးထဲမှာ အတူနေကြဖို့ဆုံးဖြတ်ထားတယ်။ ကျွန်မတို့ဘဝမှာ အနုပညာမြောက်တဲ့ ပန်းချီကားချပ်ကလေးတွေရှိရင် ပြည့်စုံပြီလေ။

ဒါပေမဲ့ မေမေက ပြောတယ်။ သမီးရယ် စိတ်ကူးမယဉ်နဲ့တဲ့။ ဒီသူငယ်လိုပုံစံမျိုးနဲ့ သမီးဘဝ ဘယ်တော့မှ ပြည့်စုံလာမှာ မဟုတ်ဘူးတဲ့။ သမီးအမေမေ မရှိကတည်းက မေမေက သမီးသုံးယောက်စလုံးကို အထက်တန်း ရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့တာ ဒီလို ကလေကချေဘဝမှာ မျောပိုက်ဖို့ မဟုတ်ဘူးတဲ့လေ။

အနုပညာဘဝကို အထင်မကြီးတတ်တဲ့ မေမေတို့က အိမ်ဦးခန်းမှာ မြန်မာမှု မြန်မာ့ဟန် ပန်းချီကားတွေ၊ ဆောင်းကောက်ကြီးတွေ၊ ရှေးဟောင်းပန်းပုရုပ်တွေ စာအုပ်စင်ကြီးတွေကိုတော့ တခမ်းတနား ထားတတ်သားပဲနော်။ ဒါတွေဟာ မေမေတို့ရဲ့ ဂုဏ်သိက္ခာကို မြှင့်မားအောင်၊ လူတွေက အထင်ကြီးလေးစားအောင် ထားတယ်ဆိုရင် မေမေကိုယ်တိုင်ကိုက မိမိကိုယ်ကို သည်ပညာရှင်ကြီးတွေရဲ့လက်ရာနဲ့ အကာအကွယ် ယူထားရတယ်ဆိုတာ ထင်ရှားမနေပေဘူးလား ဟင်။ သည်လို လူ့လောကအသိုင်းအဝိုင်းက ဂုဏ်မယူဘဲ၊ အသိအမှတ်မပြုဘဲမနေနိုင်အောင် အောင်မြင်တဲ့ ဘဝမျိုးကို ရောက်နိုင်ဖို့ အစပထမတော့ မိမိကိုယ်ကို အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်း၊

www.burmeseclassic.com



မြှပ်နှံကြိုးစားခြင်းတွေနဲ့သာ ရင်းနှီးရတယ်ဆိုတာ မေမေ နားလည်ဖို့ကောင်း ပါတယ်။ ဒီလို ကြိုးစားနေရဆဲကာလကို ကလေးကချေ ဘာလို့ မေမေက သတ်မှတ်သလား။ အနာဂတ်အတွက် အားပေးအားမြှောက် မပြုသင့်ပေဘူး လား မေမေရယ်။

အခုတော့လဲ ကျွန်မရဲ့ရုပ်ကလပ်ရှေ့မှာ ကျွန်မရဲ့ ပုံတူပန်းချီကား တစ်ချပ်ကို တင်ထားဖို့ သူတို့ သတိရသွားပဲနော်။ ဒီပန်းချီကားကို မမက အမှတ်တရယူလာတာ သိပ်အံ့သြဖို့ကောင်းတယ်။ ဒီလိုနေရာမျိုးမှာ လူပုံ အလယ်မှာ ဒါကို ဂုဏ်ယူစရာလို့သိသေးတဲ့ သူတို့ကိုပဲ ကျေးဇူးတင်ရ သေးတယ်။ ဒါပေမဲ့လဲ တစ်ဖက်က စဉ်းစားနေရင် ကျွန်မရဲ့ အချစ်သင်္ကေတ ပန်းချီကားလေးကို သူတို့ရဲ့ ဂုဏ်ပကာသနအတွက် အသုံးချခံရလို့ စိတ်နာ စရာတောင် ကောင်းသေးတယ်။ ပြီးတော့ ဒါဟာ မောင့်ရဲ့ လက်ဆောင်၊ တစ်ခုတည်းသော အမှတ်တရ ပစ္စည်းလေးလေ။

'မောင် အချိန်မဖြုန်းနိုင်တော့ဘူး၊ ချစ်ရဲ့အသိုင်းအဝိုင်းက အသိ အမှတ်ပြုတဲ့နေ့ကို ရောက်အောင် မောင် ကြိုးစားမယ်၊ မောင့် ဇာတိမြေမှာ ပြန်ပြီး အလုပ်လုပ်နေဦးမယ်၊ ပြည့်ပြည့်စုံစုံဖြစ်မှ ပြန်လာမယ် ချစ်ရယ်'

'ချစ်ရင်ထဲက အမြဲအောင့်နေတာ အဆုတ်ရောဂါလို့ ထင်ပါရဲ့၊ ချစ် သေသွားရင်တောင် မောင့်မျက်နှာကို မြင်လိုက်ရပါ့မလား'

'မသေပါနဲ့ဦး ချစ်ရယ်၊ ချစ်သေသွားရင် မောင်က ပန်းကလေး တစ်ပွင့်ကလွဲပြီး ဘာမှ ပေးလိုက်နိုင်မှာ မဟုတ်ဘူး' တဲ့။

ကျွန်မတို့နှစ်ယောက် ခွဲခွာရတာ အကြာကြီးပါပဲ။ မေမေတို့ မမတို့ ကတော့ မောင်ဆိုတာ ကျွန်မရဲ့ ဘဝထဲက အပြီးအပိုင် ပျောက်ကွယ်သွားပြီ လို့ ထင်နေကြတာ။

'နင် လုပ်ချင်တာတွေ လုပ်နေတာတော့ ဟုတ်ပါရဲ့၊ အိမ်ထောင်လေး ဘာလေး ပြုပါတော့လား၊ နင် အသက်မငယ်တော့ဘူး' တဲ့။

www.burmeseclassic.com



'ငါက ဘယ်သူ့ကို ယူရမှာလဲ' ဆိုတော့ 'နင့်ကို ငါ့ရုံးက အရာရှိ တစ်ယောက်နဲ့ စပ်ပေးမှာပေါ့' တဲ့။

'လင်တစ်ယောက်ကို ရှာဖွေ စပ်ဟပ်ပြီးမှ ယူရမဲ့ ဘဝမျိုးတော့ ဘယ်တော့မှ မလိုချင်ဘူးဟေ့' ဆိုတော့ မမ မျက်နှာအကြီးအကျယ် ပျက်တယ်၊ သူ့ကို တိုက်ရိုက်ထိပါသွားတာကိုး။

'နင် တော်တော်ကြီးကျယ်တယ်' တဲ့။

'အေး လူကသာ ဘာမှမဟုတ်တာလို့ ပြောပါဦးလား'

အဲသည်နောက် မမနဲ့ တော်တော်ကြာ စကားမပြောဖြစ်ကြဘူး။ ပြပွဲတင်ဖို့ ပန်းချီကားတွေ ရေးနေရတယ်။ ကျွန်မ အခန်းထဲကို မမက ဘယ်တော့မှ မလာဘူး။ ပန်းချီကားတွေကြည့်ရတာ ခေါင်းမူးတယ်တဲ့။ ကျွန်မကလဲ မမရဲ့ အသိုင်းအဝိုင်းကလူတွေနဲ့ တွေ့ရတာ၊ သူတို့ပြောတဲ့ စကားတွေ နားထောင်ရတာ ခေါင်းမူးတာပါပဲ။

အအိပ်ပျက် အစားပျက်တဲ့ဒဏ်နဲ့ ကျွန်မ အိပ်ရာထဲလဲမှ မမလဲ ကျွန်မကို စကားပြောဆက်ရတယ်။ ဒါတောင် ညီမလေးကပြောမှ ကျွန်မ နေမကောင်းဘူးဆိုတာ သူသိတာ။ မေမေကတော့ အမြဲအလုပ်များနေတတ်တာ။ နိုင်ငံခြားတောင် တစ်ခေါက် ထွက်သွားရသေးတယ်။ မေမေ ပြန်လာမှ ဆေးရုံတင်ဖို့ စီစဉ်တယ်။ ကျွန်မ အပြင်းအထန် ငြင်းရတယ်။ ကျွန်မ အလုပ်က မပြီးသေးဘူးလေ။ နည်းနည်းကျန်သေးတယ်။ အဲဒါမပြီးဘဲ ကျွန်မ မသေနိုင်ဘူး။

ကျွန်မစိတ်က အလိုလို သိပါတယ်။ တစ်ချိန်တည်းမှာပဲ မောင်လဲပဲ အပြင်းအထန်ကြိုးစားနေမှာ၊ ကျွန်မ မြန်းခန့် ဝမ်းသာရအောင် မောင်က အလုပ်နဲ့ သက်သေပြမှာ။ ကျွန်မတို့နှစ်ယောက် အကြိုတူနေပြီ ဆိုတာ သိတယ်။ မောင် ကျွန်မနဲ့ ဘယ်လောက်ပဲ ဝေးဝေးမှာနေနေ ကျွန်မတို့က အမြဲတမ်း စိတ်ချင်းအဆက်အသွယ် ရှိကြတာ။ မောင်နဲ့ကျွန်မ အလွန်

www.burmeseclassic.com



ဆန်းကျယ်ခမ်းနားတဲ့ အနုပညာပြခန်းလေးတစ်ခုမှာ အတူပြန်ဆုံကြမှာလေ။ အဲဒီအချိန်မှာ လူတွေက ကျွန်မတို့နှစ်ယောက်ကို အလွန်အံ့သြ ဝမ်းမြောက်စွာနဲ့ ချီးမွမ်းဂုဏ်ပြုကြလိမ့်မယ်။ ကျွန်မတို့နှစ်ယောက်က ပီတိအပြုံးတွေနဲ့ နှစ်သိမ့်ကြည်နူးနေကြမယ်။

ဒါပေမဲ့လေ ကျွန်မက နောက်ဆုံးအင်အားတစ်ရပ်ကို အစွမ်းကုန် သုံးပြီးလိုက်တဲ့အချိန်မှာ နေရာမှာ ပုံကျသွားတော့တာပဲ။ ဒီအချိန်မှာမှ ဆေးရုံကို ပို့ချင်ပို့တော့ဆိုတော့ မေမေ ဒေါသတကြီး ဆော်တော့တာပဲ၊ မိုက်လိုက်တဲ့သမီး တဲ့၊ ခေါင်းမာလွန်းတဲ့သမီး တဲ့။

မေဟာ ခုတော့လဲ မေမေက သောကမျက်နှာကို အပြုံးနဲ့ဖုံးပြီး သူ့ လုပ်ဖော်ကိုင်ဖက်တွေကို ဧည့်ဝတ်ကျေအောင် ဧည့်ခံနေတယ်။ အားလုံးက ကျွန်မရဲ့ ပန်းတွေကြားက ရုပ်ခန္ဓာကို တစေ့တစောင်းလာကြည့်ကြတယ်။ မေမေ့မှာ ကျွန်မလို သမီးတစ်ယောက် ရှိတယ်ဆိုတာ သူတို့က ခုမှသိကြတာ။ သူတို့သိတာ အရာရှိမမရယ်၊ ဆေးကျောင်းသူညီမလေးရယ်။ ကျွန်မ ဘာလုပ်သလဲဆိုတဲ့ မေးခွန်းကိုတောင် သူတို့ မမေးကြဘူး။ ယဉ်ကျေးမှုအရ ထင်ပါရဲ့။ မေမေတို့ မမတို့ကလဲ ကျွန်မဘာလုပ်တယ်ဆိုတာ မပြောကြဘူး။ ဧည့်သည်တွေကို လူစေ့အောင် ပြန်နှုတ်ဆက်ရ၊ တခြားစကားတွေ ပြောရတာနဲ့တင် မအားရတော့ဘူးလေ။ ခြောက် ပန်းခွေတွေကိုလည်း နာမည်တစ်ခုပေါ် တစ်ခု မထပ်ရအောင် အားလုံးမြင်သာအောင် စီစဉ်နေရာချ နေရသေးတာ။

လူတွေများလာပြီ။ အချိန်ကလည်း သိပ်နီးနေပြီ။ တချို့ကဆို နာရီကိုတောင် မသိမသာ ခိုးကြည့်နေကြပြီ။ ဒါပေမဲ့ ကျွန်မ အမျှော်လင့်ဆုံး အရာက ရောက်မလာသေးပါလား။ ကျွန်မနဲ့ပတ်သက်တဲ့ လူနည်းစု အသိုင်းအဝိုင်းက တစ်ထောင့်တစ်နေရာမှာ စုဝေးပြီး ငြိမ်သက်စွာ ထိုင်နေကြလေရဲ့။ လူတွေအများကြီးထဲမှာ ကျွန်မချစ်တဲ့ လူစုဟာ လူနည်းစုလေးပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မအပေါ်ထားရှိတဲ့ မေတ္တာ စေတနာကတော့

www.burmeseclassic.com



ဒီလူနည်းစု လေးမှာသာ အပြည့်အဝရှိတယ်လို့ ကျွန်မ ယုံကြည်တယ်။ သူတို့ကသာလျှင် ကမ္ဘာလောကကြီးထဲက ကျွန်မ ထွက်သွားတာကို တကယ် နှမြောတသကြသူတွေ ဖြစ်တယ်။ ကျန်လူတွေအတွက်တော့ လူ့လောက ကြီးမှာ ကျွန်မ ရှိခြင်း မရှိခြင်းအတွက် ဘာမျှ အကြောင်းမထူးပါဘူး။

အဲဒီ လူနည်းစုကမှ တစ်ယောက်သောသူကို ကျွန်မ အမျှော်လင့် အတောင့်တဆုံးဖြစ်နေတယ်။ ဒါကတော့ သူတို့ နားလည်ခွင့်လွှတ်ကြမှာ ပါလေ။ သူတို့ကလဲ ကျွန်မဆန္ဒကို ပြည့်ဝစေချင်ကြမှာပါ။

အချိန်က တဖြည်းဖြည်း နီးကပ်လာပြီ။ ကျွန်မရဲ့ ရုပ်ခန္ဓာဟာ ကြေခင် လောင်ကျွမ်းပျက်စီးတော့မယ်။ ကျွန်မရဲ့ ဝိညာဉ်ဟာလဲ လွင့်ပါး ထွက်ခွာရတော့မယ်။ နောက်ထပ် မိုးရာရာမွေးရမယ်။ သံသရာက မလွတ် သရွေ့ ကျွန်မရဲ့ ဝိညာဉ်ဟာ ရုပ်ခန္ဓာ တစ်ခုတစ်ခုမှာ မှီတွယ်ရမယ်။ ဘဝ အဆက်ဆက် ကျင်လည်ရမယ်။ အဲဒီလို နောက်ဘဝလေးတစ်ခုမကူးခင် ကျွန်မရဲ့ ဆန္ဒလေးတစ်ခုတော့ ပြည့်သွားချင်ပါသေးတယ်။

ကျွန်မရဲ့ ဆန္ဒတွေ ဆုံးရှုံးရတော့မှာလား။

မရဲ့ နောက်ဆုံးငိုရှိုက်သံကိုတောင် ကြားနေရပြီ။ သူ့အသိုင်းအဝိုင်း အပေါင်းအသင်းတွေက သူ့ကို အလွန်ကြင်နာသနားဟန်နဲ့ ဖေးမနှစ်သိမ့် နေကြလေရဲ့။ ရယ်စရာပါပဲ။ မေမေက ကျွန်မမျက်နှာကို နောက်ဆုံးကြည့် တယ်။ တကယ် သောကရောက်နေပုံပါပဲ။ မေမေ့ သောကကတော့ သမီး တစ်ယောက်ဟာ သူလိုရာပုံစံမဝင်တဲ့ လူ့လောကက ထွက်ခွာသွားပြီရယ်လို့ ကရုဏာဒေါသောယှဉ်နေတဲ့ ပုံပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကျွန်မ ဘဝကို ကျေနပ်တယ်။ ကျွန်မ လုပ်ချင်တာတွေ လုပ်ခဲ့ပြီးပြီလေ။ ဒါတွေကို အကောင်အထည်ဖော်ဖို့တော့ တစ်ယောက်ယောက်ကို တာဝန်ပေးခဲ့ချင် တယ်။ မောင်ပဲဖြစ်လေမလား။ ညီမလေးကိုတော့ မှာခဲ့ပါတယ်။

'ငါ သေသွားရင် ငါ့ပန်းချီကားတွေ ပြပွဲတင်နော်'

'မမကလဲ သိပ် စိတ်ကူးယဉ်တာပဲ'

www.burmeseclassic.com



"ဒါ စိတ်ကူးယဉ်တာမဟုတ်ဘူး မိငယ်၊ လူဆိုတာ ဘာကိုမဆို မျှော်လင့်ထားရတယ်။ မသေခင် ငါဟာ တစ်ခုခုကို လုပ်သွားတယ်ဆိုတာ မေမေ သိစေချင်တယ်၊ ငါဟာ ကလေကချေ နေခဲ့တာမဟုတ်ဘူးဆိုတာ မေမေ သိရမယ်"

"မကေ သိပ်စိတ်ကြီးတယ်နော်"

ဪ ညီမလေးက ကျွန်မကို နားလည်သွားပါပြီနော်။ ခု ညီမလေးလဲ ငိုနေပြီ။ သူ တကယ်ငိုနေပြီ။ ကျွန်မရင်ထဲက အောင့်ပြီး ချောင်းဆိုးရင် သွေးစတွေ ပါလာတတ်တာ သူ အချိန်နှောင်းမှ သိရတယ်လေ။

ဟော သူတို့ ကျွန်မအနားကို ရောက်လာပြီ။ ကျွန်မရဲ့ ရုပ်ခန္ဓာကို ပန်းတွေကြားက မ ယူနေကြပြီ၊ သေတ္တာရှည်ရှည်ထဲ ထည့်နေကြပြီ။ အို နေကြပါဦး။ ကျွန်မရင်ခွင်မှာ ပန်းကလေးတစ်ပွင့် သယ်ဆောင်သွားဖို့ ကျန်သေးလို့ပါ။ စောင့်ကြပါဦးနော်။

အချိန်နဲ့ တိတိကျကျ လှုပ်ရှားနေကြရတဲ့ မြို့ပြအရိပ်အောက်က လူတွေဟာ ကြာကြာ ဟန်မဆောင်နိုင်ကြဘူး။ ဒီရုပ်ခန္ဓာကို မီးလောင်ကျွမ်းစေချင်ပြီ။ မြန်မြန် ကိစ္စပြီးစေချင်ပြီ။ သူတို့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်။ ဒီနေရာက ဝတ်ကျေဝတ်ကုန်နှုတ်ဆက်ပြီး အိမ်ပြန်ချင်လှပြီ ဆိုတာ သိသာလွန်းတယ်။

ကျွန်မရဲ့ ရုပ်ခန္ဓာကို သယ်ဆောင်စပြုပြီ။ တရွေ့ရွေ့ သယ်ဆောင်ကြပြီ။ မျှော်လင့်ချက်တွေ ဆိတ်သုဉ်းကုန်ပါပြီ။ ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းဟာ အနီးကလေးပါလား။ ဒီဘက်ကမ်းက ရုပ်ခန္ဓာဟာ ဟိုဘက်ကမ်းရောက်ရင် ခရီးဆုံးပြီ။ ငါးမိနစ်တာ အချိန်ကာလအတွင်း လူတွေဟာ ငြိမ်သက်စွာ လမ်းလျှောက်နေကြတယ်။ ရောက်ပြီ။

နောက်ဆုံးအကြိမ်အဖြစ် ကျွန်မရဲ့ ရုပ်အလောင်းဖွင့်ကြည့်နေကြပြီ။ အို ဖယ်ကြစမ်းပါ။ ခဏလေးဖယ်ကြစမ်းပါ။ ခဏလေးဖယ်ကြစမ်းပါ။

www.burmeseclassic.com



ကျွန်မကို တကယ်တန်ဖိုးမထားတဲ့သူတွေ၊ ဟန်ဆောင်လောကထဲက ပြုံးနေသူတွေ ဖယ်ကြပါဦးရှင်။ သူ လာနေပြီလေ။ မောင် လာနေပြီ။

မောင့်လက်ထဲမှာ နှင်းဆီပန်းလေးတစ်ပွင့်၊ မောင့်ရဲ့ခြေလှမ်းတွေ လေးကန်လှချည့်။ မြန်မြန်လာပါ မောင်ရယ်။ မောင့်ကို ဖယ်ပေးလိုက်ကြပါ။

မောင် ကျွန်မအနား တိုးလာတယ်။ ကျွန်မချစ်သော မိတ်ဆွေတစ်စုက မောင့်ကို ကျွန်မအနားရောက်အောင် တွန်းပို့ပေးလိုက်ကြတယ်။ မောင် ကျွန်မ မျက်နှာလေးကို အနားကပ် ငုံ့ကြည့်တယ်။ နောက်ဆုံးတော့ မောင် ရောက်လာခဲ့ပြီနော်။ မငိုနဲ့ မောင်ရယ်။

ကျွန်မရဲ့ ရင်ခွင်ထက်မှာ မောင်တင်ပေးတဲ့ ပန်းလေးတစ်ပွင့်ကို သယ်ဆောင်ပြီး ကျွန်မက ဘဝကူးတံခါးကိုဖြတ်ဖို့ အရှိန်အဟုန်ပြင်းလှတဲ့ မီးတောက်မီးလျှံတွေကြားကို ကျေနပ်စွာ တိုးဝင်ခဲ့ပါတော့တယ်။

[ရှုမဝ ။ ။ မေ၊ ၁၉၈၉]

[စံပယ်ဖြူ ။ ။ မေ၊ ၁၉၉၀]

www.burmeseclassic.com

## ဆေနွိုး

ကျွန်မသည် ကျောင်းကို ရောက်စကတည်းက သူတို့နှစ်ယောက်ကို သတိထားမိသည်။ သူတို့နှစ်ယောက်သည် အမြဲတမ်း တတွဲတွဲနေကြသူများ ဖြစ်သည်။ သို့သော် အသွင်အပြင်ချင်းက အလွန်ခြားနားနေသည်။ တစ်ယောက်က ကျော်မျိုးထက်၊ တစ်ယောက်က မောင်စိန်အေးတဲ့။ နာမည်နှစ်ခုကိုက ဆန့်ကျင်ဘက်လို ဖြစ်နေသည်။ ကျော်မျိုးထက်က အရပ်မြင့်သည်၊ အသားဖြူသည်၊ ဆံပင်ပုံစံ မကြာခဏ ပြောင်းတတ်သည်။ ဝတ်ပုံ စားပုံကလည်း ခေတ်စီသည်။ ကျောင်း၏ ပြင်ပမှာများ သူ့ကိုမြင်ရလျှင် ရုပ်ရှင်မင်းသားလေးလား ထင်ရလောက်သည်။ မော်တော်ဆိုင်ကယ် အမြဲစီးသည်။ အဲသို့မဟုတ်လျှင်လည်း တန်ဖိုးကြီး ကားတစ်စီးနှင့် ယှဉ်တွဲမြင်ရစမြဲ။ သူ့မိတ်များကလည်း ထိပ်ထိပ်ကြဲ။ မောင်စိန်အေးကတော့ နာမည်နှင့် လိုက်အောင် အေးစက်စက် ကုပ်ချောင်းချောင်းလေး။ အသားညိုညို လူပုံက ခပ်ချွဲ့ချွဲ့ဆိုတာမျိုးပင် ဖြစ်တော့၏။ ပြီးတော့ မောင်စိန်အေးက နွမ်းပါးပုံ ရပါသည်။

ကျောင်းစာသင်ခန်းတစ်ခုတည်းမှာ အသွင်အပြင် ခြားနားသော ကျောင်းသူကျောင်းသားများ ရောပြွမ်းနေသည်မှာ အဆန်းတကြယ်ကား

www.burmeseclassic.com



မဟုတ်။ သို့သော် သူတို့နှစ်ယောက် အလွန်ချစ်ခင်သော သူငယ်ချင်းများ ဖြစ်ပြီး ကျောင်းတွင်းမှာသော ကျောင်းပြင်ပမှာပါ အမြဲတတွဲတွဲ တွေ့နေရခြင်းမှာ အနည်းငယ် ဆန်းပြားနေလေသည်။ များသောအားဖြင့်တော့ အသွင်တူ အဆင့်အတန်းတူချင်း တွဲမိကြသည်ကများပါသည်။ ကျော်မျိုးထက်က ငွေကို ရေလိုသုံးနေနိုင်သူ။ မောင်စိန်အေးကတော့ သာမန် မိသားစုမှာ ကြုံးကြုံး ကုပ်ကုပ်နေရသူ ဖြစ်သည်။ မောင်စိန်အေးနှင့် ကျွန်မမှာ တစ်ရပ်ကွက်တည်း နေသူလို ဖြစ်နေ၍ သူ့အကြောင်းကို ကျွန်မ ပိုသိပါသည်။ သူ့အမေ ဒေါ်ကလေးမနှင့် ကျွန်မသည် ကျောက်မြောင်းဈေးမှာ ဈေးဝယ်ရင်း စကား စပ်မိကြသည်။ ကျောင်းသားမိဘများသည် သူတို့ သားသမီး၏ ဆရာမကို သိနေတတ်ကြပါသည်။

'ဆရာမရယ်၊ ကျွန်မသားကို မတော်တာရှိ ဆုံးမပါနော်၊ ဆရာမ လက်ကို အပ်ပါတယ်'

ဒေါ်ကလေးမက တွေ့တိုင်း ပြောတတ်သည်။ သည်ခေတ်မှာ ကိုယ့်သားသမီးကို ဆရာမလက်သို့ ကျိုးနွံစွာ ကွက်အပ်တတ်သည့် မိဘက ရှားသွားပေပြီ။ အထူးသဖြင့် နာမည်ကြီးကျောင်းမှာ ထားတတ်ကြသည့် မိဘများကား ရာထူးဂုဏ်ရှိန် သို့မဟုတ် ပစ္စည်းဥစ္စာအရှိန်အဝါဖြင့် ခပ်တင်းတင်း ဆက်ဆံတတ်သူများ ဖြစ်နေတတ်ပါသည်။

'မောင်စိန်အေးက ပြောစရာ မလိုပါဘူးရှင်၊ လိမ္မာပါတယ်၊ စာလဲ တော်ပါတယ်'

'လိမ္မာမှဖြစ်မယ် ဆရာမရယ်၊ ကျွန်မမှာ သားသမီးက ခုနစ်ယောက် တောင်ရှိတာ၊ သူက နံပါတ်သုံးလေ၊ ယောကျ်ားလေးထဲမှာ အကြီးဆုံးပေါ့၊ သူ့အဖေကလဲ ဒီသားကို သိပ်အားထားတာ၊ ဆယ်တန်းကို နှစ်ချင်းပေါက်မှ ဖြစ်မယ်၊ အနည်းဆုံးတော့ စက်မှုလောက်တက်နိုင်မှတဲ့ ဆရာမရဲ့'

'အောင်မှာပါ၊ သူက ကြိုးစားပါတယ်၊ ကျွန်မလဲ ဂရုစိုက်ပါ့မယ်'

'ကျေးဇူးတင်ပါတယ် ဆရာမရဲ့'

www.burmeseclassic.com



ကျွန်မ စိတ်ထဲမှာ မိဘက အားထားမျှော်လင့်သူ၊ ပင်ကိုကတည်းက လိမ္မာရေးခြားရှိသူ၊ မောင်စိန်အေးကို အများတကာထက်ပိုပြီး ဂရုစိုက်မိသည်က အမှန်ပင် ဖြစ်ပါသည်။ ကျောင်းကသင်တာထက် ကျူရှင်ကို ပို အားထားနိုင်သူ၊ ကျူရှင်ခကို အထက်တန်း အရောက်ရှိလာစေလောက် သုံးပစ်နိုင်သူများထက် ပို၍ စေတနာထားမိသည်ကလည်း အမှန်ပင် ဖြစ်ပါသည်။

“မောင်စိန်အေး၊ မင်း နားမလည်တာရှိရင် အိမ်မှာလာမေးပေါ့၊ ဆရာမ အမြဲရှိတယ်”

ကျွန်မက သည်လို ဦးစားပေးတော့ မောင်စိန်အေးကို မျက်နှာသာပေးတယ်ဟု အခြား ကျောင်းသူ ကျောင်းသားတွေက တီးတိုးဆိုကြသည်ကိုလည်း ကျွန်မ သိနေသည်။ သို့သော် ကျွန်မကိုယ်တိုင်က ငယ်စဉ်က မိမိကိုယ်ကို အားကိုးမှုဖြင့် ဘဝကိုရုန်းကန်ခဲ့ရသူ ဖြစ်လေတော့ ဘဝတူ ကျောင်းသူ ကျောင်းသားများကို ပို၍ စာနာမိသည်ကလည်း အမှန်ပင်ဖြစ်ပါ၏။

မောင်စိန်အေးနှင့်တွဲဖက် ကျော်မျိုးထက်ကိုမူ ကျွန်မစိတ်ထဲ ဘဝင်မကျတာလေးတွေ ရှိနေသည်။ မိဘအရှိန်အဝါနှင့် ဆရာမတွေအပေါ် ထီမထင်တာလေးတွေ၊ ကျောင်းစာနှင့် စည်းကမ်းကို မလေးစားတတ်တာလေးတွေ ရှိတတ်သည်။ သည်လို စရိုက်ချင်းမတူ ခြားနားသူနှစ်ယောက် တတွဲတွဲနေကြခြင်းကို နားမလည်နိုင်ဖြစ်ရသည်။

“ကျော်မျိုးထက်က မောင်စိန်အေးကိုတော့ သိပ်ခင်တာပဲ၊ ဘာမဆို သူကပဲ အကုန်အကျခံတာ၊ မောင်စိန်အေး စာအုပ်ဖိုးတောင် ကျော်မျိုးထက်က ပေးတယ်၊ မောင်စိန်အေးကလဲ ကျော်မျိုးထက်ကို သိပ်အနွံအတာခံတာ၊ သူ့ပြဿနာမှန်သမျှ လိုက်ရှင်းပေးနေတာပဲ”

သူတို့နှစ်ယောက်၏ ခင်မင်မှု အတိုင်းအတာကို ကျွန်မ ခန့်မှန်း၍ ရပါသည်။ ကျော်မျိုးထက်က အခြားသူအပေါ် ဘယ်လောက်ပဲ ဆိုးသွမ်းသည် ဖြစ်စေ မောင်စိန်အေး အပေါ်မှာတော့ အနိုင်ယူလေ့မရှိ။ မောင်စိန်အေး ပြောသမျှ လိုက်နာတတ်သည်။ မောင်စိန်အေး ကျေးဇူးဖြင့် ကျောင်းမှန်မှန်

www.burmeseclassic.com



တက်သည်။ မောင်စိန်အေးလို ကလေးတစ်ယောက်၏ မေးမှုဖြင့် ကျော်မျိုးထက်လို ကလေးတစ်ယောက် ထိမ္မာရေးခြားရှိလာလျှင်လည်း အကျိုးရှိတာပါပဲဟု ကျွန်မ သဘောပိုက်ထားသည်။ သို့သော် ကျော်မျိုးထက်နှင့်တွဲကာ မောင်စိန်အေး အလည်အပတ်အသုံးအစွဲများမှာကိုတော့ ကျွန်မ စိုးရိမ်မိပါသည်။ ထို့ကြောင့် မောင်စိန်အေး ကျွန်မအိမ်မှာ စာလာသင်သည့်အခါ မသိမသာ သတိပေးရပါသည်။

'ကျော်မျိုးထက်က သိပ်သုံးစွဲနိုင်တယ်၊ မိဘ အရှိန်အဝါကလည်း ရှိတယ် မဟုတ်လားကွယ်၊ သူငယ်ချင်းဆိုပေမဲ့ သူ့အလိုရှည်းလဲ သိပ်မလိုက်နဲ့ပေါ့၊ မောင်စိန်အေးတို့ ဘဝက ကိုယ့်ကိုယ်ကို အားကိုးရမှာ၊ ကိုယ့်မိဘကလဲ ကိုယ့်ကို မျှော်လင့်အားထားနေတာ မဟုတ်လား'

'ဟုတ်ပါတယ် ဆရာမ၊ ကျွန်တော် နားလည်ပါတယ်၊ သူကလဲ ကျွန်တော့်ကို သိပ်ခေါ်တာ၊ ကျွန်တော် ပြောရင်တော့ သူ နားထောင်ပါတယ်၊ စာမေးပွဲနီးရင် အပြင် သိပ်မထွက်တော့ဘူး၊ သူလဲ သူ့အိမ်မှာ စာကျက်၊ ကျွန်တော်လဲကြိုးစားရဦးမယ်လို့ ပြောထားပါတယ်'

'အေး အေး ကောင်းပါတယ်ကွယ်၊ ဒီအရွယ်ဟာ ကိုယ့်ဘာသာ သိတတ်ပြီးလုပ်တာ အကောင်းဆုံး'

မောင်စိန်အေးကတော့ ကျွန်မလိုချင်သည့်ပုံစံ ဝင်ပါသည်။ ကိုယ့်တပည့်တွေအပေါ် မျှော်လင့်ချက်ထားပြီ ဆရာ ဆရာမတို့၏ ထုံးစံအတိုင်း ကျွန်မမှာလည်း မောင်စိန်အေးအပေါ် များစွာ မျှော်လင့်မိသည်။ အနည်းဆုံး ဂုဏ်ထူးလေးငါးခုနှင့်အောင်နိုင်ဖို့ သူ့မိဘများ မျှော်လင့်သလို စက်မှုတက္ကသိုလ် တက်ခွင့်ရနိုင်ဖို့ သေချာသလောက်ပင် ဖြစ်ပါသည်။ စာမေးပွဲနီးလာလေလေ ကျန်းမာရေးကအစ ဂရုစိုက်ဖို့ စာကိုမှန်မှန်ကျက်ဖို့ အားပေးနေရပါသည်။ ပထမအစမ်းနှင့် ဒုတိယအစမ်း စာမေးပွဲများတွင်တော့ ကျွန်မ ကျေနပ်သည့် အဆင့်ထိ ရောက်ခဲ့ပါသည်။

www.burmeseclassic.com



သည့်အချိန်မှာ ကျော်မျိုးထက်နှင့် ပတ်သက်၍ ကျွန်မနှင့် ပြဿနာဖြစ်ရပြန်သည်။ ကျော်မျိုးထက်က ပထမအစမ်းစာမေးပွဲတွင် သုံးဘာသာကျပြီး ဒုတိယအစမ်းစာမေးပွဲတွင် ငါးဘာသာကျနေသဖြင့် သူ့မိဘများကို ဆရာမနှင့် လာရောက်တွေ့ဆုံဆွေးနွေးဖို့ မှာရပါသည်။ သို့သော် မိဘများလည်း ရောက်မလာခဲ့။ ကျော်မျိုးထက်လည်း ကျောင်းကိုပင် မှန်မှန် မတက်တော့။

"မင်းသူငယ်ချင်းကို ကျောင်းတက်ဖို့ ပြောပါဦးလား"

ကျွန်မက မောင်စိန်ဒေးကို ပြောပါသည်။

"သူက ဒီအချိန်မှာ ကျောင်းတက်ဖို့မလိုတော့ဘူး၊ အိမ်မှာပဲ စာကျက်မယ်လို့ ပြောတယ်၊ အရေးကြီးတာတွေလဲ ကျူရှင်က သင်မှာတဲ့"

တကယ်တော့ ကျော်မျိုးထက်သည် ကျူရှင်ကိုကော မှန်မှန်တက်ရဲ့လားဟု ကျွန်မ သံသယဖြစ်မိသည်။ သူ ကျောင်းမတက်တာထက် သူက မောင်စိန်ဒေးကိုပါ လာခေါ်ပြီး အဖော်ညှိနေတာက ပိုဆိုးလေသည်။ ကျောင်းပိတ်ရက်မှာ မောင်စိန်ဒေးကို အိမ်မှာ စာသင်ပေးနေစဉ် ကျော်မျိုးထက်က မော်တော်ဆိုင်ကယ်တစ်စီးနှင့် ရောက်လာသည်။ ကိုယ့်ဆရာမရယ်လို့လဲ အိမ်ထဲဝင် နှုတ်ဆက်ဖော်မရ။ အိမ်ရှေ့မှနေပြီး မောင်စိန်ဒေးကို လှမ်းခေါ်လေသည်။ မောင်စိန်ဒေးက စာသင်တာလည်း စိတ်မဖြောင့်။ ကျွန်မကိုကြည့်လိုက်၊ အိမ်ရှေ့ကိုလှမ်းကြည့်လိုက် ဖြစ်နေတော့သည်။

"မောင်ကျော်မျိုးထက် အိမ်ထဲ ဝင်ပါဦးလားကွယ်၊ မင်းသူငယ်ချင်းလဲ စာလုပ်နေတာ မပြီးသေးဘူးလေ"

ကျွန်မကခေါ်တော့ ကျော်မျိုးထက်က အိမ်ထဲသို့ မဝင်ချင် ဝင်ချင် ဝင်လာခဲ့သည်။ အိမ်ရှေ့မှာ နေတာဖြတ်ပုံစံဖြင့် ထိုင်သည်။ မောင်စိန်ဒေးကိုလည်း မြန်မြန်လုပ်စေလိုသောသဘောဖြင့် လက်ဟန်ခြေဟန်ပြနေသည်။

"မောင်ကျော်မျိုးထက် စာတွေ တော်တော်ကျက်လို့ ပြီးပြီလား"

"ဟုတ်ကဲ့"

www.burmeseclassic.com



"ဒီအချိန်မှာ အလည်အပတ်ကို လျှော့သင့်ပြီနော်၊ ကျောင်းမတက်ရင်လဲ အိမ်မှာ စာကျက်နေတာ ကောင်းတာပေါ့ကွယ်"

ကျော်မျိုးထက် ဘာမှ ပြန်မပြော။ မောင်စိန်အေးကိုသာ စိတ်မရှည်စွာ လှမ်းကြည့်နေသည်။ ကျွန်မမှာ စေတနာသက်သက်ဖြင့် ခေါ်ယူသင်ပြ ပေးနေသော တပည့်ပေမည့် ယခုလို စာသင်လျက်က သူငယ်ချင်းခေါ်ရာ ထလိုက်သွားမှာကို မလိုလားပါ။

"မောင်စိန်အေးက မင်းတို့လို ကျူရှင်ကောင်းကောင်းလဲ မတက်နိုင်၊ ဆရာမ အားတဲ့အချိန်လေး သင်ပေးရတာ၊ သူ့စာမပြီးသေးခင် ခေါ်မသွားပါနဲ့လား၊ ညနေမှ လာခေါ်ပါလားကွာ"

ကျော်မျိုးထက်က မောင်စိန်အေးကို ဘယ်လိုလဲ ဟူသော သဘောဖြင့် လှမ်းကြည့်သည်။ မောင်စိန်အေးက ကျွန်မကို လှန်ဆန်ပြီး လိုက်မသွားရဲ။ ကျော်မျိုးထက် မကျေမနပ်ဖြင့် နေရာမှ ထသည်။

"ကျွန်တော်ပြန်ဦးမယ် ဆရာမ" ဟု မျက်နှာမပြည့်တည့်ဖြင့် နှုတ်ဆက်ကာ မော်တော်ဆိုင်ကယ်ကို ဂွအနဲ့ မောင်းထွက်ကာ ပြန်သွားသည်။ ကျွန်မအနေဖြင့် တပည့်တစ်ယောက်ကို မတတ်သာ၍ ကြည့်နေရသော်လည်း တခြားတပည့်တစ်ယောက်ကို လက်မလွှတ်နိုင်ပါ။ နောက်တော့ ကျော်မျိုးထက်က မောင်စိန်အေးကို စာတွေ ကျိတ်ပြီးကြိုးစားနေတာ အလကားကောင်ဟု မကျေမနပ် ဖြစ်နေကြောင်း၊ ကျွန်မကိုလည်း မောင်စိန်အေးကိုမှ အထင်ကြီး၍ ဂုဏ်ထူးတွေရအောင်၊ နာမည်ရအောင် စာတွေ ဖိသင်ပေးနေကြောင်း ကွယ်ရာမှာပြောနေသည်ကို ကျွန်မ ပြန်ကြားရပါသည်။ သို့သော်လည်း ကျွန်မမှာတော့ ကိုယ်တတ်နိုင်သည့်ဘက်က ကျောက်ကောင်းတစ်စကို သွေးပေးရသလို ခံစားရ၍ ဘာပဲဖြစ်ဖြစ် မောင်စိန်အေး တစ်ယောက်ကို ထွန်းပေါက်အောင်မြင်စေချင်ပါသည်။ သူ့အမေကလည်း ကျွန်မကို အလွန် အားကိုးရှာပါသည်။

စာမေးပွဲရက်နီးလာ၍ စာကျက်ချိန်ပေးလိုက်ချိန်မှာ မောင်စိန်အေးလည်း အိမ်ကို အလာနည်းသွားပါသည်။ သူ့အမေနှင့် ဈေးမှာတွေ့သည့်

www.burmeseclassic.com



အခိုက် မောင်စိန်အေး စာကျက်ရဲ့လား၊ အလည်အပတ်များနေသလား မေးရ စုံစမ်းရပါသည်။

'ညညတော့ ကျက်ပါတယ် ဆရာမရယ်၊ ဒါပေမဲ့ ဟိုသူငယ်လေးက လာလာခေါ်နေတော့ လိုက်လိုက်သွားတာပဲ၊ သားကလဲ အားနာတတ်တယ် လေ'

'သိပ်လဲအလိုမလိုက်နဲ့၊ တစ်နေ့ကုန်လျှောက်လည်နေတော့ ညကျမှ စာကျက်ရင် ငိုက်မှာပဲ၊ စိတ်လဲ လေတယ်လေ၊ သူငယ်ချင်းကို ခင်တယ် ဆိုပေမဲ့ ဒီအချိန်မှာတော့ အားနာလို့မဖြစ်ဘူး'

'ကျွန်မလဲပြောပါတယ် ဆရာမရယ်၊ ရှင်းရှင်းပြောရရင် သူတို့မှာက စာမေးပွဲတစ်နှစ်ကျလဲ မထောင်းသာဘူး၊ ကျွန်မတို့မှာ တစ်နှစ်ဆို ဆို သလောက် မဟုတ်လား ဆရာမရယ်'

'ဟုတ်တာပေါ့၊ ခုတလော မောင်စိန်အေးက အိမ်ကိုတောင် မလာဘူး။ ကျွန်မဆီလာဖို့ ပြောပါဦး'

'ဟုတ်ကဲ့ ဆရာမ၊ ဟုတ်ကဲ့'

သို့သော် မောင်စိန်အေးကား ပေါ်မလာခဲ့ပါ။ စာမေးပွဲရက်နီးလာ၍ တခြားတပည့်တွေစာလာမေးကြ၊ စာအတူလာကျက်ကြသော်လည်း မောင်စိန်အေး တစ်ယောက် ပျောက်ချင်းမလှ ပျောက်နေခဲ့သည်။ ကျွန်မမှာလည်း တခြားအတန်းတွေအတွက် စာမေးပွဲဆောင်ရ စစ်ရဆေးရနှင့် မောင်စိန်အေးဆီ မရောက်နိုင်ခဲ့ပါ။ ဆရာမတစ်ယောက်အနေဖြင့် ကျောင်းသားတစ်ယောက် အပေါ် လိုအပ်တာထက်ပိုပြီး သွားရောက်ရမှာလည်း စိတ်ထဲက မလိုလားမိ။ စေတနာကို သူ့အလိုအလျောက်သာ နားလည် စေချင်မိပါသည်။

သည်လိုနှင့်ပဲ ဆယ်တန်းစာမေးပွဲကြီး နီးကပ်လာပါပြီ။ ကျောင်းသူ ကျောင်းသားတွေ စိတ်မအား လူမအား စာကို မနားမနေ ကျက်မှတ်နေကြ ပြီ။ မောင်စိန်အေးတစ်ယောက် စာကို တကယ်ပဲအပတ်တကုတ် ကျက်မှတ် နေပြီလား။ ကျွန်မ ဒေါ်ကလေးမကိုသာ သတင်းမေးရပါသည်။

www.burmeseclassic.com



'စာအုပ်နဲ့ မျက်နှာနဲ့တော့ မခွာပါဘူး ဆရာမရယ်၊ တစ်ခါတစ်ခါလဲ ဝေးဝေးငိုင်ငိုင်ဖြစ်နေလို့ စာတွေ သိပ်ကျက်ပြီးများ ပင်ပန်းနေ သလားလို့ နားနားနေနေ ကျက်ခိုင်းရတယ်'

တချို့ကျောင်းသားများ စာမေးပွဲနီးလျှင် စာတွေ အကျက်လွန်ပြီး ကြောင်တောင်တောင် ဖြစ်သွားတတ်၍ ကျွန်မ စိုးရိမ်သွားမိပါသည်။

'ကျန်းမာရေးလဲ ဂရုစိုက်ပါဦးလို့၊ အိမ်ကိုလဲတစ်ခေါက်လောက် လာဦးလို့ ပြောပါဦး'

'ကျွန်မပြောတိုင်းတော့ သွားမယ်လို့ ပြောတာပဲ၊ သူ ဘာကြောင့်များ ဆရာမကို ရှောင်နေသလဲ မသိဘူး'

ဒေါ်ကလေးမက ပြောမှ ကျွန်မ စဉ်းစားမိသည်။ မောင်စိန်အေး ကျွန်မကို တကယ်ပဲ ရှောင်နေသလား၊ ဘာကြောင့်လဲ၊ ကျော်မိုးထက် ကြောင့်များလား။

စာမေးပွဲရက်နီးကပ်၍ အများတကာတွေ နှံ့နှံ့ပါတ်လာကြည့်ကြ၊ ကတ်ပြားလာယူကြတော့လည်း မောင်စိန်အေးကို အလုပ်များသည့်ကြားက လှစ်ခနဲသာ မြင်လိုက်ရပါသည်။ လူက နဂိုက အေးရသည့်အထဲ ပို၍ပင် အေးစက်စက်နှင့် ပိန်သွားသည်ကို ကျွန်မ သတိထားလိုက်မိသည်။ ကျွန်မ ကိုတော့ တကယ်ပဲ ရှောင်နေသည်မှာ သိသာလှပါသည်။

စာမေးပွဲကြီး ဖြေကြရပြီ။ မောင်စိန်အေးတို့ စာမေးပွဲဖြေရသည့် အခန်းနှင့် ကျွန်မ စာမေးပွဲစောင့်ရသည့် အခန်းက မတူ။ ကျွန်မလည်း အလုပ်များနေ၍ ကျွန်မအခန်းမှ တပည့်များ ဖြေနိုင် မဖြေနိုင် နှုတ်ဖြင့်သာ မေးမြန်း စုံစမ်းနေရပါသည်။ မောင်စိန်အေးနှင့်လည်း ကျွန်မ မတွေ့ရ။ အခန်းထဲက တပည့်မလေးတွေကို မေးကြည့်တော့ 'သူ အစောကြီး ပြီးပြီး နေတယ် ဆရာမ၊ အားရပါးရရေးတာလဲ မတွေ့ဘူး' ဟု ပြောပါသည်။

ကျွန်မစိတ်ထဲမှာ မတင်မကျဖြစ်နေ၍ နောက်ဆုံး မနေနိုင်ဘဲ ကြားရက် ပိတ်ရက်တစ်ရက်မှာ မောင်စိန်အေး၏ အိမ်ကို မေးမြန်းပြီး

www.burmeseclassic.com



လိုက်သွားရလေသည်။ မောင်စိန်အေးကော သူ့အမေကိုပါ အဆင်သင့်တွေ့ရပါသည်။ မောင်စိန်အေးကလည်း စာကျက်လျက်ပါပဲ။ သို့သော် သူ့အသွင်က ရှင်လန်းတက်ကြွခြင်း မရှိ။ ကျွန်မကိုမြင်တော့ ထိတ်လန့်တုန်လှုပ်သလိုဖြစ်နေသည်ကို တွေ့ရသည်။

သူ့အမေကတော့ ပျာပျာသလဲ ဆီးကြိုရှာပါသည်။ သူ့အမေလည်း မျက်နှာမကောင်းလှ။

‘မောင်စိန်အေး၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ ဆရာမကိုလဲမတွေ့ဘူး၊ စာမေးပွဲကော ဖြေနိုင်ရဲ့လား’

မောင်စိန်အေး ခေါင်းကြီးငုံ့ထားသည်။ ဘာမှလည်းမေးလို့မရ။

‘စာတွေ သိပ်ကျက်ပြီးတော့ပဲ တစ်မျိုးဖြစ်သွားသလား မသိပါဘူး ဆရာမရယ်၊ ငူငူငိုင်ငိုင် ဖြစ်နေတော့တာပါပဲ၊ စာမေးပွဲလဲ ဖြေနိုင်ပုံမရပါဘူး’

သူ့အမေက ကျွန်မကို တီးတိုးပြောရှာပါသည်။ ကျွန်မလည်း မောင်စိန်အေး ဘာ့ကြောင့် ဒီလိုဖြစ်နေရသလဲ စဉ်းစားလို့မရ။

‘မောင်ကျော်မျိုးထက်ကော လာသေးလား’

‘စာမေးပွဲမဖြေခင် ရက်တွေကတော့လာတယ်၊ နေ့လယ်ဘက် လာခေါ်ပြီး စာအတူတူကျက်ကြတယ်ဆိုလား၊ ညကျတော့ ပြန်ပို့ပါတယ်၊ ခုရက်တော့ မလာပြန်ဘူး’

‘ကျော်မျိုးထက်နဲ့ စာအတူတူကျက်တယ်ဆိုတာ ဟုတ်ရဲ့လား မောင်စိန်အေးရယ်’

ကျွန်မက လှမ်းမေးတော့ မောင်စိန်အေး ဘာမျှမဖြေ။ တအောင့်ကြာတော့ ဘာမပြောညာမပြော သူ့အမေကိုဖက်ပြီး ငိုရှာပါတော့သည်။

‘တိတ်ပါ သားရယ်၊ မင်း ဒီနှစ်မဖြေနိုင်လဲ နောက်နှစ်တော့ အောင်မှာပါ၊ ဆက်ကြိုးစားပေါ့ အမေတို့ ထားနိုင်ပါတယ်’

သူ့အမေကပြောမှ မောင်စိန်အေး ငြိမ်သွား ငိုပါလေသည်။ ကျွန်မလည်း စိတ်မချမ်းသာစွာဖြင့် ပြန်လာပါသည်။ ကျွန်မ မောင်စိန်အေးအပေါ်

www.burmeseclassic.com



သင်္ကာမကင်း ဖြစ်မိသည့် ကိစ္စကိုတော့ ကျွန်မဘာသာပဲ စုံစမ်းတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

စာမေးပွဲကြီးလည်း ပြီးသွားပါပြီ။ မောင်စိန်အေး အခြေအနေလည်း မကောင်းပါ။ သင်္ချာဖြေသည့်ရက်မှာ ခေါင်းမူးသည်ဆိုပြီး စာရေးစားပွဲပေါ် ခေါင်းစိုက်အိပ်နေကြောင်း သူ့အခန်းစောင့်သည့် ဆရာမများက ပြောပြသည်။ ကျွန်မလည်း စိတ်မချမ်းသာပါ။

နောက်ဆုံးတော့ အချိန်ယူ၍ တပည့်ကျောင်းသားများကတစ်ဆင့် မောင်စိန်အေးအကြောင်းကို စုံစမ်းမေးမြန်းခဲ့ရပါသည်။ ကျွန်မထင်သည့် အတိုင်း ဖြစ်နေပါတော့သည်။

'မောင်စိန်အေးက စာလဲတော်တယ်၊ လိမ်လဲ လိမ္မာတယ် မဟုတ်လား၊ ဆရာ ဆရာမတွေ အားထားကြတော့ ကျော်မျိုးထက်က မနာလိုဘူးလေ၊ ပြီးတော့ ကျော်မျိုးထက် သဘောကျတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်၊ သူကလဲ ကျော်မျိုးထက်ကို အလကား လူ့ဘော်ကျော့ပဲဆိုပြီး မခင်ဘူး၊ မောင်စိန်အေးကိုပဲ မျက်နှာသာပေးတယ်၊ ဒါနဲ့ မောင်စိန်အေး ပျက်စီးအောင် သူက သွေးဆောင်တာပေါ့'

ကျွန်မ သဘောပေါက်ပါပြီ။ မောင်စိန်အေးကို အနုနည်းဖြင့် ဆွဲဆောင်ပြီး အသူရာချောက် နတ်စမ်းနားချောက်မှ တွန်းချတာ သူကတော့ ချောင်ပုန်းနေပေပြီ။ ယခုတော့ ကျော်မျိုးထက်ကို မတွေ့ရတော့။ မောင်စိန်အေး တစ်ယောက် ဘဝတစ်ခုလုံး မနစ်မြုန်းမီ အချိန်မီ ကယ်တင်နိုင်အောင် သူ့မိဘများနှင့် ပြောကြား တိုင်ပင်ရပါဦးမည်။ ဒါတွေသိလျှင် မိဘလည်း အဘယ်မျှ ရင်ကျိုးရှာလေမည်လဲ။

ဪ၊ လုပ်ရက်လိုက်တာ ကျော်မျိုးထက်ရယ်။

[ မှုးယာစ်မဂ္ဂဇင်း ။ ။ ဩဂုတ်၊ ၁၉၈၉ ]

www.burmeseclassic.com

## စာရေးသူ ၏

## စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၄၄၊ အောက်တိုဘာ ၂၄ ။ အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦး မြို့၌ အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင် တို့မှ မွေးဖွားသည်။

၁၉၅၂ ။ဒိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင် ပညာသင်ကြားသည်။

၁၉၅၆ ။စတုတ္ထတန်း စကောလားရှစ်ဆု ရသည်။

၁၉၅၉ ။သတ္တမတန်း ကျောင်းသူဘဝတွင်ကတည်းက စတင် ရေးသားသည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ် စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင် ရွက်ခဲ့သည်။

၁၉၆၀–၁၉၆၄ ။အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိခဲ့သည်။

၁၉၆၄ ။တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။

၁၉၆၅ ။ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် သင်္ချာ အဓိကဖြင့် တက်ရောက်သင်ကြားသည်။

| | |
|---|---|
| ၁၉၆၅၊ မတ် | တိုင်းရင်းမေဂျာနယ်တွင် ***ရွက်လှပန်းလေး ကိုယ်ဘဝ*** ကဗျာကို စတင် ရေးသားခဲ့သည်။ |
| ၁၉၆၈၊ ဇန်နဝါရီမှ နိုဝင်ဘာ | မြောက်ဥက္ကလာပမြို့နယ် အ၊ မ၊ က (၂၃) တွင် မူလတန်းပြ ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၆၉၊ နိုဝင်ဘာ ၆ | မျိုးညွန့် (စာပေလောက) နှင့် လက်ထပ်သည်။ |
| ၁၉၇၀၊ မေ | တိုင်းရင်းမေဂျာနယ်တွင် **မြင်ဆင် ချယ်သ မျက်လုံးအလှ** ဆောင်းပါးကို စတင်ရေးသားခဲ့သည်။ |
| ၁၉၇၂၊ စက်တင်ဘာ | ငွေတာရီမဂ္ဂဇင်းတွင် ***အိမ်နီးချင်း*** အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည်။ |
| ၁၉၇၂-၇၈ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီ သုတေသန ဌာနခွဲတွင် သုတေသနလက်ထောက်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ |
| ၁၉၇၄၊ အောက်တိုဘာ | ***ပျောက်သောလမ်းမှာ စမ်းတဝါး*** အမည်ရှိ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားခဲ့သည်။ ယင်းဝတ္ထုဖြင့် **၁၉၇၄ ခုနှစ် အမျိုးသားစာပေဆု** ရခဲ့ သည်။ |
| ၁၉၇၅၊ ဖေဖော်ဝါရီ | ***မှင်တချို့ ချည်ကြွတချို့*** ကို ရေးသားခဲ့သည်။ |
| ၁၉၇၅၊ ဩဂုတ် | **ရွက်လှပန်း** ကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ မေ | ***ငပလီစာတင်လမ်း*** ကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ အောက်တိုဘာ | ***အချစ်ဆိုသောအရာ*** ကို ရေးသားခဲ့သည်။ |
| ၁၉၇၇၊ မေ | ***ဘယ်သူလာကူပါမယ်*** ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ ဧပြီ | ***မှတစ်ပါး အခြားမရှိပြီ*** ကို ရေးသားခဲ့သည်။ |
| ၁၉၇၈၊ ဇူလိုင် | ***သစ္စာသတ္တာ အစဝရာပေ့ဘ၂*** ကို ရေးသားခဲ့သည်။ |

www.burmeseclassic.com

၁၉၇၈၊ နိုဝင်ဘာ ။**မှတစ်ဆင့်** ကို ရေးသားခဲ့သည်။

၁၉၇၈ ။**ပျောက်သောလမ်းမှာစမ်းတဝါး** ကို ရုရှား ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၇၉၊ ဩဂုတ် ။**ရွှေတိဂုံကိုမြင်လျှင်** ကို ရေးသားခဲ့သည်။

၁၉၇၉၊ ဒီဇင်ဘာ ။**ငြိမ်းကိုရှက်ပါ** ကို ရေးသားခဲ့သည်။

၁၉၈၀၊ ဧပြီ ။**ကျိုး** ကို ရေးသားခဲ့သည်။

၁၉၈၀၊ ဇွန် ။**မဂ္ဂဇင်း ဝတ္ထုရှည်များ** ကို ထုတ်ဝေခဲ့သည်။
ယင်းစာအုပ်ဖြင့် **၁၉၈၀ ပြည့်နှစ်၊ အမျိုးသား စာပေ ဝတ္ထုတိုပေါင်းချုပ်ဆု** ကို ရရှိခဲ့သည်။

၁၉၈၀၊ အောက်တိုဘာ ။**သမုဒ္ဒရာ ခုနစ်စင်း မြစ်မင်း တစ်ဆယ့်သုံးသွယ်** ကို ရေးသားခဲ့သည်။

၁၉၈၀ ။**ဘယ်သူလာ ကူပါမယ်** ကို ရုရှားဘာသာဖြင့် ပြန်ဆို ထုတ်ဝေခဲ့သည်။

၁၉၈၁၊ ဖေဖော်ဝါရီ ။**ချကြွမလိုနဲ့ဓလေ ဓလေမလိုနဲ့ချကြွ** ကို ရေးသားခဲ့သည်။

၁၉၈၁၊ အောက်တိုဘာ ။**ပန်းရိုင်းတစ်ရာ** ကို ရေးသားခဲ့သည်။

၁၉၈၁၊ ဒီဇင်ဘာ ။**ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား** ကို ရေးသားခဲ့သည်။

၁၉၈၂၊ ဖေဖော်ဝါရီ ။**မသုခမှုစာရီ** ကို ရေးသားခဲ့သည်။

၁၉၈၂၊ မေ ။**ဝတ္ထုတိုများ ၁** ကို ထုတ်ဝေခဲ့သည်။
ယင်းစာအုပ်ဖြင့် **၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတို ပေါင်းချုပ်ဆု** ရရှိခဲ့သည်။

၁၉၈၂၊ စက်တင်ဘာ ။**လေအနုတ်ကြွန်မှင်** ကို ရေးသားခဲ့သည်။

၁၉၈၂၊ ဒီဇင်ဘာ ။**သုံးလွှန်းတင်မှကြိုး** ကို ရေးသားခဲ့သည်။

www.burmeseclassic.com

| | |
|---|---|
| ၁၉၈၂ | ။*မှတ်စုပါး အမြဲတမ်းမရှိပြီ* နှင့် *ပျောက်သောလမ်းမှာ စမ်းတာပါ*၊ တို့ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |
| ၁၉၈၃၊ ဇွန် | ။*မှော်လကျွန်းသည် အိုနှင်းဆီ* ကို ရေးသားခဲ့သည်။ |
| ၁၉၈၃၊ ဩဂုတ် | ။*မြန်မာပြည်မှာ နေကြသည်* ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည်။ |
| | *ရွှေကြွရင် အတူတူရွှေကြွမယ်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၅၊ ဇွန် | ။*မီးရောင်အောက်ကိုဝင်လျှင်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၅၊ အောက်တိုဘာ | ။*မေတ္တာကမ်းနား အရုဏ်သစ်ပင်* ကို ရေးသားခဲ့သည်။ |
| ၁၉၈၅၊ ဒီဇင်ဘာ | ။*ထိုင်းက မီးမလောပါ* နှင့် *မိုးမိုး(အင်းလျား)* ၏ *မဂ္ဂဇင်း ဝတ္ထုရှည်များ* ကို ထုတ်ဝေခဲ့သည်။ |
| ၁၉၈၆၊ ဇူလိုင် | ။*ဝတ္ထုတိုများ ၂* ကို ထုတ်ဝေခဲ့သည်။ ယင်း စာအုပ်ဖြင့် **၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု** ရရှိခဲ့သည်။ |
| ၁၉၈၇၊ ဧပြီ | ။*ခံတက်နကာလေးတွေ ညှိုးချိန်တန်တော့* ကို ရေးသားခဲ့သည်။ |
| ၁၉၈၈ | ။**Afro-Asian Writers** မှ ထုတ်ဝေသော **Lotus** မဂ္ဂဇင်းတွင် *စကားမဆိုဂုံအောင်* ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။ |
| ၁၉၈၉၊ ဩဂုတ် | ။*အိမ်နီးချင်း* ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် **Fujinno Tomo** အမျိုးသမီး မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ |
| ၁၉၈၉၊ ဩဂုတ် မှ | ။စံပယ်ဖြူမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် |
| ၁၉၉၀၊ မတ် | ဆောင်ရွက်ခဲ့သည်။ |
| ၁၉၉၀၊ မတ် ၁၃ | ။ကွယ်လွန်သည်။ |

www.burmeseclassic.com

## စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ

၁။ မျှော်ကိုးသောလမ်းမှာ စမ်းတဝါး* (ပထမ ၁၉၇၄)
(ဒုတိယ ၁၉၇၅)
(တတိယ ၁၉၉၄)
၂။ ပွင့်တချို့ ကြွေတချို့ (ပထမ ၁၉၇၅)
(ဒုတိယ ၁၉၇၇)
(တတိယ ၁၉၉၅)
၃။ ရွက်လှပန်း (ပထမ ၁၉၇၅)
(ဒုတိယ ၁၉၉၅)
၄။ ငပလီဇာတ်လမ်း (ပထမ ၁၉၇၆)
(ဒုတိယ ၁၉၉၇)
၅။ အချစ်ဆိုသောအရာ (ပထမ ၁၉၇၆)
(ဒုတိယ ၁၉၉၇)
၆။ ဘယ်သူလာကူပါမယ် (ပထမ ၁၉၇၆)
(ဒုတိယ ၁၉၉၇)
၇။ မုတ်စမ်းပါး အမြဲမရှိပြီ (ပထမ ၁၉၇၇)
(ဒုတိယ ၁၉၉၈)
၈။ သစ္စာသစ္စာ အမေမောင်များ (ပထမ ၁၉၇၈)
၉။ မှ တစ်ဆင့် (ပထမ ၁၉၇၈)
(ဒုတိယ ၁၉၉၈)

---

* ၁၉၇၄ ခုနှစ် အမျိုးသားစာပေ ဆုရရှိစာအုပ်

www.burmeseclassic.com

၁၀။ ရွှေတိဂုံကိုမြင်လျှင် (ပထမ ၁၉၇၈)

၁၁။ ငြိမ်းကိုရှာကြပါ (ပထမ ၁၉၇၈)

၁၂။ ကြိုး (ပထမ ၁၉၈၀)
(ဒုတိယ ၂၀၀၀)

၁၃။ မဂ္ဂဇင်း ဝတ္ထုရှည်များ ၁* (ပထမ ၁၉၈၀)
(ဒုတိယ ၁၉၉၈)

၁၄။ သမုဒ္ဒရာနှစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ် (ပထမ ၁၉၈၀)
(ဒုတိယ ၁၉၉၉)

၁၅။ ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ (ပထမ ၁၉၈၁)
(ဒုတိယ ၂၀၀၀)

၁၆။ ပန်းရိုင်းတစ်ရာ◆ (ပထမ ၁၉၈၁)

၁၇။ ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား (ပထမ ၁၉၈၁)
(ဒုတိယ ၁၉၈၄)
(တတိယ ၁၉၉၉)

၁၈။ မသုဓမ္မစာရီ (ပထမ ၁၉၈၂)
(ဒုတိယ ၁၉၉၉)

၁၉။ ဝတ္ထုတိုများ ၁● (ပထမ ၁၉၈၂)
(ဒုတိယ ၁၉၉၆)

၂၀။ စေတနာ ကြာနီမှုံ (ပထမ ၁၉၈၂)
(ဒုတိယ ၂၀၀၀)

၂၁။ သုံးလွန်းတင်မှုကြိုး (ပထမ ၁၉၈၂)

၂၂။ နတ်မကျွန်းသည် အိန္ဒိယဆီ (ပထမတွဲ၊ ဒုတိယတွဲ) (ပထမ ၁၉၈၃)

၂၃။ မြန်မာပြည်မှာ နေကြသည် (ပထမ ၁၉၈၃)

---

* ၁၉၈၀ ပြည့် အမျိုးသားစာပေ ဝတ္ထုတိုဆုရသည်။
ဒုတိယအကြိမ် ပုံနှိပ်သည့်အခါ ၁၉၈၀ ပြည့် အမျိုးသားစာပေ(ဝတ္ထုတို)ဆုရ
မဂ္ဂဇင်းဝတ္ထုရှည်များ အမည်ဖြင့် ထုတ်ဝေသည်။

◆ [illegible]

● ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုဆုရသည်။

www.burmeseclassic.com


၂၄။ ကြွေရှင် အတူတူကြွေမယ် ◆

၂၅။ မီးရောင်အောက်ကိုဝင်လျှင် (ပထမ ၁၉၈၅)
(ဒုတိယ ၂၀၀၁)

၂၆။ မေတ္တာကမ်းနား အချစ်သစ်ပင် (ပထမ ၁၉၈၅)

၂၇။ မဂ္ဂဇင်းဝတ္ထုရှည်များ ၂ (ပထမ ၁၉၈၅)
(ဒုတိယ ၁၉၉၇)

၂၈။ မဂ္ဂဇင်းဝတ္ထုရှည်များ ၃ ※ (ပထမ ၁၉၉၇)

၂၉။ ဝတ္ထုတိုများ ၂ ★ (ပထမ ၁၉၈၆)
(ဒုတိယ ၁၉၉၆)

၃၀။ ခံတက်နေလေးတွေ ညှိုးချိန်တန်တော့ (ပထမ ၁၉၈၇)

၃၁။ ဝတ္ထုတိုများ ၃ (ပထမ ၁၉၉၃)
(ဒုတိယ ၁၉၉၇)

၃၂။ မြမျောင်တောင်း (ပထမ ၂၀၀၃)


---

◆ မစန္ဒာ၏ ရှိန်းလို့ရှိန်းချစ်ချက် ရှိန်းချစ်ချက် ဝတ္ထုနှင့် ပူးတွဲပုံနှိပ်သည်။

※ မဂ္ဂဇင်းဝတ္ထုရှည်များ ၁ ဒုတိယအကြိမ် ဟု မှားယွင်းဖော်ပြခဲ့မိသည်။
မဂ္ဂဇင်းဝတ္ထုရှည်များ ၃ ပထမအကြိမ် ပုံနှိပ်မှုအဖြစ် ပြင်ဆင် မှတ်ယူပါရန်။

★ ဝတ္ထုတို ၃ ပုဒ် အချိုးသားဆောင်း ဝတ္ထုတိုစုသည်။

www.burmeseclassic.com

# စာရေးသူ၏ ဝတ္ထုတိုများ စာရင်း

## ဝတ္ထုတိုများ ၁

| | | |
|---|---|---|
| ၁။ | အိမ်မိန်းမချင်း | စက်တင်ဘာ၊ ၁၉၇၂ |
| ၂။ | စစ်သားမယား | မတ်၊ ၁၉၇၃ |
| ၃။ | ဘဝအမှောင် | မေ၊ ၁၉၇၃ |
| ၄။ | စကားမဆိုပုံဆောင် | နိုဝင်ဘာ၊ ၁၉၇၃ |
| ၅။ | ပွဲကောက်လေးတစ်ကောင် | ဖေဖော်ဝါရီ၊ ၁၉၇၄ |
| ၆။ | စိုက်တာန့်ကာဘော့ မချစ်ရ | ဧပြီ၊ ၁၉၇၄ |
| ၇။ | ကျွန်မသဘောကျလျှင် မယားအစစ်ဖြစ်ပါကြောင်း | အောက်တိုဘာ၊ ၁၉၇၄ |
| ၈။ | ဆေးဘက်ဝင်က ထွက်ပြေးချင်တယ် | မတ်၊ ၁၉၇၆ |
| ၉။ | အိမ်ကလူကြီး | ဧပြီ၊ ၁၉၇၆ |
| ၁၀။ | ဆေးသည်၏ အမြဲမှန် | မတ်၊ ၁၉၇၇ |
| ၁၁။ | ကိုယ်ရေးကြီးတော့ | ဇူလိုင်၊ ၁၉၇၇ |
| ၁၂။ | ဆယ်နှစ်ကျော် ကာလများ | ဧပြီ၊ ၁၉၇၈ |
| ၁၃။ | ဘဝတိုက်ပွဲ စတင်ခြင်း | ဖေဖော်ဝါရီ၊ ၁၉၇၉ |
| ၁၄။ | မှောင်မိုး | ဇူလိုင်၊ ၁၉၇၉ |

www.burmeseclassic.com

## ဝတ္ထုတိုများ ၂


၁။ နေရောင်အောက်မှာ ထပ် ရောင်ပျောက်ရသည် — မတ်၊ ၁၉၈၀

၂။ အမေ့စာ — မေ၊ ၁၉၈၀

၃။ နေရစ်ခဲ့ပါ — ဇွန်၊ ၁၉၈၀

၄။ မြေမှာပျောက်ဆုံးသွားသော နှင်းပွင့်လေးများ — ဇွန်၊ ၁၉၈၀

၅။ ဝင်းမေ စာမေးပွဲကျရသည့်အကြောင်း — ဒီဇင်ဘာ၊ ၁၉၈၀

၆။ ငံပုစွန်မဖြစ်လိုသော သိုးငယ် — ဒီဇင်ဘာ၊ ၁၉၈၀

၇။ မရှုသော — ဇန်နဝါရီ၊ ၁၉၈၁

၈။ ဤသို့ကြိုကြိုရေပေါ်လိမ့်ဦးမည် — ဇူလိုင်၊ ၁၉၈၁

၉။ မီးရထားနှင့် ဆီးသွားဖြစ်ခြင်းအကြောင်း — ဒီဇင်ဘာ၊ ၁၉၈၁

၁၀။ စိတ္တဇည — ဖေဖော်ဝါရီ၊ ၁၉၈၂

၁၁။ မျှဝေမလေးသော — အောက်တိုဘာ၊ ၁၉၈၄

၁၂။ မိုးကြောက်စိပါသည် — ဒီဇင်ဘာ၊ ၁၉၈၄

၁၃။ ပိန်ချင်လို့တဲ့တော် — ဇန်နဝါရီ၊ ၁၉၈၅

၁၄။ သစ်ပင်ပန်း သုံးခက် — မေ၊ ၁၉၈၅

၁၅။ ဆောင်းခြေ — နိုဝင်ဘာ၊ ၁၉၈၅


## ဝတ္ထုတိုများ ၃


၁။ ကိုယ့်ကိုယ်ကိုချက် — ဇူလိုင်၊ ၁၉၈၄

၂။ ဆောင်းခြေ — နိုဝင်ဘာ၊ ၁၉၈၅

၃။ ငိုရှင်ပုလဲ ရယ်ရှင်ရွှေ — ဇန်နဝါရီ၊ ၁၉၈၆

၄။ တစ်ယောက်တည်းနေလည်း ဖြစ်ပါတယ် — ဇန်နဝါရီ၊ ၁၉၈၆

၅။ အမြဲမတော့သော ကိန်းဂဏန်းများ — ဩဂုတ်၊ ၁၉၈၆

www.burmeseclassic.com

| | | |
|---|---|---|
| ၆။ | ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါ | ဩဂုတ်၊ ၁၉၈၆ |
| ၇။ | ခြတ်စား လှုပ်စား | ဩဂုတ်၊ ၁၉၈၆ |
| ၈။ | ရုပ်ရှင်တစ်ပွဲလောက်ကြည့်ချင်တယ် | နိုဝင်ဘာ၊ ၁၉၈၆ |
| ၉။ | ဆယ်ပြားတန် ဒေသနာ | ဒီဇင်ဘာ၊ ၁၉၈၆ |
| ၁၀။ | သားသမီးရဲ့ အဆုံးအမ | ဇန်နဝါရီ၊ ၁၉၈၇ |
| ၁၁။ | ဂျင်ဂျာအေး သောက်ချင်တယ် | မတ်၊ ၁၉၈၇ |
| ၁၂။ | ဆေးဆိပ် | ဇူလိုင်၊ ၁၉၈၇ |
| ၁၃။ | ထိုနေ့က မိုးလာဘ် | စက်တင်ဘာ၊ ၁၉၈၇ |
| ၁၄။ | တစ်ဖက်ကကြည့်တော့ အရုပ်<br>တစ်ဖက်ကကြည့်တော့ ပန်း | ဇန်နဝါရီ၊ ၁၉၈၈ |
| ၁၅။ | သစ်ပင်တွေ မှာပါတဲ့ | ဖေဖော်ဝါရီ၊ ၁၉၈၈ |
| ၁၆။ | အစိမ်းနဲ့ အနီ | ဩဂုတ်၊ ၁၉၈၈ |
| ၁၇။ | ချမ်းသာခြင်းနဲ့ ပျော်ရွှင်ခြင်း | ဇန်နဝါရီ၊ ၁၉၈၉ |
| ၁၈။ | လူ့စိတ် | ဇန်နဝါရီ၊ ၁၉၈၉ |
| ၁၉။ | ပေါက္ခရသမိုး | ၁၉၈၉ |
| ၂၀။ | နွေလက်ခြင့် စောပါသည် | ဖေဖော်ဝါရီ၊ ၁၉၈၉ |
| ၂၁။ | နွေကို မုန်းသည် | ဧပြီ၊ ၁၉၈၉ |
| ၂၂။ | ရေစီးကြောင်း | ဇွန်၊ ၁၉၈၉ |
| ၂၃။ | ကတ်ကြေးတစ်လက် | ဩဂုတ်၊ ၁၉၈၉ |
| ၂၄။ | မုဒိတာ | အောက်တိုဘာ၊ ၁၉၈၉ |
| ၂၅။ | ပိန်မှ ဖြစ်မယ် | နိုဝင်ဘာ၊ ၁၉၈၉ |
| ၂၆။ | မွန်အား | ဇန်နဝါရီ၊ ၁၉၉၀ |
| ၂၇။ | အားနာတတ်သူ | ဇန်နဝါရီ၊ ၁၉၉၀ |
| ၂၈။ | ကြီ | ဇန်နဝါရီ၊ ၁၉၉၀ |
| ၂၉။ | ဥပေက္ခာ | ဇန်နဝါရီ၊ ၁၉၉၀ |
| ၃၀။ | သိက္ခာရှိတဲ့ မုန့်ဟင်းခါး | မတ်၊ ၁၉၉၀ |

www.burmeseclassic.com

## ဝတ္ထုတိုများ ၄

| | | |
|---|---|---|
| ၁။ | အမွေ | ဩဂုတ်၊ ၁၉၇၄ |
| ၂။ | ဘယ်သူလာကူပါမလဲ | ဒီဇင်ဘာ၊ ၁၉၇၅ |
| ၃။ | အမြဲရှောင် နှလုံးသား | ဇန်နဝါရီ၊ ၁၉၈၀ |
| ၄။ | ဆေး | မတ်၊ ၁၉၈၀ |
| ၅။ | ကံကြီးအွန် ရင်ရင် | နိုဝင်ဘာ၊ ၁၉၈၀ |
| ၆။ | ရန်ကုန်တစ်ခေါက် ဆရောက်ဓာတ် မရောက်ဓာတ် | မတ်၊ ၁၉၈၄ |
| ၇။ | ကျေးဇူးတင်ပါရစေ | အောက်တိုဘာ၊ ၁၉၈၄ |
| ၈။ | သူ့အတွက်လား ကိုယ့်အတွက်လား | မတ်၊ ၁၉၈၅ |
| ၉။ | စိတ်ထားတတ်လျှင် | မေ၊ ၁၉၈၅ |
| ၁၀။ | ဘီရော့ကြာဟန်း နှင့် ဆေးစိ | ဒီဇင်ဘာ၊ ၁၉၈၆ |
| ၁၁။ | မုဆိုးမတစ်ယောက်၏တမ်းချင်း | ဇန်နဝါရီ၊ ၁၉၈၇ |
| ၁၂။ | သောတွဲအပ်ချင်တယ် | စက်တင်ဘာ၊ ၁၉၈၇ |
| ၁၃။ | မမ အယ်ဒီတာတွေ | ဩဂုတ်၊ ၁၉၈၈ |
| ၁၄။ | မျှော်လင့်ခြင်း နှင့် အတွေ့ | မေ၊ ၁၉၈၉ |
| ၁၅။ | ဆန္ဒိုင် | ဩဂုတ်၊ ၁၉၈၉ |

## မှုခင်း ဝတ္ထုရှည်များ ၁

| | | |
|---|---|---|
| ၁။ | မြို့ထဲက ငါ့နှစ်ကောင် | နိုဝင်ဘာ၊ ၁၉၇၆ |
| ၂။ | ရေမှာမျော်သော ငါး တောမှာမျော်သော ဆင် | အောက်တိုဘာ၊ ၁၉၇၇ |
| ၃။ | ထိုကြောင့် ဤကဲ့သို့ | မတ်၊ ၁၉၇၈ |
| ၄။ | ပြည့်စုံခြင်း နှင့် မပြည့်စုံခြင်း | ဖေဖော်ဝါရီ၊ ၁၉၇၉ |
| ၅။ | နေရဲ့သူ့ မြေနိမ့်ခင် | ဧပြီ၊ ၁၉၇၉ |
| ၆။ | အမေ ဆုတောင်းလိုက်ပါသည် | ဖေဖော်ဝါရီ၊ ၁၉၈၀ |

www.burmeseclassic.com

## မဂ္ဂဇင်း ဝတ္ထုရှည်များ ၂

| | | |
|---|---|---|
| ၁။ | လက်ချိုမြွှင့် | ဧပြီ၊ ၁၉၈၀ |
| ၂။ | မင်းသိတာ သို့မဟုတ်... | ဩဂုတ်၊ ၁၉၈၁ |
| ၃။ | မွန်းသစ်တို့ ပင်လုံးဆေး | စက်တင်ဘာ၊ ၁၉၈၁ |
| ၄။ | မိုးတိမ်လွှင့်သော် မုန်တိုင်းငြိမ်မည် | နိုဝင်ဘာ၊ ၁၉၈၂ |
| ၅။ | တရားသေစွာ မုန်းသောအခါကား | အောက်တိုဘာ၊ ၁၉၈၃ |
| ၆။ | ကြယ်ကလေးတွေ ချစ်ရာ အပြာရောင်တောင်ကောင်းမှာ | ဒီဇင်ဘာ၊ ၁၉၈၃ |
| ၇။ | ထိုနေ့က မိုးမလာပါ | ဒီဇင်ဘာ၊ ၁၉၈၃ |

## မဂ္ဂဇင်း ဝတ္ထုရှည်များ ၃*

| | | |
|---|---|---|
| ၁။ | လရောင်လွှမ်းလည်း ကမ်းနှင့်ဝေးခဲ့ | ဒီဇင်ဘာ၊ ၁၉၈၅ |
| ၂။ | အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု | စက်တင်ဘာ၊ ၁၉၈၉ |
| ၃။ | အကိုင်းအခက်တို့သည်လည်း အတိုအရှည်ရှိကြ... | ဖေဖော်ဝါရီ၊ ၁၉၈၄ |
| ၄။ | ပုစဉ်းပြာ တောင်ပံကလေးရယ် | ဧပြီ၊ ၁၉၈၄ |
| ၅။ | အပြန်တစ်ရာ မိုက်ဦးမှာ | ဒီဇင်ဘာ၊ ၁၉၈၅ |
| ၆။ | မလေးဘက်နှစ်ရဲ့ | စက်တင်ဘာ၊ ၁၉၈၈ |
| ၇။ | အချစ်မှင်ဦး | ဇန်နဝါရီ၊ ၁၉၈၉ |
| ၈။ | ခုလွှာကိုပဲ ရှာနေရတယ် | ဩဂုတ်၊ ၁၉၈၇ |
| ၉။ | ကျွဲကြောသွားသောမုန်းစများ | ဒီဇင်ဘာ၊ ၁၉၉၀ |
| ၁၀။ | ပြည်တော်ရာမှ အစပြု၍ | စက်တင်ဘာ၊ ၁၉၈၄ |

---

*ထုတ်ဝေသူဦးက **မဂ္ဂဇင်း ဝတ္ထုရှည်များ ၁** ဒုတိယအကြိမ် ပုံနှိပ်ခြင်းဟု မှားယွင်း ပုံနှိပ်ခဲ့သည်။ **မဂ္ဂဇင်းဝတ္ထုရှည်များ ၃** ပထမအကြိမ် ပုံနှိပ်ခြင်းမှာ အမှန်ဖြစ်ပါသည်။

www.burmeseclassic.com

ခင်နှိုး၊ မိုးကျော်၊ မညိုပြာ၊ မတာ၊ ရီရီမာ
မြန်မာပြည်မှာနေကြသည်


၁။ ခင်နှိုး ကပ်ပွန်းစခန်းမှာနေသည် — ဇွန်၊ ၁၉၈၀

၂။ မိုးကျော် ကျောက်ပန်းတောင်းမှာနေသည် — မတ်၊ ၁၉၈၁

၃။ မညိုပြာ ကောလီယာချောင်းနံဘေးမှာနေသည် — မေ၊ ၁၉၈၁

၄။ မတာ မန်ကျည်းစဉ်ရွာမှာနေသည် — ဧပြီ၊ ၁၉၈၁

၅။ ရီရီမာ ဆယ့်နှစ်လုံးတန်းမှာနေသည် — ဇွန်၊ ၁၉၈၂

၁။ မြို့မှာဝင်ကောင်း — ဒီဇင်ဘာ၊ ၁၉၈၇ မှ ဇူလိုင်၊ ၁၉၈၈


---

ဆရာ၏ ရေးသားခဲ့သည့် ဝတ္ထုတိုများမှာ စုစုပေါင်း ၁၀၃ ပုဒ် ရှိပါသည်။ ယခု စုစည်းပုံနှိပ်ခြင်း ကိုအစပ် ထွင် ပုံနှိပ်ဖော်ပြခဲ့သည့်မှာလည်း စာရင်းအရ ၁၀၃ ပုဒ် ရှိပါသည်။ **ဆောင်းနှင်း** အမည်ရှိ ဝတ္ထုတိုကို **ဝတ္ထုတို ၂** နှင့် **ဝတ္ထုတို ၃** ကိုတွင် နှစ်ခါထပ်၍ ပုံနှိပ်မိခဲ့ပါသည်။ ထို့ကြောင့် စုစည်း ပုံနှိပ်ခြင်း ၁၀၂ ပုဒ်သာ အမှန်ရှိမည်ဖြစ်ပါသည်။ **မြန်မာပြည်မှာနေ**တွင် ဖော်ပြခဲ့သည့် **ဘဘ ပွေ့ကျွေးကျော်ကြီး** အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်မှာ စာမူရှာဖွေမရရှိသေးသဖြင့် စုစည်းပုံနှိပ်ခြင်းများတွင် ကြွင်းကျန်နေ ပါသည်။

www.burmeseclassic.com

## စာပေလောကစာအုပ်တိုက်တွင် ရရှိနိုင်သည့် စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ညီတော်အာနန္ဒာတစ်သက်တာ ပ၊ ဒု | ဝဏ္ဏသိရိ | ၂၀၀၀ |
| ၂။ | မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း | မင်းလူအောင်ကြီး | ၅၀၀ |
| ၃။ | တိုးတက်ခြင်း ဆုတ်ယုတ်ခြင်း | ချစ်ဦးညို | ၂၀၀ |
| ၄။ | လောကကောင်းစေးနေနိုင်ရေး | တက်တိုး | ၁၂၀၀ |
| ၅။ | အချစ်နှင့် စိတ်ပညာ | တက်တိုး | ၅၀၀ |
| ၆။ | ဂုဏ်ထူးရှင်မြန်မာစာစီစာကုံး | မောင်မျိုးညွှန့် | ၃၅၀ |
| ၇။ | ပန်းကုံကောက်မြန်မာစာစီစာကုံး | ကမလောင်ရဲ | ၃၀၀ |
| ၈။ | အလွယ်ဆုံးအင်္ဂလိပ်စကားပြော | စိုးသန်း | ၂၀၀ |
| ၉။ | အတိုကောက်ဝေါဟာရများ | ညွန့်ဝေမိုး | ၈၀၀ |
| ၁၀။ | အိမ်သုံးဆေးအသုံးနည်းအပြစ် | ဉာဏ်မိုး | ၅၀၀ |
| ၁၁။ | အမွေ | ဦးအောင်သင်း | ၂၅၀ |
| ၁၂။ | ဝတ္ထုတို ပ၊ ၂ | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၁၃။ | မဂ္ဂဇင်းဝတ္ထုရှည် ပ၊ ၂ | မိုးမိုး(အင်းလျား) | ၅၀၀ |
| ၁၄။ | ဝေဒနာကြာသီးပွင့် | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၁၅။ | ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၁၆။ | ကြိုး | မိုးမိုး(အင်းလျား) | ၅၀၀ |
| ၁၇။ | ဆုရမဂ္ဂဇင်းဝတ္ထုရှည် | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၁၈။ | မိစ္ဆာဗလဇိုကာ | ဦးနု | ၁၅၀၀ |
| ၁၉။ | ကာသမာတော | ဦးနု | ၈၅၀ |
| ၂၀။ | အောင်မြင်ရေးအတွေးအခေါ် ၅၀ | ချစ်ဝင်းညွန့် | ၃၀၀ |
| ၂၁။ | ချက်ပြုတ်နည်းစွယ်စုံ | ခင်(တိုင်းရင်းမေ) | ၅၀၀ |
| ၂၂။ | တစ်သက်တာမှတ်တမ်း ပတွဲ ဒုတွဲ | ရွှေဥဒေါင်း | ၁၅၀၀ |
| ၂၃။ | သားငယ်သမီးငယ်ထိန်းကျောင်းခြင်း | ဆုဒီနှင် | ၅၀၀ |
| ၂၄။ | ဗုဒ္ဓဇာတ်သန်းချီ (ဒုတိယတွဲ) | ရွှေဥဒေါင်း | ၈၀၀ |
| ၂၅။ | မြန်မာ့ဆေးမြီးတိုများ | နေဝင်း(လမ်းခန်း) | ၃၀၀ |

www.burmeseclassic.com

| | | |
|---|---|---|
| ၂၆။ သေအောင်မြင်ခြင်းပျော်ရွှင်ခြင်းနှင့် မိသားစု | ဒေါက်တာမတင်ဝင်း | ၃၀၀ |
| ၂၇။ လောကခံနှင့်လမ်းလျှောက်လျှောက်ခြင်း | ချစ်ဦးညို | ၂၀၀ |
| ၂၈။ လှပါးဝတယ် | သာဓု | ၇၀၀ |
| ၂၉။ လှငယ်နဲ့အချစ် | လှထုစိန်ဝင်း | ၃၀၀ |
| ၃၀။ ဘဝနေ့စဉ်ရှင်သန်ရေး | ခင်မောင်တိုး | ၅၀၀ |
| ၃၁။ အလုပ်ဆိုတာအင်အားပါ | ဒေါက်တာစတင်ဝင်း | ၄၀၀ |
| ၃၂။ ကျွန်တော့်ဘဝစာတစ်ကြောင်း ၁၊ ၂၊ ၃ | သော်တာဆွေ | ၁၀၀၀ |
| ၃၃။ သားငယ်ရွှယ်လှုံးသီစဉ်ဦး ၁၊ ၂ | သက်လုံ | ၄၀၀ |
| ၃၄။ အဓိပတိဟင်းချက်နည်းဟင်းအတွဲများ | နန်းစန်းစန်းဒေအး | ၆၀၀ |
| ၃၅။ အကြောင်းအကျိုးအကောင်းအဆိုး | ချစ်ဦးညို | ၂၀၀ |
| ၃၆။ လက်ခံလိုက်စမ်းပါတကယ့်အနုပညာ | အောင်သင်း | ၂၀၀ |
| ၃၇။ မီးရောင်အောက်ကိုဝင်လျှင် | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၃၈။ မိန်းမနှင့်... | ခင်ဆွေဦး | ၃၀၀ |
| ၃၉။ မင်္ဂလာနှင့် အခြားအစမ်းစာများ | တိုက်စိုး | ၄၀၀ |
| ၄၀။ လူ့သဘာဝနှင့်စိတ်ပညာ | ခင်မောင်သန်း | ၅၀၀ |
| ၄၁။ ဝတ္ထုတိုများ | အောင်လင်း | ၄၀၀ |
| ၄၂။ ကျွန်တော့်ဘဝစာတစ်ကြောင်း ၄ | သော်တာဆွေ | ၁၂၀၀ |
| ၄၃။ **Flowers and Festivals** | **Khin Myo Chit** | ၈၀၀ |
| ၄၄။ တွေးတောဆင်ခြင်မှုအနုပညာ | ဆုဒီနှင် | ၆၀၀ |
| ၄၅။ အက်ဆေးချစ်သူ | မင်းလူ | ၄၀၀ |
| ၄၆။ ဗုဒ္ဓဝင်ရုပ်စုံ | နုယဉ် | ၅၀၀ |
| ၄၇။ နိုင်ငံတကာစာသုံးပုံပြင်များ | ခင်မောင်တိုး(မိုးမိတ်) | ၈၀၀ |
| ၄၈။ ဂရင်းညီနောင်ပုံပြင် ၁၀၀ (ပထမတွဲ) | မင်းယုဝေ၊ ငွေတာရီ | ၈၀၀ |
| ၄၉။ အိမ်ထောင်ဖက်ရွေးချယ်မှုနှင့်စိတ်ပညာ | ခင်မောင်သန်း | ၄၅၀ |
| ၅၀။ မြူမှောင်ဝေကင်း | မိုးမိုး(အင်းလျား) | ၄၀၀ |
| ၅၁။ ရှိနယ်ဒို | အောင်ဝင်း | ၁၂၀၀ |

www.burmeseclassic.com

